ကျေးဇူးရှင်

လယ်တီဆရာတော်ဘုရားကြီး

ရေးသားစီရင်တော်မူအပ်သော

# သာသနာ့ သန့်ရှင်းရေး

ခေါ်

# သာသနဝိသောဓနီ

တတိယတွဲ

လယ်တီရောင်ခြည် ကွန်ပျူတာစာပေ၊ မုံရွာမြို့။
မြတ်ဆုမွန်စာပေထုတ်ဝေရေးလုပ်ငန်း။ ရန်ကုန်မြို့။

# သာသနဝိသောဓနီ (တတိယတွဲ)

## မာတိကာ


နိဒါန်း

၁။ ဘွဲ့တံဆိပ်နှင့် စပ်၍ဆရာတော်ကြီးမိန့်ဆိုချက်

၂။ ကမ္မဝါစာဖတ်မှု, သရဏဂုံပေးမှုတို့၌ အရေးကြီးသော အချက်များ

၃။ ဥပဇ္ဈာယဂဟဏဝိနိစ္ဆယ

၄။ ထေနကဝိနိစ္ဆယ

၅။ ဥပသမ္ပဒဝိနိစ္ဆယ

၆။ ဘာတရင်ရာဆယ်၏ စကားလေးခွန်းအဖြေ

၇။ မြတ်စွာဘုရား ဝိဘဇ္ဇဝါဒီဟုတ်-မဟုတ်အဖြေ

၈။ ကျောက်မြောင်းအတွင်းဝန်မင်းသို့ပေးစာ

၉။ မောင်ရောင်နီပုစ္ဆာ ၅-ချက်အဖြေ

၁၀။ မောင်ရောင်နီပုစ္ဆာ ၄-ရပ်အဖြေ

၁၁။ ဦးတောက်က ဦးရောင်နီထံပေးစာ

၁၂။ နာမ်ဇီဝိတိန္ဒြေအဆုံးအဖြတ်

၁၃။ မင်းကင်းပုစ္ဆာအဖြေ

၁၄။ ဗုဒ္ဓစုတိစိတ္တာရမ္မဏဝိနိစ္ဆယ

၁၅။ လယ်တီစာစစ်နည်းနှင့်စာသင်နည်း

၁၆။ ဣန္ဒဝဇီရအဖြေ

၁၇။ ကံ-ဒွါရ အဆုံးအဖြတ်

သာသနဝိသောဓနီကျမ်း တတိယတွဲမာတိကာပြီးပြီ။

----- * -----

# နိဒါန်း

-------

**သာသနာပျက်စီးကြောင်း။** ။ ပရိယာယ ဒေသိတဉ္စာပိ၊ အထော
နိပ္ပရိယာယဒေသိတံ၊ နီတတ္ထဉ္စေဝ နေယျတ္ထံ၊
အဇာနိတွာန ဘိက္ခဝေါ။ အညံ သန္ဓာယ ဘာသိတံ၊
အညံ အတ္ထံ ထပယိံသု တေ၊ ဗျဉ္ဇနစ္ဆာယာယ တေ
ဘိက္ခူ။ ဗဟုံ အတ္ထံ ဝိနာသယုံ။

ဟူ၍ "ဒီပဝံသကျမ်း"၌ မိန့်ဆိုတော်မူအပ်သည်နှင့်အညီ--- အချို့အချို့သောသူတို့သည် မြတ်စွာဘုရားသခင်ဟောတော်မူအပ်သော "ဓမ္မဝိနယ" ခေါ် "ပိဋကတ်တော်" တို့၌--

၁။ ပရိယာယ ဒေသနာတော်,

၂။ နိပ္ပရိယာယ ဒေသနာတော်,

၃။ နီတတ္ထ ဒေသနာတော်,

၄။ နေယျတ္ထ ဒေသနာတော်,

၅။ သန္ဓာယဘာသိတ ဒေသနာတော်,

များကို မသိကြ-- အနက်အဓိပ္ပါယ်, ရှေ့စကား နောက်စကား များကို မဆင်ခြင် မိမိတို့အထင်အမြင်ဖြင့် "သဒ္ဒါရေး အရိပ်အရောင်" ကိုလည်းကောင်း, တစ်စွန်းတစ်စသော ပါဠိစုကိုလည်းကောင်း ကြည့်ရှု ဝေဖန်ကြကာ ဖေါက်ဖေါက်ပြန်ပြန် မမှန်မကန်ယူမှားကြ, ရေးသားကြ, ဆုံးဖြတ်ကြ, ပြောဟောကြကုန်ပြီ။

[ဘာသာခြားများကလည်း တစ်စွန်းတစ်စသော ဒေသနာပါဠိစုကို မဟုတ် မမှန် လုပ်ကြံကာ အဓိပ္ပါယ်များကို ပြဆိုကြကုန်လျက် ဗုဒ္ဓသာသနာတော်ကြီးကို ဖျက်ဆီးကြကုန်ပြီ။]

**သတိသံဝေဂရတော်မူခြင်း**။ ။ယင်းသို့လျှင် ပိဋကတ်တော်ကြီး ပျက်စီးမည့်ဘေး, ဗုဒ္ဓသာသနာတော်ရောင်ကြီး သေးသိမ်မှေးမှိန်မည့် ဘေးများကို မျက်ဝါးထင်ထင် တွေ့မြင်တော်မူသော “ကျေးဇူးတော်ရှင် လယ်တီ ဆရာတော်ဘုရားကြီး” သည်--

“ဟန္ဒ မယံ အာဝုသော ဓမ္မဉ္စ ဝိနယဉ္စ သင်္ဂါယေယျာမ,
ပုရေ အဓမ္မော ဒိပ္ပတိ ဓမ္မော ပဋိဗာဟိယျတိ” ။

ငါ့ရှင်တို့-- သူယုတ်တရား မထွန်းကားမကြီးပွါးမီ, သူတော်တရား မကွယ်ပ-မပျက်စီးမီ “ဓမ္မဝိနယ” ကို “သင်္ဂါယနာ” ငါတို့ တင်ကြစို့ဟု အရှင်မဟာကဿပထေရ်မြတ် မိန့်မှတ်တော်မူအပ်သော စကားတော်မြတ်ကို “သတိသံဝေဂ” ရတော်မူရကား--

သာသနဿ မလံ သာသနမလံ၊ ဝိသောဓေတိ ဧတ္ထ,
ဧတေနာတိ ဝါ ဝိသောဓနီ၊ သာသနမလဿဝိသောဓနီ
သာသနဝိသောဓနီ မဇ္ဈေလောပဝသေန---

ဟူသောဝိဂြိုဟ်ဝစနတ် ဗျုပ္ပတ်ဖွင့်နှင့်အညီ-- အဆိုပါ သာသနာ့ အညစ်အကြေး ဘေးရန်များကို သုတ်သင်ရှင်းလင်း ကာကွယ်ခြင်းဖြစ်ပေသော ဤ “သာသနဝိသောဓနီ” ကျမ်းစာအုပ်ကြီးကို ရေးသားထုတ်ဝေတော်မူခဲ့ပါကြောင်း။

ကျေးဇူးရှင်ဆရာတော်ဘုရားကြီး ပြန်လွန်တော်မူပြီးနောက်၌ စီရင်တော်မူခဲ့သော ဤ"သာသနဝိသောဓနီ" ကျမ်းစာအုပ်ကြီးကို **မတိမ်ကော မပပျောက်စေရန်လည်းကောင်း,** တပည့်နောက်သား လူအများတို့ မှတ်သားကြည့်ရှု သတိပြုသဖြင့် ဉာဏ်စဉ်တိုးပွါး **နိဗ္ဗာန်တိုင် အကျိုးများစေရန်လည်းကောင်း,** ရည်သန်ရိုးရင်း နှလုံးသွင်းရှိရကား **ဓမ္မာစရိယ ပါဠိဆရာကြီး ဦးခင်စိုး** အမှူးရှိသော ဟံသာဝတီ ပါဠိဆရာကြီးများက အက္ခရာပုဒ်ရင်း မချွတ်ယွင်းစေရအောင် သုတ်သင်ပြင်ဆင်လျက် ဤ **သာသနဝိသောဓနီကျမ်း** တတိယတွဲကို စက်တင်ပုံနှိပ်အပ်ပါကြောင်း။

------

အစသို့

# သာသနဝိသောဓနီ
(တတိယတွဲ)

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

## ဘွဲ့တံဆိပ်နှင့်စပ်၍ဆရာတော်ကြီး
## မိန့်ဆိုချက်

၁၂၇၄-ခု၊ တန်ခူးလဆန်း ၁၅-ရက်။

မြန်မာပြည် အစိုးရမင်းတို့က မြန်မာပြည် ပိဋကတ်စာပေပညာ တတ်မြောက်ကြသူ ရဟန်း, ရှင်, လူတို့အား ပညာအရည်အချင်း အလိုက် ရွေးချယ်ညှိနှိုင်းပြီး ဘွဲ့တံဆိပ်နှင့် ငွေတော်များကို ထောက်ပံ့လှူ လိုပါ၍ မည်သည့်ပညာ အတန်းအဆင့်မှာမည်သည့် ဘွဲ့တံဆိပ်မျိုးနှင့် သင့်လျော် သည်ဟု ဆရာတော်သဘောရှိရာ စီမံချက်ကို လိုက်နာပါမည့်အကြောင်း နှင့် လျှောက်လွှာများ ရောက်ရှိလာရာ အောက်ပါအချက်ကြီးများကို ရွေး ချယ်၍ ရေးသားပေးပို့တော်မူသည်ဖြစ်ကြောင်း။

## အစိုးရမင်းတို့ရည်ရွယ်ချက်

၁-အချက်။ ။ ဤမြန်မာနိုင်ငံတော်တွင် ရှေးအခါကစ၍ နိုင်ငံ ရင်းသားတို့ သင်ကြားလေ့ကျက်၍ လာခဲ့ကြသော စာပေကျမ်းဂန်များကို မတိမ်မမြုပ်စေဘဲ တိုးတက်သင်ကြားကြစေရန်အကျိုးငှါ မြန်မာပြည် ဘုရင်ခံမင်းမြတ်က အားပေးအားမြှောက် ပြုလို၍အောက်ပါ အချက်များ ကို ပြုလုပ်စီမံချထားသော် သင့်,မသင့်စဉ်းစားဆင်ခြင်လျက်ရှိနေပါသည်။

## ဆရာတော်ဘုရားကြီး၏ထင်မြင်ချက်

ဤ ၁-အချက်မှာ။ ။ အလွန် ဝမ်းမြောက်ဖွယ်ရှိ၏၊ ဘုရင်ခံမင်းမြတ် ကြံရွယ်သည့်အတိုင်း ထမြောက်အောင်မြင်ပါစေဟု ဆရာတော်ဆုတောင်း၏၊ အကြောင်းကိုဆိုသော် ပါဠိဘာသာကျမ်းဂန်များသည် လောက, ဓမ္မလိမ္မာကြရန် အလင်းနယ်များ ဖြစ်ပေသတည်း။

သို့ရာတွင် ပါဠိဘာသာကျမ်းဂန် ကောင်းကောင်း တတ်မြောက်နိုင်ရန် အခြေခံမှာ-

၁။ သဒ္ဒါအရေးအရာ၌ တတ်ကျွမ်းခြင်း,
၂။ အဘိဓမ္မာ အရေးအရာ၌ တတ်ကျွမ်းခြင်း,

ဟူ၍ နှစ်ပါးရှိ၏၊ ထိုနှစ်ပါးတို့တွင်-

၁။ သဒ္ဒါအရေးအရာ၌ တတ်ကျွမ်းမှုသည် ပါဠိဘာသာ ကျမ်းဂန်တို့၌ မျက်စိအလင်းပေါက်ဖို့ဖြစ်၏။
၂။ အဘိဓမ္မာ အရေးအရာ၌ တတ်ကျွမ်းမှုသည် ပါဠိဘာသာကျမ်းဂန်တို့၌ ဉာဏ်အလင်းပေါက်ဖို့ဖြစ်၏။

ဤသို့အခြေခံကို သိရှိကြသည့်အတိုင်း သဒ္ဒါအရေးအရာ, အဘိဓမ္မာအရေးအရာများကို ကြိုးစားအားထုတ် သင်ကြားလေ့လာကြပါသော်လည်း လွယ်ကူစွာနှင့် တတ်မြောက်နိုင်သော နည်းလမ်းမျိုး မဟုတ်၊ အလွန်ခက်ခဲ ဆင်းရဲငြိုငြင် ပင်ပန်းကြာညောင်းမှ တတ်မြောက်နိုင်သောနည်းလမ်းမျိုးဖြစ်နေကြ၏၊ သဒ္ဒါတတ်မြောက်ရေး, အဘိဓမ္မာတတ်မြောက်ရေးကို မဆိုထားဘိဦး၊ မြန်မာသင်ပုန်းကြီးမှာပင် လွယ်ကူစွာနှင့် တတ်မြောက်နိုင်သော နည်းလမ်းမရှိကြ၊ နည်းသစ်, လမ်းသစ်လုပ်ကြံလေ့ မရှိကြ။

သင်ပုန်းကြီးသင်နည်း- နှင့်တကွ ပါဠိဘာသာဆိုင်ရာ သဒ္ဒါရေး, အဘိဓမ္မာရေးများကို အလွန်လွယ်ကူစွာနှင့် တတ်မြောက်နိုင်ကြရန် ဆရာတော်လုပ်ကြံအားထုတ်သဖြင့် အလွန်လွယ်ကူစွာတတ် မြောက်နိုင်ကြောင်း ယခုအခါ နိုင်ငံမှာထင်ရှားလျက်ရှိပါသော်လည်း အစိုးရစာသင်ကျောင်းများသို့ မရောက်သေးသည့်အတွက် မတွင်ကျယ်နိုင် ရှိနေသည်၊ အစိုးရစာသင်ကျောင်းများ၌ အချိန်နာရီအနည်းငယ် သင်ကြားရန် အခွင့်ရရှိသော်လည်း ဆုလာဘ်ရရန်ဖက်သို့သာ ပါရှိ၍နေကြသဖြင့် သင်ကြား၍ ပေးမည့်သူ ဆရာမရှိ ဖြစ် နေကြလေသည်။

[ပါဠိဘာသာကျမ်းစာကို ရွာထဲ,မြို့ထဲက တတ်မြောက်သူများ၍ လာမှ ဘုန်းကြီးကျောင်းများက ပါလာနိုင်ကြမည်။]

၁-အချက်၌ ဆရာတော်ထင်မြင်ချက်ပြီး၏။

---------✱--------

၂-အချက်။ ။မြန်မာနိုင်ငံတော်တွင် ပါဠိဘာသာ စာပေကျမ်းဂန်၌ အထူးသဖြင့် ထင်ရှားတတ်မြောက်လိမ္မာသော လူ, ရှင်, ရဟန်းတို့အား ဘွဲ့အမည်နှင့် တစ်နှစ်လျှင် ပင်စင်ငွေတစ်ရာကျ ပေးလှူချီးမြှောက်ရန် ဘုရင်ခံမင်းမြတ် စီမံကြံရွယ်လျက်ရှိသည်မှာလည်း ဝမ်းမြောက်ဖွယ်ရှိ၏၊ စီမံကြံရွယ်သည့်အတိုင်း ထမြောက်အောင်မြင်ပါစေဟု ဆရာတော်ဆုတောင်း၏။

သို့ရာတွင်။ ။ဤမြန်မာနိုင်ငံတော်မှာ ပါဠိဘာသာကျမ်းဂန်ကို ကောင်းစွာတတ်မြောက်ခဲ့ပါလျှင် ၎င်းအစိုးရဆုငွေမျှမက ဘုန်းတန်းလာဘ်လာဘ ကြီးကြောင်းကိုသိကြ၍ ပါဠိဘာသာကို ကောင်းစွာတတ်မြောက်လိုကြပါသော်လည်း ရဟန်း, သံဃာတို့မှာ သင်နည်းကြားနည်း

အလွန်ညံ့ဖျင်းသဖြင့် ကောင်းစွာ တတ်မြောက်နိုင်ရန် အလွန်ခဲယဉ်းလျက် ရှိနေကြလေသည်။

အစိုးရစာသင်ကျောင်း-များက လွယ်ကူသော နည်းသစ်, လမ်းသစ်နှင့် သင်ကြားလေ့ရှိသည့်အတိုင်း သင်ကြား၍ မြို့ထဲ, ရွာထဲက တတ်မြောက်သူ ပေါ်များ၍လာခါမှ ဘုန်းကြီးကျောင်းများက ညံ့ဖျင်းသော နည်းလမ်းများကို စွန့်ပယ်၍ လွယ်ကူသောနည်းသစ်, လမ်းသစ်သို့ ပါလာကြရန်ရှိသည်။

၂-အချက်၌ ဆရာတော်ထင်မြင်ချက်ပြီး၏။

----------*---------

၃-အချက်။ ။၂-အချက်၏အခြေမူလ အကျိုးကျေးဇူးမျှကို ပြဆိုသည်ဖြစ်၍ ထင်မြင်ချက်ထုတ်ဆိုဖွယ် အထူးမရှိ။

၄-အချက်။ ။ ဦးထုပ်, ခေါင်းပေါင်း, ကိုယ်တင် တဘက်များနှင့် "ခေလ်လပ်" ခေါ် ဘွဲ့တံဆိပ်များသည် မြန်မာလူမျိုးတို့ အသုံးအဆောင်မျိုးမဟုတ်၊ မြန်မာတို့မှာ-

၁။ လူဖြစ်ခဲ့လျှင် သက္ကလပ်အင်္ကျီ, ဖဲအင်္ကျီတွင် ရင်ဖုံးတပ်၍ ၎င်းရင်ဖုံးပေါ်မှာ ၎င်းတံဆိပ်တပ်ထား၍ မင်းပွဲသဘင်ဝင်ရာမှာ ဝတ်ဆင်စေရန် သင့်လျော်လိမ့်မည်ထင်၏။

၂။ ရဟန်းတော်ဖြစ်ခဲ့လျှင် ခရီးသွားမျက်မှန်တစ်ခုမှာ ၎င်းတံဆိပ်ကို ဖွဲ့ထား၍ မင်းပွဲသဘင်ဝင်ရာမှာ ၎င်းမျက်မှန်ကို စွပ်၍ ဝင်စေရန် သင့်လျော်လိမ့်မည်ထင်၏။

မင်းပွဲသဘင်ဝင်ရာမှာ။ ။ လူဖြစ်ခဲ့လျှင် ရာဇဘွဲ့ခံများ၏ နောက်ကသင့်လျော်၏၊ ရဟန်းတော်ဖြစ်ခဲ့လျှင် ရာဇဘွဲ့ခံ များနှင့် နေရာတန်းတူသော်လည်းကောင်း, ရှေ့ကျသော် လည်းကောင်း သင့်လျော်၏။

၅။ အချက်။ ။ အစိုးရများကိုယ်တိုင် သိအောင်စုံစမ်းလိမ့်မည် ဟူသော အရာသင့်လျော်လှပေ၏။

၆။ အချက်။ ။ ဘွဲ့ရသူ အင်္ဂါလေးချက် မျက်မှန်ပုံ သင့်လျော်လှ ပေပြီ၊ မြန်မာတို့အကြိုက် ဘွဲ့အမည်မှာ-

ရဟန်းဖြစ်လျှင် "တိပိဋကဝိဒူ အဂ္ဂမဟာပဏ္ဍိတတ္ထေရ"
လူဖြစ်လျှင် "တိပိဋကဝိဒူ အဂ္ဂမဟာပဏ္ဍိတဓဇ"

၇။ အချက်။ ။ "မဟာမဟိုပဓာယ" အဓိပ္ပါယ်မှာ "မဟာ မဟော ပဓာယ" ဆိုလိုသည်၊ မဟောပဓာယကို "မဟာ ဥပဓာယ" ပုဒ်ဖြတ်၊ ဥပဓာယသဒ္ဒါသည် ရှေ့ဆောင် ရှေ့သွားကို ဟောသည်။

[ကြီးမြတ်သော ရှေ့ဆောင်ရှေ့သွားကြီးဆိုလိုသည်။]

တြိပိဋကဝါစီ ဝရာစရိယ မဟာမဟိုပဓာယ-သီဟိုဠ်။
တိပိဋကဝါစီ ဝရာစရိယ မဟာမဟောပဓာယ-ပါဠိ။

[ပိဋကတ်သုံးပုံကို ချပို့နိုင်သော မြတ်သောဆရာ
မဟာရှေ့ဆောင်ကြီးဆိုလိုသည်။]

လျှောက်လွှာနှင့် ပူးတွဲပါရှိသည့်စာလွှာမှာ-
၁။ မဟို ဥပါဓာယ . . . . . . တစ်ချက်။

၂။ မဟာ မဟိုဥပါဓေယာ . . . . . . တစ်ချက်။
၃။ မဟို ဥပါဓေယာ . . . . . . တစ်ချက်။

ဤသုံးချက်တွင် ဥအက္ခရာပိုလွန်သည်၊ ပါဠိဘာသာအလို "မဟာမဟောပဓေယ" ဆိုလိုသည်။

သီဟိုဠ်အကြိုက်မှာ မဟာသဒ္ဒါတစ်ခုကို ဝရသဒ္ဒါနှင့် လဲလှယ်၍ "ဝရာစရိယ မဟောပဓေယ" ဆိုသည်။

မြန်မာတို့အကြိုက်မှာ မဟာသဒ္ဒါတစ်ခုကို အဂ္ဂသဒ္ဒါနှင့် လဲလှယ်၍ "အဂ္ဂမဟာ" ဆိုသည်။

မြန်မာနိုင်ငံ၌။ ။ပါဠိဘာသာကောင်းစွာတတ်ကျွမ်းသူ ရဟန်း, ရှင်, လူတို့အား ပြည်ပိုင်အစိုးရမင်းတို့က ဘွဲ့တံဆိပ်ပေးလှူ ချီးမြှောက်လိုရာ မြန်မာဘုန်းကြီး, ရဟန်း, သာမဏေများနှင့် သင့်လျော်သည့် အမည်သညာဘွဲ့တံဆိပ်များကို သိလိုပါကြောင်းနှင့် ဆရာတော်ထံသို့ ပေးပို့ရောက်ရှိသည့် လျှောက်လွှာစုမှာ-

၁။ ကုန္ဒြီယနိုင်ငံတွင်ပေးသော ဘွဲ့တံဆိပ်အမည်သညာမျိုး,
၂။ သီဟိုဠ်နိုင်ငံတွင်ပေးသော ဘွဲ့တံဆိပ်အမည်သညာမျိုး,

များကိုလျှောက်လွှာတွင် တင်ပြပါရှိကြရာ ကုန္ဒြီယဘွဲ့တံဆိပ်ကို အင်္ဂလိပ်အက္ခရာမှ မြန်မာအက္ခရာသို့ ပြန်ဆိုရေးသားကြရာ၌ အက္ခရာကောက်ယူပုံချင်းမတူ ကွဲလွဲရှိနေကြသည့်အတွက်-

လျှောက်လွှာများမှာ-

၁။ မဟာ မဟို ဥပါဓေယ,
၂။ မဟာ မဟို ဥပါဓေယာ,
၃။ မဟာ မဟို ဥပါဓေယာ,

[ဟူ၍ မြန်မာအက္ခရာနှင့် ရေးသားပါရှိကြသည်။]

မုံရွာမြို့လျှောက်လွှာမှာ-

၄။ မဟာ မဟို ပါဒရရာ,

[ဟူ၍ရေးသားပါရှိသည်။]

မန္တလေးမြို့လျှောက်လွှာမှာ-

၅။ မဟာ မဟို ပဈာယ,

[ဟူ၍ရေးသားပါရှိသည်။]

သီဟိုဠ်ဘွဲ့တံဆိပ်မှာလည်း-

၆။ တြိပိဋကဝါစီ ဝရာစရိယ မဟို ဉပါဓယာ,

[ဟုရေးသားပါရှိသည်။]

ထိုသို့ အက္ခရာပြန်ဆိုပုံချင်း မတူကွဲလွဲရှိနေကြရာ "မဟာမဟို ပဈာယ"ဟူ၍ ရေးသားပါရှိသော မန္တလေး ပြန်ဆိုချက်သည်သာ အမှန် ဖြစ်သည်၊ ပါဠိဘာသာအလိုအားဖြင့် "မဟာမဟောပဇ္ဈာယ" ဆိုလိုသည်၊ ၎င်းကို ပုဒ်ဖြတ်လျှင် "မဟာ မဟာ ဥပဇ္ဈာယ" ဖြစ်လာသည်၊ ထိုတွင် ဥပဇ္ဈာယပုဒ်ကို မြန်မာဘာသာမှာ ဥပဇ္ဈာယ်ဆရာဟူ၍ ခေါ်သည်၊ ကြီးကြပ်ကြည့်ရှု၍ ဆုံးမသွန်သင်သူဆိုလိုသည်၊ "မဟော ပဇ္ဈာယ- ဥပဇ္ဈာယ်ဆရာကြီး, မဟာမဟောပဇ္ဈာယ- ဥပဇ္ဈာယ်ဆရာကြီး ပြုလုပ်ကြသူ အများတို့ထက်ကြီးကဲသော ဥပဇ္ဈာယ်ဆရာကြီး" ဟူ၍ ကြီး-နှစ်လုံး ထပ်ဆင့်ရန် "မဟာ မဟာ" ဟု မဟာနှစ်ခု ရှေ့ထားလေသည်။

သီဟိုဠ်ဘွဲ့မှာ။ ။ မဟာတစ်ခုကို ဝရ-သဒ္ဒါနှင့်လဲလှယ်၍ "ဝရာစရိယ" ဟုထည့်ပြီးလျှင် ပါဠိဘာသာနှင့်လျော်စွာ ပိဋကတ်သုံးပုံကို ချပို့နိုင်သောသူဟု ထုတ်ဖော်ခြင်းငှါ "တြိပိဋကဝါစီ" ဟု ထည့်လေသည်။

မြန်မာနိုင်ငံမှာ။ ။ ဂုဏ်ထူးရ ကျက်သရေဆောင် ဘွဲ့တံဆိပ် အရာ၌လည်းကောင်း ဥပဇ္ဈာယ-ဟူသော အမည်ကို အသုံးပြုရိုးမရှိ၊ တံဆိပ်ခံယူသူ၏ ရှိရင်းဘွဲ့အမည်ကို အစ၌ထားပြီးလျှင် ၎င်းနောက်၌ ဗုဒ္ဓဘာသာ သာသနာနှင့်စပ်လျဉ်းသော ဂုဏ်ကျက်သရေပုဒ်တို့ကို ခြယ်လယ်မြဲ ဖြစ်၏။

ယခုအစိုးရမင်းတို့တံဆိပ်မှာမူကား။ ။ ဗုဒ္ဓဘာသာနှင့် ဆိုင်ရာ ဂုဏ်ထူးဝိသေသမျိုးမလို၊ ပါဠိဘာသာနှင့် ဆိုင်ရာဂုဏ်ထူး ဝိသေသကိုသာ လို၏၊ ထို့ကြောင့် မြန်မာရဟန်း, ရှင်, လူတို့အား ပေးလှူ ချီးမြှောက်ရန် တံဆိပ်မှာ သီဟိုဠ်တံဆိပ်နည်းလမ်းအတိုင်း တံဆိပ်အစ၌ ပါဠိဘာသာ သက်သက်ဖြစ်သော ပိဋကတ်သုံးပုံတတ်မြောက်မှုကို ဦးတည်ထား၍ "တိပိဋကဝိဒူ အဂ္ဂမဟာပဏ္ဍိတ" ဟူသော ဘွဲ့တံဆိပ်သည် သင့်လျော်၏။

ရဟန်းတော်မှာ "တိပိဋကဝိဒူ အဂ္ဂမဟာပဏ္ဍိတတ္ထေရ"။
လူဖြစ်ခဲ့လျှင် "တိပိဋကဝိဒူ အဂ္ဂမဟာပဏ္ဍိတဓဇ"။

ပါဠိဘာသာဖြစ်သော ပိဋကတ်သုံးပုံ တတ်မြောက်သူတို့တွင်လည်း အငယ်, အလတ်, အကြီး သုံးစားထားလိုပြန်လျှင်-

အငယ်ဖြစ်အံ့ "တိပိဋကဝိဒူပဏ္ဍိတ"
အလတ်ဖြစ်အံ့ "တိပိဋကဝိဒူမဟာပဏ္ဍိတ"
အကြီးဖြစ်အံ့ "တိပိဋကဝိဒူအဂ္ဂမဟာပဏ္ဍိတ"
[ဟု သုံးစားထားရန်။]

၁။ ပိဋကတ်သုံးပုံ ပါဠိဘာသာကို မြန်မာဘာသာ အနက်ပြန်ဆိုနိုင်ရုံတတ်လျှင် အငယ်,
၂။ မြန်မာဘာသာနှင့် ရှိနေသော ကျမ်းဂန်များကို ပါဠိဘာသာ ဖြစ်အောင်ပြန်ဆိုနိုင်လျှင် အလတ်,

၃။ ရှေးရှေးသော အဋ္ဌကထာကြီး, ဋီကာကြီးများနှင့်အလားတူ
ပညာရှိတို့ ချီးမွမ်းလောက်သော ပါဠိဘာသာ ကျမ်းဂန်အ
သစ်ဖြစ်အောင် စီရင်နိုင်လျှင် အကြီး,
အစိုးရမင်းများ အလိုရှိရာ ရွေးကောက်ရန်။
[ဤကား ပါဠိဘာသာကို ကောင်းစွာတတ်မြောက်သူဖြစ်
ရမည်ဟူသော ပဉ္စမအင်္ဂါအရတည်း။]

အချို့လျှောက်လွှာမှာ ပါဠိဘာသာကို ကောင်းစွာတတ်မြောက်ရုံနှင့် အင်္ဂါမပြည့်စုံသေး၊ မိမိတတ်သည့် အလိမ္မာပညာတို့နှင့် နိုင်ငံမြို့ရွာတို့ကို တတ်သိလိမ္မာ တည်ကြည်ငြိမ်သက် ဖြစ်ကြစေရန်ဆောင်ရွက်နိုင်ကြရမည် ဟု ပါရှိ၏၊ ဤအင်္ဂါနှင့် ပြည့်စုံသူအလွန်ရှား၏၊ ယခုအခါမြန်မာနိုင်ငံ ပေါ်မှာရှာကြံ၍ ပုဂ္ဂိုလ်လေးပါး, ငါးပါးရနိုင်ရန်ခဲယဉ်း၏။

လယ်တီ-ဆရာတော်။
မုံရွာမြို့။

--------*--------

## ကမ္မဝါစာဖတ်မှု သရဏဂုံပေးမှုတို့၌ အရေးကြီးသောအချက်များ

ကမ္မဝါစာဖတ်မှု၌လည်းကောင်း, သရဏဂုံပေးမှု၌လည်းကောင်း, ကျွမ်းကျင်လိမ္မာကြစေခြင်းငှါ-

၁။ ဌာန်အချက်,
၂။ ကရိုဏ်းအချက်,
၃။ ပယတ်အချက်,
၄။ သိထိလ, ဓနိတစသော ဗျဉ္ဇနဗုဒ္ဓိဆယ်ပါး,

၅။ ဥပသမ္ပဒ ကမ္မဝါစာတို့၌ ပါရှိသော ပုဒ်ပါဌ် အက္ခရာတို့ကို စီစစ်ချက်။

ဤငါးချက်တို့ကို ပြဆိုပေအံ့။

## ဌာန်အချက်

တိဌ္ဌန္တိ ပဝတ္တန္တိ ဝဏ္ဏာ ဧတ္ထာတိ ဌာနံ။

ဧတ္ထ=ဤအရပ်၌၊ ဝဏ္ဏာ=ဝဏ္ဏတို့သည်၊ တိဌ္ဌန္တိ ပဝတ္တန္တိ= ဖြစ်ကုန်၏၊ ဣတိတသ္မာ=ထို့ကြောင့်၊ တံ=ထိုအရပ်သည်၊ ဌာနံ= ဌာနမည်၏။

ထိုဌာန်သည်-

ဉာဏ်ကျမ်းအလိုအားဖြင့် ကဏ္ဌဌာန်, တာလုဌာန်, မုဒ္ဓဌာန်, ဒန္တဌာန်, ဩဋ္ဌဌာန်ဟူ၍ ၅-ပါး။

ရူပသိဒ္ဓိအလိုအားဖြင့် ကဏ္ဌဌာန်, တာလုဌာန်, မုဒ္ဓဌာန်, ဒန္တဌာန်, ဩဋ္ဌဌာန်, နာသိကဌာန်ဟူ၍ ၆-ပါး။

သဒ္ဒနီတိအလိုအားဖြင့် ကဏ္ဌဌာန်, တာလုဌာန်, မုဒ္ဓဌာန်, ဒန္တဌာန်, ဩဋ္ဌဌာန်, နာသိကဌာန်, ဥရဌာန်ဟူ၍ ၇-ပါး။

ဗီဇချာန်အလိုအားဖြင့် ကဏ္ဌဌာန်, တာလုဌာန်, မုဒ္ဓဌာန်, ဒန္တဌာန်, ဩဋ္ဌဌာန်, နာသိကဌာန်, ဥရဌာန်, ဇိဝှါမူလဌာန်ဟူ၍ ၈-ပါး။

[ထိုရှစ်ပါးတို့တွင် ဥရဌာန်, ဇိဝှါမူလဌာန် နှစ်ပါးသည် ပါဠိအဋ္ဌကထာတို့၌ မလာဟု ဘေဒစိန္တာဋီကာ၌ ပယ်၏။]

## ကဏ္ဌဌာန်

ကဏ္ဌဌာန်ဆိုသည်ကား။ ။ လည်ချောင်း၌ လည်သီး တည်ရာအရပ်၏ အတွင်းဖြစ်သော လည်ချောင်းသားကိုဆိုသည်။

တေသု စ ကဏ္ဍကဌာနံ၊ ကာကလဌာန မုစ္စတေ။
ကာကလဌာနကံနာမ၊ ဥဏ္ဏတဌာန မုစ္စတေ။
တေဠ ဥဏ္ဏတဌာနံ၊ ယော ကဏ္ဍမဏိ မုစ္စတေ။
(ကာရိကာ။)

ဤကာရိကာပါဌ်၌ ကာကလဌာနသဒ္ဒါ, ဥဏ္ဏတဌာနသဒ္ဒါ, ကဏ္ဍမဏိသဒ္ဒါတို့ဖြင့် ဆိုအပ်ခဲ့ပြီးသော လည်ချောင်းသားကိုပြသည်။

ကာကလသဒ္ဒါသည်လည်း-
၁။ ရွဲတန်းဆာဟူသောအနက်,
၂။ ဖြည်းညှဉ်းသာယာသောအသံ ဟူသောအနက်,
၃။ ငှက်တို့၏ အသံဟူသောအနက်,
၄။ ကျီးသတ္တဝါတို့၏ အသံဟူသောအနက်တို့၌ ဖြစ်၏။

ကျီးသတ္တဝါတို့အား သာယာစွာ ကျူးရင့်သောအခါ လည်ချောင်း သံပါ၏၊ ထိုအသံမျိုးကို လူတို့၌ "ကဏ္ဍမာဓုရိယ" အသံခေါ်၏၊ အလွန် ချိုသော လည်ချောင်းသံဆိုလိုသည်၊ ထိုကျီးသံနှင့်တူသော ချိုလှစွာသော အသံထွက်ရာအရပ်ဖြစ်၍ ထိုလည်ချောင်းသားကို ကာကလဌာနဆို သည်၊ အပြင်ဖက်၌ လည်သီးတည်ရှိသောကြောင့် ထိုလည်ချောင်းသား ကို "ဥဏ္ဏတဌာန" ဟူ၍လည်းကောင်း, "ကဏ္ဍမဏိ" ဟူ၍လည်းကောင်း ဆိုသည်။

ဆောင်။ ။ ကဝဂ်-ပဥ္စ၊ အ-အာ-ဟ၊ အဌ-ကဏ္ဍဇာ။
[ငင်းကဏ္ဍဌာန်၌ဖြစ်သော အက္ခရာ ၈-လုံး။]
ကဏ္ဍဌာန်ပြီး၏။

--------

## တာလုဌာန်

တာလုဌာန်ဆိုသည်ကား။ ။ လျှာရင်း၏ အနီးဖြစ်သော အထက်အာစောက်အပြင်ကို ဆိုသတည်း။

ဇိဝှါ မူလေန အာသန္နေ၊ ဇိဝှါယ ဥပရိတလေ။

(ကာရိကာ)

ဆောင်။ ။ စဝဂ်-ပဥ္စ၊ ဣ-ဧ-ယ၊ အဌ-တာလုဇာ။

[ဝှင်းတာလုဌာန်၌ဖြစ်သော အက္ခရာ ၈-လုံး။]

တာလုဌာန်ပြီး၏။

---------

## မုဒ္ဓဌာန်

မုဒ္ဓဌာန်ဆိုသည်ကား။ ။ ခံတွင်း၌ အထက် ဦးခေါင်းအဖို့တွင် ပါဝင်သော ဘုရားလိုဏ်ခေါင်းတွင် အထက်အပြင်နှင့်တူသော ရ-ကြီးကို လျှာလိပ်၍ ပြိုပြင်စွာ ရွတ်ဆိုသောအခါ ထိုရ-ကြီး၏ ဖြစ်ရာဖြစ်သော အရပ်သည် မုဒ္ဓဌာန်မည်၏။

မုခဗ္ဘန္တရမုဒ္ဓမှိ၊ မုဒ္ဓဌာနံ ပကာသိတံ။

(ကာရိကာ)

ဆောင်. . . ဋဝဂ်-ပဥ္စ၊ ရနှင့်ဠ၊ သတ္တ-မုဒ္ဓဇာ။

[ဝှင်းမုဒ္ဓဌာန်၌ဖြစ်သော အက္ခရာ ၇ - လုံး။]

မုဒ္ဓဌာန်ပြီး၏။

------------------

## ဒန္တဌာန်

ဒန္တဌာန်ဆိုသည်ကား။ ။ အထက်သွားအစဉ်၏ အတွင်း သွားရင်း အပြင်သည် ဒန္တဌာန်မည်၏။

ဥပရိဒန္တဋ္ဌာနဿ၊ ပန္တိယာဗ္ဘန္တရမ္ပိစ။

(ကာရိကာ)

ဆောင်. . . တဝဂ်-ပဥ္စ၊ လနှင့်သ၊ သတ္တ-ဒန္တဇာ။ ။

[၎င်းဒန္တဋ္ဌာန်၌ဖြစ်သော အက္ခရာ ၇-လုံး။]

ဒန္တဋ္ဌာန်ပြီး၏။

-------

## သြဋ္ဌဌာန်

သြဋ္ဌဌာန်ဆိုသည်ကား။ ။ နှုတ်ခမ်းသားနှစ်ခုတို့၏ ထိခတ်ရာ ဖြစ်သော နှုတ်ခမ်းအရပ်ကို သြဋ္ဌဌာန်ဆိုသည်။

[ထင်ရှားသောဌာန်ဖြစ်၍ ကာရိကာ၌ အရပ်ဒေသပြဆိုချက် မလာပြီ။]

သြဋ္ဌဌာန်ပြီး၏။

---------

## နာသိကဌာန်

နာသိကဌာန်ဆိုသည်ကား။ ။ ခံတွင်း၏အတွင်းမှ နှာခေါင်း သို့ သွားသောအပေါက်သည်ရှိ၏၊ ထိုအပေါက်တစ်လျှောက်သည် နာသိက ဌာန်မည်၏။

ဝိဝဋ္ဋမုခဗ္ဘန္တရံ၊ ပဏဝစမ္မကံဝိယ။

တံ သမ္ဗန္ဓာစ ယာ လေခါ၊ သာ ဉ္ဉဓ နာသိကာ မတာ။ ။

(ကာရိကာ)

အနက်ကား။ ။ ဝိဝဋ္ဋမုခဗ္ဘန္တရံ=ဟင်းလင်းပွင့်သောခံတွင်း၏ အတွင်း၌၊ ပဏဝစမ္မကံဝိယ=ထက်စည်ကို ကြက်သောသားရေနှင့်တူ

သော၊ ယံစမ္မံ=အကြင်အရေသည်၊ အတ္တိ= ရှိ၏၊ တံ သမ္ဗန္ဓာစ- တံ သမ္ဗန္ဓာ ဧဝ=ထိုအရေနှင့်တစပ်တည်းတည်သော၊ ယာလေခါ=အကြင် အရေး အကြောင်းသည်၊ အတ္ထိ=ရှိ၏၊ သာ=ထိုအရေးအကြောင်းကို၊ ဏ္ကမ= ဉ္ဍဌာန်အရာ၌၊ နာသိကာ=နာသိကဌာန်ဟူ၍၊ မတာ= သိအပ်၏။

[ကာရိကာနိဿယ၌ စသဒ္ဒါကို နိပါတ်မကြံမိဘဲ နောက် ယာ-သဒ္ဒါနှင့်တွဲ၍ "စယာ=အပေါင်း အဆုံဖြစ်သော" ဟုပေး၏၊ မသင့်။]

ဆောင်. . . ဝဂ္ဂန်-ငါးခု၊ အံပိန္ဒု၊ ခြောက်ခု-နာသဇာ။

နာသိကဌာန်ပြီး၏။

---------

## ဥရဌာန်

ရင်အရပ်သည် ဥရဌာန်မည်၏၊ ဝဂ္ဂန္တငါးလုံးနှင့်လည်းကောင်း, ယ-ရ-လ-ဝ-ဟူသော အန္တဌလေးလုံးနှင့်လည်းကောင်း, ဉ္ဍကိုးလုံးနှင့် ယှဉ်သော ဟ, အက္ခရာသည် ဥရဌာန်၌ဖြစ်၏။

ဟကာရံ ပဥ္စမေဟော၀၊ အန္တဌာဟိစ သံယုတံ။
ဩရသန္တိ ဝဒန္တေတ္ထ၊ ကဏ္ဍဇံ တဒသံယုတံ။

[ရူပသိဒ္ဓိ။]

ငှ၊ ဉှ၊ ဏှ၊ နှ၊ မှ၊ ယှ၊ ရှ၊ လှ၊ ဝှ။ ။ကမ္ဗဝါစာ၌"တသ္မာ တုဏှိ, သော တုဏှဿ" တို့၌ တုဏှိသဒ္ဒါနှစ်ခုသည် ဥရဌာန်၌ဖြစ်၏။

ဥရဌာန်ပြီး၏။

--------

## ဇိဝှါမူလဌာန်

လျှာရင်းအရပ်သည် ဇိဝှါမူလဌာန်မည်၏၊ ဤဇိဝှါမူလဌာန်သည် အလုံးစုံသော ဝဏ္ဏတို့နှင့်ဆက်ဆံ၏။

သဗ္ဗေ ဝဏ္ဏာစ ဇိဝှဇာ၊ ဇိဝှါမူလေသု ဇာယရေ။ ။

[ဇာလိနီ။]

[ဤဇာလိနီ၌ကား မုဒ္ဓဌာန်ကိုသိရဌာန်ဆို၏၊ သိရသဒ္ဒါ, မုဒ္ဓသဒ္ဒါ ဦးခေါင်းဟောချည်းဖြစ်သည်၊ ဘေဒစိန္တာဋီကာသစ်၌ကား ဥရဌာန်, ဇိဝှါမူလဌာန်နှစ်ခုသည် ပါဠိအဋ္ဌကထာတို့၌ မလာဟုပယ်၏၊ ဤဌာန်နှစ်ခုသည်သာ မလာသည်မဟုတ်၊ ကြွင်းသောဌာန်တို့သည်လည်း ပါဠိအဋ္ဌကထာတို့၌ မလာကုန်၊ သဒ္ဒါကျမ်းတို့၌သာလာကုန်သည်၊ သဒ္ဒါကျမ်းဂန်တို့နှင့်သာ ဆိုင်ရင်းလည်းဖြစ်သည်၊ ထို့ကြောင့် ဤဥရဌာန်, ဇိဝှါမူလဌာန်များကိုလည်း ပြဆိုခဲ့ပြီးသော ကျမ်းဂန်များအတိုင်း မှတ်သားရမည်]

ဆင်ခြင်ရန်ကား။ ။လျှာရင်းမှ အတွင်းကျသောဌာန်, အပကျသောဌာန် နှစ်ရပ်ရှိသည်တွင် အတွင်းကျသောဌာန်စုမှ ဖြစ်သော ဝဏ္ဏစုသည် လျှာနှင့်မကင်းရှိကြ၏၊ အပကျသောဌာန်စုမှဖြစ်သော ဝဏ္ဏစုသည်မူကား လျှာရင်းနှင့်ကင်း ရိပ်ရှိ၏၊ အရပ်ဒေသသို့ လိုက်၍လည်း ရွတ်မှု, ဖတ်မှုအထူးအထွေရှိကြ၏။

ဌာန်ပြီး၏။

---------

## ကရိုဏ်းအချက်

ကရိယန္တေ ဥစ္စာရိယန္တေ ဝဏ္ဏာ ဧတေနာတိ ကရဏံ။

ဧတေန=ဤအရပ်ဖြင့်၊ ဝဏ္ဏာ=ဝဏ္ဏတို့ကို၊ ကရိယန္တေ ဥစ္စာ

ရိယဋ္ဌေ=ရွတ်ဆိုအပ်ကုန်၏၊ ဣတိတသ္မာ=ထိုသို့ရွတ်ဆိုကြောင်းဖြစ်သော သတ္တိကြောင့်၊ ကရဏံ=ကရိုဏ်းမည်၏။

ထိုကရိုဏ်းသည် ဇိဝှါမဇ္ဈကရိုဏ်း, ဇိဝှောပဂ္ဂကရိုဏ်း, ဇိဝှဂ္ဂကရိုဏ်း, သကဋ္ဌာနကရိုဏ်း, ဟူ၍လေးပါး။

## ဇိဝှါမဇ္ဈကရိုဏ်း

လျှာ၏အလယ်အရပ်သည် ဇိဝှါမဇ္ဈကရိုဏ်းမည်၏၊ တာလုဇဝဏ္ဏာရှစ်လုံးကို ရွတ်ဆိုသောအခါ ထိုလျှာလယ်အရပ်ဖြင့် အာစောက်ဟူသော တာလုဌာန်ကို ရိုက်ခတ်မှ စ, ဆ, ဇ, ဈ, ဉ, ဣ, ဧ, ယ-ဟူသော တာလုဇဝဏ္ဏာ ပြီသ-သည်။

ဇိဝှါမဇ္ဈကရိုဏ်းပြီး၏။

--------

## ဇိဝှောပဂ္ဂကရိုဏ်း

လျှာဖျား၏အနီးဖြစ်သော လျှာအရပ်သည် ဇိဝှောပဂ္ဂ ကရိုဏ်းမည်၏။

အဂ္ဂဿ သမီပံ ဥပဂ္ဂံ၊ ဇိဝှါယ ဥပဂ္ဂံ ဇိဝှောပဂ္ဂံ။

[ရူပသိဒ္ဓိဋီကာ။]

ဇိဝှောပဂ္ဂန္တိဇိဝှါယ အဂ္ဂဿ သမီပံ ဥပရိတလံ။

[ကာရိကာဋီကာ။]

အဂ္ဂဿ= အဖျား၏၊ သမီပံ=အနီးတည်း၊ ဇိဝှါယ=လျှာ၏၊ ဥပဂ္ဂံ=အဖျား၏အနီးတည်း။ ။ပေး။

ဋီကာပါဌ်၌"ဥပရိတလံ"ဖြင့် အထက်ဖြစ်သော လျှာအပြင်ကိုယူ၊ မုဒ္ဒဇဝဏ္ဏာခုနစ်လုံးကို ရွတ်ဆိုသောအခါ ထိုလျှာဖျား၏ အနီးဖြစ်သော

လျှာအစိတ်ဖြင့် ဦးခေါင်းဟူသော မုဒ္ဓဌာန်ကို ရိုက်ခတ်မှ ဋ, ဌ, ဍ, ဎ, ဏ, ရ, ဠ-ဟူသော မုဒ္ဓဇဝဏ္ဏ ပြီသ-သည်။

ဇိဝှေါပဂ္ဂကရိုဏ်းပြီး၏။

---------------

## ဇိဝှဂ္ဂကရိုဏ်း

လျှာဖျားအရပ်သည် ဇိဝှဂ္ဂကရိုဏ်းမည်၏၊ ဒန္တဇဝဏ္ဏခုနစ်လုံးကို ရွတ်ဆိုသောအခါ ထိုလျှာဖျားအရပ်ဖြင့် အထက်သွား အစဉ်၏ အတွင်းအပြင်ဟူသော ဒန္တဌာန်ကို ရိုက်ခတ်မှ တ, ထ, ဒ, ဓ, န, လ, သ-ဟူသော ဒန္တဇဝဏ္ဏ ပြီသ-သည်။

[ဤကရိုဏ်းသုံးပါးတို့သည်ကား လျှာအစိတ်တို့ပေတည်း]

ဇိဝှဂ္ဂကရိုဏ်းပြီး၏။

----------

## သကဋ္ဌာနကရိုဏ်း

သကဋ္ဌာန ကရိုဏ်းဆိုသည်ကား တာလုဌာန်, မုဒ္ဓဌာန်, ဒန္တဌာန် သုံးပါးတို့မှ ကြွင်းသောဌာန်တို့ကိုပင် ဆိုသတည်း၊ ထိုကြွင်းသောဌာန်တို့၌ ကရိုဏ်းဟူ၍အသီးအခြားမရှိပြီ၊ မိမိတို့ဌာန်သားချင်းချင်း ကြိတ်နှိပ်မှုနှင့်ပင် အက္ခရာဝဏ္ဏ ပြီသ-ကုန်တော့သည်။

သကဋ္ဌာနကရိုဏ်းပြီး၏။

ကရိုဏ်းပြီး၏။

----------

## ပယတ်အချက်

သံဝရဏာဒိနာ ပကာရေန ယတနံ ဥဿာဟကရဏံ ပယတနံ။

သံဝရဏာဒိနာ=ပိတ်ခြင်းအစရှိသော၊ ပကာရေန=အမှုအရာ

အထူးအပြားအားဖြင့်၊ ယတန် ဥဿာဟကရဏံ= အားထုတ်မှုကိုပြုခြင်း တည်း၊ ပယတနံ=အထူးအပြားအားဖြင့် အားထုတ်ခြင်း။

[ပ-ပုဗ္ဗ၊ ယတ-ဓာတ်၊ ယု-ပစ္စည်း၊ ယတ၊ ပတိယတနေ-ဟုဓာတ်နက်ဖော်၊ "ပတိယတနေ=အားထုတ်ခြင်းအနက်၌"ဟုပေး။]

ဝဏ္ဏာနုစ္စာရဏဥဿာဟော၊ ပယတနမုဒီရိတော။

(ကာရိကာ)

ထိုပယတနသည် သံဝုဋပယတ်, ဝိဝဋပယတ်, ဖုဋ္ဌပယတ်, ဤသံဖုဋ္ဌပယတ် ဟူ၍လေးပါး။

၁။ ဌာန်ကရိုဏ်းတို့ကို ပိတ်ဆို့သော အခြင်းအရာ အထူးသည် သံဝုဋမည်၏။

၂။ ဌာန်ကရိုဏ်းတို့ကို ဖွင့်လှစ်သော အခြင်းအရာအထူးသည် ဝိဝဋမည်၏။

၃။ ဌာန်ကရိုဏ်းတို့ကို အချင်းချင်း မိမိရရ ထိခိုက်သော အခြင်းအရာအထူးသည် ဖုဋ္ဌမည်၏။

၄။ ဌာန်ကရိုဏ်းတို့ကို အနည်းငယ် ထိယောင်မှုခြင်း အမူအရာအထူးသည် ဤသံဖုဋ္ဌမည်၏။

[သံဝုဋကား အ-၏ပယတ်တည်း၊ ဝိဝဋကား ကြွင်းသောသရ ခုနစ်လုံး, သ, ဟ, နှစ်လုံး၊ ဤ ၉-လုံးတို့၏ ပယတ်တည်း၊ ဖုဋ္ဌကား ဝဂ် ၂၅-လုံးတို့၏ ပယတ်တည်း၊ ဤသံဖုဋ္ဌကား ယ, ရ, လ, ဝ-ဟူသော အန္တဋ္ဌလေးလုံးတို့၏ ပယတ် တည်း။]

## အကျယ်ဖြန့်အံ့

၁။ အ-ကို ရွတ်ရာ၌ ကဏ္ဌဌာန်, ကဏ္ဌကရိုဏ်းတို့ကို ပိတ်စေခြင်းငှါ အားထုတ်မှုသည် သံဝုဋပယတ်မည်၏။

၂။ အာ-နှင့်ဟ-ကို ရွတ်ဆိုရာ၌ ကဏ္ဍဌာန်-ကဏ္ဍကရိုဏ်းတို့ကို ပွင့်ပွင့်ပြုခြင်း, ဧ-ကို ရွတ်ဆိုရာ၌ ကဏ္ဍဌာန်-တာလုဌာန်တို့ကို မိမိတို့ ကရိုဏ်းတို့နှင့် ပွင့်ပွင့်ပြုခြင်း, ဩ-ကို ရွတ်ဆိုရာ၌ ကဏ္ဍဌာန်-ဩဋ္ဌဌာန် တို့ကို အချင်းချင်းပွင့်ပွင့်ပြုခြင်း, သ-ကို ရွတ်ဆိုရာ၌ ဒန္တဌာန်, ဇိဝှဂ္ဂ ကရိုဏ်းတို့ကို ပွင့်ပွင့်ပြုခြင်း၊ ဤပွင့်ပွင့်ပြုခြင်း ခြောက်ချက်သည် ဝိဝဋ္ဋမည် ယတ်မည်၏။

၃။ ကဝဂ်ငါးလုံးကို ရွတ်ဆိုရာ၌ ကဏ္ဍဌာန်-ကဏ္ဍကရိုဏ်းတို့ကို အချင်းချင်း ထိစေခြင်း, စဝဂ်ငါးလုံးကို ရွတ်ဆိုရာ၌ တာလုဌာန်-ဇိဝှါမဇ္ဈ ကရိုဏ်းတို့ကို ထိစေခြင်း, ဋဝဂ်ငါးလုံးကို ရွတ်ဆိုရာ၌ မုဒ္ဓဌာန်-ဇိဝှေါပဂ္ဂ ကရိုဏ်းတို့ကို ထိစေခြင်း, တဝဂ်ငါးလုံးကို ရွတ်ဆိုရာ၌ ဒန္တဌာန်-ဇိဝှဂ္ဂက ရိုဏ်းတို့ကို ထိစေခြင်း, ပဝဂ်ငါးလုံးကို ရွတ်ဆိုရာ၌ ဩဋ္ဌဌာန်-ဩဋ္ဌက ရိုဏ်းတို့ကို နာနာထိစေခြင်း၊ ဤထိစေခြင်းငါးပါးသည် ဖုဋ္ဌပယတ် မည်၏။

၄။ ယ-ကိုရွတ်ဆိုရာ၌ တာလုဌာန်နှင့် ဇိဝှါမဇ္ဈကရိုဏ်းကို ထိယောင်မူစေခြင်း, ရ-ကြီးကိုရွတ်ဆိုရာ၌ မုဒ္ဓဌာန်နှင့် ဇိဝှေါပဂ္ဂကရိုဏ်း တို့ကို အနည်းငယ်ထိစေခြင်း, လ-ကိုရွတ်ဆိုရာ၌ ဒန္တဌာန်နှင့် ဇိဝှဂ္ဂက ရိုဏ်းတို့ကို အတန်ငယ်ထိစေခြင်း, ဝ-ကိုရွတ်ဆိုရာ၌ ဒန္တဌာန်-ဩဋ္ဌဌာန် တို့ကို မိမိတို့၏ ဆိုင်ရာကရိုဏ်းတို့နှင့် အတန်ငယ်ထိယောင်မူခြင်း၊ ဤအ နည်းငယ်အတန်ငယ် ထိခြင်းလေးပါးသည် ဤသံဖုဋ္ဌပယတ် မည်၏။

အကျယ်ဖြန့်ချက်ပြီး၏။

------

## ယုတ္တိပြအံ့

သံဝုဋ္ဋဆိုသည်ကား အသံကိုချုပ်ခြင်းတည်း၊ ဝိဝဋ္ဋဆိုသည်ကား အသံကို လွှတ်ခြင်းတည်း၊ ဖုဋ္ဌဆိုသည်ကား ဌာန်နှင့်ကရိုဏ်းကို နာနာထိခြင်းတည်း၊ ဤသံဖုဋ္ဌဆိုသည်ကား ဌာန်နှင့်ကရိုဏ်းကို စဉ်းငယ်မျှသာ ထိခြင်း, ထိယောင်မူခြင်းတည်း။

ဌာန်, ကရိုဏ်း တူကြကုန်ငြားသော်လည်း မိမိတို့ဆိုင်ရာ ဌာန်, ကရိုဏ်းတို့ကို ချုပ်အုပ်မှု, ဖွင့်လွှတ်မှု, နာနာထိမှု, စဉ်းငယ်ထိမှုဟူသော ပယတ်မှု အထူးအပြားရှိကြပြန်ကုန်သည်၊ ထို့ကြောင့် သြဋ္ဌဇဝဏ္ဏခုနစ်လုံးတို့တွင် ဥ, ဦ, ကို နှုတ်ခမ်းချင်းထိအောင်ပြု၍ ဖုဋ္ဌပယတ်နှင့် ရွတ်လျှင် မပြီသ-ပြီ၊ နှုတ်ခမ်းချင်းပွင့်ပွင့်ပြု၍ ဝိဝဋ္ဋပယတ်နှင့်ရွတ်မှ ပြီသ-လေသည်။

ပဝဂ်ငါးလုံးကို နှုတ်ခမ်းချင်း ပွင့်ပွင့်ပြု၍ ဝိဝဋ္ဋပယတ်နှင့်ရွတ် လျှင် မပြီသ-ပြီ၊ နှုတ်ခမ်းချင်းနာနာထိ၍ ဖုဋ္ဌပယတ်နှင့်ရွတ်မှ ပြီသ-လေသည်။

[ဤနည်းတူ ကြွင်းသော ဝဏ္ဏတို့၌လည်း ပယတ်၏
အချက်ကို နေရာကျသိလေ။]

ယုတ္တိပြီး၏။

------

ပုဒ်စစ်၌။ ။ နှုတ်ခမ်းတို့၏ ပိတ်ခြင်းသည် သံဝုဋ္ဋမည်၏၊ နှုတ်ခမ်းတို့၏ ဖွင့်ခြင်းသည် ဝိဝဋ္ဋမည်၏၊ နှုတ်ခမ်းတို့၏ ထိခြင်းသည် ဖုဋ္ဌမည်၏၊ နှုတ်ခမ်းတို့၏ စဉ်းငယ်ထိခြင်းသည် ဤသံဖုဋ္ဌမည်၏ဟု ဆိုခြင်းသည် ယုတ္တိလည်းမလှ၊ သာဓကလည်းမထင်၊ ဌာန်-ကရိုဏ်းတို့၏ ပိတ်ခြင်းသည် သံဝုဋ္ဋ, ဌာန်-ကရိုဏ်းတို့၏ ဖွင့်ခြင်းသည် ဝိဝဋ္ဋ, ဌာန်-

ကရိုဏ်းတို့၏ ထိခြင်းသည် ဖုဋ္ဌ, ဌာန်-ကရိုဏ်းတို့၏ စဉ်းငယ်ထိခြင်း သည် ဤသံဖုဋ္ဌ၊ သို့ဆိုမှသာ ယုတ္တိလည်းလှသည်၊ သာဓကလည်း ထင်သည်၊ ယုတ္တိမှာ ဆိုခဲ့ပြီးသော ယုတ္တိပင်။

သာဓကကား---

ဇိဝှါမဇ္ဈာဒိပယတနံ ပန ယထာရဟံ ဌာနကရဏာနံ
သံဝုဋ္ဌာဒိ ဂုဏော။

[ရူပသိဒ္ဓိဋီကာ။]

ဇာလိနီ၌ကား---

၁။ ဝဂ်ဗျည်း ၂၅-လုံးသည် ဖုဋ္ဌပယတ်ရှိ၏။
၂။ အန္တဋ္ဌ-လေးလုံးသည် ဤသံဖုဋ္ဌပယတ်ရှိ၏။
၃။ ရဿသရသုံးလုံးသည် သံဝုဋ္ဌပယတ်ရှိ၏။
၄။ ဒီဃသရ ငါးလုံးသည်လည်းကောင်း ခ, ဃ,၊ ဆ, ဈ၊ ဌ, ဎ၊ ထ, ဓ၊ ဖ, ဘ-ဟူသော ဒုတိယ, စတုတ္ထ ဗျည်း ဆယ်လုံးသည် လည်းကောင်း ဝိဝဋ္ဌပယတ်ရှိ၏

ဟုလာ၏။

[ဤဇာလိနီအလို ထိုဆယ်လုံးမှာ ဖုဋ္ဌပယတ်, ဝိဝဋ္ဌပယတ် ၂-ခုထပ်၏၊ အဝုတ္တသိဒ္ဓိနည်းအားဖြင့် က, ဂ, င၊ စ, ဇ, ဉ ၊ ဋ, ဍ, ဏ၊ တ, ဒ, န၊ ပ, ဗ, မ-ဟူသော ဝဂ်ကျန် ၁၅-လုံးမှာ ဖုဋ္ဌပယတ် သံဝုဋ္ဌပယတ် ၂-ချက်ထပ်ကျ၏။]

ရဿသရသုံးလုံးသည် ရဿဖြစ်ပေ၍ အရှည်မလို အတိုချုပ်အုပ် မှုရှိပေသည်၊ ဒီဃသရငါးလုံးမှာလည်း အသံရှည်ဖြစ်လေအောင် ဖွင့်လှစ် မှုရှိပေသည်၊ ဝဂ်တွင် ဒုတိယငါးလုံး စတုတ္ထငါးလုံးတို့မှာလည်း ဓနိတဝဏ္ဏ ဖြစ်ကြကုန်၍ အပြင်းအထန် ပွဲတင်သံထွက်အောင်ရွတ်ရသော ဝိဝဋ္ဌမှုရှိ

ပေသည်၊ ဝဂ်ကျန်တစ်ဆယ့်ငါးလုံးတို့မှာလည်း သိထိလဝဏ္ဏဖြစ်ကြကုန်၍ မထန်မသည်းအောင်ချုပ်တည်း၍ ရွတ်ရသော သံဝုဋ္ဌရှိပေသည်၊ ထို့ကြောင့် ဇာလိနီအဆိုသည်လည်း ထိုပရိယာယ်အလျောက် သင့်မြတ်ပါ၏။

[ဤပယတနလေးပါးကိုပင် ကရိုဏ်းလေးပါးဟူ၍လည်း ခေါ်ကြရကုန်၏။]

## သရနှင့်ဗျည်းတွဲခန်း

သရနှင့်ဗျည်းတွဲရာ၌။ ။ က, ကာ၊ ကိ, ကီ၊ ကု, ကူ၊ ကေ, ကော၊ ကံ ။ ပ ။ ငွ, ငွာ၊ ငွိ, ငွီ၊ ငွု, ငွူ၊ ငွေ, ငွော၊ ငွံ-ဟူရာတို့၌ က-ဗျည်းသည် ဖုဋ္ဌပယတ်ရှိ၏၊ အသရသည် သံဝုဋ္ဌပယတ်ရှိ၏၊ ထို့ကြောင့် က-ကို ရွတ်ဆိုသောအခါ က-ဗျည်းအတွက် ကဏ္ဍဌာန်, ကဏ္ဍကရိုဏ်း တို့ကို အချင်းချင်းနာနာထိစေရမည်၊ အ-သရအတွက် ကဏ္ဍဌာန်, ကဏ္ဍကရိုဏ်းတို့ကို ချုပ်ရမည်။

[ကာ, ကိ, ကီ-စသည်တို့မှာလည်း ဤနည်းအတိုင်း ပယတ်နှစ်ပါးစီယူလေ။]

## ဆိုဖွယ်အထူးကား

သ, သာ၊ သိ, သီ၊ ဟ, ဟာ၊ ဟိ, ဟီ-တို့၌ သ, ဟ-ကိုရွတ်ဆိုရာ သဗျည်း, ဟဗျည်းတို့သည် ဝိဝဋ္ဌပယတ်ရှိကုန်ရာ၏၊ အသရသည် သံဝုဋ္ဌပယတ်ရှိချေ၏၊ သံဝုဋ္ဌနှင့် ဝိဝဋ္ဌလည်း ဆန့်ကျင်ဖက်ဖြစ်၏ဟူမူ-

သ-မှာ ဒန္တဋ္ဌာန်, ဇိဝှဂ္ဂကရိုဏ်းတို့ကို တ ဝဂ်ကိုရွတ်ဆိုသလောက် မထိပါးရသည်ကား ဝိဝဋ္ဌ, တာ-တီတို့ကို ရွတ်ဆိုသလောက် မဖွင့်ရသည်ကား သံဝုဋ္ဌ, ဟ၌လည်း ကဝဂ်ကိုရွတ်ဆိုသလောက် မထိပါးရသည်ကား

ဝိဝဋ္ဋ, ဟာ-ဟီတို့ကိုရွတ်ဆိုသလောက် မဖွင့်ရသည်ကား သံဝုဋ္ဋ,

တစ်နည်းမှာ။ ။ သရရှစ်လုံးတို့ကို ဌာန်အသီးအသီး, ကရိုဏ်းအသီးအသီး, ပယတ်အသီးအသီးနှင့် ပြဆိုခြင်းသည် ဗျည်းတို့နှင့် မတွဲမဖက် သက်သက်သောသရတို့၌သာယူ၊ ဗျည်းတို့နှင့် တွဲကြကုန်မူကား သရတို့သည်မိမိတို့၏ ဌာန်, ကရိုဏ်း, ပယတ်တို့ကို ယေဘုယျအားဖြင့် စွန့်ကြကုန်၏။ ။ ပ, ပါ၊ ပိ, ပီ၊ ပု, ပူ၊ ပေ, ပေါ်၌ အ, အာ၊ ဣ, ဤ-တို့သည် ကဏ္ဍဌာန်, တာလုဌာန်တို့ကို စွန့်၍ ဩဋ္ဌဌာန်၌ ဖြစ်ကြ ကုန်၏၊ ပေ-၌လည်း ဧ-သည် ကဏ္ဍ, တာလုဌာန်နှစ်ခုကို စွန့်ရ၏၊ ပု, ပူ, ပေါတို့၌ ဥ, ဦ, ဩတို့သည်ကား ပ-ဗျည်းနှင့်ဌာန်တူကြ၍ မစွန့်ရ ကုန်ပြီ။

[ကျ, ကြွ, ကွ, ကျွ-စသည်တို့၌လည်း ဌာန်, ကရိုဏ်း,
ပယတ်တို့ထွေးယှက်မှုကိုဆိုလေ။]

သရနှင့်ဗျည်းတွဲခန်းပြီး၏။

ဤလေးပါးသော ပယတ်တို့ကို ကရိုဏ်းလေးပါးဟူ၍လည်း ခေါ်ကြကုန်၏။

လောကီကျမ်းတို့၌ကား။ ။ အဗ္ဘန္တရကရိုဏ်းလေးပါး, ဗာဟိရကရိုဏ်းတစ်ဆယ့်တစ်ပါးဟူ၍ ကရိုဏ်းတစ်ဆယ့်ငါးပါးလာ၏။

အဗ္ဘန္တရကရိုဏ်းလေးပါးဆိုသည်ကား-

ဆိုခဲ့ပြီးသော ပယတ်လေးပါးပင်တည်း၊ အက္ခရာကို ရွတ်မည် ချီစ၌ ကြောင့်ကြစိုက်ရသော အမှုစုဖြစ်၍ ထိုလေးပါးကို အတွင်းကရိုဏ်းဆိုသည်။

ဗာဟိရကရိုဏ်းတစ်ဆယ့်တစ်ပါးဆိုသည်ကား---

၁။ ဝိဝါရကရိုဏ်း,

၂။ သံဝါရကရိုဏ်း,

၃။ သာသကရိုဏ်း,
၄။ နာဒကရိုဏ်း,
၅။ ဃောသကရိုဏ်း,
၆။ အဃောသကရိုဏ်း,
၇။ အပ္ပပါဏကရိုဏ်း,
၈။ မဟာပါဏကရိုဏ်း,
၉။ ဥဒတ္တကရိုဏ်း,
၁၀။ အနုဒတ္တကရိုဏ်း,
၁၁။ သရိတကရိုဏ်း၊ ပေါင်း ၁၁-ပါး။

ဤတစ်ဆယ့်တစ်ပါးတို့သည်ကား အက္ခရာတိုင်း အက္ခရာတိုင်း၌ အဆုံးသတ်ပုံကိုစွဲ၍ဖြစ်သော ကရိုဏ်းစုဖြစ်ကြကုန်၍ အပကရိုဏ်းမည်ကုန်၏။

၁။ ဝိဝါရဟူသည်ကား ဖွင့်လှစ်မှုတည်း။
၂။ သံဝါရဟူသည်ကား ချုပ်ထိန်းမှုတည်း။
၃။ သာသဟူသည်ကား အရှူပြင်းထန်မှုတည်း။
၄- ၅။ ပဲ့တင်စွန့်လွှတ်မှုသည် နာဒလည်းမည်၏၊ ဃောသလည်း မည်၏။
၆။ ပဲ့တင်မထပ် တိတိပြတ်မှုကား အဃောသတည်း။
၇။ အရှူအငင်ပျော့သည်ကား အပ္ပပါဏတည်း။
၈။ အရှူအငင်ပြင်းသည်ကား မဟာပါဏတည်း။
၉။ မြင့်၍ ရွတ်မှုကား ဥဒတ္တကရိုဏ်းတည်း။
၁၀။ နိမ့်၍ရွတ်မှုကား အနုဒတ္တကရိုဏ်းတည်း။
၁၁။ လျစ်လျူရွတ်မှုကား သရိတကရိုဏ်းတည်း။

ကခ၊ စဆ၊ ဋဌ၊ တထ၊ ပဖ၊ သ-ဤတစ်ဆယ့်တစ်လုံးတို့သည် ဝိဝါရကရိုဏ်း, သာသကရိုဏ်း, အဃောသကရိုဏ်းရှိကုန်၏။

သရရှစ်လုံး, ဃောသနှစ်ဆဲ့တစ်လုံး, ဥရဌာန်၌ဖြစ်သော အက္ခရာစုတို့သည် သံဝါရကရိုဏ်း, နာဒကရိုဏ်း ဃောသကရိုဏ်း ရှိကုန်၏။

ဝဂ်၌ပဌမငါးလုံး, တတိယငါးလုံး, ပဉ္စမငါးလုံး, ယ, ရ, လ, ဝ-ဟူသော အန္တဌလေးလုံး, သရရှစ်လုံးတို့သည် အပ္ပပါဏကရိုဏ်းရှိကုန်၏။

ဝဂ်၌ ဒုတိယငါးလုံး, စတုတ္ထငါးလုံး, သဗျည်း, ဟဗျည်း, ဗိန္ဒု, ဥရဇဝဏ္ဏတို့သည် မဟာပါဏကရိုဏ်းရှိကုန်၏။ ။ တစ်ရပ်--- ဇာလိနီဋီကာ၌ကား။ ။ စူဠနိရုတ္တိကျမ်းထွက်ဆို၍---

- အနာဒဝဏ္ဏော စာရုဋ္ဌော၊ ဝဂ္ဂါနံ ပဌမော မတော။
  ဉဌဝဏ္ဏောစ နာဒေါစ၊ ဝဂ္ဂါနံ ဒုတိယော မတော။
- အနာဒဝဏ္ဏော စာရုဋ္ဌော၊ တတိယောပိစ ပဉ္စမော။
  ဉဌောစ နာဒဝဏ္ဏောစ၊ တေသံယေဝ စတုတ္ထကော။

[ဟု ကရိုဏ်းခြောက်ပါးလာ၏။]

နာဒကရိုဏ်း, အနာဒကရိုဏ်း, ရုဋ္ဌကရိုဏ်း, အရုဋ္ဌကရိုဏ်း, ဉဌကရိုဏ်း, အနုဌကရိုဏ်း၊ ဤခြောက်ပါးကား ဝဂ်နှစ်ဆယ့်ငါးလုံးတွင်ထင်၏။

[ကရိုဏ်းငါးပါး၏ အနက်ကိုကား ဋီကာရှင်မပြ၊ သဒ္ဒါရိပ်ကို ထောက်၍ ကြံလေ]

ဤတွင်ရွေ့ကား ဌာန်အချက်, ကရိုဏ်းအချက်, ပယတ်အချက်တို့ကို ပြဆိုသောစကားပြီး၏။

## ဗျဉ္ဇနဗုဒ္ဓိဆယ်ပါး

ဗျဉ္ဇနဗုဒ္ဓိဆယ်ပါးဟူရာ၌။ ။ဝိနည်းဋီကာကြီးများ၌ ဗုဒ္ဓိသဒ္ဒါကို စိတ်ဟောယူ၏၊ ပွါးခြင်းအနက်ကို ယူလျှင်လည်း သင့်ပါ၏၊ အချို့အရာ၌ ဗျဉ္ဇနဝုတ္တိဟုရှိ၏၊ သဒ္ဒါတို့၏ဖြစ်ခြင်းဆိုလိုသည်၊ ဤပါဌ်သည်သာ အထူး သင့်မြတ်သည်။

- သိထိလ, ဓနိတ-၂။
- နိဂ္ဂဟိတ, ဝိမုတ္တ-၂။
- သမ္ဗန္ဓ, ဝဝတ္ထိတ-၂။
- ဒီဃ, ရဿ-၂။
- ဂရုက, လဟုက- ၂။

[ဗျဉ္ဇနဗုတ္တိဆယ်ပါး။]

ထိုဆယ်ပါးတို့တွင်-

၁။ ဝဂ်၌ပဌမငါးလုံး, တတိယငါးလုံး၊ ဤဆယ်လုံးသည် ဌာန်က ရိုက်ဖက်းတို့ကို ချိုချိုလျော့လျော့ ပျော့ပျော့ညှဉ်းညှဉ်းပြု၍ ရွတ်အပ်သော ကြောင့် သိထိလအက္ခရာမည်၏။

သိထိလေန အဂါဠ္ဌေန၊ အထဒ္ဓေနေဝ သဗ္ဗဒါ။
ဝစီပယောဂမုဒုနာ၊ ဝတ္တဗ္ဗက္ခရဘာဝတော။ ။
[ကာရိကာ။]

၂။ ဝဂ်၌ဒုတိယငါးလုံး, စတုတ္ထငါးလုံး၊ ဤဆယ်လုံးသည် ဌာန်, ကရိုက်ဖက်းတို့ကို အတင်းအကြပ် အပြင်းအထန်ပြု၍ ရွတ်အပ်သောကြောင့် ဓနိတအက္ခရာမည်၏။

ဂါဋ္ဌဝစီပယောဂေန၊ ဝတ္တဗ္ဗကၡရဘာဝတော။ ။
[ကာရိကာ။]

၃။ ထိုထို ဌာန်ကရိုဏ်းတို့မှဖြစ်သော အသံနှင့် တကွသော လေကို ခံတွင်းပေါက်မှအပသို့မလွှတ်မူ၍ ခံတွင်းကိုပိတ်၍ ရွတ်အပ် သော ဗိန္ဒုသည် နိဂ္ဂဟိတ်မည်၏။

- နိဂ္ဂဟိတန္တိ ယံ ကရဏာနိ နိဂ္ဂဟေတွာ အဝိဿဇ္ဇေတွာ အဝိဝဋေန မုခေန သာနု နာသိကံ ကတွာ ဝတ္တဗ္ဗံ။
[ပရိဝါအဋ္ဌကထာ။]

ဤပါဌ်၌ "နိဂ္ဂဟေတွာ" ကို "အဝိဿဇ္ဇေတွာ" ဖွင့်သည်၊ "အဝိဿဇ္ဇေတွာ" ကို "အဝိဝဋေန မုခေန သာနုနာသိကံ ကတွာ" ဖွင့်သည်။

နိဂ္ဂဟိတ်သည်။ ။ ရဿသရသုံးလုံးတို့ကိုလည်းကောင်း, ထိုရဿ သုံးလုံးနှင့် ယှဉ်သောဗျည်းသုံးဆယ့်နှစ်လုံးတို့ကိုလည်းကောင်း, မှီရလေ သောကြောင့် ဌာန်အကုန်, ကရိုဏ်းအကုန်တို့နှင့် ဆက်ဆံ၏၊ ထို့ကြောင့် ထိုအလုံးစုံသောဌာန်, ကရိုဏ်းတို့ကို သိမ်းကျုံးလို၍ "ကရဏာနိ" ဟု ဗဟုဝုစ်နှင့် ဆိုလေသည်။

"အဝိဿဇ္ဇေတွာ" မှာလည်း။ ။ အပဖြစ်သော ခံတွင်းပေါက်သို့ အသံထွက်၍ မသွားအောင် မလွှတ်မူ၍ ရွတ်ရမည်ဟုလိုသည်၊ ခံတွင်းပေါက်ကိုပိတ်လိုက်မှ နှာခေါင်းပေါက်သို့ လေသွားသည်၊ နှာခေါင်း ပေါက်သို့လေသွားမှ နာသိကဌာန်သို့ ရောက်သည်။

အချို့သူတို့ကား။ ။ကရဏာနိ၊ ဌာန်,ကရိုဏ်းတို့ကို၊ အဝိဿဇ္ဇေတွာ၊ မစွန့်မူ၍ဟု-အနက်ဆို၍ နိဂ္ဂဟိတ်၏ မှီရာ

အက္ခရာတို့၏ ဌာန်,ကရိုဏ်းတို့ကို မစွန့်မလွှတ် ကောင်းစွာပြည့်စုံစေရမည်ဆိုလိုသည် ဟူကြကုန်၏၊ သို့ယူခဲ့သော်နိဂ္ဂဟိတ်၏ ပြန်ဖက်ဖြစ်သော ဝိမုတ္တကိုပြရာ၌-

"ဝိမုတ္တန္တိ ယံ ကရဏာနိ အနိဂ္ဂဟေတွာ ဝိဿဇ္ဇေတွာ" ဟူရာ၌ ဌာန်,ကရိုဏ်းတို့ကိုဖွင့်လွှတ်၍ မပြည့်မစုံစေမူ၍ ရွတ်ရမည်ဟု အဓိပ္ပါယ်ကျလိမ့်မည်၊ ဌာန်,ကရိုဏ်းတို့ကို မပြည့်မစုံပြု၍ ရွတ်အပ်သော အက္ခရာဟူ၍မရှိ၊ ထို့ကြောင့်အသံနှင့်တကွသော ခံတွင်းလေကို ခံတွင်းပေါက်မှ အပသို့ မလွှတ်မူ၍ သွား, နှုတ်ခမ်းတို့ကို လုံလုံပိတ်သည်ကိုပင် "အဝိဿဇ္ဇေတွာ" ဆိုသည်ဟုမှတ်။

> ဆရာတော်ဦးဗုဓ်ကား။ ။" အဝိဝဋ္ဋေန" ၌ အ-သဒ္ဒါသည် အပ္ပကအနက်ဟော၊"အနည်းငယ်ပွင့်သောဟု" အနက်ပေး၊ ခံတွင်းကို လုံးလုံးပိတ်ခဲ့လျှင် အက္ခရာမပြီးမသ-သော အဗျတ္တသဒ္ဒဖြစ်ရာ၏ဟု ဆို၏။

[အပိတ်စောလျှင်သာ မပြီးသသည်၊ အပိတ်အချက်ကျလျှင် ပြီးသ-ပါ၏။]

၄။ နှုတ်ခမ်းကိုမပိတ်မူ၍ နှုတ်ခမ်းပေါက်မှ လေလွှတ်၍ ရွတ်အပ်သော အက္ခရာစုသည် ဝိမုတ္တမည်၏။

ဝိမုတ္တန္တိ ယံ ကရဏာနိ အနိဂ္ဂဟေတွာ ဝိဿဇ္ဇေတွာ
ဝိဝဋ္ဋေန မုခေန သာနုနာသိကံ အကတွာ ဝတ္တဗ္ဗံ။

[ပရိဝါအဋ္ဌကထာ။]

[နိဂ္ဂဟိတ်နှင့်မယှဉ်၊ ကြွင်းသောဝဏ္ဏစုကိုယူ။]

၅။ ရှေ့ပုဒ် နောက်ပုဒ် သန္ဓိစပ်၍ ရွတ်မှုသည်သမ္ဗန္ဓမည်၏။
၆။ သန္ဓိမစပ် ပုဒ်ဖြတ်၍ရွတ်မှုသည် ဝဝတ္ထိတမည်၏။
၇။ သက်သက်သော ဒီဃသရစုသည်လည်းကောင်း, ဒီဃသရနှင့် ယှဉ်သော ဗျည်းစုသည်လည်းကောင်း ဒီဃမည်၏။
၈။ သက်သက်သော ရဿသရစုသည်လည်းကောင်း, ရဿသရနှင့် ယှဉ်သောဗျည်းစုသည်လည်းကောင်း ရဿမည်၏။
၉။ ဆိုခဲ့ပြီးသောဒီဃစုသည်လည်းကောင်း, သံယုဂ်နှောင်းသော ရဿ စုသည်လည်းကောင်း, နိဂ္ဂဟိတ်နှောင်းသော ရဿစု သည်လည်း ကောင်း ဂရုမည်၏။
၁၀။ သံယုဂ်မှလည်းကောင်း, နိဂ္ဂဟိတ်မှလည်းကောင်း ကင်းသော ရဿစုသည်လဟုမည်၏။

[ဤကားဗျဉ္ဇနဗုဒ္ဓိဆယ်ပါးခွဲခြမ်းမှုတည်း။]

## ကံပျက်မှု ၄-ချက်

ဤဗျဉ္ဇနဗုဒ္ဓိ ဆယ်ပါးတို့တွင်-
၁။ သိထိလဝဏ္ဏကို ဓနိတဝဏ္ဏပြု၍ ရွတ်မိသော်လည်းကောင်း,
၂။ ဓနိတဝဏ္ဏကို သိထိလဝဏ္ဏပြု၍ ရွတ်မိသော်လည်းကောင်း,
၃။ နိဂ္ဂဟိတ်ကို ဝိမုတ္တပြု၍ ရွတ်မိသော်လည်းကောင်း,
၄။ ဝိမုတ္တကို နိဂ္ဂဟိတ်ပြု၍ ရွတ်မိသောလည်းကောင်း,

[ဤလေးချက်သည်ကံပျက်မှုပေတည်း။]

သိထိလေ ကတ္တဗ္ဗေ ဓနိတံ, ဓနိတေ ကတ္တဗ္ဗေ သိထိလံ, ဝိမုတ္တေ ကတ္တဗ္ဗေ နိဂ္ဂဟိတံ, နိဂ္ဂဟိတေ ကတ္တဗ္ဗေ ဝိမုတ္တန္တိ ဣမာနိ စတ္တာရိ ဗျဉ္ဇနာနိ အန္တောကမ္မဝါစာယံ ကမ္မံ ဒူသေန္တိ၊

ဇဝံ ဝဒန္တော အညသ္မိံ အက္ခရေ ဝတ္တဗ္ဗေ အညံ ဝဒတိ၊ ဒုရုတ္တံ ကရောတီတိ ဝုစ္စတိ။

[ပရိဝါအဋ္ဌကထာ။]

ဝိမတိဝိနောဒနီဋီကာ၌ကား---

သိထိလချင်းချင်းပင်ဖြစ်သော်လည်း ဋနှင့်တ, ဍနှင်ဒ, ဏနှင့်န, ပြောင်းလဲ၍ရွတ်မိလျှင် "ဒုရုတ္တံ ကရောတိ" ပင်ဖြစ်၏၊ ဓနိတချင်းချင်းပင်ဖြစ်သော်လည်း ဌနှင့်ထ, ဗနှင့်ဓ, ပြောင်းလဲ၍ ရွတ်မိလျှင် "ဒုရုတ္တံ ကရောတိ" ပင်ဖြစ်၏၊ ကံပျက်၏ဟုဆို၏။

ဝဂ္ဂန္တရေ သိထိလမေဝ ကတွာ သုဏာဥ္မ မေတိ အာဒိနာ ဝဒန္တောပိ ဒုရုတ္တံ ကရောတိယေဝ ထပေတွာ အနုရူပံ အာဒေသံ၊ ယဉ္ဟိ သစ္စိကတ္ထပရမတ္ထေနာတိ ဝတ္တဗ္ဗေ သစ္စိကဋ္ဌပရမတ္ထေနာတိစ, အတ္ထကထာတိ ဝတ္တဗ္ဗေ အဋ္ဌကထာတိစ တတ္ထ တတ္ထ ဝုစ္စတိ၊ တာဒိသံ ပါဠိအဋ္ဌကထာသု ဒိဋ္ဌပယောဂံ တဒနုရူပဥ္စ ဝတ္တုံ ဝဋ္ဋတိ၊ တတော အညံ န ဝဋ္ဋတိ။

[ဝိမတိဝိနောဒနီဋီကာ။]

အနက်ကား။ ။ ဝဂ္ဂန္တရေ=ဝဂ်တစ်ပါး၌၊ သိထိလမေဝ= သိထိလကိုပင်လျှင်၊ ကတွာ=၍၊ သုဏာဥ္မ မေတိ အာဒိနာ=သုဏာဥ္မ မေ-အစရှိသည်ဖြင့်၊ ဝဒန္တောပိ=ရွတ်ဆိုသောသူသည်လည်း၊ အနုရူပံ= သင့်လျော်သော၊ အာဒေသံ=အပြုကို၊ ထပေတွာ=ထား၍၊ ဒုရုတ္တံ= မကောင်းသောရွတ်ခြင်းကို၊ ကရောတိယေဝ=ပြုသည်သာလျှင်တည်း၊ ဟိ=ချဲ့အံ့၊ သစ္စိကတ္ထပရမတ္ထေနာတိ=သစ္စိကတ္ထပရမတ္ထေန-ဟူ၍၊ ဝတ္တဗ္ဗေ=ဆိုအပ်လျက်၊ သစ္စိကဋ္ဌပရမတ္ထေနာတိစ=သစ္စိကဋ္ဌ ပရမတ္ထေန-ဟူ၍လည်းကောင်း၊ အတ္ထကထာတိ=အတ္ထကထာဟူ၍၊ ဝတ္တဗ္ဗေ=

ဆိုအပ်လျက်၊ အဌကထာတိစ=အဌကထာ-ဟူ၍လည်းကောင်း၊ တတ္ထ တတ္ထ=ထိုထိုအရာ၌၊ ယံ=အကြင်အကၡရာကို၊ ဝုစ္စတိ=ရွတ်ဆိုအပ်၏၊ တာဒိသံ=ထိုသို့သဘောရှိသော၊ ပါဠိအဌကထာသု=ပါဠိ, အဌကထာတို့၌၊ ဒိဋ္ဌပယောဂဥ္စ=တွေ့မြင်သောပြယုဂ်ကိုလည်းကောင်း၊ တဒနုရူပဥ္စ= ထိုအား လျော်သော ပြယုဂ်ကိုလည်းကောင်း၊ ဝတ္တုံ=ရွတ်ဆိုခြင်းငှါ၊ ဝဋ္ဋတိ= သင့်မြတ်၏၊ တတော=ထိုဆိုခဲ့ပြီးသည်မှ၊ အညံ=တစ်ပါးသော ရွတ်ဆိုမှု သည်၊ နဝဋ္ဋတိ=မအပ်။

## အဓိပ္ပါယ်ကား

သိထိလအချင်းချင်းပင် ဖြစ်သော်လည်း သုဏာတု, ဟု ဒန္တဇ တနှင့်ရွတ်ရမည်ကို သုဏာန္တု, ဟု မုဒ္ဓဇ-ဋနှင့်ရွတ်မိချေလျှင် “ဒုရုတ္တ” ပင်ဖြစ်၏၊ သုဏာတု-ဟု မုဒ္ဓဇ-ဏကြီးနှင့် ရွတ်ရမည်ကို သုနာတု-ဟု ဒန္တဇ-နငယ်နှင့် ရွတ်မိချေလျှင်လည်း “ဒုရုတ္တ” ပင်ဖြစ်၏။

အဘယ့်ကြောင့်နည်းဟူမူ---

ကီ-ခတ်နောင် နာပစ္စည်းသက်၍ ပြီးသောရုပ်သည် ဝိက္ကိနာတိ ဟူ၍လည်းကောင်း, နာငယ်ကို ဏကြီးပြု၍ ဝိက္ကိဏာတိ ဟူ၍ လည်းကောင်း နှစ်ရုပ်ပင်သဒ္ဒါ ကျမ်းဆရာတို့လည်းပြပေသည်၊ ပါဠိအဌ ကထာမှာလည်း နှစ်မျိုးပင် မြင်ရသည်၊ ထို့ကြောင့် ဝိက္ကိနာတိ-ဟု နငယ် နှင့် ရွက်မိလျှင်လည်း အမှန်ပင်ကျသည်၊ ဝိက္ကိဏာတိ-ဟု ဏကြီးနှင့် ရွက်မိလျှင်လည်း အမှန်ပင်ကျ၏။

[ပဟိနာတိ, ပဟိဏာတိ၊ အာဒိန္နော, အာဒိဏ္ဏောစသည်တို့၌လည်း ဤအတူ။]

ဤသုဏာတု, ဟူသောရုပ်သည်မူကား နငယ်နှင့် ပြီးချက်သည် သဒ္ဒါကျမ်းတို့၌လည်း မရှိ၊ ပါဠိအဋ္ဌကထာတို့၌လည်း မထင်၊ ထို့ကြောင့် သုဏာတု, ဟု ဏကြီးနှင့်ရွတ်ပေမှ အမှန်ကျသည်၊ သုနာတု, ဟုနငယ်နှင့် ရွတ်မိလျှင် ဒုရုတ္တပင်ဖြစ်သည်။

ဤ့အတူပဥ္စမီ တု-ဝိဘတ်သည်လည်း ဒန္တဇ-တနှင့်သာမြဲချေ သည်၊ မုဒ္ဒဇ-ဋနှင့်မရှိ၊ ထို့ကြောင့် သုဏာတု-ဟု ဒန္တဇ-တနှင့်ရွတ်မှ အမှန် ကျသည်၊ သုဏာဋု-ဟု မုဒ္ဒဇ-ဋနှင့်ရွတ်မိလျှင် ဒုရုတ္တပင်ဖြစ်သည်။

ဏကြီး, နငယ်နှစ်ပါးသည် ကရိုဏ်းလည်း အသီးအခြား, ဌာန် လည်းအသီးအခြား, အသံသုတိလည်းခြားနားလျက်ရှိသည်၊ ထို့အတူ မုဒ္ဒဇ“ဋ”နှင့် ဒန္တဇ“တ”နှစ်ပါးသည်လည်း ကရိုဏ်းလည်း အသီးအခြား, ဌာန်လည်းအသီးအခြား, အသံသုတိလည်း ခြားနားလျက်ရှိသည်၊ မုဒ္ဒဇ-ဌနှင့်ဒန္တဇ-ထနှစ်ပါး, မုဒ္ဒဇ-ဍနှင့် ဒန္တဇ-ဒနှစ်ပါး, မုဒ္ဒဇ-ဎနှင့်ဒန္တဇ-ဓနှစ်ပါး တို့၌လည်း ကရိုဏ်းလည်း အသီးအခြား, ဌာန်လည်းအသီးအခြား, အသံ သုတိလည်း ခြားနားလျက်ရှိသည်။

[ကရိုဏ်းခြားနားချက်ကိုလည်း မသိ၊ ဌာန်ခြားနားချက်ကိုလည်း မသိ၊ အသံသုတိ ခြားနားချက်ကိုလည်း မသိသောရဟန်းသည် အဝါခြောက်ဆယ်ပင် ရငြားသော်လည်း သရဏဂုံပေး၍ ရှင်ပြုမှု, ကမ္မဝါဖတ်မှုတို့၌ အပပြုထိုက်သော “ဝဇ္ဇနီယအဘဗ္ဗ” ပုဂ္ဂိုလ် သာဖြစ်သတည်း။]

“ထပေတွာ အနုရူပံ အာဒေသံ”ဟူသည်ကား။ ။ သစ္စိကဋ္ဌ ဟူသောပုဒ်, အဋ္ဌကထာဟူသော ပုဒ်တို့၌ သဒ္ဒါကျမ်းတို့၌ ဒန္တဇ-ထကို

မုဒ္ဓဇ-ဌပြုသည်ဟုလာသည်၊ ပါဠိ, အဋ္ဌကထာတို့၌လည်း မုဒ္ဓဇ-ဌနှင့်သာ အမြင်များပေသည်၊ ထို့ကြောင့် ထိုပုဒ်တို့၌ အတ္ထသဒ္ဒါရင်းပင်ဖြစ်သော်လည်း မုဒ္ဓဇ-ဌနှင့်ရွတ်သင့်သည်၊ ဒန္တဇ-ထနှင့်ရွတ်မိလျှင်လည်း နကိုယ်မူလ အတိုင်းကျ၍ သင့်ပြန်သည်။

[ဤသို့သောအက္ခရာများ၌ ဝဂ္ဂန္တရပြောင်းလဲ၍
ရွတ်မိသော်လည်းအပြစ်မရှိ ဆိုလိုသည်။]

“တဒနုရူပဉ္စ ဝတ္တုံ ဝဋ္ဋတိ”ဆိုသည်ကား။ ။ ဒုက္ကဋံ၌ ကတသဒ္ဒါသည် သုကတံစသည်တို့၌ ဒန္တဇနှင့်သာ အနေများ၏၊ ထို့ကြောင့် “ဒုက္ကတံ”ဟု ဒန္တဇ-တနှင့်ရွတ်မိသော်လည်း ဒုရုတ္တမဆိုရ၊ “ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ” တို့၌ ပတိသဒ္ဒါသည် “ပတိရူပံ”စသည်တို့၌ ဒန္တဇနှင့်သာ အနေများ၏၊ ထို့ကြောင့် “ပတိစ္ဆန္နာနဉ္စ”ဟု ဒန္တဇ-တနှင့် ရွတ်မိသော်လည်း ဒုရုတ္တမဆိုရ၊ ကြီးပွါးခြင်းအနက်ကို ဟောသော အရာ၌ “ဝုဍ္ဎိ, ဝုဒ္ဓိ”ဟူ၍ နှစ်ထွေနှစ်ရပ်ပင် ကျမ်းဂန်အမြင်ရှိသောကြောင့် ရွတ်ဆိုရာ ပင်သင့်၏။

“တတော အညံ န ဝဋ္ဋတိ”ဆိုသည်ကား။ ။ သုဏာတု၌ ဒန္တဇ-နာ မုဒ္ဓဇ-ဏတို့နှင့် ရွတ်မိသောအရာ, ပရိပုဏ္ဏာယ၌ ဒန္တဇ-နဒွေ ဘော်နှင့် ရွတ်မိသောအရာ, စိဏ္ဏာမာနတ္တော၌ ဒန္တဇ-နဒွေဘော်နှင့် ရွတ်မိသောအရာ၊ ဤသို့သော အရာများသည်ကား ဒုရုတ္တဖြစ်၏ ဟူလိုသည်။

[ဤဒုရုတ္တစုကား ကံပျက်သော ဒုရုတ္တစုပေတည်း။]

ဝိမတိအဓိပ္ပါယ်ပြီး၏။

---------------

## ကံမပျက် ၆-ချက်

၁။ သမ္ဗန္ဓရွတ်ရမည်ကို ဝဝတ္ထိတရွတ်မိအံ့။
၂။ ဝဝတ္ထိတရွတ်ရမည်ကို သမ္ဗန္ဓရွတ်မိအံ့။
၃။ ဒီဃရွတ်ရမည်ကို ရဿရွတ်မိအံ့။
၄။ ရဿရွတ်ရမည်ကို ဒီဃရွတ်မိအံ့။
၅။ ဂရုရွတ်ရမည်ကို လဟုရွတ်မိအံ့။
၆။ လဟုရွတ်ရမည်ကို ဂရုရွတ်မိအံ့။

[ဤခြောက်ချက်သည် ကံပျက်အင်္ဂါမဟုတ်။]

ဒီဃေ ဝတ္တဗ္ဗေ ရဿံ, ရဿေ ဝတ္တဗ္ဗေ ဒီဃံ ဝဒတိ၊ တထာ ဂရုကေဝါ ဝတ္တဗ္ဗေ လဟုကံ, လဟုကေဝါ ဝတ္တဗ္ဗေ ဂရုကံ ဝဒတိ၊ သမ္ဗန္ဓေ ဝါ ပန ဝတ္တဗ္ဗေ ဝဝတ္ထိတံ, ဝဝတ္ထိတေဝါ ဝတ္တဗ္ဗေ သမ္ဗန္ဓံ ဝဒတိ၊ ဧဝံ ဝုတ္တေပိ ကမ္မဝါစာ န ကုပ္ပတိ၊ ဣမာနိ ဟိ ဗျဉ္ဇနာနိ ကမ္မံ န ကောပေန္တိ။

[ပရိဝါအဋ္ဌကထာ။]

ဝိမတိဝိနောဒနီဋီကာ၌ကား--

ဤသုံးစုံသော ဗျည်းတို့သည် အတိမ်းအပါးခံပါကုန်၏-ဟူ၍ပြားသော်လည်း သဒ္ဒါကျမ်းတို့၌ နှစ်ရပ်သင့်ပြချက်ရှိသော "ဘိက္ခုနံ, ဘိက္ခုနံ" ပုဒ်တို့ကဲ့သို့သော ဒီဃ, ရဿ၊ "နက္ခမတိ, နခမတိ" "ဥပသမ္ပဒါပေက္ခော, ဥပသမ္ပဒါပေခေါ" ပုဒ်တို့ကဲ့သို့သော ဂရု, လဟု၊ "သော တုဏှဿ, သော တုဏှိဿ" ယဿာယသ္မတော, ယဿ အာယသ္မတော" ပုဒ်တို့ကဲ့သို့သော သမ္ဗန္ဓ, ဝဝတ္ထိတ-တို့၌သာလျှင် အချင်းချင်း အပြန်အလှန်ခံသည်။

နာဂေါဟူသော ဒီဃကို နဂေါဟုရဿ, ယဒိ သံယဿဟူသော ရဿကို ယာဒိ သံယဿဟုဒီဃ, သံယော, တိသော ဟူသော ဂရုကို သယော, တိသော၏ဟုလဟု, ဥပသမ္ပဒါပေက္ခောဟူသော သမ္ဗန္ဓကို ဥပသမ္ပဒါ အပက္ကက္ခောဟု ဝဝတ္ထိတ ပြု၍ရွတ်ခြင်းငှါကား မသင့်လေ။

ဒီဃေ ဝတ္တဗ္ဗေ ရဿန္တိ အာဒိသု ဘိက္ခုနန္တိ ဝတ္တဗ္ဗေ ဘိက္ခုနန္တိဝါ, ဗဟူသူတိ ဝတ္တဗ္ဗေ ဗဟုသူတိဝါ, နက္ခမတီတိ ဝတ္တဗ္ဗေ နခမတီတိဝါ, ဥပသမ္ပဒါပေက္ခောတိ ဝတ္တဗ္ဗေ ဥပသမ္ပဒါပေခေါတိဝါ, ဧဝံ အနုရူပဌာနေသု ဧဝ ဒီဃရဿာဒိ ရဿဒီဃာဒိဝသေန ပရိဝတ္တေတုံ ဝဋ္ဋတိ၊ န ပန နာဂေါတိ ဝတ္တဗ္ဗေ နဂေါတိ, သံယော- တိသောတိ ဝတ္တဗ္ဗေ သယော- တိသောတိဝါ, ယာစတီတိ ဝတ္တဗ္ဗေ ယာစန္တီတိဝါ ဧဝံ အနနုရူပဌာနေသု ဝတ္တုံ၊ သမ္ဗန္ဓော ပန ဝဝတ္ထာနဥ္စ သဗ္ဗထာပိ ဝဋ္ဋတီတိ ဂဟေတဗ္ဗံ။

[ဝိမတိဝိနောဒနီဋီကာ။]

ဤဋီကာ၌---

သမ္ဗန္ဓော ပန ဝဝတ္ထာနဥ္စ သဗ္ဗထာပိ ဝဋ္ဋတိ- ဆိုသည်ကား သန္ဓိစပ်မှုနှင့် ဆိုင်သမျှမှာ စပ်၍ရွတ်လိုလျှင် စပ်၍ရွတ်၊ ပုဒ်ဖြတ်၍ရွတ် လိုလျှင် ဖြတ်၍ရွတ် ဆိုလိုသည်၊ သို့သော်လည်း "ဥပသမ္ပဒါပေက္ခော" ကို ပုဒ်ဖြတ်၍ "ဥပသမ္ပဒါ အပ က္ကက္ခော"ဟု, "ဥပသမ္ပါဒေတိ"ကို "ဥပ သံ ပါဒ ဧတိ"ဟု ရွတ်ခြင်းငှါမသင့်ရာ။

"ပရိပုဏ္ဏဿ ပတ္တစီဝရံ, ပရိပုဏ္ဏံ အဿ ပတ္တ စီဝရံ" "သော တုဏှဿ, သော တုဏှိ အဿ" "ယဿာယသ္မတော, ယဿ အာယသ္မ တော"တို့၌သာ နှစ်ချက်သင့်မှတ်ရမည်။

ဗျဉ္ဇနဝုတ္တိဆယ်ပါးပြီး၏။

## ဥပသမ္ပဒကမ္မဝါစာ၌ စီစစ်ချက်

ယခုအခါ ဥပသမ္ပဒကမ္မဝါစာ၌ အက္ခရာ, ပုဒ်, ဗျည်းတို့ကို ဆိုအံ့။

ဥပသမ္ပဒကမ္မဝါစာသည်---

၁။ ဧကေဝတ္ထုကကမ္မဝါစာ,

၂။ ဒွန်ကမ္မဝါစာ,

၃။ ဗဟုဝုစ်ကမ္မဝါစာ,

ဟူ၍ သုံးပါးရှိသည်တွင်---

ဧကေဝတ္ထုကကမ္မဝါစာ၌ သုဏာတု, ၌---

"သု, တု"တို့ကား ဒန္တဋ္ဌာန်, ဇိဝှဂ္ဂကရိုဏ်းရှိကုန်၏၊ လျှာဖျားကို အထက် သွားအစဉ်၏အတွင်း၌ ခိုက်စေ၍ သွားသံပါအောင်ရွတ်၊ ပယတ်မှာ သု-ကား ဝိဝဋပယတ်, တု-ကား ဖုဋ္ဌပယတ်, သု-မှာ လျှာဖျား နှင့် ဒန္တဋ္ဌာန်ကို ပွင့်ပွင့်ပြု၍ရွတ်၊ တု-မှာ နာနာထိအောင်ပြု၍ရွတ်။

ငါတို့လူမျိုးမှာ သ, ရွတ်ပုံတစ်မျိုး၊ အနောက်နိုင်ငံသားတို့မှာ သ-ကိုယှ-ဟု ရွတ်ကုန်သည်၊ ပယတ်ခွဲချက်နှင့် ညီသကဲ့သို့ရှိပေသည်၊ စ, ဆ, ဇ, ဈတို့ကိုလည်း ကျ, ချ, ဂျ, ဃျဟု ရွတ်ကုန်သည်၊ လျှာလယ် ကရိုဏ်း ထင်ရှားလှပေကုန်သည်၊ ငါတို့ရွတ်ပုံအလို စဝဂ်ငါးလုံးမှာ ဇိဝှဂ္ဂကရိုဏ်း အားကြီးသည်။

ယခုငါတို့နိုင်ငံရှိ သဒ္ဒါကျမ်းများ၌ ရှိနေသောဌာန်, ကရိုဏ်း, ပယတ်အစီအရင်များသည် အနောက်နိုင်ငံမှရောက်လာသော အစီအရင်များဖြစ်ခဲ့၍ အနောက်နိုင်ငံသားများ ရွတ်ဆိုပုံနှင့်သာ ညီညွတ် လေသည်၊ ငါတို့နိုင်ငံသားများ ရွတ်ဆိုပုံနှင့်မူကား အချို့မညီညွတ် ရှိလေသည်၊ မညီညွတ်ရှိနေသော်လည်း မညီမညွတ်တိုင်း အပြစ်မဆိုသာ၊ မာဂဓဘာ

သာမှန်ပေ၍ ဌာန်ခြောက်ပါးကို ထိုဌာန်ခြောက်ပါး၌ ဖြစ်ကြသော အက္ခရာခြောက်မျိုး အသီးအသီး ကွဲပြားခြားနားအောင် ရွတ်ကြလျှင် သင့်မြတ်တော့သည်။

သု, တုပြီး၏။

----------

အလယ်၌“ဏာ”အက္ခရာသည်။ ။ မုဒ္ဓဌာန်, ဇိဝှေါပဂ္ဂ ကရိုဏ်း ရှိ၏၊ ရကြီး, ဋကြီးနှင့်ဖြစ်ရာအရပ်တူ၏၊ ထို့ကြောင့် ဏာ-ကို ရွတ်ဆို သောအခါ လျှာကို အထက်သို့ပင့်ချိ၍ ရ-ကြီးဖြစ်ရာမှာ ဏာ, ဖြစ်အောင် ရွတ်၊ လျှာဖျားကို သွားမှာခိုက်၍ ရွတ်မိလျှင် နငယ်နာ-သာဖြစ်မည်၊ နငယ်နာနှင့် သုနာတု-ဟု သဒ္ဒါကျမ်းမှာလည်းမရှိ၊ ပါဠိ အဋ္ဌကထာတို့၌ လည်းမရှိ၊ နငယ်နာနှင့် ဏကြီးဏာသည် ဌာန်လည်း ခြားနားသည်, ကရိုဏ်းလည်းခြားနားသည်, အသံသုတိလည်း သိသာထင် ရှားခြား နားစေရမည်။

နငယ်သံ ဏကြီးသံ သိသာထင်ရှားခြားနားအောင် မရွတ်တတ်သေးလျှင် ကမ္မဝါခွင်သို့ ဝင်ခြင်းငှါမထိုက်၊ ထို့အတူ တဝမ်းပူသံနှင့် ဋသံလျင်းချိပ်သံ, ထဆင်ထူးသံနှင့် ဌဝမ်းဘဲသံ, ဒထွေးသံနှင့် ဍသံကောက်သံ, ဓအောက်ချိုင့်သံနှင့် ဎရေမှုတ်သံ တို့ကိုလည်း သိသာထင်ရှား ခြားနားအောင် မရွတ်တတ် သေး လျှင် ကမ္မဝါခွင်သို့ ဝင်ခြင်းငှါမထိုက်၊ ဝင်ခဲ့လျှင် ထိုကံကို ဖျက် ဆီးလို၍ ဝင်သည်မည်၏။

ပါဠိတော်၌လည်း-

ဗျတ္တေန ဘိက္ခုနာ ပဋိဗလေန သံဃော ဉာပေတဗ္ဗော-

ဟုဟောတော်မူသည်။

[ဗျတ္တ, ပဋိဗလဖြစ်မှ ကမ္မဝါဖတ်ရမည်ဟုလိုသည်။]

ဗျတ္တ, ပဋိဗလအရမှာလည်း-

၁။ ဗျတ္တေန ဘိက္ခုနာ ပဋိဗလေနာတိ ဧတ္ထ ဗျတ္တော နာမ ယဿ သာဋ္ဌကထံ ဝိနယပိဋကံ ဝါစုဂ္ဂတံ ပဝတ္တတိ၊ တသ္မိံ အသတိ အန္တမသော ဣဒံ ဥ တ္တိစတုတ္ထကမ္မဝါစာမတ္တံပိ သုဂ္ဂဟိတံ ဟောတိ၊ ဝါစုဂ္ဂတံ ပဝတ္တတိ၊ အယံ ဣမသ္မိံ အတ္ထေ ဗျတ္တော နာမ။

၂။ ယော ပန ကာသသောသသေမှာဒိနာဝါ ဂေလညေန ဩဋ္ဌဒန္တဇိဝှါဒီနံဝါ အသမ္ပတ္တိယာ ပရိယတ္တိယံဝါ အကတပရိစယတ္တာ န သက္ကောတိ ပရိမဏ္ဍလေဟိ ပဒဗျဉ္ဇနေဟိ ကမ္မဝါစံ သာဝေတုံ၊ ဗျဉ္ဇနံဝါ ပဒံဝါ ဟာပေတိ၊ အညထာဝါ ဝတ္တဗ္ဗံ အညထာ ဝဒတိ၊ အယံ အပ္ပဋိဗလော၊ တဗ္ဗိပရိတော ဣမသ္မိံ အတ္ထေ ပဋိဗလောတိ ဝေဒိတဗ္ဗော။

[ဟူ၍လာသော အဋ္ဌကထာပါဠိဖြင့် သိအပ်၏။]

## အနက်

၁။ ဗျတ္တေနဘိက္ခုနာ ပဋိဗလေနာတိဧတ္ထ၊ ဗျတ္တေနဘိက္ခုနာ ပဋိဗလေန-ဟူသော ဤပါဠိ၌၊ ဗျတ္တောနာမ=ဗျတ္တမည်သည်ကား၊ ယဿ=အကြင်ရဟန်းအား၊ သာဋ္ဌကထံ=အဋ္ဌကထာနှင့်တကွသော၊ ဝိနယပိဋကံ= ဝိနည်းပိဋကတ်သည်၊ ဝါစုဂ္ဂတံ=နှုတ်တက်လျှစွာ၊ ပဝတ္တတိ= ဖြစ်၏၊ တသ္မိံ=ထိုအင်္ဂါသည်၊ အသတိ=မရှိခဲ့သော်၊ အန္တမသော= အယုတ်ဆုံးအားဖြင့်၊ ဣဒံဥ တ္တိစတုတ္ထ ကမ္မဝါစာမတ္တံပိ=ဤဉ တ္တိစတုတ္ထ ကမ္မဝါစာမျှသည်လည်း၊ သုဂ္ဂဟိတံ=ကောင်းစွာ သင်ယူအပ်ပြီးသည်၊ ဟောတိ=ဖြစ်၏၊ ဝါစုဂ္ဂတံ=နှုတ်တက်လျှစွာ၊ ပဝတ္တတိ=ဖြစ်၏၊ အယံ=

ဤရဟန်းသည်၊ ဣမသ္မိံအတ္ထေ=ဤအရာ၌၊ ဗျတ္တောနာမ=ဗျတ္တမည်၏။

[ "သုဂ္ဂတိတံဟောတိ ဝါစုဂ္ဂတံ ပဝတ္တတိ" ၌ ကောင်းကောင်း တတ်သော ဆရာ၏အထံမှ ဌာန်, ကရိုဏ်း, ပယတ် အစီအရင် နှင့်တကွ ကျကျ နန ဖတ်နည်းရသည်ကို"သုဂ္ဂဟိတံ"ဆိုသည်၊ ဥတ်ကမ္မဝါစာတို့၌ ပါရှိသော ပုဒ်ပါဌ်အက္ခရာတို့ကို ရပြီးသည်နှင့် မခြား ညက်ညက်သွားအောင် နှုတ်တက်သည်ကို" ဝါစုဂ္ဂတံ ပဝတ္တတိ" ဆိုသည်၊ ဥ တ်ကမ္မဝါစာကို အာဂုံရွရွ နှုတ်တက်ရ သည်ကိုလည်း ယူကြကုန်၏၊ ဤဗျတ္တအင်္ဂါနှင့် မပြည့်စုံဘဲ ကြားဖူးနားဝ ရှိရုံမျှနှင့် ကမ္မဝါဖတ်ခြင်းငှာ မထိုက်ဟု ပယ်တော် မူသည်။]

၂။ ယောပန=အကြင်ရဟန်းသည်ကား၊ ကာသသောသသေမှာဒိနာ=ချောင်းဆိုးနာ, ခရရှဇ်နာ, သလိပ်ကပ်နာ အစရှိသော၊ ဂေလညေနဝါ=အနာရောဂါကြောင့်လည်းကောင်း၊ သြဋ္ဌဒန္တဇိဝှါဒီနံ=နှုတ်ခမ်း, သွား, လျှာစသည်တို့၏၊ အသမ္ပတ္တိယာဝါ= မပြည့်စုံခြင်းကြောင့်လည်းကောင်း၊ ပရိယတ္တိယ=ကျမ်းဂန်သင်ကြားမှု၌၊ အကတပရိစ-ယတ္တာဝါ=ပြုဖူးသော အလေ့အကျက် မရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ပရိမဏ္ဍလေဟိ= ပြည့်ဝန်းအောင်မြင်ကုန်သော၊ ပဒဗျဥ္ဇနေဟိ=ပုဒ်ဗျည်းတို့ဖြင့်၊ ကမ္မဝါစံ=ကမ္မဝါစာကို၊ သာဝေတုံ=ကြားစေခြင်းငှါ၊ နသက္ကောတိ=မတတ်နိုင်၊ ဗျဥ္ဇနံဝါ=အက္ခရာကိုသော်လည်းကောင်း၊ ပဒံဝါ=ပုဒ်ကိုသော်လည်းကောင်း၊ ဟာပေတိ=ယုတ်စေ၏၊ အညထာဝါ=တစ်ပါးသောအခြင်းအရာအားဖြင့်မူလည်း၊ ဝတ္တဗ္ဗံ=ရွတ်ဆိုရမည်ကို၊ အညထာ=တစ်ပါးသောအခြင်းအရာအားဖြင့်၊ ဝဒတိ=ရွတ်ဆို၏၊ အယံ=ဤရဟန်းသည်၊ အပ္ပဋိဗလော=မစွမ်းနိုင်သောရဟန်းမည်၏၊

တဗ္ဗိပရိတော=ထိုမှပြန်ဖက်သော ရဟန်းသည်၊ ဣမဿိံ အတ္တေ=ဤအရာ၌၊ ပဋိဗလော=စွမ်းနိုင်သောရဟန်းမည်၏၊ ဣတိ=ဤသို့၊ ဝေဒိတဗ္ဗော=သိအပ်၏။

[ရောဂါရှိ၍ မတတ်နိုင်သောသူ, နှုတ်-လျှာ လူတန်းမစေ့သောသူ, ပိဋကတ်သုံးပုံ အသင်အကြားအလေ့အကျက်နည်းသောသူ, ဤသုံးယောက်သည် အပ္ပဋိဗလမည်၏၊ သလိပ်ရောဂါလည်း ကင်းရှင်းပါ၏၊ သွား,နှုတ်ခမ်း,လျှာစသည်တို့လည်း လူတန်းစေ့ပါ၏၊ ပိဋကတ်သုံးပုံ သင်ကြားအားလည်း ကောင်းပါ၏၊ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံပါမှ ပဋိဗလဆိုရသည်။]

သုဏာတု- ပုဒ်ပြီး၏။

---------

"အယံနာဂေါ "၌ နာကိုနငယ်နှင့် နာ, သွားသံပါအောင်ရွတ်၊ ဏာ, ကြီးနှင့် ဏာ, လိုဏ်သံပါအောင် မရွတ်နှင့်။

"ပရိပုဏ္ဏာသ" ၌ ဏ္ဏကိုဏကြီးပြီးစွာ လိုဏ်သံပါအောင်ရွတ်၊ နငယ်ပြီးစွာ သွားသံပါအောင် မရွတ်နှင့်။

"သော တုဏှဿ, တဿ တုဏှိ" တို့၌ ဏှ, ဏှိတို့ကို ရင်သံနှင့်တကွ ဏကြီးပြီးစွာ လိုဏ်သံပါအောင်ရွတ်၊ သွားသံပြု၍ နှ, နှိမရွတ်နှင့်။

## ဆိုဖွယ်အချက်ကား

တုဏှိဿဉ် တုဏှိသဒ္ဒါ , တဿာတုဏှိ၌ တုဏှိသဒ္ဒါကို-

၁။ ဣရဿနှင့်ရွတ်ကြသူ,

၂။ ဤဒီဃနှင့်ရွတ်ကြသူ,

၃။ ရဿ- ဒီဃနှစ်ထွေပြု၍ ရွတ်ကြသူဟူ၍ သုံးမျိုးရှိသည်။

ဤဒီဃနှင့်ရွတ်ကြသူတို့မှာ-

"တုဏှော့မောန် ဧတဿာတိ တုဏှီ၊ အထဝါ
တောဟတီတိ တုဏှီ၊ တုဟ- အဒနေ၊ အဒန် ဟိံသာ၊ဏီပစ္စ
ယော၊ ဝဏ္ဏဝိပရိယာ ယော"။

ဟူသော အဘိဓာန်ဋီကာနှင့် ညီပေသည်။

နှစ်ထွေနှစ်ထပ်ဖတ်ကြသူတို့မှာ---

"ယဒိ တုဏှီသဒ္ဒေါ ပါတိမောက္ခဂဏ္ဌိပဒေ ဝုတ္တနယေန
အကထ နတ္ထေ နိပါတော သိယာ၊ ဒွိဓာပိ ယုဇ္ဇေယျ"။

ဟူသော ပါတိမောက္ခလေခနနှင့် ညီပေသည်။

ဣရဿနှင့်ရွတ်ကြသူတို့မှာ---

သက်သေသာဓက မရှိ၊ ပကတိမျက်မြင်မျှနှင့် ရွတ်ကြကုန်သည်။
[လေခန၌ "ရဿသရန္တံပိ သမ္ဘဝတိ" ဆိုသည်မှာ နာဝိဘတ်ကျေ
သော "တုဏှိ ဘဝိတဗ္ဗံ" တို့၌သာ ဆိုရင်းတည်း။]

သဒ္ဒါကျမ်းတို့၌ ထုတ်ပြသော ဒဏ္ဍီစသော ဤကာရန္တနာမ်ပုဒ်
တို့၌လည်း မပါ၊ ပါဠိအဌကထာတို့မှာလည်း နာမ်ဝိဘတ်များနှင့်တကွ
ဤကာရန္တရုပ်ဟူ၍မရှိ၊ ထို့ကြောင့် ဤပစ္စည်း, ဏီပစ္စည်းနှင့် ဝိဂြိုဟ်ကြံ
သော အဘိဓာန်ဋီကာသည် သင့်မြတ်ရာသော ယုတ္တိမရှိ။

ထို့ကြောင့် သဒ္ဒနီတိစတုပဒမာလာ, ပါတိမောက္ခဂဏ္ဌိတို့၌ ပြဆို
သော အတိုင်း တုဏှိနိပါတ်သာအမှန်ဖြစ်သည်။

ဤတုဏှိနိပါတ်သည်---

"တုဏှိ ဥတ္တရိကေ ဟောတိ၊ တုဏှိ ဟောဟိ ပုနဗ္ဗသု"
စသည်တို့၌ ပဌမာဧကဝုစ်ကျေသည်။

"တုဏှိ ယန္တိ မဟောဒဓိ" စသည်တို့၌ ပဌမာဗဟုဝုစ်ကျေသည်။
"တုဏှိဘဝိတဗ္ဗံ"၌ တတိယာ ဧကဝုစ်ကျေသည်။

[ဤကမ္မဝါအရာတွင် "သောတုဏှာဿ, တဿာတုဏှိ" တို့၌ ပဌမာဧက ဝုစ်ကျေ သည်၊ "နိဒ္ဒန္တိ တုဏှိမာသိနံ" အစရှိသော ဂါထာများ၌ ဇဂိုဏ်းကြိုက်သော ရဿနေရာတွင် လာသော ကြောင့် ရဿနှင့်သာမှန်ပေရာသည်။]

နငယ်, ဏကြီးစစ်တန်းပြီး၏။

--------------------

## မေးမြန်းဖွယ်

မေး။ ။ ဘန္တေ-၌ ဘဗျည်း, သံယော-၌ ယဗျည်း, ဓမ္မေဟိ-၌ ဓဗျည်း, ဥပဇ္ဈာယေန-၌ ဈဗျည်း, ဤဝဂ္ဂစတုတ္ထဗျည်းစု၌ စတုတ္ထ-ဘကို တတိယ-ဗနှင့်, စတုတ္ထ-ဃကို တတိယ-ဂနှင့်, စတုတ္ထ-ဓကို တတိယ- ဒနှင့်, စတုတ္ထ-ဈကို တတိယ-ဇနှင့်, အဘယ်သို့ထူးခြား ကွဲလွဲ အောင် ရွတ်မည်နည်း။

ဖြေ။ ။ တတိယစုသည် သိထိလစုဖြစ်သည်၊ စတုတ္ထစုသည် ဓနိတစုဖြစ်သည်၊ ထို့ကြောင့် တတိယစုကို ပကတိသော ပယောဂနှင့် လျော့လျော့ညှဉ်းညှဉ်း ရွတ်မည်၊ စတုတ္ထစုကို ပကတိသော ပယောဂထက် အလွန်အမင်း ပြင်းထန်သော ပယောဂနှင့် ရွတ်မည်။

## ဆိုဖွယ်အထူးကား

က-ကြီးနှင့်ခ-ခွေးမှာ ကြားနာသောသူတို့အား က-ကြီးသံ, ခ- ခွေးသံ ခြားနားလျှင်ပင် သိထိလ, ဓနိတ ပြီးသခြားနားတော့သည်၊ ထို့အတူ စလုံးနှင့် ဆလိန်မှာလည်း စလုံးသံ, ဆလိန်သံ ခြားနားလျှင်

သိထိလ, ဓနိတခြားနားလှပြီ၊ ငှသံလျှင်းချိတ်နှင့် ဌဝမ်းဘဲ, တဝမ်းပူနှင့် ထဆင်ထူး, ပစောက်နှင့်ဖဦးထုပ်တို့မှာလည်း ပစောက်သံ, ဖဦးထုပ်သံ ခြားနားလျှင်ပင် သိထိလ, ဓနိတခြားနားလေတော့သည်။

အဘယ့်ကြောင့်နည်းဟူမူ--

က, စ, ဋ, တ, ပ-ဟူသော ပဌမက္ခရာ ငါးလုံးတို့၏ မူလသုတိ သည် ပျော့လျော့နူးညံ့သော အခြင်းအရာရှိ၏၊ ထို့ကြောင့် ဟစ်အော်၍ ပင်ရွတ်သော်လည်း ထိုမူလသုတိကိုမစွန့်ပေလျှင် ထိုအက္ခရာမှန်ပေပြီ။

ခ, ဆ, ဌ, ထ, ဖ-ဟူသော ဒုတိယက္ခရာ ငါးလုံးတို့၏ မူလသုတိ သည် မာဆတ်တင်းထန်သော အခြင်းအရာရှိ၏၊ ထို့ကြောင့် တိုးတိုး သာသာပင် ရွတ်သော်လည်း ထိုမူလသုတိ ထင်ပေါ်လျှင်ပင် ထိုအက္ခရာ မှန်ပေပြီ၊ ထို့ကြောင့်--

ကနှင့်ခ, စနှင့်ဆ, ဋနှင့်ဌ, တနှင့်ထ, ပနှင့်ဖ-တို့မှာ က-သံ, ခ-သံ, စ-သံ, ဆ-သံ, ဋ-သံ, ဌ-သံ, တ-သံ, ထ-သံ, ပ-သံ, ဖ-သံ, ခြားနားပေလျှင် သိထိလ, ဓနိတ ကွဲပြားပေတော့သည်။

ဋနှင့်တ, ဌနှင့်ထ-တို့မှာမူကား ဌာန်ကရိုဏ်း ကွဲပြားခြင်း ကြောင့် အသံသုတိလည်း ကွဲပြားအောင် လိုလှ၏။ ။တစ်ရပ်။

ပဌမက္ခရာနှင့် ဒုတိယက္ခရာသည် မူလသုတိခြားနားဘိသကဲ့သို့ တတိယက္ခရာနှင့် စတုတ္ထက္ခရာတို့မှာ မူလသုတိ မခြားနားကြ။

အနှင့်အာ, ဣနှင့်ဤ, ဥနှင့်ဦ-တို့သည် အသံတို အသံရှည်မျှ ထူးခြားသကဲ့သို့ ထို့အတူ-

ဂနှင့်ဃ, ဇနှင့်ဈ, ဍနှင့်ဎ, ဒနှင့်ဓ, ဗနှင့်ဘ-တို့၌လည်း ညှဉ်းညှဉ်းရွတ်ဆိုမှု, တင်းတင်းရွတ်ဆိုမှု ဟူသော ဝစီပယောဂမျှသာထူး

ကြကုန်သည်၊ အသံသုတိရင်းမှာ အထူးမရှိကြပြီ၊ အသံသုတိ ရင်းမထူး ကြလေသောကြောင့်ပင်လျှင် ကမ္ဘဝါသံမဖတ်ဘဲ ပကတိ ဖတ်နည်းအ တိုင်း ဖတ်ရွတ်ရာ၌ နားထောင်သူတို့အား ဂ-ငယ်သံ, ဃကြီးသံ မကွဲပြီ။

[ဇနှင့်ဈလည်းမကွဲပြီ၊ ဍနှင့်ဎလည်းမကွဲပြီ၊ ဗနှင့်ဘလည်းမကွဲပြီ၊ "ဘန္တေ သံဃော" ဟုဆိုလျှင် နဂိုပကတိ ရေးထုံးကိုသိသူမှ ဘကုန်းမှန်း, ဃကြီးမှန်း သိတော့သည်။]

အနှင့်အာ, ဣနှင့်ဤ, ဥနှင့်ဦ-တို့မှာ မူလသုတိတူကြ ကုန် ငြားသော်လည်း "ဇာလိနီ" မှာလာသည့်အတိုင်း--

အ, ဣ, ဥ-တို့မှာ သံဝုဋ္ဌပယတ်ချုပ်သံ, အုပ်သံတို့ပေတည်း။

အာ, ဤ, ဦ-တို့မှာ ဝိဝဋ္ဌပယတ်ဖွင့်သံ, မြှင့်သံ, လွှတ်သံ တို့ပေတည်း။

ဆယ်မတြာကြာအောင် ရွတ်သော်လည်း ချုပ်အုပ်၍ ရွတ်ခဲ့လျှင် "အ" သည် အာဒီဃမဖြစ်၊ တစ်မတြာမျှပင် ရွတ်သော်လည်း ဖွင့်မြှင့်၍ ရွတ်ခဲ့လျှင် အာ-သည် အ-ရဿမဖြစ်။

[ဣနှင့်ဤ, ဥနှင့်ဦတို့၌လည်း ထို့အတူ။]

ဤသို့ အသံကြိယာ သိသာထင်ရှား ခြားနားခြင်းကြောင့် ပကတိ ဖတ်နည်းမှာပင် အ-သံ, အာ-သံ, ဣ-သံ, ဤ-သံ, ဥ-သံ, ဦ-သံ, ကွဲလွဲ ကြပါ၏။

ဂ-ဃ, ဇ-ဈ, ဍ-ဎ, ဒ-ဓ, ဗ-ဘ- တို့၌ကား ပကတိဖတ်မှု၌ အနည်းငယ်မျှ ကွဲလွဲခြင်းမရှိ။

[ဤကားငါတို့နိုင်ငံရွတ်နည်းဖတ်နည်းတို့၌ ထွေးယှက်ချက်တည်း။]

အနောက်နိုင်ငံသားတို့မှာမူကား။ ။ ပကတိစကား ပြောရာ မှာပင် ဂ သံနှင့်ဃ-သံကွဲပေသည်၊ ဇ-သံနှင့်ဈ-သံကွဲပေသည်၊ ဍ-သံနှင့်ဎ-သံကွဲပေသည်၊ ဒ-သံနှင်ဓ-သံကွဲပေသည်၊ ဗ-သံနှင့်ဘ-သံကွဲပေသည်။

## ကွဲပုံကား

၁။ ကဏ္ဌဌာန်တွင် တတိယ ဂ-ကို လည်ပင်းအထက်အဖို့နှင့် ရွတ်သည်၊ စတုတ္ထ ဃ-ကို လည်ပင်းအောက်အဖို့နှင့်ရွတ်သည်၊ အသံ နက်သည်၊ ဟိန်းသံပါသည်။

၂။ တာလုဌာန်တွင် ဇ-ကိုအပြင်အဖို့နှင့်ရွတ်သည်၊ ဈ- ကိုအ တွင်း အဖို့နှင့်ရွတ်သည်၊ အသံနက်သည်၊ ဟိန်းသံပါသည်။

၃။ မုဒ္ဓဌာန်တွင် ဍ-ကိုအပြင်အဖို့နှင့်ရွတ်သည်၊ ဎ-ကိုအတွင်းအဖို့ နှင့်ရွတ်သည်၊ အသံနက်သည်၊ ဟိန်းသံပါသည်။

၄။ ဒန္တဌာန်တွင် ဒ-ကို သွားအဖျားအဖို့နှင့် ရွတ်သည်၊ ဓ-ကိုသွား ရင်းအဖို့နှင့်ရွတ်သည်၊ အသံနက်သည်၊ ဟိန်းသံပါသည်။

၅။ ဩဋ္ဌဌာန်တွင် တတိယ ဗ-ကို အပြင်အဖို့နှင့် ရွတ်သည်၊ စတုတ္ထဘ-ကို အတွင်းအဖို့နှင့်ရွတ်သည်၊ အသံနက်သည်၊ ဟိန်းသံ ပါ သည်။

ဤသို့အနောက်နိုင်ငံသားတို့မှာ သူငယ်အခါ သင်ပုန်းကြီး သင် စဉ် ကပင် တတိယ, စတုတ္ထ ကွဲပြားကြသည်၊ ပကတိစကားပြောရာမှာပင် ဂ-ငယ်သံ ဃ-ကြီးသံသိသာခြားနားကွဲပြားမှုလည်း သင့်မြတ်ရာသည်။

ထို့ကြောင့် "ဘန္တေ သံဃော" ၌ ဘန်- ကို, ဃော-ကို ရွတ်ဆို သော အခါ အတွင်းဌာန်နှင့် ဟသံ, ဟိန်းသံ အတန်ငယ်ပါအောင် ရွတ်ဆို ရမည်၊ သံသဒ္ဒါ၌ နိဂ္ဂဟိတ်ကို ရွတ်ဆိုသောအခါ ခံတွင်းပေါက်ကို လုံစွာ

ပိတ်မှုနိဂ္ဂဟိတ်ပြီးပြင်သည်။

[အပိတ်စောလွန်းလျှင် သ, ဗျည်းအပြီးနဲ့၍ ၀ဆွဲသံဖြစ်တတ်သည်၊ အပိတ်နှောင်းလွန်းလျှင် နိဂ္ဂဟိတ်သံနောက်ကျ၍ မကာရန္တပုဒ် ဖြစ်နေတတ်သည်။]

## မေးမြန်းဖွယ်

မေး။ ။ သရဏဂုံပေးရာ၌ "ဗုဒ္ဓံ ဓမ္မံ သံဃံ သရဏံ" တို့သည် နိဂ္ဂဟိတန္တဖြစ်ကြကုန်လျက် မကာရန္တပေးလျှင်လည်း သင့်မြတ်ကုန်သကဲ့သို့ ဤဥတ်ကမ္မဝါစာတို့၌လည်း နိဂ္ဂဟိတန္တမြင်သမျှကို မကာရန္တနှင့် ချည်းဖတ်ခဲ့သော် မလျော်ပါလော-ဟူမူ-

ဖြေ။ ။သရဏဂုံအခန်း၀ဇိရဗုဒ္ဓိဋီကာ၌ "ဧဝံကမ္မဝါစာယပိ" ဟုလာ၍၊ ဥတ်ကမ္မဝါစာမှာလည်း နိဂ္ဂဟိတန္တပုဒ် တိုင်းမှာပင်မကာရန္တဖတ်လျှင် သင့်မြတ်ပါ၏ဟူလိုသည်၊ မကာရန္တဖတ်ခဲ့လျှင် နောက်ပုဒ်နှင့်အသံမစပ် စဉ်းငယ်ဖြတ်၍ ဖတ်ရပေမည်။

ဆရာတို့ကား။ ။မကာရန္တဖတ်အပ်ကြောင်းကို သရဏဂုံအရာ၌သာ အဋ္ဌကထာ ခွင့်ပြုချက်ရှိသည်၊ ဥတ်ကမ္မဝါစာအရာ၌ ခွင့်ပြုချက်မရှိ၊ ထို့ကြောင့် ဥတ်ကမ္မဝါစာတို့၌ မကာရန္တကို မဖတ်သင့်၊ နိဂ္ဂဟိတန္တအတိုင်းသာ ဖတ်သင့်သည်ဟု ဆိုကြကုန်၏။

[အဋ္ဌကထာ၌ ခွင့်ပြုချက်မရှိငြားသော်လည်း သရဏဂုံမှာအပ်လျှင် ကမ္မဝါစာတို့၌လည်း အပ်ရာပါ၏၊ သို့သော်လည်း သံဃံ၌ သံသဒ္ဒါ, သံဃော၌ သံ-သဒ္ဒါများသည် ပဒန္တမဟုတ်ကြ၍ သရဏဂုံမှာပင် မကာ ရန္တမရှုတ်ရ။]

သံ-သဒ္ဒါပြီး၏။

"အယံ နာဂေါ, ပတ္တစီဝရံ, သံဃံ, ဥပသမ္ပဒံ, သံဃဿ, ပတ္တကလ္လံ, သံဃော, နာဂံ"တို့၌လည်း နိဂ္ဂဟိတန္တ နေရာကျအောင်ဖတ်။

ပတ္တကလ္လံ၌လ,သည် ဒန္တဇပေတည်း၊ ထို့ကြောင့်လျှာဖျားနှင့် သွားကို ခိုက်၍ရွတ်၊ နိဂ္ဂဟိတ်ကိုပိတ်မည် အားထုတ်မှုကြောင့် လျှာဖျား ကွေ၍ မုဒ္ဓဇ-ဠကြီးဖြစ်သွားတတ်၏။

[ဠကြီးနှင့် လငယ်သည် ဌာန်လည်းကွဲကြသည်၊ ကရိုဏ်းလည်း ကွဲကြသည်၊ ထို့ကြောင့် အသံသုတိလည်းထင်ထင်ရှားရှား ကွဲစေရမည်။]

နိဂ္ဂဟိတ်စစ်တန်းပြီး၏။

----------

"သေက္ခာ-သေခါ, ဥပေက္ခာ- ဥပေခါ "ဟူသော ပုဒ်တို့သည် က-သံယုဂ် ရှိ-မရှိ ၂-ချက်ပင် သင့်သကဲ့သို့ "ဥပသမ္ပဒါပေက္ခာ, ဥပသမ္ပဒါ ပေခါ" ဟု က-သံယုဂ်ရှိ-မရှိ ၂-ချက်သင့်ကြောင်းကို ထုတ်ပြခဲ့သော ဝိမတိဝိနောဒနီ ဋီကာတွင်ပါလေပြီ။

ဥပသမ္ပဒါပုဒ်, အပပုဒ်, က္ကက္ခပုဒ်-ပြီး၏။

---------

## အမှာစကားချုပ်

အန္တရာယိကေဟိ၌-တ ကိုဒထွေးသံဆိုမိတတ်၏၊ မုဒ္ဓဇ-ရကြီးနှင့် နီးသောကြောင့် ဋ-သံလျှင်းချိတ်သံဖြစ်၍သွားတတ်၏၊ ဒန္တဇ-တဝမ်းပူသံ ပြီသအောင်ရွတ်။

ခမ္မေဟိ၌-ခမ်ကို မကာရန္တ ပြီသအောင် လှလှဖွင့်၍ ရွတ်၊ နာသိကဌာန်၌ဖြစ်သော မ အက္ခရာနှောင်းသောကြောင့် ခမ်သည်လည်း နိဂ္ဂဟိတန္တဖြစ်၍သွားတတ်၏။

ပရိပုဏ္ဏာသည်၌-"ပရိပုဏ္ဏံ-အဿ"ဖြတ်၊ "အဿ=ထိုရဟန်း လောင်းအား၊ ဝါ=ထိုရဟန်းလောင်း၏" ဏ္ဏာသည်၌ ဏ-ကိုရွတ်ဆိုသော အခါ ဒန္တဇ-သန္နိဋ္ဌာန်း၍ ဏ-ကြီးမစစ် နငယ်ဖြစ်၍သွားတတ်သည်။ ဏကြီးသံ ထင်ရှားအောင် အားထုတ်၍ဖတ်။

ပတ္တကလ္လံ၌-ကလ်မှာ မကာရန္တ, လံမှာနိဂ္ဂဟိတန္တ,နိဂ္ဂဟိတ်ကို ကြောင့်ကြစိုက်မှုကြောင့် လငယ်မစစ် ဠကြီးဖြစ်၍သွားတတ်သည်၊ ဠကြီး ကား မုဒ္ဓဇ, လငယ်ကားဒန္တဇ, အသံချင်းမတူကြ၊ လ-ငယ်သံထင်ရှား အောင် သွားသံပြု၍ ဖတ်ရမည်။

ဥပသမ္ပာဒေယျ၌-ယျဒွေးဘော်နှောင်းသောကြောင့် "ဒေကို ရဿ-သံဆိုရမည်ဟုလာ၏။

ကွစိသံယောဂပုဗ္ဗာဧကာရောကာရာ ရဿာ ဣဝ ဝုစ္စန္တေ၊
ယထာ- ဧတ္ထ, သေယျော, ဩဋ္ဌော, သောတ္ထိ၊ ကွစိ တိကိံ၊
မဠွေ တွံ နိက္ခဏံ ဝနေ၊ ပုတ္တော တျာဟံ မဟာရာဇ။
[ရူပသိဒ္ဓိ။]

မောဂ္ဂလာန်၌ကား။ ။သံယုတ်နှောင်းသော ဧ-ဩကို ရဿ-ဧ, ရဿ-ဩတို့၏ အသံအတိုအရှည်ကိုအစွဲပြု၍ဒီဃ,ရဿခေါ်ဆိုရသည်၊ ထို့ကြောင့် ဧ-သုတိ,ဩ-သုတိ ရှိသော်လည်း သံယုတ်နှောင်း၍ အသံတို ပေလျှင် ရဿ-ဆိုရမည်။

[ မောဂ္ဂလာန်အလို။ ]

ဧ,ဩတို့သည် သုတိအားဖြင့် ဒီဃမျိုးသာဖြစ်သည်။ သံယုတ် နှောင်း၍အသံတိုပေသော်လည်း ရဿအစစ် မဆိုရ၊ ရဿကဲ့သို့သော ဒီဃသာ ဆိုရမည်။

[ ရူပသိဒ္ဓိ,သဒ္ဒနီတိတို့အလို။ ]

သံယုတ်မှာလည်း ဧကပဒ-သံယုတ်ကိုသာလိုအပ်၏၊ ပုဂ်သီး ပုဂ်ခြားသံယုတ်ကို မလိုအပ်၊ ထို့ကြောင့်“မစ္စေ တွံ” မှာ“ တွံ”သည် ပုဒ်သီး ပုဒ်ခြားဖြစ်၍ သံယုဂ်နှောင်းရာမကျလေသောကြောင့် “စေတ်” ဟူ၍ ရဃမရွတ်ရ၊“စေ” ဟူ၍ဒီဃအတိုင်းသာ ရွတ်ရမည်။“ပုတ္တော တျာဟံ” မှာလည်း “တောတ်” ဟူ၍ ရဃမရွတ်ရ၊ တောဟူ၍ ဒီဃအတိုင်းသာ ရွတ်ရမည်။

[ ကွစိအလို။ ]

ဤကမ္မဝါ၌-“ ဉပသမ္ပာဒေယျ၊ သောဘာသေယျ ”တို့၌ကား ဧကပဒ- သံယုဂ်ဖြစ်ခဲ့၍ “ဒေ, သေ” တို့ကို ရဃ-သံဆိုရပေမည်။

အချို့ဆရာတို့ကား- ဝိသဇ္ဇနီသံနှင့် “ဒေးယျ သေးယျ” ဟု ဖတ်ကုန်၏၊ အချို့ဆရာတို့ကား မာဂဓဘာသာမှာ ဝိသဇ္ဇနီမရှိလေသော ကြောင့် “ဒေးယျ, သေးယျ” ဟု ဖတ်မှုကို မကြိုက်ကြကုန်၊ “ဒေဝေါ သေနာသနံ” ပုဒ်တို့၌ကဲ့သို့ ပကတိအတိုင်းသာ ဖတ်ကြကုန်၏၊ ထုတ်ပြ ခဲ့ပြီးသော သဒ္ဒါကျမ်းများကို မသိသူတို့၏ အကြိုက်သာတည်း။

[နှစ်နည်းလုံးသည်ပင် ရဃအရာမရောက်လေ၊ မရောက်သော် လည်း ကံပျက်မှုမဟုတ်။]

အချို့ဆရာတို့ကား။ ။အောက်မြစ်သံနှင့်ဖတ်ကြကုန်၏၊ အချို့ ဆရာတို့သည်ကား ဉသတ်, အောက်မြစ်သံ ဖတ်ကြကုန်၏၊ နှစ်ပါးလုံး သည်ပင် ရဃအရာရောက်ပေ၏။

[ဤကား ဉ တ်၌ စီစစ်ချက်တည်း။]

----------

## ကမ္မဝါစာ

ကမ္မဝါ၌။ ။ "နက္ခမတိ, နခမတိ " နှစ်ချက်သင့်။

[ဝိမတိဋီကာ]

မ- ဗျည်း၌ကား ကမ္မရုပ်ဖြစ်ခဲ့၍ ဒွေးဘော်နှင့်လိုသည်ဟု ဆိုကြကုန်၏၊ အရပ်ရပ်သော ကမ္မဝါစာတို့၌လည်းကောင်း, ဝိနည်းပါဠိတော် သုတ္တန်ပါဠိတော်တို့၌လည်းကောင်း, ဒွေးဘော်နှင့်မမြင်ဘူးရ။

"သေက္ခာ-သေခါ, ဥပေက္ခာ-ဥပေခါ, ဥပသမ္ပဒါပေက္ခော-ဥပသမ္ပဒါပေခေါ" စသည်ဖြင့် ခ-ဗျည်းနှင့်ယှဉ်ရာတို့၌ ရုပ်ဆန်း, ရုပ်ပြားအလွန်များချေသည်၊ ထို့ကြောင့် မ- တစ်လုံးရှိသော ပါဠ်သည်သာအစဉ်အလာဖြစ်ရာသည်၊ မ,နှစ်လုံးဖတ်သော်လည်းအပြစ်ဆိုဖွယ်မရှိလှ။

"သောဘာသေယျ"တွင် ပဌမကမ္မဝါပြီးဆုံးသည်၊ ရပ်နားလိုလျှင် ဤတွင်ရပ်နားရမည်၊ "ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ" ကား နောက်ဒုတိယကမ္မဝါ၏အချီပေတည်း။

[ဒုတိယကမ္မဝါစာအဆုံး, တတိယကမ္မဝါ အဆုံးတို့မှာလည်းဤနည်းတူ]

တတိယကမ္မဝါအဆုံး "သော ဘာသေယျတွင်" ရဟန်းအဖြစ်သို့ရောက်သည် "ဥပသမ္ပန္နော သံဃေန" ကိုကား အတိကရဏခေါ်သည်၊ ရဟန်းဖြစ်ပြီးသည်ကိုကြွေးကျော်သော စကားရပ် ဆိုလိုသည်။

အချို့ဆရာတို့သည်။ ။ထိုဝါကျကို တစ်ကြိမ်သာ ဖတ်ကြကုန်၏၊ အရိုးအစဉ်အတိုင်း သုံးကြိမ်ဖတ်လေ။

[ ဤကား ရဟန်းလောင်းတစ်ပါး၌ ဖတ်ရသော ဧကေဝတ္ထုက ကမ္မဝါစာ၌ စီစစ်ချက်တည်း။ ]

# ဒွိတိဝတ္ထုက ကမ္မဝါစာ

ယခုအခါ၌ ရဟန်းလောင်းနှစ်ပါး, သုံးပါးတို့ကို တစ်ပေါင်းတည်း ဖတ်ရသော ဒွိတိဝတ္ထုက ကမ္မဝါစာ တို့ကို ဆိုပေအံ့။

၁။ "အယဉ္စ နာဂေါ အယဉ္စ နာဂေါ" ဟု ဝဂ္ဂန္တနှင့် ဖတ်ကြသူ တစ်ချို့,

၂။ "အယံစ နာဂေါ, အယံစ နာဂေါ" ဟု နိဂ္ဂဟိတန္တနှင့် ဖတ်ကြသူတစ်ချို့,

၃။ "အယံ နာဂေါစ အယံ နာဂေါစ" ဟု နာဂေါနောင်စ-ကိုယှဉ်၍ ဖတ်ကြသူတစ်ချို့,

[သုံးနည်းလုံးသည်ပင် အပြစ်အထူးဆိုဖွယ်မရှိ။]

အယဉ္စ ဝိတက္ကော အယဉ္စ ဝိစာရော သန္တာ ဟောန္တိ။
[စျာနဝိဘင်းပါဠိတော်။]

ဣဒဉ္စ နာမံ ဣဒဉ္စ ရူပံ၊ ဣဒံ ဝုစ္စတိ နာမရူပံ။
[ပဋိစ္စသမုပ္ပါဒဝိဘင်းပါဠိတော်။]

ဤသို့အရပ်ရပ်သော ပါဠိတော်တို့မှာ တွေ့မြင်ရသောကြောင့် အယဉ္စဟူသော ပဌမနည်းသည်သာ အထူးသင့်မြတ်သည်။

ကမ္မဝါစာပါဠိတော်၌။ ။"ဣတ္ထန္နာမောစ, ဣတ္ထန္နာ မော စ"ဟု နာမဒီပကပုဒ်နောင် စ-ယှဉ်ချက်ကိုမြင်ကြ၍ နာဂေါစ နာဂေါစ-ဟု ဖတ်ကြသည်၊ ထိုပါဠိတော်မှာ အယံသဒ္ဒါမပါ၍ "နာမောစ" ဟု ဟောရသည်၊ အယံသဒ္ဒါပါပေလျှင် "အယဉ္စ" ပင် ဟောပေမည်။

အယဋ္ဌ နာဂေါ အယဋ္ဌ နာဂေါ အာယသ္မတော တိဿဿ ဉပသမ္ပဒါပေက္ခော”ဟု ဩကာရန္တဇကေဝုစ်နှင့် ဖတ်ကြသည်ကား ဘိက္ခု ဝိဘင်း ဘေဒါနုဝတ္တက သိက္ခာပုဒ်, ဘိက္ခုနီဝိဘင်း သံသဋ္ဌဝိဟာရ သိက္ခာ ပုဒ်ပါဠိတော်လာ ဒွန် ကမ္မဝါကြီးများနှင့် မညီလေ။

[ဤကား ဒွိတိဝတ္ထုကကမ္မဝါစာ၌ စီစစ်ချက်တည်း။]

ကမ္မဝါစာဖတ်မှု, သရဏဂုံပေးမှုတို့၌ အရေးကြီးသော

အချက်များကို ပြဆိုချက်ပြီး၏။

--------*-------

## ဉပဇ္ဈာယဂဟဏ ဝိနိစ္ဆယ

“သိမ်ပ၌နေသော ဉပဇ္ဈာယ်ဆရာထံမှာ ဉပဇ္ဈာယ်ယူ၍ သိမ်တွင်း မှာ ဉပဇ္ဈာယ်ဆရာမပါဘဲနှင့် ဉပဇ္ဈာယ် ဆရာဘုန်းတော်ကြီး မည်သူကို တိဿဟူ၍မှတ်ဟု အမည်ကိုကြား၍ ဉပသမ္ပဒကံရွက် ဆောင်ခြင်းငှါ အပ်-မအပ်, ကံပျက်-မပျက်” ဟူသော ပုစ္ဆာစကား၌--

အနုပဇ္ဈာယကန္တိ ဉပဇ္ဈံ အဂါဟာပေတွာ သဗ္ဗေန သဗ္ဗံ ဉပဇ္ဈာယ ဝိရဟိတံ ဧဝံ၊ ဉပသမ္ပန္နာ နေဝ ဓမ္မတော န အာမိ သတော သင်္ဂဟံ လဘန္တိ၊ တေ ပရိဟာယန္တိယေဝ၊ နဝဍ္ဎန္တိ၊ န ဘိက္ခဝေ အနုပဇ္ဈာယကောတိ ဉပဇ္ဈံ အဂါဟာ ပေတွာ နိရု ပဇ္ဈာယကော န ဉပသမ္ပာဒေတဗ္ဗော၊ ယော ဉပသမ္ပာဒေယျ, အာပတ္တိ ဒုက္ကဋဿာတိ သိက္ခာပဒ ပညတ္တိ တော ပဋ္ဌာယ ဧဝံ ဉပသမ္ပာဒေန္တဿေဝ အာပတ္တိ ဟောတိ၊ ကမ္မံ ပန န ကုပ္ပတိ၊ ကေစိ ကုပ္ပတီတိ ဝဒန္တိ၊ တံ န ဂဟေတဗ္ဗံ။

[မဟာဝါမဟာခန္ဓကအဋ္ဌကထာပါဠိ။]

ဤပါဠိ၌---

"သဗ္ဗေန သဗ္ဗံ ဥပဇ္ဈာယ ဝိရဟိတံ" ဆိုသည်ကား ထိုပဥ္စင်း လောင်းမှာယခုသိမ်အပြင်၌ယူသော ဥပဇ္ဈာယ်လည်းမရှိ၊ သိမ်တွင်းသို့ မရောက်မီရှေးအဖို့၌ ယူဖူးသော သိမ်တွင်း, သိမ်ပ, တိုက်တွင်း, တိုက်ပ, အနီးနေ, အဝေးနေ, ဥပဇ္ဈာယ်လည်းမရှိ၊ အချင်းခပ်သိမ်း ဥပဇ္ဈာယ်ဟူ၍ လုံးလုံးမရှိသည်ကို "သဗ္ဗေန သဗ္ဗံဥပဇ္ဈာယ ဝိရဟိတံ" ဟူ၍ ဆိုသတည်း။

"ဧဝံ ဥပသမ္ပန္နာနေဝ ဓမ္မတော န အာမိသတော သင်္ဂဟံ

လဘန္တိ၊ တေ ပရိဟာယန္တိယေဝ၊ န ဝမုန္တိ"။

ဟူ၍လာသော နောက်စကားကို ထောက်မြော်သဖြင့်လည်း သိမ်တွင်း, သိမ်ပ, တိုက်တွင်း, တိုက်ပ, အနီးနေ, အဝေးနေ, ဥပဇ္ဈာယ် ဟူ၍ လုံးလုံးမရှိသည်ကို "သဗ္ဗေန သဗ္ဗံ ဥပဇ္ဈာယဝိရဟိတံ" ဆိုသည်ဟု ထင်ရှားပါ၏။

အနက်ကား။ ။ ဧဝံ=ဤသို့အချင်းခပ်သိမ်း ဥပဇ္ဈာယ် ကင်း၍၊ ဥပသမ္ပန္နာ=ပဥ္စင်းခံကြကုန်သောသူတို့သည်၊ ဓမ္မတော=ပရိ ယတ္တိ ဓမ္မ, ဩဝါဒါနုသာသနီ ဓမ္မအားဖြင့်၊ သင်္ဂဟံ= ဥပဇ္ဈာယ်ဆရာ၏ ချီးမြှောက် ထောက်ပံ့မှုကို၊ နေဝလဘန္တိ=မရကြကုန်၊ အာမိသတော= ပစ္စည်း အာမိသ အားဖြင့်၊ သင်္ဂဟံ=ဥပဇ္ဈာယ်ဆရာ၏ ချီးမြှောက်ထောက်ပံ့မှုကို၊ နလဘန္တိ= မရကြကုန်၊ တေ=ထိုပဥ္စင်းငယ်တို့သည်၊ ပရိဟာယန္တိ ယေဝ=ဆုတ်ယုတ်ကြကုန်တော့သည်သာလျှင်တည်း၊ နဝမုန္တိ=မကြီးပွါးကြ လေကုန်။

ဤသို့ ဥပဇ္ဈာယ်မရှိသည့်အတွက်ကြောင့် ပစ္စယာနုဂ္ဂဟ, ဓမ္မာနုဂ္ဂ ဟတရား နှစ်ပါးတို့မှ ကင်းကြောင်းကို ဖွင့်ဆိုတော်မူသဖြင့် သိမ်တွင်း, သိမ်ပ, တိုက်တွင်း, တိုက်ပ, အနီးနေ, အဝေးနေ, ဥပဇ္ဈာယ်- ဟူ၍အချင်း

ခပ်သိမ်းမရှိသည်ကို "အနုပဇ္ဈာယကံ" ဆိုသည်ဟု သိသာထင်ရှား၏၊ ပစ္စယာနုဂ္ဂဟ, ဓမ္မာနုဂ္ဂဟတို့နှင့် ချီးမြှောက် ထောက်ပံ့မည့်သူ ဥပဇ္ဈာယ် ဆရာသည် ထိုသိမ်တွင်းမှာမပါမူ၍ ထိုတိုက်တွင်း, ထိုတိုက်ပ, အနီး, အဝေးမှာပင်ရှိသော်လည်း "အနုပဇ္ဈာယက" မဆိုရပြီး၊ "သဥပဇ္ဈာ ယက" ရဟန်းလောင်း ဖြစ်ပေပြီ-ဟူသော အဓိပ္ပါယ်သည် ပြီးစီးလေ၏။

ဤ "အနုပဇ္ဈာယကံ" ဟူသော နိဒါန်းပုဒ်မှာ ထိုအဓိပ္ပါယ်ပြီးစီးခဲ့ သည်ရှိသော် --

၁။ "န ဘိက္ခဝေ အနုပဇ္ဈာယကော ဥပသမ္ပာဒေတဗ္ဗော၊ ယော ဥပသမ္ပာဒေယျ, အာပတ္တိဒုက္ကဋဿ" ဟူသော သိက္ခာပုဒ်၌လည်းကောင်း,

၂။ "န ဘိက္ခဝေ အနုပဇ္ဈာယကောတိ ဥပဇ္ဈံ အဂါဟာပေတွာ နိရုပဇ္ဈာယကော" ဟူသော အဖွင့်အဋ္ဌကထာပါဠ်၌လည်းကောင်း,

ထိုအဓိပ္ပါယ်သည် ကောင်းစွာပြီးစီးလေတော့သည်၊ ထိုသို့ပြီးစီးခဲ့ သည်ရှိသော် ဥပဇ္ဈာယ်ဆရာသည် ရဟန်းခံရာသိမ်အပြင်၌ မပါမူ၍ သိမ်ပ, တိုက်ပ, အဝေး, အနီး၌နေသော ဥပဇ္ဈာယ်ဆရာထံမှာ ဥပဇ္ဈာယ် ယူစေ၍ ကမ္မဝါဖတ်မည်ရှိသောအခါ၌ မည်သည့်ဘုန်းတော်ကြီးကို ဥပဇ္ဈာယ် ဆရာဟူ၍မှတ်၊ ထိုဘုန်းတော်ကြီး၏အမည်ကို တိဿဟူ၍ မှတ်ဟု အမည်ပေး၍ ဖတ်ရွတ်ကြပေလျှင် ကမ္မဝါဆိုရာ ကာရကသံဃာ တို့၌လည်း အာပတ်သင့်ဖွယ်ကိစ္စမရှိပြီ ဟူသောအဓိပ္ပါယ်သည်လည်း ကောင်းစွာပြီးစီးလေတော့သည်။

[ဤကား အဋ္ဌကထာအဖွင့်နှင့် သိသာထင်ရှားသော အချက်တည်း။]

ဒိဋ္ဌာနုဂတိမှာမူကား။ ။ သက္ကရာဇ် ၁၂၃၃-ခုနှစ် တပို့တွဲလ တွင် စစ်ကိုင်းချောင် ဗန်းမော်ဆရာတော်ကြီးတိုက်မှာ ထွင်ရှုခေါင် ဆရာတော်ကြီး၏တပည့်ရဟန်းလောင်းကို ဗန်းမော်ဆရာတော်ကြီး,

သင်္ဂဇာဆရာတော်ကြီးတို့ ကြီးကြပ်၍ ဥပသမ္ပဒကံ ရွက်ဆောင်တော်မူကြစဉ်အခါ ထွင့်ခေါင်ဆရာတော်ကြီး မကြွလာနိုင်ရှိသည်နှင့် ရဟန်းလောင်းကို စေလွှတ်၍ ထွင့်ခေါင်ဆရာတော်ကြီးထံမှာ ဥပဇ္ဈာယ် ယူစေ၍ ပြန်ရောက်မှ ဇန်းမော်တိုက်တွင်းရှိ ခဏ္ဍသိမ်မှာ ဥပသမ္ပဒကံကို ရွက်ဆောင်တော်မူကြလေသည်ကို တွေ့ကြုံဖူးရသည်။

[ဤကားဒိဋ္ဌာနုဂတိတည်း။]

ဝိမတိဝိနောဒနီဋီကာ၌ကား-

ကမ္မံ ပန န ကုပ္ပတီတိ ဣဒံ ဥပဇ္ဈာယာဘာဝေပိ ဣတ္ထန္နာမဿ ဥပသမ္ပဒါပေက္ခော၊ ဣတ္ထန္နာမေန ဥပဇ္ဈာယေနာတိ မတဿဝါ ဝိဗ္ဘန္တဿဝါ ပုရာဏဥပဇ္ဈာယဿ အညဿဝါ ယဿကဿစိ အဝိဇ္ဇမာနဿ နာမေန သဗ္ဗတ္ထ ဥပဇ္ဈာယကိတ္တနဿ ကတတ္တာ ဝုတ္တံ။ [ဟူ၍လာ၏။]

အနက်ကား။ ။ ကမ္မံ ပန န ကုပ္ပတီတိ ဣဒံ=ကမ္မံ ပန နကုပ္ပတိ-ဟူသောစကားကို၊[ဝုတ္တံ-မှာစပ်ပါ။] ဥပဇ္ဈာယာဘာဝေပိ=ဥပဇ္ဈာယ် မရှိသော်လည်း၊ ဣတ္ထန္နာမဿဥပသမ္ပဒါပေက္ခော ဣတ္ထန္နာမေန ဥပဇ္ဈာယေနာတိ=ဣတ္ထန္နာမဿ ဥပသမ္ပဒါပေက္ခော ဣတ္ထန္နာမေန ဥပဇ္ဈာယေန ဟူ၍၊ [ဥပဇ္ဈာယကိတ္တနဿ ကတတ္တာ-မှာစပ်ပါ။] မတဿဝါ=သေပြီးလည်းဖြစ်သော၊ ဝိဗ္ဘန္တဿဝါ=လူထွက်ပြီးလည်းဖြစ်သော၊ ပုရာဏ ဥပဇ္ဈာယဿဝါ= ဥပဇ္ဈာယ်ဟောင်း၏လည်းကောင်း၊ အညဿ=သေသူ, လူထွက်သူမှ တစ်ပါးသော၊ ယဿကဿစိ= အမှတ်မရှိသော၊ အဝိဇ္ဇမာနဿ=ထိုသိမ်အပြင်၌ မရှိသော၊ ဝါ=ထိုတိုက်တာ အတွင်း၌ မရှိသော၊ ဥပဇ္ဈာယဿဝါ=ဥပဇ္ဈာယ်ဆရာ၏လည်းကောင်း=

နာမေန=အမည်ဖြင့်၊ ဥပဗ္ဗျာယကိတ္တနသ=ဥပဗ္ဗျာယ်ဖတ်ကြားခြင်း အမှုကို၊ ကတတ္တာ=ဥ တ်, ကမ္မဝါတွင် ဖတ်ကြားလျက်ရှိလေသော ကြောင့်၊ ဝုတ္တံ=အဋ္ဌကထာဆရာမိန့်ဆိုအပ်ပေသတည်း။

[ဤဋီကာပါဌ်၌ "အညဿဝါ ယဿကဿစိ အဝိဇ္ဇမာနဿ" ပုဒ်၌ အနက် ၃-မျိုးပေးခဲ့သည့်တွင် ဘယ်မှာမှ မရှိဟူသော အနက်သည် အထက်က ပြဆိုခဲ့ပြီးသော အဋ္ဌကထာစကား ဒိဋ္ဌာနုဂတိနည်းများနှင့် အညီတည်း။]

"ထိုသိမ်အပြင်၌ မရှိသော၊ ဝါ= ထိုတိုက်တာအတွင်း၌ မရှိသော" ဟူသော ရှေ့အနက် ၂-ချက်မှာ ရသင့်သေး၍ ဆိုလိုက်သော အနက် တည်း။

ရသင့်ပုံကား။ ။ ဤဝိမတိဋီကာ၌ပင်လျှင် နောက်ကမ္မဝါစာ အဖွင့်၌--

အယန္တိ ဥပသမ္ပဒါပေက္ခဿ ဟတ္ထပါသေ သန္နိဟိတ ဘာဝဒဿနံ၊ တေန စ ဟတ္ထပါသေ ဌိတဿေဝ ဥပသမ္ပဒါ ရုဟတီတိ သိဇ္ဈတိ၊ ဟတ္ထပါသတော ဗဟိ ဌိတဿ အယန္တိ န ဝတ္တဗ္ဗတော။

နနု စေတ္ထ ဥပဗ္ဗျာယောပိ ဥပသမ္ပဒါပေက္ခော ဝိယ ဟတ္ထပါသေ ဌိတောဧဝ ဣစ္ဆိတဗ္ဗော၊ အထ ကသ္မာ အယံ ဣတ္ထန္နာမဿ ဣမဿ ဥပသမ္ပဒါပေက္ခောတိ ဧဝံ ဥပဗ္ဗျာယ ပရာမသနေပိ ဣမသဒ္ဒပယောဂေါ န ကတောတိ။

နာယံ ဝိရောဓော ဥပဗ္ဗျာယာဘာဝေပိ ကမ္မကောပါ ဘာဝတော၊ ကေဝလံ ဟိ ကမ္မနိပ္ဖတ္တိယာ သန္တပဒဝသေန အဝိဇ္ဇမာနဿပိ ဥပဗ္ဗျာယဿ နာမကိတ္တနံ အနုပဗ္ဗျာယဿ

ဥပသမ္ပဒါသုပိ ကရိယတိ၊ တသ္မာ ဥပဇ္ဈာယဿ အသန္နိဟိတတာယပိ တပ္ပရာမသနမတ္တေနေဝ ကမ္မသိဒ္ဓိတော ကမ္မဿာတိ နိဒ္ဒိဿတိတုံ န ဝဋ္ဋတိ။ [ဟူ၍ဆို၏။]

## ပါဠိလျှောက်အစီပွါယ်ကား

"သုဏာတု မေ ဘန္တေ သံဃော အယံ ကတ္ထုန္နာမော၊ ကတ္ထုန္နာမဿ ဥပသမ္ပဒါပေက္ခော"ဟူသော ဥ တ်, ကမ္မဝါစာပါဠိတို့၌ "အယံ" ဆိုသည်ကား ပဉ္စင်းလောင်း၏ သံဃဟတ္ထပါသ်တွင်းအနီး၌ ထင်ရှားရှိသည်ကိုပြသော ပုဒ်တည်း၊ ထိုသို့ အာသန္နပစ္စက္ခအနက်ကို ပြတတ်သော ကမ္မ-သဗ္ဗနာမ်ပုဒ်ဖြင့်ပြီးသော "အယံ" သဒ္ဒါကိုဆိုသောကြောင့် ရဟန်းလောင်းမည်သည် သံဃဟတ္ထပါသ်တွင်း၌ ရှိနေမှသာ ကံမြောက်၏-ဟူသော အနက်သည် ပြီးစီးလေသတည်း။

အဘယ့်ကြောင့်နည်းဟူမူ- သံဃဟတ္ထပါသ်မှ အပ၌တည်သော ပဉ္စင်းလောင်းကို "အယံ" ဟူ၍ အာသန္နပစ္စက္ခအနက်ကို ဟောသော ကမ္မ-သဒ္ဒါနှင့် မဆိုထိုက်လေသောကြောင့်တည်း။

## ဤစကား၌စောဒနာအဖွဲ့

မေး။ ။ ပဉ္စင်းလောင်းကို သံဃဟတ္ထပါသ်၌ တည်ရှိနေသည်ကို အလိုရှိအပ်သကဲ့သို့ ဥပဇ္ဈာယ်ဆရာကိုလည်း သံဃဟတ္ထပါသ်၌ တည်ရှိသည်ကိုသာ အလိုရှိအပ်သည်မဟုတ်လော၊ ထိုသို့ အလိုရှိသည်မှန်လျှင်လည်း ပဉ္စင်းလောင်းကို "အယံ ကတ္ထုန္နာမော"ဟု ဟောတော်မူသကဲ့သို့ ဥပဇ္ဈာယ်ကိုလည်း "ကမဿ ကတ္ထုန္နာမဿ" ဟု ကမသဒ္ဒါနှင့် ဟောတော်မူသင့်သည် မဟုတ်လော။

ဖြေ။ ။ဤအပြစ်သည်မရှိ၊ အဘယ့်ကြောင့်နည်းဟူမူ- ဥပဇ္ဈာယ်ဆရာမရှိသော်လည်း ကံပျက်ခြင်းမရှိလေသောကြောင့်တည်း။

ထိုစကားမှန်၏၊ သက်သက်အားဖြင့် ကံပြီးခြင်းအကျိုးငှါ ကမ္မဝါစာ၌ထင်ရှားရှိသော ပုဒ်ပါဌ်ပါဠိ၏ အစွမ်းဖြင့်မရှိသော ဥပဇ္ဈာယ်ဆရာ၏အမည်ကို ဖတ်ကြားခြင်းကို ဥပဇ္ဈာယ်မရှိသော ပဥ္စင်းခံမှုတို့၌လည်း ပြုအပ်သည်သာဖြစ်၏၊ ထို့ကြောင့် သိမ်အပြင်သံဃဟတ္ထပါသ်တွင်း၌ ဥပဇ္ဈာယ်ဆရာမရှိငြားသော်လည်း ဥပဇ္ဈာယ်ဆရာကိုသုံးသပ်ဖတ်ရွတ်ကာမျှဖြင့်ပင်လျှင် ကံမြောက်လျက်ရှိလေသောကြောင့် "ကုပ္ပမသေ" ဟူ၍ ညွှန်းပြခြင်းငှါ မသင့်လေပြီဟူလိုသည်။

[ဤ ဝိမတိဋီကာ၌ "ဥပဇ္ဈာယောပိ ဥပသမ္ပဒါပေက္ခော ဝိယ ဟတ္ထပါသေ ဌိတော ဧဝ ကုစ္ဆိတဗ္ဗော" ဟုဆိုသောကြောင့် အထက်ပါဌ်၌ "အဝိဇ္ဇမာ နသာ=ထိုသိမ်အပြင် သံဃဟတ္ထပါသ်တွင်း၌ ထင်ရှားမရှိသော" ဟူ၍ အနက်ဆိုသင့်လေသတည်း။]

ဤစကားသည်လည်း အထူးအလေးဂရုပြုသောအားဖြင့်သာဆိုသောစကားဖြစ်သည်၊ ဥပဇ္ဈာယ်ဆရာ သံဃဟတ္ထပါသ်မှအပ, သိမ်မှအပ, ထိုတိုက်တာမှအပ၌ ရှိ၍နေသည်ရှိသော် အပြစ်ရှိ၍ဆိုသောစကားမဟုတ်ဟုမှတ်ယူရမည်။

ထို့ကြောင့်ပင်လျှင်--

"ကေဝလံ ဟိ ကမ္မနိပ္ဖတ္တိယာ သန္တပဒဝသေန အဝိဇ္ဇမာနသာပိ ဥပဇ္ဈာယဿ နာမကိတ္တနံ၊ အနုပဇ္ဈာယဿ ဥပသမ္ပဒါသုပိ ကရိယတိ"။

ဟူ၍ သိမ်အပြင် သံဃဟတ္ထပါသ်တွင်း၌ ဥပဇ္ဈာယ်မရှိသော ပဥ္စင်းလောင်း၏ ဥပသမ္ပဒကံတို့၌လည်း ဥပဇ္ဈာယ်သုံးသပ် ဖတ်ရွတ်ခြင်းကိုပြုအပ်၏ဟူ၍ အလျော့အပေါ့စကားကို ဋီကာအရှင်မိန့်ဆိုတော်မူလေသတည်း။

[ဤကား ဝိမတိဋီကာ၌ ရှင်းလင်းချက်တည်း။]

ဝဇီရဗုဒ္ဓိဋီကာ၌ကား--

ထိုသိမ်အပြင် သံဃာဟတ္ထပါသ်၌ ဥပဇ္ဈာယ်ဆရာ ထင်ရှားမရှိလျှင် ကံပင်ပျက်အံ့သကဲ့သို့ ဆိုလေ၏။

## ပါဠိလျှောက်အစိပ္ပါယ်ကို သာပြဆိုအံ့

၁။ ဝတ္ထုနိဒါန်း၌ ဥပဇ္ဈာယ်ဆရာမရှိသော ပဥ္စင်းလောင်းကို ကံဆောင်ကြကုန်သော ရဟန်းတို့သည် ဥပဇ္ဈာယ် မဟုတ်သောသူကို ဥပဇ္ဈာယ်ပြု၍ ဥ တ်, ကမ္မဝါဖတ်ရွတ်ကြကုန်သလော။

၂။ သို့တည်းမဟုတ်မုသားဖြစ်ရန်ကိုကြောက်၍ ဥပဇ္ဈာယ်နှင့် စပ်သော ပုဒ်ပါဠိတို့ကိုချန်လှပ်၍ ဖတ်ရွတ်ကြကုန်သလော။

၃။ ဥပဇ္ဈာယ်မရှိသောကြောင့် ဥပဇ္ဈာယ်နှင့်စပ်သော ပုဒ်ပါဠိ တို့ကို ချန်လှပ်၍ ဖတ်ရွတ်ကြကုန်ငြားအံ့၊ "ပုဂ္ဂလံ န ပရာမသတိ" ဟူသော ကမ္မဝိပ္ပတ္တိအင်္ဂါနှင့်ညီလေရာ၏။

၄။ ဥပဇ္ဈာယ်နှင့်စပ်သော ပုဒ်ပါဠိတို့ကို ဖတ်ရွတ်ကြပါကုန်၏ ဟူငြားအံ့၊ ထိုသံဃာတို့အား မုသာဝါဒအာပတ်သင့်ရာ၏။

[ဤကား စောဒနာအကျယ်တည်း။]

ကံပျက်မည်ကိုကြောက်သောကြောင့် ဥပဇ္ဈာယ်နှင့်စပ်သော ပုဒ်ပါဠိတို့ကို ဖတ်ရွတ်ကြကုန်သည်သာဖြစ်၏၊ ဥပဇ္ဈာယ်မရှိသော်လည်း ကံမပျက်ဟုအဋ္ဌကထာ၌ ဆိုသောကြောင့်လည်းကောင်း, ကံပြည့်စုံရုံမျှ ကိုငဲ့၍ ဖတ်ရွတ်ရာ၌ မုသာဝါဒပင် ဖြစ်သင့်လေသောကြောင့်လည်း ကောင်း, မုသာဝါဒပင် ဖြစ်ငြားသော်လည်း မုသာဝါဒအတွက်နှင့် ကံပျက် ခွင့်မရှိလေသောကြောင့်လည်းကောင်း ဥပဇ္ဈာယ်နှင့်စပ်သောပုဒ်ပါဠိ တို့ကို မချန်မလှပ်ဖတ်ရွတ်ကြကုန်သည်ဟု အဖြေတစ်ချက်။

[ဤအဖြေမှာ မုသာဝါဒပင်ဖြစ်ငြားသော်လည်း မုသာဝါဒ အတွက်နှင့် ကံမပျက်လေသောကြောင့် ဖတ်ရွတ်ကြကုန်သည် ဟု မုသာဝါဒအပြစ်ငြိလျက်ပင် ရှိပြန်၏။]

ထို့ကြောင့် ထိုနိဒါန်းစကား၌ အပြစ် ၂-ပါးမှလွတ်သော အနက်ကို ရှာရမည်ဟုဆိုပြီးလျှင် "အယန္တေတ္ထ ယုတ္တိ" ဟုဆို၍ ဤသို့ သော ယုတ္တိကိုပြ၏။

ဥပဇ္ဈာယ်ဟူသော သိက္ခာပုဒ်၏ ဝတ္ထုနိဒါန်း၌။ ။ သာမ ဏေအခါ၌ ယူအပ်သော ပဗ္ဗဇ္ဇဥပဇ္ဈာယ်တွေရှိကြပါကုန်လျက် ရဟန်းခံရာ သိမ်အပြင်၌ ဥပဇ္ဈာယ်ယူသောအစဉ်ဖြင့် မယူခြင်းကြောင့် "တေနခေါ ပန သမယေန ဘိက္ခူ အနုပဇ္ဈာယကာ" အစရှိသည် ဆိုသကဲ့သို့ ထို့အတူ ဤ"အနုပဇ္ဈာယကံ" ဟူသော နိဒါန်းပုဒ်၌လည်း ဥပဇ္ဈာယ်ဆရာ ထင်ရှား ရှိပါလျက် ဥပဇ္ဈာယ်ယူမှုကို မပြုသောကြောင့် "အနုပဇ္ဈာယကံ ဥပသမ္ပာ ဒေန္တိ"ဟူ၍ ဆိုလေသည်။

ကမ္မဝါဖတ်သောအခါ၌မူကား။ ။ပဉ္စင်းလောင်းသည် ဥပဇ္ဈာယ်ယူ ပြီဟုမှတ်ထင်သောကြောင့် ဥပဇ္ဈာယ်ပုဒ်တို့ကို ဖတ်ကြား ကြကုန်သည်။

[ဤသို့ယူလျှင် ကံလည်းပျက်ခွင့်မရှိ၊ ဖတ်သူတို့အားလည်း မုသာဝါဒဖြစ်ခွင့်မရှိ။]

တစ်နည်းကား။ ။ တစ်စုံတစ်ခုသော အကြောင်းကိစ္စရှိ၍ ရဟန်းခံရာ သံဃအစည်းအဝေးသို့ မသွားမူ၍နေသော ဥပဇ္ဈာယ်ဆရာ ၏ဆန္ဒကို ဆောင်၍ ဖတ်ရွတ်ကြကုန်၏။

တစ်နည်းကား။ ။ ဥပဇ္ဈာယ်ဆရာသည် ပဋ္ဌင်းလောင်းအား ဥပဇ္ဈာယ်ကို ပေးပြီးမှ ပဋ္ဌင်းခံသောအခါ တစ်စုံတစ်ခုသော အမှုနှင့်အစစ် အကျောခံ၍ နေရသောကြောင့် သံဃအစည်းအဝေးသို့ မပါဘဲနေ၏။

တစ်နည်းကား။ ။ ဥပဇ္ဈာယ်ပေးသည်မှ ရှေ့အဖို့၌ ဥပဇ္ဈာယ် ဆရာ ပြုလုပ်သောသူသည် အကျွန်ုပ်သာမဏေဖြစ်ပါသည်ဟု ဝန်ခံ၍ ဥပဇ္ဈာယ် မမြောက်ဘဲရှိနေ၏။

တစ်နည်းကား။ ။ သိက္ခာကျဝန်ခံ၍ ဆန္ဒဟာရကရဟန်းကဲ့သို့ ဖြစ်၍နေ၏။

တစ်နည်းကား။ ။ ပါရာဇိကကျဝန်ခံ၍ ဆန္ဒဟာရကရဟန်း ကဲ့သို့ ဖြစ်၍နေ၏။

[ဤစကားရပ်စုကား"အနုပဇ္ဈာယကံ ဥပသမ္ပာဒေန္တိ"ပုဒ်၌ ကံပျက်မှု, မုသာဝါဒမှု ၂-ပါးမှလွတ်အောင် ကြံဆောင်၍ယူသော ယုတ္တိစုတည်း။]

ဥပဇ္ဈာယ်ဆရာသည် သိမ်တစ်ပါး၌ တည်နေသော်လည်း ကမ္မဝါ စာ၌ဖတ်သော် ကံမြောက်ပါ၏ဟု ဆိုပြီးလျှင်-

"အနုဇာနာမိ ဘိက္ခဝေ ပစ္စန္တိမေသု ဇနပဒေသု ဝိနယဓရ ပဉ္စမေန ဂဏေန ဥပသမ္ပဒံ" ။

ဟူ၍ ဟောတော်မူသောကြောင့် ဝိနည်းဓိုရ်ရလျှင် ငါးယောက် မြောက်ဟုဆိုအပ်သော ဥပဇ္ဈာယ်ဆရာမည်သည် ရဟန်းခံရာသိမ်အပြင် သံဃဟတ္ထပါသ်တွင်းမှ ထင်ရှားရှိသည်သာဖြစ်သင့်ရာ၏ဟု ဆရာတို့ ဆိုကြကုန်၏ဟု ပေါရာဏဂဏ္ဌိပုဒ်၌ဆို၏။

ထိုဂဏ္ဌိပုဒ်စကားကို ဝဇီရဗုဒ္ဓိဆရာမကြိုက်၍ပယ်၏။

ပယ်ပုံကား။ ။ထိုစကားတို့ အလိုသော် ရဟန်းခံရာသိမ်အပြင် သံဃဟတ္ထပါသ်၌ ဥပဇ္ဈာယ်ဆရာမရှိသော်လည်း ကံမြောက်၏ ဟု အဓိပ္ပါယ်ရောက်လျက်လည်းရှိ၏။

ထို့ကြောင့် မဖျိမဒေသ၌-

ထို " ဝိနယဓရေပဥ္စမေန ဂဏေန ဥပသမ္ပဒံ " ။

ဟူသောပါဠ်ကို မရအပ်သောကြောင့် ထိုပါဠ်သည် ရဟန်းခံရာ သိမ်အပြင်သံဃဟတ္ထပါသ်မှာ ဥပဇ္ဈာယ်ဆရာရှိမှသာ သင့်လျော်ရာ၌ ပမာဏမဟုတ်၊ ပရိဝါပါဠိတော် ကမ္မဝဂ် ကမ္မသမ္ပတ္တိအင်္ဂါ၌ "ပုဂ္ဂလံ ပရာမသတိ" ဟူသော ပါဠိတော်သည်သာ ပမာဏဖြစ်၏၊ ဤ "ပုဂ္ဂလံပ ရာမသတိ" ဟူသော ကမ္မသမ္ပတ္တိ အင်္ဂါလာရှိသည်ကို ထောက်၍ ရဟန်းခံရာ သိမ်အပြင်သံဃဟတ္ထပါသ်မှာ ဥပဇ္ဈာယ်ဆရာ ပါရှိမှသာ သင့်လျော်သည်။

ထိုစကားမှန်၏၊ ရဟန်းခံရာသိမ်အပြင် သံဃဟတ္ထပါသ်၌မရှိ၊ ဟတ္ထပါသ်မှအပ လွတ်ရာဌာန၌ ရှိသောဥပဇ္ဈာယ်သည် ဥ တ်ကမ္မဝါစာ၌ သုံးသပ်ဖတ်ရွတ်ခြင်းငှါပင်မထိုက်၊ ထိုကြောင့် သိမ်အပြင်မှာရှိသော သံဃာကို သုံးသပ်မှသာ သံဃံပရာမသတိဟူသော ကမ္မသမ္ပတ္တိအင်္ဂါ မြောက်သကဲ့သို့ ရဟန်းခံရာသိမ်အပြင် သံဃာဟတ္ထပါသ်၌ရှိသော ဥပဇ္ဈာယ်ဆရာကို ဥ တ်ကမ္မဝါစာ၌ သုံးသပ်ဖတ်ရွတ်မှသာ "ပုဂ္ဂလံ ပရာမသတိ" ဟူသော ကမ္မသမ္ပတ္တိအင်္ဂါ မြောက်သည်ဟု သိအပ်သည်။

[ ဤကား ဝဇီရဗုဒ္ဓိဆရာအလိုတည်း။ ]

ဤအလိုသော်-

ဥပဇ္ဈာယ်ဆရာ သံဃဟတ္ထပါသ်၌ မပါဘဲနှင့် သိမ်ပနေသော ဥပဇ္ဈာယ်ထံ ဥပဇ္ဈာယ်ယူ၍ နာမည်မှည့်၍ ဥ တ်ကမ္မဝါစာ၌ ဖတ်ရွတ်

သော်လည်း "ပုဂ္ဂလံ ပရာမသတိ" ဟူသော ကမ္မသမ္ပတ္တိအင်္ဂါမပြောက် ပုဂ္ဂလံ နရောမသတိ-ဟူသော ကမ္မဝိပ္ပတ္တိ အင်္ဂါရောက်၏ဟူသော အဓိပ္ပါယ်သည်ရောက်၏။

၁။ "ကမ္မံ ပန န ကုပ္ပတိ၊ ကေစိ ကုပ္ပတီတိ ဝဒန္တိ၊ တံ နဂဟေတဗ္ဗံ" ဟူ၍အဋ္ဌကထာဆရာပယ်ပြီးသော ကေစိဝါဒသို့ ကျရောက်လေသောကြောင့်လည်းကောင်း,

၂။ စူဠဝါပါဠိတော် ဘိက္ခုနီခန္ဓက၌ ဘိက္ခုနီမကို အဋ္ဌဝါစိကကမ္မဝါစာဖြင့် ရဟန်းခံရာအခန်း၌ ဘိက္ခုနီသံဃာ၌ ဉတ္တိစတုတ္ထကမ္မဝါစာဖြင့် ရဟန်းခံပြီးနောက် ဘိက္ခုသံဃာ၌ ဉတ္တိစတုတ္ထကမ္မဝါစာဖြင့် တစ်ဖန် ရဟန်းခံရာမှာ ဥပဇ္ဈာယ်ဖြစ်သော ဘိက္ခုနီမသည် ဘိက္ခုသံဃာ၏ ဟတ္ထပါသ်၌ ပါရှိတော့သည်မဟုတ်၊ ထိုသို့မဟုတ်ဘဲလျက်၊ "သုဏာတု မေ ဘန္တေ သံဃော၊ အယံ ဣတ္ထန္နာမာ ဣတ္ထန္နာမာယ ပဝတ္တိနီယာ ဥပသမ္ပဒါပေက္ခာ" အစရှိသည်ဖြင့် ဘိက္ခုနီမတို့၏ တိုက်တာဝေးရာအရပ်၌ရှိနေသော ထေရီမကိုပင် ဉတ်ကမ္မဝါစာ၌ သုံးသပ်ဖတ်ရွတ်ရသော အချက်နှင့်လည်း မညီလေသောကြောင့်လည်းကောင်း,

၃။ ပြဆိုခဲ့လေပြီးသော ဝိမတိဝိနောဒနီဋီကာများနှင့်လည်း မညီလေသောကြောင့်လည်းကောင်း ဝဇီရဗုဒ္ဓိဆရာစကားကို အမှန်အားဖြင့် မယူအပ်။

ဥပဇ္ဈာယဂဟဏဝိနိစ္ဆယပြီး၏။

-------------

## ထေနက ဝိနိစ္ဆယ ရှင်ကေတု လျှောက်လွှာ

တပည့်တော် ကေတု ရိုသေစွာလျှောက်ထားပါသည် ဆရာတော်ဘုရားကြီးဘုရား။

၁။ တပည့်တော်သည် ငယ်ရွယ်စဉ်အခါက သာမဏေများမှာ ဒဏ်သင့်လျှင် ဥပဇ္ဈာယ်ဆရာက များစွာအပြစ်ပေးမှ ကြောက်သောကြောင့် လိင်ကျသည်ထက် ခဲယဉ်းသည် ဟုမှတ်ထင်မှားပါသည်။

၂။ ရှင်ကျင့်ဝတ်စာအုပ်၌ သာမဏေများ လူ့အဖြစ်ကို တောင့်တလျက် သင်္ကန်းကိုခါးတောင်ကျိုက်၍တင့်တယ်သည်, မတင့်တယ်သည်-ဟုစူးစမ်းလျှင် စောင့်သေး၏၊ တင့်တယ်ပြီဟုဝန်ခံပြီး တစ်ဖန်အသွင်ကို သာယာလျှင် ထေယျသံဝါသကဖြစ်သည်ဟု ဆိုသည်ကို လိင်ကျရုံသာ အောက်မေ့အယူမှားပါသည်။

လျှောက်ထားလိုရင်းမှာ-

ဤကဲ့သို့ အယူရှိသည့်အတွက် တပည့်တော်သည် ညနေချမ်းအခါဆရာမရှိခိုက် လွန်စွာထမင်းဆာသဖြင့် သာမဏေအဖြစ်နှင့် စားခဲ့သော်ဒဏ်သင့်ရာ၏ဟု လိမ်ကြသည်။

ဒဏ်သင့်မှာစိုး၍ လိင်ကျအောင် ပြုလုပ်ပြီးမှစားမည်၊ ပြီးမှ သီလခံမည်ဟုနှလုံးသွင်းလျက် ရှင်ကျင့်ဝတ်စာအတိုင်း ကေသီကိုချထား၍ သင်းပိုင်ကို, ပုဆိုးအမှတ်ထား၍ ပုဆိုးကဲ့သို့ဆီး, ခါးတောင်းကျိုက်လျက် လူဝတ်နှင့် တင့်တယ်၏လား, မတင့်တယ်၏လား ကြည့်ရှုပြီး၊ တင့်တယ်ပြီဟုစိတ်အမှတ်ထား၍လိင်ကျပြီဟု ထင်သောကြောင့် ထမင်းစားမိပါသည်၊ သင်္ကန်းကို မဝတ်တော့ပြီဟု မအောက်မေ့ပါ။

နောက်- ချထားသော ကေသီကို ပြန်ဝတ်၍ သီလခံမည်ဟု ဆန္ဒရှိလျက် ဆရာကို မပြောဝံ့သဖြင့် နှစ်ရက်ကြာမှ ဤအကျိုးအကြောင်း

ကိုဆရာအားမပြောဘဲ သီလယူပါသည်၊ သီလမခံယူမီ နှစ်ရက်အတွင်း မှာလည်း အတူနေသော သာမဏေနှစ်ပါးနှင့် အတူတကွ စားသောက် ၍နေပါသည်၊ ယခုရဟန်းခံပြီး၍ ခြောက်ဝါရရှိမှ-

“သစေ ဂိဟိဘာဝံ ပတ္တယမာနော ကာသာဝံ ဩဝဋ္ဋိကံ ကတွာ”။

စသောအဋ္ဌကထာများကို တွေ့ရှိမှ တပည့်တော်မှာ ရဟန်းမှုဖြစ် ပါမည်လောဟု တွေးတောလျက် များစွာသံသယဖြစ်နေပါသည်၊ ပဥ္စင်းခံ ၍ပဥ္စင်းဖြစ်, မဖြစ်ကို တပည့်တော်အား ချီးမြှောက်တော်မူပါဘုရား။

ရှင်ကေတု လျှောက်ချက်ပြီး၏။

------------

## ဆရာတော်ဘုရားကြီးဖြေဆိုတော်မူချက်

ထေယျသံဝါသက သိက္ခာပုဒ်နှင့်စပ်လျဉ်း၍ ရှင်ကေတုလျှောက် လွှာကို ကြည့်ရှုရာ ရှင်ကေတုပြုလုပ်သောအမှုသည် ထေယျသံဝါသက မဖြစ်၊ ရဟန်းခံသောအခါ ရဟန်းကောင်းပင်ဖြစ်၏။

အထောက်ကား- ဝိနည်းမဟာဝါ အဋ္ဌကထာ မဟာခန္ဓက စာ အုပ်နံပါတ် (၂၇၁)၌-

အပရော ဒဟရသာမဏေရော မဟန္တောဝါ ပန အဗျတ္တော၊ သော ပုရိမနယေနေဝ ဥပ္ပဗ္ဗဇိတွာ ယရေ ဝဍ္ဍေဂါ ရက္ခာဒီနိ ကမ္မာနိ ကာတုံ န ဣစ္ဆတိ၊ တမေနံ ဉာတကာ တာနိယေ ဝ ကာသာယာနိ အစ္ဆာဒေတွာ ထာလကံဝါ ပတ္တံဝါ ဟတ္ထေ ဒတွာ ဂစ္ဆ သမဏောဝ ဟောဟီတိ ဃရာ နီဟရန္တိ၊ သော ဝိဟာရံ ဂစ္ဆတိ၊ နေဝ နံ ဘိက္ခူ ဇာနန္တိ ဥပ္ပဗ္ဗဇိတွာ ပုန သယမေဝ ပဗ္ဗဇိတော တိ၊ နာပိ သယံ ဇာနာတိ ယော ဧဝံ ပဗ္ဗဇတိ, သော ထေယျသံဝါသ

ကောနာမ ဟောတိတိ၊ သစေ တံ ပရိပုဏ္ဏဝဿံ ဥပသမ္ပဒေန္တိ သူပသမ္ပန္နော။ [ ဟုလာရှိ၏။ ]

-----------

## ပါဠ်လျှောက်အမိပ္ပါယ်ကား

တစ်ပါးသော သာမဏေငယ်သည်လည်းကောင်း, သာမဏေကြီး ဖြစ်သော်လည်း အသိအလိမ္မာမရှိသေးသော သူသည်လည်းကောင်း ရှိ၏၊ ထိုသာမဏေသည်ရှေးနည်းအတိုင်း ဆွေမျိုးအိမ်သို့သွား၍ လူဝတ် လဲပြီးလျှင်အိမ်၌ နွားကျောင်းခြင်း, နွားမ-ထိန်းခြင်းစသော အမှုတို့ကို ပြုခြင်းငှါအလိုမရှိ၊ ထိုသာမဏေလူထွက်ကို ဆွေမျိုးတို့သည် ထိုသင်္ကန်း ကိုပင် ဝတ်ရုံစေ၍ ခွက်ကိုသော်လည်းကောင်း, သပိတ်ကိုသော်လည်း ကောင်း လက်၌ပေး၍ ရဟန်းလုပ်၍နေချေလော့ဟု အိမ်မှနှင်ထုတ် ကြကုန်၏။

ထိုသာမဏေယောင်သည် ကျောင်းသို့သွားလေ၏၊ ကျောင်းရှိ ရဟန်းတို့ကလည်း ဤသူသည်လူဝတ်လဲပြီး၍ တစ်ဖန်သင်္ကန်းကိုရောက် တတ်ရာရာ ဝတ်၍လာသည်ဟု မသိကြကုန်။

ထိုသာမဏေယောင်ကလည်းအကြင်သူသည် ရဟန်းများကပေး သည်မဟုတ်ဘဲလျက် သင်္ကန်းကိုရောက် တတ်ရာရာဝတ်၏၊ ထိုသူသည် ထေယျသံဝါသကပုဂ္ဂိုလ်မည်သည်ဖြစ်၏ဟု မသိ။

အသက် ၂၀-ပြည့်သောအခါ ထိုသာမဏေယောင်ကြီးကို ရဟန်း ခံ၍ပေးကြကုန်၏၊ "သူပသမ္ပန္နော- ရဟန်းကောင်း" ဖြစ်၏။

[ ဤကားပါဠ်လျှောက်အမိပ္ပါယ်တည်း။ ]

ဤအဋ္ဌကထာ၌-

ထိုသာမဏေသည် လူဝတ်လဲပြီး၍ ရဟန်းများကပေးသည် မဟုတ်ဘဲ သင်္ကန်းရောက်တတ်ရာရာဝတ်သောသူသည် ထေယျသံဝါသကဖြစ်၏ဟု မသိသည့်အတွက် ထေယျသံဝါသကမှ လွတ်၍ ရဟန်းခံသောအခါရဟန်းကောင်းဖြစ်သည်ဟူသော အချက်သည်လိုရင်းတည်း။

ဤအချက်နှင့် လျှောက်လွှာတွင် "ရှင်ကျင့်ဝတ်စာအုပ်၌ သာမဏေများ လူအဖြစ်ကို တောင့်တလျက် သင်္ကန်းကို ခါးတောင်းကျိုက်၍ တင့်တယ်သည်, မတင့်တယ်သည်ဟု စူးစမ်းလျှင် စောင့်သေး၏၊ တင့်တယ်ပြီဟုဝန်ခံပြီး တစ်ဖန်အသွင်ကိုသာယာလျှင် ထေယျသံဝါသကဖြစ်သည် ဟုဆိုသည်ကို လိင်ကျရှုံးသာဟု အောက်မေ့ အယူမှားပါသည်" ဟူသော စကားသည် ထေယျသံဝါသက ဖြစ်သည်ဟု မသိချင်းတူ၏။

မသိသည့်အတွက်ကြောင့် သင်္ကန်းဝတ်မှုအသွင်ကို သာယာသော်လည်း လိင်တ္ထေနကမဖြစ်၊ လိင်တ္ထေနက မဖြစ်သည့်အတွက်ကြောင့် သာမဏေနှင့်ပေါင်းသော်လည်း သံဝါသတ္ထေနကမဖြစ်ဟု မှတ်အပ်၏။

တစ်ကြောင်းမှာလည်း-

ရှင်ကေတု၏ ပြုလုပ်မှုသည် ထေယျသံဝါသက မဖြစ်၊ ရဟန်းခံသောအခါ ရဟန်းကောင်းပင်ဖြစ်၏။

အထောက်ကား- ဝိနည်းမဟာဝါ အဋ္ဌကထာ စာအုပ်နံပါတ် (၂၇၁)၌ပင်-

သစေပိ ဟိ ကာသာယေ သဉ္ဇာယောဟော ကာသာယာနိ
အပ နေတွာ မေထုနံ ပဋိသေဝိတွာ ပုန ကာသာယာနိ နိဝါ
သေတိ၊ နေဝ ထေယျသံဝါသကော ဟောတိ။

[ဟုလာရှိ၏။ ]

ပါဌ်လျှောက်အဓိပ္ပါယ်ကား။ ။ အကယ်၍လည်း သက်န်း၌ ဥဿာဟရှိလျက် သက်န်းကိုပယ်ချွတ်၍, မေထုနသေဝနအမှုကို ပြု၍ တစ်ဖန်သက်န်းကို မိမိအလိုအလျောက်ဝတ်၏၊ ထေယျသံဝါသကမဖြစ်။

အဘယ့်ကြောင့်မဖြစ်သနည်း၊ သက်န်း၌ ဥဿာဟရှိသောကြောင့်တည်း။

သက်န်း၌ ဥဿာဟဆိုသည်ကား။ ။ ရဟန်းများထံ သက်န်းတောင်း၍ ရဟန်းများသက်န်းပေး၍ ဝတ်ရုံမြဲအတိုင်း တစ်ဖန်ဝတ်ရုံမည်ဟု ဥဿာဟ-ရှိနေခြင်းတည်း။

ဤအဌကထာစကားနှင့် လျှောက်လွှာတွင်---

"သက်န်းကို မဝတ်တော့ပြီဟု မအောက်မေ့ပါ၊ နောက်-ချထားသော ဧကသီကိုပြန်ဝတ်၍သီလခံမည်ဟုဆန္ဒရှိလျက် ဆရာကို မပြောဝံ့သဖြင့် ၂-ရက် ၃-ရက်လောက်ကြာမှ ဤအကျိုးအကြောင်းကို မပြောဘဲ သီလယူပါသည်" ဟူသောစကားသည် သက်န်း၌ ဥဿာဟရှိခြင်း ညီညွတ်ကြ၏။

သက်န်း၌ ဥဿာဟရှိနေသည့်အတွက်ကြောင့် နောက်ချထားသော ဧကသီကိုပြန်၍ဝတ်သော်လည်း လိင်္ဂတ္ထေနကမဖြစ်၊ လိင်္ဂတ္ထေနက မဖြစ်သည့်အတွက်ကြောင့် သာမဏေအသွင်ကိုပြု၍ သီလယူသော် သံဝါသတ္ထေနကမဖြစ်၊ ရဟန်းခံသောအခါ ရဟန်းဖြစ်၏ဟု မှတ်အပ်၏။

လိင်္ဂတ္ထေနက, သံဝါသတ္ထေနက အဆုံးအဖြတ်ပြီး၏။

## ဥပသမ္ပဒ ဝိနိစ္ဆယ

ဥပသမ္ပဒကံကို ဆောင်ရွက်လိုသောဆရာသည် ဥပေါသထကံ၌ကဲ့သို့-

၁။ သံဃာမစည်းဝေးမီ ရှေးအဖို့ဝယ် သိမ်အပြင်၌ တံမြက်

လှည်းခြင်း,

၂။ ညဥ့်အခါဖြစ်မူ ဆီမီးထွန်းခြင်း,

၃။ သောက်ရေ, သုံးဆောင်ရေတည်ခြင်း,

၄။ နေရာခင်းခြင်း

ဟူသော ပုဗ္ဗကရဏလေးပါးတို့ကို ကိုယ်တိုင်သော်လည်း ပြုရာ၏၊ သူတစ်ပါးကိုသော်လည်း ပြုစေရာ၏။

ထိုနောက်မှ--

၁။ ရဟန်းအဖြစ်ဆယ်နှစ်ပြည့်ပြီးသော ဒသဝဿဂုဏ်, ဥဘတော ဝိဘင်းကို လေ့လာခြင်းဟူသော ဗဟုသုတ ဂုဏ်နှင့် ပြည့်စုံသည်ဖြစ်၍ ဥပဇ္ဈာယ်လုပ်ထိုက်သော မထေရ်ရဟန်းကိုလည်းကောင်း,

၂။ ဌာန် ၅-ပါး, ဌာန် ၆-ပါး, ဌာန် ၇-ပါး, ကရိဏ်း ၄-ပါး, ပယတ် ၄-ပါး အစီအရင်နှင့်တကွ ဗျဉ္ဇနဗုဒ္ဓိဆယ်ပါးတို့ကို ပိုင်းပိုင်းခြားခြား ကျွမ်းကျင်၍ ပြီပြင်ပြတ်သားအောင် ဖတ်ရွတ်နိုင်သော ကမ္မဝါစာပါဌက ရဟန်းတို့ကိုလည်းကောင်း,

၃။ ဂဏပူရဏ ဖြစ်ထိုက်သော ၃-ပါး, ၃-ပါးထက် အလွန်ဖြစ်သော ကာရကရဟန်းတို့ကိုလည်းကောင်း,

သိမ်တွင်းသို့ ပင့်ဆောင်စည်းဝေးစေရာ၏။

ထိုနောက်မှ ပဗ္ဗဇ္ဇာဒေါသကင်းရှင်းစင်ကြယ်သော ရဟန်းလောင်းကို သံဃာ့အလယ်သို့သွင်း၍---

၁။ ဥပဇ္ဈာယ်ယူစေခြင်း,

၂။ ဥပဇ္ဈာယ်ပေးခြင်း,

၃။ သပိတ်သင်္ကန်းကိုကြားခြင်း,

၄။ သံဃာ့ဘောင်မှထုတ်ခြင်း,
၅။ အနုသာသကရဟန်းက ရဟန်းကိုသမုတ်ခြင်း,
၆။ သမုတိရသောရဟန်းသွား၍ ရဟန်းလောင်းကို သင်ကြားဆုံးမခြင်း,
၇။ သင်ကြားဆုံးမပြီးသော ရဟန်းလောင်းကို ဥတ်ဖြင့် သံဃာ့ဘောင်သို့သွင်းခြင်း,
၈။ ရဟန်းအဖြစ်ကိုတောင်းခြင်း,
၉။ အန္တရာယိကဓမ္မပုစ္ဆက ရဟန်းကိုသမုတ်ခြင်း,
၁၀။ အန္တရာယိကဓမ္မကို မေးမြန်းခြင်း,

ဟူသော ပုဗ္ဗကိစ္စဆယ်ပါးကို အစဉ်အတိုင်းပြုရာ၏။

ထိုနောက်မှ "သုဏာတု မေ ဘန္တေ သံဃော" အစရှိသော ဉတ္တိစတုတ္ထကမ္မဝါစာကို အကြိမ်များစွာ ဖတ်ရွတ်၍ ပဋ္ဌင်းဖြစ်အောင် ပြုလုပ်ခြင်းဟူသော ပဓာနကိစ္စ ကိုပြုရာ၏။

ထိုနောက်မှ--

၁။ ပဋ္ဌင်းဖြစ်သော အခါသမယကို ကြားခြင်း,
၂။ နိဿယ လေးပါးကို ကြားခြင်း,
၃။ အကရဏီယ လေးပါးကို ကြားခြင်း,

ဟူသော အပရကိစ္စသုံးပါးကို ပြုရာ၏။

## ပုဗ္ဗကိစ္စ ၁၀-ပါး
## ဥပဇ္ဈာယ် ယူစေခြင်းနှင့် ဥပဇ္ဈာယ်ပေးခြင်း

ထိုပုဗ္ဗကိစ္စ, ပဓာနကိစ္စ, အပရကိစ္စဟု ဆိုအပ်သော ကိစ္စသုံးပါးတို့တွင် ပုဗ္ဗကိစ္စဆယ်ပါး၌ အကျုံးဝင်သော ဥပဇ္ဈာယ်ယူစေခြင်း, ဥပဇ္ဈာယ်

ပေးခြင်းဟူသော ပုဗ္ဗကိစ္စနှစ်ပါးတို့ ပြည့်စုံစေခြင်းငှါ-

"ပဌမံ ဥပဇ္ဈံ ဂါဟာပေတဗ္ဗော"

ဟူသောဝါကျစကားကို ရှေးဦးစွာ ဟောတော်မူသည်။

အနက်ကား။ ။ပဌမံ=သပိတ်သင်္ကန်းကိုကြားခြင်းကိစ္စ- စသည်တို့မှ၊ ဝါ=တို့၏ ရှေးဦးစွာ၊ ဥပသမ္ပဒါပေက္ခော=ပဉ္စင်းလောင်းကို၊ ဥပဇ္ဈံ=ဥပဇ္ဈာယ်ကို၊ ဂါဟာပေတဗ္ဗော=ယူစေအပ်၏။

["ဥပဇ္ဈာယော မေ ဘန္တေဟောဟိ" ဟု သုံးခေါက်ဆိုစေ၍ ဥပဇ္ဈာယ် ယူစေရမည်။]

ဥပဇ္ဈာယ် ပြုလုပ်မည့် မထေရ် ရဟန်းတော်ကလည်း-

"သာဓု" ဟူ၍လည်းကောင်း "သာဟု" ဟူ၍ လည်းကောင်း လဟု၍လည်းကောင်း "ဩပါယိကံ" ဟူ၍လည်းကောင်း "ပတိရူပံ" ဟူ၍လည်းကောင်း "ပါသာဒိကေန သမ္ပာဒေဟိ" ဟူ၍လည်းကောင်း နှုတ်တက်ရာ နှစ်သက်ရာ တစ်ခုခုသောစကားကို သုံးခေါက်ဆိုရမည် ဟူလိုသည်။

ဤပုဗ္ဗကိစ္စနှစ်ပါးကို ပြုရသည်မှာ-

"န ဘိက္ခဝေ အနုပဇ္ဈာယကော ဥပသမ္ပာ ဒေတ ဗ္ဗော၊ ယော ဥပသမ္ပာဒေယျ, အာပတ္တိဒုက္ကဋဿ"

ဟူသော မဟာခန္ဓက ပါဠိတော်မြတ်နှင့်အညီ ဥပဇ္ဈာယ်မရှိသော ပဉ္စင်းလောင်းကို ပဉ္စင်းခံခဲ့သည်ရှိသော် ကမ္မဝါဆရာ, ကာရကသံဃာတော်တို့၌ ဒုက္ကဋ်အပြစ် စင်စစ်စွန်းငြိ ရာသောကြောင့် ထိုဒုက္ကဋ် အပြစ်မှ စင်စစ်လွတ်ကင်း သန့်ရှင်းစေခြင်းငှါ ဤပုဗ္ဗကိစ္စနှစ်ပါးကို ပြုရသတည်း။

[ဥပဇ္ဈာယ်ယူစေခြင်း, ဥပဇ္ဈာယ်ပေးခြင်းဟူသော ပုဗ္ဗကိစ္စနှစ်ပါးပြီး၏။]

## သပိတ်သက်န်းကိုကြားခြင်း

ဥပဇ္ဈာယ်ယူစေခြင်း, ဥပဇ္ဈာယ်ပေးခြင်းဟူသော ပုဗ္ဗကိစ္စကို ပြည့်စုံစေပြီး၍ သပိတ်သက်န်းကို ကြားခြင်းဟူသော ပုဗ္ဗကိစ္စကိုပြတော်မူခြင်းငှါ-

"ဥပဇ္ဈံ ဂါဟာပေတွာ ပတ္တစီဝရံ အာစိက္ခိတဗ္ဗံ၊
အယံ တေ ပတ္တော၊ --- အာမ ဘန္တေ၊
အယံ သံဃာဋိ၊ --- အာမ ဘန္တေ၊
အယံ ဥတ္တရာသင်္ဂေါ၊ --- အာမ ဘန္တေ၊
အယံ အန္တရဝါသကော၊ အာမ ဘန္တေ"

ဟူသော ဒေသနာဝါကျကို ဟောတော်မူသည်။

[ဤဒေသနာဝါကျ၌ "အာမဘန္တေ" ဟူသော ပဋိညာစကားသည် ပါဠိတော် ရင်း၌မရှိ၊ နောက်မှထည့်သွင်းသော စကားသာဖြစ်၏၊ ထိုသို့ဖြစ်သော်လည်း လိုအပ်သော စကားပင်ဖြစ်၍ သင့်မြတ်သည်သာဖြစ်၏။]

အနက်ကား။ ။ ဥပဇ္ဈံ=ဥပဇ္ဈာယ်ကို၊ ဂါဟာပေတွာ= ယူစေ ပြီး၍၊ ပတ္တစီဝရံ=သပိတ်သက်န်းကို၊ အာစိက္ခိတဗ္ဗံ=ကြားအပ်၏၊ ကိံအာစိက္ခိတဗ္ဗံ=အဘယ်သို့ကြားအပ်သနည်းမူကား။

အာဝုသော=အမောင်၊ အယံ=အဓိဋ္ဌာန်လောက်သော အဆင်းအရောင်, သဏ္ဌာန်, ပမာဏနှင့်ပြည့်စုံသော ဤသပိတ်သည်၊ တေ=အမောင်ပဉ္စင်းလောင်း၏၊ ပတ္တော=မရမ်းမငှါး အများမဆိုင် ကိုယ်ပိုင်သပိတ်ပေတည်း။

ဘန္တေ=အရှင်ဘုရား၊ အာမ=အရှင်မိန့်တိုင်းမှန်ပါ၏။

အယံ=အဓိဌာန်လောက်သောအဆင်းအရောင်, သဏ္ဌာန်, ပမာဏနှင့် ပြည့်စုံသော ဤဒုဂုဏ်သင်္ကန်းသည်၊ တေ=အမောင်ပဉ္စင်းလောင်း၏၊ သံဃာဋိ=ဒုဂုဏ်သင်္ကန်းပေတည်း။

ဘန္တေ=အရှင်ဘုရား၊ အာမ=အရှင်မိန့်တိုင်းမှန်ပါ၏။

အယံ=အဓိဌာန်လောက်သောအဆင်းအရောင်, သဏ္ဌာန်, ပမာဏနှင့်ပြည့်စုံသော ဤကိုယ်ရုံသည်၊ တေ=အမောင်ပဉ္စင်းလောင်း၏၊ ဥတ္တရာသင်္ဂ=ကိုယ်ရုံပေတည်း။

ဘန္တေ=အရှင်ဘုရား၊ အာမ=အရှင်မိန့်တိုင်းမှန်ပါ၏။

အယံ=အဓိဌာန်လောက်သော အဆင်းအရောင်,သဏ္ဌာန်, ပမာဏနှင့် ပြည့်စုံသော ဤသင်းပိုင်သည်၊ တေ=အမောင်ပဉ္စင်းလောင်း၏၊ အန္တရဝါသကော=သင်းပိုင်ပေတည်း။

ဘန္တေ=အရှင်ဘုရား၊ အာမ=အရှင်မိန့်တိုင်းမှန်ပါ၏။

ဤသပိတ်သင်္ကန်းကို ကြားခြင်းဟူသော ပုစ္ဆကိစ္စကိုပြုရသည်မှာ-

"န ဘိက္ခဝေ ယာစိတကေန ပတ္တစီဝရေန ဥပသမ္ပာ-
ဒေတဗ္ဗော၊ ယော ဥပသမ္ပာဒေယျ, အာပတ္တိ ဒုက္ကဋဿ" ။

ဟူသော မဟာခန္ဓကပါဠိတော်မြတ်နှင့်အညီ ခဏခေတ္တ ငှါးရမ်းသော သပိတ်သင်္ကန်းဖြင့် ပဉ္စင်းခံခဲ့သည်ရှိသော် ဥပဇ္ဈာယ်ဆရာ, ကမ္မဝါဆရာ, ကာရက သံဃာတို့၌ ဒုက္ကဋ်အပြစ် စင်စစ်စွန်းငြိရာသောကြောင့် ထိုဒုက္ကဋ် အပြစ်မှ စင်စစ်လွတ်ကင်း သန့်ရှင်းစင်ကြယ်စေခြင်းငှါ ဤပုစ္ဆကိစ္စကို ပြုရသတည်း။

[ထို့ကြောင့် သပိတ်သင်္ကန်းသည် ပဉ္စင်းလောင်း၏ ပုဂ္ဂလိက သန္တကဖြစ်ပေမှု ဆိုဖွယ်မရှိပြီ၊ သူတစ်ပါးတို့က ချီးမြှင့်သော သပိတ်,သင်္ကန်းဖြစ်ပေမူကား ဤပုစ္ဆကိစ္စကို မပြုမီ ရှေးအဖို့က

ပင် ပဥ္စင်းလောင်း၏ ပုဂ္ဂလိက သန္တက ဖြစ်မြောက် လေအောင် ပေးလှူချီးမြှင့်၍ထားအပ်၏၊ သက်န်းသုံးထည်ကိုလည်း ကပ္ပဗိန္ဒု ထိုး၍ ထားအပ်၏၊ သတိရှိပါစေ။]

ဤပုစ္ဆကိစ္စတိုင်အောင် ဥပဇ္ဈာယ်ဆရာ၏အမည်, ပဥ္စင်းလောင်း ၏အမည်ကို သုံးသပ်သောစကား မပါရှိသေးသည်နှင့် တိဿဟူသော နာဂဟူသော အမည်များကို မမှည့်သော်လည်း သင့်မြတ်ပါသေး၏။

ဤမှနောက်၌မူကား ဥပဇ္ဈာယ်ဆရာအား တိဿ-ဟူသော အမည် ပဥ္စင်းလောင်းအား နာဂ-ဟူသောအမည်ကိုပေးရမည်။

[ သတိရှိပါစေ ]

ထိုသူတို့၏ပကတိအမည်များသည် နန္ဒ, သုမန- စသော ဖတ်လွယ် ရွတ်လွယ်သော အမည်ဖြစ်ပေမူ ထိုအမည်ရင်း အတိုင်း နှင့်-

"သုဏာတု မေ ဘန္တေ သံဃော၊ နန္ဒော အာယသ္မတော သုမနဿ ဥပသမ္ပဒါပေက္ခော" ။

စသည်ဖြင့် ဖတ်ရွတ်ခြင်းငှါ သင့်မြတ်လှပါ၏။

သပိတ်သင်္ကန်းကို ကြားခြင်းဟူသော တတိယ ပုစ္ဆကိစ္စပြီး၏။

---------*--------

## သံဃာ့ဘောင်မှထုတ်ခြင်း

ယခုအခါ စတုတ္ထပုစ္ဆကိစ္စကိုပြည့်စုံစေခြင်းငှါ-

"ဂစ္ဆ အမုမှိ ဩကာသေ တိဋ္ဌာဟိ" ။

ဟူသော ဒေသနာဝါကျကို ဟောတော်မူသည်။

အနက်ကား။ ။ အာဝုသော=အမောင်ပဉ္စင်းလောင်း၊ ဣတော= ဤသံဃာ့ဘောင်မှ၊ ဂစ္ဆ=သွားပါလေလော့၊ ဂန္တွာ=သွားပြီး၍၊ အမုမှိ ဩကာသေ=ဤအမည်ရှိသောအရပ်၌၊ တိဋ္ဌာဟိ=ရပ်ဆိုင်းငံ့ထွေ နေလင့်ပါလော့။

ဤပုဗ္ဗကိစ္စကို မပြည့်မီရှေးကာလ၌ ရဟန်းလောင်းကို သံဃာ့အလယ်၌ဆုံးမကြသည်နှင့် သံဃာကိုရှဲ့သဖြင့် ရဟန်းလောင်းသည် မဖြေမကြားဝံ့ရှိနေသောကြောင့်-

"အနုဇာနာမိ ဘိက္ခဝေ ဧကမန္တံ အနုသာသိတွာ သံဃမဇ္ဈေ အန္တရာယိကေ ဓမ္မေ ပုစ္ဆိတုံ "။

ဟု ဤပုဗ္ဗကိစ္စကို ခွင့်ပြုတော်မူပေရကား-

"အမုမှိ ဩကာသေ တိဋ္ဌာဟိ" ဟု သာမညအားဖြင့် ဟောတော်မူပါသော်လည်း သံဃာ့ဥပစာလွတ်လေအောင် သံဃာမှ တစ်ဆယ့်နှစ်တောင်ထက် အလွန်ကွာဝေးသောအရပ်၌ နေလင့်ခြင်းသည် သင့်မြတ်ရာသတည်း။

"ဂစ္ဆ" ဟူ၍ဆိုခြင်းကြောင့် သွားလိုရာအရပ်တိုင်အောင် သွားမည်စိုး၍ "အမုမှိ ဩကာသေ တိဋ္ဌာဟိ" ဟု နေလင့်ရန် အရပ်ဒေသကိုပြ၍ တန့်စားသောစကားဖြစ်ပေရကား "တိဋ္ဌာဟိ=ဆိုင်းလင့်လော့" ဟူသော အနက်သည်သာသင့်ပေသည်၊ မတ်တတ်ရပ်၍ နေရမည် ဆိုလိုသည် မဟုတ်ပေ။

"ဌာ-ဂတိနိဝတ္တိယံ၊ ဂတိနိဝတ္တိ ဂမနဿုပစ္ဆေဒေါ" ဟူသော ဓာတ်ကျမ်းစကားနှင့်အညီ "တိဋ္ဌာဟိ" ဖြင့် သွားခြင်းကြိယာကိုသာ မြစ်ပေသည်၊ ထိုင်ခြင်း, လျောင်းခြင်းကြိယာကို မမြစ်ပေ၊ ထို့ကြောင့် သင့်တင့်ရာ အရပ်၌ ရဟန်းနေရန်, ကမ္မဝါဆရာတို့နေရန် ခင်းကျင်းစီမံ၍

ထားနှင့်ပြီးလျှင် ရဟန်းလောင်းက ကမ္မဝါဆရာတို့အားရှိခိုး၍ ကမ္မဝါဆရာတို့က ဆောင့်ကြောင့်ထိုင်ခြင်း, ထက်ဝယ်ဖွဲ့ခွေခြင်းတို့ဖြင့် ချမ်းသာစွာ နေထိုင်၍ ဆုံးမခြင်းသည်သာလျှင် နေရသူတို့လည်းချမ်းသာသည်၊ မြင်ရသူတို့လည်း ကြည်ညိုဖွယ်ရှိသည်၊ ပါဠိတော်နှင့်လည်းသင့်လျော်သည်။

[ သပိတ်ပရိက္ခရာကို လွယ်စေ၍ ထွက်စေရမည်ဟု ကျမ်းဂန် အရိပ်မျှမထင်၊ အကျိုးလည်း မထင်။ ]

သံဃဘောင်မှ ထုတ်ခြင်းဟူသော စတုတ္ထ ပုစ္ဆကိစ္စပြီး၏။

-------*-------

## အနုသာသကရဟန်းက ရဟန်းကိုသမုတ်ခြင်း

ယခုအခါ ပဉ္စမပုစ္ဆကိစ္စကို ပြည့်စုံစေခြင်းငှါ-

"သုဏာတု မေ ဘန္တေ သံဃော၊ နာဂေါ အာယသ္မ တော တိဿဿ ဥပသမ္ပဒါပေက္ခော၊ ယဒိ သံဃဿပတ္တ ကလ္လံ၊ အဟံ နာဂံ အနုသာသေယျံ။"

ဟူသော သမ္မုတိဉတ်ကိုထားတော်မူသည်။

ဤ သမ္မုတိ-ဟူသော ပုစ္ဆကိစ္စကိုပြုရသည်မှာ-

"န ဘိက္ခဝေ အသမ္မတေန ဥပသမ္ပဒါပေက္ခော အနုသာသိတဗ္ဗော၊ ယော အနုသာသေယျ, အာပတ္တိ ဒုက္ကဋဿ" ။

ဟူသော မဟာခန္ဓကပါဠိတော်မြတ်နှင့်အညီ သမ္မုတိမရဘဲ ဆုံးမမိချေလျှင် ဒုက္ကဋ်အပြစ် စင်စစ်စွန်းငြိရာသောကြောင့် ထိုအပြစ်မှ လွတ်ကင်းစေခြင်းငှါပြုရသော ပုစ္ဆကိစ္စပေတည်း။

အနုသာသကရဟန်းက ရဟန်းကိုသမုတ်ခြင်းဟူသော ပဉ္စမ ပုစ္ဆကိစ္စပြီး၏။

## သမ္မုတိရသောရဟန်းက ရဟန်းလောင်းကို ဆုံးမခြင်း

ယခုအခါ သမ္မုတိရသောရဟန်းတို့၏ ရဟန်းလောင်းနေလင့်ရာ အရပ်သို့သွား၍ သင်ကြားဆုံးမခြင်းဟူသော ဆဋ္ဌမပုဗ္ဗကိစ္စကိုပြခြင်းငှါ- “သုဏာသိနာဂ” အစရှိသော ဒေသနာဝါကျကို ဟောတော်မူသည်။

အနက်ကား။ ။ နာဂ=နာဂအမည်ရှိသော အမောင်ပဉ္စင်းလောင်း၊ သုဏာသိ=ငါတို့နှစ်ပါး မိန့်စကားကို နားထောင်လော့၊ အယံ= ဤအခါသည်ကား၊ တေ=အမောင်ပဉ္စင်းလောင်း၏၊ သစ္စကာလော= မသွေမလှန် အမှန်ကိုသာ လျှောက်ထားရမည့်အခါပေတည်း၊ ဘူတကာလော=မပို မယုတ်အဟုတ်ကိုသာ လျှောက်ထားရမည့်အခါပေတည်း၊ ယံ=အကြင် ကုဋ္ဌ, ဂဏ္ဍ-စသော အန္တရာယိက ဓမ္မတို့၏ ရှိ-မရှိသော သဘောသည်၊ ဇာတံ=သင့်ဝယ်ဖြစ်၏၊ တံ=ထိုကုဋ္ဌ, ဂဏ္ဍ-စသော အန္တရာယိကဓမ္မတို့၏ ရှိ-မရှိသော သဘောကို၊ သံဃမဇ္ဈေ=သံဃာ့ အလယ်သို့ ရောက်သောကာလ၌၊ ပုစ္ဆန္တေ=ပုစ္ဆကသမ္မုတိရသော မထေရ် ရဟန်းက မေးမြန်းစစ်ဆေးပေသည်ရှိသော်၊ သန္တံ=ထင်ရှားရှိပေမူကား၊ အတ္ထီတိ=ရှိပါပေသည်ဘုရားဟူ၍၊ ဝတ္တဗ္ဗံ=လျှောက်ထားအပ်ပေသည်၊ အသန္တံ=ထင်ရှားမရှိပေ မူကား၊ နတ္ထီတိ=မရှိပါဘုရားဟူ၍၊ ဝတ္တဗ္ဗံ=လျှောက် ထားအပ်ပေသည်၊ မာ ခေါ ဝိတ္ထာသိ=ကြောက်စိတ် ကွက်၍ ကိုယ်လက် အင်္ဂါ ခိုင်မာမလှုပ် သစ်သားရုပ်သို့ ငုတ်တုတ်မနေပါလင့်၊ မံကု=ကြောက် စိတ်ဝင်၍ မရွှင်ညှိုးချုံး နှလုံးမသာမျက်နှာမလှရှိသည်၊ မာ ခေါ အဟော သိ=မဖြစ်ပါလင့်။

ဧဝံ=ဤဆိုလတ္တံ့သောနည်းဖြင့်၊ တံ=သင်အမောင်ပဉ္စင်းလောင်း ကို၊ ပုစ္ဆိဿန္တိ=မေးမြန်းစစ်ဆေးကြကုန်လတ္တံ့၊ ကိံပုစ္ဆိဿန္တိ=အဘယ်သို့ မေးမြန်းစစ်ဆေး ကြကုန်လတ္တံ့နည်းဟူမူကား-

၁။ ကုဋ္ဌ=နူနာမျိုးလည်းကောင်း၊ ဂဏ္ဍော=အိုင်းနာမျိုးလည်းကောင်း၊ ကိလာသော=ပွေးညှင်းတင်းတိတ် အနာမျိုးလည်းကောင်း၊ သောသော=ခယရုပ်ချောင်းဆိုးအနာမျိုးလည်းကောင်း၊ အပမာရော=ဝက်ရူး ကြက်ရူးအနာမျိုးလည်းကောင်း၊ ဧဝရူပါ=ဤသို့သဘောရှိကုန်သော၊ အာဗာဓာ=အနာကြီးငါးမျိုးတို့သည်၊ တေ=သင်ပဉ္စင်းလောင်းအား၊ သန္တိ=ရှိပါကုန်သလော၊ ဧဝံ=ဤသို့၊ ပုစ္ဆိသန္တိ=မေးမြန်းစစ်ဆေးကြကုန်လတ္တံ့။

၂။ တွံ=သင်ပဉ္စင်းလောင်းသည်၊ မနုဿော အသိ=လူသားစင်စစ် မှန်ပါ၏လော၊ ဧဝံပိ=ဤသို့လည်း၊ ပုစ္ဆိသန္တိ=မေးမြန်း စစ်ဆေးကြကုန်လတ္တံ့။

၃။ တွံ=သင်ပဉ္စင်းလောင်းသည်၊ ပုရိသော အသိ=ယောကျ်ားစင်စစ်မှန်ပါ၏လော၊ ဧဝံပိ=ဤသို့လည်း၊ ပုစ္ဆိသန္တိ= မေးမြန်းစစ်ဆေးကြကုန်လတ္တံ့။

၄။ ဘုဇိဿော=သူ့ကျွန်မဖြစ် စင်စစ်တော်လှန် သူကောင်းမှန်သည်၊ အသိ=ဖြစ်ပါ၏လော၊ ဧဝံပိ=ဤသို့လည်း၊ ပုစ္ဆိသန္တိ=မေးမြန်း စစ်ဆေးကြကုန်လတ္တံ့။

၅။ အနဏော=သူ့မြီ သူ့ကြွေးချေးငှါးမတင် သန့်ရှင်းစင်သည်၊ အသိ=ဖြစ်ပါ၏လော၊ ဧဝံပိ=ဤသို့လည်း၊ ပုစ္ဆိသန္တိ=မေးမြန်းစစ်ဆေးကြကုန်လတ္တံ့။

၆။ ရာဇဘဋော=မင်းခယောကျ်ား လစာစားသည်၊ နအသိ=မဖြစ်ဘဲရှိပါ၏လော၊ ဧဝံပိ=ဤသို့လည်း၊ ပုစ္ဆိသန္တိ=မေးမြန်းစစ်ဆေးကြကုန်လတ္တံ့။

၇။ မာတာပိတူဟိ=အမိ, အဘတို့သည်၊ အနုညာတော= အခွင့်ပြုပြီးသောသူသည်၊ အသိ=ဖြစ်ပါ၏လော၊ ဧဝံပိ=ဤသို့

လည်း၊ ပုစ္ဆိံသဏ္ဍိ=မေးမြန်း စစ်ဆေးကြကုန်လတ္တံ့။

၈။ ပရိပုဏ္ဏဝိသတိဝဿော=ပဋိသန္ဓေတည်နေသည်မှ စ၍ရေတွက် အသက်နှစ်ဆယ် ပြည့်ဖြိုးကြွယ်သည်၊ အသိ=ဖြစ်ပါ၏လော၊ ဧဝံပိ=ဤသို့လည်း၊ ပုစ္ဆိံသဏ္ဍိ=မေးမြန်းစစ်ဆေးကြကုန်လတ္တံ့။

၉။ တေ=သင်ပဉ္စင်းလောင်းအား၊ ပတ္တစီဝရံ=သပိတ်, သင်္ကန်းသည်၊ ပရိပုဏ္ဏံ=ပြည့်စုံပါ၏လော၊ ဧဝံပိ=ဤသို့လည်း၊ ပုစ္ဆိံသဏ္ဍိ=မေးမြန်းစစ်ဆေးကြကုန်လတ္တံ့။

၁၀။ တွံ= သင်သည်၊ ကိံနာမောအဘယ်အမည်ရှိသည်၊ အသိ=ဖြစ်ပါသနည်း၊ ဧဝံပိ=ဤသို့လည်း၊ ပုစ္ဆိံသဏ္ဍိ=မေးမြန်းစစ်ဆေးကြကုန်လတ္တံ့။

၁၁။ တေ=သင်ပဉ္စင်းလောင်း၏၊ ဥပဇ္ဈာယော=ဥပဇ္ဈာယ်ဆရာသည်၊ ကောနာမော=အဘယ်အမည်ရှိပါသနည်း၊ ဧဝံပိ=ဤသို့လည်း၊ ပုစ္ဆိံသဏ္ဍိ=မေးမြန်းစစ်ဆေးကြကုန်လတ္တံ့။

အနုသာသနကိစ္စဆိုသည်ကား--

သံဃာ့ဘောင်သို့ တစ်ဖန်သွင်း၍ သံဃာ့အလယ်သို့ ရောက်သောကာလ ပုစ္ဆကသမ္မုတိရသော ထေရ်ရဟန်းတော်တို့က မေးမြန်းစစ်ဆေးလတ္တံ့သော အကြောင်းအရာစုကို ပဉ္စင်းလောင်းသိနှင့်ရန် သင်ကြားခြင်းကိစ္စသာတည်း၊ မေးခန်း, ဖြေခန်းမဟုတ်သေးပေ၊ မေးခန်းဖြေခန်းမှာ သံဃာ့အလယ်၌သာ ပြုထိုက်သည်၊ အပ၌မပြုထိုက်။

“အဟံ နာဂံ အနုသာသေယျံ” ဟု အနုသာသနသမ္မုတိကို ခံယူ၍ သွားလေသော ထိုမထေရ်ရဟန်းတော်တို့သည်လည်း သင်ကြားဆုံးမခြင်း- အနုသာသနအမှုကိုသာ ပြုထိုက်ပေကုန်သည်၊ မေးမြန်း စစ်ဆေး

ခြင်း ပုစ္ဆနအမှုကို မပြုထိုက်ပေကုန်။

ထိုပုစ္ဆနအမှုကိုကား--

"အဟံ နာဂံ အန္တရာယိကေ ဓမ္မေ ပုစ္ဆေယျံ"

ဟု ပုစ္ဆနသမ္မုတိကို ခံယူပြီးမှ သမ္မုတိရသောရဟန်းတို့သည်သာလျှင် ပြုထိုက်ကုန်သည်၊ ပုစ္ဆနသမ္မုတိမရသော ရဟန်းတို့ မပြုထိုက်ကုန်။

ဤအကြောင်းကိုကား-

"သံဃမဇ္ဈေ ပုစ္ဆန္တေ" ဟူသော စကားကိုလည်းကောင်း " ဧဝံ တံ ပုစ္ဆိသန္တိ" ဟူ၍ အနာဂတ်ဝိဘတ်နှင့် လာသည်ကိုလည်းကောင်း ထောက်၍သိသာထင်လင်းလှပါ၏။

[ထို့ကြောင့် ထိုအပသို့လိုက်သွားသောရဟန်းတို့သည် မေးမြန်းခြင်းအမှုနှင့် အလျဉ်းပင် မဆိုင်လေရကား "အာဗာဓာ=အနာကြီးငါးမျိုးတို့သည်၊ သန္တိ=ရှိကုန်သလော၊ ကုဋ္ဌံ=နူနာမျိုးသည်၊ အတ္ထိ=ရှိသလော၊ ဂဏ္ဍော=အိုင်းနာမျိုးသည်၊ အတ္ထိ=ရှိသလော။ပ။ တေ=သင်ပဥ္စင်းလောင်း၏၊ ဥပဇ္ဈာယော=ဥပဇ္ဈာယ်ဆရာသည်၊ ကောနာမော=အဘယ်အမည်ရှိသနည်း" ဟုမေးမြန်းသောအနေနှင့် ပေးကြ, ဆိုကြသောအနက်သည်လည်း မသင့်လွန်း၊ ဧဝံပုစ္ဆိသန္တိ, ကို အသီးအသီးသော စကားဝါကျတို့၌ဖြစ်စေ, အဆုံးစွန်၌ဖြစ်စေ ယှဉ်၍ပေးမှသာ သင့်မြတ်သည်။ ]

"သန္တိ တေ ဧဝရူပါ အာဗာဓာ"-- ဟူသောပုဒ်၌ ဧဝရူပါ အာဗာဓာ၏ သရုပ်ကို ကုဋ္ဌံ, ဂဏ္ဍော-စသည်ဖြင့် ထုတ်ပြကာမျှသာဖြစ်ပေသောကြောင့် ကုဋ္ဌံ-ကိုမေးခွန်းတစ်ခု, ဂဏ္ဍော-ကို မေးခွန်းတစ်ခု, ကိလာသော-သောသော-အပမာရောတို့ကိုလည်း မေးခွန်းတစ်ခုစီ တစ်ခု

စီပြုခြင်းသည်လည်း မသင့်လွန်း၊ ဇင်းတို့ကို "ဧဝရူပါ အာဗာဓာ" နှင့်ပေါင်း၍မေးခွန်း တစ်ခုသာဖြစ်သင့်ပေသည်။

"ဧဝံ တံ ပုစ္ဆိသဗ္ဗံ"-၌ ဧဝံ၏အရသာ ဖြစ်သော ပုစ္ဆိနာကာရ သရုပ်ကို "သန္တိ တေ ဧဝရူပါ အာဗာဓာ ကုဋ္ဌံ ။ ပ ။ ကော နာမော တေ ဥပဇ္ဈာယော" ဟု ထုတ်ပြခြင်းမျှသာဖြစ်ပေရကား ဤစကားတို့၏ အတွင်း၌ ရှိသော-

၁။ "နတ္ထိ ဘန္တေ" ငါးပုဒ်,
၂။ "အာမ ဘန္တေ" ရှစ်ပုဒ်,
၃။ "အဟံ ဘန္တေ နာဂေါ နာမ" ပုဒ်,
၄။ "ဥပဇ္ဈာယော မေ ဘန္တေ အာယသ္မာ တိဿတ္ထေရော နာမ"

ပုဒ် ဤအဖြေပုဒ်များသည် အရာမဟုတ်သည် စင်စစ်ပေတည်း။

ထို့ကြောင့် ပဥ္စင်းလောင်းနေရာအပ၌ နာဂေါ-ဟူသောအမည်, တိဿော-ဟူသောအမည်များကို ဖွဲ့ဖွဲ့နွဲ့နွဲ့ ချဲ့ချဲ့ထွင်ထွင် တန်းဆာဆင် ၍ လူ, ရှင်အများ ကြားစေသမှု ပြုလုပ်ကြသောအမှုသည် အရာမဟုတ် ရာ၌ ပြုလုပ်ခြင်း သက်သက်သာဖြစ်သတည်း။

[ ပြုလုပ်လိုလျှင် သံဃအလယ်သို့ရောက်၍ ပုစ္ဆနသမ္မုတိကို ရပြီးမှ လုပ်သင့်သည်၊ ပညာရှိတို့သတိပြုရန်။ ]

ဤသင်ကြားဆုံးမခြင်း ပုဗ္ဗကိစ္စကိုပြုရသည်မှာ အချို့သော ရဟန်းလောင်းတို့သည် သံဃာ့အပြင်၌ အလျှင်မနှုးနှပ်နှင့်မူ၍ သံဃာ့ အလယ်၌ မေးမြန်းစစ်ဆေးလေရာ မဖြေဝံ့ကြရှိသည်နှင့် သံဃာ့အလယ်၌

ရဲရဲ ဖြေဆို လျှောက်ထားဝံ့စေခြင်းငှါ နှုးနှပ်နှင့်ရသော ကိစ္စပေတည်း။
အပဿသင်ကြားဆုံးမခြင်းဟူသော ဆဋ္ဌမ ပုဗ္ဗကိစ္စပြီး၏

---------✱---------

## ဉတ်ဖြင့် သံဃာ့ဘောင်သို့ ပြန်သွင်းခြင်း

ယခုအခါ ဆုံးမသင်ကြား၍ နှုးနပ်လိမ္မာပြီးသော ရဟန်းလောင်းကို သံဃာ့ဘောင်သို့ တစ်ဖန်သွင်းခြင်းဟူသော သတ္တမ ပုဗ္ဗကိစ္စကို ပြခြင်းငှါ--

"သုဏာတု မေ ဘန္တေ သံဃော၊ နာဂေါ အာယသ္မ တော
တိဿဿ ဥပသမ္ပဒါပေက္ခော၊ အနုသိဋ္ဌော သော မယာ၊
ယဒိ သံဃဿ ပတ္တကလ္လံ နာဂေါ အာဂစ္ဆေယျ" ။

ဟူသောဉတ်နှင့်တကွ "အာဂစ္ဆာဟီတိ ဝတ္တဗ္ဗော" ဟူသော ဝိဓိကို ဟောတော်မူသည်။

ဤပုဗ္ဗကိစ္စကိုပြုရသည်မှာ ရှေးအခါ သံဃာ့ဘောင်သို့ အနုသာသက ရဟန်းနှင့်တကွ ရဟန်းလောင်း လိုက်မလာသည်နှင့် မလိုက်လာစေဘဲ သံဃာကို ဉတ်ဖြင့်သိစေပြီးမှ ခေါ်ခြင်းငှါပြုရသည်။

ထို့ကြောင့်--

"န ဧကတော အာဂန္တဗ္ဗံ၊ အနုသာသကေန ပဌမတရံ အာဂန္ဓာ သံဃော ဉာပေတဗ္ဗော" ။

[ ဟူ၍ ဟောတော်မူသည်။ ]

ဉတ်ဖြင့်သံဃဘောင်သို့ သွင်းခြင်းဟူသော သတ္တမ ပုဗ္ဗကိစ္စပြီး၏။

----------✱----------

## ရဟန်းအဖြစ်ကို တောင်းခြင်း

ယခုအခါသံဃာ့အလယ်သို့ရောက်၍ ရဟန်းအဖြစ်ကို သံဃာအား တောင်းပန်ခြင်းဟူသော ပုဗ္ဗကိစ္စကိုပြခြင်းငှါ-

"သံဃံ ဘန္တေ ဥပသမ္ပဒံ ယာစာမိ၊ ဥလ္လုမ္ပတု မံ ဘန္တေ သံဃော အနုကမ္ပံ ဥပါဒါယ"။

ဒုတိယမ္ပိ သံဃံ ဘန္တေ ဥပသမ္ပဒံ ယာစာမိ၊ ဥလ္လုမ္ပတု မံ ဘန္တေ သံဃော အနုကမ္ပံ ဥပါဒါယ"။

တတိယမ္ပိ သံဃံ ဘန္တေ ဥပသမ္ပဒံ ယာစာမိ၊ ဥလ္လုမ္ပတု မံ ဘန္တေ သံဃော အနုကမ္ပံဥပါဒါယ"။

ဟူသော ဒေသနာဝါကျကို ဟောတော်မူသည်။

အနက်ကား။ ။ ဘန္တေ=အရှင်ဘုရားတို့၊ အဟံ=အကျွန်ုပ် သည်၊ သံဃံ=သံဃာတော်ကို၊ ဥပသမ္ပဒံ=ပဉ္စင်းအဖြစ်ကို၊ ယာစာမိ=တောင်းပန်ပါ၏၊ ဘန္တေ=အရှင်ဘုရားတို့၊ သံဃော=သံဃာတော်သည်၊ မံ=အကျွန်ုပ်ကို၊ အနုကမ္ပံ=သနားစောင့်ရှောက် ချီးမြှောက် ကယ်မခြင်းကို၊ ဥပါဒါယ=အစွဲပြု၍၊ ဥလ္လုမ္ပတု=သီလသိက္ခာ သေးငယ်စွာသော သာမဏေ အဖြစ်မှ နှစ်ရာ့နှစ်ဆယ် ခုနစ်သွယ်သိက္ခာ ကြီးမြတ်စွာသော သာသနာ့ထမ်း ရဟန်းတော်အဖြစ်သို့ ထုတ်ဆယ်ကယ်တင်တော်မူပါလော့။

ဘန္တေ=အရှင်ဘုရားတို့၊ ဒုတိယမ္ပိ=နှစ်ကြိမ်မြောက်လည်း၊ အဟံ=အကျွန်ုပ်သည်၊ သံဃံ=သံဃာတော်ကို၊ ဥပသမ္ပဒံ=ပဉ္စင်းအဖြစ်ကို၊ ယာစာမိ=တောင်းပန်ပါ၏၊ ဘန္တေ=အရှင်ဘုရားတို့၊ သံဃော=သံဃာတော်သည်၊ မံ=အကျွန်ုပ်ကို၊ အနုကမ္ပံ=သနားစောင့်ရှောက် ချီးမြှောက် ကယ်မခြင်းကို၊ ဥပါဒါယ=အစွဲပြု၍၊ ဥလ္လုမ္ပတု=ကိလေသာဟု တဏှာ မြေးရစ် မြူအညစ်မှ အသစ်စဲစဲ ပုလဲအသွင် ဖြူစင်သန့်ရှင်းသော ကုသိုလ်

အဖို့သို့ ထုတ်ဆယ် ကယ်တင်တော်မူပါလော့။

ဘန္တေ=အရှင်ဘုရားတို့ တတိယမ္ပိ=သုံးကြိမ်မြောက်လည်း၊ အဟံ=အကျွန်ုပ်သည်၊ သံဃံ=သံဃာတော်ကို၊ ဥပသမ္ပဒံ=ပဉ္စင်းအဖြစ်ကို၊ ယာစာမိ=တောင်းပန်ပါ၏၊ ဘန္တေ=အရှင်ဘုရားတို့၊ သံဃော=သံဃာတော်သည်၊ မံ=အကျွန်ုပ်ကို၊ အနုကမ္ပံ=သနားစောင့်ရှောက် ချီးမြှောက်ကယ်မခြင်းကို၊ ဥပါဒါယ=အစွဲပြု၍၊ ဥလ္လုမ္ပတု=သံသရာသမုဒ် ဝဲဇလုပ်မှ ဝိမုတ္တိခေါ် သောင်ကျွန်းပေါ်သို့ ထုတ်ဆယ်ကယ်တင်တော်မူပါလော့။

[ဤတောင်းပန်ခြင်းဟူသော ပုစ္ဆကိစ္စကို ပြုရသည်မှာ တောင်းပန်၍ ဖြစ်စေရသော အမှုမည်သည် အလေးအမြတ်ပြုသည်၊ ချီးမြှင့်ပေးသော သံဃာတို့၏ ကျေးဇူးကိုမြင်သည်၊ ဆိုလွယ်ဆုံးမလွယ်သည်၊ ထို့ကြောင့် ပြုရသည်။]

တောင်းပန်ခြင်းဟူသော အဌမ ပုစ္ဆကိစ္စပြီး၏။

--------*-------

## အန္တရာယိကဓမ္မကို မေးမြန်းစစ်ဆေးရန် သမုတ်ခြင်း

ယခုအခါ အန္တရာယိကဓမ္မကို မေးမြန်းစစ်ဆေးရန် သမုတ်ခြင်းဟူသော ပုစ္ဆကိစ္စကိုပြခြင်းငှါ--

"သုဏာတု မေ ဘန္တေ သံဃော၊ အယံ နာဂေါ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခော၊ ယဒိသံဃဿ ပတ္တကလ္လံ၊ အဟံ နာဂံ အန္တရာယိကေ ဓမ္မေ ပုစ္ဆေယျံ" ။

ဟူသော ဉတ္တိကံကို ဟောတော်မူသည်။

ဤသမုတ်ခြင်းဟူသော ပုစ္ဆကိစ္စကိုပြုရသည်မှာ အမှတ်မရှိသော ပုဂ္ဂိုလ်တို့သည် ရဟန်းလောင်းတို့အား အန္တရာယိကဓမ္မကို မေးမြန်းခွင့်

မရစေခြင်းငှါ ပြုရသည်၊ ထို့ကြောင့် ဤပုစ္ဆကသမ္မုတိကို ခံယူသော ပုဂ္ဂိုလ်သည်သာလျှင် မေးမြန်းထိုက်ပေသည်။

မေးမြန်းစစ်ဆေးရန် သမုတ်ခြင်းဟူသော နဝမ ပုစ္ဆကိစ္စပြီး၏။

------------✱------------

## အန္တရာယိကဓမ္မကိုမေးမြန်းစစ်ဆေးခြင်း

ယခုအခါ မေးမြန်းစစ်ဆေးခြင်းဟူသော ပုစ္ဆကိစ္စကိုပြခြင်းငှါ သုဏာသိ နာဂ-အစရှိသော အစီအရင်ကို ဟောတော်မူသည်။

အနက်ကား။ ။ နာဂ=အာဂုံ န ကရောတိ-အစရှိသော ဗျုပ္ပတ္တိဝေါဟာအလွန်သာ၍ မင်္ဂလာပညတ် ဘွဲ့မည်တပ်သည် သူမြတ်ပြီလျှမောင်နာဂ၊ မေ-မမ=ငါ၏၊ ဝစနံ=စကားကို၊ သုဏာသိ=စေ့စေ့ နာပါလော့၊ အယံ=ဤအခါသည်ကား၊ တေ=အမောင်၏၊ သစ္စကာလော= မသွေမလှန်အမှန်ကိုသာ လျှောက်ထားရာသော အခါကာလဖြစ်ပေသည်၊ ဘူတကာလော=မပိုမယုတ် အဟုတ်ကိုသာ လျှောက်ထားရာသော အခါကာလဖြစ်ပေသည်၊ ယံ=အကြင်ကုဋ္ဌ, ဂဏ္ဍစသော အန္တရာယိကဓမ္မတို့၏ ရှိမရှိဟူသော သဘောသည်၊ ဇာတံ=သင့်ဝယ်ဖြစ်၏၊ တံ=ထိုကုဋ္ဌ, ဂဏ္ဍစသော အန္တရာယိကဓမ္မတို့၏ ရှိမရှိဟူသော သဘောကို၊ ပုစ္ဆာမိ=မေးမြန်းပါ၏၊ သန္တံ=ထင်ရှားရှိပါမူကား၊ အတ္ထီတိ=ရှိပါပေသည်ဘုရားဟူ၍၊ ဝတ္တဗ္ဗံ=အမောင်လျှောက်ထားရချိမ့်မည်၊ အသန္တံ=ထင်ရှားမရှိပါမူကား၊ နတ္ထီတိ=မရှိပါဘုရားဟူ၍၊ ဝတ္တဗ္ဗံ=အမောင်လျှောက်ထားရချိမ့်မည်။

၁။ တေ=အမောင်အား၊ ဧဝရူပါ=ဤသို့သဘောရှိကုန်သော၊ အာဗာဓာ= အနာကြီး ငါးမျိုးတို့သည်၊ သန္တိ=ရှိပါကုန်သလော။

(က) ကုဋ္ဌ=ကိုယ်အင်္ဂါလက် အကုန်ပျက်သော သမင်လျက် နူနာမျိုးသည်၊ အတ္ထိ=ရှိပါသလော။

ဘန္တေ=အရှင်ဘုရား၊ နတ္ထိ=မရှိပါ။

(ခ) ဂဏ္ဍော=နှစ်ရှည်ကြာ၍ ဆေးမတွေ့ဘဲ ယနေ့ထက်တိုင် ပြည်အိုင်သွေးပွက် မစဲထွက်သော အိုင်းပျက်အနာမျိုးသည်၊ အတ္ထိ=ရှိပါသလော။

ဘန္တေ=အရှင်ဘုရား၊ နတ္ထိ=မရှိပါ။

(ဂ) ကိလာသော=နွားပြောက်နွားကျား အလားတူလျက် အရေပျက်၍ အကွက်အကွင်း ထင်တုံလျှင်းသော ပွေး ညှင်း တင်းတိတ် အနာမျိုးသည်၊ အတ္ထိ=ရှိပါသလော။

ဘန္တေ=အရှင်ဘုရား၊ နတ္ထိ=မရှိပါ။

(ဃ) သောသော=တဖြေးတဖြေး အသွေးအသား ကုန်ခန်းငြား၍ ခေါင်းပါးဆုတ်ယုတ် ခယရုဂ်ချောင်းဆိုး ပန်းနာမျိုးသည်၊ အတ္ထိ=ရှိပါသလော။

ဘန္တေ=အရှင်ဘုရား၊ နတ္ထိ=မရှိပါ။

(င) အပမာရော=ဝက်ရူး ကြက်ရူး သည်းခြေရူးနှင့် မေ့မူး ချွတ်ယွင်း သတိကင်းသော အနာမျိုးသည်၊ အတ္ထိ=ရှိပါသလော။

ဘန္တေ= အရှင်ဘုရား၊ နတ္ထိ= မရှိပါ။

“သန္တိ တေ ဧဝရူပါ အာဗာဓာ” အစရှိသည်ဖြင့် အနာမျိုး ငါးပါး ထင်ရှားရှိသည်, မရှိသည်ကို ငါတို့နှစ်ပါးက မေးမြန်းသည်ရှိသော် “နတ္ထိ ဘန္တေ”ဟူ၍ သင်ပဉ္စင်းလောင်းက လျှောက်ထားပေသောကြောင့်-

"န ဘိက္ခဝေ ပဥ္စဟိ အာဗာဓေဟိ ဖုဋ္ဌောပဗ္ဗာဇေတဗ္ဗော၊ ယော ပဗ္ဗာဇေယျ, အာပတ္တိ ဒုက္ကဋဿ"

ဟူသော မဟာခန္ဓကပါဠိတော်မြတ်နှင့်အညီ အနာမျိုးငါးပါး ထင်ရှားရှိသော ပဥ္စင်းလောင်းကို ရဟန်းခံ၍ ပေးသည်ရှိသော် ဥပဇ္ဈာယ်ဆရာ, ကမ္မဝါဆရာ, ဂိုဏ်းသံဃာတို့အား စွန်းငြိရာသော ဒုက္ကဋ်အပြစ်မှ စင်စစ်လွတ်ကြောင်း သူကောင်းအမှန် ဖြစ်ပေသည် ဟုမှတ်။

၂။ တွံ=သင်ပဥ္စင်းလောင်းသည်၊ မနုဿော=ပြဟ္မာ, သိကြား, နဂါး, ဂဠုန်, ကုမ္ဘဏ်မဖြစ် လူစင်စစ်သည်၊ အသိ=မှန်ပါ၏လော၊

ဘန္တေ=အရှင်ဘုရား၊ အာမ=လူသားစင်စစ်မှန်ပါ၏၊

"မနုဿောသိ" ဟူသော ပါဠိဖြင့် လူသားစင်စစ် ဖြစ်သည် ဧကန်မှန်ပါ၏လောဟု ငါတို့ကမေးမြန်းသည်ရှိသော် "အာမဘန္တေ" ဟု သင်ပဥ္စင်းလောင်းက လျှောက်ထားပေသောကြောင့်-

"တိရစ္ဆာနဂတော ဘိက္ခဝေ အနုပသမ္ပန္နော၊ န ဥပသမ္ပာဒေတဗ္ဗော=ဥပသမ္ပန္နော နာသေတဗ္ဗော"

ဟူသော မဟာခန္ဓကပါဠိတော်မြတ်နှင့်အညီ တိရစ္ဆာန် အပါအဝင်ဖြစ်သော ပြဟ္မာ, သိကြား, နဂါး, ဂဠုန်, ကုမ္ဘဏ်, ယက္ခ, ဂန္ဓဗ္ဗနတ်စသည် တို့ကို ပဥ္စင်းခံ၍ ပေးသည်ရှိသော် ဥပဇ္ဈာယ်ဆရာ, ကမ္မဝါဆရာ, ဂိုဏ်း သံဃာတို့အား စွန်းငြိရာသော ဒုက္ကဋ်အပြစ်မှ စင်စစ်လွတ်ကြောင်း လူကောင်းအမှန် ဖြစ်ပေသည်ဟုမှတ်။

၃။ တွံ=သင်ပဥ္စင်းလောင်းသည်၊ ပုရိသော=ယောက်ျားစင်စစ်သည်၊ အသိ=မှန်ပါ၏လော၊

ဘန္တေ=အရှင်ဘုရား၊ အာမ=ယောက်ျားစင်စစ်မှန်ပါ၏၊

“ပုရိသောသိ”-ဟူသောပါဠိဖြင့် ဥဘတောဗျည်းနှစ်ပါး, ပဏ္ဍုက် ငါးပါးမဟုတ်ပြဲဘဲ ယောက်ျားစင်စစ် မှန်ပါ၏လော, ဟု ငါတို့ကမေး မြန်းသည်ရှိသော် “အာမ ဘန္တေ” ဟု သင်ပဉ္စင်းလောင်းက လျှောက် ထားပေသောကြောင့်-

“ပဏ္ဍကော ဘိက္ခဝေ, ဥဘတောဗျဉ္ဇနကော ဘိက္ခဝေ အနုပသမ္ပန္နော၊ န ဥပသမ္ပာဒေတဗ္ဗော၊ ဥပသမ္ပန္နော နာသေတဗ္ဗော”။

ဟူသော မဟာခန္ဓကပါဠိတော်မြတ်နှင့်အညီ ပဏ္ဍုက်, ဥဘတော ဗျည်းတို့ကို ပဉ္စင်းခံ၍ ပေးခဲ့သည်ရှိသော် ဥပဇ္ဈာယ်ဆရာ, ကမ္မဝါဆရာ, ဂိုဏ်း သံဃာတို့အား စွန်းငြိရာသော ဒုက္ကဋ်အပြစ်မှ စင်စစ်လွတ်ကြောင်း ယောက်ျားကောင်းအမှန် ဖြစ်ပေသည်ဟုမှတ်။

၄။ တွံ=သင်ပဉ္စင်းလောင်းသည်၊ ဘုဇိဿော=သူ့ကျွန်မဖြစ် စင် စစ်တော်လှန်သူကောင်းမှန်သည်၊ အသိ=ဖြစ်ပါ၏လော။

ဘန္တေ=အရှင်ဘုရား၊ အသိ= သူကောင်းမှန်ပါ၏။

“ဘုဇိဿောသိ”- ဟူသောပါဠိဖြင့် သူ့ကျွန်မဖြစ် စင်စစ်တော် လှန် သူကောင်းမှန်ပါ၏လောဟု ငါတို့ကမေးမြန်းသည်ရှိသော် “အာမ ဘန္တေ” ဟု ပဉ္စင်းလောင်းက လျှောက်ထားပေသောကြောင့်-

“န ဘိက္ခဝေ ဒါသော ပဗ္ဗာဇေတဗ္ဗော၊ ယောပဗ္ဗာ ဇေယျ, အာပတ္တိ ဒုက္ကဋဿ”။

ဟူသော မဟာခန္ဓကပါဠိတော်မြတ်နှင့်အညီ အန္တောဇာတကျွန် ဓနက္ကီတကျွန်, ကရမရာနီတကျွန်, ဥပဂတကျွန် ဤကျွန်လေးယောက်

တို့ကို ရဟန်းခံ၍ ပေးခဲ့သည်ရှိသော် ဥပဇ္ဈာယ်ဆရာ, ကမ္မဝါဆရာ, ဂိုဏ်း သံဃာတို့အား စွန်းငြိရာသော ဒုက္ကဋ်အပြစ်မှ စင်စစ်လွတ်ကြောင်း သူကောင်းအမှန်ဖြစ်ပေသည်ဟုမှတ်။

၅။ တွံ=သင်ပဉ္စင်းလောင်းသည်၊ အနဏော=သူ့မြီ သူ့ကြွေး ချေးငှါးမတင် သန့်ရှင်းစင်သည်၊ အသိ=ဖြစ်ပါ၏လော။

ဘန္တေ=အရှင်ဘုရား၊ အာမ=သူ့မြီသူ့ကြွေးချေးငှါးမတင်သန့်ရှင်း စင်သည် မှန်ပါ၏။

"အနဏောသိ" ဟူသောပါဌ်ဖြင့် သူ့မြီသူ့ကြွေး ချေးငှါးမတင် သန့်ရှင်းစင်ပါ၏လောဟု ငါတို့ကမေးမြန်းသည်ရှိသော် "အာမ ဘန္တေ" ဟု သင်ပဉ္စင်းလောင်းက လျှောက်ထားပေသောကြောင့်-

"န ဘိက္ခဝေ ဣဏာယိကော ပဗ္ဗာဇေတဗ္ဗော၊ ယော ပဗ္ဗာဇေယျ, အာပတ္တိဒုက္ကဋဿ"။

ဟူသော မဟာခန္ဓကပါဠိတော်မြတ်နှင့်အညီ သူ့မြီသူ့ကြွေး ချေးငှါး မတင် သန့်ရှင်းစင်သောသူကို ပဉ္စင်းခံ၍ ပေးခဲ့သည်ရှိသော် ဥပဇ္ဈာယ် ဆရာ, ကမ္မဝါဆရာ, ဂိုဏ်းသံဃာတို့အား စွန်းငြိရာသော ဒုက္ကဋ်အပြစ်မှ စင်စစ်လွတ်ရှင်း ကြွေးမြီကင်းသော သူအမှန်ဖြစ်ပေသည် ဟုမှတ်။

၆။ တွံ=သင်ပဉ္စင်းလောင်းသည်၊ ရာဇဘဋော=မင်းခယောက်ျား လစာ စားသည်၊ နအသိ=မဟုတ်ဘဲရှိပါ၏လော။

ဘန္တေ=အရှင်ဘုရား၊ အာမ=မင်းခယောက်ျား လစာစား မဟုတ် သည် မှန်ပါ၏။

နသိရာဇဘဋော- ဟူသောပါဌ်ဖြင့် မင်းစိုးရာဇာတို့၏ လခရိက္ခာ စားသောသူ မဟုတ်ဘဲရှိပါ၏လောဟု ငါတို့က မေးမြန်းသည် ရှိသော်

"အာမ ဘန္တေ" ဟု သင်ပဉ္စင်းလောင်းက လျှောက်ထားပေ သောကြောင့်-

"န ဘိက္ခဝေ ရာဇဘဋော ပဗ္ဗာဇေတဗ္ဗော၊ ယော ပဗ္ဗာဇေယျ, အာပတ္တိ ဒုက္ကဋဿ"။

ဟူသောမဟာခန္ဓကပါဠိတော်မြတ်နှင့်အညီ မင်းစိုးရာဇာတို့ လခရိက္ခာနှင့် မကင်းသောသူကို ပဉ္စင်းခံ၍ ပေးခဲ့သည်ရှိသော် ဥပဇ္ဈာယ်ဆရာ, ကမ္မဝါဆရာ, ဂိုဏ်းသံဃာတို့အား စွန်းငြိရာသော ဒုက္ကဋ်အပြစ်မှ စင်စစ်လွတ်မှု သူ့ရိက္ခာစားမဟုတ် အမှန်ဖြစ်ပေသည်ဟုမှတ်။

၇။ တွံ=သင်ပဉ္စင်းလောင်းသည်၊ မာတာပိတူဟိ=အမိအဖတို့သည်၊ အနုညာတော=အနုးအညွတ် အခွင့်လွှတ်အပ်သောသူသည်။ အသိ=ဖြစ်ပါ၏လော။

ဘန္တေ=အရှင်ဘုရား၊ အာမ=အမိ အဖ ခွင့်ရသောသူ မှန်ပါ၏။

"အနုညာတောသိ မာတာပိတူဟိ"- ဟူသောပါဌ်ဖြင့် အမိ, အဖတို့သည် အခွင့်ပြုပါ၏လောဟု ငါတို့က မေးမြန်းသည်ရှိသော် "အာမ ဘန္တေ" ဟု သင်ပဉ္စင်းလောင်းက လျှောက်ထားပေသောကြောင့်--

"န ဘိက္ခဝေ အနနုညာတော မာတာပိတူဟိ ပုတ္တော ပဗ္ဗာဇေတဗ္ဗော၊ ယော ပဗ္ဗာဇေယျ, အာပတ္တိ ဒုက္ကဋဿ"။

ဟူသော မဟာခန္ဓက ပါဠိတော်မြတ်နှင့်အညီ အမိ, အဖတို့ ခွင့်မပြုသောသူကို ပဉ္စင်းခံ၍ပေးခဲ့သည်ရှိသော် ဥပဇ္ဈာယ်ဆရာ, ကမ္မဝါဆရာ, ဂိုဏ်းသံဃာတို့အား စွန်းငြိရာသော ဒုက္ကဋ်အပြစ်မှ စင်စစ်လွတ်ကြောင်း ကောင်းစွာခွင့်လွှတ်အပ်သူ အမှန်ဖြစ်ပေသည်ဟုမှတ်။

၈။ တွံ=သင်ပဉ္စင်းလောင်းသည်၊ ပရိပုဏ္ဏဝီသတိဝဿော=ပဋိသန္ဓေ တည်နေသည်မှ စ၍ရေတွက် နှစ်, လ, ရက်ဖြင့်

အသက်နှစ်ဆယ် ပြည့်ဖြိုးကြွယ်သည်၊ အသိ=ဖြစ်ပါ၏လော။

ဘန္တေ=အရှင်ဘုရား၊ အာမ=အသက်နှစ်ဆယ် ပြည့်ဖြိုးကြွယ်သည် မှန်ပါ၏။

"ပရိပုဏ္ဏဝီသတိဝဿော" -ဟူသော ပါဌ်ဖြင့် အသက်နှစ် ဆယ် ပြည့်ပါ၏လောဟု ငါတို့ကမေးမြန်းသည်ရှိသော် "အာမ ဘန္တေ"ဟု သင်ပဉ္စင်းလောင်းက လျှောက်ထားပေသောကြောင့်-

"န ဘိက္ခဝေ ဦနဝီသတိဝဿော ပုဂ္ဂလော ဥပသမ္ပာဒေတဗ္ဗော၊ ယော ဥပသမ္ပာဒေယျ, ယထာဓမ္မော ကာရေတဗ္ဗော"။

ဟူသော မဟာခန္ဓကပါဠိတော်မြတ်နှင့်အညီ အသက်နှစ်ဆယ်မ ပြည့်သောသူကို ပဉ္စင်းခံ၍ ပေးခဲ့သည်ရှိသော် ဥပဇ္ဈာယ်ဆရာ, ကမ္မဝါ ဆရာ, ဂိုဏ်းသံဃာတို့အား စွန်းငြိရာသော ပါစိတ်အပြစ် ဒုက္ကဋ်အပြစ်တို့ မှ စင်စစ်လွတ်ချက် အသက်နှစ်ဆယ်ပြည်သောသူအမှန် ဖြစ်ပေသည် ဟုမှတ်။

၉။ တေ=သင်ပဉ္စင်းလောင်းအား၊ ပတ္တစီဝရံ=သပိတ်သင်္ကန်း သည်၊ ပရိပုဏ္ဏံ=ပြည့်စုံပါ၏လော။

ဘန္တေ=အရှင်ဘုရား၊ အာမ=သြော်-ပြည့်စုံ၏။

"ပရိပုဏ္ဏံတေပတ္တစီဝရံ" ဟူသောပါဌ်ဖြင့် သင်ပဉ္စင်းလောင်း အား သပိတ်သင်္ကန်း ပြည့်စုံပါ၏လောဟု ငါတို့ကမေးမြန်းသည်ရှိသော် "အာမ ဘန္တေ" ဟုသင်ပဉ္စင်းလောင်က လျှောက်ထားပေးသောကြောင့်-

"န ဘိက္ခဝေ အပတ္တစီဝရော ဥပသမ္ပာဒေတဗ္ဗော၊ ယော ဥပသမ္ပာဒေယျ အာပတ္တိဒုက္ကဋဿ။"

ဟူသော မဟာခန္ဓကပါဠိတော်မြတ်နှင့်အညီ သပိတ်သင်္ကန်းမရှိသောသူကိုပဉ္စင်းခံ၍ ပေးခဲ့သည်ရှိသော် ဥပဇ္ဈယ်ဆရာ, ကမ္မဝါဆရာ, ဂိုဏ်းသံဃာတို့အား စွန်းငြိရာသော ဒုက္ကဋ်အပြစ်မှ စင်စစ်လွတ်ကြောင်းကောင်းစွာပြည့်စုံသော သပိတ်သင်္ကန်းရှိသောသူ အမှန်ဖြစ်ပေသည်ဟုမှတ်။

၁၀။ တွဲ=သင်ပဉ္စင်းလောင်းသည်၊ ကိန္နာမော=အဘယ်အမည်ရှိသည်၊ အသိ=ဖြစ်သနည်း။

ဘန္တေ=အရှင်ဘုရား၊ အဟံ= တပည့်တော်သည်၊ နာဂေါနာမ= နာဂ-ဟူသော အမည်ရှိပါ၏။

"ကိံနာမောသိ"-ဟူသောပါဌ်ဖြင့် သင်ပဉ္စင်းလောင်းသည် အဘယ်အမည်ရှိပါသနည်းဟု ငါတို့က မေးမြန်းသည်ရှိသော် "အဟံ ဘန္တေ နာဂေါနာမ"ဟုသင်ပဉ္စင်းလောင်းက လျှောက်ထားပေသော ကြောင့်-

"အာဂုံ န ကရောတီတိ နာဂေါ"

ဟူသော မဟာနိဒ္ဒေသပါဠိတော်မြတ်နှင့်အညီ သာသနာတော်ထမ်း ရဟန်းတော်ဖြစ်သည်မှစ၍ အဝါခြောက်ဆယ်ပြည့်ကွယ်စွန်းမြောက် အရွယ်ရောက်သည်တိုင်အောင် သဗ္ဗညုမြတ်စွာဘုရား မြစ်တားကဲ့ရဲ့တော်မူအပ်သော ဒုက္ကဋ်, ဒုဗ္ဘာသိ-စသော အပြစ်ငယ်တို့ကိုပင်မြင့်မိုရ်မေရု နှိုင်းစံတု၍ မပြုမကျင့် အသင့်ရှောင်ကြဉ် ကင်းလွတ်စင်လျက်လေးအင်သီလ မြတ်ဓမ္မဖြင့် နေလတစ်ဆူ ဖြစ်ဖို့ဟူသော ဗျူပ္ပတ္တိ ဝေါဟာမင်္ဂလာအတိတ် နိမိတ်ကောင်းတစ်ခု ဖြစ်စေခြင်းငှါ နာဂ-ဟူသော အမည်သည် သင်ပဉ္စင်းလောင်း၏ အမည်ဟုမှတ်။

တစ်နည်းကား။ ။ "နာဂစ္ဆတီတိ နာဂေါ" ဟူသော မဟာနိဒ္ဒေသ ပါဠိတော်မြတ်နှင့်အညီ အနာဂါမိယ ပဗ္ဗဇ္ဇအမှု ရဟန်းပြုသော နေကမ္မတရားဖြင့် ပယ်ရှားပစ်စွန့်အပ်ပြီးသော ဃရာဝါသ သမ္ဗာဓအစုမကောင်းမှုတို့ကို အသစ်တစ်ဖန်မကပ် ရှင်းရှင်းဖြတ်ပေသော အနက်ကြောင့်လည်းကောင်း,

အမြဲမပြတ် စောင့်ထိန်းအပ်သော ပါတိမောက္ခသံဝရ, ဣန္ဒြိယသံဝရ, ပစ္စယသန္နိဿိတ, အာဇီဝပါရိသုဒ္ဓိသီလတရားတို့ဖြင့် ပယ်ရှားပစ်ခွါအပ်ပြီးသော အာပတ်ခုနစ်ပုံဟုဆိုအပ်သော အပြစ်, အက္ခန္တိ-သည်းမခံခြင်း၊ အညာဏ-မသိခြင်း၊ ကောသဇ္ဇ-ပျင်းရိခြင်း၊ မုဋ္ဌဿတိ-သတိလွတ်ကင်းခြင်း-ဟူသောအပြစ်, ပစ္စည်းလေးပါးတို့၌ မက်မောတွေဝေခြင်းဟူသောအပြစ်, ပစ္စည်းလေးပါးတို့ကို ရှာမှီးခြင်း၌ မစင်ကြယ်ခြင်းဟူသောအပြစ် ဤသို့သော အပြစ်စုမကောင်းမှုတို့ကို အသစ်တစ်ဖန်ပြန်၍မကပ် ရှင်းရှင်းဖြတ်ပေးသော အနက်ကြောင့်လည်းကောင်း သင်ပဉ္စင်းလောင်းကို နာဂ-ဟူ၍မှတ်။

တစ်နည်းကား။ ။ "နာဂစ္ဆတီတိ နာဂေါ" ဟူသော မဟာနိဒ္ဒေသပါဠိတော်မြတ်နှင့်အညီ ဆန္ဒာဂတိ, ဒေါသာဂတိ, မောဟာ ဂတိ, ဘယာ ဂတိ-ဟူသော အဂတိလေးပါးသို့ လိုက်စား စောင်းငဲ့ခြင်း မရှိဘဲ ပကတိ နှလုံးသွင်း ဖြောင့်စင်းတည့်မတ်ပေသောအနက်ကြောင့် သင်ပဉ္စင်း လောင်း၏အမည်ကို နာဂ-ဟူ၍မှတ်။

၁၁။ တေ=သင်ပဉ္စင်းလောင်း၏၊ ဥပဇ္ဈာယော=ဥပဇ္ဈာယ်ဆရာသည်၊ ကောနာမော= အဘယ်အမည်ရှိပါသနည်း။

ဘန္တေ=အရှင်ဘုရား၊ မေ=အကျွန်ုပ်၏၊ ဥပဇ္ဈာယော=ဥပဇ္ဈာယ်ဆရာသည်၊ အာယသ္မာ တိဿတ္ထေရောနာမ=အရှင်တိဿမထေရ်

အမည်ရှိပါ၏။

"ကော နာမော တေ ဥပဇ္ဈာယော" ဟူသော ပါဠ်ဖြင့် သင်၏ ဥပဇ္ဈာယ်ဆရာသည် အဘယ်အမည်ရှိသနည်းဟု ငါတို့ကမေးမြန်းသည် ရှိသော် "ဥပဇ္ဈာယော မေ ဘန္တေ အာယသ္မာ တိဿတ္ထေရောနာမ" ဟု သင်ပဉ္စင်းလောင်းက လျှောက်ထားပေသောကြောင့်-

"ဝဇ္ဇာဝဇ္ဇံ ဥပနိဇ္ဈာယတီတိ ဥပဇ္ဈာယော"

ဟူသော ဝစနတ္ထနှင့်အညီ တပည့်သားတို့ သန္တာန်ဝယ် ငြိတွယ် ရောက်တတ် ကွဲရဲ့အပ်သော ဒုက္ကဋ်, ဒုဗ္ဘာသိ-စသော အပြစ်ကြီးငယ်တို့ ကို ပညာစက္ခုဖြင့် ကြည့်ရှုကြပ်မတ် ဆုံးမတတ်ပေသောကြောင့်လည်း ကောင်း,

"ဒိွဟိ အနုဂ္ဂဟေဟိ အနုဂ္ဂဟေတွာ အတ္တနော နိဿိတကေ တောသေသီတိ တိဿော။"

ဟူသောဝစနတ္ထနှင့်အညီ ပစ္စယာဓမ္မာ နှစ်ဖြာသောချီးမြှောက် ခြင်းတို့ဖြင့် ထောက်ပင့်ချီးမြှောက်လျက် မိမိကိုမှီကုန်သော တပည့်သား အပေါင်းတို့ကို ကောင်းစွာနှစ်သက် ရွှင်လန်းစေတတ်သော သတ္တိကြောင့် လည်းကောင်း သင်ပဉ္စင်းလောင်း၏ ဥပဇ္ဈာယ်ဆရာကို တိဿ-အမည်ရှိ သော မထေရ်-ဟူ၍မှတ်။

[ဤမေးမြန်းခြင်းဟူသော ပုစ္ဆကိစ္စကိုပြုရသည်မှာ အန္တရာယိက ဓမ္မတို့မှ မစင်ကြယ်သော ပဉ္စင်းလောင်းကို ရဟန်းခံ၍ ပေးခဲ့ သည်ရှိသော် ဥပဇ္ဈာယ်ဆရာ, ကမ္မဝါဆရာ, ဂိုဏ်းသံဃာတို့၌ စွန်းငြိရာသောအပြစ်တို့သည် ထင်ရှားရှိကုန်သည် ဖြစ်၍ ထိုအပြစ်တို့မှ ကင်းလွတ်စင်ကြယ် စေခြင်းငှါ ပြုရသော

ပုဗ္ဗကိစ္စပေတည်း၊ အန္တရာယိကဓမ္မကို မေးမြန်းသော စကား အစဉ်၌ "နတ္ထိ ဘန္တေ၊ အာမ ဘန္တေ" အစရှိသော အဖြေစကား စုသည် ပါဠိတော်ရင်း၌မရှိ၊ နောက်စကားပင် ဖြစ်သော် လည်း သင့်မြတ်ပေ၏။]

အန္တရာယိကဓမ္မတို့ကို မေးမြန်းစစ်ဆေးခြင်းဟူသော ဒသမပုဗ္ဗကိစ္စပြီး၏။

ဤတွင်ရွေ့ ပုဗ္ဗကိစ္စဆယ်ပါးပြီး၏။

-------*--------

## ရဟန်းအဖြစ်ကိုပြုခြင်းဟူသော ပဓာနကိစ္စ

ဤသို့လျှင် ပုဗ္ဗကရဏလေးပါး, ပုဗ္ဗကိစ္စဆယ်ပါးတို့ကို အစဉ်အတိုင်း ပြည့်စုံစေပြီး၍ ယခုအခါ ပဉ္စင်းအဖြစ်ကိုပြုခြင်းဟူသော ပဓာနကိစ္စကို ပြီးစေခြင်းငှါ-

၁။ သုဏာတု မေ ဘန္တေ သံဃော၊ အယံ နာဂေါ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခော ပရိသုဒ္ဓေါ အန္တရာယိကေဟိ ဓမ္မေဟိ၊ ပရိပုဏ္ဏဿ ပတ္တစီရံ၊ နာဂေါ သံဃံ ဥပသမ္ပဒံ ယာစတိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော နာဂံ ဥပသမ္ပာဒေယျ။ ဧသာ ဉတ္တိ။

[ဟူသော ပဌမဉတ် အစီအရင်။]

၂။ သုဏာတု မေ ဘန္တေ သံဃော၊ အယံ နာဂေါ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခော ပရိသုဒ္ဓေါ အန္တရာယိကေဟိ ဓမ္မေဟိ၊ ပရိပုဏ္ဏဿ ပတ္တစီဝရံ၊ နာဂေါ သံဃံ ဥပသမ္ပဒံ ယာစတိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ သံဃော နာဂံ ဥပသမ္ပာဒေတိ အာယသ္မတာ

တိဿေန ဥပဇ္ဈာယေန၊ ယဿာယသ္မတော ခမတိ နာဂဿ ဥပသမ္ပဒါ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ သော တုဏှဿ။ ယဿ နက္ခမတိ သောဘာသေယျ။

[ဟူသော ဒုတိယကမ္မဝါစာအစီအရင်။]

၃။ ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ သုဏာတု မေ ဘန္တေ သံဃော။ပ။ သောဘာသေယျ။

[ဟူသောတတိယကမ္မဝါစာအစီအရင်။]

၄။ တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ သုဏာတု မေ ဘန္တေ သံဃော။ ပ။ သောဘာသေယျ။

[ဟူသော စတုတ္ထကမ္မဝါစာ အစီအရင်။]

၅။ ဥပသမ္ပန္နော သံဃေန နာဂေါ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန။ ခမတိ သံဃဿ၊ တသ္မာ တုဏှီ။ ဧဝမေတံ ဓာရယာမိ။

[ဟူသော ကမ္မနိဋ္ဌာန အချုပ်စကား။]

ဤသို့လျှင် ငါးရပ်ငါးချက်သော အစီအရင်တို့ကို ဟောတော်မူသည်။

## အကျယ်ဖြန့်အံ့

ဤငါးရပ်ငါးချက်သော အစီအရင်တို့ကို ဖတ်ရွတ်မည်ပြုသော အခါ သိမ်အပြင်၌ရှိသမျှသော သံဃာတို့ကို တစ်ပါးနှင့်တစ်ပါး နီးသည်ထက် နီးအောင် ချဉ်းကပ်စေရာ၏။

အဘယ့်ကြောင့်နည်းဟူမူ--

ထိုသံဃာတို့၏အတွင်း၌ ရဟန်းမဖြစ်ခဲ့သောသူ, ရဟန်း အဖြစ်မှ လျှောကျသောသူပါခဲ့သော် ထိုသူအတွက်နှင့်

ဟတ္ထပါသ်ကွာခြင်း ဖြစ်ရာသောကြောင့်တည်း။

ဖတ်ရွတ်ရာ၌လည်း-ပုဂ္ဂိုလ်သာမန်ကို ဖတ်ရွတ်စေခြင်းငှါ မအပ်။

"ဗျတ္တေန ဘိက္ခုနာ ပဋိဗလေန သံဃော ဉာပေတဗ္ဗော။"

ဟူ၍ ဟောတော်မူသောကြောင့် မာဂဓဘာသာ အက္ခရာ, ပဒကို တစ်တစ်ခွခွ ပြီသ-အောင်မြင်အောင် ရွတ်စွမ်းရှိသော ပုဂ္ဂိုလ်ကိုသာ ဖတ်ရွတ်စေရာ၏။

ထိုပုဂ္ဂိုလ်သည်လည်း- ဌာန်အထူးအပြား, ကရိုဏ်းအထူး အပြား, ပယတ်အထူးအပြား, သိထိလ- ဓနိတ- ဒီဃ-ရဿ- ဂရု လဟု-နိဂ္ဂဟိတ-ဝိမုတ္တ-သမ္ဗန္ဓ-ဝဝတ္ထိတ-ဟူသော ဗျဥ္ဇနဗုဒ္ဓိဆယ်ပါးတို့၏ အထူး အပြားတို့ကို သိ၍ တစ်လုံးတစ်လုံးသော အက္ခရာကို ရွတ်မည်ရှိသော အခါ တစ်ခုတစ်ခုသော မြင့်မိုရ်တောင်ကို ချီကြွအံ့သောအခါကဲ့သို့ လွန်စွာ အားထုတ်၍ ရွတ်ဖတ်ရမည်။

အားထုတ်ပုံကား--

သုဏာတု-ကိုရွတ်မည်ရှိရာသုအက္ခရာ၏ ဌာန်ကိုလည်းကောင်း, ကရိုဏ်းကိုလည်းကောင်း, ပယတ်ကိုလည်းကောင်း, ဗျဥ္ဇနဗုဒ္ဓိအပိုင်း အခြားကိုလည်းကောင်း သိ၍ရွတ်ရမည်။

သု-အက္ခရာ၏-ဌာန်ကားဒန္တဌာန်တည်း၊ ဒန္တဌာန်ဟူသည်ကား အထက်သွားအစဉ်၏ အတွင်းအရပ်တည်း၊ သု-အက္ခရာ၏ ကရိုဏ်း ဟူသည်ကား ဇိဝှဂ္ဂကရိုဏ်းတည်း၊ ဇိဝှဂ္ဂကရိုဏ်းဟူသည်ကား လျှာဖျား အရပ်တည်း၊ သု-အက္ခရာ၏ ပယတ်ဟူသည်ကား ဝိဝဋ္ဋပယတ်တည်း၊ ဝိဝဋ္ဋပယတ်ဟူသည်ကား ၎င်းသု-အက္ခရာ၏ဌာန်, ကရိုဏ်းတို့၏ ဖွင့်ခြင်း တည်း၊ သု-အက္ခရာ၏ ဗျဥ္ဇနဗုဒ္ဓိအပိုင်းအခြားဟူသည်ကား သု-အက္ခရာ

သည် သိထိလ, ဓနိတနှစ်ပါးတို့တွင် အလျော်အားဖြင့် သိထိလ၌ သွင်းရသည်၊ ဂရု, လဟု နှစ်ပါးတို့တွင် လဟုပေတည်း၊ နိဂ္ဂဟိတ, ဝိမုတ္တ နှစ်ပါးတို့တွင် အလျော်အားဖြင့် ဝိမုတ္တ၌ဝင်သတည်း၊ သမ္ဗန္ဓ, ဝဝတ္ထိတ နှစ်ပါးတို့တွင် အလျော်အားဖြင့် ဝဝတ္ထိတ၌ဝင်သတည်း။

ထို့ကြောင့် ထိုသု-အက္ခရာကို သေးသေးသိမ်သိမ် ပိန်ပိန် ညပ်ညပ် မရှိစေမူ၍ စကြာမင်းတို့အသုံးအဆောင်ဖြစ်သော ပြည်တန် ပတ္တမြား အလုံးကဲ့သို့ လုံးဝန်းမဏ္ဍလ ပြည့်ဝအောင်မြင်သဖြင့် ပရိမဏ္ဍ လပဒဗျဉ္ဇန ဖြစ်စေခြင်းငှါ ဌာန်ကိုလည်း အတတ်သိ၍ ဌာန်စွန်း ဌာန်ဖျား၌ မဖြစ်စေဘဲ ဌာန်လယ်ဝမ်းလိုက်၌ ဖြစ်အောင်အားထုတ်ရမည်၊ ဌာန်စွန် ဌာန်ဖျား၌ ဖြစ်ခဲ့သော်တောင်သူလူရိုင်းတို့ရွတ်သော သုအက္ခရာကဲ့သို့ သေးသေး သိမ်သိမ် ပိန်ပိန်ညပ်ညပ်သာဖြစ်သည်၊ လုံးဝန်းမဏ္ဍလ ပြည့်ဝအောင်မြင်စွာမဖြစ်။

[ကရိုဏ်းကိုလည်းအတတ်သိ၍,ပယတ်ကိုလည်းအတတ်သိ၍, ဗျဉ္ဇနဗုဒ္ဓိ အပိုင်း အခြားကိုလည်းအတတ်သိ၍ လုံးဝန်းမဏ္ဍလ ပြည့်ဝအောင်မြင်စွာ ရွတ်ရမည်။]

ဏာ-အက္ခရာသည်- မုဒ္ဓဌာန်၌ ဖြစ်၏၊ မုဒ္ဓဌာန်ဟူသည်ကား အာခေါင်အရပ်ကိုဆိုသတည်း၊ ၎င်းဏာ-အက္ခရာသည် ဇိဝှါပဂ္ဂကရိုဏ်း ဖြင့်ဖြစ်၏၊ ဇိဝှါပဂ္ဂကရိုဏ်းဟူသည်ကား လျှာဖျား၏ အနီးအပါးဖြစ်သော လျှာအရပ်ကိုဆိုသတည်း၊ ဏာ-အက္ခရာကို ရွတ်မည်ရှိသောအခါ ဌာန်, ကရိုဏ်းကိုသိ၍ရွတ်ရမည်၊ ဌာန်, ကရိုဏ်းကိုမသိမူ၍ ရွတ်ခဲ့သော် ဒန္တဌာန်, ဇိဝှဂ္ဂကရိုဏ်းများနှင့်ရွတ်မိလျှင် နငယ်နာ-အက္ခရာသာဖြစ်မည်၊ ဏကြီးဏာ-အက္ခရာမဖြစ်၊ နငယ်နာ- အက္ခရာနှင့် သုနာတု- ဟုဖြစ်လျှင် သဘာဝနိရုတ္တိ လက္ခဏာပျက်သောကြောင့် ကံပျက်သည်။

တု- အက္ခရာသည်လည်း- သု-အက္ခရာနှင့် ဌာန်, ကရိုဏ်း, ဗျဉ္ဇန ဗုဒ္ဓိတူ၏၊ ပယတ်သာကွဲ၏၊ တု-အက္ခရာမူကား ဖုဋ္ဌပယတ် ပေတည်း၊ ထို့ကြောင့် ဇိဝှဂ္ဂကရိုဏ်းကို ဒန္တဌာန်၌ နာနာခိုက်အောင် အားထုတ်၍ ရွတ်၊ ထို့ကြောင့်ထို တု-အက္ခရာကို ရွတ်မည်ရှိသောအခါ ဌာန်,ကရိုဏ်းကို သိ၍ ရွတ်ရမည်၊ ဌာန်, ကရိုဏ်းကို မသိမူ၍ရွတ်ခဲ့သော် မုဒ္ဓဌာန်, ဇိဝှေါပဂ္ဂ ကရိုဏ်းများနှင့်ရွတ်မိလျှင် ဋ္ဌသံလျင်းချိတ် ဋ္ဌု-အက္ခရာသာ ဖြစ်မည်၊ တဝမ်းပူတု-အက္ခရာမဖြစ်၊ ဋ္ဌသံလျင်းချိတ် ဋ္ဌု-အက္ခရာနှင့် သုဏ္ဏာဋ္ဌု-ဟု ဖြစ်လျှင်လည်း သဘာဝ နိရုတ္တိ လက္ခဏာ ပျက်သောကြောင့် ကံပျက်မည်။

ထိုသို့ရွတ်မိလျှင် ကံပျက်ကြောင်းကို ဝိမတိဝိနောဒနီဋီကာ၌ ဝဂ်တစ်ပါး၌ သိထိလကိုရွတ်သင့်လျက် ဝဂ်တစ်ပါး၌ သိထိလ ရွတ်ခြင်း သည်လည်း "အညသ္မိံ ဝတ္တဗ္ဗေ အညံ ဝဒတိ " ပင်ဖြစ်သည်ဟုဆိုသည်။

[နောက်တစ်ပြင်လုံး၌လည်း ဤ့အတူ အလုံးတိုင်းအလုံးတိုင်း သတိပညာ ကြီးစေရမည်]

------------------

## သတိထားရန်

ဗုဒ္ဓုပ္ပါဒ သမယမည်သည်။ ။ ကမ္ဘာအသင်္ချေကြာမှ တစ်ခါ တစ်ခဏသာ ဖြစ်နိုင်သည်၊ ထိုခဏနှင့် ကြုံကြိုက်ကြသော သူတစ်သောင်း, တစ်သိန်းတွင် တစ်ယောက်တစ်လေမျှသာ ပဗ္ဗဇိတ သမယကို ရနိုင်သည်၊ သို့ဖြစ်၍ သဒ္ဓါတရားနှင့်ပြည့်စုံသော အမျိုးကောင်းသား တစ်ယောက်သည် ရပြီး, ရဆဲ, ရလတ္တံ့သော မနုဿသမ္ပတ္တိတို့ကို အကုန်လုံးစွန့်၍ ပဗ္ဗဇိတဒုလ္လဘကိုရခြင်းငှါ ရဟန်းပြုပါသည်ကို ကမ္မဝါစာ

ဖတ်ရွတ်သော ဆရာက အထည်အဝါသာကြီး၍ ဌာန်, ကရိုဏ်း, ပယတ်, ဗျဉ္ဇနဗုဒ္ဓိ အခြင်းအရာများကို မသိလေသောကြောင့်-

တဝမ်းပူနှင့် ဍှသံလျှင်းချိတ်, ထဆင်ထူးနှင့် ဌဝမ်းဘဲ, ဒထွေးနှင့် ဍသံကောက်, ဓအောက်ချိုင့်နှင့် ပရေမှုတ်, နငယ်နှင့်ဏကြီး, ယငယ်နှင့်ရကြီး, လငယ်နှင့်ဠကြီးတို့ကို-

ဌာန်, ကရိုဏ်းကွဲပြားကြသည့်အတိုင်း အသံကွဲအောင် ဖတ်နည်း, ရွတ်နည်းကို မသိမလိမ္မာသောကြောင့် ရတနာအပြည့်တင်သော သုံးပင်တိုင်သင်္ဘောကြီးကို မှောက်စေဘိသကဲ့သို့ သုဏာတု-တစ်ခွန်းနှင့် ပဗ္ဗဇိတဒုလ္လဘအချက်ကြီးကို ဖျက်ဆီး၍ ပစ်တတ်သည်။

[ သတိမူပါကုန်။ ]

ဍှ, ဌ, ဍ, ပ, ဏ, ရ, ဠ,- ဤခုနစ် လုံးတို့သည် အာခေါင်အရပ်၌ ဖြစ်ကုန်၏၊ ဇိဝှေါပဂ္ဂကရိုဏ်းရှိကုန်၏၊ ထို့ကြောင့် လျှာဖျား၏ အနီးဖြစ်သော လျှာအရပ်နှင့် စေ့ဆော်၍ လိုဏ်သံပါအောင် ရွတ်ရမည်။

တ, ထ, ဒ, ဓ, န, သ, လ- ဤခုနစ်လုံးတို့သည် သွားအရပ်၌ ဖြစ်ကုန်၏၊ ဇိဝှဂ္ဂကရိုဏ်းရှိကုန်၏၊ ထို့ကြောင့် လျှာဖျားအရပ်နှင့် စေ့ဆော်၍ သွားသံပါအောင် ရွတ်ရမည်။

သဒ္ဒါကျမ်းဂန်, အဌကထာ, ဋီကာကျမ်းဂန်တို့၌လည်း ကျွမ်းကျင်ပါမှ, ဆရာကောင်း-ဆရာမြတ်တို့၏ နည်းဥပဒေသကိုလည်း လက်ထက်လက်ငင်းရဖူးပါမှ ကမ္မဝါစာကို ဖတ်ခြင်းငှါထိုက်သည်၊ သို့မဟုတ်မူ၍ သိထိလ, ဓနိတ, နိဂ္ဂဟိတမျှကို မှတ်မိရုံနှင့် ကမ္မဝါဆရာလုပ်ပေလျှင် သုဏာတု- တစ်ခွန်းနှင့်ပင် ဥပသမ္ပဒကံ, ပရိဝါသ်ကံ, မာနတ်ကံ, အဗ္ဘာ

နကံတို့သည် ပျက်စီး၍ကုန်ရှာတော့သည်။

[ သတိမူပါကုန်။ ]

ဉ တ်ကမ္မဝါစာ ဖတ်ရွတ်စဉ်အခါ၌လည်း အမှားအတိမ်း မရှိစေမူ၍ ဖြည်းညင်းသာယာစွာ ဖတ်ရွတ်ရမည်၊ အဆောတလျင် မဖတ်မရွတ်ရ၊ မိမိဖတ်ရွတ်လိုက်သော အက္ခရာကို အပြီးအသ နည်းအံ့ထင်၍ အားမရ-ရှိပါလျှင် ထပ်၍ဆိုရမည်၊ သူတစ်ပါးကို အမှီမလိုက်ရ၊ ဖတ်ရွတ်စဉ်အခါ၌လည်း ဖတ်ရွတ်ပြီး ပုဒ်, ပါဌ်, အက္ခရာနှင့်စပ်လျဉ်း၍ အပျက်အချော် စကားကိုမျှ မပြောမဆိုအပ်၊ ယုတ်စွအဆုံး ဖတ်ရွတ်သောသူ မကြားရာ ပရိသတ်အစွန်အဖျား၌နေသော ရဟန်းတို့အချင်းချင်း နားရင်းအပ်၍ တိုးတိုးစကားကိုမျှ မပြောမဆိုအပ်၊ ပြောဆိုမိလျှင် ဖတ်ရွတ်ပြီးသော ကမ္မဝါစာသည် အချည်းနှီးဖြစ်လေတော့သည်၊ အရင်းကပြန်၍ ဖတ်ရမည်။

[ ဤကား ဉ တ်၌လည်းကောင်း, ကမ္မဝါသုံးချက်၌လည်းကောင်း, ကမ္မနိဋ္ဌာန် နိဂုံး၌လည်းကောင်း ဤငါးချက်သောဌာနသည် လိုရင်းပဓာနဖြစ်၍ သတိထားရန် ဆိုလိုက်သော စကားရပ်ပေတည်း။ ]

-----------

## အမှာစကားချပ်

အချို့သော ဆရာတို့သည်ကား-

စတုတ္ထကမ္မဝါစာ၌ "သော ဘာသေယျ" တွင် ရဟန်းဖြစ်ခြင်းကိစ္စ ပြီးပြီဖြစ်၍-

"ဥပသမ္ပန္နော သံဃေန နာဂေါ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန။ ခမတိ သံဃဿ၊ တသ္မာ တုဏှီ။ ဧဝံမေတံ ဓာရယာမိ "။

ဟူသော ကမ္မနိဒ္ဒေသ၌, နိဂုံးစကားကို မဖတ်မရွတ်သော်လည်း ကံပျက်ရန် အခွင့်မရှိသောကြောင့် ထိုနိဂုံးစကားကို တစ်ခေါက် တစ်ကြိမ်မျှ ဖတ်ရွတ်လျှင်ပြီးတော့သည်၊ သုံးခေါက်သုံးကြိမ် ဖတ်ဖွယ်ကိစ္စမရှိ။

တစ်ခေါက်တစ်ကြိမ် ဖတ်ရွတ်သောအခါ၌လည်း သိထိလ, ဓနိတ-စသောအမှုကို ဉတ်ကမ္မဝါစာတို့၌ကဲ့သို့ လွန်စွာအားထုတ်ခွင့် မရှိ၊ ပကတိ ဖတ်ရိုးဖတ်စဉ် ရွတ်ရိုးရွတ်စဉ်နှင့်ပင် သင့်မြတ်တော့သည်။

ဝုဋ္ဌာနကံ ကမ္မဝါစာတွင် "ဒိန္နော သံဃေန၊ ဒိန္နံ သံဃေန၊ အဗ္ဘိတော သံဃေန" ဟူသော နိဂုံးတို့၌လည်း ထို့အတူပင်တည်းဟု ပြောဆိုလေ့ရှိကြကုန်၏။

ပရိဝါ ပါဠိတော်၌။ ။ အတီတ ကတကမ္မသင်္ဂဟိတ- အဖြစ်ဖြင့် ဟောတော်မူသောကြောင့် "သော ဘာသေယျ" တွင်ရွေ့ ရဟန်းကိစ္စပြီးပေသည် မှန်ငြားသော်လည်း ထိုနိဂုံးကိုလည်း အရိုအသေ ပြု၍ ဖတ်ခြင်းသည်သာ သင့်မြတ်ပါသတည်း။

[ ဤဉတ်ကမ္မဝါစာ နိဂုံးစကားတို့၏ အနက်အဓိပ္ပါယ်ကို မဆိုပြီ။ ]
ရဟန်းအဖြစ်ကိုပြုခြင်းဟူသော ပဓာနကိစ္စပြီး၏။

------------*------------

## အပရကိစ္စ ၃-ပါး
## ပဋ္ဌင်းဖြစ်သော အခါသမယကိုကြားခြင်း

ယခုအခါ ရဟန်းဖြစ်သော သက္ကရာဇ်, လ, ရက်, အချိန်ကာလကိုကြားခြင်းဟူသော အပရကိစ္စကိုပြခြင်းငှါ-

"တာဝဒေဝ ဆာယာ မေတဗ္ဗာ၊ ဥတုပ္ပမာဏံ အာစိက္ခိတဗ္ဗံ၊
ဒိဝသ ဘာဂေါ အာစိက္ခိတဗ္ဗော၊ သင်္ဂီတိ အာစိက္ခိတဗ္ဗာ။"

ဟူသော စကားကို ဟောတော်မူသည်။

အနက်ကား။ ။ တာဝဒေဝ=ထိုပဥ္စင်းအဖြစ်သို့ရောက်ပြီး ဟူ၍ဆိုထိုက်သော ဥတ္တိစတုတ္ထကမ္မဝါစာ ပြီးဆုံးသော ခဏ၌သာလျှင်၊ ဆာယာ=အရိပ်ကို၊ မေတဗ္ဗာ=နှိုင်းယှဥ်တိုင်းတာအပ်၏၊ ဥတုပ္ပမာဏံ= ဥတုအတိုင်းအရှည်ကို၊ အာစိက္ခိတဗ္ဗံ= ကြားအပ်၏၊ ဒိဝသဘာဂေါ=ပုဗ္ဗန္ဟ မဇ္ဈန္ဟစသောနေ့တို့ကို အာစိက္ခိတဗ္ဗော=ကြားအပ်၏၊ သင်္ဂီတိ=ပေါင်းရုံး သိမ်းအုပ် အချုပ်စာတမ်းကို၊ အာစိက္ခိတဗ္ဗော=ကြားအပ်၏။

သင်္ဂီတိသဒ္ဒါသည်။ ။ သံရှေးရှိသော ဂေ-ဓာတ်, တိ-ပစ္စည်းဖြင့် ပြီးသော ပေါင်းဖွဲ့သီကုံးခြင်း အနက်ကိုဟောသောသဒ္ဒါပေတည်း။

ထို့ကြောင့် ရှေး၌ ကြားခဲ့ပြီးသော အရိပ်, ဥတု, နေ့, ရက်စု နှင့် တကွ ကြွင်းသမျှသော ကောဇာခုနှစ်, သာသနာခုနှစ်, ဥတု, ရာသီ, မာသ, ပက္ခ, ဒိဝသ, ပဟာရ, နာရီ, ဖဝါး, ပါဒ်, ဗီဇနာ, ပြန်, ခရာ, နက္ခတ်, ပါဒ်, နဝင်းတို့ကိုလည်းကောင်း၊ သိမ်, ဥပဇ္ဈာယ်ဆရာ, ကမ္မဝါဆရာ, ဂိုဏ်း သံဃာ အရေအတွက်တို့ကိုလည်းကောင်း သင်္ဂီတိ- ဟူသော ဤပုဒ် ဖြင့် အကုန်သိမ်းကျုံး၍ ယူတော်မူသည်။

ထို့ကြောင့် ကောဇာသက္ကရာဇ် ၁၂၅၃-ခု သာသနာသက္ကရာဇ် ၂၄၃၅-ခု ဂိမ္ဟန္တဥတု မေထုန်ရာသီ ပဌမဝါဆိုလဆန်း ၁-ရက်၊ နံနက် တစ်ချက်တီး အရိပ်ဖဝါးမည်မျှအချိန် မည်သည့်မြို့၌ရှာ မည်သည့်ကျောင်း တိုက်ခဏ္ဍသိမ်တွင်-

ဥပဇ္ဈာယ်ဆရာမည်သူ, ပဌမကမ္မဝါဆရာ မည်သူ-မည်သူ, ဒုတိယ ကမ္မဝါဆရာ မည်သူ-မည်သူ, တတိယကမ္မဝါဆရာ မည်သူ-မည်သူ, ကြွင်းဂဏပူရဏ ကာရကသံဃာ မည်မျှတို့နှင့် မြင့်မြတ်သော ရဟန်း

တော်အဖြစ်သို့ ရောက်သည်ဟူ၍ အပြည့်အစုံပေါင်းဖွဲ့ သိကုံး၍ ကြားရမည် ဆိုလိုသည်။

[ဤသင်္ဂီတိ အာစိက္ခဏ-ဟူသော အပရကိစ္စကို ပြုရသည်မှာ အခါကာလ ကိုမှတ်မိမှ ထေရ်ကြီး, ထေရ်ငယ်-စသည်စစ်ဆေး၍ ပြုရသောအခွင့်၌ အကြီး, အငယ်ကိုသိနိုင်သည်၊ ပဌ္ဌဝဿ, ဒသဝဿ, ဝီသတိဝဿ အပိုင်း အခြားနှင့် စပ်သော နိဿယ မုစ္စက, ပရိသုပဋ္ဌာပက, ဘိက္ခုနောဝါဒကအရာတို့၌လည်းကောင်း, ဥပဇ္ဈာယမတ္တ-အာစရိယမတ္တနှင့်စပ်သော အထူးရှိသေရသော အရာတို့၌လည်းကောင်း, သမာနာသနိက-အသမာနာသနိကနှင့်စပ်သော နေရာတူနေသင့်-မနေသင့် ဟူရာတို့၌ လည်းကောင်း, ပိုင်းခြားနိုင်သည်။]

ပဌ္ဌင်းဖြစ်သောအခါသမယကို ကြားခြင်းဟူသော ပဌမအပရကိစ္စပြီး၏။

---------✱----------

## နိဿယ ၄-ပါးကိုကြားခြင်း

ယခုအခါ မှီရာလေးပါး အကရဏီယလေးပါးတို့ကို ကြားခြင်းဟူသော အပရကိစ္စ နှစ်ပါးကို အစဉ်အတိုင်းပြတော်မူခြင်းငှါ-

"စတ္တာရော နိဿယာ အာစိက္ခိတဗ္ဗာ"။

အစရှိသော ဒေသနာတော်ကို ဟောတော်မူသည်။

အနက်ကား။ ။ စတ္တာရော=လေးပါးကုန်သော၊ နိဿယာ=သာသနာထမ်း ရဟန်းပြုလုပ်သောသူတို့ အားကိုးအားထား ကိုးစားမှီတင်းရာတို့ကို၊ အာစိက္ခိတဗ္ဗာ=ပြောကြားအပ်ကုန်၏၊ စတ္တာရိ=လေးပါး

ကုန်သော၊ အကရဏီယာနိ=မပြုမကျင့်အပ်သော အမှုတို့ကို၊ အာစိက္ခိ တဗ္ဗာနိ=ပြောကြားအပ်ကုန်၏။

## ပဌမနိဿယ

ယခုအခါ မိုရာလေးပါးကိုကြားသော အစီအရင်ကို အကျယ်ပြ တော်မူလိုသည်ဖြစ်၍-

“ ပိဏ္ဍိယာလောပဘောဇနံ ”

အစရှိသော ဒေသနာတော်ကို ဟောတော်မူသည်။

## အနက်ကား

၁။ အာဝုသော= ငါ့ရှင်ပဉ္စင်းသစ်၊ တေ= သင်ပဉ္စင်းသစ်၏၊ ပဗ္ဗဇ္ဇာ= ရှင်ရဟန်း အဖြစ်သို့ ကပ်ရောက်ရခြင်းသည်၊ ပိဏ္ဍိယာလောပ ဘောဇနံ= သလုံးသားဖြင့် အားထုတ်၍ရအပ်သော တစ်လုပ်စာ တစ်လုပ်စာမျှ သောဆွမ်းကို၊ နိဿာယ=အားကိုးသမှု အမှီပြု၍၊ ပဝတ္တာ=ဖြစ်ရချေ၏၊ တသ္မာ=ထို့ကြောင့်၊ တတ္ထ=ထိုသပိတ်လက်စွဲ၍ ဆွမ်းခံခြင်းအမှု၌၊ တေ- တယာ=သင်ပဉ္စင်းသစ်သည်၊ ယာဝဇီဝံ= အသက်ထက်ဆုံး၊ ဥဿာဟော= အားထုတ်ခြင်းအမှုကို၊ ကရဏီယော=ပြုအပ်၏။

အတိရေကလာဘော=ရှေးဘုန်းရှေးကံ ဆော်ဖန်ချီးမြှင့်သော အခွင့်အလမ်းနှင့် ကြိမ်သဖြင့် ပိဏ္ဍိယာလောပဆွမ်းထက် ဘုန်းတန်ပိုလျှံ လာဘ်များပြန်မူကား၊ သံဃဘတ္တံ=တိုက်ရှိသံဃာ အကုန်ပါသော သံဃ ဘတ်မှ ရအပ်သောဆွမ်းကိုလည်းကောင်း၊ ဥဒ္ဒေသဘတ္တံ=တိုက်ရှိသံဃာ အချို့ပါသော ဥဒ္ဒေသဘတ်မှ ရအပ်သော ဆွမ်းကိုလည်းကောင်း၊ နိမန္တနံ= တတ်နိုင်သလောက် ပင့်ဖိတ်လျှောက်၍ ကြွရောက်သံဃာ လှူဒါန်းပါ သော နိမန္တနဘတ်မှ ရအပ်ပါသော ဆွမ်းကိုလည်းကောင်း၊ သလာကာ

ဘတ္တံ=စာရေးတံကျရာ လျှုဒါန်းပါသော သလာကဘတ်မှ ရအပ်သော ဆွမ်းကိုလည်းကောင်း၊ ပက္ခိကံ=ဆန်း, ဆုတ်ပက္ခ နှစ်ကာလ၌ ကြည်ဆွ သဒ္ဓါ လျှုဒါန်းပါသော ပက္ခိကဘတ်မှ ရအပ်သောဆွမ်းကို လည်းကောင်း၊ ဥပေါသထိကံ=လကွယ်လပြည့် ဥပုသ်နေ့၌ ကြည်မွေ့သဒ္ဓါလျှုဒါန်းပါ သော ဥပေါသထိကဘတ်မှရအပ်သောဆွမ်းကို လည်းကောင်း၊ပါဋိပဒိကံ= ဥပုသ်ကျော်တက် နောက်တစ်ရက်၌ ထက်မြက်သဒ္ဓါ လျှုဒါန်းပါသော ပါဋိပဒိကဘတ်မှ ရအပ်သောဆွမ်းကိုလည်းကောင်း၊ ဣမေ= ဤခြောက် ပါးသောသံဃိကဘတ်အပိုလာဘ်တို့ကို၊ သာဒိတဗ္ဗာ=သာယာ အပ်ကုန် သေး၏။

အဓိပ္ပါယ်ကား။ ။ အနမတဂ္ဂသံသရာ၌ ဂင်္ဂါသဲလုံးမျှမက ပွင့်တော် မူကြကုန်သော ဘုရားရှင်တို့သည်လည်းကောင်း, တစ်ဆူတစ်ဆူသော ဘုရားရှင်လက်ထက်၌ နှစ်ဆယ့်လေးသင်္ချေနှင့် ကုဋေခြောက်ဆယ် ဗိုလ်ခြေတစ်သိန်း ကျွတ်ကိန်းပါဝင်ကြကုန်သော ရဟန်းတော်တို့သည် လည်းကောင်း ရှေးဦးစွာရဟန်းပြုကြကုန်သောကာလ လေးကျွန်းကို အစိုးရတော်မူသော စကြာမင်းပင် ဖြစ်ပါသော်လည်း ရဟန်းတော်တစ် သက်၌ အသက်မွေးရန် ကြံဖန်ကြောင့်ကြ၍ ခေနဥစ္စာအရင်းအနှီး အပြီး စီမံ၍ ရဟန်းပြုရိုးမရှိ၊ သလုံးမြင်းခေါင်းကိုသာ အရင်းအနှီးထား၍ ပြုမြဲ ပေတည်း။

[ထိုသို့ပြုရာ၌လည်း မည်သူမည်ဝါက တစ်ထပ်စာ, နှစ်ထပ်စာ လျှုပေ, လောင်းပေလိမ့်မည်ဟု အားကိုး၍လည်းပြုကြသည် မဟုတ်၊ တစ်အိမ်လျှင် တစ်လုပ်စာ, တစ်လုပ်စာရှာကြံခံယူ၍ အသက်မွေးမည်ဟု ပြုကြမြဲ ထုံးစံပေတည်း။]

ထို့ကြောင့် ငါတို့ဘုရားလက်ထက်တော်၌လည်း မဟာကပ္ပိန မင်း,

ဘဒ္ဒိယမင်း- စသော တိုင်းရှင်ပြည့်ရှင်တို့သည်လည်းကောင်း, ဇောတိက သူဌေး- ဇဋိလသူဌေး-သောဏသူဌေး- စသောသူဌေးကြီးတို့သည် လည်းကောင်း, ဥပတိဿ- ကောလိတစသော သူဌေးပုဏ္ဏားတို့သည် လည်းကောင်း တိုင်းကြီးပြည်ကြီး စည်းစိမ်ကြီးကို စွန့်ပစ်၍ ရဟန်းပြု ကြပြီးနောက် အသက်ထက်ဆုံး ဤပိဏ္ဍိယာလောပ ဆွမ်းဖြင့်သာ မျှတ တော်မူကြကုန်သတည်း။

## မေးမြန်းဖွယ်

မေး။ ။ အဘယ့်ကြောင့် ပိဏ္ဍိယာလောပဆွမ်းသည်သာ အထူး အား ပြုထိုက်ပါသနည်းဟူမူ-

အဖြေကား--

၁။ ဤဆွမ်းသည် သုဘိက္ခကာလ, ဒုဗ္ဘိက္ခကာလ မရွေးအခါခပ် သိမ်းလည်းရလွယ်သည်။

၂။ အရပ်ဒေသတိုင်း အိမ်မြင်တိုင်းလည်းရလွယ်သည်။

၃။ ဆွမ်းတစ်လုပ်စာအတွက်ကြောင့် လောင်းသူ ဒါယကာ တို့ကလည်း ရဟန်းတော်အပေါ်၌ ကျေးဇူးဟူသော- မှီမထား။

၄။ ရဟန်းတော်ကလည်း ဒါယကာတို့အပေါ်၌ ငဲ့ခြင်း, ညွှတ ခြင်းကို မပြုရ။

၅။ ဆွမ်းတစ်လုပ်စာမျှအတွက်နှင့် ကုလဒူသနအနေသန များကိုပြု၍လည်းကောင်း, သားငယ်မြေးငယ်များကို ထိန်း ကျောင်း၍လည်းကောင်း, ပင့်တိုင်းခေါ်တိုင်းလိုက်ပါ၍ လည်းကောင်း, လောကဝတ် ပျူငှါစကားကို အလိုက် အလျော ပြောဟော၍လည်းကောင်း ဒါယကာတို့စိတ်

နှလုံးကို စောင့်ရှောက်ဖွယ်မရှိ။

၆။ လူတို့နှင့်စပ်ယှဉ်သော တဏှာ သံယောဇဉ်လည်း ကင်း၏။

၇။ ကြောင့်ကြစိုးရိမ်ခြင်းလည်း ကင်း၏။

၈။ ကုလမစ္ဆေရ, လာဘမစ္ဆေရတို့မှလည်း ကင်း၏။

၉။ ကိုယ်ခန္ဓာကို မင်္ဂလာကျက်သရေကြီးထင်မှတ်သော ဝိပလ္လာသ တရားကို နှိပ်နင်းရ၏။

၁၀။ ဥစ္စာပစ္စည်းနည်းပါးသော လူ, ဇရာဒုဗ္ဗလဖြစ်သော လူတို့ကို အပါယဒုက္ခမှ စောင့်ရှောက်ရ၏။

၁၁။ နောက်နောက်ဘဝတို့၌ ချမ်းသာရန် အရင်းအနှီးတို့ကို လည်းကောင်း, သာဝကဗောဓိဉာဏ် ပစ္စေကဗောဓိဉာဏ်၊ သမ္မာသမ္ဗောဓိဉာဏ်ကိုရရန် အရင်းအနှီးတို့ကိုလည်း ကောင်း လှည့်လည် ဝေငှခြင်းဖြစ်၏။

၁၂။ သဒ္ဓါတရား နည်းပါးသောသူတို့ကို သဒ္ဓါအရင်းအနှီး ကြီးပွါး စေရခြင်းဖြစ်၏။

၁၃။ နောက်ဖြစ်သော ရဟန်းတို့အား ဒိဋ္ဌာနုဂတိကိုပေးရခြင်း။

၁၄။ "ကတရိတရေန ပိဏ္ဍပါတေန သန္တုဋ္ဌော ဟောတိ" ဟူသော ဘုရားအနန္တတို့ ချီးမွမ်းတော်မူသော ပဌမအရိယ ဝံသဓမ္မ၌ တည်ရခြင်း။

၁၅။ မိဿကဘတ်ဖြင့် မျှတ၍ ဒုက္ကရစရိယာတရားကို အား ထုတ်တော်မူသော မြတ်စွာဘုရားတို့၏ မဟာပဓာန အကျင့်တော်မြတ်ကို ပူဇော်ရခြင်း။

၁၆။ "ဥတ္တိဋ္ဌေ နပ္ပမဇ္ဇေယျ" ဟူသောစကားတော်ကို ပူဇော် ရခြင်း။

၁၇။ ပိဏ္ဍပါတစာရိကဝတ်၌လာသော အရာမကသော သိက္ခာသီလတို့ကို နေ့စဉ်ဆည်းပူးရခြင်း။

၁၈။ အာဟာရေပဋိကူလ- အစီအရင်တို့ကို ပြည့်စုံစွာ နှလုံးသွင်းရခြင်း။

၁၉။ အာဟာရေပဋိကူလသညာ မူလဒုက္ခ- ဟူသော ဝီရိယာရမ္ဘဝတ္ထုကို ကိုယ်တိုင်မျက်မှောက်တွေ့မြင်ရခြင်း။

၂၀။ လူအများတို့နေရာ ရွာတွင်းမြို့တွင်းဖြစ်၍ ဝိပတ္တိ အမျိုးမျိုးတို့ကို အမြင်အကြား များရသဖြင့် တေဘူမက သင်္ခါရဓမ္မတို့၏ အနိစ္စသဘော, ဝိပရိဏာမသဘောတို့ကို အထူးနှလုံးမသွင်းဘဲပင် မပြတ်မစဲ ထင်မြင်ရခြင်း။

၂၁။ ထင်မြင်တိုင်းလည်း ဘုရားကို အထူးကြည်ညို အားကိုးသောစိတ်, တရားကို အထူးကြည်ညိုအားကိုးသော စိတ်တို့၏ မပြတ် မစဲဖြစ်ရခြင်း။

၂၂။ အနာရောဂါကင်းခြင်းစသော စင်္ကြံသွားခြင်း၏ အကျိုးငါးပါးတို့ကိုရခြင်း။

၂၃။ လူ, နတ်တို့၏ စိတ်နှလုံးကို ကြည်စေရခြင်း။

၂၄။ ဝီရိယတရားကို ပွါးများစေရခြင်း။

ဤသို့အစရှိသည်ဖြင့် ပိဏ္ဍိယာလောပဆွမ်း၏ အကျိုးတို့သည် အလွန်များစွာကုန်၏၊ ထို့ကြောင့် ဤပိဏ္ဍိယာလောပဆွမ်းသည်သာလျှင် အထူးအား ပြုထိုက်ပေသတည်း။

## အပိုလာဘ်ကိုခွင့်ပြုတော်မူခြင်းအကြောင်း

၁။ ကာယဗလ အားနည်းလှသည် ဖြစ်၍လည်းကောင်း။

၂။ ခြေ၌ဖြစ်သော အနာရောဂါ, လက်၌ဖြစ်သော အနာရောဂါရှိသည်ဖြစ်၍လည်းကောင်း။

၃။ မျက်စိအားနည်းခြင်း, နားအားနည်းခြင်း, ကိုယ်တွင်းရောဂါရှိ၍ အချမ်းအပူမခံနိုင်ခြင်း။

၄။ အလွန်နူးညံ့သော ကိုယ်ရေကိုယ်သားရှိသည်ဖြစ်၍ ဆွမ်းကိစ္စကြောင့် ကာယိကဒုက္ခများသဖြင့် စိတ္တသုခကို မရခြင်း။

၅။ ဒုဗ္ဘိက္ခသမယဖြစ်၍ ဆွမ်းခံလှည့်လည်၍ မပြည့်စုံသောအခါ, တတ်နိုင်သူလူတို့က သံဃဘတ်, ဥဒ္ဒေသဘတ်စသော သံဃိကဘတ်တို့ကို အားထုတ်ခြင်းစသော အကြောင်းနှင့် ယှဉ်သောအခါ ထိုသို့သော အကြောင်းထူးရှိသော ပုဂ္ဂိုလ်တို့ကို ရည်တော်မူ၍-

"အတိရေက လာဘော" အစရှိသည်ဖြင့် သံဃိကဘတ်- စသော ခြောက်ပါးကို ခွင့်ပြုတော်မူသည်။

[ဤအကြောင်းကိုကား သံဃဘေဒက သိက္ခာပုဒ်၏နိဒါန်းတွင် ဒေဝဒတ်ဝတ္ထုအဖွင့် အဋ္ဌကထာများကို ထောက်၍ မြတ်စွာဘုရား၏ အလိုတော်နှင့် ကျ-နအောင် ဆိုလိုက်ပေသတည်း။]

ပဉ္စမနိဿယပြီး၏။

------

## ဒုတိယနိဿယ

၂။ အာဝုသော=ငါ့ရှင်ပဉ္စင်းသစ်၊ တေ=သင်ပဉ္စင်းသစ်၏၊ ပဗ္ဗဇ္ဇာ=ရှင်ရဟန်းအဖြစ်သို့ ကပ်ရောက်ရခြင်းသည်၊ ပံသုကူလစီ ဝရံ=လူတွင်လုံးလုံးအသုံးမကျ စွန့်ပစ်ရသော ပံသုကူသင်္ကန်းကို၊ နိဿာယ= အားကိုးသမှု အမှီပြု၍၊ ပဝတ္တာ=ဖြစ်ရချေ၏၊ တသ္မာ=ထို့ကြောင့်၊ တတ္ထ=ထိုပံသုကူကို ကောက်ယူဆည်းစု ဝတ်ရုံမှု၌၊ တေ-တယာ=သင် ပဉ္စင်းသစ်သည်၊ ယာဝဇီဝံ=အသက်ထက်ဆုံး၊ ဥဿာဟော=အားထုတ် ခြင်း အမှုကို၊ ကရဏီယော=ပြုအပ်၏။

အတိရေကလာဘော=ရှေးဘုန်းရှေးကံ ဆော်ဖန်ချီးမြှင့် အခွင့်ထောက်ကူ၍ ပံသုကူသင်္ကန်းထက် ဘုန်းတန်းပိုလျှံ လာဘ်များပြန်မှုကား၊ ခေါမံ=ခေါမနိုင်ငံ, ရောမနိုင်ငံ၌ဖြစ်သော သင်္ကန်းကိုလည်းကောင်း၊ ဝါ=ခေါမ-မည်သော လျှော်အထူးဖြင့် ယက်သောသင်္ကန်းကိုလည်းကောင်း၊ ကောသေယျံ= ပိုးချည်ဖြင့်ယက်သော သင်္ကန်းကိုလည်းကောင်း၊ ကမ္ဗလံ=သားမွေးဖြင့်ပြီးသော ကမ္ဗလာသင်္ကန်းကိုလည်းကောင်း၊ သာဏံ=ပိုက်ဆံလျှော်ဖြင့်ယက်သော သင်္ကန်းကိုလည်းကောင်း၊ ဘင်္ဂံ=ဘန်ချည်ဖြင့်ယက်သော သင်္ကန်းကိုလည်းကောင်း၊ ဝါ=ခေါမစ သောချည်ငါးမျိုးတို့ကို ရော၍ယက်သော သင်္ကန်းကိုလည်းကောင်း၊ ဣမာနိ=ဤခြောက်မျိုးသော သင်္ကန်းတို့ကို၊ သာဒိတဗ္ဗာနိ=သာယာအပ်ကုန်သေး၏။

[ဤသင်္ကန်းအရာ၌လည်း ဂင်္ဂါသဲလုံးမျှမက ပွင့်ကြကုန်သော ဘုရား, ပစ္စေကဗုဒ္ဓါ, သာဝကတို့၏ အရိုးအစဉ်ကို ပိဏ္ဍိယာလောပဆွမ်းအတိုင်း ဆိုလေ။]

# ပံသုကူသင်္ကန်း၏အကျိုးအာနိသင်

ပံသုကူသင်္ကန်းဖြင့်မျှတသော ရဟန်းမှာ
၁။ လူတို့က တင်ထားသော ကျေးဇူးဟူသော မြီကင်းသည်။
၂။ လူတို့ကိုငဲ့ခြင်း ညှာတာခြင်းလည်း ကင်းသည်။
၃။ ဒါယကာတို့စိတ်နှလုံးကို စောင့်ရှောက်ရခြင်းလည်း ကင်းသည်။
၄။ လူတို့နှင့်စပ်သော တဏှာသံယောဇဉ် အစိုးအရိမ် အကြောင့်ကြ ကုလမစ္ဆေရ-စသည်မှလည်း ကင်းသည်။
၅။ အသုဘ၌ သုဘဟူ၍ဖြစ်သော ဝိပလ္လာသတရားကျလည်း နှိပ်နင်းရသည်။
၆။ အဝတ်တန်းဆာကို အစွဲပြု၍ဖြစ်သော တဏှာ-မာန တရား၊ ကိုယ်ခန္ဓာအင်္ဂါကြီးငယ်ကိုလည်းကောင်း, အဝတ်တန်ဆာပရိက္ခရာတို့ကိုလည်းကောင်း, အပြောင်အလက်ကြိုက်သော စာပလျတရားတို့မှလည်း ကင်းသည်။
၇။ နောက်ဖြစ်သောရဟန်းတို့အား ဒိဋ္ဌာနုဂတိကို ပေးရခြင်း။
၈။ "ဣတရီတရေန စီဝရေန သန္တုဋ္ဌော ဟောတိ" ဟူသော ဒုတိယ အရိယဝံသဓမ္မ၌တည်ရခြင်း။
၉။ မြတ်စွာဘုရား၏ မဟာပဓာနအကျင့်တော်မြတ်ကို ပူဇော်ရခြင်း။
၁၀။ "ပံသုကူလစရံ ဇန္တုံ၊ ကိသံ ဓမနိသန္ထတံ။
ဇေကံ ဝနသ္မိံ ဈာယန္တံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ"။

ဟူသောစကားတော်ကို ပူဇော်ရခြင်း-အစရှိသော များသော အကျိုးအာနိသံသရှိသည်။

[အကြွင်းမှာ ရှေ့နည်းကိုမှီ၍ဆိုလေ]
ဒုတိယနိဿယပြီး၏။

--------*--------

## တတိယ နိဿယ

၃။ အာဝုသော=ငါ့ရှင်ပဉ္စင်းသစ်၊ တေ=သင်ပဉ္စင်းသစ်၏၊ ပဗ္ဗဇ္ဇာ=ရှင်ရဟန်းအဖြစ်သို့ ကပ်ရောက်ရခြင်းသည်၊ ရုက္ခမူလသေနာသနံ=သစ်ပင်တောချုံရင်းတည်းဟူသော အိပ်ရာနေရာ အရိပ်အာဝါသကို၊ နိဿာယ=အားကိုးသမှု အမှီပြု၍၊ ပဝတ္တာ=ဖြစ်ရချေ၏၊ တသ္မာ=ထို့ကြောင့်၊ တတ္ထ=ထိုသစ်ပင်တောချုံရင်းတည်းဟူသော အိပ်ရာနေရာကို သုံးဆောင်ခြင်းအမှု၌၊ တေ-တယာ=သင်ပဉ္စင်းသစ်သည်၊ ယာဝဇီဝံ=အသက်ထက်ဆုံး၊ ဥဿာဟော=အားထုတ်ခြင်းအမှုကို၊ ကရဏီယော=ပြုအပ်၏။

အတိရေကလာဘော=ရှေးဘုန်းရှေးကံ ဆော်ဖန်ထောက်ကူသဖြင့် ရုက္ခမူကျောင်းသခ်မ်းထက် ဘုန်းတန်းပိုလျှံ လာဘ်များပြန်မူကား၊ ဝိဟာရော=နှစ်ဖက်အမိုးရှိသော ကျောင်းကိုလည်းကောင်း၊ အၯယောဂေါ=တစ်ဖက်သာအမိုးရှိသောကျောင်းကိုလည်းကောင်း၊ ပါသာဒေါ=ပြာသာဒ်ရှည်ကိုလည်းကောင်း၊ ဟမ္မိယံ=ပြာသာဒ်ဦးပြည်းကိုလည်းကောင်း၊ ဂုဟာ=ဂူကိုလည်းကောင်း၊ ဣမေ=ဤအရိပ်အာဝါသတို့ကို၊ သာဒိတဗ္ဗာနိ=သာယာအပ်ကုန်၏။

## အဓိပ္ပါယ်ကား

အသိန်းအသန်းမျှသော ရန်သူတို့ကို တစ်ယောက်အားနှင့် ဖြိုဖျက်လိုသောသူသည် ထိုရန်သူတို့၏ အလယ်၌နေ၍ လုပ်ကြံခြင်းငှါ မတတ်ကောင်း၊ ထိုရန်သူတို့၏အလယ်မှထွက်၍ လွတ်ရာအရပ်၌ နေမှသာ လက်နက်ကြိယာ ရိက္ခာစားနပ် ဗိုလ်ခြေတပ်ခြေတို့ကို လုံလောက်အောင် စုရုံးခြင်းငှါ အခွင့်ရသည်၊ ထိုအခွင့်ကိုရ၍ အလုံးစုံအားပြည့်မှသာ ထိုရန်သူတို့ကို အကြွင်းမဲ့ဖြိုဖျက်ခြင်းငှါ ထမြောက်အောင် ကြံနိုင်သည်။

ထို့အတူ အသိန်းအသန်းမကသော ကိလေသာ ရန်သူတို့ကို လုပ်ကြံတော်မူကြကုန်သော အလုံးစုံသောဘုရား, ပစ္စေကဗုဒ္ဓါ, သာဝက, ရသေ့, ရဟန်းဟူသမျှတို့သည် ကိလေသာကာမဂုဏ်တို့၏ ပေါင်းရုံးစုဝေးရာ မြို့ရွာနိဂုံးအလယ်၌နေ၍ လုပ်ကြံခြင်းငှါ မတတ်ကောင်း၊ မြို့ရွာနိဂုံးမှခွါ၍ တောတောင်သစ်ပင် ချုံနွယ်ပိတ်ပေါင်းတို့ကို ခံမြို့ပြု၍ နေမှသာ သတိပဋ္ဌာန်, သမ္မပ္ပဓာန်စသော လက်နက်ကြိယာ ရိက္ခာစားနပ် ဗိုလ်ခြေတပ်ခြေတို့ကို လုံလောက်အောင် ရုံးစုခြင်းငှါ အခွင့်ရသည်၊ ထိုအခွင့်ကိုရ၍ အလုံးစုံအားပြည့်မှသာ ထိုရန်သူတို့ကို အကြွင်းမဲ့ဖြိုဖျက်ခြင်းငှါ ထမြောက်အောင်ကြံနိုင်ကြကုန်သည်။

ထို့ကြောင့် သစ်ပင်တောချုံတို့သည် အလုံးစုံသော ဘုရား, ပစ္စေကဗုဒ္ဓါ, အရိယာသူမြတ်တို့၏ အောင်တပ်တည်ရာ မင်္ဂလာခံမြို့ကြီးတွေ ဖြစ်ကုန်၏၊ မြို့ရွာနိဂုံးတို့သည် အသိန်းအသန်းမက များလှစွာသော ကိလေသာရန်သူတို့၏ အောင်တပ်တည်ရာ မဟာခံမြို့ကြီးတွေဖြစ်ကုန်၏။

ထို့ကြောင့် ဗုဒ္ဓဒါယဇ္ဇ-ဘုရားအမွေတော်ဖြစ်သော ရန်အောင်မင်္ဂလာ မဟာခံမြို့တော်ကြီးကို ပဋ္ဌင်းလောင်းအား နှင်းအပ်တော်မူလို

သည်ဖြစ်၍-

"ရုက္ခမူလသေနာသနံ နိဿာယ ပဗ္ဗဇ္ဇာ"။

ဟူသောဒေသနာတော်မြတ်ကို ဟောတော်မူသည်၊ ထိုသို့ နှင်းအပ်တော်မူသော ရုက္ခမူလသေနာသန-ဟူသော ရန်အောင်မင်္ဂလာ ခံမြို့တော်ကြီးကို စွန့်ပစ်၍ မြို့ရွာနိဂုံးအနီးဥပစာ၌ ရွာသူတို့၏ အခက်အနက် စနုတ်စပေါက်ကိုမြော်၍ ပျော်ရွှင်ချမ်းမြေ့ မေ့ကြီး မေ့လျက် နေကြကုန်သော ပုထုဇဉ်ရဟန်းတို့သည် မြို့သူရွာသူ လူဂဟဋ္ဌတို့နှင့် မခြားမနား အဖျားအရင်းမျှသာ ဖြစ်ကြ၍ ကိလေသာရန်သူတို့၏ လက်တွင်း၌ သေခြင်းမလှသေကြကုန်၏။

[သတိမူကြပါကုန်]

[အကြွင်းမှာ ရှေးနည်းကိုမှီ၍ ဆိုလေ။ ]

တတိယနိဿယပြီး၏။

-------✱-------

## စတုတ္ထနိဿယ

၄။ အာဝုသော=ငါ့ရှင်ပဉ္စင်းသစ်၊ တေ=သင်ပဉ္စင်းသစ်၏၊ ပဗ္ဗဇ္ဇာ=ရှင်ရဟန်းအဖြစ်သို့ ကပ်ရောက်ရခြင်းသည်၊ ပူတိမုတ္တဘေသဇ္ဇံ=အနံ့မကောင်းသော ဂေါမုတ်ဖြင့် ထုံအပ်စိမ်အပ်သော ဆီးဖြူ, သျှစ်ရှား, သဖန်းခါး စသောဆေးကို၊ ဝါ= ကာလကြာညောင်း ဟောင်းနွမ်းပုပ်ဆွေးသည်ဖြစ်၍ လူတို့သည် စွန့်ပစ်အပ်သော ဓာတ်စာဆေးဝါးကို၊ နိဿာယ=အားကိုး သမှုအမှီပြု၍၊ ပဝတ္တာ=ဖြစ်ရချေ၏၊ တသ္မာ=ထို့ကြောင့်၊ တတ္ထ=ထိုအနံ့မကောင်းသော ဂေါမုတ်ဖြင့် ထုံအပ်စိမ်အပ်သော ဆီးဖြူ, သျှစ်ရှား, သဖန်းခါး စသောဆေးကိုသာ သုံးဆောင်ခြင်းအမှု၌၊ ဝါ=ကာလကြာညောင်း ဟောင်းနွမ်းပုပ်ဆွေးသည်ဖြစ်၍ လူတို့စွန့်ပစ်အပ်သော ဓာတ်

စာဆေးဝါးကိုသာ သုံးဆောင်ခြင်းအမှု၌၊ တေ-တယာ=သင်ပဋ္ဋင်းသစ်သည်၊ ယာဝဇီဝံ=အသက်ထက်ဆုံး၊ ဥဿာဟော=အားထုတ်ခြင်း အမှုကို၊ ကရဏီယော=ပြုအပ်၏။

အတိရေကလာဘော=ရှေးဘုန်းရှေးကံ ဆော်ဖန်သမှုအကြောင်းပြု၍ ပူတိမုတ္တဆေးထက် လွန်ကဲပိုလျှံ လာဘ်များပြန်မူကား၊ သပ္ပိ=ထောပတ်ကိုလည်းကောင်း၊ နဝနီတံ=ဆီဦးကိုလည်းကောင်း၊ တေလံ=ဆီကိုလည်းကောင်း၊ မဓု=ပျားကိုလည်းကောင်း၊ ဖာဏိတံ=တင်လဲကိုလည်းကောင်း၊ ဣမာနိ=ဤဆေးငါးပါးတို့ကို၊ သာဒိတဗ္ဗာနိ=သာယာအပ်ကုန်သေး၏။

အဓိပ္ပါယ်ကား။ ။လောကီဖြစ်သောလူတို့၌ အထွတ်အမြတ်ပြု၍ တောင့်တအားကိုးရိုး ထုံးစံမူကား အဖိုးလည်းထိုက်မည်၊ ရှားလည်းရှားပါးမည်၊ ဤသို့သော အသုံးအဆောင်မျိုးကို အထွတ်အမြတ်ထား၍ အားကိုးကြကုန်သည်၊ ရဟန်းတို့၌မူကား--

- 'အပ္ပဂ္ဃာနိ၊ တစ်ချင်ရွေးမျှအဖိုး မထိုက်ကုန်သည်၊ ဟောန္တိ=ဖြစ်ကုန်အံ့၊ အနဝဇ္ဇာနိ=လောကအပြစ်, ဓမ္မအပြစ်ကင်းရှင်း ကုန်သည်၊ ဟောန္တိ=ဖြစ်ကုန်အံ့၊ တာနိစ=ထိုသို့သဘောရှိကုန်သော အသုံး အဆောင်တို့သည်လည်း၊ သုလဘရူပါနိ=အခါမရွေး, အရပ်ဒေသမရွေး လွယ်ကုန်သည်လည်း၊ ဟောန္တိ=ဖြစ်ကုန်အံ့။

ဟူ၍ အင်္ဂုတ္တိုရ် ပါဠိတော်၌ ဘုရားချီးမွမ်းတော်မူသော--

၁။ အဖိုးမထိုက် အဖိုးမရှိသော ဂုဏ်တစ်ပါး,

၂။ လောကပြစ်, ဓမ္မပြစ်ကင်းသော ဂုဏ်တစ်ပါး,

၃။ အခါမရွေး, အရပ်ဒေသမရွေး အလွယ်တကူ အလိုရှိတိုင်းရနိုင်သော ဂုဏ်တစ်ပါး

ဤဂုဏ်သုံးပါးနှင့် ပြည့်စုံသော ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး အစရှိသော အသုံးအဆောင်အမျိုးမျိုးတို့ကို အထွတ်အမြတ်ထား၍ အားကိုး ပြုကြကုန်မြဲ ဓမ္မတာဖြစ်သည်၊ ထို့ကြောင့် ရှေး၌ဟောတော်မူခဲ့သော ပိဏ္ဍိယာလောပဆွမ်း, ပံသုကူသင်္ကန်း, ရုက္ခမူလကျောင်းတို့နှင့် ဤပူတိမုတ္တဆေးသည် ဂုဏ်သုံးပါးနှင့်ပြည့်စုံပေသော အသုံးအဆောင် မျိုး စင်စစ်ဖြစ်ပေ၍ "ပူတိမုတ္တဘေသဇ္ဇံ နိဿာယ ပဗ္ဗဇ္ဇာ" ဟူသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

[အကြွင်းမှာ ရှေးနည်းကိုမှီ၍ ဆိုလေ။]

စတုတ္ထနိဿယပြီး၏။

--------✱--------

## နိဿယ ၄-ပါးကို ဟောတော်မူရခြင်းအကြောင်း

ဤနိဿယလေးပါးကို ရဟန်းဖြစ်စကာလ၌ ပြောကြားရ သည်မှာ-

ဘုရားလက်ထက်တော်၌ ရဟန်းတစ်ပါးသည် လူအများကဲ့သို့ လုပ်ကိုင်၍ အသက်မွေးရမည်ကို ကြောက်သည်ဖြစ်၍ ရဟန်းပြုရမှုကား မလုပ်မကိုင်ဘဲနှင့် အကောင်းအမွန်ကိုသုံးဆောင်၍ အသက်မွေးချမ်းသာမည်ဟု အကြံရ၍ ရဟန်းပြုလေ၏၊ ဆွမ်းခံဝင်ချိန်ကျ၍ ဆရာ ဥပဇ္ဈာယ်တို့က ဆွမ်းခံခေါ်ပေသောအခါ ဆွမ်းခံ၍ စားရမည်ဖြစ်လျှင် လူထွက်တော့မည်ဆို၍ ထွက်သွားလေ၏၊ ထိုအကြောင်းကို ဘုရားသိတော်မူ၍ ရဟန်းဖြစ်စကာလ၌ နိဿယလေးပါးကို ပြောကြားစေဟု ဟောတော်မူသည်။

ထို့ကြောင့် မိမိတို့သည်---

၁။ သီလဝိသောဓန,

၂။ စိတ္တဝိသောဓန,

၃။ ဒိဋ္ဌိဝိသောဓန,

၄။ ကင်္ခါဝိသောဓနေ,
၅။ မဂ္ဂါမဂ္ဂဝိသောဓနေ,
၆။ ပဋိပဒါဝိသောဓနေ,
၇။ ဉာဏဒဿနဝိသောဓနေ,

တည်းဟူသော အဆင့်ဆင့်တက်ရသော ရဟန်းကိစ္စခုနစ်ပါးတို့တွင် သီလဝိသောဓနေ-ဟူသော ပဌမကိစ္စတစ်ခုတွင်ရွေ့မျှ မပြည့်မစုံ အကြောင်းအကျားတွေ ဖြစ်ကြကုန်သည်နှင့် မိမိတို့ပုံပန်းမှာ ရဟန်းအမှုတစ်ခု လုံးလုံးပြစရာ, ပြောစရာ မရှိကြကုန်သည်ဖြစ်ပါလျက် မူလနိဿယကြီး လေးပါးကိုရှောင်ရှား၍ အတိရေကလာဘဖက်၌ သက်ဝင်ကြကုန်ပြီးလျှင် သုံးပင်တိုင်သင်္ဘောကြီးတို့သာ ဆောင်နိုင်သောဝန်ကို လှေငယ်လောင်းငယ်ရှင်တို့သည် ဥစ္စာခင်၍ တင်မှားကြသဖြင့် လှူရောလှေပါ လာဘ-သမုဒ္ဒရာအလယ်၌ အိုးတည်နစ် နစ်ကြလေကုန်ဘိသကဲ့သို့ မင်းဆရာ, စိုးဆရာ, မြို့ဆရာ, ရွာဆရာအဖြစ်၌ တည်ကုန်၍ မင်းစိုးရာဇာ မြို့ရွာနိဂုံးသူတို့ ပူဇော်သက္ကာရတို့ကို တစ်သောင်းတန်, တစ်ထောင်တန်, တစ်ရာတန်, တစ်ဆယ်တန် ရတိုင်းခံပြီးလျှင် လေလုံမိုးလုံ ကျောင်းဘုံဆောင်တွင်းဝယ် မင်းစား မင်းအိပ် မင်းဟိတ် မင်းဟန် မင်းသဏ္ဌာန်အမူနှင့် လူတစ်ပိုင်း ရှင်တစ်ပိုင်း ရိုင်းပြည်စ်ညမ်းသော နိဝရဏတရားတို့၏ အလိုတူအလိုပါ ရွာစောင့် မြို့စောင့် အမှောင့်သဘက် လူပျက်ရှင်ယောင်ကြီးတွေဖြစ်ကြကုန်၍ ကိလေသာတုံး ဘုရားမုန်းလှသော လူသည်းလူသွမ်း မာရ်မင်းကျွန်တွေ မဖြစ်ရအောင် လေးထွေသောနိဿယ ဘုရားအမွေတော်မြတ်ကို အသက်ထက်ဆုံး နှလုံးသွင်းကြစေကုန်သတည်း။

မှီရာ ၄-ပါးကို ပြေကြားခြင်းဟူသော ဒုတိယအပရကိစ္စပြီး၏။

--------*-------

## အကရဏီယ ၄- ပါး

နိဿယလေးပါကို ကြားခြင်းဟူသော အပရကိစ္စကိုပြပြီး၍ ယခုအခါ အကရဏီယလေးပါးကို ကြားခြင်းဟူသော အပရကိစ္စကို ပြခြင်းငှါ-

"ဥပသမ္ပန္နေန ဘိက္ခုနာ"

အစရှိသောစကားကို ဟောတော်မူသည်။

အနက်ကား။ ။ ဥပသမ္ပန္နေန=မြင့်မြတ်သောအဖြစ်သို့ ရောက်ပြီးသော၊ ဘိက္ခုနာ=ရဟန်းသည်၊ အန္တမသော=ယုတ်သောအပိုင်း အခြားအားဖြင့်၊ တိရစ္ဆာနဂတာယပိ=တိရစ္ဆာန်မ၌သော်လည်း၊ မေထုနော ဓမ္မော=မိန်းမ ယောက်ျား နှစ်ပါးအမူ တပ်ခြင်းတူကုန်သော လူတို့၏ဥစ္စာဖြစ်သောအကျင့်ကို၊ နပဋိသေဝိတဗ္ဗော= မမှီဝဲအပ်၊ ယောဘိက္ခု= အကြင်ရဟန်းသည်၊ မေထုနံဓမ္မံ= မိန်းမ ယောက်ျား နှစ်ပါးအမူ တပ်ခြင်းတူကုန်သော လူတို့၏ဥစ္စာဖြစ်သောအကျင့်ကို၊ ပဋိသေဝတိ=မှီဝဲမိချေအံ့၊ သောဘိက္ခု=ထိုရဟန်းသည်၊ အသမဏော=ရဟန်းမဟုတ်သည်၊ (ဝါ) ရဟန်းတုရဟန်းယောင်, ရဟန်းကြောင် ရဟန်းယုတ်, ရဟန်းစုတ်ရဟန်းပျက်သည်၊ ဟောတိ=ဖြစ်၏၊ အသကျပုတ္တိယော=သာကီဝင်မင်းသားဖြစ်တော်မူသော မြတ်စွာဘုရား၏ သားတော်မဟုတ်၊ (ဝါ) သားဆိုးသားယုတ်, သားစုတ်သားညစ်သည်၊ ဟောတိ=ဖြစ်၏၊ သေယျထာပိနာမ=နှိုင်းခိုင်းစရာ ဥပမာမည်သည်ကား၊ သီသစ္ဆိန္နော= ဦးခေါင်း ပြတ်ပြီးသော၊ ပုရိသော=ယောက်ျားသည်၊ တေန=ထိုပြတ်လေပြီးသော ဦးခေါင်းနှင့်တကွ၊ သရီရဗန္ဓနေန=ကိုယ်ကိုစပ်ဆက်ပြန်သဖြင့်၊ ဇီဝိတုံ=အသက်တစ်ဖန် ရှင်ပြန်ခြင်းငှါ၊ အဘဗ္ဗော=မထိုက်လေသကဲ့သို့၊ ဧဝမေဝ=ဤ့အတူသာလျှင်၊ ဘိက္ခု=ရဟန်းသည်၊ မေထုနံဓမ္မံ=မိန်းမ, ယောက်ျား

နှစ်ပါးအမှု တပ်ခြင်းတူကုန်သော လူတို့၏ဉစ္စာဖြစ်သောအကျင့်ကို၊ ပဋိသေဝိတွာ=မှီဝဲ၍၊ (ဝါ) မှီဝဲသည် ရှိသော်၊ (ဝါ) မှီဝဲသောကြောင့်၊ အသမဏော=ရဟန်း မဟုတ်သည်၊ (ဝါ) ရဟန်းတု ရဟန်းယောင်, ရဟန်းကြောင်ရဟန်းယုတ်, ရဟန်းစုတ် ရဟန်းပျက်သည်၊ ဟောတိ= ဖြစ်၏၊ အသကျပုတ္တိယော=သာကီဝင်မင်းသား ဖြစ်တော်မူသော မြတ်စွာဘုရား၏ သားတော် မဟုတ်သည်၊ (ဝါ) သားဆိုး သားယုတ်, သားစုတ်သား ညစ်သည်၊ ဟောတိ=ဖြစ်၏၊ တံ=ထိုမေထုန်အကျင့်ကို၊ တေ-တယာ=သင်ပဉ္စင်းသစ်သည်၊ ယာဝဇီဝံ=အသက်ထက်ဆုံး၊ အကရဏီယံ=မပြုမကျင့်အပ်၊ (ဝါ) မပြုမကျင့်ထိုက်၊ (ဝါ)ပြုခြင်းငှါ မတတ်ကောင်း၊ (ဝါ)မပြုမကျင့်လင့်၊ (ဝါ)ပြုကျင့်ကောင်းသော အမှု မဟုတ်ပေ၊ (ဝါ) မပြုမကျင့်ရမည့် ပဗ္ဗဇ္ဇဒုလ္လဘ အခါပေတည်း။

မေထုနဓမ္မ ခုနစ်ပါးကို သတ္တနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်၌ ဟောတော်မူသည်၊ ခုနစ်ပါးဟူသည်ကား-

၁။ ကိုယ်အင်္ဂါအချင်းချင်း တွေ့ထိသည်ကို သာယာသော မေထုန် တစ်ပါး,
၂။ နှစ်ယောက်ချင်းချင်း ပြုံးပြုံးရယ်ရယ် ကြည်စယ်စကားပြော ဆို၍နေရသည်ကို သာယာသော မေထုန်တစ်ပါး,
၃။ တဏှာပေမ- စိတ်ဖြင့် တစ်ဦးနှင့်တစ်ဦး မျက်နှာချင်းချင်း တစိမ့်စိမ့် တစိုက်စိုက်ကြည့်ရှုရသည်ကို သာယာသော မေထုန် တစ်ပါး,
၄။ အသံကြားသည်ကို သာယာသော မေထုန်တစ်ပါး။
၅။ ရှေး၌တွေ့ခဲ့ကြုံခဲ့ဘူးသော အပြုအမူကို အမှတ်ရတိုင်း ရတိုင်း သာယာသော မေထုန်တစ်ပါး,

၆။ တစ်ပါးသောသူတို့ခံစား၍ နေသည်ကို သိရ, ကြားရ, တွေ့ရ, မြင်ရ၍ ရာဂဖြစ်ပွါးသည်ကို သာယာသော မေထုန် တစ်ပါး,

၇။ ယခုဘဝ ကျင့်ဆောင်ရသော ဒါနကုသိုလ်, သီလကုသိုလ်, ဘာဝနာကုသိုလ်နှင့် နောက်နောက်ဘဝ၌ လူ့ချမ်းသာ, နတ်ချမ်းသာကို သာယာရည်မှတ်သော မေထုန်တစ်ပါး,

ဤသတ္တမ မေထုန်၌ မေထုန်မည်ကြောင်းကား-

နောက်ဘဝသို့ညွှတ်၍ ပြုအပ်သောရဟန်းအဖြစ်, ရဟန်းသိက္ခာသည် မေထုန်ကြီးပွါးရန်ပြုသည်သာဖြစ်၏၊ လောဘအကြံ ကြီးမားသော ယောကျ်ားတစ်ယောက်သည် ကြီးထွားရင့်မာသော အုန်းသီးကိုခဲယဉ်းစွာ ရလေ၏၊ ဤအုန်းသီးသည် အလွန်ခဲယဉ်း၏၊ ယခုခွဲလေသော် တစ်ခါစား နှင့်ပြီး တော့မည်၊ မစားသေးပြီ၊ အပင်ဖြစ်အောင် စိုက်ပျိုးပြုစုမည်၊ ကြီးသောအခါ တစ်နှစ်တစ်နှစ်လျှင် အသီးတစ်ရာ အသီးသုံးရာနှစ်စဉ် သီးမည်၊ ထိုအခါမှ စိတ်ရှိတိုင်းလည်း ငါစားမည်၊ သား, မယားစသည် ကိုလည်း ဝေခြမ်းမည်၊ ဥစ္စာစီးပွါလည်းပြုမည်ဟု အကြံပြု၍ အစဉ် အုန်းအရသာကိုရှောင်၍ ပေးလိုက်သကဲ့သို့ ထို့အတူ ယခုဘဝသည် အလွန်ခေါင်းပါးသည်၊ မေထုန်အမှုမဖြစ်နိုင်၊ ဖြူးမခံစားသေးပြီ၊ ရဟန်းပြု၍ ရဟန်းသိက္ခာနှင့် ရင်းဦးမည်၊ နောက်ဘဝ၌ လူဖြစ်လျှင်လည်း လူအလျောက်, နတ်ဖြစ်လျှင်လည်း နတ်အလျောက် ငါးရာအခြံအရံ, တစ်ထောင်အခြံအရံနှင့် စိမ်ပြေနပြေ ခံစားတော့မည်ဟု ပြုသည်ပင်မည်သတည်း။

ထို့ကြောင့် ပါဠိတော်၌---

၁။ အပိစ ခေါ အညတရံ ဒေဝနိကာယံ ပဏိဓာယ ဗြဟ္မစရိယံ စရတိ ဣမိနာဟံ သီလေနဝါ ဝတေနဝါ တပေနဝါ

ပြဟ္မစရိ ယေနဝါ ဒေဝေါဝါ ဘဝိဿာမိ ဒေဝညတ ရောဝါတိ။

၂။ သော တံ အဿာဒေတိ၊ တံ နိကာမေတိ၊ တေနစ ဝိတ္တိံ အာပဇ္ဇတိ၊ ဣဒံပိ ခေါ ပြာဟ္မဏ ပြဟ္မစရိယဿ ခဏ္ဍံပိ ဆိဒ္ဒံပိ သဗလံပိ ကမ္မာ သံပိ၊ အယံ ဝုစ္စတိ ပြာဟ္မဏ အပရိ သုဒ္ဓံ ပြဟ္မစရိယံ စရတိ။

၃။ သညုတ္တော မေထုနေန သညောဂေန န ပရိမုစ္စတိ ဇာတိယာ ဇရာယ မရဏေန သောကေဟိ ပရိဒေဝေဟိ ဒုက္ခေဟိ ဒေါမနဿေဟိ ဥပါယာသေဟိ၊ န ပရိမုစ္စတိ ဒုက္ခသ္မာတိ ဝဒါမီတိ။

## အနက်ကား

၁။ အပိစခေါ=စင်စစ်သော်ကား၊ အဟံ=ငါသည်၊ ဣမိနာသီလေနဝါ=ဤယခုကျင့်ဆောင်သော သီလကြောင့်လည်းကောင်း၊ ဣမိနာဝတေနဝါ=ဤယခု ကျင့်ဆောင်သော ဓုတင်ပဋိပတ်ကြောင့်လည်းကောင်း၊ ဣမိနာတပေနဝါ=ဤယခု အားထုတ်သော ဝီရိယကြောင့်လည်းကောင်း၊ ဣမိနာ ပြဟ္မစရိယေနဝါ=ဤယခုစောင့်ရှောက် ကြဉ်ရှောင်သော မေထုနဝိရတိ ကုသိုလ်ကြောင်လည်းကောင်း၊ ဒေဝေါဝါ=ဘုန်းတန်ခိုးကြီးသော နတ်မင်းသည်လည်းကောင်း၊ ဒေဝညတရောဝါ= မထင်မရှားသောနတ် သာမညသည်လည်းကောင်း၊ ဘဝိဿာမိ=ဖြစ်ရပေလတ္တံ့၊ ဣတိ=ဤသို့၊ အညတရံ=အမှတ်မထား တစ်ပါးပါးသော၊ ဒေဝနိကာယံ=ရုက္ခစိုး, ဘူမစိုး-စသောနတ်မျိုးကို၊ ပဏိဓာယ=တောင့်တ၍၊ ပြဟ္မစရိယံ=မြတ်သောပဋိပတ်အကျင့်ကို၊ စရတိ=ကျင့်၏။

၂။ သော=ထိုအကျင့်သီလနှင့်ပြည့်စုံသောရဟန်းသည်၊ တံ=ထိုမိမိကျင့်သမျှသော သီလပဋိပတ်ကို၊ အဿာဒေတိ=သာယာ၏၊ တံ=ထိုမိမိကျင့်သမျှသော သီလပဋိပတ်ကို၊ နိကာမေတိ=နှစ်သက်၏၊ တေနစ=ထိုမိမိပြုသမျှသော ကောင်းမှုဖြင့်၊ ဝိတ္တိံ=နှစ်သက်ခြင်းသို့၊ အာပဇ္ဇတိ=ရောက်၏၊ ဗြာဟ္မဏ=ပုဏ္ဏား၊ ခေါ=စင်စစ်၊ ဣဒံပိ=ဤမိမိအကျင့်ကို သာယာခြင်း, နတ်အဖြစ်ကို တောင့်တခြင်းသည်လည်း၊ ဗြာဟ္မစရိယဿ=မြတ်သောအကျင့်သီလ၏၊ ခဏ္ဍံပိ=ကျိုးခြင်းလည်းဖြစ်၏၊ ဆိဒ္ဒံပိ=ပေါက်ခြင်း, ပြတ်ခြင်း, စုတ်ခြင်း, ပွဲခြင်းလည်းဖြစ်၏၊ ကမ္မာသံပိ=ကြောင်ခြင်း, ကျားခြင်းလည်းဖြစ်၏၊ ဗြာဟ္မဏ=ပုဏ္ဏား၊ အယံ=ဤနောက်၌ ဘဝအမြော်နှင့် ပြုသောရဟန်းကို၊ အပရိသုဒ္ဓံ=မစင်မကြယ်သည်ကိုပြု၍၊ ဗြဟ္မစရိယံ=ရဟန်းတရားကို၊ စရတိ=ကျင့်သော ရဟန်းဟူ၍၊ ဝုစ္စတိ=ဆိုအပ်၏။

၃။ သော=ထိုရဟန်းသည်၊ မေထုနေန သညောဂေန=မေထုန်သံယောဇဉ်နှင့်၊ သညုတ္တော=ဖွဲ့နှောင်လျက်နေသည်၊ ဟောတိ=ဖြစ်၏၊ သော=ထိုနှလုံး၌ မေထုန်သံယောဇဉ်ကြိုး ချည်တုပ်ဖွဲ့နှောင်လျက်ရှိသေးသော ရဟန်းသည်၊ ဇာတိယာ=ဇာတိဒုက္ခမှလည်းကောင်း၊ ဇရာယ=ဇရာဒုက္ခမှလည်းကောင်း၊ မရဏေန=မရဏဒုက္ခမှလည်းကောင်း၊ သောကေဟိ=သောကဒုက္ခတို့မှလည်းကောင်း၊ ပရိဒေဝေဟိ=ပရိဒေဝဒုက္ခတို့မှလည်းကောင်း၊ ဒုက္ခေဟိ=ကာယိကဒုက္ခတို့မှလည်းကောင်း၊ ဒေါမနဿေဟိ=စေတသိကဒုက္ခတို့မှလည်းကောင်း၊ ဥပါယာ သေဟိ=ဥပါယာသဒုက္ခတို့မှလည်းကောင်း၊ နပရိမုစ္စတိ=မလွတ်နိုင်သေး၊ ဒုက္ခသ္မာ=အပါယဒုက္ခ-စသောဒုက္ခ အမျိုးမျိုးမှ၊ အပရိမုတ္တောက္ကတိ=မကျွတ်နိုင်, မလွတ်နိုင်သေးသော ရဟန်းဟူ၍၊ အဟံ=ငါဘုရားသည်၊ ဝဒါမိ=ဟောတော်မူ၏။

ဤသို့ဟောတော်မူသော သတ္တနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်ကို မြင်သဖြင့် နောက်၌ဘဝအမြော်ထား၍ ကျင့်သောရဟန်း၏ အကျင့်သည် မေထုန်အလို့ငှါပင်ဖြစ်ရကား နောက်ဖြစ်လတ္တံ့သော လူ့ချမ်းသာ, နတ်ချမ်းသာကို တောင့်တသာယာခြင်း အမှုသည်လည်း မေထုန်တစ်ပါး မည်သတည်း။

ဤသတ္တနိပါတ် ပါဠိတော်လာ မေထုနဓမ္မခုနစ်ပါးနှင့် မဂ်ချင်းချင်း အတွေ့ကို သာယာခြင်းဟူသော မဂ္ဂေနမဂ္ဂပ္ပဋိပတ္တိအဓိဝါသနမေထုန်ကြီးကို ပေါင်းသည်ရှိသော် မေထုနဓမ္မရှစ်ပါးဖြစ်၏။

ထိုရှစ်ပါးတို့တွင်-

“ဥပသမ္ပန္နေန ဘိက္ခုနာ”မှစ၍“ အန္တမသော တိရစ္ဆာနဂတာ ယပိ” တိုင်အောင်သောပါဠ်တို့၌ ထိုမေထုန်ရှစ်ပါးလုံးတို့ကိုပင် ယူအပ်ကုန်၏။ “ယောဘိက္ခု” အစရှိသော အလယ်စကားရပ်တို့၌မူကား အန္တိမဝတ္ထုဖြစ်သော မဂ္ဂေန မဂ္ဂပ္ပဋိပတ္တိအဓိဝါသန မေထုန်တစ်ခုကိုသာ ယူအပ်၏။

နောက် သိက္ခာပုဒ်၌ ရှေးဦးစွာ တိဏသလာကအဒိန္နာဒါန်ကို ဟောပြီးမှ “ယောဘိက္ခု” စသည်၌ အန္တိမဝတ္ထုလောက်သော ပါဒ, ပါဒါရဟအဒိန္နာဒါန်ကို ဟောသည်ကိုမြော်ပါ၊ “တံ တေ ယာဝဇီဝံ အကရဏီယံ” ဟူသော နောက်ဆုံးစကားရပ်၌ကား မေထုန်ရှစ်ပါး လုံးကိုပင် ယူအပ်၏။

[နောက်သိက္ခာပုဒ်သုံးပါးတို့၌လည်း ဤနည်းအတိုင်း သိရမည်။]

“အသမဏော အသကျပုတ္တိယော” ဟူရာ၌ ရဟန်းသည် ပရမတ္ထရဟန်း, သမ္မုတိရဟန်းဟူ၍ နှစ်ပါးရှိသည်၊ ဘုရား၏သားတော်သည်လည်း ပရမတ္ထသားတော်, သမ္မုတိသားတော်ဟူ၍ နှစ်ပါးရှိသည်။

၁။ အရိယာပုဂ္ဂိုလ် ရှစ်ယောက်သည် ပရမတ္ထရဟန်း မည်၏, ပရမတ္ထသားတော်မည်၏။

၂။ မြတ်စွာဘုရား၏ ဥတ္တိစတုတ္ထ ကမ္မဝါစာဖြင့် ဖတ်ရွတ် သမုတ်၍ဖြစ်သော ပုထုဇဉ် ရဟန်းစုသည် သမ္မုတိရဟန်း, သမ္မုတိသားတော်သာမည်၏။

ထိုပုထုဇဉ် ရဟန်းသည် အရိယာအဖြစ်သို့ ရောက်ပေမူကား- ပရမတ္ထ, သမ္မုတိနှစ်ဖက်၌ပင် ဝင်ပေ၏။

မြတ်စွာဘုရား၏ ရင်၌ဖြစ်သော တရားဒေသနာကို ကြားနာ၍ ကျင့်၍ အရိယာအဖြစ်သို့ ရောက်သောပရမတ္ထရဟန်း, ပရမတ္ထသံဃာ သည် "ဩရသပုတ္တ" မြတ်စွာဘုရား၏ ရွှေရင်တော်နှစ် သားတော်စစ် ဖြစ်ပေသကဲ့သို့ ထို့အတူမြတ်စွာဘုရား၏ ရင်၌ဖြစ်သော ဥတ္တိစတုတ္ထ ကမ္မဝါစာဖြင့် ဥပသမ္ပန္န အဖြစ်သို့ရောက်သော ပုထုဇဉ်သမ္မုတိ ရဟန်း သံဃာများလည်း "ဩရသပုတ္တ" မြတ်စွာဘုရား၏ ရွှေရင်တော်နှစ် သားတော်စစ်ပင်ဖြစ်ပေသည်ဟု မှတ်အပ်၏။

အဘယ့်ကြောင့်နည်းဟူမူ-

အရိယာဖြစ်ကြောင်းဖြစ်သော စတုသစ္စဒေသနာတရားတော် သည်လည်း ဘုရားမြတ်စွာ၏ရင်၌ ဖြစ်သည်မှန်သကဲ့သို့ ဥပသမ္ပန္န ဖြစ်ကြောင်းဖြစ် သော ဥတ္တိစတုတ္ထကမ္မဝါစာတော်သည်လည်း ဘုရားမြတ်စွာ၏ရင်၌ဖြစ် သည် အမှန်ပင်ဖြစ်သတည်း။

ထို့ကြောင့် ဤဥတ္တိစတုတ္ထကမ္မဝါစာတော်ဖြင့် ဥပသမ္ပန္နအဖြစ် သို့ရောက်သော ယခုရှိကြသော ပုထုဇဉ်သမ္မုတိရဟန်းတို့ကို မြတ်စွာ ဘုရား၏ သားတော်အစစ်မဟုတ်ဟု မဆိုထိုက်၊ သားတော်အစစ်တစ်မျိုး ဖြစ်ပေသည် ဟူ၍သာ ဆိုထိုက်ပေသည်ဟု မှတ်အပ်၏။

[သိတင်းငယ်သော အရိယာရဟန်းသည် သိတင်းကြီးသော ပုထုဇဉ်ရဟန်း၏ နောက်နေရသည်၊ နိမ့်ရာ၌နေရသည်၊ ရှိခိုးခြင်း စသည်ကို ပြုရသည်များကို မြော်လေ]

အဆုံး၌ "အကရဏီယံ" ဟူသောပုဒ်ကို အနက်ခြောက်ချက် ပေးသည်မှာ အနီယပစ္စည်းသည် ကိစ္စပစ္စည်းဖြစ်ပေ၍ ကံအနက်, အရဟ အနက်, သက္ကအနက်, ပေသအနက်, အတိသဂ္ဂအနက်, ပတ္တကာလ အနက်တို့ကို အစဉ်အတိုင်း ပေးလိုက်သည်။

ပဌမအကရဏီယပြီး၏

-------*-------

## ဒုတိယအကရဏီယ

ဥပသမ္ပန္နေန=မြင့်မြတ်သော အဖြစ်သို့ရောက်ပြီးသော၊ ဘိက္ခုနာ= ရဟန်းသည်၊ အန္တမသော=ယုတ်သောအပိုင်းအခြားအားဖြင့်၊ တိဏာ သလာကံ=မြက်ဝါးခြမ်းကို၊ ဥပါဒါယ=အစပြု၍၊ အဒိန္နံ=အရှင်သည်ကိုယ် နှုတ်ဖြင့် မပေးအပ်သော သူတစ်ပါးဥစ္စာကို၊ ထေယျသင်္ခါတံ=ခိုးတတ် စဉ်းလဲတတ်သောအမှုဟု ဆိုအပ်သော ဇောစိတ်အစုဖြင့်၊ နအာဒါတဗ္ဗံ= မယူအပ်၊ ယောဘိက္ခု=အကြင်ရဟန်းသည်၊ ပါဒံဝါ=ဆယ်မူးရေ ရွှေစင် တစ်မတ်ကိုလည်းကောင်း၊ ပါဒါရဟံဝါ=ဆယ်မူးရေ ရွှေစင်တစ်မတ် ထိုက် တန်သော ကပ္ပိယဘဏ္ဍာကိုလည်းကောင်း၊ အတိရေကပါဒံဝါ=ဆယ်မူး ရေရွှေစင် တစ်မတ်ထက်လွန်သော အကပ္ပိယဘဏ္ဍာ, ဆယ်မူးရေရွှေစင် တစ်မတ်ထိုက်သော ဘဏ္ဍာထက်လွန်သော အဖိုးထိုက်တန်သော ကပ္ပိယ ဘဏ္ဍာကိုလည်းကောင်း၊ အဒိန္နံ=အရှင်သည်ကိုယ်နှုတ်ဖြင့် မပေးအပ် သော သူတစ်ပါးဥစ္စာကို၊ ထေယျသင်္ခါတံ=ခိုးတတ် စဉ်းလဲတတ်သောသူ၏

အမှုဟုဆိုအပ်သော ဇောစိတ်အစုဖြင့်၊ အာဒိယတိ=ခိုးယူမိအံ့၊ သော ဘိက္ခု=ထိုရဟန်းသည်၊ အသမဏော=ရဟန်း မဟုတ်သည်၊ ဝါ= ရဟန်းတု ရဟန်းယောင်, ရဟန်းကြောင် ရဟန်းယုတ်, ရဟန်းစုတ် ရဟန်း ပျက်သည်၊ ဟောတိ=ဖြစ်၏၊ အသကျပုတ္တိယော=သာကီဝင် မင်းသား ဖြစ်တော်မူသော မြတ်စွာဘုရား၏သားတော် မဟုတ်သည်၊ ဝါ=သားဆိုး သားယုတ်, သားစုတ် သားညစ်သည်၊ ဟောတိ=ဖြစ်၏။

သေယျထာပိနာမ=နှိုင်းခိုင်းစရာ ဥပမာကား၊ ဗန္ဓနာ=အညှာ အဖွဲ့မှ၊ ပဝုတ္တော=ကြွေကျလေပြီးသော၊ ပဏ္ဍုပလာသော=သစ်ရွက်လျော်သည်၊ ဟရိတတ္တာယ=စိမ်း, ရှင်ပြန်ခြင်းအကျိုးငှါ၊ အဘဗ္ဗော=မထိုက်လေသကဲ့သို့၊ ဧဝမေဝ=ဤ့အတူပင်လျှင်၊ ဘိက္ခု=ရဟန်းသည်၊ ပါဒံဝါ=ဆယ်မူးရေ ရွှေစင်တစ်မတ်ကိုလည်းကောင်း၊ ပါဒါရဟံဝါ=ဆယ်မူးရေ ရွှေစင် တစ်မတ်ထိုက်တန်သော ကပ္ပိယဘဏ္ဍာကိုလည်းကောင်း၊ အတိရေ ကပါဒံဝါ=ဆယ်မူးရေ ရွှေစင်တစ်မတ်ထက်လွန်သော အကပ္ပိယဘဏ္ဍာ, ဆယ်မူးရေရွှေစင်တစ်မတ်ထိုက်သော ဘဏ္ဍာထက် လွန်သောအဖိုး ထိုက်တန်သော ကပ္ပိယဘဏ္ဍာကိုလည်းကောင်း၊ အဒိန္နံ=အရှင်သည် ကိုယ်နှုတ်ဖြင့် မပေးအပ်သော သူတစ်ပါးဥစ္စာကို၊ ထေယျသင်္ခါတံ= ခိုးတတ် စဉ်းလဲတတ်သောသူ၏ အမှုဟုဆိုအပ်သော ဇောစိတ် အစုဖြင့်၊ အာဒိယိတွာ=ခိုးယူမိသည်ဖြစ်၍၊ ဝါ=ခိုးယူမိသည်ရှိသော်၊ ဝါ=ခိုးယူမိ သောကြောင့်၊ အသမဏော=ရဟန်းမဟုတ်သည်၊ ဝါ=ရဟန်းတု ရဟန်းယောင်, ရဟန်းကြောင်, ရဟန်းယုတ်, ရဟန်းစုတ် ရဟန်းပျက် သည်၊ အသကျပုတ္တိယော=သာကီဝင်မင်းသားဖြစ်တော်မူသော မြတ်စွာ ဘုရား၏ သားတော်မဟုတ်သည်၊ ဝါ=သားဆိုး သားယုတ်, သားစုတ် သားညစ်သည်၊ ဟောတိ=ဖြစ်၏၊ တံ=ထိုသူတစ်ပါးဥစ္စာကို ခိုးယူခြင်းအမှု

များကို၊ တေ-တယာ=သင်ပဋ္ဌင်းသစ်သည်၊ ယာဝဇီဝံ=အသက်ထက်ဆုံး၊ အကရဏီယံ=မပြုမကျင့်အပ်၊ ဝါ=မပြုမကျင့်ထိုက်၊ ဝါ=ပြုကျင့်ခြင်းငှါ မတတ်ကောင်း၊ ဝါ=မပြုမကျင့်လင့်၊ ဝါ=ပြုကျင့်ကောင်းသော အမှု မဟုတ်ပေ၊ ဝါ=မပြုမကျင့်ရမည့် ပဗ္ဗဇ္ဇဒုလ္လဘအခါပေတည်း။

အဒိန္နာဒါန်သည်။ ။ လေးပါးရှိကြောင်းကို ဒသကနိပါတ် အင်္ဂုတ္တိုရ်၌ ဟောတော်မူသည်၊ လေးပါးဟူသည်ကား---

၁။ မိမိကိုယ်တိုင် ယူခြင်းတစ်ပါး,

၂။ သူတစ်ပါးကို တိုက်တွန်းနှိုးဆော်ခြင်းတစ်ပါး,

၃။သူတစ်ပါးယူသည်, ရသည်ကိုဝမ်းမြောက်ခြင်း တစ်ပါး,

၄။ အဒိန္နာဒါန်နှင့်ရသည်ကို ချီးမွမ်းခြင်းတစ်ပါး,

အသမဏော, အသကျပုတ္တိယော-တို့၌ အသဒ္ဒါ၏ သဒိသအနက်, ဂရဟာအနက်တို့ကိုရည်၍ ဆိုခဲ့ပြီးသော အနက်တို့ကိုပေးသည်။

အသမဏော=ရဟန်းကောင်းတို့နှင့် ဆန့်ကျင်ဖက်ဖြစ်သော ရဟန်းသည်။

[ဝိရုဒ္ဓအနက်။]

[ဥပုသ်ပဝါရဏာ စသော ကံကြီး, ကံငယ်တို့ကိုလည်းကောင်း, အာမိသသမ္ဘောဂ, ဓမ္မသမ္ဘောဂအမှုတို့ကိုလည်းကောင်း ရဟန်းကောင်းတို့နှင့် အတူတကွ ပြုခြင်းငှါ မထိုက်ပေရကား ရဟန်းကောင်းတို့နှင့် ဆန့်ကျင် ဖက်ဖြစ်သည် မည်၏။]

အသမဏော=ရဟန်းအဖြစ်မှ တားမြစ်အပ်သောသူသည်။

[ပဋိသေဓအနက်။]

အသမဏော=ရဟန်းကောင်းအဖြစ်မှ ဆိတ်သောသူသည်။

[သုညအနက်။]

အသမဏော=သိက္ခာသီလမရှိ အသွင်အပြင်မျှသာ ရှိသည်ဖြစ်၍ သေးနုတ်သောရဟန်းသည်။

[အပ္ပကအနက်။]

အသမဏော=ရဟန်းသိက္ခာမှကင်းသောသူသည်။

[ဝိရဟအနက်။]

အသမဏော=ရဟန်းသိက္ခာမရှိသောသူသည်။

[အဘာဝအနက်။]

အသမဏော= ရဟန်းကောင်းတို့မှ အသီးအခြား တစ်ပါး တစ်ပုံဖြစ်သောသူသည်။

[အညအနက်။]

[အသကျပုတ္တိယော၌လည်း ထို့အတူ။]

ဒုတိယအကရဏီယပြီး၏။

-------

## တတိယအကရဏီယ

ဥပသမ္ပန္နေန=မြင့်မြတ်သောအဖြစ်သို့ ရောက်ပြီးသော၊ဘိက္ခုနာ= ရဟန်းသည်၊ သဉ္စိစ္စ=ဝဓကစေတနာနှင့်တကွ စေ့ဆော်အားထုတ်၍၊ အန္တမသော=ယုတ်သောအပိုင်းအခြားအားဖြင့်၊ ကုန္ထကိပိလ္လိကံ= ခြပုံးပိုးရွက်ကို၊ ဥပါဒါယ=အစပြု၍၊ ပါဏော=သတ္တဝါကို၊ ဇီဝိတာ= ဇီဝိတိန္ဒြေမှ၊ နဝေါရောပေတဗ္ဗော=မချအပ်၊ ယောဘိက္ခု=အကြင် ရဟန်းသည်၊ သဉ္စိစ္စ=ဝဓကစေတနာနှင့်တကွ စေ့ဆော်အားထုတ်၍၊ အန္တမသော=ယုတ်သော အပိုင်းအခြားအားဖြင့်၊ ဂဗ္ဘပါတနံ=ကိုယ်ဝန်

ချခြင်းအမှုကို၊ ဥပါဒါယ=အစပြု၍၊ မနုဿဝိဂ္ဂဟံ=လူဇာတ်ရှိသောသူ၏ ကိုယ်ကောင်ကို၊ ဇီဝိတာ=ဇီဝိတိန္ဒြေမှ၊ ဝေါရောပေတိ=ချမိအံ့၊ သောဘိက္ခု=ထိုရဟန်းသည်၊ အဿမဏော= ရဟန်းမဟုတ်သည်၊ ဝါ=ရဟန်းတု ရဟန်းယောင်, ရဟန်းကြောင် ရဟန်းယုတ်, ရဟန်းစုတ်, ရဟန်းပျက်သည်၊ ဟောတိ=ဖြစ်၏၊ အသကျပုတ္တိယော=သာကီဝင်မင်းသားဖြစ်တော်မူသော မြတ်စွာဘုရား၏ သားတော်မဟုတ်သည်၊ ဝါ=သားဆိုး သားယုတ် သားစုတ် သားညစ်သည်၊ ဟောတိ=ဖြစ်၏။

သေယျထာပိနာမ=နှိုင်းခိုင်းစရာ ဥပမာကား၊ ဒွေဓာ=နှစ်ဖို့ နှစ်ဖြာ၊ ဘိန္နာ=ကွဲပြီးသော၊ ပုထုသိလာ=ကြီးစွာသော ကျောက်ဖျာကျောက်လုံးသည်၊ အပ္ပဋိသန္ဓိကာ=အသစ်တစ်ဖန် စေ့စပ်ပြန်ခြင်းငှါ မတတ်ကောင်းသည်၊ ဟောတိ=ဖြစ်လေဘိသကဲ့သို့၊ ဧဝမေဝ=ဤ့အတူပင်လျှင်၊ ဘိက္ခု=ရဟန်းသည်၊ သဉ္စိစ္စ=ဝဓကစေတနာနှင့်တကွ စေ့ဆော်အားထုတ်၍၊ မနုဿဝိဂ္ဂဟံ=လူဇာတ်ရှိသောသူ၏ကိုယ်ကောင်ကို၊ ဇီဝိတာ=ဇီဝိတိန္ဒြေမှ၊ ဝေါရောပေတွာ=ချမိသည်ဖြစ်၍၊ ဝါ=ချမိသည်ရှိသော်၊ ဝါ=ချမိလေသောကြောင့်၊ အဿမဏော=ရဟန်းမဟုတ်သည်၊ ဝါ=ရဟန်းတု ရဟန်းယောင်, ရဟန်းကြောင် ရဟန်းယုတ်, ရဟန်းစုတ် ရဟန်းပျက်သည်၊ ဟောတိ=ဖြစ်၏၊ တံ=ထိုဇီဝိတိန္ဒြေမှချခြင်းအမှုများကို၊ တေ-တယာ=သင်ပဉ္စင်းသစ်သည်၊ ယာဝဇီဝံ=အသက်ထက်ဆုံး၊ အကရဏီ-ယံ=မချအပ်၊ ဝါ=ချခြင်းငှါ မတတ်ကောင်း၊ ဝါ=မချထိုက်-ဝါ=ချလင့်၊ ဝါ=ချကောင်းသောအမှုမဟုတ်ပေ၊ ဝါ=မချရမည့် ပဗ္ဗဇ္ဇဒုလ္လဘာ အခါပေတည်း။ပါဏာတိပါတတို့ကိုလည်း လေးပါးပင်ဟောသည်၊ လေးပါးဟူသည်ကား-

၁။ မိမိကိုယ်တိုင်သတ်ခြင်းတစ်ပါး,

၂။ သူတစ်ပါးကို နှိုးဆော်တိုက်တွန်းခြင်းတစ်ပါး,

၃။ သူတစ်ပါးသတ်၍ သေသည်ကိုလျှင် ဝမ်းမြောက်ခြင်းတစ်ပါး,

၄။ သေအောင် သတ်နိုင်ပေသည်ကို ချီးမွမ်းခြင်းတစ်ပါး,

မိမိကိုယ်ကို မိမိသတ်ခြင်းအမှုသည်ကား။ ။ရဟန်းမှာလည်း ပါရာဇိကကျသော အမှုပင်မဟုတ်၊ လူမှာလည်း ပါဏာတိပါတ ကမ္မပထမြောက်သောအမှုပင် မဟုတ်၊ မသင့်သော အကြောင်းနှင့် သတ်လေလျှင် ရဟန်းမှာ ဒုက္ကဋ်သင့်၏၊ လူမှာ အပြစ်မဆိုလောက်၊ သင့်သော အကြောင်းနှင့် မိမိကိုယ်ကို မိမိသတ်ပေလျှင် ရဟန်းမှာပင် အပြစ်မရှိ။

[သို့ဖြစ်၍ ပါဏော-ဟူသောပုဒ်၌ မိမိမှတစ်ပါးသော သတ္တဝါကိုဟု ပေးသင့်ငြားသော်လည်း မသင့်သောအကြောင်းနှင့်သတ်သည်ဖြစ်သော ဒုက္ကဋ်အာပတ်ကိုလည်း ပါစေခြင်းငှာ "ပါဏော၊ သတ္တဝါကို" ဟု သာမညသာပေးသည်]

တတိယအကရဏီယပြီး၏။

--------*--------

## စတုတ္ထအကရဏီယ

ဥပသမ္ပန္နေန=မြင့်မြတ်သောအဖြစ်သို့ ရောက်ပြီးသော၊ ဘိက္ခုနာ=ရဟန်းသည်၊ အန္တမသော=ယုတ်သော အပိုင်းအခြားအားဖြင့်၊ သုညာဂါရေ=ဆိတ်ငြိမ်သောကျောင်း၌၊ အဘိရမာမိ=အလွန်မွေ့လျော်၏၊ ဣတိ=ဤသို့ သောစကားကို၊ ဥပါဒါယ=အစပြု၍၊ ဥတ္တရိမနုဿဓမ္မော=ဈာနလာဘီ, အဘိညာလာဘီဖြစ်သော ပုထုဇဉ်ပုဂ္ဂိုလ်, အရိယာ ပုဂ္ဂိုလ်ဟု ဆိုအပ်သော မြင့်မြတ်သောလူတို့၏ ဥစ္စာဖြစ်သော ဂုဏ်ကျေးဇူးများကို၊ ဝါ=ပကတိလူတို့၌ ဖြစ်နိုင်သော ဒါန, သီလစသော ကာမာဝစရ

ကုသိုလ်တို့ထက် မြင့်မြတ်သော မဟဂ္ဂုတ်, လောကုတ္တရာတရားများကို၊ နဥလ္လပိတဗ္ဗော=ငါရသည်, ငါ၌ရှိသည်, ငါမျက်မှောက်ပြုနိုင်သည်ဟု ဝါဝါကြွားကြွား မပြောကြားအပ်၊ ယောဘိက္ခု=အကြင်ရဟန်းသည်၊ ပါပိစ္ဆော=ယုတ်မာသော အလိုရမက်ရှိသည်ဖြစ်၍၊ ဣစ္ဆာပကတော= အလိုရမက်သည် နှိပ်စက်ဖိစီးအပ်သည်ဖြစ်၍၊ အသန္တံ=မိမိကိုယ်၌ ထင်ရှားမရှိသော၊ အဘူတံ=မိမိသန္တာန်၌ တစ်ရံတစ်ဆစ်မျှမဖြစ်စဘူးသော၊ ဥတ္တရိမနုဿဓမ္မံ=ဈာနလာဘီ, အဘိညာလာဘီဖြစ်သော ပုထုဇဉ်ပုဂ္ဂိုလ်, အရိယာပုဂ္ဂိုလ်ဟု ဆိုအပ်သော မြင့်မြတ်သော လူတို့၏ ဉစ္စာဖြစ်သော ဂုဏ်ကျေးဇူးများကို၊ ဝါ=ပကတိလူတို့၌ ဖြစ်နိုင်သော ဒါန, သီလ-စသော ကာမာဝစရကုသိုလ်တို့ထက်မြင့်မြတ်သော မဟဂ္ဂုတ်, လောကုတ္တရာတရားများကို၊ ဥလ္လပတိ=ငါရသည်, ငါ၌ရှိသည်, ငါမျက်မှောက်ပြုနိုင်သည်ဟု ဝါဝါကြွားကြွား ပြောကြားမိအံ့၊ ဈာနံဝါ=ဈာန်လေးပါး, ဈာန်ငါးပါးကိုလည်းကောင်း၊ ဝိမောက္ခံဝါ=လောကီဝိမောက္ခဈာန်ရှစ်ပါး, လောကုတ္တရာဝိမောက္ခသုံးပါးကိုလည်းကောင်း၊ သမာဓိံဝါ=လောကီသမာဓိ,လောကုတ္တရာသမာဓိကိုလည်းကောင်း၊ သမာပတ္တိံဝါ=လောကီသမာပတ်, လောကုတ္တရာသမာပတ်ကိုလည်းကောင်း၊ မဂ္ဂံဝါ=လောကုတ္တရာ မဂ်လေးပါးကိုလည်းကောင်း၊ ဖလံဝါ= လောကုတ္တရာဖိုလ်လေးပါးကိုလည်းကောင်း၊ ဥလ္လပတိ=ငါရသည်, ငါ၌ရှိသည်, ငါမျက်မှောက်ပြုနိုင်သည်ဟု ဝါဝါကြွားကြွား ပြောကြားမိအံ့၊ သောဘိက္ခု=ထိုရဟန်းသည်၊ အသမဏော=ရဟန်းမဟုတ်သည်၊ ဝါ=ရဟန်းတု ရဟန်းယောင်, ရဟန်းကြောင် ရဟန်းယုတ်, ရဟန်းစုတ် ရဟန်းပျက်သည်၊ ဟောတိ=ဖြစ်၏၊ အသကျပုတ္တိယော=သာကီဝင်မင်းသား ဖြစ်တော်မူသော မြတ်စွာဘုရား၏ သားတော်မဟုတ်သည်၊ ဝါ=သားဆိုး သားယုတ်, သားစုတ် သားညစ်သည်၊ ဟောတိ=ဖြစ်၏။

သေယျထာပိနာမ=နှိုင်းခိုင်းစရာ ဥပမာကား၊ မတ္ထကစ္ဆိန္နော=လည်ဆစ်-လည်သီး ပြတ်လေပြီးသော၊ တာလော=ထန်းပင်သည်၊ ပုနဝိရုဠှိယာ=တစ်ဖန်ပေါက်ရောက် စည်ပင်ပြန်ခြင်းငှါ၊ အဘဗ္ဗော=မထိုက်သကဲ့သို့၊ ဧဝမေဝ=ဤ့အတူပင်လျှင်၊ ဘိက္ခု=ရဟန်းသည်၊ ပါပိစ္ဆော=ယုတ်မာသောအလိုရမက်ရှိသည်ဖြစ်၍၊ ဣစ္ဆာပကတော=အလိုရမက်သည် နှိပ်စက်ဖိစီးအပ်သည်ဖြစ်၍၊ အသန္တံ=မိမိကိုယ်၌ ထင်ရှားမရှိသော၊ အဘူတံ=မိမိသန္တာန်၌ တစ်ရံတစ်ဆစ်မျှ မဖြစ်စဖူးသော၊ ဥတ္တရိမနုဿဓမ္မံ=စျာနလာဘီ, အဘိညာလာဘီဖြစ်သော ပုထုဇဉ်ပုဂ္ဂိုလ်, အရိယာပုဂ္ဂိုလ်ဟုဆိုအပ်သော မြင့်မြတ်သော လူတို့၏ ဥစ္စာဖြစ်သော ဂုဏ်ကျေးဇူးများကို၊ ဝါ=ပကတိလူတို့၌ ဖြစ်နိုင်သော ဒါန၊ သီလ-စသော ကာမာဝစရ ကုသိုလ်တို့ထက် မြင့်မြတ်သော မဟဂ္ဂုတ်, လောကုတ္တရာ တရားများကို၊ ဥလ္လပိတွာ=ငါရသည်, ငါ၌ရှိသည်, ငါမျက်မှောက်ပြုနိုင်သည်ဟု ဝါဝါကြွားကြွား ပြောကြားမိ၍၊ ဝါ=ငါရသည်, ငါ၌ရှိသည်, ငါမျက်မှောက်ပြုနိုင်သည်ဟု ဝါဝါကြွားကြွား ပြောကြားမိသည်ရှိသော်၊ ဝါ= ငါရသည်, ငါ၌ရှိသည်, ငါမျက်မှောက် ပြုနိုင်သည်ဟု ဝါဝါ ကြွားကြွား ပြောကြားမိသောကြောင့်၊ အသမဏော=ရဟန်းမဟုတ်သည်၊ ဝါ=ရဟန်းတု ရဟန်းယောင်, ရဟန်းကြောင် ရဟန်းယုတ်, ရဟန်းစုတ် ရဟန်းပျက်သည်၊ ဟောတိ=ဖြစ်၏၊ အသကျပုတ္တိယော=သာကီဝင် မင်းသား ဖြစ်တော်မူသော မြတ်စွာဘုရား၏သားတော် မဟုတ်သည်၊ ဝါ=သားဆိုး သားယုတ်, သားစုတ်, သားညစ်သည်၊ ဟောတိ=ဖြစ်၏၊ တံ=ထိုစျာန်မဂ်ဖိုလ်တရားကို ပြောကြားခြင်းအမှုများကို၊ တေ-တယာ=သင်ပဋ္ဌင်းသစ်သည်၊ ယာ၀ ဇီဝံ=အသက်ထက်ဆုံး၊ အကရဏီယံ=မပြုမကျင့်အပ်၊ ဝါ=မပြုမကျင့်ထိုက်၊ ဝါ=ပြုကျင့်ခြင်းငှါမတတ်ကောင်း၊ ဝါ=မပြုမကျင့်လင့်၊ ဝါ=ပြုကျင့်ကောင်းသော အမှုမဟုတ်ပေ၊ ဝါ=

မပြုကျင့်ရမည့် ပစ္စဇ္ဇဒုလ္လဘအခါပေတည်း။

[ "ပုဗ္ဗာပရ၊ သမာနနှင့်၊ လက္ခဏဟောတု၊ ငါးခုအတွာ၊ သက်အပ်စွာ၊ တုန-တွာန-တွာ" ဟူသောရှေးဆရာတို့စကားနှင့်အညီ "ပဋိသေဝိတွာ, အာဒိယိတွာ, ဝေါရောပေတွာ, ဥလ္လပိတွာ" ဟူသော လေးပုဒ်တို့၌ အနက်သုံးချက်စီ ပေးလိုက်သည်။]

အကရဏီယ- လေးပါးကိုကြားခြင်းဟူသော အပရကိစ္စကို ပြုရသည်မှာ-

ရဟန်းပြုစ- ကာလ၌ ရဟန်းသိက္ခာတို့ကို မသိနိုင်သေးသည်နှင့် တစ်ပါးသော သိက္ခာတို့ကို လွန်ကျူးမိသည်ရှိသော် ကုစား၍ ပကတိဖြစ်အောင် တတ်ကောင်းသေး၏၊ ဤလေးပါးကို လွန်ကျူးမိသည်ရှိသော် ကုစားခြင်းငှါ မတတ်ကောင်း၊ တစ်ပါးသောအမှုတို့ထက် ဤလေးပါးသောအမှုတို့ကို အလျင်သိနှင့်မှ သင့်မြတ်မည် ဖြစ်သောကြောင့်လည်းကောင်း, တစ်ပါးသော အာပတ်အပြစ်တို့ အငြိအစွန်းရှိသော်လည်း ဤလေးပါး လုံခြုံခဲ့သည်ရှိသော် သဒ္ဓါဒေယျ- လှူဒါန်းသော ပစ္စည်းဝတ္ထုများကို ခံယူသုံးဆောင်ခြင်းငှါထိုက်သော သီလဝန္တပုဂ္ဂိုလ်ပင်ဖြစ်ပေသည်၊ ဒုဿီလပုဂ္ဂိုလ်မဆိုရပေ၊ ဤအကြောင်းကြောင့်လည်းကောင်း, ဤလေးပါးကိုသာ ရှေးဦးစွာ ကြားအပ်သတည်း။

အကရဏီယလေးပါးကို ကြားခြင်းဟူသော အပရကိစ္စပြီး၏။

------*------

[ရဟန်းခံခြင်းကိစ္စ၌ အကြီးအမှူးပြုသောသူတို့ သိကျွမ်းလိမ်မာရန် ပုဗ္ဗကရဏလေးပါး, ပုဗ္ဗကိစ္စဆယ်ပါး, ပဓာနကိစ္စတစ်ပါး,အပရကိစ္စ အကျဉ်းသုံးပါး, အကျယ်ကိုးပါးတို့ကို အနက်အဓိပ္ပါယ် အကျိုးအပြစ်နှင့်တကွ ပြဆိုအပ်သော ဤ

စာတမ်းကို ကောဇာသက္ကရာဇ်၁၂၅၃-ခု သာသနာ-နှစ်၂၄၃၅-ခု ပဌမဝါဆိုလဆန်း ၄-ရက်တွင် မုံရွာမြို့ လယ်တီတောကျောင်း ဆရာငါသည် စီရင်ပြီးစီးစေအပ်သတည်း။]

ဥပသမ္ပဒဝိနိစ္ဆယပြီး၏။

--------*--------

## ဘာတရင်ရာဆယ်၏စကားလေးခွန်း

လန်ဒန်ပါဠိဒေဝီ၏ မှာစာတွင်ပါရှိသည့် ဘာတရင်ရာဆယ်၏ ပြောဟောချက်များဖြစ်သည်။

၁။ အဘိဓမ္မာတွင် ပစ္စည်း, ပစ္စယုပ္ပန်ဆက်ဆံခြင်းသည် အထူး အရေးကြီးသောအချက်ကြီးဖြစ်သည်-တစ်ရပ်။

၂။ ၎င်းပစ္စည်း, ပစ္စယုပ္ပန် ဆက်ဆံခြင်း သဘောများသည် နာမ်တရားလည်းမဟုတ်၊ ရုပ်တရားလည်းမဟုတ်၊ သို့သော်လည်း ၎င်းဆက်ဆံခြင်း သဘောတရားသည် နာမ်တရား, ရုပ်တရားတို့ထက်ပင်သာ၍ အရင်းကျသော တရားများ ဖြစ်ပေသည်- တစ်ရပ်။

၃။ ၎င်းဆက်ဆံခြင်း သဘောတရားများသည် ဂရိတ်လူမျိုး "ပရမတ်ဆရာကြီး-ပလေတိုး" ပြောဟောသော သဒ္ဒပညတ် အတ္ထပညတ်များနှင့် အလားတူ၏-တစ်ရပ်။

၄။ ၎င်းဆက်ဆံခြင်း သဘောတရားများသည် နာမ်တရားလည်းမဟုတ်, ရုပ်တရားလည်း မဟုတ်ဘဲလျက် အစဉ်အမြဲ တည်၍ နေသောတရားများဖြစ်ကြသည်-တစ်ရပ်။

[ဤကား ဘာတရင်ရာဆယ်၏ စကားလေးခွန်းတည်း။]

--------*------

## ပဌမစကားခွန်းအဖြေ

အထက်က ထုတ်ပြအပ်ပြီးသော ဘာတရင်ရာဆယ်၏ ပြောဟောချက် ၄-ရပ်တွင်-

၁။ "အဘိဓမ္မာတွင် ပစ္စည်း, ပစ္စယုပ္ပန်ဆက်ဆံခြင်းသည် အထူးအရေးကြီးသော အချက်ကြီးဖြစ်သည်" ဟူသောစကားသည် အလွန်ကောင်းမြတ်ပေ၏။

ဤစကား၌-

၁။ ပစ္စည်းဆိုသည်ကား အကြောင်းတရားကိုဆိုသည်။

၂။ ပစ္စယုပ္ပန်ဆိုသည်ကား အကြောင်းတရားမှ ဖြစ်ပွားသော အကျိုး တရားကိုဆိုသည်။

၃။ ဆက်ဆံခြင်းဆိုသည်ကား အကြောင်းတရားရှိလျှင် အကျိုးတရားဖြစ်မြဲ-ဟူသော သာမညလက္ခဏာသဘောကိုဆိုသည်။

၄။ သာမညလက္ခဏာဆိုသည်ကား ရုပ်တရား, နာမ်တရားအများတို့နှင့် ဆက်ဆံသော သဘောမျိုးဆိုလိုသည်။

ထိုသာမညလက္ခဏာသည်-

၁။ အနိစ္စလက္ခဏာ,

၂။ ဒုက္ခလက္ခဏာ,

၃။ အနတ္တလက္ခဏာ,

၄။ သင်္ခတလက္ခဏာ,

၅။ ဣဒပ္ပစ္စယတာ လက္ခဏာ- စသည်ဖြင့် များပြား၏။

အနိစ္စလက္ခဏာဆိုသည်ကား-

"ဤတရားကား မမြဲတတ်သောတရားတည်း" ဟု အတတ်သိနိုင်ကြောင်းဖြစ်သော အနိစ္စတရားမျိုး၌ ပါရှိနေသော ဇာတိအချက်, ဇရာအချက်, မရဏအချက်များပေတည်း။

ဒုက္ခလက္ခဏာဆိုသည်ကား-

"ဤတရားကား ဖြစ်ခြင်း ပျက်ခြင်းတို့ဖြင့် နှိပ်စက်အပ်သောကြောင့် ကြောက်မက်ဖွယ်ကောင်းသော တရားတည်း" ဟု အတတ်သိနိုင်ကြောင်းဖြစ်သော အနိစ္စတရားမျိုးဖြစ်သော ပထဝီဓာတ်စသည်၌ ပါရှိနေသော ဇာတိအချက်, ဇရာအချက်, မရဏအချက်များပေတည်း။

အနတ္တလက္ခဏာဆိုသည်ကား-

"ဤတရားကား အမာခံအနှစ်သာရမရှိ၊ မိမိကိုယ်မဟုတ်၊ မိမိအလိုသို့ မလိုက်မပါ၊ သူ့သဘောအတိုင်းသာဖြစ်နေသော တရားတည်း" ဟု အတတ်သိနိုင်ကြောင်းဖြစ်သော အနိစ္စ, ဒုက္ခတရားမျိုးဖြစ်သော ပထဝီဓာတ်စသည်၌ပါရှိသော ဇာတိအချက်, ဇရာအချက်, မရဏအချက်များပေတည်း။

သင်္ခတလက္ခဏာဆိုသည်ကား-

"တီဏိမာနိ ဘိက္ခဝေ သင်္ခတဿ သင်္ခတလက္ခဏာနိ၊ ကတမာနိ တီဏိ၊ ဥပ္ပါဒေါ ပညာယတိ, ဝယော ပညာယတိ၊ ဌိတဿ အညထတ္တံ ပညာယတိ"။

ဟူသော ပါဠိတော်အရ သင်္ခတတရားတို့၏ ဖြစ်မှု, ပျက်မှု, ဖောက်ပြန်မှုများပေတည်း။

[ထိုအမှုများသည် အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာတို့ကဲ့သို့ သင်္ခတတရားအများနှင့် ဆက်ဆံသောအမှုများဖြစ်၍ သာမညလက္ခဏာဆိုသည်၊ သာမညသဒ္ဒါသည် ဆက်ဆံခြင်းအနက်ရှိ၏။]

ဣဒပ္ပစ္စယတာ ဆိုသည်ကား-

“ ဣမသ္မိံ သတိ ဣဒံ ဟောတိ၊ ဣမဿ ဥပ္ပါဒါ ဣဒံ ဥပ္ပဇ္ဇတိ။

ဟူသောပါဠိတော်အရ ဤအကျိုးမှာ ဤအကြောင်းရှိသည်၊ ဤအကျိုးမှာ ဤအကြောင်းရှိသည်ဟု ဆိုရသောအကြောင်း, အကျိုးဆက်ဆံမှုကိုဆိုသည်၊ ထိုဣဒပ္ပစ္စယတာ-ဟူသော သာမညလက္ခဏာကြီးတစ်ပါးကို ဘာတရင်ရာဆယ်က ပစ္စည်း, ပစ္စယုပ္ပန် ဆက်ဆံခြင်းဟူ၍ ဆိုပေသည်။

[ ထိုဣဒပ္ပစ္စယတာ-ဟူသော ပစ္စည်း, ပစ္စယုပ္ပန် ဆက်ဆံခြင်းသဘောသည် အဘိဓမ္မာတွင်သာ အထူးအရေးကြီးသည် မဟုတ်၊ သုတ္တန်၌လည်းကောင်း, ဝိနည်း၌လည်းကောင်း, ခပ်သိမ်းသော လောကအရေးအရာတို့၌လည်းကောင်း, အထူးအရေးကြီးသော အချက်ကြီးဖြစ်၏၊ လောကဓမ္မတို့၌ ပညာရှိတို့၏ လက်ကိုင်လက်စွဲကြီးဖြစ်သော အချင့်အချိန်အတိုင်းအတာ ချိန်ကြီးတစ်ခုဖြစ်၏။ ]

## ချင့် ချိန် ပုံ

ပစ္စည်း, ပစ္စယုပ္ပန် အကြောင်း အကျိုးဆက်ဆံခြင်း၌ လိမ္မာသောသူသည် အကြောင်းတစ်ခုကိုတွေ့မြင်ရလျှင် ဤအမှုကြောင့် ရှေ့သို့ အကျိုး မည်ရွေ့မည်မျှ ဖြစ်ထွန်းလိမ့်မည်ကို သိနိုင်၏၊ အကျိုးတစ်ခုကို

တွေ့မြင်ရလျှင် အဘယ်အကြောင်းကြောင့် ဤအကျိုးဖြစ်လာသည်ဟု ရှေးအကြောင်းကိုသိနိုင်၏။

မိုးကောင်းစွာရွာလျှင် သစ်ပင်, ကောက်ပင်တို့သည် ဖြစ်ထွန်း ကုန်၏၊ မိုးကောင်းစွာမရွာလျှင် သစ်ပင်ကောက်ပင်တို့သည် မဖြစ်ထွန်းနိုင်ကုန်ဟု သိနိုင်၏၊ သစ်ပင်, ကောက်ပင်ဖြစ်ထွန်းလျှင် သတ္တဝါတို့သည် ချမ်းသာဝပြောကြကုန်၏၊ သစ်ပင်, ကောက်ပင်မဖြစ်ထွန်းလျှင် သတ္တဝါတို့ ဆင်းရဲငတ်မွတ်ကြကုန်၏ဟု သိနိုင်၏။

ယုတ်စွအဆုံး ထမင်းရှိလျှင် ထမင်းရှိသည့်အတွက် ချမ်းသာသုခရ၏၊ ထမင်းမရှိလျှင် ထမင်းမရှိသည့်အတွက် ဆင်းရဲဒုက္ခရ၏-ဟု သိနိုင်၏၊ တိရစ္ဆာန်သတ္တဝါတို့ပင်သော်လည်း အကြောင်း, အကျိုးဆက်ဆံမှုကို သိကောင်းသိရာ သိကြ၏။

[လောကကြီး တစ်ခွင်လုံး၌ မျက်မြင်ဒိဋ္ဌရှိနေကြကုန်သော ပစ္စည်း, ပစ္စယုပ္ပန် အကြောင်း, အကျိုးဆက်ဆံမှုတွေကို အကုန်မြော်မြင်လေ။]

## သညာသိနှင့် ပညာသိအထူး

၁။ သညာဖြင့် သိနိုင်သော အကြောင်းအကျိုးဆက်ဆံမှု,

၂။ ပညာဖြင့်သာ သိနိုင်သော အကြောင်းအကျိုး ဆက်ဆံမှု- ဟူ၍ ၂-မျိုးရှိ၏။

ထိုနှစ်မျိုးတို့တွင်--

၁။ “ သညာဖြင့် သိနိုင်သော အကြောင်းအကျိုး ဆက်ဆံမှု ” ဆိုသည်ကား အတွေ့အကြုံများလှ၍ ဘယ်လိုပြုလျှင် ဘယ်လိုဖြစ်တတ်သည်ဟု သိခြင်းတည်း၊ ထိုသညာသိကို သတ္တဝါအများတို့ပင် အနည်းအများသိကြ၏။

၂။ ပညာဖြင့်သာ သိနိုင်သော အကြောင်းအကျိုးကိုမူကား ပညာရှိမှသိ၏၊ အနာရောဂါ, အစာ, ဆေးဝါးနှင့် စပ်ယှဉ်သော အကြောင်းအကျိုးမျိုးကို ဆေးပညာရှိမှသိ၏၊ ဗေဒင်နှင့်စပ်ယှဉ်သော အကြောင်းအကျိုးမျိုးကို ဗေဒင်ပညာရှိမှသိ၏၊ ဓာတ်သတ္တုနှင့် စပ်ယှဉ်သော အကြောင်းအကျိုးမျိုးကို ဓာတ်သတ္တုပညာရှိမှသိ၏။

[ဤသို့စသည်ဖြင့် ပညာသိ၏ ဆိုင်ရာသည်လည်း အလွန်များပြား၏။]

ထိုပညာသိသည်လည်း-

၁။ တိမ်သောအရာ,

၂။ နက်သောအရာ,

၃။ အလွန်နက်သောအရာ,

၄။ အလွန်ထက် အလွန်နက်သော အရာ-

ဟူ၍ အမျိုးမျိုးရှိ၏။

အဆုံးတိုင်ပြောသည်ရှိသော်။ ။ ဤပဋ္ဌာန်းကျမ်းကြီးသို့ရောက်လျှင် လောကသုံးပါး၌ အကြောင်းအကျိုးဟူသမျှသည် အလုံးစုံကုန်လေ၏၊ သို့ရာတွင် လောကဝေါဟာရနှင့် ဟောတော်မူသည် မဟုတ်၊ ဓမ္မဝေါဟာရနှင့် ဟောတော်မူသောကြောင့် လောကဝေါဟာရ နှင့် ထုတ်ဖေါ်ပြောပြရန် အလွန်ခက်ခဲ၏။

[ဤသို့လျှင် ပစ္စည်း, ပစ္စယုပ္ပန်, ဆက်ဆံခြင်းမည်သည် လောကအရေးအရာတို့၌ပင် အထူးအရေးကြီးသော အချက်ဖြစ်ပေ၏။]

ဤပစ္စည်းပစ္စယုပ္ပန် ဆက်ဆံခြင်း သဘောသည်--

၁။ ပဋိစ္စသမုပ္ပါဒ်နည်း,

၂။ ပဋ္ဌာန်းနည်း-

ဟူ၍ နည်းနှစ်ပါးရှိ၏၊ ထိုနှစ်ပါးတို့တွင်-

၁။ " အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ " အစရှိသည်ဖြင့် ဟောတော်မူသောနည်းသည် ပဋိစ္စသမုပ္ပါဒ်နည်းမည်၏။

၂။ " ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော " အစရှိသည်ဖြင့် ဤပဋ္ဌာန်းကျမ်းတွင် ဟောတော်မူသောနည်းသည် ပဋ္ဌာန်းနည်းမည်၏။

ထိုနည်းနှစ်ပါးတို့တွင်--

၁။ သာဝကပုဂ္ဂိုလ်တို့မှာ ပဋိစ္စသမုပ္ပါဒ်နည်းအတိုင်း အသိဉာဏ် ပေါက်ရောက်နိုင်လျှင် ကိစ္စပြီး၏၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန်ပေါက် ရောက်နိုင်၏။

၂။ ပဋ္ဌာန်းနည်းမှာမူကား သက်သက်အားဖြင့် သဗ္ဗညုတဉာဏ်တော်ကို အသုံးချရန် ဟောတော်မူခြင်းသာ ဖြစ်၏။

[သာဝကတို့မှာမူကား ပဋိသမ္ဘိဒါဉာဏ် ပွါးစီးရန်အကျိုးရှိ၏၊ ပုထုဇဉ် သတ္တဝါတို့မှာလည်း နောင်ပဋိသမ္ဘိဒါဉာဏ်ကို ရနိုင်ရန် အကြီးဆုံးသော ပညာပါရမီကြီး ဖြစ်၏။]

ပဌမစကားခွန်း အဖြေပြီး၏။

-------------

## ဒုတိယစကားခွန်း အဖြေ

၂။ ၎င်း ပစ္စည်း, ပစ္စယုပ္ပန် ဆက်ဆံခြင်းသဘောများသည် နာမ်တရားလည်းမဟုတ်၊ ရုပ်တရားလည်းမဟုတ်၊ သို့သော်လည်း ၎င်းဆက်ဆံ

ခြင်း သဘောတရားများသည် နာမ်တရား၊ ရုပ်တရားတို့ထက်ပင် သာ၍ အရင်းကျသော တရားများဖြစ်ပေ၏-ဟူသော စကား၌-

ပစ္စည်းတရားသည်-

၁။ နာမ်ပစ္စည်းတရား,

၂။ ရုပ်ပစ္စည်းတရား,

၃။ နိဗ္ဗာန်ပစ္စည်းတရား,

၄။ ပညတ်ပစ္စည်းတရား- ဟူ၍ လေးမျိုးရှိ၏။

ပစ္စယုပ္ပန်တရားသည်မူကား-

၁။ ရုပ်ပစ္စယုပ္ပန်တရား,

၂။ နာမ်ပစ္စယုပ္ပန်တရား- ဟူ၍ နှစ်ပါးသာရှိ၏။

[ဖြစ်ပေါ်ခြင်းဟူသော ဇာတိတရားမှ ရှင်းရှင်း လွတ်ကင်းကြသော နိဗ္ဗာန်တရား, ပညတ်တရား နှစ်ပါးသည် ပစ္စယုပ္ပန်မထိုက်။]

ထိုနှစ်ပါးတွင် နာမ်ဖြစ်သော ပစ္စည်းတရား၏ မိမိ၏ဆိုင်ရာ ပစ္စယုပ္ပန်တရားနှင့် ဆက်ဆံခြင်းသဘောသည် နာမ်တရားမဟုတ်ဟု မဆိုရ၊ နာမ်တရား၏ အရှိန်အဝါဖြစ်၍ နာမ်တရား၌ပါဝင်၏၊ နာမ်တရား ဟူ၍ပင်ဆိုရ၏။

ဥဒါဟရုဏ်ကား။ ။ရပ်ရွာထဲမှာ လူတစ်ယောက်သည် ဒေါသ အမျက် အလွန်ထန်၏၊ ထိုသူကို တစ်ရပ်လုံး တစ်ရွာလုံးမုန်းကြ၏၊ ထိုသူ၏ ဒေါသသည် ပစ္စည်းတရား, ရပ်သူရွာသားတို့၏ မုန်းမှုသည် ပစ္စယုပ္ပန်တရား။

လူတစ်ယောက်သည်ကား မေတ္တာတရားအလွန်ကောင်း၏၊ ထိုသူကို တစ်ရပ်လုံးတစ်ရွာလုံး ချစ်ခင်ကြ၏၊ ထိုသူ၏မေတ္တာသည် ပစ္စည်းတရား၊ ရပ်သူရွာသားတို့၏ ချစ်ခင်မှုသည် ပစ္စယုပ္ပန်တရား။

ဤဝတ္ထုတို့၌။ ။ဒေါသ၏ အရှိန်အဝါသည် တစ်ရပ်လုံး တစ်ရွာလုံးပျံ့နှံ့၏၊ ရပ်သူရွာသားတို့၌ မုန်းစိတ်ဖြစ်ပွါးအောင် လှုံ့ဆော်၏၊ ထိုသူသည် ကာယကံ, ဝစီကံဖြင့် ရပ်သူရွာသားတို့ကို မထိပါးသော်လည်း မုန်းကြရမည် အမှန်ဖြစ်၏၊ ထိပါးခဲ့လျှင် ဆိုဖွယ်မရှိ၊ ထိုဒေါသ၏အရှိန်အဝါသည် ပစ္စည်း, ပစ္စယုပ္ပန် ဆက်ဆံမှုနှင့် တစ်ခုတည်းဖြစ်၏၊ ဒေါသသည် နာမ်တရားအစစ်ဖြစ်၏၊ ထိုဒေါသ၏ အရှိန်အဝါဟူသော ဆက်ဆံမှုသည် နာမ်တရားမဟုတ်ဟု မဆိုရ၊ ဒေါသဟူသောစကား၌ ပါဝင်၏၊ ဒေါသဟူ၍ပင်ဆိုရ၏။

[မေတ္တာဝတ္ထုမှာလည်း ဤနည်းတူသိလေ။]

ဥပမာ။ ။"သူရိယော-နေ" ဟူ၍ဆိုလျှင် ထိုနေမှထွက်သော အရောင်အဝါ, ထိုနေမှထွက်သောအပူရှိန်များသည် နေမဟုတ်- ဟူ၍ မဆိုရ၊ နေဟူသောစကား၌ ပါဝင်၏၊ နေ-ဟူ၍ပင်ဆိုရ၏။

["စန္ဒော-လ" ဟူသောစကား၌ ထိုလမှထွက်သော အရောင်အဝါ, ထိုလမှ ထွက်သော အအေးရှိန်တို့မှာလည်း ထိုနည်းတူသိလေ။]

ဤမျှသော စကားရပ်တို့ဖြင့်-

၁။ နာမ်ပစ္စည်း၏ ဆက်ဆံမှုသည် နာမ်တရားပင်ဖြစ်၏။
၂။ ရုပ်ပစ္စည်း၏ ဆက်ဆံမှုသည် ရုပ်တရားပင်ဖြစ်၏။
၃။ နိဗ္ဗာန်ပစ္စည်း၏ ဆက်ဆံမှုသည် နိဗ္ဗာန်တရားပင်ဖြစ်၏။
၄။ ပညတ်ပစ္စည်း၏ ဆက်ဆံမှုသည် ပညတ်တရားပင်ဖြစ်၏။

[ဟူ၍ ဖြေဆိုပေသည်။]

"ၚင်းဆက်ဆံခြင်း သဘောတရားသည် နာမ်တရား, ရုပ်တရားတို့ထက်ပင် သာ၍အရင်းကျသော တရားများဖြစ်ပေ၏" ဟူသောစကားမှာလည်း-

သံသရာလည်း အစ- ဟူ၍မရှိ၊ သတ္တဝါသည်လည်း အစ- ဟူ၍မရှိ၊ ကမ္ဘာအစဉ်မှာလည်း အစ-ဟူ၍မရှိ၊ နာမ်တရား အစဉ်မှာလည်း အစ-ဟူ၍မရှိ၊ ရုပ်တရားအစဉ်မှာလည်း အစ ဟူ၍မရှိ၊ ပစ္စည်း, ပစ္စယုပ္ပန် ဆက်ဆံမှုမှာလည်း အစ-ဟူ၍ မရှိလေရကား-

နာမ်တရား, ရုပ်တရားတို့က နောက်ကျ၍ ထိုဆက်ဆံမှုက အလျင်ကျသည်ဟု ဆိုဖွယ်မရှိပေ။

ဒုတိယစကားခွန်းအဖြေပြီး၏။

---------*---------

## တတိယစကားခွန်းအဖြေ

၃။ "၎င်းဆက်ဆံခြင်းသဘောတရားများသည် ဂရိတ်လူမျိုး ပရမတ်ဆရာကြီး ပလေတိုးပြောဟောသော သဒ္ဒပညတ်, အတ္ထပညတ် များနှင့် အလားတူ၏" ဟူသောစကား၌-

သဒ္ဒပညတ်, အတ္ထပညတ်ဆိုသည်ကား"ယဋ္ဌော-ရေအိုး" ဟူသော သဒ္ဒပညတ်, အတ္ထပညတ်နှစ်ပါးသည်ရှိ၏။

ရှိပုံကား။ ။အိုးမြေရှိရာ မြေနီတွင်းမှ မြေစိုင်ခဲတို့ကို ယူပြီးလျှင် ရွှံ့မြေလုပ်၍ ၎င်းရွှံ့လုံးကို အိုးထိန်းစက်ပေါ်သို့တင်၍ စက်ကိုလှည့်ပြီး လျှင်လက်ဖြင့်အလိုရှိရာ အိုးမျိုးသဏ္ဌာန်ဖြစ်စေရန် ပြုပြင်လေရာ ထိုရွှံ့ ခဲသည် ရေအိုးသဏ္ဌာန်ဖြစ်လာ၏၊ ထိုသဏ္ဌာန်သည် အတ္ထပညတ် မည်၏၊ ထိုသဏ္ဌာန်ဟူသော အတ္ထပညတ်ပေါ်လာသည်နှင့် တစ်ပြိုင်နက် ထို သဏ္ဌာန်မှာ ယဋ္ဌ-ဟူသော သဒ္ဒပညတ်သည်လည်း ကပ်ရောက်လာ၏၊

ထိုအိုးသည် မြေမှုန့်ပကတိ ပြန်၍မဖြစ်သမျှ ကာလပတ်လုံး ထိုသဏ္ဌာန်သည်မပျက်၊ ထိုသဏ္ဌာန်မပျက်သမျှ ကာလပတ်လုံး ထိုအိုးမှာ ထိုသဒ္ဒပညတ်မပျက်။

အကြင်အခါ၌ ထိုအိုးကိုခွဲ၍ မြေမှုန့်မြေခဲပကတိ ပြန်၍ဖြစ်စေရန် ပြုလုပ်သဖြင့် ထိုမြေမှုန့်မှာ အိုးလုပ်သမား၏ ပြုပြင်ချက်သည် ကွယ်ပျောက်၏၊ မြေမှုန့်ပကတိပြန်၍ဖြစ်၏၊ ထိုအခါ ထိုအိုးသဏ္ဌာန်ဟူသော အတ္ထပညတ်သည် ကွယ်ပျောက်၏၊ ထိုအတ္ထပညတ် ကွယ်ပျောက်သည်နှင့်တစ်ပြိုင်နက် ဃဋ-ဟူသော သဒ္ဒပညတ်သည်လည်း ထိုမြေမှုန့်မှာ ကွယ်ပျောက်လေ၏၊ မည်သူတစ်ယောက်မျှ ထိုမြေမှုန့်ကို ဃဋ-ဟူ၍ မထင်ကြကုန်ပြီ၊ မခေါ်ကြကုန်ပြီ။

ဤ၀တ္ထု၌။ ။မြေမှုန့်သည် အိုးသဏ္ဌာန်မဟုတ်၊ အိုးသဏ္ဌာန်သည်မြေမှုန့်မဟုတ်၊ မြေမှုန့်သည်ကားတစ်ခြား၊ အိုးသဏ္ဌာန်သည်ကားတစ်ခြား၊ မြေမှုန့်သည် အိုးထိန်းသမားလုပ်၍ ဖြစ်လာသည်မဟုတ်၊ မဟာပထဝီမြေကြီးမှ ဖြစ်လာ၏၊ အိုးသဏ္ဌာန်သည် မဟာပထဝီမြေကြီးမှ ဖြစ်လာသည်မဟုတ်၊ အိုးထိန်းသမားလုပ်၍ဖြစ်လာ၏။

မြေမှုန့်သည် အိုးထိန်းသမားလက်သို့ မရောက်မီကလည်း မြေမှုန့်ပင်ဖြစ်၏၊ အိုးထိန်းသမားလက်သို့ ရောက်၍ပြုပြင်စဉ်အခါ၌လည်း မြေမှုန့်ပင်ဖြစ်၏၊ ပြုပြင်ပြီးနောက် အိုးသဏ္ဌာန်ရှိနေစဉ် အခါ၌လည်း မြေမှုန့်ပင်ဖြစ်၏ တစ်ဖန်ထိုအိုးကိုခွဲ၍ ထိုသဏ္ဌာန် ကွယ်ပျောက်သည့်အခါ၌လည်း မြေမှုန့်ပင်ဖြစ်၏။

မြေမှုန့်သည် ပကတိ သဘာ၀မျိုးဖြစ်၏၊ အိုးသဏ္ဌာန်သည် ပကတိသဘာ၀မျိုးမဟုတ်၊ စိတ်သညာတွင် မြေမှုန့်အပေါင်းအဖွဲ့ကို မှီကပ်၍

ထင်မြင်အပ်သော ပညတ်မျိုးသာဖြစ်၏၊ အိုးထိန်းသမား မပြုပြင်မီက လည်း ထိုမြေမှုန့်မှာ ထိုသဏ္ဌာန်ရှိနေသည်မဟုတ်၊ အိုးကိုစွဲ၍ မြေမှုန့် ပကတိ ဖြစ်ပြန်သောအခါ၌လည်း ထိုမြေမှုန့်မှာ ထိုသဏ္ဌာန်ရှိနေသည် မဟုတ်၊ ဃဋ္ဋ-ဟူသော သဒ္ဒပညတ်သည်လည်း ထိုမြေမှုန့်မှာ ထို သဏ္ဌာန် ရှိခိုက်၌သာလျှင် ကပ်ရောက်လာ၏။

ဤမြေမှုန့်ကိုပင် တစ်ဖန်မြေခွက်လုပ်ပြန်လျှင် မြေခွက်သဏ္ဌာန် ပေါ်ပြန်၏၊ အမှုန့်ပြုလုပ်ပြန်လျှင် မြေခွက်သဏ္ဌာန် ကွယ်ပျောက်ပြန်၏၊ မြေမှုန့်အတိုင်းပြန်၍ ဖြစ်ပြန်၏၊ ထိုမြေမှုန့်ကိုပင် လူရုပ်လုပ်ပြန်လျှင် လူရုပ်သဏ္ဌာန်ပေါ်ပြန်၏၊ အမှုန့်ပြုလုပ်ပြန်လျှင် လူရုပ်သဏ္ဌာန်ကွယ် ပျောက်ပြန်၏၊ မြေမှုန့်အတိုင်းပြန်၍ဖြစ်ပြန်၏။

[ဤနည်းအတိုင်း ထိုမြေမှုန့်ကိုပင် အဆင့်ဆင့် အရုပ်မျိုးတစ်ရာ အရုပ်မျိုး တစ်ထောင်လုပ်၍ကြည့်။]

အဆုံး၌ မြေမှုန့်အတိုင်းပြန်၍ဖြစ်လျှင် ထိုမြေမှုန့်ကို မြေကြီး အတွင်းသို့ ပြန်၍ပို့ထားက မြေကြီးပကတိအတိုင်း အတည်ကျပြန်လေ၏၊ အလယ်၌ ပြုလုပ်သမျှသော အိုးသဏ္ဌာန်, ခွက်သဏ္ဌာန်, လူရုပ်သဏ္ဌာန် စသည်တို့သည် မျက်လှည့်ပြရာတွင် ထင်မြင်ရသော အထည်ဝတ္ထုတွေ နှင့် တူလှလေကုန်၏။

[ထို့ကြောင့်ပင်လျှင် စိတ်ဝိညာဏ်ကို မျက်လှည့်သည်ကြီးများနှင့် တူကြောင်းမြတ်စွာဘုရားကြီးဟောတော်မူပေ၏။]

## စိတ်ဝိညာဏ်သည်မျက်လှည့်သည်ကြီးများနှင့်တူပုံ

မျက်လှည့်သည်ကြီးများသည် မြင့်ရာ၌နေသော သူတို့အား အောက်၌ကောင်းကင်ကို မြေပြင်ထင်ရအောင် ပြုလုပ်တတ်၏၊ ထိုသူတို့ သည်မြေပြင်ထင်၍ ဆင်းကြကုန်ရာ တည်ရာမရ အောက်သို့ကျ၍

သေဆုံးတတ်ကြကုန်၏၊ ရေပြင်ကို မြေပြင်ထင်ရအောင် ပြုလုပ်တတ်ကြကုန်၏၊ မြေပြင်ထင်၍ ဆင်း-နင်းကြကုန်ရာ ရေနစ်၍ သေဆုံးတတ်ကြကုန်၏။

သတ္တဝါတို့၏ စိတ်ဝိညာဏ်သည် ထိုမျက်လှည့်သည်ကြီးများနှင့် အလွန်တူလှ၏၊ ထိုအိုးဝတ္ထု သဏ္ဌာန် ပညတ်သည် ကောင်းကင်နှင့်တူ၏၊ ကောင်းကင်ကိုမြေပြင်ထင်ရအောင် ပြုလုပ်တတ်သော မျက်လှည့်သည်ကြီးကဲ့သို့ သတ္တဝါတို့၏ စိတ်ဝိညာဏ်သည် ထိုသဏ္ဌာန်ပညတ်ကိုပင် အထည်ဝတ္ထုကြီးထင်ရအောင် ပြတတ်ကုန်၏။

စိတ်ဝိညာဏ်၏ အကြီးအကျယ်လှည့်စားမှုကြီးကို မသိကြကုန်သောသူတို့သည် ဘာမျှမှမရှိသော ကောင်းကင်ကို မြေပြင်ကြီးထင်မြင်ကြသောသူတို့ကဲ့သို့ လောက၌ စိတ်ဝိညာဏ်၏ လှည့်စားမှုနှင့် ထင်ပေါ်ထင်ရှား၍နေကုန်သော သက်ရှိသက်မဲ့ ဝတ္ထုကြီးငယ်အထည်ဒြဗ်ပညတ်သဏ္ဌာန်တို့ကို အဟုတ်အမှန် ထင်မှတ်စွဲလမ်း၍နေကြကုန်၏။

[ဤကားပရမတ်သဘောမှ အလွတ်ဖြစ်သော သဒ္ဒပညတ်နှင့် အတ္ထပညတ်ကို ပြဆိုခြင်းတည်း။]

## ပရမတ်သဘောမှမလွတ်သော သဒ္ဒပညတ်နှင့်အတ္ထပညတ်

စိတ္တ, ဝိညာဏ, ဖဿ, ဝေဒနာ, ပထဝီ, အာပေါ, စက္ခု, သောတ, ရူပ, သဒ္ဒ-အစရှိသော သဒ္ဒပညတ်တို့သည်မူကား ကြံခြင်း, သိခြင်း, တွေ့ခြင်း, ခံစားခြင်း, ခက်မာခြင်း, ဖွဲ့စေးခြင်း, မျက်စိမှာရှိသော အကြည်ဓာတ်, နားမှာရှိသောအကြည်ဓာတ်, အဆင်းဓာတ်, အသံဓာတ်-အစရှိကုန်သော သဘောအားဖြင့်ထင်ရှားရှိကုန်သော ပရမတ္ထသဘာဝ အနက်တို့ကိုပြဆိုကြပေကုန်သော သဒ္ဒပညတ်တို့ပေတည်း။

၁။ အနက်တို့ကား ပရမတ်တို့ပေတည်း။

၂။ သဒ္ဒါတို့ကား ပညတ်တို့ပေတည်း။

သဒ္ဒါဆိုသော်လည်း ဤ"ပလေတိုး"၏စကား၌ နားဖြင့်ကြား ကောင်းသော ပရမတ်သဒ္ဒါရုံကိုဆိုသည်မဟုတ်၊ စိတ်သညာထဲတွင် သိမှတ်၍နေကြသော နာမပညတ်ကို သဒ္ဒပညတ် ဆိုသတည်း၊ ထိုအတ္ထပညတ်သဒ္ဒပညတ်များသည် နိစ္စမျိုးဖြစ်၍ မြဲသည်ဟုဆိုရ၏။

အဘယ့်ကြောင့်နိစ္စမျိုးဖြစ်သနည်းဟူမူ-

ဖြစ်သည်, ရင့်သည်, ပျက်သည်ဟူ၍ဆိုရန် ခတ်သား ဝတ္ထုမျှ မရှိမူ၍ မျက်လှည့်အတတ်၏အစွမ်းဖြင့် ကောင်းကင်ကို မြေပြင်ကြီးထင် သကဲ့သို့ စိတ်ဝိညာဏ် မျက်လှည့်၏အစွမ်းဖြင့် ထင်ရသော အရာမျိုးဖြစ်ချေ၍ ကောင်းကင်ကဲ့သို့မြဲသည်ဟု ဆိုရလေသတည်း။

မြဲပုံကား။ ။အိုးတစ်ခုကွဲပျက်၍ ထိုအိုးအတွက် ဃဋ-သဒ္ဒါ ကွယ်ပျောက်သော်လည်း ရှိနေကြသော အိုးများအတွက် လူတို့၏စိတ် သညာထဲမှာ ဃဋ-ဟူသော နာမပညတ် အမှတ်အသိ ရှိမြဲရှိကြသည်သာ ဖြစ်၏။

[ဤကဲ့သို့ ရှိမြဲရှိသည်ကို မြဲသည်ဟုဆိုပေသည်။]

ပစ္စည်း, ပစ္စယုပ္ပန် ဆက်ဆံခြင်းသဘောသည်မူကား ထိုသဒ္ဒ ပညတ်, အတ္ထပညတ်များကဲ့သို့ နိစ္စမျိုးမဟုတ်ပေ၊ အကြောင်းမူကား အထက်ကထုတ်ပြခဲ့သော ဒေါသဝတ္ထု, မေတ္တာဝတ္ထုတို့၌ ဒေါသဟူသော ပရမတ်အစစ်မှ ဖြစ်ပွါးသောဆက်ဆံမှုသည် ထိုဒေါသချုပ်ပျောက်ကင်း ငြိမ်း၍သွားလျှင် ထိုဆက်ဆံမှုသည်လည်း ချုပ်ပျောက်သည် သာဖြစ်၏။

[မေတ္တာဝတ္ထု၌လည်း ထို့အတူတည်း။]

ကြွင်းသော နာမ်ပစ္စည်း, ရုပ်ပစ္စည်းတို့မှာလည်း ထိုထို နာမ် ပစ္စည်း, ရုပ်ပစ္စည်းတို့မှ ဖြစ်ပွါးကြသောဆက်ဆံမှုတို့သည် အရင်းခံဖြစ်သော ထိုထိုနာမ်ပစ္စည်းတရား, ရုပ်ပစ္စည်းတရားချုပ်ဆုံး၍ သွားကြလျှင် ချုပ်ဆုံးကြကုန်၏။

သို့သော် အာရမ္မဏပစ္စည်း, ဥပနိဿယပစ္စည်း, ကမ္မပစ္စည်းတို့မှ ဖြစ်ပွါးကြကုန်သော ဆက်ဆံမှုတို့သည်မူကား ပစ္စည်းတရားရင်းချုပ်၍ သွားသော်လည်း ကာလမြင့်ကြာ တည်ရှိသည်လည်းရှိကြကုန်၏။

ပညတ်ပစ္စည်း, နိဗ္ဗာန်ပစ္စည်းတို့မှ ဖြစ်ပွါးသောဆက်ဆံမှုတို့သည် မူကား ထိုပညတ်တရား, နိဗ္ဗာန်တရားတို့ကို သိကြသူတို့ရှိနေခိုက်၌သာ တည်ရှိနိုင်ကြကုန်၏၊ သိကြသူတို့မရှိကြလျှင် ကွယ်ပျောက်ကြရကုန်၏။

တတိယစကားခွန်းအဖြေပြီး၏။

---------------

## စတုတ္ထစကားခွန်းအဖြေ

၄။ "ငင်းဆက်ဆံခြင်း သဘောတရားသည် နာမ်တရားလည်း မဟုတ်၊ ရုပ်တရားလည်းမဟုတ်ဘဲလျက် အစဉ်အမြဲတည်၍နေသော တရားဖြစ်ကြသည် " ဟူသော စကား၌---

တတိယအဖြေတွင် နာမ်ပစ္စည်းမှဖြစ်ပွါးသော ဆက်ဆံခြင်းကို နာမ်တရား၌ထည့်သွင်းခဲ့ပြီ၊ ရုပ်ပစ္စည်းမှဖြစ်ပွါးသောဆက်ဆံခြင်းကို ရုပ်တရား၌ထည့်သွင်းခဲ့ပြီ၊ နိဗ္ဗာန်ပစ္စည်း, ပညတ်ပစ္စည်းတို့မှ ဖြစ်ပွါးသော ဆက်ဆံခြင်း သဘောတို့မှာလည်း ထိုနည်းအတူ ထည့်သွင်းရမည်။

["ပစ္စည်း, ပစ္စယုပ္ပန်ဆက်ဆံခြင်း"ဟူသောစကား၌ ပစ္စယုပ္ပန်ဆို သည်ကား ရုပ်တရားမျိုးနှင့် သန္တတိဖြစ်သော နာမ်တရားမျိုးဟူ၍

နှစ်မျိုးသာရှိ ကြောင်းကို ပြဆိုခဲ့ပြီ။]

သင်္ခတတရားတို့၏အထဲမှာ ပစ္စည်းတရားများသည်လည်း အနိစ္စဖြစ်ကြ၏၊ ပစ္စယုပ္ပန်တရားများသည်လည်း အနိစ္စဖြစ်ကြ၏၊ ပစ္စည်းနှင့် ပစ္စယုပ္ပန်အလယ်၌ ဆက်သွယ်ရသော ဆက်ဆံခြင်းသဘောသည် အဘယ်မှာ အစဉ်အမြဲတည်နိုင်ချေအံ့နည်း။

စတုတ္ထစကားခွန်းအဖြေပြီး၏။

ဘာတရင်ရာဆယ်၏ စကားလေးခွန်းအဖြေပြီး၏။

## မြတ်စွာဘုရား ဝိဘဇ္ဇဝါဒီဟုတ်-မဟုတ်အဖြေ

ဝန်ထောက်မင်း ဦးရွှေစံအောင်က မြန်မာသက္ကရာဇ် ၁၂၇၆-ခု တန်ခူးလ ဆန်း ၈-ရက် မော်လမြိုင်မြို့ လယ်တီဆရာတော်ဘုရားကြီးထံ လျှောက်လွှာ-

မြောင်းမြမြို့ အခွန်ဝန်-ရွှေစံအောင် ရိုသေစွာလျှောက်ပါသည် ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးဘုရား။

ကထာဝတ္ထုကျမ်းတွင် မြတ်စွာဘုရားကိုယ်တော်တိုင် "ဝိဘဇ္ဇ ဝါဒီ " ဟု ဝန်မခံဘဲနှင့် အဋ္ဌကထာဆရာ ရှင်ဗုဒ္ဓဃောသ နိဒါန်းတွင် ဓမ္မာသောကမင်းကြီးကမေးလေရာ--- ရဟန်းတော်များက မြတ်စွာဘုရားသည် "ဝိဘဇ္ဇဝါဒီ" ဖြစ်တော်မူသည်ဟု ဖြေကြရာ၊ မင်းကြီးက တိဿမထေရ်အား မြတ်စွာ ဘုရားသည် " ဝိဘဇ္ဇဝါဒီ " ဖြစ်တော်မူသည် ဟုတ်ပါ သလောဟု လျှောက်ထားပြန်သောအခါ "အာမ မဟာရာဇ" ဟူ၍ " ဝိဘဇ္ဇ ဝါဒီ " ဖြစ်တော်မူသည်မှန်၏ဟု တိဿမထေရ်က သက်သေခံ ပေ၏။

ထိုစကားနှစ်ရပ် ထွေးယှက်လျက်ရှိပါသည်၊ မြတ်စွာဘုရားသည် " ဝိဘဇ္ဇဝါဒီ " ဟုတ်ပါသလော, မဟုတ်ပါသလော၊ ရှင်းလင်းဖြေကြားတော်မူပါဘုရား။

ဦးရွှေစံအောင် လျှောက်ချက်ပြီး၏။

--------*------

## လယ်တီဆရာတော်ဘုရားကြီးဖြေကြားတော်မူချက်

မောင်ရွှေစံအောင်၏ လျှောက်လွှာပါစကား၌ "မြတ်စွာဘုရားသည် ကိုယ်တော်တိုင်" ဝိဘဇ္ဇဝါဒီ " ဟု ဝန်မခံသော်လည်း "ဝိဘဇ္ဇဝါဒီ" ပင် အမှန်ဖြစ်တော်မူ၏"။

ဝါဒီ-သဒ္ဒါကို "အယူရှိသည်"ဟု ပြန်ကြသောအနက်သည် သဒ္ဒါ၏ အနက်ရင်းမဟုတ်၊ ပေါ့လျှံစွာပြန်ကြသော ရုဠှီဝေါဟာရအနက် မျှသာ ဖြစ်၏၊ သဒ္ဒါ၏အနက်ရင်းမှာမူကား "ဟောလေ့ရှိသည်"ဟူ၍ ပြန်ကြသော အနက်သည်သာလျှင် သဒ္ဒါ၏အနက်ရင်းဖြစ်၏။

["ဝိဘဇ္ဇဝါဒီ-ဝေဖန်ထိုက်သော တရားတို့ကို ဝေဖန်၍ ဟောတော်မူလေ့ ရှိတော်မူ၏"ဟု ပြန်ဆိုရမည်။]

မောင်ရွှေစံအောင်ဉာဏ်၌မူကား။ ။ တိတ္ထိတို့နှင့်ဖက်စပ်၍ မေးရာတွင် လာရှိသည့်အတွက်ကြောင့် ထွေးယှက်၍သွားလေသည်၊ ထိုးထွင်း၍ သိတတ်သောဉာဏ်ပညာဖြင့်သာလျှင် ပရမတ်ဆတ်ဆတ်ကို သိနိုင်သည်။

"ခွဲခြမ်းဝေဖန်၍ သိတတ်သော ဉာဏ်ပညာမျိုးနှင့်မူကား ပရမတ်ဆတ်ဆတ်ကို မသိနိုင်၊ လောကီအရာ သမ္မုတိသစ္စာကိုသာ သိစွမ်းနိုင်သည်" ဟူသော ပြင်သစ်ဆရာ " ဘာဂ်ဆင် " ၏ စကားမှာလည်း-

၁။ ထိုးထွင်း၍ သိရုံမျှသာသိတတ်၏၊ ခွဲခြမ်းဝေဖန်၍မူကား မသိတတ်သော ဉာဏ်မျိုးလည်းရှိ၏။

[ပစ္စေကဗုဒ္ဓါတို့၏ ဉာဏ်မျိုးပေတည်း။]

၂။ ထိုးထွင်း၍လည်း သိတတ်၏၊ ခွဲခြမ်းဝေဖန်၍လည်း သိတတ်သော ဉာဏ်မျိုးလည်းရှိ၏။

[မြတ်စွာဘုရားတို့၏ သဗ္ဗညုတဉာဏ်,<br>ပဋိသမ္ဘိဒါဉာဏ်တော်များပေတည်း။]

ဗောဓိမဏ္ဍိုင်အနီး ရတနာဃရသတ္တာဟတွင် အဘိဓမ္မာ ၇-ကျမ်းကို သုံးသပ်တော်မူသောအခါ၌ သဗ္ဗညုတဉာဏ်တော်၏ ထိုးထွင်းခြင်းကိုစွ, ခွဲခြမ်းဝေဖန်ခြင်းကိုစွသည် ထင်ရှား၏၊ ထိုအဘိဓမ္မာ ၇-ကျမ်းကို တာဝတိံသာမှာ ဟောတော်မူသောအခါ၌ ပဋိသမ္ဘိဒါဉာဏ်တော်၏ ၎င်းကိစ္စနှစ်ပါးသည်ထင်ရှား၏။

[သဗ္ဗညုတဉာဏ်တော်ဖြင့် ဟောတော်မူသည်ဟူ၍လည်း လာရှိ၏။]

## ပဋိသမ္ဘိဒါဉာဏ်လေးပါးတို့ကို အကျဉ်းအားဖြင့် ပြဆိုမည်

ပဋိသမ္ဘိဒါ ဟူသောစကား၌-

ပဋိသဒ္ဒါသည်။ ။ ဝိသုံဝိသုံအနက်ရှိ၏၊ အသီးအသီး ဆိုလိုသည်။

သံ သဒ္ဒါသည်။ ။ သမ္မာအနက်, သုဋ္ဌုအနက်ရှိ၏၊ ကောင်းစွာ, ဖြောင့်မှန်စွာ ဆိုလိုသည်။

ဘိဒ-သဒ္ဒါသည်။ ။ ခွဲခြမ်းဝေဖန်ခြင်းအနက်ရှိ၏။

“ ပဋိ ဝိသုံ ဝိသုံ သံ သုဋ္ဌု ဘိန္ဒန္တိ ဝိဘာဇေန္တိ အရိယာ ဇနာ ဧတာယာတိ ပဋိသမ္ဘိဒါ ” ။

အရိယာဇနာ=အရိယာပုဂ္ဂိုလ်တို့သည်၊ စေတာယ=ဤပညာဖြင့်၊ ပဋိဝိသုံ ဝိသုံ=အသီးအသီး၊ သံ-သုဋ္ဌု=ကောင်းစွာ၊ ဘိန္ဒန္တိ ဘာဇေန္တိ=ခွဲခြမ်းဝေဖန်နိုင်ကြကုန်၏၊ ဣတိတသ္မာ=ထိုသို့အသီးအသီး ကောင်းစွာ ခွဲခြမ်းဝေဖန်နိုင်ကြောင်းဖြစ်သောကြောင့်၊ ပဋိသမ္ဘိဒါ=ပဋိသမ္ဘိဒါ မည်၏။

ထိုပဋိသမ္ဘိဒါဉာဏ်သည်-

၁။ အတ္ထပဋိသမ္ဘိဒါဉာဏ်တစ်ပါး,

၂။ ဓမ္မပဋိသမ္ဘိဒါဉာဏ်တစ်ပါး,

၃။ နိရုတ္တိပဋိသမ္ဘိဒါဉာဏ်တစ်ပါး,

၄။ ပဋိဘာနပဋိသမ္ဘိဒါဉာဏ်တစ်ပါး,

ဟူ၍လေးပါးရှိ၏။

အတ္ထပဋိသမ္ဘိဒါ- ဟူသောစကား၌ အတ္ထသည်ငါးပါးရှိ၏။

၁။ ဘာသိတတ္ထတစ်ပါး,

၂။ ပစ္စယုပ္ပန္နတ္ထတစ်ပါး,

၃။ ဝိပါကတ္ထတစ်ပါး,

၄။ ကိရိယတ္ထတစ်ပါး,

၅။ နိဗ္ဗာနတ္ထတစ်ပါး,

ထိုငါးပါးတို့တွင်-

၁။ "ဘာသိတတ္ထ" ဆိုသည်ကား ဘုရားစကားတော်ဖြစ်သော မာဂဓဘာသာသဒ္ဒါသည် ဟောအပ်သောအနက်တည်း။

၂။ "ပစ္စယုပ္ပန္နတ္ထ" ဆိုသည်ကား ပဋိစ္စသမုပ္ပါဒ်နည်း, ပဋ္ဌာန်းနည်းတို့၌ ပစ္စည်း, ပစ္စယုပ္ပန် အစုံအစုံရှိကြသည်တွင် ပစ္စယုပ္ပန်တရားစုကို ဆိုသတည်း။

၃။ "ဝိပါကတ္ထ" ဆိုသည်ကား ကံကြောင့်ဖြစ်သောဝိပါက် နာမက္ခန္ဓာ ကမ္မဇရုပ်တရားစုကို ဆိုသတည်း။

၄။ "ကိရိယတ္ထ"ဆိုသည်ကား အာဝဇ္ဇန်းဒွေ- အစရှိသော ကြိယာစိတ်, စေတသိက်တရားစုကို ဆိုသတည်း။

၅။ "နိဗ္ဗာနတ္ထ "ဆိုသည်ကား အသခ်တဓာတ်မြတ်ဖြစ်သော နိဗ္ဗာန်တရားကို ဆိုသတည်း။

[ဤသို့လျှင် အတ္ထငါးပါးရှိသောကြောင့်အတ္ထပဋိသမ္ဘိဒါ ဉာဏ်သည်လည်းငါးပါးပင်ရှိ၏။]

ထိုငါးပါးတို့တွင်-

၁။ " ဘာသိတတ္ထ ပဋိသမ္ဘိဒါဉာဏ် " ဆိုသည်ကား ပိဋကတ် သုံးပုံပါဠိတော်စကားကို ကြားခဲ့လျှင် မသင်ဘူးဘဲနှင့်ပင် ကြားကြားသမျှသော ပါဠိတော်၏အနက်ကို ဖြစ်ထိုက်သော နည်းအမျိုးမျိုးနှင့် ဝေဖန်နိုင်သည့်တိုင်အောင် သိနိုင်သော ဉာဏ်ပေတည်း။

၂။ "ပစ္စယုပ္ပန္နတ္ထ ပဋိသမ္ဘိဒါဉာဏ် " ဆိုသည်ကားပစ္စည်း စကားကို ကြားခဲ့လျှင် မသင်ဘူးဘဲနှင့်ပင် ကြားကြားသမျှ သော ပစ္စည်း၏ ပစ္စယုပ္ပန်ကို သိနိုင်သော ဉာဏ်ပေတည်း။

၃။ " ဝိပါကတ္ထ ပဋိသမ္ဘိဒါဉာဏ် " ဆိုသည်ကား ထိုထိုကုသိုလ် ကံ အကုသိုလ်ကံစကားကိုကြားခဲ့လျှင် မသင်ဘူးဘဲနှင့်ပင် ထိုထိုကံ၏ အကျိုးကို အမှန်သိနိုင်သော ဉာဏ်ပေတည်း။

၄။ ကိရိယတ္ထပဋိသမ္ဘိဒါဉာဏ်ဆိုသည်ကား ကောင်းကျိုးမကောင်း ကျိုးမျိုးလည်းမဟုတ်၊ ကောင်းကျိုး, မကောင်းကျိုး ကို ဖြစ်စေတတ်သည်လည်းမဟုတ်၊ အလွတ်ဖြစ်သော အာဝဇ္ဇန်း

ဒွေအစရှိသော ကြိယာမျိုးကို မသင်မကြားဘဲနှင့်ပင် သိနိုင်သော ဉာဏ်ပေတည်း။

၅။ နိဗ္ဗာနတ္ထပဋိသမ္ဘိဒါဉာဏ်ဆိုသည်ကား မဂ်တရားကို ကြားခဲ့လျှင် ထိုမဂ်အားထိုက်တန်သော ဖိုလ်တရား, နိဗ္ဗာန်တရားကို သိနိုင်၏။

[ထိုနှစ်ပါးတို့တွင် ဖိုလ်တရားကိုသိမှုသည် ဝိပါကတ္ထပဋိသမ္ဘိဒါတွင် ပါဝင်လေပြီ။]

အတ္ထပဋိသမ္ဘိဒါငါးပါးပြီး၏။

ဓမ္မပဋိသမ္ဘိဒါ ဟူသောစကား၌ ဓမ္မသည်ငါးပါးရှိ၏။

၁။ ဘာသိတဓမ္မတစ်ပါး,
၂။ ပစ္စယဓမ္မတစ်ပါး,
၃။ ကုသလဓမ္မတစ်ပါး,
၄။ အကုသလဓမ္မတစ်ပါး,
၅။ အရိယမဂ္ဂဓမ္မတစ်ပါး

ထိုငါးပါးတို့တွင်

၁။ ပိဋကတ်သုံးပုံပါဠိတော်သည် "ဘာသိတဓမ္မ"မည်၏။
၂။ ပဋ္ဌာန်းနည်း, ပဋိစ္စသမုပ္ပါဒ်နည်းတို့၌ ပစ္စည်း, ပစ္စယုပ္ပန် အစုံအစုံရှိကြသည်တွင် ပစ္စည်းတရားစုကို ပစ္စယဓမ္မ ဆိုသည်။

[ကျန်ရှိသောဓမ္မသုံးပါးထင်ရှားပြီ။]

ဤသို့လျှင် ဓမ္မငါးပါးရှိသောကြောင့်ဓမ္မပဋိသမ္ဘိဒါဉာဏ်သည် လည်းငါးပါးရှိ၏။

ထိုငါးပါးတို့တွင်-

၁။ ဘာသိတဓမ္မ ပဋိသမ္ဘိဒါဉာဏ်ဆိုသည်ကား အတ္တသဘာဝကို ကြားသိရလျှင် မသင်မကြားဘူးဘဲနှင့်ပင် ထိုအတ္တသဘာဝ အားလျော်ကန်သော ပါဠိဓမ္မဝေါဟာရကို ထုတ်ဖော်၍ သိနိုင်ခြင်း, ဟောနိုင်ခြင်းတည်း။

၂။ ပစ္စယဓမ္မ ပဋိသမ္ဘိဒါဉာဏ်ဆိုသည်ကား ပစ္စယပွန်ခေါ်သော ထိုထိုအကျိုးကို ကြားသိရလျှင် ထိုအကျိုးတရား၏ ဟုတ်မှန်သော အကြောင်းတရားကို အလုံးစုံအားဖြင့်သော်လည်းကောင်း တစ်စိတ်တစ်ဒေသအားဖြင့်သော်လည်းကောင်း သိနိုင်ခြင်းတည်း ။

၃။ ကုသလဓမ္မပဋိသမ္ဘိဒါဉာဏ်ဆိုသည်ကား ကောင်းသောအကျိုးကို တွေ့မြင်ကြားသိရသည်ရှိသော် ထိုအကျိုး၏ အကြောင်းဖြစ်သော ကုသိုလ်ဓမ္မကိုသိနိုင်ခြင်းတည်း။

၄။ အကုသလဓမ္မပဋိသမ္ဘိဒါဉာဏ်ဆိုသည်ကား မကောင်းသော အကျိုးကို တွေ့မြင်ကြားသိရသည်ရှိသော် ထိုအကျိုး၏ အကြောင်းဖြစ်သော အကုသိုလ်ဓမ္မကိုသိနိုင်ခြင်းတည်း။

၅။ အရိယမဂ္ဂဓမ္မ ပဋိသမ္ဘိဒါဉာဏ် ဆိုသည်ကား နိဗ္ဗာန်ဟူသော အတ္တကိုသိရသည်ရှိသော် ထိုနိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သော အရိယမဂ္ဂဓမ္မကိုသိနိုင်ခြင်းတည်း။

ဓမ္မပဋိသမ္ဘိဒါ ငါးပါးပြီး၏။

နိရုတ္တိပဋိသမ္ဘိဒါ-ဟူသောစကား၌-

နိရုတ္တိဆိုသည်ကား။ ။ သဒ္ဒါဗျာကရိုဏ်းကျမ်း အစီအရင်မျိုးပေတည်း။

ဓမ္မပဋိသမ္ဘိဒါဉာဏ်တွင် ဘာသိတဓမ္မဟု ဆိုအပ်သော ပိဋကတ် သုံးပုံ ပါဠိဘာသာစကားမျိုးတို့၌ သဒ္ဒါဗျာကရဏ်ရိုက်းကျမ်းများကို မသင်မကြားဘူးဘဲနှင့်ပင် သန္ဓိပုဒ်, နာမ်ပုဒ်, ကာရကပုဒ်, သမာသ်ပုဒ်, တဒ္ဓိတ်ပုဒ်, အာချာတ်ပုဒ်, ကိတ်ပုဒ်, ဥပသာရပုဒ်, နိပါတ်ပုဒ်-တို့ကို နေရာတကျရွတ်ဆိုနိုင်ခြင်းသည် နိရုတ္တိပဋိသမ္ဘိဒါမည်၏။

နိရုတ္တိပဋိသမ္ဘိဒါပြီး၏။

ပဋိဘာနပဋိသမ္ဘိဒါ-ဟူသောစကား၌-

ပဋိဘာနဆိုသည်ကား။ ။ဉာဏ်ကိုပင်ဆို၏၊ ရှေးဉာဏ် သုံးပါး၏အလားကို သိနိုင်သောဉာဏ်သည် ပဋိဘာနပဋိသမ္ဘိဒါမည်၏။

ဈာနသမာပတ္တိဝီထိ, မဂ္ဂဝီထိ, ဖလသမာပတ္တိဝီထိတို့၏နောက်၌ လိုက်ပါမြဲဖြစ်သော ပစ္စဝေက္ခဏာဉာဏ်ကဲ့သို့ ရှေးဉာဏ်သုံးပါးတို့၏နောက်၌လိုက်ပါမြဲဖြစ်သော ပဋိသမ္ဘိဒါဉာဏ်ပေတည်း။

ပဋိဘာနပဋိသမ္ဘိဒါဉာဏ်ပြီး၏။

-------*-------

ဤပဋိသမ္ဘိဒါဉာဏ်လေးပါးသည် အရိယာပုဂ္ဂိုလ်တို့မှာ အရိယာမဂ်ဉာဏ်ကို ရသည်နှင့်တစ်ပြိုင်နက် တစ်ချက်တည်းပြီးစီးသော ဉာဏ်မျိုးပေတည်း၊ ပုထုဇဉ်ပုဂ္ဂိုလ်တို့မှာမူကား ထိုကဲ့သို့သောဉာဏ်မျိုးသည် သင်ကြားမှတ်နာမှု ပြည့်စုံလုံလောက်ရှိမှသာ ဖြစ်နိုင်သည်၊ သင်ကြားမှတ်နာမှုနှင့် ဖြစ်သည်ကို ပဋိသမ္ဘိဒါဉာဏ်ဟူ၍မဆိုရ၊ သုတမယဉာဏ်မျှသာ ဖြစ်၏။

ထို့ကြောင့်အဋ္ဌကထာ၌-

ဗဟုမ္ပိ ဥဂ္ဂဟေတွာ ပန ပုထုဇ္ဇနဿ ပဋိသမ္ဘိဒါပတ္တိနာမနတ္ထိ။

[ဟူ၍ဆိုပေ၏။]

အရိယာပုဂ္ဂိုလ်ဖြစ်ခဲ့လျှင် လူဖြစ်စေ, ရှင်ဖြစ်စေ ပဋိသမ္ဘိဒါသို့ မရောက်သော ပုဂ္ဂိုလ်မရှိဟူ၍လည်းဆို၏။

၁။ အရောက် သာမညတစ်ပါး,

၂။ အထူးရောက်တစ်ပါး, ဟူ၍ ၂-ပါးရှိ၏။

ပစ္စေကဗုဒ္ဓါများသည် သစ္စာလေးပါးအရာ၌ အကျဉ်းချုပ်အားဖြင့်

၁။ ပဋိသမ္ဘိဒါပတ္တချည်းဖြစ်ကြ၏၊သာဝကတို့တွင် အညံ့စားဖြစ်သော သာဝကတို့သည်လည်း ထို့အတူ။

[ဤကားပဋိသမ္ဘိဒါပတ္တသာမညတည်း။]

၂။ ပဋိသမ္ဘိဒါပတ္တဝိသေသကိုမူကား အဋ္ဌကထာ၌ပြဆိုလျက်ရှိ၏။

ကမာ ပန စတသော ပဋိသမ္ဘိဒါ ဒွိသု ဌာနေသု ပဘေဒံ ဂစ္ဆန္တိ သေက္ခဘူမိယဉ္စ အသေက္ခဘူမိယဉ္စ၊ ပဉ္စဟိ ကာရဏေဟိ ဝိသဒါ ဟောန္တိ အဓိဂမေနစ ပရိယတ္တိယာစ သဝနေနစ ပရိပုစ္ဆာယစ ပုဗ္ဗယောဂေနစ။

၁။ အဓိဂမောနာမ အရဟတ္တံ။

၂။ ပရိယတ္တိနာမ တေပိဋကဗုဒ္ဓဝစနံ ပရိယာပုဏနံ။

၃။ သဝနံနာမ ဓမ္မသဝနံ ဗဟုလတာ။

၄။ ပရိပုစ္ဆာနာမ တေပိဋကဋ္ဌကထာပရိစယနံ။

၅။ ပုဗ္ဗယောဂေါနာမ အတီတဘဝေ ဗုဒ္ဓသာသနေ ခန္ဓာဒိဓမ္မေသု သဝနဥဂ္ဂဟဓာရဏာဒိစ ဝိပဿနာ ကမ္မဋ္ဌာနေ ဗလဝဝိပဿနာပတ္တိစ။

[ဤကားအကျဉ်းချုပ်ပြချက်တည်း။]

အကျယ်ကိုမူကား။ ။အဘိဓမ္မာတွင် ပဋိသမ္ဘိဒါဝိဘင်းအဋ္ဌကထာ, သုတ္တန်တွင် ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာတို့၌ ယူလေ။

မြန်မာသက္ကရာဇ် ၁၂၇၆-ခု တန်ခူးလဆန်း ၈-ရက်
လယ်တီဆရာတော် မော်လမြိုင်မြို့။
မြတ်စွာဘုရား ဝိဘဇ္ဇဝါဒီ ဟုတ်မဟုတ်အဖြေပြီး၏။

----------*---------

## ကျောက်မြောင်းအတွင်းဝန်မင်းသို့ပေးစာ

မုံရွာမြို့ လယ်တီဆရာတော် အမိန့်ရှိလိုက်သည် ကျောက်မြောင်း အတွင်းဝန်မင်း။

ကင်းဝန်မင်းကြီးအိမ်ပေါ်တွင်--

"တစ်ခုတစ်ခုသော ကိလေသာတို့၏ ဝီတိက္ကမဘူမိ, ပရိယုဋ္ဌာနဘူမိ, အနုသယဘူမိ- ဟု ဆိုအပ်သော အဝတ္ထာဘူမိ- သုံးမျိုးရှိသည်နှင့် အဓိသီလ, အဓိစိတ္တ, အဓိပညာ-တည်းဟူသော သာသနာတော်မြတ်ကြီး သုံးပါးကိုတွဲဖက်၍ ပြောဟောရာ ကိလေသာတို့၏ အနုသယအသိုက်အအုံ မူလဘုံကြီးကို သီလ, သမာဓိလက်နက်တို့ဖြင့် ဖြိုဖျက်ခြင်းငှါ မတတ်ကောင်း၊ ဝိပဿနာပညာလက်နက်ဖြင့်သာ ဖြိုဖျက်ခြင်းငှါ တတ်ကောင်းကြောင်းကို ပြောဆို၍ ဖြိုဖျက်ပုံနည်းလမ်းကိုမူကား မပြောမဆို ချန်လှပ်ခဲ့ရသည်"

ချန်လှပ်ခြင်း၏ အကြောင်းကား။ ။ဖြိုဖျက်ပုံ နည်းလမ်း ဆိုသည်မှာ တစ်ခုခုသော ရုပ်ဓာတ်, တစ်ခုခုသော နာမ်ဓာတ်ကို မြန်မာ စကားနှင့် ဉာဏ်အမြင်ပေါက်အောင် အထပ်တလဲလဲ ပြောဟောမှုကို ဆိုသည်၊ ထိုကဲ့သို့သော ပြောဟောနည်းများသည် မြန်မာနိုင်ငံတွင်

အစဉ်အဆက် ဖြစ်ပေါ်ခဲ့ဖူးသည်မထင်၊ သို့အတွက်ကြောင့် နားရိုင်းတွေ အလယ်မှာ ပြောခြင်းငှါ မတတ်ကောင်းရှိသည်နှင့် ချန်လှပ်ခဲ့ပေသည်။

မတတ်ကောင်းကြောင်းကား။ ။ပရမတ္ထသဘာဝကို အကျိုး ဖြစ်ထွန်းရန် ကြံဖန်နည်းသည် အကြမ်းနည်း, အလတ်နည်း, အနုနည်း, အနုထက် အနုနည်းဟူ၍ လေးထွေလေးရပ်ရှိ၏။

၁။ လောကဓာတ် ပညာအရာနှင့် ပေါက်ရောက်စွာ ကြံဖန် နည်းသည် အကြမ်းနည်းမည်၏။

၂။ အနာရောဂါ ဆေးပညာအရာနှင့် ပေါက်ရောက်စွာ ကြံဖန် နည်းသည် အလတ်နည်းမည်၏။

၃။ ဝေနေယျသာဝကတို့၏ဝိပဿနာဉာဏ်ပညာအရာ ဖြစ် သော သုတ္တန်ဒေသနာနည်းတို့နှင့် ပေါက်ရောက်စွာ ကြံ ဖန်နည်းသည် အနုနည်းမည်၏။

၄။ အဘိဓမ္မာခုနစ်ကျမ်း ပါဠိ, အဋ္ဌကထာ, ဋီကာနည်းလမ်း တို့နှင့် အလွန်ကျယ်ဝန်းစွာ စိတ်ဖြာဝေဖန်နည်းသည် အနု ထက် အနုနည်းမည်၏။

ထိုလေးနည်းပါးတို့တွင်--

၁။ အကြမ်းနည်း၏ အရာမှာ အကြမ်းနည်းမှ နေရာကျသည်၊ အလတ်နည်းစသည်ကို တတ်သော်လည်း လောကဓာတ်ပညာမျိုးကို မကြံနိုင်။

၂။ အလတ်နည်း၏ အရာမှာ အလတ်နည်းမှ နေရာကျသည်၊ အကြမ်းနည်း, အနုနည်းစသည်ကို တတ်သော်လည်း အနာရောဂါ ဓာတ်စာဆေးဝါးမျိုးကို မကြံနိုင်။

၃။ အနုနည်း၏အရာမှာ အနုနည်းမှနေရာကျသည်၊ အကြမ်းနည်း, အလတ်နည်း, အနုထက် အနုနည်းကို တတ်သော်လည်း သုတ္တန်နည်းမျိုးဖြစ်သော ဝိပဿနာလမ်းကို မကြံနိုင်။

၄။ အနုထက်အနုနည်း၏ အရာမှာ အနုထက်အနုနည်းမှ နေရာကျသည်၊ အကြမ်းနည်းစသည်ကို တတ်သော်လည်း အဘိဓမ္မာခုနစ် ကျမ်းပါဠိ, အဋ္ဌကထာ, ဋီကာနည်းလမ်းကို မကြံနိုင်။

[နည်းလမ်းလေးမျိုးတို့မှာ အသီးအသီး သူ့လမ်းစဉ်နှင့်
သူ သူ့ဥပဒေနှင့်သူ ဖြစ်ကြသည်]

ဥပမာကား-- သံ- ဟူသောပထဝီဓာတ်တစ်မျိုးကို လောက၌ သူ့အမျိုးအစား အတိုင်းအတာ ပုံစံ စံနစ် နည်းလမ်းနှင့် သူအိမ်ရာတိုက်တာ ကိရိယာ, ရထား လှည်း- လှေကိရိယာ, သမ္ဗန်, သင်္ဘောကိရိယာ, စက်ကြီး စက်ငယ်ဟူသောကိရိယာ အကြမ်းမှုတို့မှစ၍ ဝိဇ္ဇာမယ-အာယုဝဍ္ဎနမှုတိုင်အောင် အကြမ်းနည်း, အလတ်နည်း, အနုနည်း, အနုထက် အနုနည်းတို့ဖြင့် ဉာဏ်စွမ်းရှိသမျှ လုပ်ကြံကြသကဲ့သို့တည်း။

ပရမတ္ထ ဓာတ်သဘာဝတို့ကို အတ္တဟိတ, ပရဟိတ အကျိုးစီးပွါးဖြစ်ထွန်းရန် လုပ်ကြံကြရာ၌--

ဥရောပတိုက် ပညာရှိတို့သည်။ ။လောကဓာတ်ပညာ အမျိုးမျိုးဟူသော အကြမ်းနည်း, အနာရောဂါ ဆေးပညာဟူသော အလတ်နည်းတို့ကို အကျိုးများစွာ ဖြစ်ထွန်းအောင် ကြံဆောင်နိုင်ကြပေကုန်၏၊ ဝိပဿနာဉာဏ်အရာဖြစ်သော အနုနည်း, အဘိဓမ္မာဉာဏ်အရာဖြစ်သော အနုထက် အနုနည်း,တို့ကိုမူကား ယခုကြံစပြုကာရှိကြ ကုန်သေးသည်။

ငါတို့မြန်မာကျမ်းတတ်ဆရာ ပညာရှိတို့သည်။ ။အဘိဓမ္မာဉာဏ်အရာဖြစ်သော အနုထက် အနုနည်းကိုသာ နိုင်နင်းစွာပေါက်

ရောက် တတ်မြောက်အောင် ကြံဖန်နိုင်ကြကုန်၏၊ သုတ္တန်ဒေသနာတော် အရာဖြစ်သော ဝိပဿနာ အနုနည်း, အနာရောဂါ ဆေးပညာ အရာ ဖြစ်သော အလတ်နည်း, လောကဓာတ် ပညာအရာဖြစ်သော အကြမ်း နည်းတို့ကိုမူကား မကြံနိုင်ကြကုန်။

**နည်းလေးပါးတို့တွင်---**

တတိယနည်းနှင့် စတုတ္ထနည်းတို့၏ အထူးကား---

အလုံးစုံသော ပရမတ္ထဓမ္မတို့ကို အဘိဓမ္မာဒေသနာနည်းအားဖြင့် ဟောတော်မူသည်မှာ သဗ္ဗညုဘုရားတို့၏ သဗ္ဗညုတဉာဏ်အစွမ်းရှိတိုင်း လွှတ်၍ဟောတော်မူသော နည်းသာတည်း၊ ကျွတ်ထိုက်သော ဝေနေယျ တို့၏ ဉာဏ်နှင့်တိုင်းတာ၍ ချွေချွတ်ဖို့ရာ ဟောတော်မူသော နည်းမ ဟုတ်။

အဘိဓမ္မာခုနစ်ကျမ်းလုံးသည် ဥဒ္ဒေသမာတိကာတစ်ခုသာ ဖြစ်၏၊ တစ်ခုတည်းသော ဣရိယာပုထ်ဖြင့် သုံးလပတ်လုံးထိုင်နေ၍ ဒေသနာ အစဉ်မပြတ်အောင်ဟောမှ ဥဒ္ဒေသ, နိဒ္ဒေသ, ပဋိနိဒ္ဒေသ ပြည့်စုံ ပြီးစီး၏၊ လူ့ပြည်၌ ထိုမျှလောက်နေထိုင်၍ နာနိုင်သူမရှိ၊ နတ်, ဗြဟ္မာတို့သာ နာနိုင်ကုန်၏၊ ထို့ကြောင့် အဘိဓမ္မာဒေသနာမည်သည် နတ်ပြည် ၌သာ ဟောရိုးဖြစ်၏၊ လူ့ပြည်၌ဟောရိုး မဟုတ်။

ဒီဃနိကာယ်, မဇ္ဈိမနိကာယ်, သံယုတ္တနိကာယ်စသည်တို့၌ ပရမတ္ထ ဓမ္မတို့ကို သုတ္တန်ဒေသနာနည်းအားဖြင့် ဟောတော်မူသည်မှာမူကား ကျွတ်ထိုက်သော ဝေနေယျတို့၏ ဉာဏ်နှင့်တိုင်းတာ၍ ချွေချွတ်ဖို့ ရာဟောတော်မူသော နည်းသာတည်း၊ သဗ္ဗညုတဉာဏ်အစွမ်းရှိတိုင်း လွှတ်၍ဟောတော်မူသော နည်းမဟုတ်။

[ဤမျှသောစကားရပ်တို့ဖြင့် သုတ္တန်ပိဋကတ်သည် ဝေနေယျတို့၏ ဉာဏ်နှင့်တန်ရုံ နေရာကျတိုင်းတာ၍ ဝေနေယျတို့ကို ချွေချွတ်ဖို့ သက်သက် ဟောတော်မူသော ဒေသနာဖြစ်သည်ဟု သိသာထင်ရှား၏။]

## ဥပမာကား

၁။ အဘိဓမ္မာပိဋကတ်သည် ရန်ကုန်မြို့ ဘင်္ဂလားမြို့တို့၌ ကြေးငွေ အသိန်းများစွာနှင့် ဝယ်ယူဆိုင်တည်၍ထားသော ဘယဆေး တိုက်ဆိုင် ကြီးနှင့်တူ၏။

၂။ အဘိဓမ္မာ လက်သန်းကျမ်းငယ်များသည် ထိုတိုက်ဆိုင်ကြီးမှ တဆင့် ဝယ်ယူဆိုင်တည်၍ထားသော မန္တလေး, မုံရွာ စသည်တို့၌ ရှိကြသော ဘယဆေးတိုက်ဆိုင်များနှင့်တူ၏။

၃။ အဘိဓမ္မာ ကျမ်းတတ်ဆရာများသည် ဘယဆေးကုန်သည်ကြီးများနှင့်တူ၏။

၄။ သုတ္တန်ပိဋကတ်သည် ဘေသဇ္ဇမဉ္ဇူသာကျမ်း, သာရကောမုဒီကျမ်းစသည်တို့မှ လာရှိသော နည်းလမ်းအတိုင်း လေးပါးစု, ငါးပါးစု စသည်စုပေါင်း, ထောင်းထု, ကြိုချက်၍ ဖူး, ပုလင်းတို့၌ ထည့်သွင်း၍ ဆေးအမည်, ထိုဆေးဖြင့် ပျောက်ငြိမ်းရာသော အနာအမည်, စာတမ်း နံပါတ်အသီးသီးတို့နှင့်တကွ အရာမက အထောင်မက ရှိနေကြသော ဆေးရုံကြီးငယ်တွေနှင့်တူ၏။

အနာရောဂါရှိကြသောသူတို့ကား ဘယဆေးဆိုင်ကြီးငယ်သို့ သွား၍ အနာပျောက်ငြိမ်းခွင့်မရ၊ ဆေးရုံကြီး ငယ်သို့သွားမှ ပျောက်ငြိမ်း ခွင့်ရကုန်သကဲ့သို့တည်း။

ဝေနေယျတို့၏ဉာဏ်နှင့်တိုင်းတာ၍ ဟောတော်မူသည်ဆိုရာ၌ လည်း-

ပဓာနဖြစ်သောတစ်ခုခုသောရုပ်, တစ်ခုခုသောနာမ်တရား၌ အသိဉာဏ်, အမြင်ဉာဏ်, အထင်ဉာဏ်ပေါက်ခဲ့လျှင် အပဓာန ဖြစ်သော ရုပ်, နာမ်တရားတို့သည် အတွင်းဝင်ဖြစ်၍ ပါလေကုန် တော့သည်၊ ခုခံ၍နေနိုင်တော့သည် မဟုတ်ကုန်။

ထို့ကြောင့် နိဒါနဝဂ္ဂသံယုတ်ပါဠိတော်မြတ်၌-

ကဗဠီကာရေ ဘိက္ခဝေ အာဟာရေ ပရိညာတေ အရိယ သာဝကဿ နတ္ထိ တံ သံယောဇနံ၊ ယေန သံယောဇနေန သညုတ္တော အရိယသာဝကော ပုန ဣမံ လောကံ အာဂစ္ဆေယျာ တိ ဝဒါမိ။

[ဟူ၍ဟောတော်မူသည်။]

[ကဗဠီကာရအာဟာရရုပ်တစ်ခု၌ ဉာတ, တီရဏ,ပဟာန-ဟူသော ပရိညာသုံးပါးကို ပိုင်နိုင်စွာသိလျှင် အနာဂါမိဖိုလ်သို့ ဆိုက်နိုင်၏ဟူလို။]

ဖဿေ ဘိက္ခဝေ အာဟာရေ ပရိညာတေ တိဿော ဝေဒနာ ပရိညာတာ ဟောန္တိ၊ တီသု ဝေဒနာသု ပရိညာတာသု အရိယသာဝကဿ နတ္ထိ ကိဉ္စိ ဥတ္တရိ ကရဏီယန္တိ ဝဒါမိ။

[ဂုင်းပါဠိတော်။]

“ပရိညာတာ=အလိုလိုပိုင်နိုင်ကုန်တော့သည်၊ ဟောန္တိ=ဖြစ်ကုန်၏။

[ဖဿစေတသိက်တစ်ခု၌ ပရိညာသုံးပါးပိုင်နိုင်လျှင်
အရဟတ္တဖိုလ်သို့ ဆိုက်နိုင်၏ဟူလို]

မနောသဉ္စေတနာယ ဘိက္ခဝေ အာဟာရေ ပရိညာတေ တိဿော တဏှာ ပရိညာတာ ဟောန္တိ၊ တီသုတဏှာသု ပရိညာ

တာသု အရိယသာဝကဿ နတ္ထိ ကိဉ္စိ ဥတ္တရိ ကရဏီယန္တိ ဝဒါမိ။
[ဝုင်းပါဠိတော်။]

“ပရိညာတာ=အလိုလိုပိုင်နိုင်ကုန်တော့သည်၊ဟောန္တိ=ဖြစ်ကုန်၏။
[စေတနာ စေတသိက်တစ်ခု၌ ပရိညာသုံးပါးပိုင်နိုင်လျှင်
အရဟတ္တဖိုလ်သို့ ဆိုက်နိုင်၏ဟူလို။]

ဝိညာဏေ ဘိက္ခဝေ အာဟာရေ ပရိညာတေ နာမရူပံ ပရိညာတံ ဟောတိ၊ နာမရူပေ ပရိညာတေ အရိယသာဝကဿ နတ္ထိ ကိဉ္စိ ဥတ္တရိ ကရဏီယန္တိ ဝဒါမိ။
[ဝုင်းပါဠိတော်။]

နာမရူပံ= ဝိညာဏ်မှကြွင်းသော နာမ်ဟူသမျှ, ရုပ်ဟူသမျှသည်၊ ပရိညာတံ=အလိုလိုပိုင်နိုင်ပြီး ဖြစ်လေတော့သည်၊ ဟောတိ=ဖြစ်၏။
[စိတ်တည်းဟူသော ဝိညာဏာဟာရတစ်ခု၌
ပရိညာသုံးပါးပိုင်နိုင်လျှင် အရဟတ္တဖိုလ်သို့ ဆိုက်နိုင်၏ဟူလို။]

ထိုမှတစ်ပါး--

၁။ ဝေဒနာသံယုတ်စသည်တို့၌ ဝေဒနာစေတသိက်တစ်ခုပိုင်နိုင်လျှင် ပြီးစီးနိုင်သောပါဠိတော်,

၂။ သုတ္တနိပါတ် ပါဠိတော်၌ “သညံ ပရိညာ ဝိတရေယျ ဩဃံ” ဟူ၍ သညာစေတသိက်တစ်ခု ပိုင်နိုင်လျှင် ပြီးစီးနိုင်သော ပါဠိတော်,

ထိုမှတစ်ပါး---

၃။ နှစ်ခု ပိုင်နိုင်လျှင် ပြီးစီးနိုင်သော ပါဠိတော်,

၄။ သုံးခု ပိုင်နိုင်လျှင် ပြီးစီးနိုင်သော ပါဠိတော်,

၅။ လေးခု ပိုင်နိုင်လျှင် ပြီးစီးနိုင်သော ပါဠိတော်,
၆။ ငါးခု ပိုင်နိုင်လျှင် ပြီးစီးနိုင်သော ပါဠိတော်,
၇။ ခြောက်ခု ပိုင်နိုင်လျှင် ပြီးစီးနိုင်သော ပါဠိတော်,

ဤသို့လျှင် ပဓာနဖြစ်သော အချို့အချို့သော တရားတို့၌ ပရိညာ သုံးပါးပိုင်နိုင်လျှင် အရဟတ္တဖိုလ်တိုင်ပြီးစီးနိုင်သော သုတ္တန်ပါဠိတော်များ သည် ပြီးစီးကြသူ လူရှင်အစုစု ဝတ္ထု, နိဒါန်း အသီးအသီးတို့နှင့်တကွ သရဒဝယ် ကောင်းကင်လယ်၌ မိုးကြယ်အသွင် အလွန်ပင်ပေါ်များ ထင်ရှားလျက်ရှိ၏။

[ယင်းသို့ အချို့အချို့သော ပဓာနတရား၌ ပိုင်နိုင်လျှင်ပင် ကျွတ်လွတ် နိုင်သော သဘောသတ္တိ ထင်ရှားရှိလေသောကြောင့် မြတ်စွာဘုရားသည်လည်း ဝေနေယျသတ္တဝါတို့၏ ဉာဏ်နှင့် လျော်စွာ တိုင်းတာ၍ ဟောတော်မူပေသတည်း။]

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ပညာဘာဝနာဋ္ဌာန ခန္ဓနိဒ္ဒေသစသည်တို့၌ မူကား---

ဝိပဿနာ၏ဘူမိဖြစ်သော ခန္ဓာငါးပါးစသည်တို့ကို အဘိဓမ္မာဒေသနာနည်းအားဖြင့် အကြွင်းအကျန်မရှိ အကုန်အစင် ထုတ်ဖော်ပြဆိုလျက်ရှိသည်မှာ ယောဂီပုဂ္ဂိုလ်တို့အား မိမိတို့ ဉာဏ်နှင့် သင့်လျော်ရာ ပဓာနဓမ္မကို ရွေးချယ် ကောက်ထုတ်၍ ယူကြစေခြင်းငှါ စုံလင်စွာ ထုတ်ဖော်ပြ ဆိုတော်မူသည်ဟု မှတ်ယူရမည်။

[ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ ပြဆိုတိုင်းသော စိတ်တစ်ခုယုတ်ကိုးဆယ်, စေတသိက် ဒွေပညာသ, ရုပ်အဋ္ဌဝီသတို့ကို လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်ကိုယ်စီနှင့်တကွ အကုန်အစင်သိမှသာ ဒိဋ္ဌိဝိသုဒ္ဓိဖြစ်နိုင်သည်ဟု မမှတ် မယူအပ်။]

သင်္ဂြိုဟ်အဘိဓမ္မာကို ကောင်းစွာတတ်သိသော အဘိဓမ္မာကျမ်းပြုဆရာပင်ဖြစ်သော်လည်း မိမိသန္တာန်၌ရှိနေသော တစ်ခုခုသော ပဓာနရုပ်ဓာတ်, ပဓာနနာမ်ဓာတ်တို့၌ ဒဿနဉာဏ် အမြင်မပေါက်သည်ရှိသော် ဒိဋ္ဌိဝိသုဒ္ဓိဉာဏ်မျှသို့ပင် မရောက်၊ ဝိပဿနာဉာဏ်နှင့်မူကား အလွန်ကွာ ဝေးလျက်ရှိ၏။

သင်္ဂြိုဟ်အဘိဓမ္မာပင် မတတ်သော်လည်း ပြဆိုခဲ့ပြီးသော သုတ္တန်ဒေသနာနည်းအားဖြင့် ပဓာနဖြစ်သော တစ်ခုသောရုပ်, တစ်ခုသောနာမ်၌ ဉာဏ်အမြင်ပေါက်ခဲ့သည်ရှိသော် ဒိဋ္ဌိဝိသုဒ္ဓိဉာဏ်မှ စ၍ အရဟတ္တဖိုလ်ဉာဏ်တိုင်အောင် ပေါက်ရောက်နိုင်၏ဟု သန္နိဋ္ဌာန်ကျမှတ် ယူရမည်။

[ယခုအခါ၌မူကား ဝိသုဒ္ဓိမဂ်အဋ္ဌကထာ, သင်္ဂြိုဟ်အဘိဓမ္မာတို့ကို အကုန်အစင် တတ်သိမှ ဒိဋ္ဌိဝိသုဒ္ဓိဖြစ်နိုင်မည်ဟူ၍ မှတ်ယူလျက်ရှိကြကုန်၏၊ တတ်သိသူတို့မှာလည်း ပါရမီမပြည့်သေး၍ လက္ခဏာရေးများကို မထင်နိုင်, မမြင်နိုင် ရှိကြသည်ဟု ပါရမီကို ချ၍ နေကြကုန်၏။]

၁။ ပရိယတ္တိဓမ္မ သုတမယ ဉာဏ်လမ်းကား တစ်လမ်း,

၂။ ပဋိပတ္တိဓမ္မ စိန္တာမယ ဉာဏ်လမ်းကား တစ်လမ်း,

စိန္တာမယဉာဏ်လမ်းကို ဉာဏ်အမြင်ပေါက်လမ်းဆိုသည်၊ အဘိဓမ္မာကျမ်းဂန်တို့ကို တတ်သိလိမ္မာ၍ ကျမ်းပြုဆရာပင် လုပ်နေသော်လည်း သုတမယနယ်၌သာ မင်းဆရာ, စိုးဆရာအဖြစ်နှင့် သေလွန်ကြ၍ စိန္တာမယနယ်သို့ မရောက်ကြသည့်အတွက် ဉာဏ်အမြင် မပေါက်သည်ကို သတိမမူမိကြကုန်။

စိန္တာမယနယ်ဆိုသည်ကား။ ။ အရညဂတ, ရုက္ခမူလဂတ, သုညာဂါရဂတပြုလုပ်၍ ပဓာနဓမ္မတို့ကို ဉာဏ်အမြင်ပေါက်ရောက်အောင် အားထုတ်သော အခွင့်ပေတည်း၊ ပဋိသန္ဓေဉာဏ်နှံ့နှေး၍ နေပြန်လျှင် အရညဂတပြုလုပ်၍ နှစ်ရှည်လများ အားထုတ်သော်လည်း စိန္တာမယဉာဏ်မပေါက်။

[ဤကား ဝေနေယျတို့၏ ဉာဏ်နှင့်လျော်ကန်လှသော သုတ္တန်ဒေသနာ နည်းများကို အလေးမပြု၊ တစ်ခုသောပဓာနရုပ်ဓာတ်, တစ်ခုသော ပဓာနနာမ် ဓာတ်များကို ဉာဏ်အမြင်ပေါက်အောင် အားမထုတ်၊ ဝေနေယျတို့၏ ဉာဏ်အားနှင့်မတန်သဗ္ဗညုတဉာဏ်၏အရာ အဘိဓမ္မာဒေသနာနည်းကိုသာ အလေးဂရုပြု၍ ဥသေးပေါက်ပြ မကျန်ရအောင် ဓမ္မအကျယ်မဆိုဖွယ်ကို ဉာဏ်ကြွယ် တိုင်း လိုက်စားမှုကြောင့် သုတမယနယ်က မတတ်နိုင်ကြသဖြင့် စိန္တာမယလမ်း အစဉ်အဆက်တိမ်မြုပ်၍ လာခဲ့ပုံကို ပြဆိုလိုက်သောအချက်တည်း။]

ယင်းသို့တိမ်မြုပ်၍ လာခဲ့သည့်အတွက်ကြောင့် ယခုအခါများ၌ ဤသည်ပင် ပထဝီဓာတ်တည်း, ဤသည်ပင် အနိစ္စလက္ခဏာတည်းဟု အတတ်ကြီးပြောဟောရန်အခွင့်များသည် နားရိုင်း၍နေကြလျက်ရှိ၏။

ပြောဟောရာ၌လည်း မြန်မာလူမျိုးဖြစ်ခဲ့လျှင် မြန်မာစကားနှင့် ရှမ်းလူမျိုးဖြစ်ခဲ့လျှင် ရှမ်းစကားနှင့် တစ်ခုသောဓာတ်ကို အထပ်တစ်လဲလဲ ပြောဟောမှ နေရာကျနိုင်သည်၊ ပထဝီ, ဖဿ-အစရှိသော ပါဠိဘာသာအတိုင်းနှင့်ပြောဟော၍ နေရာမကျနိုင်၊ နားရိုင်းတွေအလယ်မှာ မြန်မာစကားနှင့် အထပ်တစ်လဲလဲ ပြောဟောခြင်း၌ မတတ်ကောင်းရှိသည်နှင့် ကိလေသာတို့၏ အနုသယအသိုက်အအုံ မူလဘုံကြီးကို ဓမ္မဝိဝဋ္ဋာန

အစီအရင်နှင့်တကွ ဝိပဿနာဉာဏ်ပညာလက်နက်ဖြင့် ဖြိုဖျက်ပုံ သဘောများကို မပြောသာလှ၍ ချန်လှပ်ခဲ့ရသည် အတွင်းဝန်မင်း---

[အလိုရှိလျှင် ဆရာတော်ရေးသားရိုက်ထုတ်သည့် စာအုပ်များကို ရှာယူ၍ နှံ့စပ်စွာ ကြည့်ရှုကြံစည်ပါလျှင် ဉာဏ်ပညာပါရမီအထူး ရှိသူဖြစ်၍ မကြာ မတင် အလျင်အမြန် ဉာဏ်အမြင်ပေါက်လိမ့် မည်ဟု ထင်မိပေသည်။]

## မဂ်ကိစ္စ ၄-ပါး တစ်ပြိုင်နက်ပြီးစီးပုံ

မဂ်ကိစ္စ ၄-ပါးတစ်ပြိုင်နက်ပြီးစီးပုံကို ဆီမီးတောက်ဥပမာဖြင့် ကျမ်းဂန်တို့၌ပြပေ၏၊ ဆီမီးတောက်ဥပမာဆိုသည်ကား ဆီမီးတောက် သည် ၄-ပါးသောကိစ္စတို့ကို တစ်ပြိုင်နက်ပြီးစေနိုင်၏။

၄-ပါးသောကိစ္စတို့ဆိုသည်ကား---

၁။တိုက်ခန်းတွင်း၌ အလင်း၏ဖြစ်ပေါ်ခြင်းကိစ္စတစ်ပါး,
၂။တိုက်ခန်းတွင်း၌အမိုက်မှောင်၏ ပျောက်ကင်းခြင်း ကိစ္စတစ်ပါး,
၃။ မီးစာ၏လောင်ကျွမ်းခြင်းကိစ္စတစ်ပါး,
၄။ ဆီ၏ကုန်ခန်းခြင်းကိစ္စတစ်ပါး,

[ဤလေးပါးတို့ပေတည်း။]

ဆီမီးသည် တောက်ထ၍လာသည်ရှိသော် ထိုကိစ္စ ၄-ပါးတို့ကို တစ်ပြိုင်နက် တစ်ချက်တည်း ပြီးစေနိုင်၏။

ပြီးစေပုံကား---

၁။ ဆီမီးတောက် ထသည်နှင့်တစ်ပြိုင်နက် အလင်းကို ဖြစ်စေနိုင်၏။
၂။ အမိုက်မှောင်တို့ကို ကင်းပျောက်စေနိုင်၏။
၃။ မီးစာကိုကျွမ်းစေမှု။
၄။ ဆီကုန်ခန်းစေမှုတို့ကိုလည်း တစ်ပြိုင်နက်ပင်ပြီးစေနိုင်၏။

မဂ်ဉာဏ်သည်လည်း ကိစ္စ ၄-ပါးတို့ကို တစ်ပြိုင်နက်ပြီးစေနိုင်၏။

ကိစ္စ ၄-ပါးတို့ဆိုသည်ကား---
၁။ မဂ္ဂသစ္စာ၏ ဖြစ်ပေါ်ခြင်းကိစ္စတစ်ပါး,
၂။ သမုဒယသစ္စာ၏ ပျောက်ကင်းခြင်းကိစ္စတစ်ပါး,
၃။ ဒုက္ခသစ္စာ၏ ထင်ရှားခြင်းကိစ္စတစ်ပါး,
၄။ နိရောဓသစ္စာကို တွေ့မြင်ခြင်းကိစ္စတစ်ပါး,

## ဥပမာ ဥပမေယျ စပ်ဟပ်ပြချက်

၁။ မဂ်ဉာဏ်သည် ပုဂ္ဂိုလ်သန္တာန်မှာ မဂ္ဂသစ္စာ၏ ဖြစ်ပေါ်ခြင်းကိစ္စကို ပြီးစေနိုင်၏၊ ဆီမီးတောက်သည် တိုက်ခန်းတွင်း၌ အလင်းရောင်ကို ဖြစ်ပေါ်စေသကဲ့သို့တည်း။

[ဤကား မဂ္ဂသစ္စာ၌ ဘာဝနာကိစ္စတည်း။]

၂။ မဂ်ဉာဏ်သည် ပုဂ္ဂိုလ်သန္တာန်မှာ မဂ္ဂသစ္စာဖြစ်ပေါ်လာသည်နှင့် တစ်ပြိုင်နက် သမုဒယသစ္စာ၏ ပျောက်ကင်းခြင်းကိစ္စကိုလည်း ပြီးစေနိုင်၏၊ ဆီမီးတောက်သည် တိုက်ခန်းတွင်း၌ အမိုက်မှောင်ကို ပျောက်ကင်းစေသကဲ့သို့တည်း။

[ဤကား သမုဒယသစ္စာ၌ ပဟာနကိစ္စတည်း။]

၃။ မင်္ဂဉာဏ်သည် ပုဂ္ဂိုလ်သန္တာန်မှာ သမုဒယမှောင်ပျောက်ကင်းသည်နှင့်တစ်ပြိုင်နက် ဒုက္ခသစ္စာ၏ ထင်ရှားခြင်းကိစ္စကိုပြီးစေနိုင်၏၊ ဆီမီးတောက်သည် မီးစာကိုကျွမ်းစေသကဲ့သို့တည်း။

[ဤကား ဒုက္ခသစ္စာ၌ ပရိညာကိစ္စတည်း။]

၄။ မင်္ဂဉာဏ်သည် ပုဂ္ဂိုလ်သန္တာန်မှာ သမုဒယမှောင်ပျောက် ကင်းသည်နှင့် တစ်ပြိုင်နက် နိရောဓသစ္စာကို တွေ့မြင်ခြင်း ကိစ္စကိုလည်း ပြီးစေနိုင်၏၊ ဆီမီးတောက်သည် ဆီကိုကုန်ခန်း စေသကဲ့သို့တည်း။

[ဤကား နိရောဓသစ္စာ၌ သစ္ဆိကရဏကိစ္စတည်း။]

## လိုရင်းအဓိပ္ပါယ်ကား

၁။ မဂ္ဂသစ္စာကို ဖြစ်ပေါ်စေမှုသည် အရင်းခံဖြစ်၏၊ သီလဝိသုဒ္ဓိကို ဖြည့်ကျင့်သည်မှစ၍ ရှေးဦးစွာ ဒိဋ္ဌိ, ဝိစိကိစ္ဆာအကြွင်းမဲ့ချုပ်ငြိမ်းခြင်းသို့ ဆိုက်အောင် ပြုလုပ်အားထုတ်မှု အလုံးစုံသည် မဂ္ဂသစ္စာကိုဖြစ်စေမှု ပွါးများစေမှုဖြစ်၏၊ သောတာပတ္တိမင်္ဂဉာဏ်ဖြစ်ပေါ်မှ ထိုကိစ္စသည် ထမြောက်အောင်မြင်၏၊ နောင် ဒိဋ္ဌိ, ဝိစိကိစ္ဆာအတွက်နှင့် မဂ္ဂဘာဝနာကိစ္စကို ကြောင့်ကြစိုက်ထုတ်ဖွယ် မရှိပြီ။

[ဤကား မဂ္ဂဘာဝနာကိစ္စတည်း။]

၂။ သောတာပတ္တိမင်္ဂဉာဏ်ဖြစ်ပေါ်သည်နှင့် တစ်ပြိုင်နက် ဒိဋ္ဌိ, ဝိစိကိစ္ဆာမှောင်ကြီးသည် နောင်တစ်ဖန်ဖြစ်ပေါ်ရန် အနုသယမျှအကြွင်း အကျန်မရှိဘဲ တစ်ခါတည်းချုပ်လေ၏။

[ဤကား သမုဒယပဟာနကိစ္စတည်း။]

၃။ (က)ဒိဋ္ဌိ, ဝိစိကိစ္ဆာအကြွင်းအကျန်မရှိဘဲ တစ်ခါတည်း ချုပ်လေသည်နှင့် တစ်ပြိုင်နက် နောင် ဒိဋ္ဌိ, ဝိစိကိစ္ဆာဖြစ်ပေါ်မှု တစ်ခါတည်း

ချုပ်ငြိမ်းလေ၏။

(ခ) နောင် ဒိဋ္ဌိ, ဝိစိကိစ္ဆာဖြစ်ပေါ်မှု ချုပ်ငြိမ်းသည်နှင့် တစ်ပြိုင်နက် နောင် အပါယဂါမိကံဟောင်း, ကံသစ် အလုံးစုံ အကုန်ပဋိသန္ဓေအကျိုးပေးမှု တစ်ခါတည်းချုပ်ငြိမ်းလေ၏။

(ဂ) အပါယဂါမိကံဟောင်း, ကံသစ် ပဋိသန္ဓေအကျိုးပေးမှု ချုပ်ငြိမ်းသည်နှင့် တစ်ပြိုင်နက် နောင်မိမိသန္တာန်အစဉ်မှာ အပါယ်ဘဝ ဖြစ်ပေါ်မှု, မိမိအပါယ်သို့ကျရောက်မှု တစ်ခါတည်းချုပ်ငြိမ်းလေ၏။

[ဤချုပ်ငြိမ်းခြင်းသုံးပါးသည် နိရောဓသစ္စာမည်၏၊ ဗုဒ္ဓဘာသာ၌ ပဌမနိဗ္ဗာန်ကြီးမည်၏။]

ဤချုပ်ငြိမ်းခြင်းသုံးပါး၏ မိမိစိတ်သန္တာန်၌ ဆိုက်ရောက်ခြင်း, မိမိသည် ဤချုပ်ငြိမ်းခြင်းသုံးပါးသို့ နာမကာယဖြင့် ဆိုက်ရောက်ရခြင်း, မဂ်ဉာဏ်ဖြင့် တွေ့မြင်ရခြင်းသည် သစ္ဆိကရဏကိစ္စမည်၏။

[ဤကား နိရောဓသစ္ဆိကရဏကိစ္စတည်း။]

၄။ ထိုနိရောဓသစ္ဆိကရဏကိစ္စသို့ ရောက်သည်နှင့် တစ်ပြိုင်နက် ကိုယ်ခန္ဓာ၏ အနတ္တအဖြစ်ဟူသော အနတ္တသဘောသည် တစ်ခါတည်း ပွင့်လင်းလေ၏၊ ဒုက္ခသစ္စာအဖြစ်သည် တစ်ခါတည်းပွင့်လင်းလေ၏။

[ဤကား ဒုက္ခသစ္စာ၌ ပရိညာကိစ္စတည်း။]

ဤကိစ္စလေးပါးသည် သောတာပတ္တိမဂ်ဉာဏ်ဖြစ်ပေါ်သည်နှင့် တစ်ပြိုင်နက် တစ်ချက်တည်းပြီးမြောက်လေ၏၊ သောတာပတ္တိမဂ်ဉာဏ်သည် ချုပ်ငြိမ်းခြင်းသုံးပါးဟူသော နိရောဓသစ္စာကိုသာ အာရုံပြု၏၊ ကြွင်းသောသစ္စာသုံးပါးကို အာရုံမပြု။

ကြွင်းသော သစ္စာသုံးပါးကို အာရုံမပြုသော်လည်း ထိုပုဂ္ဂိုလ်အား ထိုသစ္စာသုံးပါး၌ ဘယ်အခါမှ မဖောက်မပြန်နိုင်သော သမ္မာဒိဋ္ဌိဉာဏ်၏ ပွင့်လင်းခြင်းကို ထူထောင်၍ အားပေးပေ၏။

ထိုပုဂ္ဂိုလ်သည် ထိုခဏ၌ ထိုသစ္စာသုံးပါးကို အာရုံမပြုသော်လည်း အနုပါဒိသေသနိဗ္ဗာန်သို့ ရောက်သည်တိုင်အောင် ထိုအလင်းပေါက်မှု ကြီးသည် အပြီးပေါ်၍ နေပေ၏၊ အာရုံပြုလိုသောအခါ ထိုသုံးပါးကို အလိုရှိတိုင်း အာရုံပြုနိုင်၏။

[ဤသို့ အလင်းရောင်ကြီးအပြီးရ၍ နေသည့်အတွက် ထိုပုဂ္ဂိုလ်သည် ထိုခဏ၌ သစ္စာ ၄-ပါးကို တစ်ပြိုက်နက်မြင်သည်ဟူ၍ ဆိုသတည်း။]

ဥပမာကား။ ။ လူတစ်ယောက်မှာ မျက်စိ ၂-ဖက်၌ တိမ်သလာ လွှမ်းသဖြင့် စုံလုံးကန်းဖြစ်နေ၏၊ ထိုသူသည် အလွန်ကောင်းသော ဝိဇ္ဇာမယမျက်စဉ်းဆေးကိုရ၍ မျက်စိထဲ၌မျက်စိကို စုံမှိတ်လျက် ထိုဆေး၏အေးမြလှသော သုခအတွေ့ကို ခံစား၍နေလေ၏၊ မျက်စိမဖွင့်မီပင် တိမ်သလာအကုန် ကင်းရှင်း၍ ပကတိအလင်းအတိုင်း ရပြီးဖြစ်လေ၏၊ ထိုသူသည် အပ၌ရှိသမျှသောဝတ္ထုတို့ကို မကြည့်သေးသောလည်း မျက်စိ အလင်းရပြီ, မျက်စိမြင်ရပြီဟုဆိုရ၏။

ဤဥပမာအတိုင်း။ ။ ထိုသစ္စာသုံးပါးကို ထိုခဏ၌ အာရုံမပြု သေးသော်လည်း ထိုသူသည် ထိုအခါမှစ၍ ထိုသစ္စာသုံးပါးကို အမြင် ပေါက်ပြီ, မြင်နိုင်ပြီဟုဆိုရ၏။

[ဤဥပမာအတိုင်းယူလေ၊ ဝိသုဒ္ဓိမဂ် စာမျက်နှာ နံပါတ် ၅၉၈-၌မူကား အထက်ဆီမီးဥပမာနှင့်တကွ နေထွက်ဥပမာ, လှေကား ဥပမာ အကျယ်လာ၏၊ ယခု ပြခဲ့ပြီးသော ဆီမီးဥပမာ၌ သစ္စာလေးပါး, ကိစ္စလေးပါး ဖက်စပ်ပုံချင်း မတူတတ်ကြရှိ၏]

ကျောက်မြောင်းအတွင်းဝန်မင်းသို့ပေးစာပြီး၏။

## မောင်ရောင်နီ ပုစ္ဆာ ၅-ချက်အဖြေ
## ပဌမပုစ္ဆာအဖြေ

ဆရာအမိန့်ရှိလိုက်သည် ဒကာငရောင်နီ---

ဒကာလျှောက်ထားလိုက်သော ပုစ္ဆာငါးချက်တို့တွင် ပဌမ ပုစ္ဆာ၌-

၁။ "ပဉ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာ လေးပါးတို့သည် မိမိနှင့် အတူ ဥပါဒ်သော ကမ္မဇရုပ်တို့အား ထိုက်သည်အားလျော်စွာ ဟေတု, သဟဇာတ, အညမည, နိဿယ, ကမ္မ, ဝိပါက, အာဟာရ, ဣန္ဒြိယ, ဈာန, မဂ္ဂ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ-ဤတစ်ဆယ့်သုံး ပစ္စည်းတို့ဖြင့် ကျေးဇူးပြုကုန်သည်။

၂။ ပဋိသန္ဓေဟဒယဝတ္ထုသည် မိမိနှင့်အတူဥပါဒ်သော ပဋိသန္ဓေ နာ မက္ခန္ဓာတို့အား သဟဇာတ, အညမည, နိဿယ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ-ဤခြောက်ပစ္စည်းတို့ဖြင့် ကျေးဇူးပြု ကုန်သည်။

၃။ ပဝတ္တိအခါ၌ကား ပဌမဘဝင်စသော ကုသိုလ်, အကုသိုလ်, ဝိပါက်, ကြိယာနာမက္ခန္ဓာတို့သည် မိမိတို့နှင့်အတူ ဥပါဒ်ကြသော ကမ္မဇရုပ်တို့အား တစ်ခုတစ်ခုသောပစ္စည်းဖြင့် ကျေးဇူးပြုခြင်းမရှိကုန်၊ မိမိတို့နှင့်အတူ ဥပါဒ်ကြသော စိတ္တဇရုပ်တို့အား သာလျှင် ဆိုခဲ့ပြီးသော တစ်ဆယ့်သုံးပစ္စည်းတို့တွင် အညမညကို ပယ်, အဓိပတိကိုထည့်၍ တစ်ဆယ့်သုံးပစ္စည်းတို့ဖြင့် ကျေးဇူးပြုကုန်သည်။

ဤသို့ နာမက္ခန္ဓာတို့သည် ပဋိသန္ဓေအခါ၌သာ ဥပါဒ်တူကမ္မဇရုပ်တို့နှင့် ပစ္စည်း, ပစ္စယုပ္ပန်ဆက်ဆံကုန်၏၊ ပဝတ္တိသို့ရောက်သောအခါ

ဥပါဒ်တူ ကမ္မဇရုပ်တို့နှင့် ပစ္စည်း, ပစ္စယုပ္ပန် မဆက်ဆံရခြင်း၌ သဘော အထူးကို မထင်မမြင်နိုင်ပါ ”ဟူသော စကား၌---

ပဋိသန္ဓေအခါ, ပဝတ္တိအခါနှစ်ပါးတွင် ပဝတ္တိအခါ၌ ပဋိသန္ဓေ စိတ်၏ဌီမှစ၍ ခဏတိုင်းခဏတိုင်းဖြစ်ကုန်သော ကမ္မဇရုပ်တို့သည် ပစ္စုပ္ပန်နာမက္ခန္ဓာတို့ကို အလျဉ်းပင်ငဲ့ခြင်းမရှိကုန်မူ၍ ဖြစ်ချင်တတ်တိုင်း ဖြစ်နိုင်ကြကုန်သော အရာသည်ထင်ရှားပါ၏။

ထင်ရှားပုံကား။ ။ ပစ္စုပ္ပန်နာမက္ခန္ဓာတို့ကိုငဲ့၍ နာမက္ခ န္ဓာတို့၏ ကျေးဇူးပြုကိုခံရမှ ဖြစ်နိုင်ကြကုန်သော စိတ္တဇရုပ်တို့သည် ထိုနာမက္ခ န္ဓာတို့၏ ဥပါဒ်ခဏ၌သာ ဖြစ်ကုန်သည်၊ ဌီခဏ, ဘင်ခဏ၌ မဖြစ်နိုင်ကုန်၊ နာမက္ခန္ဓာကင်းသော နိရောဓသမာပတ်ကိုဝင်စားသော အခိုက်များ၌ လည်း မဖြစ်နိုင်ကုန်၊ နာမက္ခန္ဓာအားပျော့လျှင် စိတ္တဇရုပ်တို့လည်း အား ပျော့ကုန်သည်၊ နာမက္ခန္ဓာအားသန်လျှင် စိတ္တဇရုပ်တို့လည်းအား သန်ကုန်သည်။

နာမက္ခန္ဓာကိုမငဲ့ကုန်သော ကမ္မဇရုပ်, ဥတုဇရုပ်, အာဟာရဇရုပ် တို့မှာမူကား နာမက္ခန္ဓာတို့၏ ဥပါဒ်ခဏ၌လည်း ဖြစ်ကုန်သည်၊ ဌီခဏ၌ လည်းဖြစ်ကုန်သည်၊ ဘင်ခဏ၌လည်း ဖြစ်ကုန်သည်၊ နာမက္ခန္ဓာကင်း သော နိရောဓသမာပတ်ကို ဝင်စားသောခဏ၌လည်း ဖြစ်ကုန်သည်၊ နာမက္ခန္ဓာတို့ အားပျော့ကုန်သော်လည်း အားပျော့သည်သာ မဟုတ်ကုန်၊ ပျော့သည်လည်းရှိ၏၊ မပျော့သည်လည်းရှိ၏၊ နာမက္ခန္ဓာတို့အားသန်ကုန် သော်လည်း အားသန်သည်လည်းရှိ၏၊ အားမသန်သည်လည်းရှိ၏။

[ထို့ကြောင့် ပဝတ္တိအခါ၌ ကမ္မဇရုပ်တရားတို့သည် နာမက္ခန္ဓာတို့နှင့် ပစ္စည်း ပစ္စယုပ္ပန်မဆက်ဆံကြကုန်ဟု အလွန်ထင်ရှားပါ၏။]

ပဋ္ဌိသန္ဓေစိတ်၏ ဥပါဒ်ခဏဟုဆိုအပ်သော ပဋိသန္ဓေအခါ၌ ဥပါဒ်ကုန်သော ကမ္မဇရုပ်တို့သည် စိတ္တဇရုပ်တို့ကဲ့သို့ နာမက္ခန္ဓာတို့ကို ငဲ့၍ နာမက္ခန္ဓာတို့၏ ကျေးဇူးပြုကိုခံရမှု ဖြစ်နိုင်သောအရာသည် မထင်ရှား၊ မထင်ရှားသော်လည်း နာမက္ခန္ဓာတို့နှင့်စပ်ဆက်၍ နာမက္ခန္ဓာတို့အား လျော်စွာဖြစ်ရသော ပဝတ္တိစိတ္တဇရုပ်တို့ကို အတပ်သိမြင်သဖြင့် ပစ္စည်းတပ်ပုံချင်း အလားတူကြသောကြောင့် ပဋိသန္ဓေကမ္မဇရုပ်တို့ သည်လည်း စိတ္တဇရုပ်တို့ကဲ့သို့ပင် နာမက္ခန္ဓာတို့နှင့် ဖက်စပ်၍ နာမက္ခန္ဓာတို့အားလျော်စွာသာလျှင် ဖြစ်ကြကြောင်းကို ဉာဏ်ဖြင့်ဆ၍ သိရမည်ဟု

["ပဋိစ္စသမုပ္ပါဒ ဝိဘင်းအဋ္ဌကထာ, ဝိသုဒ္ဓိမဂ်အဋ္ဌကထာ"တို့၌ ဆိုပေသည်။]

ဉာဏ်ဖြင့်ဆ၍သိရပုံကား။ ။ ပဋိသန္ဓေနာမက္ခန္ဓာသည် အဟိတ်ဖြစ်၍ အားနည်းသည်ဖြစ်အံ့၊ ထိုနှင့်အတူ ဥပါဒ်သောကမ္မဇရုပ်တို့သည် လည်း အားနည်းသည်သာဖြစ်ကုန်၏၊ ပဋိသန္ဓေနာမက္ခန္ဓာသည် ဒွိဟိတ်ဖြစ်၍ အားရှိသည်ဖြစ်အံ့၊ ပဋိသန္ဓေကမ္မရုပ်တို့လည်း အားရှိကုန်၏၊ ဒွိဟိတ်သည်လည်း မနုဿဒွိ ဟိတ်ထက် ဘုမ္မစိုးဒွိဟိတ် အားရှိသည်၊ ထို့ထက် အထက် စာတုမဟာရာဇ်ဒွိဟိတ်အားရှိသည်၊ ထို့ထက် တာဝတိံသာဒွိဟိတ်, ယာမာဒွိဟိတ်, တုသိတာဒွိဟိတ်, နိမ္မာနရတိဒွိဟိတ်, ပရနိမ္မိတဝသဝတ္တိဒွိဟိတ် ပဋိသန္ဓေနာမက္ခန္ဓာတို့သည် အလွန်အားရှိကုန်သည် ဖြစ်၍ ထိုနှင့်အတူ ဥပါဒ်သော ကမ္မဇရုပ်တို့သည်လည်း အလွန်အား ရှိကုန်၏။

[တိဟိတ် ပဋိသန္ဓေနာမက္ခန္ဓာတို့မှာမူကား မနုဿတိဟိတ်မှစ၍ အကနိဋ္ဌ တိဟိတ်တိုင်အောင် အဆင့်ဆင့် အားရှိအားမဲ့ကို ဝေဖန်လေ။]

## ပဋိသန္ဓေ-ပဝတ္တိကမ္မဇရုပ်နှင့် စိတ္တဇရုပ်အထူး

၁။ ပဋိသန္ဓေ ကမ္မဇရုပ်တို့မည်သည် ကံ၏အာနုဘော်, ပဋိသန္ဓေ နာမက္ခန္ဓာတို့၏အာနုဘော်၊ ဤအာနုဘော်နှစ်ပါးကို အစွဲပြု၍ဖြစ်ရကုန်၏။

၂။ ပဝတ္တိကမ္မဇရုပ်တို့သည် ကံ၏အာနုဘော်သက်သက်ကိုသာ အစွဲပြု၍ဖြစ်ရကုန်၏၊ ပစ္စုပ္ပန် နာမက္ခန္ဓာတို့၏အာနုဘော်နှင့်မစပ်ယှက်ကုန်။

၃။ စိတ္တဇရုပ်တို့သည် ပစ္စုပ္ပန် နာမက္ခန္ဓာတို့၏ အာနုဘော်ကိုသာ အစွဲပြု၍ဖြစ်ကုန်၏၊ ကံ၏အာနုဘော်နှင့် မစပ်ယှက်ကုန်။

[ဤကား အထူးတည်း။]

ဤသို့ ထူးကြောင်းကိုလည်း ပဋ္ဌာန်းပါဠိတော်၌ ပစ္စည်း, ပစ္စယုပ္ပန် အနေအထားကိုမြင်၍သိအပ်သည်၊ ပဋိသန္ဓေအခါ၌လည်း အလွန်သိမ်မွေ့လှသော အခါဖြစ်သည်နှင့် အလွန်ထင်ရှားအောင် ပြသာသော အခါပင်မဟုတ်ချေ၊ မြတ်စွာဘုရား ဉာဏ်တော်၌ကား လက်ဝယ်တင်ထားပတ္တမြားကဲ့သို့ အလွန်ထင်ရှားပေလိမ့်မည်ဟု ဉာဏ်တော်ကို ကြည်ညိုအံ့သြ၍ နေရမည့်အရာသာဖြစ်ချေသည်။

ပထမပုစ္ဆာ အဖြေပြီး၏

-------*------

## ဒုတိယ ပုစ္ဆာအဖြေ

ဒုတိယပုစ္ဆာ၌-

အရူပဘုံမှစုတေ၍ ကာမဘုံ၌ဖြစ်သော ပုဂ္ဂိုလ်၏ ပဋိသန္ဓေသည် အရူပကုသိုလ်စျာန်၏ရှေး၌ကျသော ပရိကံ, ဉပစာ, အနုလုံ, ဂေါတြဘူ-ဟူသော ဉပစာရစျာန်၏အကျိုး ပစ္စယုပ္ပန်ဖြစ်သော ကာမတိဟိတ် ဝိပါက်

သည်သာလျှင် ဖြစ်သင့်ကြောင်းကို ကျမ်းဂန်တိုက်ရိုက်လာ၏။

ရူပဘုံမှ စုတေ၍ ကာမဘုံ၌ဖြစ်သောပုဂ္ဂိုလ်၏ ပဋိသန္ဓေမှာ မူကား ဥပစာရဈာန်၏ အာနုဘော်ကြောင့် ဒွိဟိတ်အောက်ယုတ်၍ မဖြစ်နိုင်ကြောင်းကိုသာ လာပေသည်၊ ဥပစာရဈာန်၏အကျိုးပစ္စယုပ္ပန်ဖြစ်သောဝိပါက်သာ ဖြစ်သင့်သည်ဟု ကျမ်းဂန်၌မလာပေ။

> "ဥပစာရဈာနဿ ပန ဗလဝဘာဝတော တဿ ဝိပါကဘူတာ ကာမေ တိဟေတုကပဋိသန္ဓိယော ဟောန္တိ၊ ရူပါဝစရစုတိယာ ပရံ အဟေတုကရဟိတာ ဥပစာရဈာနာနုဘာဝေန ဒွိဟေတုက တိဟေတုကပဋိသန္ဓိယော သိယုံ"။
>
> [ဋီကာကျော်။]

ဤစကား၌-

အရူပပက္ခ၌ "ဥပစာရဈာနဿ ပန ဗလဝဘာဝတော" ဟုဆိုသည့်ပြင် "တဿ ဝိပါကဘူတာ" ဟုဆိုပြန်သည်။

ရူပပက္ခ၌ကား "ဥပစာရဈာနာနုဘာဝေန" ဟူ၍သာ ဆိုသည်၊ "တဿဝိပါကဘူတာ" ဟုမဆို။

ထို့ကြောင့် ရူပစုတိနောင် ဒွိဟိတ်ပဋိသန္ဓေနှောင်းသည်မှာ ဥပစာရဈာန်စေတနာ ကမ္မပစ္စည်းတပ်သည်မဟုတ်၊ ရှေးရှေးသောအခါက ပြုခဲ့သောအမှတ်မရှိသော တိဟိတ်ဩမကစေတနာ, ဒွိဟိတ်ဥက္ကဋ္ဌစေတနာသည်သာ ကမ္မပစ္စည်းတပ်သည်ဟုမှတ်ရမည်။

ထိုသို့တပ်ရာ၌လည်း ဥပစာရဈာန်၏ အရှိန်အဝါကြောင့် ဒွိဟိတ်ဥက္ကဋ္ဌကံအောက် ယုတ်ညံ့သော ကုသိုလ်ကံ, အကုသိုလ်ကံတို့သည် ထိုအခါအခွင့်မရကုန်ဟု မှတ်ယူရမည်။ (ကျမ်းဂန်အလို)

တစ်နည်းကား-

ရူပစျာန်သည် ဟီနစျာန်, မဇ္ဈိမစျာန်, ပဏီတစျာန်ဟူ၍ သုံးပါး ရှိသကဲ့သို့ ဥပစာရစျာန်သည်လည်း ဟီန, မဇ္ဈိမ, ပဏီတဟူ၍ သုံးပါး ရှိပြန်သည်။

ထိုသုံးပါးတို့တွင်-

အလွန်ယုတ်ညံ့လှသော ဆန္ဒ, စိတ္တ, ဝီရိယ, ဝိမံသနှင့်ယှဉ်သော ဥပစာရစျာန်သည် ဟီနမည်၏၊ ထိုဟီနဖြစ်သော ဥပစာရစျာန် ကုသိုလ်သည် တိဟိတ်ဩမကပင်ဖြစ်၏၊ ထို့ကြောင့် အလွန်အညံ့ဆုံးသော တိဟိတ်ဩမက ဥပစာရစျာန်စေတနာသည် ကာမဘုံ၌ ဒွိဟိတ်ပဋိသန္ဓေကို ဖြစ်စေသည်။

အရူပစျာန်အရာ၌ ဟီန, မဇ္ဈိမ, ပဏီတ သုံးပါးရှိသော်လည်း အလွန်အထက်ကျ၍ ပဋိပက္ခကိလေသာတို့နှင့် ဝေးသည်ထက်ဝေးသဖြင့် အလွန်အားကောင်းသော ဘာဝနာစုဖြစ်လေရကား ဟီနပင်ဖြစ်သော်လည်း ဒွိဟိတ်ပဋိသန္ဓေကို ပေးရလောက်အောင် အလွန်ယုတ်ညံ့ခြင်းမဖြစ်ပေ၊ ဤသို့ယူသော်လည်း သင့်ရာတော့သည်။

ဒုတိယပုစ္ဆာ အဖြေပြီး၏။

-------*-------

## တတိယပုစ္ဆာအဖြေ

တတိယပုစ္ဆာ၌ မရဏကာလသည်-

သာမညမရဏကာလ, ပစ္စာသန္နမရဏကာလဟူ၍ နှစ်ပါးပင် ရှိသည်။

ထိုနှစ်ပါးတို့တွင်-

“တထာစ မရန္တာနံ မရဏကာလေ ပဋိသန္ဓိဇနကံ ကမ္မံဝါ”။

ဟူသောပါဌ်၌ မရဏကာလဟူသည်မှာ-

ကံ, ကမ္မနိမိတ်, ဂတိနိမိတ်ထင်လာသော ခဏမှစ၍ တစ်နာရီ-နှစ်နာရီ, တစ်ပဟိုရ်-နှစ်ပဟိုရ်, တစ်ရက်- နှစ်ရက်ပတ်လုံး ထိုကံ, ကမ္မနိမိတ်, ဂတိနိမိတ်လျှင် အာရုံရှိသော ဝီထိဝါရတို့ မပြတ်မလပ် ဖြစ်၍ နေသမျှကာလကိုယူရသည်၊ ထိုကာလကို သာမညမရဏကာလ ဆိုသည်၊ ဇာတိဒုက္ခ, ဇရာဒုက္ခ, ဗျာဓိဒုက္ခ, မရဏဒုက္ခ-ဟူရာ၌လည်း ထိုသာမည မရဏကာလအတွင်း၌ ဖြစ်ဖြစ်သမျှသော ဒုက္ခစုကို မရဏဒုက္ခဟု အဋ္ဌကထာတို့၌လာသည်။

“မန္ဒပ္ပဝတ္တိယံ ပန မရဏကာလာဒီသု” ၌ အာဒိအရကိုကား မုစ္ဆာကာလ, ဝိသညီဘာဝကာလတို့ကိုယူရမည်။

မုစ္ဆာကာလဟူသည်ကား-

၁။ သေငယ်ဇောနှင့် မြော၍နေသည်ဟု လောက၌ ခေါ်ကြသော သစ်ပင်, ချောက်ကမ်း စသည်တို့မှကျ၍ လူမှန်းမသိတုံးဖြစ်၍ နေသောကာလ,

၂။ သုဝဏ္ဏသာမတို့ကဲ့သို့ မြားဆိပ်မွန်၍ နေသောကာလ,

၃။ မဏ္ဍဗျပုတ္တတို့ကဲ့သို့ မြွေဆိပ်မွန်၍နေသောကာလ,

၄။ မာတင်္ဂလုလင်တို့ကဲ့သို့ သူတစ်ပါးတို့ အပြင်းအထန် ရိုက်နှက်ထောင်းထု၍ မြောနေသောကာလ,

၅။ ကုလားဆေးသမားတို့က မေ့ဆေးတိုက်၍ မေ့မောခါနေသောကာလ,

၆။ ရေမွန်း၍ နေသောကာလ,

၇။ ရောဂါ ဝေဒနာ အပြင်းအထန်ဖမ်း၍ လူမှန်းမသိနေသော ကာလ,

၈။ ဘီလူးသံဘက် ဖမ်း၍ လူမှန်းမသိနေသောကာလ,

၉။ ပဋ္ဌာစာရီတို့ကဲ့သို့ ဉာတိဗျသနဒုက္ခ သောကပြင်းထန်စွာ နှိပ်စက်သော ကာလစသည်ကို "မုဋ္ဌာကာလ" ဟုခေါ်သည်။

ဝိသညီဘာဝကာလဟူသည်ကား-

၁။ အနာထပိဏ်သူဌေး, မဟာကပ္ပိနမင်းကြီး, သေလပုဏ္ဏားတို့သည် "ဘုရားပွင့်တော်မူသည်" ဟူသောစကားကို ကြား၍ ပီတိ၏အစွမ်းကြောင့် လူမှန်းမသိဖြစ်သောကာလ,

၂။ ဣသိသိင်္ဂ ရသေ့သည် အလမ္ဗုသာ နတ်သမီး၏ ဖဿကိုတွေ့ရ၍ လောဘမူပီတိ၏အစွမ်းဖြင့် လူမှန်းမသိ သုံးနှစ်ပတ်လုံး တုံးဖြစ်၍ နေသောကာလ,

၃။ မန္တလေးရွှေမြို့တော်တွင် သောင်းထီပေါက်၍ လူမှန်းမသိဘဲ အတန်ငယ်တုံးဖြစ်၍ နေသောကာလ,

၄။ ဝက်ပါတောင်တွင် မဒ္ဒီမိဖုရား သားတော်, သမီးတော်တို့နှင့် အတွေ့ တုံးဖြစ်၍ နေသောကာလ,

၅။ အလွန်အမင်း အိပ်ခြင်းနှိပ်စက်၍နေသောကာလ- စသည်များသည် " ဝိသညီဘာဝကာလ" မည်၏။

ထိုမုဋ္ဌာကာလ, ဝိသညီဘာဝကာလတို့၌လည်း နှလုံးအိမ်တွင်း၌တည်နေသော မဟာဘုတ်တို့သည် ဝိကာရအထူးသို့ရောက်သဖြင့် ဟဒယဝတ္ထုရုပ်သည် ဒုဗ္ဗလသဘော, မန္ဒပ္ပဝတ္တိသဘော သို့ရောက်လေ၏၊ ထို့ကြောင့် ထိုအခါ ဇောတို့သည် အပြည့်အစုံ မကျနိုင်ကုန်၊ ခြောက်ကြိမ်,

ငါးကြိမ်မျှသာ ကျနိုင်ကုန်သည်။

ထိုနှစ်မျိုးတို့တွင်-

၁။ အလွန်မပြင်းထန်လွန်းသော မုဉ္စာကာလ, ဝိသညီဘာဝကာလ တို့၌ ခြောက်ကြိမ်။

၂။ အလွန်ပြင်းထန်လွန်းသော ကာလတို့၌ ငါးကြိမ်။

ထိုနှစ်မျိုးတို့တွင်-

၁။ ခြောက်ကြိမ်ကျသော မုဉ္စာကာလ, ဝိသညီဘာဝကာလတို့ ကို ပကတိကာလနှင့် အတူထား၍ ဝီထိသင်္ဂဟ ဇဝနနိယမ၌-

"ပရိတ္တ ဇဝန ဝီထိယံ ကာမာဝစရဇဝနာနိ သတ္တက္ခတ္တုံ ဆက္ခတ္တုံ မေဝဝါ ဇဝန္တိ"

ဟုဆိုလေသည်။

၂။ ငါးကြိမ်ကျသော မုဉ္စာကာလ, ဝိသညီဘာဝကာလတို့ကို မရဏာသန္နနှင့် အတူထား၍-

"မန္ဒပ္ပဝတ္တိယံ ပန မရဏကာလာဒီသု ပဉ္စဝါရမေဝ"။

ဟုအာဒိသဒ္ဒါကိုဆိုပေသည်။

[ဓမ္မသင်္ဂဏီ အနုဋီကာကျမ်း၌ လေးကြိမ်ကျပင်လာသေး၏။]

သေခါနီးကာလ၌လည်း။ ။ရောဂါဥပဒ် အလွန်အမင်း အပြင်း အထန်ဖိစီး၍ မုဉ္စာအဖြစ်နှင့် သေရသောသူ, ကြည်ကြည်လင်လင်နှင့် သေရသောသူ နှစ်မျိုးပင်ရှိ၏၊ ပြင်းထန်စွာ မုဉ္စာကြီးဖြစ်၍သေရသော သူမှာမူကား စုတိနှင့်တကွသော မရဏာသန္န ဝီထိမတိုင်မီ ရှေးရှေးသော ဝီထိတို့ကပင် ဇောတို့သည် ခြောက်ကြိမ်, ခြောက်ကြိမ် ငါးကြိမ်, ငါးကြိမ် ကျကုန်၏။

[ပစ္စာသန္နမရဏကာလပင် မဟုတ်သော်လည်း ဟဒယဝတ္ထုအား နည်းသော အကြောင်းတရားများစွာပင်ရှိသည်၊ စုတိနှင့်တကွသော မရဏာသန္နဝီထိ၌သာ ဟဒယဝတ္ထုအားနည်းကောင်းသည်မဟုတ်။]

တတိယပုစ္ဆာအဖြေပြီး၏။

------ ✳ ------

## စတုတ္ထပုစ္ဆာအဖြေ

စတုတ္ထပုစ္ဆာ၌-

ကံ, ကမ္မနိမိတ်, ဂတိနိမိတ်တို့သည်သာ ပစ္စာသန္နမရဏဝီထိသို့ မရောက်မီ တစ်နာရီ, နှစ်နာရီ, တစ်ပဟိုရ်, နှစ်ပဟိုရ်, တစ်ရက်, နှစ်ရက် ကပင် ထင်နိုင်ကုန်၏။

၁။ ဘုရားလက်ထက်တော်၌ နန္ဒမည်သော နွားသတ်ယောက်ျား တို့မှာ မသေမီ ခုနစ်ရက်ကပင် ထင်သည်။

၂။ အဇာတသတ်မင်းမှာ မသေခင် နှစ်ဆယ့်လေးရက်ကပင် ထင်သည်။

၃။ ထိုအဇာတသတ်မင်းအလောင်း ဗာရာဏသီမင်းမှာ ထိုထက် အနှစ်များစွာကပင် ထင်သည်။

အဇာတသတ်မင်းမှာ ဘုရားကိုဆည်းကပ်သောအခါ ပျောက် ငြိမ်း၍နေသေး၏၊ ဗာရာဏသီမင်းမှာ ဘုရားအလောင်းတော် သံကိစ္စ ရသေ့ ကိုဆည်းကပ်သောအခါ ပျောက်ငြိမ်း၍နေသေး၏၊ သေခါနီး အခါမှ ထင်မြဲထင်လာ၍ ငရဲ၌ဖြစ်ကြကုန်၏။

[ထိုကံ, ကမ္မနိမိတ်, ဂတိနိမိတ်-အာရုံတို့သည် ပြောင်းသင့်, ရွှေ့သင့်သော အကြောင်းရှိလျှင် ပြောင်းကြောင်း,ရွှေ့ကြောင်းကို ဝတ္ထု သက်သေနှင့်တကွ သမ္မောဟ ဝိနောဒနီအဋ္ဌကထာ ဉာဏဝိဘင်းအဖွင့်

တွင် အသေအချာ ဆုံးဖြတ်တော်မူသည်၊ ယုံမှားရန်မရှိ။]
စတုတ္ထပုစ္ဆာ အဖြေပြီး၏
------*------

## ပဉ္စမပုစ္ဆာအဖြေ

ပဉ္စမပုစ္ဆာ၌-

“ကတ္တုကမျတာ လက္ခဏော ဆန္ဒော”

ဟူသောပါဠ်နှင့်အညီ ဆန္ဒသည်ပြုလိုကာမတ္တသာ လက္ခဏာရှိ၏ ဟူသော စကား၌ “မတ္တသာ” ဟူသောအသံကို လောဘ၏ သဘောနှင့် မရောမ ယှက်ခြင်းငှါသာဆိုသည်၊ ဆန္ဒ၏အားနည်းကြောင်းကို သိစေလို၍ ဆိုသည်မဟုတ်၊ ဆန္ဒသည် အလွန်အားခွန်ဗလ ကြီးမားလှသော တရားတစ်ခုဖြစ်၍ ဆန္ဒာဓိပတိ- ဆန္ဒိဒ္ဓိပါဒ်ဖြစ်နိုင်သည်။

၁။ မြတ်စွာဘုရားအလောင်းတော် နိယတဗျာဒိတ်ရရာသော အင်္ဂါရှစ်ပါး,

၂။ ပစ္စေကဗုဒ္ဓါတို့ နိယတဗျာဒိတ်ရရာသောအင်္ဂါငါးပါး,

၃။ သာဝကတို့နိယတဗျာဒိတ်ရရာသော အင်္ဂါသုံးပါး,

တို့တွင် ဆန္ဒသည် အင်္ဂါတစ်ပါးဖြစ်၍ပါပေသည်၊ ထိုဆန္ဒကို ပေါ့ပေါ့စားစား မထင်နှင့်။

## လောဘနှင့်ဆန္ဒအထူး

၁။ လောဘသည် အာရုံကိုလိုချင်သည်။

၂။ ဆန္ဒလည်း အာရုံကိုလိုချင်သည်။

ထိုနှစ်ပါးတို့တွင်-

၁။ ဆန္ဒမှာ အိုးကင်းပူ၌ထည့်လိုက်သော ကျောက်ခဲကဲ့သို့ အာ ရုံ၌ကပ်ငြိခြင်းမရှိ။

၂။ လောဘမှာ အိုးကင်းပူ၌ထည့်လိုက်သော သားတစ်ကဲ့သို့ အာရုံ၌ ကပ်ငြိ၏။

[သားတစ်သည် အားပျော့၍ အိုးကင်း၌ အကျမနာနိုင်၊ ကျောက်ခဲမှာ အားကောင်းလှ၍ အိုးကင်း၌အကျနာသည်။]

တစ်နည်းလည်း။ ။ ငါတို့အရပ်မှာ လယ်ကိုဆင်ဖျက်သော အခါ အချို့သောသူတို့သည် ပွဲလျက်လုံးကို သေနတ်တွင်ထည့်၍ပစ် သည်၊ မှန်ရာအရပ်တွင် မီးလောင်၍ ပွဲလျက်ကုန်သည်တိုင်အောင် လောင် လေ၏၊ အချို့ကားခဲလုံးကိုထည့်၍ပစ်သည်၊ ပွဲလျက်လုံးနှင့် လောဘ, ခဲလုံးနှင့်ဆန္ဒတူသည်ဟူ၍ မုံရွာမြို့လယ်တီဆရာတော်ဘုရား ဖြေဆို လိုက်သည်။

ပဥ္စမပုစ္ဆာအဖြေပြီး၏။
မောင်ရောင်နီပုစ္ဆာ ၅-ချက်အဖြေပြီး၏။

--------

## မောင်ရောင်နီပုစ္ဆာ ၄-ရပ်အဖြေ
## ပဌမပုစ္ဆာအဖြေ

ဆားတုံးရွာနေ ဒကာ မောင်ရောင်နီ ဒုတိယလျှောက်ချက်ပုစ္ဆာ လေးရပ်တွင်-

၁။ "စိတ္တဇကလာပ်ခြောက်စည်းတို့သည် တစ်ပြိုင်နက်အားဖြင့် အရေအတွက်မရှိ ဖြစ်ကုန်မည်။

၂။ သို့တည်းမဟုတ် သုံးစည်း, လေးစည်းတို့သည်သာ တစ်ပြိုင် နက်အားဖြင့် အရေအတွက်မရှိ ဖြစ်ကုန်မည်။

၃။ သို့တည်းမဟုတ် တစ်စည်းတစ်စည်းသာ အရေအတွက် မရှိ ဖြစ်ကုန်မည်”။

ဟူသောပဋ္ဌမပုစ္ဆာ၌---

စိတ္တဇကလာပ်တို့သည် သဂြိုဟ်၌ဆိုတိုင်း ခြောက်စည်းသာ ရှိသည်မဟုတ်ကုန်၊ သမ္မောဟဝိနောဒနီအဋ္ဌကထာ, ဝိသုဒ္ဓိမဂ်အဋ္ဌကထာ, ပဋ္ဌိစ္စသမုပ္ပါဒနိဒ္ဒေသတို့၌ စိတ္တဇသဒ္ဒနဝက ကလာပ်ဟူ၍ လာသည်၊ ထိုကလာပ်လာသဖြင့်လည်း လဟုတာဒိတ္တယနှင့်တကွ သဒ္ဒ လဟုတာဒိဒွါဒသက ကလာပ်ကိုလည်း သိအပ်တော့သည်၊ ထို့ကြောင့် စိတ္တဇကလာပ်တို့သည် ရှစ်စည်းရှိကုန်သည်ဟု မှတ်ရမည်။

ဤကလာပ်နှစ်စည်းတို့ကိုကား အက္ခရာလည်းမပီ, အနက်လည်းမရ, အလိုဆန္ဒအဓိပ္ပါယ်နှင့်လည်းမယှဉ်သော ငိုခြင်း, ရှိုက်ခြင်း, ရယ်ခြင်း, သမ်းခြင်း, ချေခြင်း, ချောင်းဆိုးခြင်း, ကြို့ထိုးခြင်း, အော့အန်ခြင်း, တုန်ဖျား-ဖျား၍ညည်းခြင်း စသော စိတ္တဇအသံနှင့် ယှဉ်သောအရာတို့၌ ရအပ်ကုန်၏။

ဝစီဝိညတ်ပါသော စိတ္တဇကလာပ် နှစ်စည်းတို့ကိုကား အက္ခရာပီသ၍ အနက်အဓိပ္ပါယ်နှင့်ယှဉ်သော စကားသံတို့၌ ရအပ်ကုန်၏ဟု မှတ်ရမည်။

ကာယဝိညတ်နှင့် ဝစီဝိညတ်တို့သည် တစ်ခုသော ဇောဝီထိဖြင့် တစ်ပြိုင်နက် မဖြစ်ကြောင်းကို ဝိနည်းဋီကာတို့၌လာသည်၊ လဟုတာဒိတ္တယတို့သည်၊ ဓာတ်လေးပါး ညီညွတ်သော ကိုယ်အင်္ဂါတို့၌သာ ဖြစ်ကုန်သည်၊ ဓာတ်လေးပါး မညီညွတ်သော ကိုယ်အင်္ဂါတို့၌ မဖြစ်ကုန်။

သို့ဖြစ်၍---

၁။ ဝိညတ်ဒွေ သဒ္ဒရုပ်မပါသော ကလာပ်နှစ်စည်း,

၂။ ကာယဝိညတ်ပါသော ကာယဒွါရကလာပ်နှစ်စည်း,
၃။ ဝစီဝိညတ်ပါသော ဝစီဒွါရကလာပ်နှစ်စည်း,
၄။ ဝစီဝိညတ်မပါသော အဗျတ္တသဒ္ဒကလာပ်နှစ်စည်း,

ဟူ၍ စိတ္တဇကလာပ် ရှစ်စည်းရှိသည်တွင်---

ကိုယ်အင်္ဂါ, နှုတ်အင်္ဂါလှုပ်ရှားခြင်း ကင်းသောအခါ ပဌမ ကလာပ်နှစ်စည်းတို့သည်သာလျှင် အရေအတွက်မရှိ ဖြစ်ကုန်သည်၊ နောက်ကလာပ်ခြောက်စည်းတို့သည် မဖြစ်ကုန်။

ထိုပဌမကလာပ်နှစ်စည်းတို့တွင်လည်း-

၁။ တစ်ကိုယ်လုံး၌ ဓာတ် ၄-ပါး မညီညွတ်သောအခါ သုဒ္ဓဋ္ဌက ကလာပ်တစ်စည်းသည်သာလျှင် အရေအတွက်မရှိဖြစ်သည်။
၂။ တစ်ကိုယ်လုံး၌ဓာတ် ၄-ပါး ညီညွတ်သောအခါ လဟုတာဒေကာဒသကကလာပ်တစ်စည်းသည်သာ အရေအတွက်မရှိ ဖြစ်သည်။

အချို့သော ကိုယ်အင်္ဂါ၌ ဓာတ် ၄-ပါးမညီညွတ်မှု၍ အချို့သော ကိုယ်အင်္ဂါ၌ ဓာတ် ၄-ပါးညီညွတ်သောအခါ---

၁။ မညီမညွတ်သော ကိုယ်အစိတ်၌ သုဒ္ဓဋ္ဌကကလာပ်,
၂။ ညီညွတ်သောကိုယ်အစိတ်၌ လဟုတာဒေကာဒသက ကလာပ်,

ဟူ၍ပဌမကလာပ် ၂-စည်းတို့သည် တစ်ခုသော စိတ်ဖြင့် အရေအတွက်မရှိ ဖြစ်ကုန်သည်။

[ဤကား ကိုယ်အင်္ဂါ,နှုတ်အင်္ဂါ လှုပ်ရှားခြင်းကင်းသောအခါ၌ ရထိုက်သော စိတ္တဇကလာပ် ၂-စည်းတို့ဖြစ်ပုံ အထူးအပြားတည်း-တစ်ရပ်။]

ကိုယ်အင်္ဂါလှုပ်ရှားသောအခါသည်လည်း-

၁။ တစ်ကိုယ်လုံးလှုပ်ရှားသောအခါ,

၂။ တစ်စိတ်တစ်ပိုင်းတွင် လှုပ်ရှားသောအခါဟူ၍ ၂-ပါးရှိသည်။

ထိုနှစ်ပါးတို့တွင်-

တစ်ကိုယ်လုံးချီ၍ လှုပ်ရှားသောအခါ တစ်ကိုယ်လုံး၌ ကာယဝိညတ်နှင့်တကွသော ကာယဒွါရကလာပ် ၂-စည်းတို့သည်သာလျှင် အရေအတွက်မရှိ ဖြစ်ကုန်သည်။

ထိုနှစ်စည်းတို့တွင်လည်း-

၁။ ကိုယ်မခန့်ကျန်းဘဲ လှုပ်ရှားရသောအခါ ကာယဝိညတ္တိနဝကကလာပ်,

၂။ ခန့်ခန့်ကျန်းကျန်း လှုပ်ရှားရသောအခါ ကာယဝိညတ္တိလဟုတာဒိဒွါဒသက ကလာပ်,

ဤတစ်ကိုယ်လုံး ချီ၍လှုပ်ရှားရာ၌လည်း---

၁။ အလယ်ကိုယ်ထည်ကို ချီသော ဝီထိတွေလည်းတစ်ခြား,

၂။ ဦးခေါင်းအင်္ဂါကို ချီသော ဝီထိတွေလည်း တစ်ခြား,

၃။ လက်ယာမောင်းကို ချီသော ဝီထိတွေလည်း တစ်ခြား,

၄။ လက်ယာလက်ကို ချီသော ဝီထိတွေလည်း တစ်ခြား,

၅။ လက်ဝဲမောင်းကို ချီသော ဝီထိတွေလည်း တစ်ခြား,

၆။ လက်ဝဲလက်ကို ချီသော ဝီထိတွေလည်း တစ်ခြား,

၇။ လက်ယာပေါင်ကို ချီသော ဝီထိတွေလည်း တစ်ခြား,

၈။ လက်ယာခြေကို ချီသော ဝီထိတွေလည်း တစ်ခြား,

၉။ လက်ဝဲပေါင်ကို ချီသော ဝီထိတွေလည်း တစ်ခြား,

၁၀။ လက်ဝဲခြေကို ချီသော ဝီထိတွေလည်း တစ်ခြား,

တစ်စိတ်တစ်ပိုင်းတွင် လှုပ်ရှားသောအခါ---

၁။ မလှုပ်ရှားသောအပိုင်းအစိတ်၌ ပဌမကလာပ် ၂-စည်း,

၂။ လှုပ်ရှားသော အပိုင်းအစိတ်၌ ကာယဒွါရကလာပ် ၂-စည်း,

မလှုပ်ရှားသော အပိုင်းအစိတ်မှာလည်း---

၁။ ခါတ်ညီညွတ်သော အစိတ်,

၂။ ခါတ်မညီညွတ်သော အစိတ်,

လှုပ်ရှားသော အပိုင်းမှာလည်း---

၁။ ခါတ်ညီညွတ်သော အစိတ်,

၂။ ခါတ်မညီညွတ်သော အစိတ်-ဟူ၍ခွဲလေ။

[ဤကား စိတ္တဇကလာပ် ၂-စည်းသော်လည်းကောင်း ၃-စည်းသော်လည်းကောင်း, ၄-စည်းသော်လည်းကောင်း ပြိုင်ပုံ-တစ်ရပ်။]

နှုတ်အင်္ဂါလှုပ်ရှားသောအခါသည်လည်း---

၁။ စကားဖြစ်အောင်အားထုတ်၍ အက္ခရာပီသအောင် လှုပ်ရှားသောအခါ,

၂။ မပီမသသောအခါ-ဟူ၍ ၂-ပါး။

ထိုနှစ်ပါးတို့တွင် ပီသသောအခါ၌ အက္ခရာဖြစ်ရာ-ရင်, လည်ချောင်း, အာစောက်, အာခေါင်, သွား, နှုတ်ခမ်း, နှာခေါင်း-ဟူသော ဌာန် ၇-ပါးတို့၌ အက္ခရာအားလျော်စွာဖြစ်သော ဝစီဒွါရကလာပ် ၂-စည်းနှင့်တကွ တစ်ကိုယ်လုံး၌ဖြစ်သော ပဌမကလာပ် ၂-စည်း၊ နှစ်ဌာန၌ပင် ခန့်ကျန်းသည်, မခန့်ကျန်းသည် ခွဲလေဦး။

[ဤသည်လည်း စိတ္တဇကလာပ် ၂-စည်းသော်လည်းကောင်း, ၃-စည်းသော်လည်းကောင်, ၄-စည်းသော်လည်းကောင်း, ပြိုင်ပုံ-တစ်ရပ်။ အက္ခရာမပီသသော ငိုခြင်း စသည်တို့၌လည်း ၂-စည်း, ၃-စည်း, ၄-

စည်းပြိုင်ပုံကို သိနိုင်လောက်ပြီ-တစ်ရပ်။]

အက္ခရာပြီးပြင်အောင်ဖြစ်ရာ၌---

၁။ အ, က္က, ဥ-ဟူသော ရဿသရ ၃-လုံးကို လက်ဖျစ်တစ်တွက်, လျှပ်တစ်ပြက်, မျက်တောင်တစ်ခတ်စီ ရွတ်ရသည်။

၂။ က, ကိ, ကု-စသောဗျည်းနှင့် တကွသော ရဿတို့ကို လက်ဖျစ်တစ်တွက်ခွဲ-ရွတ်ရသည်။

၃။ အာ, ဤ, ဦ, ဧ, ဩ, ဪ, အို-ဟူသော မြန်မာဒီဃသရ ရှစ်လုံးကိုလက်ဖျစ် ၂-တွက်, လျှပ် ၂-ပြက်, မျက်တောင် ၂-ခတ်-ရွတ်ရသည်။

၄။ ကာ, ကီ, ကူ, ကေ, ကဲ, ကော့, ကော်, ကို-အစရှိသော ဗျည်းနှင့် တကွသောဒီဃသရတို့ကို လက်ဖျစ် ၂-တွက်ခွဲ-ရွတ်ရသည်။

ဟူသောသဒ္ဒါကျမ်း စကားများသည် အဋ္ဌကထာ, ဋီကာတို့နှင့်လည်း ညီညွတ်သည်၊ မျက်မြင်လက်တွေ့နှင့်လည်း ကိုက်သည်။

မျက်တောင်တစ်ခတ်, လျှပ်တစ်ပြက်, လက်ဖျစ်တစ်တွက်ခန့် ကာလ၌ စိတ္တက္ခဏပေါင်း ကုဋေတစ်သိန်းမက, ခဏပေါင်း ကုဋေ သုံးသိန်းမက ဖြစ်နိုင်ကြောင်းကိုလည်း အဋ္ဌကထာ, ဋီကာအရပ်ရပ်တို့၌လာသည်။

ကုဋေတစ်သိန်းကိုပင် အမှန်ပြု၍ထားဦး၊ ၎င်းစိတ္တက္ခဏပေါင်း ကုဋေတစ်သိန်းကိုတည်၍ သဒ္ဒရုပ်သက် ၁၇-ချက်နှင့် စားသည်ရှိသော် ကုဋေငါးထောင်-ရှစ်ရာ့-ရှစ်ဆဲ့-နှစ်ကုဋေ, သုံးသန်း, ငါးသိန်း, နှစ်သောင်း, ကိုးထောင်, လေးရာ, တစ်ဆဲ့တစ်-သာသာရသည်။

ထို့ကြောင့် လက်ဖျစ်တစ်တွက်ခန့်ကာလဖြင့် အ-ဟူသော အက္ခရာ တစ်လုံးပြီးပြင်အောင်ဖြစ်ရာ၌ သဒ္ဒကလာပ်အဆက်ပေါင်း ကုဋေ

ငါး ထောင့်-ရှစ်ရာ-ရှစ်ဆယ့်နှစ်ကုဋေ, သုံးသန်း, ငါးသိန်း, နှစ်သောင်း, ကိုးထောင့်, လေးရာ, တစ်ဆဲ့တစ်ခန့်-ဖြစ်မှ အက္ခရာတစ်လုံး ပီပြင်သည်ဟု မှတ်အပ်၏။

[ဗျည်းနှင့်တကွသော က-ဟူသောရဿကို ရွတ်ရာ၌ ထိုအ-ကိုရွတ်သည်ထက် တစ်ဆခွဲတိုးလေ၊ အာ-ဟူသောဒီဃကို ရွတ်ရာ၌ ထို့ထက် ၂-ဆ၊ ဗျည်းနှင့် တကွသော ကာ-ဟူသောဒီဃကို ရွတ်ရာ၌ ထို့ထက် ၂-ဆခွဲတိုးလေ။]

ထိုမျှလောက်သော ကာလအတွင်း၌ သဒ္ဒကလာပ်ချင်း ဆက်မိအောင်ဆက်၍ တစ်လုံးသောအက္ခရာကို ရွတ်ရာ၌ မနောဒွါရ ဇောဝီထိပေါင်း ဘယ်မျှလောက်များမည်၊ တစ်ခုတစ်ခုသော မနောဒွါရ အကြားအကြား ခဏ၌ ဘဝင်ဘယ်လောက်များမည်၊ ပဉ္စဒွါရဝီထိ များလည်း ဘယ်ရွေ့ဘယ်မျှကြားချပ်မည်၊ ထိုဘဝင်တွေ ပဉ္စဒွါရဝီထိတွေကျ၍ နေစဉ်အခါ၌ သဒ္ဒကလာပ် အစဉ်ပြတ်ခြင်းရှိဦးမည်၊ မရှိမည်များကို ကြံပါလေ။

ကြံပုံကား။ ။ အ-အက္ခရာကို ရွတ်ခြင်းအမှု၌ ရှေးရှုအားထုတ်ခြင်းဗျာပါရနှင့်တကွ ဖြစ်ကြကုန်သော မနောဒွါရဝီထိတို့၏ အကြားအကြားဘဝင်တွေ, ပဉ္စဒွါရဝီထိတွေကျ၍ နေစဉ်အခါမှာလည်း သဒ္ဒကလာပ်မပြတ်ပြီ။

ရှေးရှေးမနောဒွါရ ဇောကြောင့်ဖြစ်သော ဝစီဝိညတ်နှင့်တကွသော စိတ္တဇကလာပ်တို့မှ ဆက်လက်၍ စိတ္တပစ္စယ ဥတုဇသဒ္ဒကလာပ်တို့သည် အမျှင်မပြတ်မူ၍ အဆက်ပေါင်း အရာအထောင်မကပင်ဖြစ်သင့်ကုန်သည်။

ထိုစိတ္တပစ္စယ ဥတုဇသဒ္ဒကလာပ်တို့မည်သည် မူလဖြစ်သော စိတ္တဇသဒ္ဒကလာပ်ရင်းတို့နှင့် အသံသုတိအဆင်တူသာ ဖြစ်ကုန်မြဲ၊ အဆင်ကွဲမဖြစ်နိုင်ကုန်။

ထို့ကြောင့် ဘဝင်တွေကျစဉ်, ပဉ္စဒွါရဝီထိတွေကျစဉ် အခါတို့၌ ထိုဥတုဇသဒ္ဒကလာပ်တို့သည် အမျှင်မပြတ်မူ၍ပင် ဖြစ်ကုန်၏ဟုမှတ်။

ဝစီဝိညတ်ကိုဖွင့်ကြသော အဋ္ဌကထာ, ဋီကာ, အက္ခရာဖြစ်ပုံကို ပြကြသော သဒ္ဒါကျမ်းဂန်တို့၌ကား တစ်ဝီထိတည်းနှင့်ပင် အက္ခရာ တစ်လုံး ပြည့်စုံစွာဖြစ်သကဲ့သို့ ဆိုကြကုန်၏၊ ကြံလေ။

[ဤကား အက္ခရာတစ်လုံးကို ရွတ်ဆိုရာ၌ ဝစီဒွါရကလာပ်တွေ အကုဋ္ဌေမက ဆက်နွယ်ဖြစ်ပွါးပုံတည်း။]

အမေ, အဖေ-စသောအက္ခရာ ၂-လုံးရှိသောပုဒ်ကိုရွတ်ဆိုရာ-စသည်တို့၌လည်း ဝီထိများပုံကိုသိလေ၊ ရွတ်ဆိုသော ဝဒန္တပုဂ္ဂိုလ်သည် အက္ခရာတစ်လုံးကို လက်ဖျစ်တတွက်ကာလ အကုဋ္ဌေမကသော မနောဒွါရဇောတို့ဖြင့် ရွတ်ဆိုမှ ပြည့်စုံပြီးစီးသည်ကို ထောက်၍ ကြားနာသော သုဏန္တပုဂ္ဂိုလ်မှာလည်း အက္ခရာတစ်လုံးကို ပီပီသသ ကြားရသိရသော အခါ ဝီထိပေါင်းဘယ်လောက်များလိမ့်မည်ဟု နှိုင်းယှဉ်၍ကြံလေ။

ပစ္စည်းပိုင်းအဆုံးတွင်လာသော သင်္ဂြိုဟ်-ဋီကာကျော် စသည်တို့၌ကား လက်ဖျစ် ၂- တွက်ခွဲကာလရွတ်အပ်သော ဂေါ-သဒ္ဒါကိုကြား၍ နွားဟုသောအနက်ကိုသိရာ၌-

၁။ ရှေးဦးစွာပစ္စုပ္ပန်ဖြစ်သော ပရမတ်သဒ္ဒါကိုအာရုံပြု၍ သောတဒွါရဝီထိ,

၂။ ထိုနောက် ချုပ်ပြီးသော အတိတ်ပရမတ်သဒ္ဒါကို အာရုံပြု၍ တဒနုဝတ္တကမနောဒွါရဝီထိ,

၃။ ထိုနောက် နာမပညတ်ခေါ်သော ပညတ်သဒ္ဒါကို အာရုံပြု၍ မနောဒွါရဝီထိ,

၄။ ထိုနောက် နွားဒြပ်ဟူသော အနက်ကိုအာရုံပြု၍ မနောဒွါရဝီထိ,

ဤသို့လျှင် ၄-ဝီထိနှင့် အနက်ကို သိနိုင်သကဲ့သို့ ဆို၏၊ ယင်းကိုပင် ပြောရိုးဆိုရိုးပြုကြကုန်၏။

[လက်ဖျစ် ၂-တွက်ခဲ့ကာလ ရွတ်ဆိုရသော ဂေါသဒ္ဒါကို ၄-ဝီထိနှင့်ကြားခြင်း အနက်ကို သိခြင်းဖြစ်၏ ဟူသည်ကိုကြံလေ-တစ်ရပ်။]

ဝစီဒွါရကလာပ်အရာ၌ လက်ဖျစ်တစ်တွက်ခန့်ကာလ၌ပင် အကုဋေမကအောင် ရုပ်ကလာပ် အဆက်အလက်များပုံကို ထောက်၍ ကာယဒွါရကလာပ်အရာ၌လည်း လက်ဖျစ်တစ်တွက်, လျှပ်တစ်ပြက်, မျက်တောင်တစ်ခတ်ခန့် ကာလအတွင်း၌ ရုပ်ကလာပ်အဆက်များပုံကိုလည်းသိနိုင်ရာသည်။

## အကျဉ်းမှုဆိုအံ့

လက်ဖျစ်တစ်တွက်ခန့်ကာလ၌ စိတ်ပေါင်းကုဋေတစ်သိန်း, ရုပ်အဆက်ပေါင်း ကုဋေငါးထောင့်ရှစ်ရာ့ရှစ်ဆယ့်နှစ်ကုဋေ, သုံးသန်း, ငါးသိန်း, နှစ်သောင်း, ကိုးထောင့်, လေးရာ့, တစ်ဆယ့်တစ်ဆက်- ဆက်နိုင်သည်ကို သိလင့်ဦး။

ကမ္မဇကလာပ်, စိတ္တဇကလာပ်, အာဟာရဇကလာပ်တို့ မည်သည် အဖျတ္တရုပ်သန္တာန်မှတစ်ဆံဖျားခန့်မျှ အပ၌ဖြစ်ခြင်းမရှိသည်ကို သိလင့်ဦး။

ဝိသုဒ္ဓိမဂ်မဟာဋီကာ ဓာတုဝဝတ္ထာန်ကမ္မဋ္ဌာန်းအဖွင့်၌ ရုပ်ကလာပ်တစ်ခု၏ ပမာဏသည်၊ ပရမာနုမြူတစ်လုံးခန့်ရှိ၏ ဟူသည်ကိုလည်း

သိလင့်ဦး။

ပရမာနုမြူ ၃၆-လုံးသည် အနုမြူတစ်လုံး,
အနုမြူ ၃၆-လုံးသည် တဇ္ဇာရီမြူတစ်လုံး,
တဇ္ဇာရီမြူ ၃၆-လုံးသည် ရထရေနုမြူတစ်လုံး,
ရထရေနုမြူ ၃၆-လုံးသည် ကညစ်ချေးတစ်ခု,
ကညစ်ချေးခုနှစ်ခုသည် သန်းတစ်ခု,
သန်းခုနစ်ခုသည် မုယောစပါးတစ်ခု,
မုယောစပါးခုနစ်ခုသည် လက်တသစ်,
၁၂-သစ်သည် တစ်ထွာ,
၂-ထွာသည် တစ်တောင်,
ခုနစ်တောင်သည် တစ်တာ,
တာ ၂၀-သည် တစ်ဥသဘ,
ဥသဘ ရှစ်ဆယ်သည် တစ်ဂါဝုတ်,
၄- ဂါဝုတ်လျှင် တစ်ယူဇနာ,
ဟူသော ခရီးအခွန့်ပမာဏကိုလည်း သိလင့်ဦး။

လှုပ်ရှားသွားလာရာ၌ သတ္တမဇောနောင်ဖြစ်သော ကလာပ်စုသည်သာလျှင် နေရာရွှေ့သည်ဟု မှတ်လင့်ဦး။

ကိုယ်အင်္ဂါကို ချိုကွေ့လှုပ်ရှားသွားလာ ပြောင်းရွှေ့သော အခါ၌ မနောဒွါရဝီထိကြောင့်ဖြစ်သော ကာယဒွါရကလာပ်တို့သည် နေမြဲတိုင်း နေရာမှ ပရမာမြူတစ်လုံးစာဖြစ်သော ကလာပ်တစ်ခု ပမာဏသာ ရွှေ့သည်၊ ထို့ထက်လွန်၍ မရွှေ့နိုင်၊ အကယ်၍ လွန်၍ရွှေ့သည်ဖြစ်အံ့၊ ရှေးဦးတည်ဖြစ်သော စိတ္တဇကလာပ်စုသည် အဇ္ဈတ္တသန္တာန်မှလွတ်၍ ဖြစ်ရာ၏၊ ထိုသို့လည်း မဖြစ်ကောင်း၊ စိတ္တဇကလာပ်ရွှေ့၍ ဖြစ်သည် ရှိသော် ကိုယ်အင်္ဂါအလုံး၌ အလုံးစုံသော ကမ္မဇကလာပ်, ဥတုဇကလာပ်,

အာဟာရဇကလာပ်-တို့သည်လည်း ထိုစိတ္တဇကလာပ် ရွေ့ရာသို့ ရွေ့၍ ဖြစ်ကြကုန်၏၊ စတုဇကလာပ်ဟောင်းတို့မှာမူကား ရှေးရှေးနေရာ၌သာ ချုပ်ကြကုန်၏။

ကိုယ်အင်္ဂါချိုးကွေးလှုပ်ရှားသွားလာပြောင်း၍ခြင်းဗျာပါရနှင့် တကွ ဖြစ်သော မနောဒွါရတို့၏အကြားအကြား၌ တစ်ခြားကိုအာရုံပြုသော မနောဒွါရတွေ, ဘဝင်တွေ, ပဥ္စဒွါရ ဝီထိတွေကျ၍ နေစဉ်အခါ၌လည်း ထိုဗျာပါရနှင့် တကွဖြစ်သော မနောဒွါရဇောတို့ကြောင့်ဖြစ်သော ကာယ ဝိညတ်နှင့် တကွဖြစ်သော စိတ္တဇကလာပ်တို့မှ ဆက်လက်၍ စိတ္တပစ္စယ ဥတုဇကလာပ်တို့သည် သွားခြင်း ရွေ့ရှားခြင်းအလျဉ်မပြတ်မူ၍ အရာအ ထောင်မကပင် ဖြစ်ကြကုန်သောကြောင့် တစ်ကလာပ်စာ, တစ်ကလာပ် စာစီ တိုး၍တိုး၍ အဆင့်ဆင့်ရွေ့ကြကုန်၏။

ထိုသို့ရွေ့ပါများသဖြင့်-

၁။ ကလာပ်ဆက်ပေါင်းကုဋေ ငါးဆယ့်ခုနစ်ကုဋေ, ခြောက်သန်း, တစ်သိန်း, ရှစ်ထောင့်, နှစ်ရာ့, ရှစ်ဆယ့်ရှစ်ဆက်-ရှိသောအခါ လက်တစ် သစ်ရွေ့၏။

၂။ ထိုလက်တစ်သစ်ကလာပ်ပေါင်းကို ရှစ်ခုနှင့်မြှောက်၍ ကလာပ် ဆက်ပေါင်း ကုဋေလေးရာ့ခြောက်ဆယ်, ရှစ်သန်း, ရှစ်သိန်း, ခြောက် သောင်း, ခြောက်ထောင့်, သုံးရာ့, လေး-ဆက်ရှိသောအခါ တစ်မိုက် ရွေ့၏။

၃။ လက်သစ်ကလာပ်ပေါင်းကို ၁၂- ခုနှင့်မြှောက်၍ ကလာပ် ဆက်ပေါင်း ကုဋေခြောက်ရာ့ကိုးဆယ့် တစ်ကုဋေ, သုံးသန်း, နှစ်သိန်း, ကိုးသောင်း, ကိုးထောင့်, လေးရာ့, ငါးဆယ့်ခြောက်- ဆက်ရှိသောအခါ တစ်ထွာရွေ့၏။

ကလာပ်ဆက်ပေါင်းဟုဆိုခဲ့သော စကားရပ်တို့၌ ရှေးရှေးကလာပ် ချုပ်မှုဖြစ်သော နောက်နောက်သော ကလာပ်စုကိုသာ တစ်ဆက်ယူပါ။

ဝစီဒွါရကလာပ်၌ ဆိုအပ်ပြီးသော နည်းအားဖြင့် မျက်တောင် တစ်ခတ်ခန့်ကာလ၌ ဖြစ်ထိုက်သော ကလာပ်ပေါင်း ကုဋေငါးထောင် ကျော်ကို အစွန့်ခရီးအားဖြင့် ဖြန့်လိုက်သည်ရှိသော် သုံးတောင်ထွာခန့် ရောက်၏။

ထိုသို့ဖြစ်သည်ရှိသော် မျက်တောင်တစ်ခတ်ခန့်ကာလဖြင့် သုံးတောင့်ထွာခန့် ခရီးရောက်အောင်သွားနိုင် ရွေ့နိုင်မည်လောဟု-

မစောဒနာသင့်၊ ဆိုခဲ့ပြီးသော အပိုင်းအခြားတို့ကို ကလာပ်ဖြစ် စဉ်အားဖြင့် ရသင့်ရောက်သင့်သော အရာကိုရည်၍သာဆိုပေသည်။

၁။ ဥဿာဟမပြုသောသူ,

၂။ ဥဿာဟကိုပင် ပြုသော်လည်း ကိုယ်အင်္ဂါ၌ ပထဝီညံ့၍ ဝါယော ပျော့သောသူ,

၃။ မကျန်းမာ၍ ဓာတ်လေးပါးမညီညွတ်သောသူ,

၄။ ဝန်လေးသောသူ,

၅။ ခြေလက်စသည် ရှည်ရှည်လျားလျားမပြည့်စုံသောသူ,

၆။ အလွန်ငယ်သော-သတ္တဝါစသည်တို့၌ကား သွားခြင်းအမှုကို ရှေးရှုအားထုတ်သောစိတ်ကြောင့် ဖြစ်သော စိတ္တဇဝါယောသည် အဟုန် ပျော့သည်ဖြစ်၍ မိမိမှုဖြစ်သော ဥတုဇကလာပ်တို့ကို အဆက်များစွာ အဟုန်နှင့်တကွ ပြေးအောင်မတတ်နိုင်၊ ထိုဥတုဇကလာပ်တို့သည် အ တန်ငယ်သာ ဆက်လက်၍ ကျကုန်၏။

ပျော့လှစွာသော လေးကိုင်း၌တပ်သော လေးညို့၏ အဟုန်သည် ပျော့လှသည်ဖြစ်၍ မြားသည် ပျော့ပျော့သွား၍ အဝေးကိုမသွား၊ အပါး

အနီး၌ ကျလေသကဲ့သို့မှတ်။

[ဤသို့ဝါယောအလွန်ပျော့ရာ၌ ရှေ့သို့မတိုးမရွေ့သော ကလာပ်တို့သာလျှင် အလွန်များကုန်၏၊ တိုးသောရွေ့သော ကလာပ်နည်း၏၊ ဇာတ်အဋ္ဌကထာ၌ တစ်နေ့လုံးသွားမှလက်တသစ်လက်နှစ်သစ်သာ ရွေ့သည်ဟူသော သတ္တဝါကဲ့သို့ ဖြစ်၏။]

၁။ လွန်စွာလည်း အားထုတ်သည်။

၂။ တစ်ပါးဝန်လည်းမရှိ။

၃။ အင်္ဂါလည်း ပြည့်စုံသည်။

၄။ မာလည်းမာကျန်းသည်။

၅။ စိတ်စွမ်းလည်းထက်သည်။

၆။ ပထဝီလည်းအားကောင်း၍ ဝါယောလည်းအလွန်သန်သည်။

ဤကဲ့သို့သောသူဖြစ်ပေမူကား စိတ္တဇဝါယောသည် အလွန်အဟုန်အားသန်၏၊ ထိုမှဆက်၍ သွားသော ဥတုဇဝါယောတို့သည်လည်း အဟုန်ပြင်းထန်ကုန်၏၊ အဆက်အလက်မဆုံးနိုင်အောင် သွားကုန်၏။

[အလောင်းတော် သိဒ္ဓတ်မင်းသား၏ လေး၌ လေးကိုင်းသည် အလွန်သန်၏၊ ညို့ဟုန်သည် အလွန်ပြင်းထန်၏၊ မြားသည် တစ်ယူဇနာတိုင်အောင်သွား၏၊ ဤအတူမှတ်]

ဤသို့အတုမရှိသော အဟုန်နှင့် ယှဉ်ရာ၌ကား မတိုးမရွေ့သော ကလာပ်ပင်မရှိ၊ အသစ်အသစ်သောကလာပ်တို့ တိုးရုံ ရွေ့ရုံတွင်မျှ မက အဟောင်းဖြစ်သော ရှေးရှေးသော ကလာပ်တို့လည်း ဥပါဒ်ရာ အရပ်၌ မချုပ်ကုန်မူ၍ ရှေးရှုရာအရပ်တစ်ပါးသို့ ပြောင်းရွှေ့ပြီးမှ ချုပ်နိုင်ကုန်၏။

ရုပ်တို့သည် ဖြစ်ရာအရပ်မှ တစ်ဆံဖျားခန့် ပြောင်းရွှေ့၍ ချုပ်ခြင်း မရှိကုန်ဟူသော ကျမ်းဂန်စကားများကို ပကတိအခါကို ရည်၍ ဆိုသည်။ အဘိညာဉ်ဖြင့် အလျင်အမြန်သွားရာ၌ အရပ်တစ်ပါးသို့ ရောက်မှ ချုပ်ကြောင်းကို အဆိုရှိသည်ပင်။

[နေမင်းကို လိုက်သော ဇဝနဟင်္သာမင်းတို့၏ သွားခြင်း, စကြာမင်းတို့၏ လေးကျွန်းကိုလှည့်လည်၍ နံနက်စာစားမီပြန်နိုင်သော ဆင်ရတနာ, သိန္ဓောမြင်းရတနာတို့၏ သွားခြင်းကဲ့သို့မှတ်။]

တန်ခိုးအဘိညာဉ်ရသော ရသေ့, ရဟန်း, နတ်, ဗြဟ္မာတို့၏ လျင်မြန်စွာ သွားခြင်းများ၌ကား ဥပါဒ်သောရုပ်တို့သည် သတ္တရသာယုက မစေ့ကုန်မီ တစ်ယူဇနာလည်း ရောက်နိုင်၏၊ နှစ်ယူဇနာ, ဆယ်ယူဇနာ, ယူဇနာတစ်ရာ, တစ်ထောင်, တစ်သောင်း, တစ်သိန်းလည်းရောက်နိုင်၏၊ ထို့ထက် အလွန်လည်း ရောက်နိုင်၏။

ဤသို့ရောက်ရာ၌ စိတ္တဇဝါယောလွန်သော ရုပ်ကလာပ်တို့သည် ရုပ်ဟောင်းတို့ကိုပါအောင် ဆောင်ကြဉ်း၍သွားကုန်၏၊ ရောက်ရာမှ သတ္တာရသာယုကစေ့၍ ချုပ်ရကုန်၏၊ ဤကားအလွန်တည်း။

[ဤအလွန်နှင့် ယခင်ဆိုခဲ့သော တစ်နေ့လုံးမှလက်တစ်သစ်သာ သွားသည်ဟူသော အယုတ်ညံ့ဆုံးကို အစွန်းနှစ်ခုထား၍ အလယ်၌ အနှေးအဆင့်အဆင့် အမြန်အဆင့်အဆင့်တို့ကို ဝေဖန်၍ကြည့်လေ-တစ်ရပ်။]

## မေးမြန်းဖွယ်

မေး။ ။ ဝိညတ်ဒွေသည် ပြိုင်၍မဖြစ်ကောင်းဟူရာ၌-

အဘယ့်ကြောင့် မဖြစ်ကောင်းဘဲရှိပါအံ့နည်း၊ သွားရင်း, လာရင်း, လုပ်ရင်း, ကိုင်ရင်း စကားပြောဆိုကြသည် မဟုတ်လော၊ စကားပြောစဉ်

လည်း မေးလှုပ်ရသည်၊ လျှာ, နှုတ်ခမ်း လှုပ်ရသည် မဟုတ်လော-ဟူမူ။

ဖြေ။ ။ဟုတ်ပါ၏၊ ဟုတ်သော်လည်း ဇောဝီထိမှာမူကား တစ်ခြားစီသာ ယူရမည်၊ စိတ်သည်မျက်တောင်တစ်ခတ်၌ ကုဋေတစ် သိန်းကျော်ဖြစ်နိုင်သည်ဟူသော သဘောနှင့် ချင့်ချိန်၍ကြည့်။

တစ်နည်းမှာ-

မေး။ ။ ဖြစ်သင့်သောအချက်၌ ဝိညတ်ဒွေတို့သည် တစ်ခုသောစိတ်ကြောင့်ပင် ပြိုင်၍ဖြစ်ပါကုန်သေး၏ဟူသော် အဘယ်အပြစ် ရှိမည်နည်း။

ဖြေ။ ။ ဖြစ်သင့်သောအချက်ဟူသည်ကား တစ်ခုတည်းသောအလိုဆန္ဒ ကိစ္စအမှုကို ကိုယ်အင်္ဂါ, နှုတ်အင်္ဂါ နှစ်ပါးနှင့် တစ်ပြိုင်နက်ပြုလိုပြလိုသော အခါတည်း၊ အမှုကိုတွေ့အောင်ရှာလေ။

[အလိုအမှုကွဲရာမပြိုင်နိုင်-တစ်ရပ်။]

ပဌမပုစ္ဆာအဖြေပြီး၏။

----------

## ဒုတိယပုစ္ဆာအဖြေ

ဒုတိယပုစ္ဆာအဖြေ၌-

၁။ “ ဝိဘူတံ” ကိုလည်း “ထင်သော” ဟု အနက်ပေးသည်။

၂။ “အာပါတံ” ကိုလည်း“ထင်ခြင်းသို့”ဟု အနက်ပေးသည်။

### အထူးကား

၁။ ဝိဘူတသဒ္ဒါ၏ အနက်ဖြစ်သော“ထင်”ဆိုသည်မှာ အညစ်အကြေးစင်သော ကောင်းကင်၌ တက်ထွန်းသော နေဝန်း, လဝန်းများကဲ့သို့ ပြက်ပြက်ကွက်ကွက် ထင်ရှားသော အာရုံဆိုလိုသည်၊ ထိုသို့

မထင်ရှားဘဲ မှိန်လှုမှုန်လှုသောအာရုံကို အဝိဘူတဆိုသည်။

၂။ အာပါတသဒ္ဒါ၏ အနက်ဖြစ်သော"ထင်ခြင်း"ဆိုသည်မှာ အာရုံဖြစ်သောဓာတ်၏ ဒွါရဖြစ်သောဓာတ်၌ ခိုက်တိုက်ထိပါးခြင်း ကိုဆိုသည်၊ ပသာဒငါးပါး, ဘဝင်ဟူသော အကြည်ဓာတ်-ခြောက်ပါး၌ ရူပါရုံစသော အာရုံဓာတ်ရိပ် ဟပ်သည်ကို"အာပါတ-ထင်ခြင်း"ဆိုသည်၊ ထင်ရှားသည်ကို ဆိုသည်မဟုတ်။

ထို့ကြောင့် ဝိဘူတ-ဟူသော ထင်ရှားသော အာရုံပင်ဖြစ်စေ, အဝိဘူတ-ဟူသော မထင်မရှားမှုန်လှုသော အာရုံပင်ဖြစ်စေ, အကြည်ဓာတ် ခြောက်ပါး၌ အာပါတ-ခေါ်သောဟပ်ခြင်းသို့ရောက်မှ ဝီထိကျနိုင်သည်၊ သိလောက်ပြီ။

[ဒုတိယပုစ္ဆာအဖြေပြီး၏။]

--------✳--------

## တတိယပုစ္ဆာအဖြေ

တတိယပုစ္ဆာ၌ "ကာမဘုံ၌ပဋိသန္ဓေနေလတ္တံ့သော ကာမပုဂ္ဂိုလ်၏ မရဏာသန္နဇောသည် ပညတ်ကိုအာရုံပြုနိုင်မည်, မပြုနိုင်မည်" ဟူရာ၌-မရဏာသန္နဇောဟူသောအာရုံကို နောက်အနန္တရဘဝ၌ ပဋိသန္ဓေစိတ်သည် ပရမတ္ထအစစ်ဖြစ်သော ကာမအာရုံကိုသာ အာရုံပြုနိုင်သောကာမ ဝိပါက်စိတ်ဖြစ်ပေရကား ထိုပဋိသန္ဓေကာမ ဝိပါက်စိတ်နှင့်သင့်မြတ်လေအောင် မရဏာသန္နဇောသည်လည်း ပညတ်ကို အာရုံမပြု၊ ကာမပရမတ်ကိုသာ အာရုံပြုရမည်ဟု ပြောရိုး, ဆိုရိုးရှိသည်။

## ကြဲဖွယ်အထူးကား

စက္ခုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ၊
ကုသလေ နိရုဒ္ဓေ ဝိပါကော တဒါရမ္မဏတာ ဥပ္ပဇ္ဇတိ။

ဟူသော ပဌာန်းပါဠိတော်၌ ဝိပဿနာဇောနောင် တဒါရုံကျသည်ကို ဟောတော်မူသည်။

ဝိပဿနာဇောဟူသည်။ ။ အနိစ္စတော, ဒုက္ခတော, အနတ္တတော- လက္ခဏာပညတ်ကို အာရုံပြုသည်၊ ထိုသို့ လက္ခဏာပညတ်ကို အာရုံပြုငြားသော်လည်း ထိုလက္ခဏာပညတ်သည် ပရမတ်ဖြစ်သော ခန္ဓာကိုပင် လွှတ်၍ အသီးအခြားယူအပ်သော ပညတ်မဟုတ်၊ ပရမတ်ဖြစ်သောခန္ဓာတို့၌သာ ထိုခန္ဓာတို့နှင့် မကွဲမပြားပြု၍ ယူအပ်သည်။

ထို့ကြောင့် လက္ခဏာပညတ်ကို အာရုံပြုသော ဝိပဿနာဇောသည် ခန္ဓာကိုလည်း အာရုံပြုရလျက်ပင် ဖြစ်သည်၊ ထိုဇောနောင်ကျသော တဒါရုံကာမဝိပါက်မှာမူကား ထိုဇောပြုသော ခန္ဓာလက္ခဏာပညတ်နှစ်ပါးတွင် လက္ခဏာပညတ်ကို လွှတ်၍ ခန္ဓာသက်သက်ကိုသာ အာရုံပြုသည်။

ကာမဝိပါက်ဖြစ်၍ လက္ခဏာပညတ်ကိုပင်သော်လည်း အာရုံမပြုနိုင်၊ ထိုသို့ဖြစ်သော်လည်း ဇောနှင့်တဒါရုံသည် အာရုံကွဲကြသည် မဆိုသာ၊ ဇောပြုသမျှကို အကုန်မပြုနိုင်ရုံမျှသာရှိသည်၊ အခြားတစ်ပါးသော အာရုံကိုယူတော့သည်မဟုတ်။

ဤကဲ့သို့ပင် ကာမာဝစရဇောသည် ပရမတ္ထဓမ္မနှင့် မကွဲမပြားသကဲ့သို့ဖြစ်သော မိန်းမ-ယောက်ျား-ကျွဲ-နွား-ဆင်-မြင်း-ဟူသော ပညတ်အဝတ်ပုဆိုး-ရွှေအိုး-ကျောက်သံ-စသော ပညတ်, ခြေ-လက်-ဦးခေါင်း-မျက်စိ-မျက်နှာ-နား-နှာခေါင်း-စသောပညတ်, သား-သမီး-မယား-လင်-

စသော ပညတ်များကို အာရုံပြုရာ၌ ရူပါရုံစသော ပရမတ္ထဓမ္မတို့နှင့်တကွ ဖက်စပ်၍သာ အာရုံပြုရသည်၊ ပရမတ္ထကိုလွှတ်၍ ပညတ်သက်သက်ကို အာရုံပြုသည်မဟုတ်။

ထိုဇောတို့နောင်ကျသော တဒါရုံမှာမူကား ထိုဇောပြုသော ဥပါဒါပညတ် ပရမတ္ထအာရုံတို့တွင် ဥပါဒါပညတ်ကိုလွှတ်၍ အဆင်းအရောင်စသော ပရမတ္ထသက်သက်ကိုသာ အာရုံပြုသည်၊ မိမိတို့သည် ကာမဝိပါက်ဖြစ်၍ ဥပါဒါပညတ်ကို အာရုံမပြုနိုင်၊ ထိုသို့ ဖြစ်သော်လည်း ဇောနှင့်တဒါရုံ အာရုံကွဲကြသည် မဆိုသာ၊ ဇောပြုသမျှကို အကုန်မပြုနိုင် ရုံမျှသာရှိသည်၊ တစ်ခြားတစ်ပါးကို ပြုတော့သည်မဟုတ်။

ထို့ကြောင့်မရဏာသန္နအခါ-

နိမိတ္တဿာဒဂဓိတံဝါ ဘိက္ခဝေ ဝိညာဏံ တိဋ္ဌမာနံ တိဋ္ဌတိ အနုဗျဉ္ဇနဿာဒဂဓိတံဝါ၊ တသ္မိံ စေ သမယေ ဘိက္ခဝေ သတ္တော ကာလင်္ကရေယျ၊ ဌာနမေတံ ဝိဇ္ဇတိ, ယံ ဒွိန္နံ ဂတီနံ အညတရံ ဂတိံ ဥပပဇ္ဇေယျ နိရယံဝါ တိရစ္ဆာနယောနိံဝါ။

ဟူသော ဒေသနာတော်မြတ်ဖြင့် သား, မယားစသည်တို့၏ တင့်တယ်သည်ဟု သာယာကြသောကိုယ်အင်္ဂါကြီးငယ်ဟူသော နိမိတ္တပညတ်, ဖွံ့ဖွံ့နွဲ့နွဲ့ ကနွဲ့ကရပြောဆို ပြုံးရယ်ခြင်းစသော အနုဗျဉ္ဇနပညတ် များကို အာရုံပြု၍ စုတိကျခဲ့သည်ရှိသော် သေသည်၏ အခြားမဲ့ဘဝ၌ တိရစ္ဆာန်သော်လည်းဖြစ်ရမည်၊ ငရဲ၌သော်လည်း ဖြစ်ရမည်ဟု ဟောတော်မူသောကြောင့် မရဏာသန္နဇောသည် ထိုကဲ့သို့ ပညတ်များကိုလည်း အာရုံပြုပါသေး၏။ပြုသော်လည်း အဆင်းအရောင် အသံပလံ-စသော ပရမတ္ထဓမ္မကိုလွှတ်၍ပြုသည်မဟုတ်၊ ပရမတ္ထနှင့်မကွဲမပြားသည်ကို အာရုံပြုသည်၊ ထိုမရဏာသန္နဇောနောင်ကျသော တဒါရုံ, နောက်ဘဝ၌ဖြစ်သော

ကာမပဋိသန္ဓေတို့မှာမူကား ပညတ်ကိုလွှတ်၍ ပရမတ်အာရုံကိုသာ ယူကြကုန်သည်၊ ထိုသို့ယူသော်လည်း ထိုတဒါရုံ, ထိုပဋိသန္ဓေဝိပါက်တို့သည် မရဏာသန္နဇောနှင့် အာရုံကွဲသည် မဆိုသာ၊ ငါတို့သဘောကျအယူ။

[ပကတိအခါ မိန်းမ, ယောက်ျား, ကျွဲ, နွား, ဆင်, မြင်း, လက်, ခြေ, သဏ္ဌာန်စသော သဝိညာဏက-အဝိညာဏကသမူဟပညတ်, သဏ္ဌာနပညတ်, သန္တာနပညတ် ဒြပ်ဝတ္ထုတို့ကို အာရုံပြု၍ သာယာခြင်း, ပြစ်မှားခြင်း စသည်ဖြစ်၍ နေကြရာ၌လည်း ဤနည်းအတိုင်းပင်မှတ်လေ။]

ဤကဲ့သို့သော အရာတို့၌ ပရမတ္ထဓမ္မကို အာရုံပြုသည်ဟူငြားသော်လည်း မိမိအာရုံပြုသော ပရမတ္ထဓမ္မ၏ နက်နဲသိမ်မွေ့သော သဘော လက္ခဏာရင်းကို ထိအောင်ပြုနိုင်သည်မဟုတ်၊ အလွန်တိမ်လှစွာသော ဣဋ္ဌ, အနိဋ္ဌ, သုဘ, အသုဘ အခြင်းအရာမျှကိုသာ ယူ၍ပြုလေသည်၊ ထို့ကြောင့် ပရမတ္ထဓမ္မကို အာရုံပြုသော်လည်း ပရမတ္ထဓမ္မကို သိသည် မဟုတ်။

တတိယပုစ္ဆာအဖြေပြီး၏။

------------

## စတုတ္ထပုစ္ဆာအဖြေ

စတုတ္ထပုစ္ဆာ၌ ယုံမှားခြင်းတစ်ဆဲ့ခြောက်ပါးဟူသည်ကား-

၁။ "အဟောသိံ နုခေါ အဟံအတီတမဒ္ဓါနံ"
ငါသည် အတိတ်အခွန့်၌ ဖြစ်ဖူးလေပြီလော့။

၂။ "န နုခေါအဟောသိံ အဟံ အတီတမဒ္ဓါနံ"
ငါသည် အတိတ်အခွန့်၌ မဖြစ်ဖူးလေသလော့

၃။ “ကိံ နုခေါ အဟောသိံ အဟံ အတီတမဒ္ဓါနံ”
ငါသည် အတိတ်အခွန့်၌ အဘယ်သို့ ဖြစ်ဖူးလေသနည်း၊
၄။ “ကထံ နုခေါ အဟောသိံ အဟံ အတီတမဒ္ဓါနံ“
ငါသည် အတိတ်အခွန့်၌ အဘယ်သို့သော အခြင်းအရာ အားဖြင့် ဖြစ်ဖူးလေသနည်း၊
၅။ “ကိံ ဟုတွာ ကိံ အဟောသိံ နုခေါ အဟံ အတီတမဒ္ဓါနံ”
ငါသည် အတိတ်အခွန့်၌ အဘယ်သို့ ဖြစ်ပြီးမှ အဘယ်သို့ ဖြစ်ရသနည်း

(အတိတ် အခွန့်၌ ငါးပါး)

၁။ “ဘဝိဿာမိ နုခေါ အဟံ အနာဂတမဒ္ဓါနံ”
ငါသည် အနာဂတ်အခွန့်၌ ဖြစ်ရလတ့်လော၊
၂။ “န နုခေါ ဘဝိဿာမိ အဟံ အနာဂတမဒ္ဓါနံ”
ငါသည် အနာဂတ်အခွန့်၌ မဖြစ်တော့လတ့်လော။
၃။ “ကိံ နုခေါ ဘဝိဿာမိ အဟံ အနာဂတမဒ္ဓါနံ”
ငါသည် အနာဂတ်အခွန့်၌ အဘယ်သို့ဖြစ်လတ္တံ့နည်း။
၄။ “ကထံ နုခေါ ဘဝိဿာမိ အဟံ အနာဂတမဒ္ဓါနံ”
ငါသည် အနာဂတ်အခွန့်၌ အဘယ်သို့သော အခြင်းအရာ အားဖြင့် ဖြစ်လတ္တံ့နည်း။
၅။ “ကိံ ဟုတွာ ကိံ ဘဝိဿာမိ နုခေါ အဟံ အနာဂတမဒ္ဓါနံ”
ငါသည်အနာဂါတ်အခွန့်၌ အဘယ်သို့ဖြစ်ပြီးမှ အဘယ်သို့ဖြစ် ရလတ္တံ့နည်း။

[အနာဂတ် အခွန့်၌ငါးပါး။]

၁။ “အဟံ နုခေါသ္မိ ”
ငါဟုတ်၏လော။

၂။ “နော နုခေါသို့ ”
ငါမဟုတ်လေသလော။

၃။ “ကိံ နုခေါသို့ ”
ငါအဘယ်သို့ဖြစ်၍နေသနည်း။

၄။ “ကထံ နုခေါသို့ ”
ငါအဘယ်သို့သော အခြင်းအရာအားဖြင့် ဖြစ်၍နေသနည်း။

၅။ “အဟံ နုခေါ သတ္တော”
ငါသတ္တဝါကောင် ဟုတ်မည်လော။

၆။ “ကုတော အာဂတော သော ကုဟိံ ဂါမိ ဘဝိဿတိ”
အဘယ်ဘဝကလာ၍ အဘယ်ဘဝသို့ ဤသတ္တဝါကောင် သွားရလတ္တံ့နည်း။

[ပစ္စုပ္ပန်အဓွန့်ခြောက်ပါး။]

ပေါင်း---ယုံမှားခြင်း ၁၆-ပါးဖြစ်၏။

[ဤယုံမှားခြင်း ၁၆-ပါး၏ အသီးအသီးသော အဓိပ္ပါယ် အကျယ်ကို သုတ္တန်အဋ္ဌကထာ, သာရတ္ထဒီပနီဋီကာတို့၌ ဖွင့်သည်၊ အကျိုးလည်း မရှိလွန်း၊ များလည်းများလှ၍ အကျယ်ကို မရေးလိုက်ပြီ။]

ပဋိစ္စသမုပ္ပါဒ်ကို ကောင်းကောင်းမြင်၍ အဓွန့်သုံးပါးနှင့်ပင် အတ္တ, ဇီဝ, ပုဂ္ဂလ, သတ္တဟူ၍ အဏုမြူမျှမရှိ၊ ပရမတ္ထဓမ္မတို့သည်သာလျှင် အကြောင်းကိစ္စ အကျိုးကိစ္စနှင့် ဖြစ်ပွားဆက်နွှယ်၍ အစဉ်မပြတ် အမျှင်မပြတ်ရှိနေကုန်သည်ဟု ယုံကြည်စွာ ဆုံးဖြတ်နိုင်သော သူတို့အား ယုံမှားခြင်း ၁၆-ပါးသည် မဝင်လာနိုင်၊ မိမိကိုယ်ကို သက်သက်သော နိဿတ္တ,

နိဗ္ဗိဝ, ပရမတ္ထဓမ္မသန္တာန် အစည်းအစုသာဟု ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်နိုင်သော ယထာဘူတ သမ္မာဒိဋ္ဌိဉာဏ်နှင့်လည်း အလွန်ဝေး၊ နတ္ထိကဒိဋ္ဌိ, အကိရိယဒိဋ္ဌိ-စသောဒိဋ္ဌိကြီးတို့နှင့်ယှဉ်၍ ထင်မိထင်ရာ မြင်မိမြင်ရာ အမှားကိုပင် ပြတ်ပြတ်တောက်တောက်ဆုံးဖြတ်သော မိစ္ဆာဓိမောက္ခသို့လည်းမရောက်၊ စပ်ကြိုစပ်ကြားတွင် အတ္တာနုဒိဋ္ဌိ, အတ္တဝါဒုပါဒါန် အလွန်အားကြီးလှ၍ မောဟ, ဝိတက်တို့ဖြင့် ကြံမိ ကြံရာသော အန္ဓဗာလ တို့အား ဖြစ်လာတတ်သော ဝိစိကိစ္ဆာ ၁၆- ပါးတည်းဟု မုံရွာမြို့ လယ်တီ ဆရာတော် ဖြေဆိုလိုက်သည်။

စတုတ္ထပုစ္ဆာအဖြေပြီး၏။

မောင်ရောင်နီပုစ္ဆာလေးရပ်အဖြေပြီး၏။

--------*--------

## ဦးတောက်က ဦးရောင်နီထံပေးစာ

သင်္ဂြိုဟ်ဆရာ, ဋီကာကျော်ဆရာတို့၏ အယူကို ကျေးဇူးရှင် ဆရာတော်ဘုရားကြီး ဆုံးဖြတ်တော်မူချက်။

ထိုအဆုံးအဖြတ်ကို မုံရွာမြို့တရပ်တန်း အဘိဓမ္မာတရားဟော ဆရာ ဦးတောက်က ဆားထုံးရွာနေ မိတ်ဆွေတော် အဘိဓမ္မာဆရာ ဦးရောင်နီထံသို့ ရေးသားပေးပို့သော ပုရပိုက်မူလက်ခံစာ။

မှာကြားလိုက်ပါသည် ကိုရောင်နီ။

“သင်္ဂြိုဟ်နှင့်စပ်သော ပရမတ်သဘောအရာဌ် အမျှားတကာ မှတ်သားပြောဆို၍ နေကြသည့် အရာထဲက ယခုအထူးသစ်လင်း၍ လာသော အဘိဓမ္မာစကားများကို ကြားနာရပါလျှင် အသေအချာ မှတ်သား၍ပေးလိုက်ပါ ” ဟု မှာထားသည်ဖြစ်၍ အထူးကြားနာရသော

အချက်ကြီးများမှာ အလွန်များပြားပါ၍၊ ကိုယ်စိတ်နှစ်ပါး မအားမလပ် ရှိသည်နှင့် ကြားကြားသရွေ့ကို အစေ့အစပ် အကုန်အင ရေးသား၍ မပေး လိုက်နိုင်ရှိပါသည်။

ယခုမှာ ဆရာတော်ဘုရားကြီး အဆုံးအဖြတ်ရေးသားပြောဟော ၍ လတ်တလောကြားနာရ, သဘောသကန် အမှန်ကြားနာရသော အထူးတစ်ချက်ကို အထက်စကားရှိကြသည့်အတိုင်း မှတ်နာရေး သား၍ ပေးလိုက်ပါသည်။

ရောက်လျှင် တစ်ဦးနှင့်တစ်ဦး နူးနူးနပ်နပ် လေးမြတ် ယုံကြည် ရင်းရှိကြသည့်အတိုင်း နှလုံးမရှုပ် ဉာဏ်စွမ်းထုတ်၍ ဟုတ်မှန်သလောက် သဘောပေါက်အောင် အလျောက်လျှင်မြန် ကြံဖန်အားထုတ်ပါလေ။

သဂြိုဟ်ဝိထိပိုင်း တဒါရမ္မဏနိယမ၌-

၁။ တတ္ထာပိ သောမနဿသဟဂတကြိယ ဇဝနာဝသာနေ သောမနဿ သဟဂတာနေဝ တဒါရမ္မဏာနိ ဘဝန္တိ၊ ဥပေက္ခာ သဟဂတကြိယဇဝနာဝသာနေစ ဥပေက္ခာသဟ ဂတာနေဝ ဟောန္တိ။

ဟူသောသဂြိုဟ်စကား,

၂။ ခီဏာသဝါနံ စိတ္တဝိပလ္လာသာဘာဝေန ကြိယဇဝနာနိပိ ယထာရမ္မဏမေဝ ပဝတ္တန္တီတိ ဝုတ္တံ သောမနဿသဟဂတ ကြိယဇဝနာ ဝသာနေတိ အာဒိ။

ဟူသောဋီကာကျော် စကားများ၌-

ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာအရှင်မြတ်တို့မှာ အနိဋ္ဌကိုပင်ဣဋ္ဌ, ဣဋ္ဌကိုပင် အနိဋ္ဌဟု ဖောက်လဲဖောက်ပြန် ကြံဖန်ယူစွဲတတ်သော စိတ္တ

ဝိပလ္လာသတရားမှ ကင်းရှင်းစင်ကြယ်တော်မူကြကုန်ပြီးဖြစ်ပေ၍ ကာမကြိယာဇော ကိုးခုတို့သည် ကာမဝိပါက်ကဲ့သို့ပင် အာရုံသဘောကိုသာ လိုက်လျောညီထွေ ဖြစ်သင့်လေရကား-

၁။ အတိက္ကဋ္ဌာရုံဖြစ်အံ့ သောမနဿကြိယာဇော ငါးခုသာဖြစ်မြဲ,

၂။ ဣဋ္ဌမဇ္ဈတ္တာရုံ, အနိဋ္ဌာရုံဖြစ်အံ့ ဥပေက္ခာကြိယာဇော လေးခုသာဖြစ်မြဲဖြစ်၏။

၃။ သောမနဿကြိယာဇော ငါးခုနောင်လည်း သောမနဿတဒါရုံငါးခုသာဖြစ်မြဲ,

၄။ ဥပေက္ခာကြိယာဇော လေးခုနောင်လည်း ဥပေက္ခာတဒါရုံခြောက်ခုသာဖြစ်မြဲဖြစ်၏။

ဟူသော ဇေန္တနိယမကို သင်္ဂြိုဟ်ဆရာ, ဋီကာကျော်ဆရာတို့ ပြကြကုန်၏။

ထိုဆရာတို့စကားသည် သုတ္တန်ပါဠိတော်, သုတ္တန်အဋ္ဌကထာများနှင့်မညီ, သဘောသကန်အားဖြင့်လည်း မသင့်မြတ်လေ။

အဘယ်သုတ္တန်ပါဠိတော်များနှင့် မညီသနည်းဟူမူ---

၁။ သော သစေ အာကင်္ခတိ ပဋိကူလေ အပ္ပဋိကူလသညီ ဝိဟရေယျန္တိ အပ္ပဋိကူလသညီ တတ္ထ ဝိဟရတိ။

၂။ သစေ အာကင်္ခတိ ပဋိကူလေ ပဋိကူလသညီ ဝိဟရေယျန္တိ အပ္ပဋိကူလသညီ တတ္ထ ဝိဟရတိ။

၃။ သစေ အာကင်္ခတိ ပဋိကူလေစ အပ္ပဋိကူလေစ အပ္ပဋိကူလသညီ ဝိဟရေယျန္တိ အပ္ပဋိကူလသညီ တတ္ထ ဝိဟရတိ။

၄။ သစေ အာကင်္ခတိ ပဋိကူလေစ အပ္ပဋိကူလေစ တဒုဘယံ အဘိနိဝဇ္ဇေတွာ ဥပေက္ခကော ဝိဟရေယျံ သတော သမ္ပဇာ

နောတိ ဥပေက္ခကော တတ္ထ ဝိဟရတိ သတော သမ္ပဇာနော။

[ဟူ၍လာသော ပါဠိတော်များနှင့်မညီ။]

**အနက်ကား**

၁။ သော=ထိုရဟန်းသည်၊ ပဋိကူလေ=စက်ဆုပ်ဖွယ်ရှိသော အနိဋ္ဌာရုံ၌၊ အပ္ပဋိကူလသညီ=စက်ဆုပ်ဖွယ်မရှိသော ဣဋ္ဌာရုံဟူသော အမှတ်ရှိသည်ဖြစ်၍၊ ဝိဟရေယျံ=နေတော့အံ့၊ ဣတိ=ဤသို့၊ သစေ အာကင်္ခတိ=အကယ်၍ အလိုရှိသည်ဖြစ်အံ့၊ တတ္ထ=ထိုအနိဋ္ဌာရုံ၌၊ အပ္ပဋိကူလသညီ=ဣဋ္ဌာရုံဟူသော အမှတ်ရှိသည်ဖြစ်၍၊ ဝိဟရတိ=နေနိုင်၏။

၂။ အပ္ပဋိကူလေ=စက်ဆုပ်ဖွယ်မရှိသော ဣဋ္ဌာရုံ၌၊ ပဋိကူလသညီ=စက်ဆုပ်ဖွယ်ရှိသော အနိဋ္ဌာရုံဟူသော အမှတ်ရှိသည် ဖြစ်၍၊ ဝိဟရေယျံ=နေတော့အံ့၊ ဣတိ=ဤသို့၊ သစေ အာကင်္ခတိ=အကယ်၍ အလိုရှိသည်ဖြစ်အံ့၊ တတ္ထ=ထိုဣဋ္ဌာရုံ၌၊ ပဋိကူလသညီ=အနိဋ္ဌာရုံဟူ သော အမှတ်ရှိသည်ဖြစ်၍၊ ဝိဟရတိ=နေနိုင်၏။

၃။ ပဋိကူလေစ=စက်ဆုပ်ဖွယ်ရှိသော အနိဋ္ဌာရုံ၌လည်းကောင်း၊ အပ္ပဋိကူလေစ=စက်ဆုပ်ဖွယ်မရှိသော ဣဋ္ဌာရုံ၌လည်းကောင်း၊ အပ္ပဋိကူလသညီ=ဣဋ္ဌာရုံဟူသော အမှတ်ရှိသည်ဖြစ်၍၊ ဝိဟရေယျံ= နေတော့အံ့၊ ဣတိ=ဤသို့၊ သစေ အာကင်္ခတိ=အကယ်၍အလိုရှိသည်ဖြစ်အံ့၊ တတ္ထ=ထိုဣဋ္ဌာရုံ, အနိဋ္ဌာရုံနှစ်ပါးစုံ၌၊ အပ္ပဋိကူလသညီ=ဣဋ္ဌာရုံဟူသော အမှတ်ရှိသည် ဖြစ်၍၊ ဝိဟရတိ=နေနိုင်၏။

၄။ ပဋိကူလေစ=အနိဋ္ဌာရုံ၌လည်းကောင်း၊ အပ္ပဋိကူလေစ=ဣဋ္ဌာရုံ၌လည်းကောင်း၊ တဒုဘယံ=ထိုဣဋ္ဌသဘော, အနိဋ္ဌသဘော နှစ်ပါးစုံကို၊ အဘိနိဝဇ္ဇေတွာ= လွတ်လွတ်ကြဉ်ရှောင်၍၊ ဥပေက္ခကော=

လျစ်လျူရှု၍၊ သတော=သတိနှင့်ပြည့်စုံသည်ဖြစ်၍၊ ဝိဟေရေယျံ= နေတော့အံ့၊ က္ကတိ=ဤသို့၊သစေအာကင်္ခတိ=အကယ်၍ အလိုရှိသည် ဖြစ်အံ့၊ တတ္ထ=ထိုက္ကဋ္ဌာရုံ, အနိဋ္ဌာရုံ နှစ်ပါးစုံ၌၊ ဥပေက္ခကော=လျစ်လျူရှု ၍၊ သတော=သတိနှင့် ပြည့်စုံသည်ဖြစ်၍၊ သမ္ပဇာနော= ပညာနှင့်ပြည့်စုံ သည်ဖြစ်၍၊ ဝိဟရတိ=နေနိုင်၏။

[အဓိပ္ပါယ်ပေါ်၏။]

ဤတရားငါးပါးသည် သမ္ပသာဒနီယသုတ်၌ အရိယိဒ္ဓိတရား ငါးပါးဟုလာ၏၊ ဣန္ဒြိယဘာဝနာသုတ်၌ကား အာရုံခြောက်ပါး, ဒွါရ ခြောက်ပါးနှင့် အသီးအသီးခွဲ၍ ဣန္ဒြိယဘာဝနာ တရားသုံးဆယ်လာ၏။

[ပဋိကူလေ-ကို အနိဋ္ဌ, အပဋိကူလေကို က္ကဋ္ဌဟု အဋ္ဌကထာဖွင့်သည်၊ ကျယ်အံ့စိုး၍ အဋ္ဌကထာကို မထုတ်လိုက်ပြီ။]

ဤသုတ္တန်ပါဠိတော်, အဋ္ဌကထာများနှင့် မညီသောကြောင့် ထို သဂြိုဟ်စကား, ဋီကာကျော်စကားများကို အမှန်အားဖြင့် မယူသာ။

အဘယ်သို့ သဘောသကန်အားဖြင့် မသင့်မြတ်လေသနည်းဟူမူ-

သဘောသကန်မသင့်မြတ်ပုံမှာလည်း ယခင်ပါဠိတော်အရနှင့် သိသာပါ၏၊ သို့သော်လည်း ထင်ရှားအောင်ဆိုလိုက်ဦးအံ့။

က္ကဋ္ဌ, အနိဋ္ဌဟူသော ဝေါဟာရ၌ ကမ္ဘာစဉ်ဆက် သုံးဆောင်ကြ သော လောကီလူများတို့၏ နှလုံးနှင့်သင့်မြတ်သော အာရုံ ၆- ပါးသည် က္ကဋ္ဌ, မသင့်မြတ်သောအာရုံ ၆- ပါးသည် အနိဋ္ဌဟူ၍ လောကီလူတို့နှလုံး နှင့် သင့်မြတ်သည်, မသင့်မြတ်သည်ကို အစွဲပြု၍ ဖြစ်ရင်းတည်း။

ထို့ကြောင့် အာရုံ ၆-ပါးတို့၏ က္ကဋ္ဌသဘော, အနိဋ္ဌသဘောသည် အလွန်တိမ်၏၊ ပဉ္စဝိညာဏ်စသော ကာမဝိတက်တို့ပင် ယူနိုင်ကုန်၏၊

အကန်းသက်သက်ဖြစ်သော ကုသိုလ်စိတ်, အကုသိုလ်စေတသိက်တို့ပင် ယူနိုင်ကုန်၏၊ သူငယ်တို့ပင်သိနိုင်ကုန်၏။

ဒေသနာဓမ္မကို မကြားဖူးမသိဖူးကုန်သော အန္ဓပုထုဇဉ်တို့သည်လည်း ထိုအာရုံ ၆-ပါးတို့၌ နက်နဲဖုံးကွယ်၍နေသော သဘောအထူးထူး အထွေထွေကို သက်သက်မသိကုန်မူ၍ တိမ်လှစွာသော ဣဋ္ဌသဘော, အနိဋ္ဌသဘောကိုသာ သိနိုင်ကုန်၏။

ထိုသူတို့သန္တာန်၌ဖြစ်သော ကုသိုလ်စိတ်, အကုသိုလ်စိတ်တို့သည်-

၁။ စိတ္တဝိပလ္လာသကြောင့်လည်းကောင်း,
၂။ ခာတ်ချောက်ချားခြင်းကြောင့်လည်းကောင်း,
၃။ ရူးသွပ်ခြင်းကြောင့်လည်းကောင်း,
၄။ ကမ္မဒေါသ-ယောနိဒေါသကြောင့်လည်းကောင်း,
၅။ ဣန္ဒြေတို့၏ ဖောက်ပြန်ခြင်းသို့ရောက်ခြင်းကြောင့် လည်းကောင်း,
၆။ ပုဗ္ဗာဘိသင်္ခါရကြောင့်လည်းကောင်း,
၇။ အကျိုးအာနိသင်ကို မြင်ခြင်းကြောင့်လည်းကောင်း,
၈။ အပြစ်ဒေါသကို မြင်ခြင်းကြောင့်လည်းကောင်း,

ဤသို့စသောအကြောင်းတို့ကြောင့် ဣဋ္ဌကို အနိဋ္ဌ, အနိဋ္ဌကို ဣဋ္ဌပြု၍ ယူကုန်သည်။

ပိဋကတ်ကျမ်းဂန်တတ်ကျွမ်းလိမ်မာလှသော ပုဂ္ဂိုလ်, "သဗ္ဗေ သင်္ခါရာ အနိစ္စာ ဒုက္ခာ" စသော ဒေသနာဓမ္မကို ကြားနာရဖူးသော ဉာဏ်ထက်လှသော ပုဂ္ဂိုလ်တို့၏ဉာဏ်၌မူကား--

အာရုံခြောက်ပါးတို့၏ တိမ်လှစွာသောဣဋ္ဌသဘော, အနိဋ္ဌသဘောများသည် မပြောစလောက် ကွယ်ပျောက်ရလေ၏။

ဝသဝတ္တီနတ်မင်းကြီး၏ နတ်သမီး, ဘုံဗိမာန်, ပဒေသာပင်တို့၌ ရှိသော ဣဋ္ဌသဘောများသော်မှလည်း ဣဋ္ဌအနေနှင့်ခုခံ၍မနေနိုင်၊ အသုဘသဘော, ဇေဂုစ္ဆသဘော, ပဋိကူလသဘော, အနိစ္စသဘော, ဒုက္ခသဘော, ယောဂသဘော, ဂဏ္ဍသဘော, သလ္လသဘော-အစရှိသော နက်နဲဖုံးကွယ်၍နေသော ကြောက်ဖွယ်လန့်ဖွယ် ငြီးငွေ့ဖွယ်သော သဘော အထူးအထွေတို့သည်သာလျှင် ထင်လှစွာပေါ်ကုန်ရကား ထိုဝသဝတ္တီနတ်မင်းကြီး၏ နတ်သမီး, ဘုံဗိမာန်, ပဒေသပင်တို့သည် မစင်စုတွေ, ဘင်စုတွေ, ပြာပုံစုတွေ, မီးကျီးစုတွေ အနေသာထင်ရကုန်၏။

[ဝသဝတ္တီ နတ်မင်းကြီးစည်းစိမ်၌ သောမနဿဇောဖြစ်ရန်အခွင့် အဘယ်မှာ ရှိနိုင်တော့အံ့နည်း၊ ကြွင်းသော နတ်စည်းစိမ်, လူ့စည်းစိမ် တို့၌ကား ဆိုဖွယ်မရှိ။]

ခွေးကောင်ပုပ်တွေ, လူကောင်ပုပ်တွေကိုမြင်သောအခါမြင်သည် နှင့်တစ်ပြိုင်နက် ထိုခွေးကောင်ပုပ်တွေ, လူကောင်ပုပ်တွေ ဖြစ်၍နေသော ဓာတ်စုတွေနှင့် သဝိညာဏကဖြစ်သော လူကောင်, နတ်ကောင်, ဗြဟ္မာကောင်တွေဖြစ်၍နေသော ဓာတ်စုတွေကို ထပ်တူ ထပ်မျှ နိဿတ္တ, နိဇ္ဇီဝဟု အတပ်မြင်၍ သွားသောကြောင့် အလွန်ဝမ်း မြောက်ခြင်းဖြစ်၍ သွားသောအခါ ထိုခွေးကောင်ပုပ်တွေ, လူကောင်ပုပ်တွေ အနိဋ္ဌသဘောများသည် အနိဋ္ဌအနေနှင့် ခုခံ၍မနေနိုင်၊ သောမနဿဇောတွေသာ ဖြစ်လေ၏။

မေတ္တာစျာန်၌ ဝသီဘာဝဖြစ်ပြီးသော ပုဂ္ဂိုလ်သည်-

မိမိကိုခြောက်လှန့်၍နေသော ဘီလူးတွေ, သံဘက်တွေ၌ ကြောက်ဖွယ် လန့်ဖွယ်ရှာ၍မရ သောမနဿစျာန်ဝင်စားရန်ဖို့သာ ဖြစ်၍ ကုန်သည်၊ ကရုဏာစျာန်၌ ဝသီဘာဝဖြစ်ပြီးသော ပုဂ္ဂိုလ်သည် ရွဲရွဲစို,

ကျိုက်ကျိုက်ဆူသော လူနူကြီးတွေ၌ စက်ဆုပ်ဖွယ်ရှာ၍မရ၊ သောမနဿ ဗျာန်ဝင်စားရန်ဖို့သာ ဖြစ်၍ကုန်သည်။

အသုဘဈာန်၌ ဝသီဘာဝဖြစ်ပြီးသော ပုဂ္ဂိုလ်သည်-

ဉဒ္ဒုမာတက-စသော လူကောင်ပုပ်တွေ၌ လှုပ်ရှားရန်ရှာ၍မရ၊ သောမနဿ ပဥ္စမဈာန်ဝင်စားရန်ဖို့သာ ဖြစ်၍ကုန်သည်။

စတုဓာတုဝဝတ္ထာန်ကမ္မဋ္ဌာန်း၌ ဝသီဘာဝဖြစ်ပြီးသော ပုဂ္ဂိုလ်သည်-

ဝသဝတ္တီနတ်မင်း, နတ်သမီး, ခွေးကောင်ပုပ်, လူကောင်ပုပ်, ဘီလူး, သံဘက်, လူနူ, လူရွဲ-စသည်တို့၌ နှစ်သက်စရာ ဣဋ္ဌသဘော လည်းရှာ၍ မရ၊ ကြောက်စရာ, လန့်စရာ, စက်ဆုပ်စရာ-အနိဋ္ဌသဘော လည်းရှာ၍ မရ၊ နိဿတ္တ, နိဇ္ဇီဝ, ဓာတုပုဥ္ဇ၊ ဓာတ်မှုန့်, ဓာတ်နု, ဓာတ်ခဲ, ဓာတ်ကောင် တွေသာဖြစ်၍ကုန်သည်။

ပဋိကူလကမ္မဋ္ဌာန်း၌ ဝသီဘာဝဖြစ်ပြီးသောပုဂ္ဂိုလ်သည်-

နတ်သုဓာဘုတ်နှင့်တူသော ဘောဇဉ်ခဲဘွယ်တို့၌ နှစ်သက်သာ ယာဖွယ် ရှာ၍မရ၊ မျို၍မကျနိုင်အောင် စက်ဆုပ်ဖွယ်တွေသာ ဖြစ်ကုန် သည်။

[ဘုံသုံးပါးကို မီးတပြောင်ပြောင်တဟုန်းဟုန်းလောင်သော နှောင်အိမ်ကြီးသုံးခု ထင်၍နေသော ဝိပဿနာယောဂီပုဂ္ဂိုလ်၌ကား ဆိုဖွယ်မရှိ။]

## မေးမြန်းဖွယ်

သို့သော် ထိုယောဂီဝိပဿနာပုဂ္ဂိုလ်မှာ သောမ နဿ ဇောပင် ဖြစ်နိုင်ရန် မရှိပြီတကားဟူငြားအံ့။

အလွန်ပင်ဖြစ်နိုင်ပါ၏၊ ထိုစကားမှန်၏၊ အလွန် သည်းထန်စွာ ပင်ပန်းလှသော ဒုက္ခတသတ္တဝါ၌ ကရုဏာ ကမ္မဋ္ဌာန်းကို စီးဖြန်းသော ယောဂီ, အလွန်သည်း ထန်စွာ ဆိုးဝါးလှသော ဥဒ္ဓုမာတကအကောင်ပုပ်၌ အသုဘကမ္မဋ္ဌာန်းကို စီးဖြန်းသောယောဂီ, ဘုံ ၃-ပါးကို မီးကျီးစုအနေထင်လာသော ယောဂီပုဂ္ဂိုလ်တို့အား အာရုံ၏အစွမ်းဖြင့် သောမနဿဇောဖြစ်ခွင့်မရှိသော်လည်း မိမိသန္တာန်၌ ဘာဝနာ ဉာဏ်အထင်အမြင်အထူးအထူး တိုးတက်၍ တိုးတက်၍လာသော အရိပ်နိမိတ်တွေကို အစွဲပြု၍ အတိုင်းထက်အလွန် မွန်မြတ် ထက်သန်လှစွာသော သောမနဿဇောတွေသည် မိုးကြီးရွာသကဲ့သို့ဖြစ်လေသတည်း။

သစ္စာလေးပါးကို အတပ်မြင်ပြီးသော အရိယာပုဂ္ဂိုလ်ပင်မဟုတ်ပါသေးဘဲနှင့် ပါရမီဉာဏ်စွမ်း, ဗဟုသုတဉာဏ်စွမ်း, ဘာဝနာ အားအစွမ်း, ဝိပဿနာဉာဏ်စွမ်းများနှင့်ပြည့်စုံသော ပုထုဇဉ်ပုဂ္ဂိုလ်တို့ ပင်သော်လည်း ဉာဏ်ပညာ, ဘာဝနာတို့၏ အစွမ်းကြောင့် ဣဋ္ဌာရုံ, အတိဣဋ္ဌာရုံကြီးတွေကိုပင် အနိဋ္ဌာရုံတွေဖြစ်၍ကုန်အောင် တတ်နိုင်သည်၊ အနိဋ္ဌာရုံ, အတိအနိဋ္ဌာရုံကြီးတွေကိုပင် ဣဋ္ဌာရုံဖြစ်၍ကုန်အောင် တတ်နိုင်သည်။

သစ္စာလေးရပ်ကို အတပ်မြင်ပြီးသော သောတာပန်,သကဒါဂါမ်, အနာဂါမ် ပုဂ္ဂိုလ်တို့မူကား ထိုပုဂ္ဂိုလ်တို့ထက် အဆအရာ အဆအထောင်မက စွမ်းနိုင်တော့သည်သာတည်း။

သို့ဖြစ်လျက် သောတာပန်ဖြစ်ပြီးသော ဗိမ္ဗိသာရမင်း, ဝိသာခါဒါယိကာမ, သိကြားမင်းစသော အရိယာတို့သည် ဣဋ္ဌာရုံနောက်သို့ လိုက်ပါ၍ ကာမဂုဏ်အရသာကိုခံစား စံစားခါနေကြသေးသည်မှာ-

ငါသည်အပါယ်လေးပါးမှလည်း လွတ်လေပြီ၊ လူ့ဘဝ, နတ်ဘဝတို့၌လည်း လူဆင်းရဲ, နတ်ဆင်းရဲ မဖြစ်နိုင်ပြီဟု ဤမျှနှင့်အားရ၍ ရပြီး

ထင်ပြီးသော ဝိပဿနာဉာဏ်ပညာများကို တစ်ဖန်အားထုတ်၍ အသုံးမချ ခြင်းကြောင့် ဣဋ္ဌာရုံနောက်သို့လိုက်ပါ၍ ကာမဂုဏ် အရသာများကို ခံစားစံစားခါ နေနိုင်ကြသည်။

သစ္စာလေးရပ်ကမ်းဆုံးခတ်သဖြင့် အရိယဝိဒ္ဓိတရားအကျဉ်းငါးပါး, အပြားသုံးဆယ်နှင့်ပြည့်စုံပြီးသော ရဟန္တာပုဂ္ဂိုလ်တို့မှာမူကား ဣဋ္ဌနယ် အနိဋ္ဌနယ်များကို အဘယ်မှုတော့အံ့နည်း၊ ဣဋ္ဌကိုအနိဋ္ဌ, အနိဋ္ဌကိုဣဋ္ဌ လုပ်ချင်တိုင်းဖြစ်တော့သည်၊ ပစ္စေကဗုဒ္ဓါ, သဗ္ဗညုဘုရားတို့၌ ပြောဖွယ်မရှိ။

ဤသို့လုပ်ချင်တိုင်းဖြစ်နိုင်သည်ကိုပင် အရိယဝိဒ္ဓိဂုဏ်တော်ခေါ်သည်၊ ဘုရားမြတ်စွာတို့၏ ဘုန်းတော် ၆-ပါးတွင်လည်း ဣဿရိယဘုန်းတော် အပါအဝင်ဖြစ်သည်၊ သို့ဖြစ်ပါလျက်ကြိယာဇောတို့သည် ဣဋ္ဌာရုံ, အနိဋ္ဌာရုံအားလျော်စွာ သောမနဿ, ဥပေက္ခာဖြစ်ရမည် ဆိုကြသော "သင်္ဂြိုဟ်ဆရာ, ဋီကာကျော်ဆရာ" တို့စကားသည် ဘုရားရဟန္တာတို့၏ အရိယဝိဒ္ဓိတန်ခိုးကြီး, ဣဿရိယဘုန်းတော်ကြီးများကိုဖျက်ဆီး၍ ပစ်ဘိသည်ဟု ဆိုခွင့်ဆိုက်ချေသည်။

ထို့ကြောင့်-

၁။ ကာမကြိယာဇောကိုးခုတို့သည်လည်း ကုသိုလ်ဇောတို့ကဲ့သို့ပင် ဣဋ္ဌကိုအနိဋ္ဌ, အနိဋ္ဌကိုဣဋ္ဌဟုယူ၍ ဖြစ်ကုန်၏။

၂။ ဣဋ္ဌာရုံ, အတိဣဋ္ဌာရုံတို့၌လည်း ဥပေက္ခာကြိယာဇောကျနိုင်ကုန်၏

၃။ အနိဋ္ဌာရုံ, အတိအနိဋ္ဌာရုံတို့၌လည်း သောမနဿကြိယာဇောကျနိုင်ကုန်၏။

၄။ ဥပေက္ခာကြိယာဇောနောင်လည်း သောမနဿ တဒါရုံကျနိုင် ကုန်၏။

၅။ သောမနဿကြီယာဇောနောင်လည်း ဥပေက္ခာတဒါရုံ
ကျနိုင်ကုန်၏။

ဟူသော သဘောအမှန်ကိုသာ သန္နိဋ္ဌာန်ကျ မှတ်သားရမည်ဟု ဆရာတော်ဘုရားကြီးဟောပြောသည်များကို အထူးကြားနာရ, သဘောကျရ, ဝမ်းမြောက်လှသည်ဖြစ်ပါ၍ "ကလျာဏ" ဖြစ်သူ"ဆရာကိုရောင်နီ"တို့အားလည်း ကြားနာစေချင်, သဘောကျစေချင်, ဝမ်းမြောက်ဝမ်းသာရှိစေချင်ပါ၍ အသေအချာရေး၍ ပေးလိုက်ပါသည် သဘောထားပါလေ။

လယ်တီဆရာတော်ဘုရားတပည့် သင်္ဂြိုဟ်ဆရာဦးတောက်
တရုပ်တန်း၊ မုံရွာမြို့။

## နာမ်ဇီဝိတိန္ဒြေအဆုံးအဖြတ်

မုံရွာမြို့လယ်တီဆရာတော်ဘုရားကြီးဆုံးဖြတ်တော်မူသည်။

"နာမ်ဇီဝိတိန္ဒြေသည် နာမ်ကိုသာ စောင့်သလော၊ နာမ်, ရုပ်နှစ်ပါးကိုပင်စောင့်သလော" ဟူသောအမေးမှာ- နာမ်ကိုသာစောင့်သည်ဟု မှတ်ရမည်။

ထို့ကြောင့်ဓမ္မသင်္ဂဏီပါဠိတော်၌-

ကိံ တသ္မိံ သမယေ ဇီဝိတိန္ဒြိယံ ဟောတိ၊ ယော တေသံ
အရူပီနံ ဓမ္မာနံ အာယု ဌိတိ ယပနာ ယာပနာ ဣရိယနာ ဝတ္တနာ
ပါလနာ ဇီဝိတံ ဇီဝိတိန္ဒြိယံ၊ ဣဒံ တံ ရူပံ ဇီဝိတိန္ဒြိယံ။

[ဟူ၍ဟောတော်မူသည်။]

တေသံအရူပီနံဓမ္မာနံ=ထိုနာမ်တရားတို့၏၊ ယောအာယု= အကြင်အသက်သည်၊ ယာဌိတိ=အကြင်တည်ကြောင်းတရားသည်၊ ယာ ယပနာ=

အကြင်မျှတကြောင်းတရားသည်၊ ယာယာပနာ=အကြင် အဓွန့်ရှည်လျား အစဉ်သွားကြောင်းတရားသည်၊ ယာ ဣရိယနာ=အကြင်ဣရိယာပုထ် အခိုက်စည်ရှည်လည်ကြောင်းတရားသည်၊ ယာဝ တ္တနာ=အကြင်ဖြစ် ကြောင်းတရားသည်၊ ယာပါလနာ=အကြင်စောင့်ရှောက်ပေသော တရား သည်၊ ယံဇီဝိတံ=အကြင်အသက်မည်သော တရားသည်၊ ယံ ဇီဝိတိန္ဒြိယံ= အကြင်အသက်ရှည်မှု၌ အစိုးရသောတရားသည်၊ အတ္ထိ=ရှိ၏၊ ဣဒံ တံရုပံ=ဤရုပ်သည်၊ ဇီဝိတိန္ဒြိယံ=ဇီဝိတိန္ဒြေမည်၏။

ဤပါဠိတော်၌ "အရူပီနံ ဓမ္မာနံ" ဟူ၍နာမ်တရားတို့ကို စောင့် ကြောင်းကိုသာ ဟောတော်မူသည်။

အဋ္ဌကထာ၌လည်း-

"ယော တေသံ အရူပီနံ ဓမ္မာနန္တိ တေသံ သမ္ပ ယုတ္တကာ နံ အရူပ ဓမ္မာနံ"

ဟူ၍ သမ္ပယုတ်ဖြစ်သော နာမ်တရားဖြင့် ဖွင့်တော်မူသည်။

ထို့ကြောင့် နာမ်ဇီဝိတိန္ဒြေသည် နာမ်တရားတို့ကိုသာ စောင့်ပေ သည်၊ ရုပ်တရားတို့ကို စောင့်သည် မဟုတ်ဟု မှတ်ရမည်။

လက္ခဏာမှာလည်း-

အတ္တနာ အဝိနိဘုတ္တာနံ ဓမ္မာနံ အနုပါလနလက္ခဏံ။

[ဟူ၍လာသည်။]

အနက်ကား။ ။ အတ္တနာ=မိမိနှင့်၊ အဝိနိဘုတ္တာနံ=ခွဲခြမ်း၍ မရကုန်သော၊ ဓမ္မာနံ=တရားတို့ကို၊ အနုပါလနလက္ခဏံ=စောင့်ရှောက် ခြင်းလက္ခဏာရှိ၏။

## ဆိုဖွယ်အချက်ရှိသည်ကား

သဟဇာတာနုပါလနေ=သဟဇာတ်တရားတို့ကိုအစဉ်စောင့်ခြင်းကိစ္စ၌၊ အာဓိပ္ပစ္စယောဂေန=အစိုးရခြင်းကိစ္စနှင့် ယှဉ်ခြင်းကြောင့်၊ ဣန္ဒြိယံ=ဣန္ဒြေမည်၏၊ ဣတိ=ထို့ကြောင့်၊ ဇီဝိတိန္ဒြိယံ=ဇီဝိတိန္ဒြေ မည်၏။

ဟု သဟဇာတ်တရားတို့ကိုဆိုပါသည်၊ စိတ္တဇရုပ်, ပဋိသန္ဓေ ကမ္မဇရုပ်တရားတို့သည်လည်း သဟဇာတ်ပင်ဖြစ်ပါကုန်သည်-တစ်ရပ်။

"ယထာသကံ ပစ္စယုပ္ပန္နေ စ ဓမ္မေ ပါလေတိ၊ ဓာတိ ဝိယ ကုမာရံ"

ဟူ၍လည်းအဋ္ဌကထာမှာဆိုပါသည်။

အနက်ကား။ ။ယထာသကံ=အကြင်အကြင်မိမိတို့၏ ဥစ္စာဖြစ်ကုန်သော၊ ပစ္စယုပ္ပန္နေဓမ္မေစ=ပစ္စယုပ္ပန်တရားတို့ကိုလည်း၊ ပါလေတိ=စောင့်ပေ၏၊ ဓာတိ=အထိန်းသည်၊ ကုမာရံ=မင်းသားကို၊ ပါလေတိဝိယ=စောင့်သကဲ့သို့တည်း။

ဤစကား၌-

ရုပ်တရားတို့သည်လည်း ပစ္စယုပ္ပန်ပင်ဖြစ် လျက်ရှိပြန်သည်၊ ထို့ကြောင့် ရုပ်, နာမ်တရားနှစ်ပါးကို ပင်စောင့်သည်ဟုဆိုခွင့်ရှိ ပါသည်။

[ဤကား-ဆိုဖွယ်တစ်ချက်။]

ထိုစကားစုတွင်-

"ယထာသကံ ပစ္စယုပ္ပန္နေစ ဓမ္မေ" ဟူသောပါဌ်၌ ထိုစကားနှင့်ဆက်၍

"န ဘဂ်တော ဥဒ္ဓံ ပဝတ္တယိ၊ အတ္တနောစ ပဝတ္တယိတဗ္ဗာနမ္ဘာဝါ"- ဟုလာသည်။

အနက်ကား။ ။ ဘင်္ဂတော=ဘင်မှု၊ ဥဒ္ဓံ= အထက်၌၊ နပဝတ္တယိ= မဖြစ်စေ၊ မတည်စေနိုင်၊ ကသ္မာ=အဘယ့်ကြောင့်နည်းဟူမူ၊ အတ္တနောစ= မိမိ၏လည်းကောင်း၊ ပဝတ္တယိတဗ္ဗာနဥ္စ=ဖြစ်စေအပ်သောတရားတို့၏ လည်းကောင်း၊ အဘာဝါ=မရှိခြင်းကြောင့်တည်း။

ဤစကား၌ နာမ်ဇီဝိတသည် ချုပ်သည်မှနောက်၌ မစောင့်နိုင်ပြီ။

အဘယ့်ကြောင့်နည်းဟူမူ-

ချုပ်ပြီးသည်မှနောက်၌ မိမိလည်းမရှိ၊ စောင့်ရှောက်အပ်သောတရားစုလည်းမရှိသောကြောင့်တည်း ဟုဆိုသောကြောင့် သမ္ပယုတ်ဖြစ်သော နာမ်တရားတို့ကိုသာ ပစ္စယုပ္ပန်အရကို ယူလိုသည်။

ရုပ်တရားတို့ကို ယူလိုသည်မှန်လျှင် မိမိချုပ်ပြီးသော နောက်၌ သဟဇာတ်တရားစုလည်း မရှိသောကြောင့်ဟု ဆိုခွင့် မရှိ၊ နာမ်ဇီဝိတ ချုပ်ပြီးနောက် ထိုနာမ်ဇီဝိတနှင့် သဟဇာတ်ဖြစ် သော စိတ္တဇရုပ်, ပဝတ္တိပဋိသန္ဓေကမ္မဇရုပ်တို့သည် တစ်ဆယ့်ခြောက်ချက် အသက်စေ့အောင် ကျန်ရှိရစ်သေးသောကြောင့်တည်း။

ထို့ကြောင့် စောင့်ခြင်းဟူသော အနုပါလနမှုနှင့် စပ်ဆိုင်ရာ ဌာန၌မူကား အထက်ကထုတ်ပြခဲ့သော ဓမ္မသင်္ဂဏီ ပါဠိတော်ကြီးအတိုင်း သမ္ပယုတ်ဖြစ်သော နာမ်တရားစုကိုသာ ယူရမည်၊ ပစ္စယုပ္ပန်ဖြစ်ကာမျှသော စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်များကို မယူသင့်။

ပဌာန်းပစ္စည်း, ပစ္စယုပ္ပန်ဆိုသည်မှာ ထိုတရားကြောင့်ဖြစ်ပေါ်လျှင် ထိုတရား၏ ပစ္စယုပ္ပန်ဟူ၍ပင် ဆိုရသည်၊ စောင့်သည်, မစောင့်သည်ကို ပဓာနပြုလိုရင်းမဟုတ်။

ဥပမာကား။ ။ အာရုံသို့ကပ်၍ ရှုခြင်းကိစ္စနှင့် ကျေးဇူးပြုသည်ကို စျာနပစ္စည်းဆိုသည်၊ ထိုသို့ဆိုရသော်လည်း ထိုစျာနပစ္စည်းတရားတို့သည် သဟဇာတ်ရုပ်တို့ကို အာရုံသို့ကပ်၍ ရှုခြင်းကိစ္စဖြစ်အောင် ကျေးဇူးပြုနိုင် ကြကုန်သည်မဟုတ်၊ စျာန်တရားတို့ကြောင့် ဖြစ်ပေါ်ကြလျက် ရှိကြ၍သာ သဟဇာတ်ရုပ်တရားတို့ကို စျာနပစ္စည်း၏ပစ္စယုပ္ပန်ဟု ဆိုရကုန်သည်။

[ဟေတုပစ္စည်း, မဂ္ဂပစ္စည်းစသည်တို့၌လည်း ဤနည်းအတူတည်း၊ ဤဥပမာကဲ့သို့ နာမ်ဇီဝိတကြောင့်ဖြစ်သော သဟဇာတ်ရုပ်တို့ကိုလည်း သိရမည်။]

နာမ်ဇီဝိတိန္ဒြေအဆုံးအဖြတ်ပြီး၏။

-------*------

## မင်းကင်းပုစ္ဆာအဖြေ

မင်းကင်းမြို့သားတို့ လျှောက်လွှာကောက်နှုတ်ချက်။

၁။ ရုပ်ပွါးဆင်းတုတော်များကို သက်တော်ထင်ရှား ဘုရားထင်မှတ်၍ ရှိခိုးပူဇော်မိလျှင် မဟာအဝီစိငရဲကြီး၌ ကျလိမ့်မည်ဟု ဘုတ်အုပ်စာငယ်မှာပါရှိသည်။

၂။ အပါယ်ပဋိသန္ဓေကိုပေးနိုင်သည်။

၃။ သဒ္ဒါမိုက်ဖြင့် ဘုရား၌ရှိသော ကေသာ-စသည်ကို လောကုတ္တရာတရား ကိုးပါးထင်မှတ်၍ ရှိခိုးလျှင် ဘုရားကို စွပ်စွဲဆဲရေး ရာရောက်သည်ဟု ပါရှိသည်။

၄။ ဘုရားသည် ပရမတ်ဘုရား, ပညတ်ဘုရားနှစ်ပါးရှိသည်ဟု ဟောပါသည်၊ ဟုတ်မည်, မဟုတ်မည်။

၅။ ဉာဏ်တော်သာ ဘုရားဟုတ်သည်၊ ခန္ဓာတော်သည်ဘုရား မဟုတ်၊ ဉာဏ်တော်သာ ပစ္စေကဗုဒ္ဓါဖြစ်သည်၊ ခန္ဓာတော် သည် ပစ္စေကဗုဒ္ဓါမဟုတ်၊ ဉာဏ်တော်သာရဟန္တာဖြစ်သည်၊ ခန္ဓာတော်သည် ရဟန္တာမဟုတ်-ဆိုပါသည်။

၆။ မြတ်စွာဘုရားဆွမ်းစား, မစား, စကားဖြစ်ရာ ဉာဏ်တော်ကို ရည်လျှင်မစား, ခန္ဓာတော်ကိုရည်လျှင်စားပါ၏ဟု ဖြေသော စကားသင့်, မသင့်။

၇။ အလှူပေးသည့်အတွင်း "ကိလေသေ ဟနတိ ဟိံသတီတိ သံဃော" ဟူသောစကားနှင့်လျော်ညီစွာ မိမိကိုယ်ကို သံဃာ ပြုလုပ်၍ လှူနိုင်မှအကျိုးရသည်ဟု ဆိုပါသည်၊ အဘယ်သို့ သံဃာပြုပါရမည်။

၈။ ယခုဖြစ်ပွားသော ဝိဝါဒစကားများကို ပြောဆိုသောသူတို့ အား အကျိုးရှိ-မရှိ သိလိုပါသည်။

၉။ ဘုရားကိုပန်းပူဇော်၍အကျိုးမရှိ ဆိုပါသည်။

[ဤကား ကောက်နှုတ်ချက်တည်း။]

## ဆရာတော်ဘုရားကြီးဖြေတော်မူချက်

၎င်းကောက်နှုတ်ချက် ကိုးရပ်တွင် "ဘုရားသည် ပရမတ်ဘုရား, ပညတ်ဘုရားနှစ်ပါးရှိသည်ဟုဟောပါသည်၊ ဟုတ်မည်, မဟုတ်မည်" ဟူသော စတုတ္ထပုစ္ဆာကိုဖြေလိုက်လျှင် ပုစ္ဆာအများပင်ပြေ ပေမည်ဖြစ်၍ ၎င်းစတုတ္ထပုစ္ဆာကို ရှေးဦးစွာဖြေပေအံ့။

## ပရမတ်ဘုရား-ပညတ်ဘုရား

"ဗုဒ္ဓေါ၊ ဘုရား" ဟူရာ၌-

၁။ ဗုဓ-ဓာတ်နှင့် တ, ပစ္စည်းကိုစပ်၍ "ဗုဒ္ဓေါ"ဟု ဖြစ်လာသည်။

၂။ ဗုဓ-ဓာတ်မှာ သဗ္ဗညုတဉာဏ်တော်ကို ကောက်ရသည်။

၃။ တ-ပစ္စည်းမှာ ခန္ဓာတော်နှင့်တကွ သဏ္ဌာန်ပညတ်ကို ကောက်ရသည်။

၄။ သဒ္ဒါမှာ ဗုဓနှင့် တ, ပေါင်းမိကြမှ ဗုဒ္ဓဖြစ်လာသည်။

၅။ အနက်မှာလည်း သဗ္ဗညုတဉာဏ်တော်နှင့် ခန္ဓာဒြပ်နှစ်ပါး စပ်မှ ဘုရားဖြစ်လေသည်။

ထို့ကြောင့် မဟာနိဒ္ဒေသပါဠိတော်, ပဋိသမ္ဘိဒါမဂ်ပါဠိတော်တို့၌-

"သဟ သဗ္ဗညုတညာဏဿ ပဋိလာဘာ သစ္ဆိကာ ပညတ္တိ၊ ယဒိဒံ ဗုဒ္ဓေါတိ"

ဟူ၍ ဟောတော်မူသည်။

အနက်ကား။ ။ယဒိဒံ-ယာ အယံ ဗုဒ္ဓေါတိ=အကြင်ဗုဒ္ဓဟူ သော ပညတ်သည်၊ အတ္ထိ=ရှိ၏၊ ဧတံ-သော=ဤဗုဒ္ဓဟူသောပညတ် သည်၊ သဟသဗ္ဗညုတညာဏဿ ပဋိလာဘာ=သဗ္ဗညုတဉာဏ်ကို ရတော်မူ သည်နှင့် တစ်ပြိုင်နက်၊ သစ္ဆိကာ=မှန်ကန်စွာဖြစ်သော၊ ပညတ္တိ= ပညတ် ပေတည်း။

ပညတ်အမျိုးမျိုးတို့တွင်လည်း ဥပါဒါပညတ်, သဏ္ဌာနပညတ်, သန္တာနပညတ်ပေတည်း။

ထို့ကြောင့် ခုဒ္ဒကပါဌအဋ္ဌကထာ၌-

"သဗ္ဗဓမ္မေသု အပ္ပဋိဟတဉာဏနိမိတ္တာနုတ္တရဝိမောက္ခ-

ပရိဘာ ဝိတခန္ဓသန္တာနမုပါဒါယ ပဏ္ဏတ္တိတော၊ သဗ္ဗညုတ-
ညာဏပဒဋ္ဌာနံ ဝါ သစ္စာဘိသမ္ဗောဓိမုပါဒါယ ပဏ္ဏတ္တိတော
သတ္တ ဝိသေသော ဗုဒ္ဓေါ”

ဟူ၍ မိန့်တော်မူသည်။

[သီလက္ခန်ဋီကာ, သာရတ္ထဒီပနီဋီကာ, မဏိသာရမဉ္ဇူသာဋီကာ
စသည်တို့၌လည်း ဤအတိုင်းပင်လာသည်။]

အနက်ကား။ ။ သဗ္ဗဓမ္မေသု=အလုံးစုံသောတရားတို့၌၊ အပ္ပ
ဋိဟတညာဏနိမိတ္တာနုတ္တရဝိတမောက္ခပရိဘာဝိတခန္ဓသန္တာနံ=အဆီး
အတား မရှိသိစွမ်းနိုင်သော သဗ္ဗညုတညာဏ်လျှင်အကြောင်း နိမိတ်ရှိ
သော မြင့်မြတ်သော ဝိမောက္ခတို့ဖြင့် ထုံအပ်သော ခန္ဓာငါးပါး အစဉ်ကို၊
ဥပါဒါယ=အစွဲပြု၍၊ ပဏ္ဏတ္တိတော=ပညတ်အားဖြင့်၊ သတ္တဝိသေသော=
သတ္တပညတ်အထူးသည်၊ ဗုဒ္ဓေါ=ဗုဒ္ဓမည်၏၊ ဝါ=ဘုရားမည်၏။

ဝါ=တစ်နည်းကား၊ သဗ္ဗညုတညာဏပဒဋ္ဌာနံ=သဗ္ဗညုတညာဏ်
၏ပဒဋ္ဌာန်ဖြစ်သော၊ သစ္စာဘိသမ္ဗောဓိံ=အရဟတ္တမဂ်ညာဏ်ကို၊ ဥပါဒါ
ယ=အစွဲပြု၍၊ ပဏ္ဏတ္တိတော=ပညတ်အားဖြင့်၊ သတ္တဝိသေသော=သတ္တ
ပညတ်အထူးသည်၊ ဗုဒ္ဓေါ=ဗုဒ္ဓမည်၏၊ ဝါ=ဘုရားမည်၏။

ဇိနာလင်္ကာရကျမ်း၌လည်း-

၁။ ဗုဒ္ဓေါတိ ကော,

၂။ ဗုဒ္ဓဂုဏောတိ ကော,

သော အစိန္တိယာ ဒိတ္တ မုပါဂတောယော

ဟုအမေးပုစ္ဆာနှစ်ခွန်းကို ထုတ်တော်မူပြီးလျှင်-

၁။ “ဝိသုဒ္ဓခန္ဓသန္တာနော၊ ဗုဒ္ဓေါတိ နိယမော ကတော။

၂။ ခန္ဓသန္တာနသုဒ္ဓိ ဂုဏောတိ နိယမော ကတော။

ဟူ၍ ဖြေတော်မူသည်။

၁။ ဗုဒ္ဓေါတိ=ဗုဒ္ဓဟူ၍၊ ဝုတ္တော=ရှေးစကား၌ဆိုခဲ့သော၊ သော=ထိုဘုရားဟူသည်၊ ကော=အဘယ်နည်း။

[ဘုရားဟူသည် ပရမတ်လော, ပညတ်လောဟု မေးသည်။]

၂။ ယောဂုဏော=အကြင်ဂုဏ်တော်မြတ်အပေါင်းသည်၊ အစိန္တိယာဒိတ္တံ=အစိန္တေယျစသည်အဖြစ်သို့၊ ဥပါဂတော=ရောက်တော်မူ၏၊ သောဂုဏော=ထိုဂုဏ်တော်မြတ်အပေါင်းဟူသည်၊ ကော=အဘယ်နည်း။

[ဘုရားဂုဏ်တော်ဟူသည် ပရမတ်လော, ပညတ်လောဟုမေးသည်။]

၁။ ဝိသုဒ္ဓခန္ဓသန္တာနော=ကိလေသာတို့မှ စင်ပြီးသော ခန္ဓာငါးပါး၏အစဉ်ကို၊ ဗုဒ္ဓေါတိ=ဘုရားဟူ၍၊ နိယမော=အမြဲမှတ်သည်ကို၊ ကတော=ပြုအပ်၏။

[ခန္ဓာငါးပါး၏အစဉ်ဖြစ်သော သတ္တပညတ်, သန္တာနပညတ်ကို ဘုရားဟူ၍ မှတ်ရမည်ဟု ဖြေသည်။]

၂။ ခန္ဓသန္တာနသုဒ္ဓိ=ခန္ဓာငါးပါးအစဉ်၏ ဖြူစင်သန့်ရှင်းခြင်းကို မူကား၊ ဂုဏောတိ=ဘုရားဂုဏ်တော်ဟူ၍၊ နိယမော=အမြဲမှတ်သည်ကို၊ ကတော=ပြုအပ်၏။

[ကိလေသာတို့မှ သန့်ရှင်းစင်ကြယ်သော သဗ္ဗညုတဉာဏ်အစရှိသောပရမတ်, သဗ္ဗညုတအစရှိသောပညတ်များကို ဘုရားဂုဏ်တော်ဟူ၍ မှတ်ရမည်ဟုဖြေသည်။]

ဤသို့လျှင် ပါဠိတော်ကြီးတို့၌လည်းကောင်း, အဋ္ဌကထာတို့၌လည်းကောင်း, ဋီကာတို့၌လည်းကောင်း, ဂန္ထန္တရတို့၌လည်းကောင်း, ဝါသနာနှင့်တကွသော ကိလေသာတို့မှ စင်ကြယ်ပြီးသော ခန္ဓာငါးပါး၊

ထိုခန္ဓာငါးပါးကိုမှီ၍ ခေါ်ဝေါ်အပ်သော သဏ္ဌာနပညတ်ဒြဗ်ဝိသေသကို ဘုရားဆိုသည်ဟု ဖြေဆိုပေသည်။

ကိလေသာတို့မှ အတုမရှိစင်ကြယ်သော ခန္ဓာငါးရပ်ပရမတ်သည်လည်း ဘုရားမည်ပါ၏၊ ထိုခန္ဓာငါးရပ် ပရမတ်တို့၏ မြစ်ရေအယဉ်ကဲ့သို့ အစဉ်တွေတွေ ဆက်ကာနေသော သန္တာနပညတ်သည်လည်း ဘုရားမည်ပါ၏ဟုဆိုလိုသည်။

မဂ်ဉာဏ်, ဖိုလ်ဉာဏ်, သဗ္ဗညုတဉာဏ်အစရှိသော အစိတ်စိတ်သောဉာဏ်တော်တန်ခိုးတော် စသည်ကိုမူကား ဘုရား၏ဂုဏ်တော်ဟူ၍သာဆိုရမည်၊ ဘုရားဟူ၍မဆိုရဟူလိုသည်။

ဤပါဠိ, အဋ္ဌကထာ, ဋီကာ, ဂန္ထန္တရ စကားရပ်တို့ဖြင့်ပင်-

၁။ ဉာဏ်တော်သာ ဘုရားဟုတ်သည်၊ ပစ္စေက ဗုဒ္ဓါဟုတ်သည်၊ ရဟန္တာဟုတ်သည်၊ ခန္ဓာသည်ဘုရားမဟုတ်၊ ပစ္စေကဗုဒ္ဓါမဟုတ်၊ ရဟန္တာ မဟုတ်- ဟူသော ဘုတ်အုတ်စာငယ်စကား,

၂။ ဘုရားဆွမ်းမစားဟူသော စကား,

၃။ သဒ္ဓါမိုက်ဖြင့်ဘုရား၌ရှိသော ကေသာ-စသည်ကို လောကုတ္တရာတရားကိုးပါးထင်မှတ်၍ ရှိခိုးလျှင် ဘုရားကို စွပ်စွဲဆဲရေးရာရောက်သည်ဟူသော စကားများကိုလည်း နင်းနယ်ချေပွတ်လိုက်သည်။

ဤစကားရပ်စုတွင်-

၁။ ဘုရားဆွမ်းစားကြောင်း,

၂။ ကေသာ-စသည်ကို လောကုတ္တရာတရား ကိုးပါးထင်မှတ်၍ ရှိခိုးထိုက်ကြောင်း,

၃။ သဒ္ဒါမိုက်ဟူ၍လည်းကျမ်းဂန်၌ရှိကြောင်း,
၄။ ၎င်းကေသာ- စသည်ကို လောကုတ္တရာတရားကိုးပါး ထင်မှတ်၍ ရှိခိုးကြည်ညိုခြင်းသည် သဒ္ဒါမိုက်မဟုတ်၊ အလွန်လိမ္မာသော သဒ္ဒါဖြူဖြစ်ကြောင်းများကို နောက်မှ ဆိုမည်။

"ဉာဏ်တော်သာဘုရား၊ ခန္ဓာတော်ဘုရားမဟုတ်" ဟူသော စကားကို နင်းနယ်ချေပွတ်ပြီး ဖြစ်ပါသော်လည်း အကျကောက်၍ နောက်ဆွယ်ရှိပြန်သေးသည်ကို ဆိုလိုက်ဦးအံ့။

"ဗုဒ္ဓိတိ= သိတော်မူတတ်၏၊ ဣတိတသ္မာ= ထို့ကြောင့်၊ ဗုဒ္ဓေါ= ဗုဒ္ဓမည်တော်မူ၏" ဟူရာ၌-

"သိတော်မူတတ်သည်" ဟူသောအလုံးကို အဘိဓမ္မာခုနစ် ကျမ်းတွင်ရှာသော် ပညိန္ဒြေစေတသိက်တစ်ခုသာ ရှိသည်၊ ပညိန္ဒြေစေတသိက်မှကြွင်းသော ဖဿ, ဝေဒနာ-အစရှိသော နာမက္ခန္ဓာလေးပါး၊ ပထဝီ, အာပေါ-အစရှိသော ရူပက္ခန္ဓာတစ်ပါး၊ ဤခန္ဓာငါးပါးထဲမှာ သိခြင်းလက္ခဏာရှိသော တရားဟူ၍ တစ်ခုမျှမပါ၊ ပညတ်တရားဟူသည်မှာ တရားကိုယ်အားဖြင့် ရှိသောတရားပင်မဟုတ်၊ သိတတ်မည် ဝေးစွ၊ သိတတ်သော တရားမဟုတ်ကလည်း မသိတတ်သောတရားပင် ဖြစ်၏။

ထို့ကြောင့် သိတတ်မှ ဘုရားဆိုရလျှင် မသိတတ်သောဖဿကို, ဝေဒနာကို, သညာကို, သင်္ခါရစုကို, ဝိညာဉ်ကို, ပထဝီကို, အာပေါကို, တေဇောကို, ဝါယောကို ဘုရားဟူ၍ ဆိုခွင့်မရှိ၊ မရှိပါဘဲနှင့် ဘုရားဆိုလျှင် အပိုအမှားသာဖြစ်လေ၏ဟု သုတ္တန်, အဘိဓမ္မာ, သဒ္ဒါဝေါဟာရသုံးပါးကို သူ့နေရာနှင့်သူ အစေ့အစပ်မသိတတ်သော ပရမတ်ယောင်ဝါးလှုပ်တိုင်းမှားတို့က ဆိုဖွယ်ရှိပြန်၏၊ ဧကန်ဆိုမည်ပင်ဖြစ်၏။ ဤသို့သော

ဆိုဖွယ်ကိုလည်း နှင်းနယ်ချေပွတ်ရမည်။

အဘယ်သို့ နှင်းနယ်ချေပွတ်ရမည်နည်းဟူမူကား-

"ဗုဒ္ဓေါ=သိတော်မူတတ်သောဘုရား" ဟူရာ၌-

၁- (က) သိတော်မူကား ဗုဓ-ဓာတ်၏အနက်။
(ခ) တတ်သောဘုရားကား တ-ပစ္စည်း၏အနက်။

၂- (က) သိတော်မူကား သဗ္ဗညုတဉာဏ်၊ ဝါ=အရဟတ္တမဂ်ဉာဏ်၊
(ခ) တတ်သောဘုရားကား ခန္ဓာတော်။

၃- (က) သိတော်မူကား ဝိသေသန။
(ခ) တတ်သောဘုရားကား ဝိသေသျ။

၄- (က) သိတော်မူကား ဂုဏ်တော်မြတ်။
(ခ) တတ်သောဘုရားကား ဂုဏီဒြဗ်။

၅- (က) သိတော်မူကားကြိယာ။
(ခ) တတ်သောဘုရားကား ကာရက။

ဤသို့ဗုဒ္ဓဟူသော စကားတစ်ခွန်း၌ ဗုဓ-တစ်ခြား, တ-ပစ္စည်းတစ်ခြား၊ နှစ်ပါးစပ်မှ"ဗုဒ္ဓ-သိတော်မူတတ်သောဘုရား" ဖြစ်သည်၊ သိတော်မူအရ ဉာဏ်တော်သည်- ဗုဓ, တတ်သောဘုရားအရ ဒြဗ်တော်သည်-တ, နှစ်ပါးစပ်မှ"ဗုဒ္ဓ-သိတော်မူတတ်သောဘုရား"ဖြစ်သည်။

ဗုဓ-အရဖြစ်သော ဉာဏ်တော်သည် ဘုရား၏ဂုဏ်တော်သာဖြစ်သည်၊ ဘုရားမဟုတ်၊ တ-ပစ္စည်းအရ ခန္ဓာဒြဗ်တော်သည် ဘုရားသာဖြစ်သည်၊ ဉာဏ်တော်မဟုတ်၊ ဉာဏ်နှင့်ဒြဗ်နှစ်ပါးစပ်မှ"ဗုဒ္ဓအရ-သိတော်မူတတ်သောဘုရား"တစ်ဆူသာဖြစ်သည်။

ဗုဒ္ဓ-သဒ္ဒါကားဉာဏ်တော်ကိုအစွဲပြု၍ ခန္ဓာငါးပါးဘုရား ဒြဗ်ကို သာ မုချအားဖြင့်ဟောသည်၊ ဉာဏ်တော်ကိုမုချအားဖြင့်မဟော၊ ဉာဏ် တော်ကိုမူကား အကြောင်းအနေမျှသာဟောသည်။

နိမိတ္တော တွပ္ပဓာနေန၊ တဗ္ဗိသေသျောပဓာနတော။

[သဒ္ဒတ္ထဘေဒစိန္တာ။]

အနက်ကား။ ။ နိမိတ္တောတု=အကြောင်းဖြစ်သောအနက်ကို မူကား၊ သဒ္ဒေန=ဗုဒ္ဓ-အစရှိသောသဒ္ဒါသည်၊ အပ္ပဓာနေန=အပဓာန အားဖြင့်သာလျှင်၊ ဝုတ္တော=ဟောအပ်၏၊ တဗ္ဗိသေသျော=ထိုအကြောင်း တရားသည် အထူးပြုအပ်သော ဒြဗ်အနက်ကိုသာလျှင်၊ ပဓာနတော= မုချအားဖြင့်၊ ဝုတ္တော=ဟောအပ်၏။

ထို့ကြောင့်ပင်လျှင် အထက်ကထုတ်ပြခဲ့ပြီးသော ပါဠိ, အဋ္ဌကထာ ဋီကာကျမ်းတို့၌လည်း ဗုဒ္ဓ-အရကို သန္တာနပညတ်နှင့်တကွ ခန္ဓာဒြဗ် တော်ကိုသာ လိုရင်းကောက်ပြကြကုန်သည်။ ။

[ဤကား သဒ္ဒါကျမ်းဂန်များနှင့် စစ်ဆေးလျှင်လည်း ခန္ဓာတော်သာ မုချဗုဒ္ဓ, မုချဘုရားမည်ကြောင်း၊ ဉာဏ်တော်သည်ကား ဘုရားမဟုတ်, ဘုရား ဂုဏ်တော်သာဖြစ်ကြောင်းကို ထင်လင်းစွာပြလိုက်သော စကားရပ် စုပေတည်း။]

ဤစကားရပ်တို့ဖြင့် သဒ္ဒါလည်းမတတ်, ကျမ်းဂန်လည်း မနှံ့စပ်ရှာ ကြကုန်သော ပရမတ်ကောင်လူယောင်ယောင်တို့သည် "ဗုဒ္ဓေါ =သိတော် မူတတ်သည်"ဟူသောအသံအရိပ်ကိုဖမ်း၍ ဉာဏ်တော်သည် သာ ဘုရား ဟုတ်သည်၊ ခန္ဓာတော်ဘုရားမဟုတ်ဟု ပြောင်းပြန်ပြောဆိုသောစကား များကို နင်းနယ်ချေပွတ်လိုက်သည်။

ပရမတ်ဘုရား, ပညတ်ဘုရား ပြဆိုချက်ပြီး၏။

## ဉာဏ်တော်, ခန္ဓာတော်

ဉာဏ်တော်, ခန္ဓာတော်ဟု ခွဲခြမ်းရာ၌လည်း-

၁။ ဉာဏ်တော်ဟူသည်မှာ ပညိန္ဒြေစေတသိက် တစ်ခုကိုသာရသည်။

၂။ ခန္ဓာတော်ဟူသည်မှာ ၎င်းပညိန္ဒြေစေတသိက်နှင့်တကွ ခန္ဓာငါးပါး ဘုရားဖြစ်တော်ကိုရသည်-တစ်ရပ်။

“ဗုဒ္ဓေါ၊ သိတော်မူတတ်သောဘုရား ” ဟူရာ၌-

သိတော်မူ-ဟူသော ရှေ့ပိုင်းကိုပင် မှချထားပါဦးတော့၊ ထိုသို့သိတော်မူ-ဟူသော အသံရှေးရှိရာ ဗုဒ္ဓ-သဒ္ဒါစသည်တို့၌သာလျှင် ဉာဏ်တော်ကို ဘုရားဆိုနိုင်မည်။

သိတော်မူ- ဟူသော အနက်မထွက်နိုင်ပေမူ၍ တစ်ခြားတစ်ပါးသော အနက်သာထွက်နိုင်သော “ အရဟံ- ပူဇော်ကို ခံတော်မူထိုက်သောဘုရား” ဟူရာ၌-

သိတော်မူ-ဟူသော အသံကိုဖမ်းရန်မရှိ၊ ပူဇော်ကိုခံတော်မူထိုက်သော အသံကိုဖမ်းရလိမ့်မည်၊ ပူဇော်ကိုခံတော်မူထိုက်သော ဂုဏ်တော်သည်သာလျှင် အရဟံမည်၏၊ ဘုရားမည်၏၊ ခန္ဓာတော်သည် ဘုရားမဟုတ်ဟု ဆိုရလိမ့်မည်။

ပူဇော်ကိုခံတော်မူထိုက်သော ဂုဏ်တော်ဟူသည်လည်း-

အတုမရှိမြင့်မြတ်သော သီလတော်, သမာဓိတော်, ပညာတော်, ဝိမုတ္တိတော်, ဝိမုတ္တိဉာဏဒဿနဉာဏ်တို့ပင် ဖြစ်ချေသည်၊ အကျဉ်းအားဖြင့် သီလ, သမာဓိ, ပညာ သုံးပါးဖြစ်ချေသည်။

ထို့ကြောင့် အရဟံ- ပုဒ်က ထွက်သောဘုရားမှာ သီလဂုဏ်တော်သည်လည်း ဘုရားပင်ဖြစ်သည်၊ ရူပဈာန်တရား, အရူပဈာန်တရား,

လောကုတ္တရာစျာန်တရားများသည်လည်း ဘုရားပင်ဖြစ်သည်။
[ဤကား အရဟံ- ပုဒ်ထွက်သော ဘုရားတည်း။]

“ ဝိဇ္ဇာစရဏသမ္ပန္နော၊ ဝိဇ္ဇာသုံးပါး, ဝိဇ္ဇာရှစ်ပါး, စရဏတစ်ဆယ့်ငါးပါးနှင့် ပြည့်စုံတော်မူသောဘုရား” ဟူရာ၌လည်း-

ဂုဏ်တော်ကိုသာ ဘုရားဟူ၍ယူပါမူ ဝိဇ္ဇာသုံးပါး, ဝိဇ္ဇာရှစ်ပါးသည်လည်း ဘုရားပင်၊ ဝိဇ္ဇာဟူသည် ဉာဏ်တော်ပင်ဖြစ်ပေသည်။

၁။ သီလသံဝရ,

၂။ ဣန္ဒြိယသံဝရ,

၃။ ဘောဇနေမတ္တညုတာ,

၄။ ဇာဂရိယာနုယောဂ,

၅။ သူတော်ကောင်းဥစ္စာခုနစ်ပါး,

၆။ စျာန်လေးပါး,

ဟူသော စရဏဂုဏ်တော် တစ်ဆယ့်ငါးတွင် ဉာဏ်တော် အ နည်းငယ်မျှသာပါသည်၊ ဉာဏ်တော်မဟုတ်သော ဂုဏ်တော်သာများပေသည်။

“ပရိသုဒ္ဓကာယသမာစာရော၊ ကိလေသာတို့မှစင်ကြယ်သော ကိုယ်တော် အကျင့်ရှိတော်မူသော ဘုရား” ဟူရာ၌-

ကိလေသာတို့မှစင်ကြယ်သော ကိုယ်အကျင့်ရှိတော်မူသည်ကား ကိုယ်အင်္ဂါတို့ကို လှုပ်ရှားသောအခါ၌ ပညာရှိတစ်ပါးတို့ ကဲ့ရဲ့ဖွယ်မရှိသော ကိုယ်တော်အမူအရာတည်းဟူသော ကာယဝိညတ်နှင့်တကွသော စိတ္တဇရုပ်ကလာပ်, ထိုစိတ္တဇရုပ်ကလာပ်နှင့် အတူတကွ လှုပ်ရှားကြသော ကမ္မဇရုပ်ကလာပ်- ဥတုဇရုပ်ကလာပ်- အာဟာရဇရုပ်ကလာပ်စုသည်လည်းကောင်း, စိတ္တဇရုပ်ကလာပ်ကို ဖြစ်စေတတ်သော မဟာကြိယာ

ဇော နာမကန္ဒွာလေးပါးသည်လည်းကောင်း ဤခန္ဓာငါးပါးသည် ပရိသုဒ္ဓ ကာယသမာစာရဂုဏ်တော်မည်၏။

ဂုဏ်တော်ကိုသာ ဘုရားဆိုလိုသောသူတို့သည် ဤပရိသုဒ္ဓကာ ယ သမာစာရဂုဏ်တော်သို့ကျလျှင် ကာယဝိညတ်နှင့်တကွသော ခန္ဓာ ငါးပါးကိုပင် ဘုရားဆိုရမည် ဧကန်ဖြစ်ကုန်၏၊ ပရိသုဒ္ဓဝစီသမာစာရ ဂုဏ်တော်သို့ ကျလျှင်လည်း ဝစီဝိညတ်နှင့်တကွသော ခန္ဓာငါးပါးကိုပင် ဘုရားဆိုရမည် ဧကန်တည်း။

"ဗျမပ္ပဘော=တစ်လံမျှလောက် အထူးတောက်သော ရောင် ခြည်တော်ခြောက်ပါးရှိတော်မူသော ဘုရား" ဟူရာ၌-

ဂုဏ်တော်ကိုဘုရားဆိုလျှင် ရောင်ခြည်တော်ခြောက်ပါးကိုပင် ဘုရားဆိုရမည်ဧကန်တည်း။

"ဗြဟ္မုဇ္ဇုဂတကာယော=ဗြဟ္မာမင်း၏ကိုယ်ကဲ့သို့ ဖြောင့်မတ်သော ကိုယ်ရှိတော်မူသောဘုရား"ဟူရာ၌-

အလွန်ဖြောင့်မတ်သော ရူပကာယတော်ကိုပင် ဘုရားမဆိုသော် အဘယ်ကိုဆိုမည်နည်း။

"ဥဏှီသသီသော=ရွှေသင်းကျစ်ဖျား ရစ်၍ထားသို့ လုံးသောဦး ခေါင်းရှိတော်မူ၏" ဤပုဒ်မှထွက်သော ဘုရားကို ဦးခေါင်းတော်ကို မဆို လျှင်အဘယ်ကို ဆိုမည်နည်း။

[ဤအတူ သုတ်ပါထေယျပါဠိတော်လက္ခဏသုတ်၌ ဟောတော် မူအပ်သော သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီးကို ပြတတ်သော ဂုဏ်တော်ပုဒ်တို့ကို ထုတ်၍ ခဲ့လေ။]

ဤသို့လျှင် ဘုရားဂုဏ်တော်ပုဒ်သည် ဉာဏ်တော်နှင့်စပ်သော "ဗုဒ္ဓေါ"တစ်ပုဒ်သာရှိသည်မဟုတ်။

စင်စစ်မူကား-

ဘုရား၏နာမက္ခန္ဓာတို့နှင့်စပ်သော ဂုဏ်တော်ပုဒ်တို့လည်း အသင်္ချေမက များလှပါကုန်၏၊ ရူပက္ခန္ဓာ ရူပကာယနှင့် စပ်သောဂုဏ်တော်ပုဒ်တို့လည်း အလွန်များပါကုန်၏၊ အလုံးစုံသောဂုဏ်တော်ပုဒ်တို့၌ပင် ပုဒ်က ထွက်လာသော အနက်သံနှင့်လျော်စွာ ဂုဏ်တော်ကို ကောက်ရသည်။

အချို့ပုဒ်က သီလဂုဏ်တော်ထွက်သည်၊ အချို့ပုဒ်ကစျာန် သမာဓိဂုဏ်တော်ထွက်သည်၊ အချို့ပုဒ်က ဝီရိယဂုဏ်တော်ထွက်သည်၊ အချို့ပုဒ်က အဆင်းအရောင် ဂုဏ်တော်ထွက်သည်၊ အချို့ပုဒ်က အသံဂုဏ်တော်ထွက်သည်၊ ဤသို့စသည်ဖြင့် ဉာဏ်တော်မှတစ်ပါး မရေတွက်နိုင်သော ဂုဏ်တော်တို့လည်း ထင်ရှားရှိပေကုန်သည်။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ- ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း အဖွင့်၌လည်း-

> ဉာဏ်တော်ကိုသာ အာရုံပြု၍စီးဖြန်းမှ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းမြောက်သည်ဟု မလာပေ၊ သီလဂုဏ်တော်, သမာဓိဂုဏ်တော်-စသည်တို့တွင် ထင်နိုင်ရာ, မြင်နိုင်ရာကို အာရုံပြု၍ စီးဖြန်းရမည်ပင်ဖြစ်သည်၊ သီလဂုဏ်တော်ကို စီးဖြန်းလျှင်လည်း ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းမြောက်တော့သည်၊ သမာဓိဂုဏ်တော်စသည်ကို စီးဖြန်းလျှင်လည်း ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းမြောက်တော့သည်။
>
> ဉာဏ်တော်ကိုသာ ဘုရားဆိုခဲ့လျှင် ဉာဏ်တော်မဟုတ်သော သီလဂုဏ်, သမာဓိဂုဏ်တော်စသော ဂုဏ်တော်အနန္တတို့ကို ဖျက်ပယ်ရာကျသည်၊ ခန္ဓာတော်ကိုဘုရားဆိုလျှင် ထိုဂုဏ်

တော်အနန္တ, ဉာဏ်တော်အနန္တတို့သည် ခန္ဓာတော်မှာ အကုန်ပါ ပေကုန်သည်၊ ဘယ်ဟာကျန်သည်ဟု ဆိုဖွယ်မရှိပေ။

ထိုသို့ဖြစ်ပါလျက် ဉာဏ်တော်ကို အထူးမှတ်၍ဆိုရာ၌ ဥပမာ ဆိုသည်ရှိသော်-

အလွန်ကောင်းသော ဝိဇ္ဇာမယဆေးဖြင့် ပြဒါးကိုစီရင်၍ သေလေရာ ပြဒါးခဲကို ခဲအခွက် တစ်ဆယ်အရည်လင်မှာပစ်၍ ဇမ္ဗူရာဇ်ရွှေတုံးဖြစ်သည်ဟူရာ၌ကဲ့သို့ မှတ်ရမည်၊ ပြဒါးခဲပြာခဲသည် ရွှေတုံးကြီးဖြစ်၍ သွားသည်မဟုတ်၊ ခဲဘာသာလည်း ရွှေတုံးကြီးဖြစ်နိုင်သည် မဟုတ် ပြဒါးပြာတစ်ပဲနှင့်ပေါင်းမိသည်နှင့်တစ်ပြိုင်နက် ခဲဇာတိကိုအကုန်စွန့်၍ ရွှေစင်အစစ်ရွှေတုံးကြီးဖြစ်ရလေသတည်း၊ ရွှေစင်ရွှေတုံးကြီးဖြစ်ပြီး နောက် ခဲဟူ၍မလေးမစားမပြုထိုက်။

## ဥပမာ ဥပမေယျ စပ်ဟပ်ပြချက်

၁။ ခန္ဓာငါးပါးအပေါင်းနှင့် ရွှေတုံးကြီးတူသည်။

၂။ ပြဒါးပြာနှင့် သဗ္ဗညုတဉာဏ်၊ ဝါ=အရဟတ္တမဂ်ဉာဏ် တူသည်။

၃။ အလွန်ကောင်းသောဆေးကိုစုဆောင်းရှာမှီးရသည်နှင့် ပါရမီကိုဖြည့်ရခြင်းတူသည်။

၄။ နဂိုခဲလုံးကြီးနှင့် ပုထုဇဉ်ခန္ဓာတူသည်။

၅။ ခဲလုံး၌ရှိသောအညစ်အကြေးနှင့် ကိလေသာတူသည်။

၆။ အရည်လင်အောင် ပြုသည်နှင့် တရားကို အားထုတ်တော်မူခြင်း တူသည်။

၇။ မီးနှင့်ဝီရိယ တူသည်။

၈။ အရည်လင်ရာတွင် ပြာကိုပစ်၍ ရွှေစင်အစစ်ဖြစ်သည်နှင့် ချာန်သမာပတ်ကို ရတော်မူရာတွင် ဘုရားဖြစ်ခြင်းငှါ ပဋိစ္စ သမုပ္ပါဒ်ကို သုံးသပ်တော်မူသည်၊ မိုးသောက်ယံ၌ အရဟတ္တ မဂ်ဉာဏ် ဖြစ်သည်နှင့် တစ်ပြိုင်နက် ကိလေသာအာသဝေါ ကုန်၍ ခန္ဓာငါးပါး ဘုရားဖြစ်ခြင်းတူသည်။

ပစ္စည်းဥစ္စာချမ်းသာလိုသောသူတို့သည် ထိုရွှေတုံးကြီးကို အလွန်ရို သေရသကဲ့သို့ လောကီ, လောကုတ္တရာ ချမ်းသာကို လိုသောသူတို့သည် ထိုခန္ဓာငါးပါးကို အလွန်ရိုသေထိုက်လှပေသတည်း။

[ဤမျှသောစကားရပ်တို့ဖြင့် "ခန္ဓာကို ဘုရားမဟုတ်၊ ခန္ဓာကို ပစ္စေကဗုဒ္ဓါ မဟုတ်" ခန္ဓာကိုရဟန္တာမဟုတ်ဟုဆိုသော ထိုဘုတ်အုပ် စာငယ်ကို နင်းနယ်ချေပွတ်လိုက်သည်]

ထိုသို့ ဖြစ်သော်--

မေး။ ။ "ဗုဒ္ဓေါ သဗ္ဗညုတညာဏံ၊ ခမ္မော လောကုတ္တရော မတော" ဟူသော ပါဠိများကို အဘယ်သို့ဆိုမည်နည်းဟူမူ။

ဖြေ။ ။ မဏိသာရမဉ္ဇူသာ-စသော ကျမ်းဆရာတို့ ထိုပါဠိကို ဆိုပေ ပြီးဖြစ်၍ ယခုမှဆိုနေဖွယ်မရှိ။

သဗ္ဗညုတညာဏံ=သဗ္ဗညုတညာဏ်တော်ကို၊ အဓိဂတော=ရ တော်မူသော ခန္ဓာတော်သည်၊ ဗုဒ္ဓေါ= ဗုဒ္ဓမည်၏၊ဝါ၊ ဘုရားမည်၏။

[မဏိသာရမဉ္ဇူသာဆရာတော်ဆိုပုံ။]

ဉာဏ်တော်, ခန္ဓာတော် ဘုရားပြဆိုချက်ပြီး၏။

## စေတီလေးပါး

(က) စေတိယမ္ပိစ သံဃေဝါ၊ ပုဂ္ဂလေ အတိထီသုဝါ။
မာတရိ ပိတရိစာပိ၊ အထော ဇေဋ္ဌမ္ပိ ဘာတရိ။
(ခ) ဧသော နိဓိ သုနိဟိတော၊ အဇေယျော အနုဂါမိယော။
ပဟာယ ဂမနိယေသု၊ ဧတံ အာဒါယ ဂစ္ဆတိ။ ။
(ခုဒ္ဒကပါဌပါဠိတော် နိဓိကဏ္ဍသုတ်)

(ဂ) တတ္ထ စေတယိတဗ္ဗန္တိ စေတိယံ၊ ပူဇေတဗ္ဗန္တိ ဝုတ္တံ ဟောတိ၊ စိတတ္တာဝါ စေတိယံ၊ တံပနေတံ တိဝိဓံ ဟောတိ ပရိဘောဂစေတိယံ ဥဒ္ဒိဿကစေတိယံ သဓာတုက စေတိယန္တိ၊ တတ္ထဗောဓိရုက္ခော ပရိဘောဂစေတိယံ၊ ဗုဒ္ဓပဋိမာ ဥဒ္ဒိဿကစေတိယံ၊ ဓာတုဂဗ္ဘထူပါ သဓာတု ကာ သဓာတုကစေတိယံ။
[ဒုင်းအဖွင့် ခုဒ္ဒကပါဌအဋ္ဌကထာ။]

## အနက်ကား

(က) စေတိယမ္ပိဝါ=စေတီသုံးပါး၌လည်းကောင်း၊ သံဃေဝါ= သံဃာ၌လည်းကောင်း၊ ပုဂ္ဂလေဝါ=ပုဂ္ဂိုလ်၌လည်း ကောင်း၊ အတိထီသုဝါ=လူဧည့်သည်, ရှင်ဧည့်သည်တို့၌ လည်းကောင်း၊ မာတရိစာပိ=အမိ၌လည်းကောင်း၊ ပိတရိစာပိ=အဖ၌လည်းကောင်း၊ အထော=ထိုမှတစ်ပါး၊ ဇေဋ္ဌမ္ပိဘာတရိ= အစ်ကိုကြီး အစ်မကြီး၌လည်းကောင်း။
(ခ) သုနိဟိတော=ကောင်းစွာ မြှုပ်ထားအပ်သော၊ ဧသောနိဓိ= ဤကုသိုလ်ဟူသော ရွှေအိုးသည်၊ အဇေယျော=ရန်သူငါး

ပါးတို့သည် အောင်မြင်ခြင်းငှါ မတတ်ကောင်း၊ အနုဂါမိယော=သွားလေရာရာ သံသရာ၌အစဉ်လိုက်၏၊ ပဟာယဂမနိယေသု=သေလျှင် စွန့်ပစ်၍သွားရမည့် အရာစုတို့၌၊ ဧတံ=ဤကုသိုလ်ရွှေအိုးကိုသာ၊ အာဒါယ=ယူ၍၊ ဂစ္ဆတိ=သွားနိုင်၏။

[ရှေ့ဂါထာဖြင့် ကုသိုလ်ရွှေအိုးမြုပ်နှံထိုက်ရာဌာနကို ဟောပြပေသည်။]

(ဂ) တတ္ထ=ထိုဂါထာဒေသနာ၌၊ စေတယိတဗ္ဗံ=ပူဇော်အပ်၏၊ ဣတိ=ထို့ကြောင့်၊ စေတိယံ=စေတီမည်၏၊ ပူဇေတဗ္ဗံ=ပူဇော်အပ်၏၊ ဣတိ=ဤသို့၊ ဝုတ္တံ=ဆိုလိုသည်၊ ဟောတိ=ဖြစ်၏၊ ဝါ=တစ်နည်းကား၊ စိတတ္တာ=ပွါးစေအပ်, ဆည်းပူးအပ်သည်၏အဖြစ်ကြောင့်၊ စေတိယံ=စေတီမည်၏၊ တံပနေတံ=ထိုစေတီသည်၊ ပရိဘောဂ စေတိယံ=ပရိဘောဂစေတီလည်းကောင်း၊ ဥဒ္ဒိဿက စေတိယံ=ဥဒ္ဒိဿကစေတီလည်းကောင်း၊ သဓာတုက စေတိယံ=သဓာတုကစေတီလည်းကောင်း၊ ဣတိ=ဤသို့၊ တိဝိဓံ=သုံးပါးအပြားရှိ၏၊ တတ္ထ=ထိုသုံးပါးတို့တွင်၊ ဗောဓိရုက္ခော=ဗောဓိပင်သည်၊ ပရိဘောဂစေတိယံ=ပရိဘောဂစေတီမည်၏၊ ဗုဒ္ဓပဋိမာ=ဘုရားရုပ်ပွါး, ဘုရားဆင်းတုတော်များသည်၊ ဥဒ္ဒိဿကစေတိယံ=ဥဒ္ဒိဿက စေတီမည်၏၊ သဓာတုကာ=ဓာတ်တော်နှင့်တကွသော၊ ဓာတုဂဗ္ဘထူပါ=ဓာတ်တော်ကြုတ်, ဓာတ်တော်တိုက်, ဓာတ်တော်တည်ရာစေတီပုထိုးများသည်၊ သဓာတုက စေတိယံ=သဓာတုက

စေတီမည်၏။

[ရှေးအထက်ပေးလိုက်သော စာ၌လည်း စေတီသုံးပါး လေးပါး အခွဲ ပါလေပြီ]

-------------

## မေးမြန်းဖွယ်

မေး။ ။ စေတီသုံးပါး, လေးပါးကို လျှုဒါန်းပူဇော်ပါလျှင်အကျိုး ကြီးပါမည်လော- မေးရန်ရှိ၏။

ဖြေ။ ။ တိဋ္ဌန္တေ နိဗ္ဗုတေစာပိ၊ သမေ စိတ္တေ သမံ ဖလံ။ စေတောပဏိဓိ ဟေတူဟိ၊ သတ္တာ ဂစ္ဆန္တိ သုဂ္ဂတိံ။
[ဝိမာနဝတ္ထုပါဠိတော်။]

ရာဇဂြိုဟ်ပြည်တွင် စေတီတော်ကို သပ္ပတ်, ခဝဲပွင့်လှူဒါန်း၍ သေသည့်နောက် တာဝတိံသာ၌ ထင်ရှားစွာဖြစ်လေသော သူငယ်မ ဝတ္ထုတွင် လာသည်။

တိဋ္ဌန္တေစ=သက်တော် ထင်ရှားရှိသော မြတ်စွာဘုရား၌လည်း ကောင်း၊ နိဗ္ဗုတေစ= နိဗ္ဗာန်စံပြား ကိုယ်တော်စားဖြစ်သော စေတီသုံးပါး၌ လည်းကောင်း၊ စိတ္တေ=ကြည်ညိုသောစိတ်သည်၊ သမေ=တူမျှကြပေ မူကား၊ သမံဖလံ=အကျိုးတူမျှ၏၊ ဟိသစ္စံ=မှန်၏၊ စေတောပဏိဓိဟေတု= စိတ်ထားကောင်းသောကြောင့်သာလျှင်၊ သတ္တာ=သတ္တဝါတို့သည်၊ သုဂ္ဂတိံ=သုဂတိသို့၊ ဂစ္ဆန္တိ=လားကြကုန်၏။

["စေတောပဏိဓိဟေတူတိ အတ္တနော စိတ္တဿ သမ္မဒေဝ ထပနနိ မိတ္တံ၊ အတ္တနော သမ္မာ ပဏိဓာနေနာတိ အတ္ထော" ဟူ၍ ဝိမာနဝတ္ထု အဋ္ဌကထာဖွင့်သည်နှင့် အညီ ပေးလိုက်သော အနက်။]

ဤပါဠိတော်၌ "တိဋ္ဌန္တေ နိဗ္ဗုတေ စာပိ၊ သမေ စိတ္တေ သမံ ဖလံ" ဟူသော ရှေ့ပိုင်းကိုကြားနာသောအခါ သက်တော်ထင်ရှားရှိသော ဘုရားနှင့် ဗောဓိ, ရုပ်ပွါး, ဓာတ်တော်များသည် အကျိုးပေးတူနိုင်မည်လော၊ အကြံဖြစ်ဖွယ်ရှိ၍ "စေတောပဏိဓိဟေတူဟိ၊ သတ္တာ ဂစ္ဆန္တိ သုဂ္ဂတိံ" ဟုနောက်ပိုင်းကိုထပ်ရသည်။

ဗောဓိ, ရုပ်ပွါး, ဓာတ်တော်များကိုပင် ဘုရားကိုယ်တော်မြတ်နှင့် မထူးမခြားနှလုံးထားနိုင်ပေမူ အကျိုးပေးတူပါ၏။

အဘယ့်ကြောင့်နည်းဆိုသော်--

ဘုရားစေတီတို့က အကျိုးပေးရင်းမဟုတ်၊ အာရုံမျှသာ ဖြစ်ပေသည်၊ စိတ်ကသာ အကျိုးပေးရင်းဖြစ်ပေသည်၊ ထို့ကြောင့် စိတ်ထားတူပေလျှင် အကျိုးပေးချင်းတူနိုင်ပါ၏ ဆိုလိုသည်။

ထို့ကြောင့်ပင်လျှင် ကျမ်းဂန်တို့၌ ဗောဓိပင်, ရုပ်ပွါးတော်, ဓာတ်တော်, မွေတော်, စေတီတော်များကို ရှိခိုးပူဇော်သောအခါ သက်တော်ထင်ရှားရှိသောဘုရားကို ရှိသေလေးမြတ်သကဲ့သို့ ရှိသေလေးမြတ်စွာ စိတ်နှလုံးထားရမည်ဟု များစွာလာပေသည်။

## မေးမြန်းဖွယ်

မေး။ ။ဗောဓိညောင်တော်, ရုပ်ပွါးဆင်းတုတော်, ဓာတ်တော်, မွေတော်, စေတီတော်များသည် အဝိညာဏကဝတ္ထုရုပ် အဗျာကတတစ်ခုသာ ဖြစ်ပါလျက် အဘယ်သို့ မြတ်စွာ ဘုရားကိုယ်တော်မြတ်နှင့် ထပ်တူထပ်မျှ ဖြစ်အောင် စိတ်နှလုံးထားပါမည်နည်း-မေးရန်။

ဖြေ။ ။မြတ်စွာဘုရားကို ရှိခိုးပူဇော်ခြင်းကို ပြုကြရသည်လည်း ဂုဏ်တော်ကို ကြည်ညိုလေးမြတ်၍ ပြုကြရသည်၊ ဗောဓိညောင်တော်၊ ရုပ်ပွါးဆင်းတုတော်၊ ဓာတ်တော်၊ မွေတော်၊ စေတီတော်များကို ရှိခိုးပူဇော်ရခြင်းသည်လည်း ဂုဏ်တော်တွေကို ကြည်ညိုလေးမြတ်၍ ဗောဓိ ရုပ်ပွါး၊ ဓာတ်တော်များကိုပင် လောကုတ္တရာတရားကိုးပါးစသော ဂုဏ်တော်အတုံးအခဲတွေ၊ ဂုဏ်တော်တို့၏ တည်နေရာတွေကဲ့သို့ ရိုသေလေးမြတ်နိုင်ခြင်းသည် ပညာဉာဏ်ကြီးသော ပုဂ္ဂိုလ်တို့မှာသာ၍ ဖြစ်နိုင်ပေသည်၊ ရုပ်ပွါးဆင်းတုတော်ကို မဆိုထားဘိဦး၊ သီဟိုဠ်ကျွန်း၌ ရဟန်းတော်ကြီး တစ်ပါးသည် မာရ်နတ်ဖန်ဆင်း၍ပြသော ဘုရားအသွင်တော်ကို ဖူးမျှော်၍ ထိုနေရာတွင် ရဟန္တာဖြစ်လေသည်။

မာရ်နတ်သည်အလွန်ယုတ်မာသောသူတစ်ယောက်ဖြစ်ပေသည်၊ ထိုမာရ်နတ်သည် မိမိကိုယ်ကို လက္ခဏာကြီး-၃၂ဃ်၊ ရောင်ခြည်ခြောက်သွယ်နှင့်တကွ ဘုရားအသွင်ဖန်ဆင်း၍ ပြရာ၌ပင်လျှင် ဘုရားလျှင် အာရုံရှိသောပီတိကိုရ၍ ထိုပီတိကိုခွါပြီးလျှင် ဝိပဿနာရှု၍ ရဟန္တာဖြစ်လေသည်။

[ပရိဝါအဋ္ဌကထာ တံမြက်လှည်းခြင်း၏အကျိုးတွင် ပါလာသောဝတ္ထု။]

ဤမျှသောစကားရပ်တို့ဖြင့် ဘုရားကိုပန်းပူဇော်၍ အကျိုးမရှိဟူသောစကားနှင့်တကွ ရုပ်ပွားတော်ကို သက်တော်ထင်ရှားဘုရားထင်မှတ်၍ ကိုးကွယ်ပူဇော်လျှင် မဟာအဝီစိငရဲကြီး၌ ကျလိမ့်မည်၊ အပါယ်

ပဋိသန္ဓေကို ပေးသည်ဟုဆိုသော ထိုဘုတ်အုပ်စာငယ်ကို နှင်းနှယ် ချေပွတ်လိုက်သည်-တစ်ရပ်။

“မန္ဒပညော=ပညာနည်းသောသူသည်၊ အဝတ္ထုသ္မိံ= မကြည်ညို ထိုက်သောအရာ၌၊ ပသီဒတိ= ကြည်ညိုမိတတ်၏”။

ဟူ၍ ကျမ်းဂန်လာသောကြောင့် သဒ္ဓါမိုက်လည်းရှိပါ၏၊ ထိုသဒ္ဓါ မိုက်ကို ကျမ်းဂန်တို့၌ မုဓာသဒ္ဓါခေါ်ပေသည်၊ မုဓာသဒ္ဓါလည်း အမိုက် အမဲကိုခေါ်သည်၊ ထိုသဒ္ဓါမိုက်ကို တရားကိုယ်ကောက်သော်ကား မောဟ ပင်တည်း၊ ဝါ=အားကြီးသော မောဟနှင့်ယှဉ်သော မိစ္ဆာဓိမောက္ခ ပေတည်း။

## မေးမြန်းဖွယ်

မေး။ ထိုသဒ္ဓါမိုက်ဟု ဆိုအပ်သော မောဟ, မိစ္ဆာဓိ မောက္ခ နှစ်ပါးသည် အဘယ်နေရာများမှာ ဖြစ်တတ်လေသနည်း-ဟူမူ။

ဖြေ။ “အသဒ္ဓေယျဝတ္ထုပသန္ဒော”ဟူ၍၎င်း, “အဝတ္ထုသ္မိံ ပသီဒတိ” ဟူ၍၎င်း, အဋ္ဌကထာတို့၌လာသောကြောင့်-

၁။ ရှေးအခါပုရာဏကဿပ, မက္ခလိဂေါသာလ-အစရှိသော မိစ္ဆာဒိဋ္ဌိကြီးတို့ကို ဘုရားဟူ၍ ကြည်ညိုလေးမြတ်ကိုးကွယ်သောသူ,

၂။ ထိုမိစ္ဆာဒိဋ္ဌိကြီးတို့ ဟောသောတရားကို သူတော်ကောင်း တရားအစစ်ဟု ယုံကြည်သောသူ,

၃။ ထိုမိစ္ဆာဒိဋ္ဌိကြီးတို့တပည့် ဂိုဏ်းအပေါင်းတို့ကို သုပ္ပဋိပန္န သံဃာဟူ၍ကြည်ညိုကြ, ကိုးကွယ်ကြ, လှူဒါန်းပူဇော်ကြသော သူတို့အား ကြည်ညိုနိုင်သောအမှုသည် သဒ္ဓါမိုက်ကေန်စင်စစ် ဖြစ်လေသတည်း။

ယခုအခါ၌ကား-

၁။ ထာဝရဘုရား, ယေရှုခရစ်ဘုရား-စသည်တို့ကိုင်း,

၂။ ထိုသူတို့၏တရားဆိုသော စာပေတို့ကိုင်း,

၃။ ထိုသူတို့၏တပည့်ဖြစ်သော ကုလားဘုန်းကြီးတို့ကိုင်း,

ကြည်ညိုနိုင်သောအဖြစ်သည် သဒ္ဓါမိုက်စင်စစ် ဖြစ်ပေသတည်း။

ထို့ကြောင့်အနီးအနား ထင်ရှားရာကို ဆွဲငင်၍ ပြောပေလျှင် ရုပ်ပွားတော်ကို သက်တော်ထင်ရှားဘုရားထင်မှတ်၍ ရှိခိုးလျှင် အဝီစိငရဲကြီး၌ ကျလိမ့်မည်ဆိုသော ထိုဘုတ်အုပ်စာအမိုက်ကိုပင် လိုက်လိုက်လှဲလှဲ စွဲမြဲယုံကာ သဘောပါကြကုန်သော ဗာလအန္ဓတို့၏ အမှုသည် ယခုလက်ငင်း ထင်လင်းဆွဲပြရန် သဒ္ဓါမိုက်ကြီးတစ်ခုပင် ဖြစ်လေသတည်း။

ဘုရား၏ဆံတော်, သွားတော်-စသော သမ္ဘိန္နဓာတ်, အသမ္ဘိန္နဓာတ်တော်များကို လောကုတ္တရာတရားကိုးပါးပင်ထင်မှတ်၍ ကိုးကွယ်ခြင်းမှာမူကား ပညာရှိသူတော်ကောင်းတို့ အလေ့ပင်ဖြစ်ပေ၍ သဒ္ဓါမိုက်နှင့် မဆိုင်ပေ။

ထိုစကားမှန်၏၊ဆံတော်သည် အဗျာကတဝတ္ထု ဥတုဇရုပ်ကလာပ်မျှသာဖြစ်သည်ဟု သိကြသည်ပင်ဖြစ်၏၊ သို့သော်လည်း ဆံတော်ကိုရှိခိုးသောအခါ သဒ္ဓါပွားများ၍ အကျိုးကြီးစေခြင်းငှာ, ပါမောဇ္ဇ-ပီတိပဿဒ္ဓိဖြစ်လာစေခြင်းငှာ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, သဗ္ဗညုတဉာဏ်-စသောဂုဏ်တော်တို့ကို ထိုဆံတော်မှာ ဉာဏ်ဖြင့်သည်ပိုး၍ ရှိခိုးပူဇော်ခြင်းသည် အလွန်ကောင်းမြတ်သော အမှုပေတည်း-တစ်ရပ်။

## မြတ်စွာဘုရား ဆွမ်းစား,မစား

မြတ်စွာဘုရား ဆွမ်းစားမစား စကားဖြစ်ရာမှာ-

၁။ ဘုရားဖြစ်ပြီး၍ သတ္တသတ္တာဟ ၄၉-ရက်စေ့တွင် တဖုဿ, ဘလ္လိကတို့ လှူသောမုန့်ကို ဘုဉ်းပေးတော်မူသည်။

၂။ မိဂဒါဝုန်တော၌ ဝါကပ်စဉ်အခါ ဗာရာဏသီမှာ ဆွမ်းမှီဝဲ တော်မူသည်။

၃။ ဥရုဝေလတောသို့ ရောက်သောအခါ ဥရုဝေလကဿပက ကျွေးသောဆွမ်းကို ဘုဉ်းပေးတော်မူသည်။

၄။ ရုံခါလည်းမြောက်ကျွန်းသို့ကြွ၍ ဆွမ်းခံတော်မူသည်။

၅။ ရာဇဂြိုဟ်ပြည်သို့ ရောက်သောအခါ ရာဇဂြိုဟ်ပြည်၌ ဆွမ်းခံ၍ ဘုဉ်းပေးတော်မူသည်။

၆။ ၎င်းရာဇဂြိုဟ်ပြည်မှ ကပိလဝတ်ပြည်သို့ကြွရာ တပေါင်းလပြည့်ကျော် ၁-ရက်နေ့မှစ၍ ကဆုန်လပြည့်နေ့တိုင် ၂-လပတ်လုံး ကာလုဒါယီ ထေရ်ယူဆောင်၍ ပေးသော ခမည်းတော်ဆွမ်းကိုသာ ဘုဉ်းပေးတော်မူသည်-

ဟုလာသည်။

ဤသို့စသည်ဖြင့် အဆုံးစွန် ပရိနိဗ္ဗာန် စံယူတော်မူသော နေ့၌ ပါဝါမြို့နေ ရွှေပန်းတိမ်သည် သူဌေးစုန္ဒလှူသော ဆွမ်းကို ဘုဉ်းပေးတော်မူရ၍ ထိုနေ့အထူးအားပြည့်ကြောင်း, မကျန်းမမာ တော်မူလျက်နှင့်ပင် အလွန်ဩဇာကြီးလှသော ဆွမ်း၏အာနုဘော်ကြောင့် သုံးဂါဝုတ်ကွာသော ကုသိနာရုံမြို့တိုင်အောင် ခြေလျင်ကြွတော်မူနိုင်ကြောင်းများကို ကျမ်းဂန်အရပ်ရပ်တို့၌ ထင်ရှားစွာလာသည်။

သို့ဖြစ်၍ ဆွမ်းစားမစားမေးလျှင် သဗ္ဗညုတဉာဏ်တော်ကို ရည်လျှင် မစားဟု ညှာတာ၍ဖြေထိုက်သော အမှုပင်မဟုတ်၊ နင်းနယ်ချေ ပွတ်ရမည့် အရာသာဖြစ်သတည်း-တစ်ရပ်။

သန္တတိအမတ်ကြီးသည် ဘုရားရှေ့တော်တွင် ကောင်းကင် အ ရပ်၌ မင်းမြောက်တန်းဆာဆင်ယင်လျက်ပင် ကောင်းကင်၌ ပရိနိဗ္ဗာန် စံရာတွင် ထိုအမတ်ကြီးကို လူဆိုရမည်လော၊ သမဏ, ဗြာဟ္မဏ, ဘိက္ခုဆို ရမည်လောဟု ဘုရားကိုလျှောက်ကြရာ-

အလင်္ကတောပိ စေ သမံ စရေယျ၊
သန္တော ဒန္တော နိယတော ဗြဟ္မစာရီ။
သဗ္ဗေသု ဘူတေသု နိဓာယ ဒဏ္ဍံ၊
သ သမဏော သ ဗြာဟ္မဏော သ ဘိက္ခု။ ။

[ဟူ၍ ဓမ္မပဒ၌ဟောတော်မူပေသည်။]

ကိလေသာငြိမ်း၍ သန္တဒန္တနိယတဗြဟ္မစာရီ ဂုဏ်နှင့် ပြည့်စုံသော သူဖြစ်ပေမူကား လူဝတ် လူစား ဝတ်ဆင်လျက်ပင် ဖြစ်သော်လည်း သမဏပင်ဆိုရပေမည်၊ ဗြာဟ္မဏပင်ဆိုရပေမည်၊ ဘိက္ခုပင်ဆိုရပေ မည်ဟုလိုသည်။

[အနက်မှာ ဓမ္မပဒနိဿယများမှာ ကြည့်လေ။]

သတိပဋ္ဌာန ဝိဘင်းအဋ္ဌကထာ- စသည်တို့၌လည်းပဋိပတ္တိဓမ္မကို ကျင့်ပေလျှင် လူပင်ဖြစ်သော်လည်း ဘိက္ခုဆိုထိုက်ကြောင်း လာပေသည်။

သို့ဖြစ်၍ လူပင်ဖြစ်သော်လည်း တဒင်္ဂပဟာန်အားဖြင့်ပင် ကိလေ သာကိုငြိမ်းစေနိုင်ပေမူ-

၁။ ကိလေသေ သမေတီတိ သမဏော။
၂။ ကိလေသေ ဗာဟတီတိ ဗြာဟ္မဏော။

၃။ ကိလေသေ ဆိန္ဒတီတိ ဘိက္ခု။

၄။ ကိလေသေ ပဗ္ဗာဇယတီတိ ပဗ္ဗဇိတော။

ဟုဆိုသင့်သောပရိယာယ်ကျမ်းဂန်၌ လာပေသသည်။

"ကိလေသေ သံသုဋ္ဌုံ ဟနတီတိ သံဃော" ဟူသောဝိဂ္ဂြိုဟ် ရိပ်ပင်ရပြားသော်လည်း သံဃသဒ္ဒါသည် အယူသီလတူမျှသော အပေါင်းကို အကြောင်းပြုရင်းဖြစ်၍ ကိလေသာကို တဒင်္ဂပဟာန်ဖြင့်ခွါနိုင်သော်လည်း သံဃာဆိုထိုက်သော အခွင့်မရှိသည်နှင့် ပါဠိတော်တို့၌လည်းကောင်း, အဋ္ဌကထာတို့၌လည်းကောင်း, လူကိုသံဃာဆိုနည်း မလာပေ။

" မိမိကိုယ်ကို သံဃာပြုလုပ်၍ လှူမှအကျိုးရသည်" ဟုဆိုသောသူသည်ကား သံဃသဒ္ဒါ၏ အမြစ်အချေကို နေရာကျမသိ၍ ဟုတ်လိမ့်နိုးနိုး ဆင်ကန်းတောတိုးဆိုမိလေသည်၊ မိမိကိုယ်ကို သမဏပြု၍, ဗြာဟ္မဏပြု၍, ဘိက္ခုပြု၍, ပဗ္ဗဇိတပြု၍ လှူနိုင်မှ အကျိုးသာ၍ကြီးသည်ဟူ၍သာ ဆိုလိုလျှင်ဆိုရမည်၊ ဝစနတ်ဝိဂ္ဂြိုဟ် အတိုအနှောင်းကလေးများနှင့် နှုတ်ကောင်းလျှာပါး စကားသစ် မသစ်ချင်ကြနှင့်ဟု မုံရွာမြို့ လယ်တီဆရာတော်ဖြေဆိုလိုက်သည်။

မင်းကင်းလျှောက်လွှာကောက်နှုတ်ချက်အဖြေပြီး၏။

-------*------

## ဗုဒ္ဓစုတိစိတ္တာရမ္မဏဝိနိစ္ဆယ

ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန်စံတော်မူသော မြတ်စွာဘုရား၏ စုတိစိတ်တော်သည် အဘယ်ကိုအာရုံပြုပါသနည်းဟု မေးလျှောက်သောစကားကို ဖြေဆိုချက်။

"နာဟု အဿာသပဿာသာ၊ ဌိတစိတ္တဿ တာဒိနော။
အနေဇော သန္တိမာရဗ္ဘ၊ ယံ ကာလ မကရီ မုနိ"။

ဟူ၍လာသော မဟာပရိနိဗ္ဗာနသုတ္တန် အသံနိမိတ်ကို ရိပ်ဖမ်း သံဖမ်းမှန်းရမ်းဆဝါးလျက် ဘုရားစုတိစိတ်သည်နိဗ္ဗာန်ကို အာရုံပြုသည် ဟုဖြေဆိုရေးသားကြကုန်သည်။

အနေဇော=တဏှာကင်းတော်မူပြီးသော၊ မုနိ=မြတ်စွာဘုရား သည်၊ ယသ္မာ=အကြင့်ကြောင့်၊ သန္တိံ=နိဗ္ဗာန်ကို၊ အာရဗ္ဘ=ရည်ရွယ်၍၊ ကာလံ=သေခြင်းကို၊ အကရီ=ပြုတော်မူပြီ၊ တသ္မာ=ထို့ကြောင့်၊ ဌိတစိတ္တဿ=တည်တံ့သောစိတ်ရှိတော်မူသော၊ တာဒိနော=တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားအား၊ အဿာသ ပဿာသာ=ထွက်သက်ဝင်သက်တို့သည်၊ နာဟု=မဖြစ်ကုန်သတည်း။

[ဤဂါထာဖြင့် အရှင်အနုရုဒ္ဓါမထေရ်မြတ်သည် ယခုမှ မြတ်စွာဘုရား
ပရိနိဗ္ဗာန် စံကြောင်းကို ပရိသတ်အများတို့အား
ထင်ရှားဖွင့်တော်မူသည်။]

ဤဂါထာ၌ "သန္တိမာရဗ္ဘ"ဟူသော စကားကို-

၁။ ဘုရားစုတိစိတ်၏ အာရုံပြုကိုပင်ဆိုသည်ဟု ထင်မှတ်ရန်တစ်ချက်။

၂။ ဘုရားမရဏာသန္နဇောစိတ်တို့၏ အာရုံပြုကိုဆိုသည်ဟု ထင်မှတ်ရန်တစ်ချက်။

ထိုနှစ်ချက်တို့တွင် စုတိစိတ်၏အာရုံပြုကိုပင် ဆိုပါသည်ဟု ယူခဲ့သော် အဘိဓမ္မာပါဠိတော်-ဝင်းအဖွင့် အဋ္ဌကထာကြီးများနှင့် ကန့်လန့်နေ၏။

## နေပုံ ကား

ပရိနိဗ္ဗာနစိတ်ဟူသည် သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက မဟာဝိပါက်စိတ်ပေတည်း၊ ထေရဝါဒ အလိုအားဖြင့် ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက မဟာဝိပါက်စိတ် ပေတည်း။

ထိုကာမဝိပါက်စိတ်၏အာရုံကို ဓမ္မသင်္ဂဏီပါဠိတော်၌-

"ကတမေ ဓမ္မာ ပရိတ္တာရမ္မဏာ၊ သဗ္ဗော ကာမာဝစရ ဝိပါကော, ကိရိယာမနောဓာတု, ကိရိယာဟေတုမနောဝိညာဏ ဓာတု သောမနဿ သဟဂတာ၊ ဣမေ ဓမ္မာ ပရိတ္တာရမ္မဏာ"

ဟူ၍ ကာမအာရုံဧကန်စု၌သာ ဟောတော်မူသည်၊ လောကုတ္တရာ ဧကန်စု၌လည်းကောင်း, အနေကန်စု၌လည်းကောင်း, ကာမဝိပါက် သက်သက် မပါလေ။

"ဘုရားဒကာလှည်းမှာ ဝါပိုသည်"ဆိုသကဲ့သို့ ဤဓမ္မသင်္ဂဏီပါ ဠိတော်ကြီးသည် စိတ်မချသာ ကြံမိကြံရာ အကြွင်းအကျန်ရှိရာပါသေး သည် ဆိုပြားအံ့။

ဓမ္မသင်္ဂဏီအဋ္ဌကထာ, ဝိဘင်းအဋ္ဌကထာ, ပဋ္ဌာန်းအဋ္ဌကထာ, ဝိသုဒ္ဓိမဂ်အဋ္ဌကထာဟူသော အဋ္ဌကထာကြီးအရပ်ရပ်၊ အဘိဓမ္မာဝတာရ အဋ္ဌကထာ, အဘိဓမ္မတ္ထသင်္ဂဟအဋ္ဌကထာ-စသော အဋ္ဌကထာငယ် အရပ်ရပ်တို့၌ ကာမဝိပါက်မှန်က ကာမအာရုံသာ ဧကန်ဖြစ်ကြောင်းကို တင်းတင်းကြပ်ကြပ်မိန့်တော်မူကြသည်ဖြစ်၍ ထိုဓမ္မသင်္ဂဏီပါဠိတော် မြွတ်ကို ကပ်ဖွဲ့လှုပ်ရှားခြင်းငှါ မထိုက်ပေ။

အဋ္ဌ ပန သဟေတုကဝိပါကစိတ္တုပ္ပါဒါ ဧတ္ထ ဝုတ္တနယေန ေဝ တဒါရမ္မဏဝသေန ပဋိသန္ဓိဘဝင်္ဂစုတိဝသေနစ ပရိတ္တဓမ္မေသွေဝ အာရဗ္ဘ ပဝတ္တန္တိ။

[အဋ္ဌသာလိနီ။]

ဧဝံ ကာမေ ပဉ္စဝီသတိ စိတ္တုပ္ပါဒါ ဧကန္တေနေဝ ပရိတ္တာရမ္မဏာတိ ဝေဒိတဗ္ဗာ။

[ဎင်း။]

တာ သတ္တာရမ္မဏတ္တာ ဝိပါကေသု န သန္တိ၊ ဧကန္တပရိတ္တာရမ္မဏာနိ ဟိ ကာမာဝစရဝိပါကာနိ။

[ဎင်း။ ။ ဝိသုဒ္ဓိမဂ်၌လည်းသည့်အတိုင်းပင်။]

တာ သတ္တာရမ္မဏတ္တာ ဝိပါကေသု နုပ္ပဇ္ဇန္တိ၊ ကာမာဝစရဝိပါကာနံ ဧကန္တပရိတ္တာရမ္မဏတ္တာ။

[အဘိဓမ္မာဝတာရအဋ္ဌကထာ။]

ဤသို့စသည်ဖြင့် ကာမဝိပါက်တို့၏ ကာမအာရုံသာ ဧကန္တဖြစ်ကြောင်းကို မိန့်ဆိုကြသော အဋ္ဌကထာအမျိုးမျိုး, ဋီကာအမျိုးမျိုးတို့သည် ကောင်းကင်ပြင်ဝယ် နက္ခတ်ကြယ်တို့ကဲ့သို့ ထင်လည်းထင်ရှားလှပါကုန်၏၊ ပေါလည်းပေါများလှပါကုန်၏၊ ကာမအာရုံမှတစ်ပါး တစ်ခြားသော ပညတ်အာရုံ, မဟဂ္ဂုတ်အာရုံ, မင်္ဂဖိုလ်အာရုံ, နိဗ္ဗာန်အာရုံများကို ကြံဆထည့်သွင်းရန် အဘိဓမ္မာကျမ်းဂန်တွင် အသံနိမိတ် အရိပ်အမြွက်မျှ မရှိပေ၊ ထို့ကြောင့် ဘုရားစုတိစိတ်သည် နိဗ္ဗာန်ကိုအာရုံပြုသည်ဟု ဆိုကြသော ပုဂ္ဂိုလ်ကျော်တို့၏ စကားသည် ဗုဒ္ဓုပ္ပါဒနဝမ၌ မှားရနိုင်ခဲလှသော အတိဒုလ္လဘအမှားအံ့ဖွယ်ကြီးဖြစ်ပေသတည်း။

[ဤကား "သန္တိမာရဗ္ဘ" ဟူသော သုတ္တန်၌ နိဗ္ဗာန်ကိုအာရုံပြု၍ စုတိစိတ်တော်မြတ်ဖြစ်သည်ဟုယူခဲ့လျှင် ဓမ္မသင်္ဂဏီပါဠိ, အဘိ-ဓမ္မာကျမ်း အရပ်ရပ်တို့နှင့် ကပ်ဖွဲ့နေပုံတည်း-တစ်ရပ်။]

"သန္တိမာရဗ္ဘ"ဟူသော စကားကို ဘုရားကိုယ်တော်၏ မရဏာသန္နမဟာကြိယာဇောစိတ်တို့၏ အာရုံပြုကိုဆိုပါသည်-ယူခဲ့ပြန်လျှင် သုတ္တန်နှင့် ကန့်လန့်နေပြန်၏။

## နေပြန်ပုံကား

မြတ်စွာဘုရားသည် စတုတ္ထဈာန်မှထ၍ ပစ္စဝေက္ခဏာဝီထိ အဆုံး၌ စုတိကျကြောင်းကို သုတ္တန်အဋ္ဌကထာ၌ ဆိုပေသည်၊ ပစ္စဝေက္ခဏာဇောစုတိသည်ပင် မရဏာသန္နဇောဖြစ်ရသတည်း၊ ပစ္စဝေက္ခဏာဇောဟူကလည်း ဈာန်အင်္ဂါတို့ကိုသာ အာရုံပြုမြဲတည်း၊ နိဗ္ဗာန်နှင့်မဆိုင်ပေ။

[ဤကား သုတ္တန်နှင့်ကန့်လန့်နေပုံတည်း။]

တစ်နည်း။ ။ စတုတ္ထဈာန်ဟူသောစကား၌ အရဟတ္တဖိုလ် စတုတ္ထဈာန်ကိုယူ၍ ထိုစတုတ္ထဈာန်မှထ၍ ဆင်ခြင်သော ပစ္စဝေက္ခဏာ ဇောမှာမူကား-

၁။ ဖိုလ်ကိုဆင်ခြင်သည် တစ်ဝီထိ,

၂။ နိဗ္ဗာန်ကိုဆင်ခြင်သည် တစ်ဝီထိ,

နှစ်ဝီထိကျသင့်ပေသောကြောင့် နိဗ္ဗာန်ကိုဆင်ခြင်သော ဝီထိနှင့် စုတိတော်မူသည်ဟု ယူလိုက်လျှင် သုတ္တန်ဋီကာကြီးနှင့်လည်း ညီညွတ်၏၊ ဘုရားမရဏာသန္နဇောစသည် နိဗ္ဗာန်ကိုအာရုံပြု၏၊ သည်ကိုရည်၍ "သန္တိမာရဗ္ဘ" ယူပါသည်ဆိုသော် သုတ္တန်နှင့်မကန့်လန့်။

သုတ္တန်အဋ္ဌကထာကြီး၌ကား-

"သန္တိမာရဗ္ဘာတိ သန္တိံ နိဗ္ဗာနံ အာရဗ္ဘ ပဋိစ္စ သန္ဓာယ"

ဟူ၍ ဖွင့်သည်၊ "အာရဗ္ဘ အာရမ္မဏံ ကတွာ"ဟူ၍ မဖွင့်ပေ၊ ဘုရားကိုယ်တော်၏ မရဏာသန္နပစ္စဝေက္ခဏာဇောစသည် နိဗ္ဗာန်ကိုပင် ဆင်ခြင်သမှု အာရုံပြုသည်မှန်ခဲ့အံ့ "အာရဗ္ဘ"ကို "အာရမ္မဏံ ကတွာ"ဟု ဖွင့်ပေရာသည်၊ ထိုသို့ကားမဖွင့်ပါခဲ့၊ "ပဋိစ္စ သန္ဓာယ"ဟုအာရုံပြုကို ရှောင်ခွါ၍ ဖယ်သာလှယ်သာ ကျယ်ရာပြင်ပကို ညွှန်းပြ၍ ဖွင့်ပြန်သော ကြောင့် ဘုရားမရဏာသန္နဇောစသည်လည်း နိဗ္ဗာန်ကိုပင် အာရုံမပြုဟု လုသာယက်သာ ဆွဲတိုင်းပါပြန်သတည်း။

ထို့ကြောင့် အဘိဓမ္မာမဟုတ်, သုတ္တန်အမှု ပရိယာယ်ထူလှသော "နာဟု အဿာသပဿာသာ။ ပ ။ယံ ကာလမကရီ မုနိ"ဟူသော အရှင် အနုရုဒ္ဓါ၏ ဂါထာစကားမျှနှင့် ဘုရားမုခပါဠ် ပရမတ်အစစ် ပုတ်လေးပစ် မှန်လှသော အဘိဓမ္မာကျမ်းဂန်တွေကို တွန်းလှန်၍ ပစ်ရမည့်အရေးသည် အလွန်ခက်လှ၏။

[ "ပဋိစ္စသန္ဓာယ" ဟူသည်မှာ အာရုံပင်မပြုသော်လည်း အမှုသွားသန္တာန်က နိဗ္ဗာန်သို့စိုက်စိုက်တည့် ဦးတဲ့ရှယ်၍ တိုက်သဖြင့် ဆိုက်တော့မည် အမှန်ကြောင့် "သန္တိံ=နိဗ္ဗာန်ကို၊ အာရဗ္ဘ=အကြောင်းပြု၍၊ ပဋိစ္စ=စွဲလမ်း၍၊ သန္ဓာယ=ရည်ရွယ်၍" ယူပါသတည်း-တစ်ရပ်]

"ကတ္တစိ ပန အနုပ္ပဇ္ဇမာနဿ ခိဏာသဝဿ ယတော ပဋ္ဌိတံ နာမရူပါဒိကမေဝ စုတိပရိယောသာနာနိ ဂေါစရဘာဝံ ဂစ္ဆန္တိ"။

ဟူသောဋီကာကျော်စကားမှာ မဏိမဉ္ဇူဆရာတော်, အဖေဂ္ဂုသာ ရဒီပနီဆရာတော် ပုဂ္ဂိုလ်ကျော် သူမြတ်တို့ ဖြောင့်မတ်စွာဖွင့်ကြသော သဘာဝအနက်ကို နှစ်သက်အားရ စိတ်ချကာနေကြလျှင် ကိစ္စပင်မရှိရာ၊

သို့လျက်ပါကို သဂြိုဟ်ဂဏ္ဌိဆရာ, သဂြိုဟ်နိဿယသစ်ဆရာ, ဝိထိချရိုး တစ်စုပြုလုပ်စီရင်သောဆရာတို့သည် ဖွေရှာလောက်လက် ဉာဏ်ဆော့ သည့်အတွက်ကြောင့် သက်သက်သား အမှုပိုဖြစ်ပြန် သည်ကား-

"ဘုရားရဟန္တာတို့၏ စုတိစိတ်သည် ပဋိသန္ဓေစိတ်၏ အာရုံဖြစ်သော ကံ, ကမ္မနိမိတ်, ဂတိနိမိတ်ကိုအာရုံမပြု၊ ထင်တိုင်းသော တေဘူမကတရား နိဗ္ဗာန်ပညတ်များကိုသာ အာရုံပြုရမည်"ဟု ယူလိုရာပါရာသောဋီကာကျော်စကားကိုပင် ဘုရားဟောပါဠိတော်ကဲ့သို့ အမော်ကြီးထင်မှတ်၍ ရောက်တတ်ရာရာ ပြောကြပြန်သတည်း။

ဘယ်ပါဠိ, ဘယ်အဋ္ဌကထာ, ဘယ်ဋီကာတစိတ်မှာမှ အရိပ်အမြွက် အသံမျှမထွက်ပါပဲနှင့် ရေခွက်မှာ မိကျောင်းပေါ်သကဲ့သို့ ဋီကာကျော်နှယ်မျှနှင့် အဆပင်မတန်ပါသော အာရုံပြုအချက်ကြီးကို ရီးတီးရားတား ယုတ္တိတုစကားတွေနှင့် နောက်သားတို့ စိတ်ရှုပ်အောင် လုပ်ကြသည့်အခင်းကို ထင်လင်းအောင်ဖျက်လိုက်အံ့။

ဋင်းဂဏ္ဌိသစ်, နိဿယသစ်တို့၌ အာဂန္တုကဘဝင်ကို စံပြု၍ ရဟန္တာတို့စုတိသည် မိမိတို့ပဋိသန္ဓေနှင့် အာရုံမတူဖြစ်သင့်၏ဟူရာ၌ ဥပေက္ခာသန္တီရဏအာဂန္တုက ဘဝင်စိတ်သည် ပဋိသန္ဓေနှင့် အာရုံမတူရှိရသည်မှာ မိမိပဋိသန္ဓေနေခဲ့ရင်းစိတ်မဟုတ်သောကြောင့် ထိုအာဂန္တုက ဘဝင်စိတ်သည် ပဋိသန္ဓေစိတ်၏နိမိတ်အာရုံ တကတ်ကမ့်ကို ကြက်ကန်းနှင့် ဆန်အိုးကဲ့သို့ တိုးမိစပ်မိရန်အခွင့် အဘယ်မှာရှိပချေအံ့နည်း။

သည်နေ့, ရှေ့နေ့ အနီးတွင်တွေ့ခဲ့၍ အလေ့အကျက် များလှသဖြင့် အလကားပင် ထင်ရှားပေါ်လွင်၍ လယ်ပြင်မှာ ဆင်ပြေးသကဲ့သို့ မတွေးရ မဆရ ပါကဋတရ ပရိစိတပုဗ္ဗဖြစ်သော အတစ်အတုံးအလုံးအခဲကိုသာ ထိုဘဝင်စိတ်ယူနိုင်လေသတည်း၊ ဒေါသဇောနှင့် သောမနဿမူလဘဝင် အဆင်မသင့် အခွင့်မတော်လှ၍ တခဏမျှ အငြိုးကျ

ရသော အာဂန္တုကဘဝင်စိတ်ကလေးကို အရေးတစ်ခု စံကြီးပြု၍ မှုမှုရရ တုပပြိုင်ယှဉ်ခြင်းငှါ မထိုက်ပေ။

ဘုရား, ရဟန္တာတို့ စုတိစိတ်မှာ မိမိပဋိသန္ဓေစိတ်နှင့် နိမိတ်အာရုံ မတူကြရာ၌ အဘယ်အကြောင်းချို့တဲ့သနည်း၊ မတူဘဲနှင့် ထိုအာရုံကို မယူဘဲ တခြားအာရုံကိုယူရာ၌ အဘယ်အကြောင်းထူး ရှိသနည်း၊ ဘုံဘဝ တစ်ပါးသို့သွားတော့မည့် ပုဂ္ဂိုလ်မဟုတ်သည်နှင့် ကံ, ကမ္မနိမိတ်, ဂတိနိ မိတ်ဆိုရသည့်အာရုံကို အာရုံပြုခွင့်မသင့်လေသောကြောင့် တခြားအာရုံ ကိုသာယူပါသည်ဟု ပြောဆိုကြသော အကြောင်းမှာလည်းကောင်း ကောင်းမမြင်၍ အထင်နှင့် ရမ်းကာမျှသာဖြစ်သည်။

ဘုံဘဝတစ်ပါးသို့ သွားရသော ပုဂ္ဂိုလ်မှာပင် စုတိစိတ်မှာရှိသော ကံ, ကမ္မနိမိတ်, ဂတိနိမိတ်နှင့် သွားသည်မဟုတ်၊ စုတိစိတ်အာရုံဖြစ်ကာမျှ သာအသုံးကျသည်၊ သည့်ထက်အသုံးမရှိ၊ စုတိ၏ရှေးမရဏာသန္နဇော မှာရှိသော ကံ, ကမ္မနိမိတ်, ဂတိနိမိတ်မှသာ ဘုံဘဝတစ်ပါးသို့သွားရာ၌ အသုံးကျသည်၊ ဘုရား, ရဟန္တာတို့၏ စုတိစိတ်၌ရှိသော ကံ, ကမ္မနိမိတ်, ဂတိနိမိတ်မှာမူကား ဆိုဖွယ်ပင်မရှိ၊ အသုံးမကျ သက်သက်သာတည်း ဟူ၍ မုံရွာမြို့ လယ်တီဆရာတော် ဖြေဆိုလိုက်သည်။

ဗုဒ္ဓစုတိစိတ္တာရမ္မဏဝိနိစ္ဆယပြီး၏။

-------*------

# လယ်တီစာစစ်နည်းနှင့် စာသင်နည်း

သက္ကရာဇ် ၁၂၆၁-ခုနှစ် နယုန်လအတွင်း၌ ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီးက မန္တလေးမြို့အရှေ့ပြင် ကျေးဇူးရှင် မဟာဝိသုဒ္ဓါရာမိက ဆရာတော် ဘုရားကြီးသို့ လျှောက်ထားသော စာစစ်နည်းနှင့် စာသင်နည်း ဥပဒေသကြီးဖြစ်သည်။

"သသဒ္ဒမ္မ ဂဏုတ္တမံ"ပုဒ် သမဝါယအဖွင့် ပရမတ္ထဒီပနီဋီကာမှာ ကြိယာသမဝါယကိုပယ်၍ ဂုဏသမဝါယကို အသင့်ဆိုဘိသည်ဟု ပါရှိပါသည်၊ ၎င်းဋီကာမှာမူကား ဂုဏသမဝါယဖြစ်၍နေသော ဋီကာကျော်အဆိုကိုပယ်၍ ကြိယာသမဝါယကို အသင့်ဆိုရင်းဖြစ်ပါသည်။

ဋီကာကျော်အဆိုမှာ ဂုဏသမဝါယဖြစ်၍ နေပုံကား-

ဂုဏီဘူတာနံပိ ဟိ ဓမ္မသံဃာနံ အဘိဝါဒေတဗ္ဗ ဘာဝေါ

သဟယောဂေ န ဝိညာယတိ၊ ယထာ သပုတ္တဒါရော

အာဂတောတိ-

၌ "အဘိဝါဒေတဗ္ဗ"သဒ္ဒါသည် ကြိယာသဒ္ဒါမျိုးဖြစ်ငြားသော်လည်း အရပံအနက်ကိုပဓာနအားဖြင့် ထွန်းပြသော တဗ္ဗ-ပစ္စည်းအဆုံးရှိခြင်းကြောင့် "အဘိဝါဒေတဗ္ဗဘာဝေါ"၌ ဘာဝအရသည် အဘိဝါဒနာရပဟဘော ဂုဏ်ကိုသာ ပဓာနအားဖြင့် ရနိုင်လေရကား ဋီကာကျော်အဆိုမှာ ဂုဏသမဝါယသည်သာ ဖြစ်၍နေ၏။

ပြီးပြီးသော ရှင်အနုရုဒ္ဓါဆရာ၏ ရှိခိုးမှုကိုပြဆိုသော အရာဌာနဖြစ်၍လည်း ၎င်းဂုဏသမဝါယသင့်လည်းမသင့်၊ မိမိထုတ်ပြအပ်သော "သပုတ္တဒါရော အာဂတော"ဟူသော ဥဒါဟရဏ်နှင့်လည်း မညီ။

ထို့ကြောင့် ပြီးပြီးသော ရှင်အနုရုဒ္ဓါဆရာ၏ ရှိခိုးခြင်းကြိယာကို ပဓာနအားဖြင့်ရ၍ ကြိယာသမဝါယဖြစ်စေခြင်းငှါ အတိတ်, ကမ္မတ္တ တ-ပစ္စည်းနှင့် "အဘိဝါဒိတဘာဝေါ"ဟုဆိုမှ နေရာကျသည်ဟု ပရမတ္ထဒီပနီဋီကာမှာ ဆိုရင်းဖြစ်သည်။

[ဋီကာကျော်မှာ သာဓကေပါဌ်ကိုထောက်သော် ကြိယာသမဝါယကိုပင် ဆိုလိုရင်း ဖြစ်ပါလျက် တဗ္ဗ-ပစ္စည်းနှင့်ရေးမိသည့်အတွက် ဂုဏသမဝါယဖြစ်၍ သွားသည်။]

ယခုလောကမှာလည်း အတိတ်ကမ္မတ္တ တ-ပစ္စည်းအနက်သွားနှင့် တဗ္ဗ-ပစ္စည်း၏အနက်သွား ခြားနားပုံကို သတိမပြုမိကြကုန်သော သူတို့သည် ဆန္ဒအဖွင့်-

ဒါနဝတ္ထုဝိသဇ္ဇနဝသပဝတ္တကာလေပိ စေ ဝိသဇ္ဇိတဗ္ဗေန တေန အဋ္ဋိကောယေဝ၊ ခိပိတဗ္ဗဥသူနံ ဂဟနေ အဋ္ဋိကော ဣဿာသော ဝိယ။

ဟူသော ဝါကျမှာ ထွေထွေလာလာ နေရာမကျ ပြောဆိုကြကုန်၏။

ဆရာတော်ထံမှ "မာလာ"ဆိုသူပဉ္စင်းငယ် လယ်တီတိုက်သို့ လာရောက်၍ ဆန္ဒအဖွင့် ၎င်းဝါကျ၏ အဓိပ္ပါယ်ကို မေးလျှောက်ရာ တဗ္ဗ-ပစ္စည်း၏ အနက်သွားကို သိမှနေရာကျယူနိုင်သည်ဟု ပြောဆိုရာ ဟုတ်ပါပြီဘုရား မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီးလည်းသည့် အတိုင်းအမိန့်ရှိ၍ တဗ္ဗ-ပစ္စည်း၏ အနက်သွားခြားနားစွာ ပြောဆိုသည်ကို ကြားနာခဲ့ပါသည်ဟု လျှောက်ဖူး၏။

ပရမတ္ထဒီပနီ၌ "ဒူရတောဟံ နမဿိဿံ၊ သဿံဃံ လောကနာယကံ"ကို ထုတ်ဆိုသည်မှာ ကြည်ညိုဖွယ်ရှိသော ပါဠိဖြစ်၍ ထုတ်ဆိုလိုက်မိပါသည်၊ သမဝါယမှာ"သပုတ္တဒါရော အာဂတော"နှင့် ကြိယာသမဝါယချင်း အတူတူပင်ဖြစ်ပါသည်။

တူးပုံကား။ ။ ကြိယာသည် ကတ္တုရှကြိယာ, ကမ္မဋ္ဌကြိယာဟူ၍ ၂-မျိုးရှိ၏။

> ကတ္တုဒဗ္ဗေ တိဋ္ဌတီတိ ကတ္တုဋ္ဌာ၊ ကမ္မဒဗ္ဗေ တိဋ္ဌတီတိ ကမ္မဋ္ဌာ၊ ကတ္တုဋ္ဌာစ သာ ကြိယာစာတိ ကမ္မဋ္ဌကြိယာ၊ ကမ္မဋ္ဌာစ သာ ကြိယာစာတိ ကမ္မဋ္ဌကြိယာ"ဟုပြု။

ဤကား. . . "ကတ္တာစ ကမ္မဥ္စ တေသု တိဋ္ဌတီတိ ကတ္တု ကမ္မဋ္ဌာ" ဟူသော သမ္ဗန္ဓစိန္တာနှင့် အညီတည်း။

ထိုနှစ်ပါးတို့တွင် ကတ္တုဋ္ဌကြိယာသည် ခပ်သိမ်းသောဝါကျနှင့် ဆက်ဆံ၏၊ ကမ္မဋ္ဌကြိယာတို့မှာမူကား "ပုရိသော ဩဒနံ ပစတိ, ရုက္ခံ ဆိန္ဒတိ, ပါကာရံ ဘိန္ဒတိ"စသောအချို့ချို့သော ကြိယာပုဒ်တို့၌ သာရအပ်၏။

ရပုံကား။ ။ "ပုရိသော ဩဒနံ ပစတိ" ၌-

၁။ ချက်ခြင်းကြိယာ,

၂။ ကျက်ခြင်းကြိယာ-ဟူ၍ နှစ်ပါးရှိ၏။

၁။ ထမင်းအိုးတည်ခြင်း, မီးထိုးခြင်း, မွှေနှောက်ခြင်းစသည် အစိတ်ရှိသော ယောကျ်ား၏ဗျာပါရသည် ချက်ခြင်းကြိယာမည်၏၊ ထိုချက်ခြင်းကြိယာသည် ယောကျ်ားတည်းဟူသော ကတ္တားဒြဗ်၌ တည်ခြင်းကြောင့် ကတ္တုဋ္ဌ ကြိယာမည်၏။

၂။ ဆန်ဒြဗ်၏ နူးညံ့ပျော့ပြောင်းသော ကြိယာသည် ကျက်ခြင်းကြိယာမည်၏၊ ထိုကျက်ခြင်းကြိယာသည်ကား ထမင်းဒြဗ် တည်းဟူသော ကံ၌တည်ခြင်းကြောင့် ကမ္မဋ္ဌကြိယာမည်၏။

"ပုရိသော ရုက္ခံ ဆိန္ဒတိ"၌-

၁။ ဖြတ်ခြင်းကြိယာတစ်ပါး,

၂။ ပြတ်ခြင်းကြိယာတစ်ပါး-ဟူ၍ ကြိယာနှစ်ပါး။

"ပုရိသော ပါကာရံ ဘိန္ဒတိ"၌-

၁။ ဖြိုခြင်း ဖျက်ခြင်းကြိယာတစ်ပါး,

၂။ ပြိုခြင်း ပျက်ခြင်းကြိယာတစ်ပါး-ဟူ၍ ကြိယာနှစ်ပါး ရှိ၏။

[ကတ္တာဋ္ဌ, ကမ္မဋ္ဌခွဲဝေနည်းသိသာပြီ။]

"ပုရိသော မဂ္ဂံ ဂစ္ဆတိ, ပုရိသော သပုတ္တဒါရော အာဂစ္ဆတိ, ပုရိသော ဗုဒ္ဓံ ဝန္ဒတိ, ဒူရတောဟံ နမဿိဿံ၊ သဿံယံ လောကနာယကံ"။

တို့၌ကား ကတ္တာဋ္ဌကြိယာ သက်သက်ကိုသာ ရအပ်၏၊ ကမ္မဋ္ဌကြိယာကိုမရအပ်။

သဒ္ဒါငယ်ကျမ်း, ပုဒ်စစ်ကျမ်းတို့မှာ "ပုရိသော ဩဒနံ ပစတိ"ကို ကမ္မဋ္ဌကြိယာ ဟုထုတ်ပြသည်ကား အသာဓာရဏနည်းတည်း၊ ထိုပြယုဂ်မှာ ကတ္တာဋ္ဌကြိယာကို မရကောင်းသောကြောင့် ကမ္မဋ္ဌကြိယာ ဟုထုတ်သည်မဟုတ်။

[ဤကား သဒ္ဒါငယ်ကျမ်း, ပုဒ်စစ်ကျမ်းတို့၌ ကတ္တာဋ္ဌကြိယာ-
ကမ္မဋ္ဌကြိယာ နှစ်မျိုးလာရာ၌ နေရာကျသိအပ်သော
အဆုံးအဖြတ်အဓိပ္ပါယ်တည်း။]

မိုင်းခိုင်းဆရာတော်သည်-

“ပစတိ”ပုဒ်၌ကား “ပစ-ပါကေ”ဟူသည်နှင့်အညီ “ပုရိသော= ယောကျ်ားသည်၊ ဩဒနံ=ထမင်းကို၊ ပစတိ=ချက်၏”ပေးရမည်၊ ချက်၏ ဟူသည်လည်း၊ ကျက်စေသည်ပင်တည်း၊ ကျက်အောင်ပြုသည်ပင်တည်း၊ ကျက်အောင်ပြုသည်ကိုပင် မြန်မာ၌ ချက်သည်ဟု ခေါ်သောကြောင့် “ပစတိ=ချက်၏”ဟုပေးရိုးပြုကြလေသည်။

[ထိုပြယုဂ်၌ ကမ္မဌကြိယာတစ်ခုကိုသာ အရပြု၍ ဆုံးဖြတ်၏ ဆင်ခြင်။]

“ပစ=ပစသဒ္ဒါသည်၊ ပါကေ=ချက်ခြင်း, ကျက်ခြင်းနှစ်ပါး၌ ဖြစ်၏” ပေး၊ ချက်ခြင်းကား ကတ္တား၏ ဗျာပါရတည်း၊ ကျက်ခြင်းကား ကံ၏ ဝိကာရတည်း။

[ဤသို့ချက်ခြင်း, ကျက်ခြင်းနှစ်ပါး တစ်ခြားစီယူ။]

တစ်နည်းကား-

ကြိယာမည်သည် မုချစင်စစ်အားဖြင့် ကတ္တုဌကြိယာချည်းသာ တည်း၊ ကမ္မဌကြိယာဟူ၍လည်းမရှိ၊ မှန်၏၊ “ပုရိသော ဩဒနံ ပစတိ” ဟူသောဝါကျသည် ယောကျ်ားတည်းဟူသော ကတ္တား၏ဗျာပါရဖြစ် သော ချက်ခြင်းကြိယာကိုသာ ပဓာနအားဖြင့်ပြ၏၊ ကျက်ခြင်းကြိယာကို ပဓာနအားဖြင့် မပြ။

ကျက်ခြင်းကြိယာကို ပဓာနအားဖြင့် ပြဆိုရာ၌ကား “ဩဒနော ပစ္စတေ” ဟူ၍ပြ၏၊ ထိုသို့ဖြစ်လျက် ကျက်ခြင်းကြိယာသည် ထမင်းတည်း ဟူသောကတ္တားဒြဗ်၌ တည်သောကြောင့် ကတ္တုဌသာဖြစ်၏။

ဤနည်းအတူ-

(က) "ပုရိသော ရုက္ခံ ဆိန္ဒတိ"

(ခ) "ပုရိသော ပါကာရံ ဘိန္ဒတိ"

တို့၌ ယောကျ်ား၏ ဗျာပါရကိုသာ ပဓာနအားဖြင့် ရ၏။

သစ်ပင် တံတိုင်းတို့၏ ဝိကာရကိုပဓာနပြု၍ ဆိုလိုရာ၌ကား-

(က) "ရုက္ခော ဆိဇ္ဇတိ"

(ခ) "ပါကာရော ဘိဇ္ဇတိ"

ဟူ၍ သစ်ပင် တံတိုင်းသည် ကတ္တားသာဖြစ်၏၊ ပြတ်ခြင်း ကြိယာ, ပျက်ခြင်း-ပြိုခြင်းကြိယာသည် ကတ္တုရုသာဖြစ်၏။

[ဤသို့ ကြိယာဟူသမျှသည် ကတ္တုရုချည်းသာတည်း၊ ကမ္မရုဟူ၍မရှိ။]

သဒ္ဒါငယ်ကျမ်း, ပုဒ်စစ်ကျမ်းတို့၌။ ။ပုရိသော သြဒနံ ပစတိ"ကို ကမ္မရုကြိယာဟူသည်မှာ "သြဒနံ"ဟူ၍ကံဖြစ်ခိုက်မှာ ချက်ခြင်း ကြိယာကို လည်း ရလျက်ရှိသောကြောင့် ကမ္မရုကြိယာ ဟူပါသတည်း။

အာခ်ာရပုဒ်, သြကာသပုဒ်-တို့၏ဝိဂ္ဂြိုဟ်မှာ ကြိယာမည်သည် ကတ္တား, ကံတို့၌သာ မှီအားဖြင့်တည်၏၊ မှီအားဖြင့် ကြိယာ၏ တည်ရာဖြစ်သော ကတ္တား, ကံကို လွန်စွာဆောင်တတ်သည်ဖြစ်၍ ပရံပရူ ပစာရအားဖြင့် ကြိယာကိုဆောင်သည်မည်၏ ဟူရာတို့၌လည်း "သြဒနံ" ဟုကံဖြစ်ခိုက်မှာ ကျက်ခြင်းကြိယာရှိကာမျှကို ရည်၍ဆိုသည် ဟုယူ။

[အစဉ်ပြောနေကျ အတ္တနောမတိ။]

အတ္တနောမတိ ကိစ္စာပိ၊ ကထိတာ သဗ္ဗဒုဗ္ဗလာ။
တထာပိ နယမာဒါယ၊ ကထိတတ္တာ အကောပိယာ။

[သဒ္ဒနီတိ။]

အနက်ကား။ ။ အတ္တနောမတိ=မိမိ၏အလိုကို၊ သဗ္ဗဒုဗ္ဗလာ= အလုံးစုံတို့အောက် အားနည်းသည်ဟူ၍၊ ကိစ္စာပိ ကထိတာ=အကယ်၍ ကား ဆိုအပ်၏ရှင့်၊ တထာပိ=ထိုသို့ပင် ဆိုအပ်ပါသော်လည်း၊ နယံ= အသင့်ယုတ္တိရှိသောနည်းကို၊ အာဒါယ=ယူဆောင်၍၊ ကထိတတ္တာ= ဆိုအပ်သည်၏အဖြစ်ကြောင့်၊ အကောပိယာ=ပယ်ရှားအပ်သည် မဟုတ် ချေ။

အတ္တနောမတိ နာမေသာ၊ ကိစ္စာပိ သဗ္ဗဒုဗ္ဗလာ။
ယုတ္တိယာ ပန သမ္ပန္နာ၊ ဂဟေတဗ္ဗာဝ ဝိညုနာ။ ။
[ရစနာဂါထာ။]

အနက်ကား။ ။ ဧသာ အတ္တနောမတိနာမ=ထိုမိမိအလိုမည် သည်ကား၊ သဗ္ဗဒုဗ္ဗလာ=အလုံးစုံတို့အောက်အားနည်းသည်၊ ကိစ္စာပိ ဟောတိ=အကယ်၍ကားဖြစ်၏ရှင့်၊ ပန တထာပိ=ထိုသို့ပင်ဖြစ်ပါသော် လည်း၊ ယုတ္တိယာ=အသင့်ယုတ္တိနှင့်၊ သမ္ပန္နာ=ပြည့်စုံသည်ရှိသော်၊ ဝိညုနာ= ပညာရှိသည်၊ ဂဟေတဗ္ဗာဝ=မှတ်သားစွဲယူအပ်သည်သာလျှင်တည်း။

ညသ်ကောက်ဟောင်း ညသ်ကောက်သစ်, သန္ဓိပဏ္ဏာမ အ ကောက်ဟောင်း အကောက်သစ်စသည်တို့၌ကား-

၁။ ကတ္တုတ္ထကြိယာ,
၂။ ကမ္မတ္ထကြိယာ,
၃။ ကရဏတ္ထကြိယာ,
၄။ သမ္ပဒါနတ္ထကြိယာ,
၅။ အပါဒါနတ္ထကြိယာ,
၆။ အာဓာရတ္ထကြိယာ,

ဟူ၍ အတ္ထသဒ္ဒါနှင့် ကြိယာခြောက်မျိုး ဆိုရိုးပြုကာလာ၏။

အင်္ဂကျောင်းမှု သမ္ဗန္ဓစိန္တာနိဿယမှာလည်း-

၁။ ကာရကဗျာပါရကြိယာတစ်မျိုး,

၂။ ကာရကကြိယာတစ်မျိုး,

ဟူ၍ကြိယာနှစ်မျိုးဆို၏။

ယခုရောက်လာသော ဆရာတော်မှာစာမှာလည်း-

၁။ သား, မယားနှင့်တကွ လာလတ်ခြင်းကတ္တုတ္ထကြိယာ။

၂။ တရားသံယာနှင့်တကွ ရှိခိုးအပ်ခြင်းကမ္မတ္ထကြိယာ။

၃။ ပါပုဏာနသတ္တိ တည်းဟူသော အကျဉ်းပြအပ်ခြင်းကြိယာ။

၄။ ပုဂ္ဂိုလ်သာပြတတ်ခြင်း ကတ္တုတ္ထကြိယာသို့ရောက်သည်။

၅။ သိက္ခာပုဒ်တို့ကား ပြအပ်ခြင်းကမ္မတ္ထကြိယာသို့ရောက်ကုန်သည်။

ရှိခိုးခြင်းကြိယာဖြင့်ရောက်အပ်သော ကြိယာပါပုဏာန သတ္တိတည်းဟု ရှိခိုးအပ်ခြင်း ကမ္မတ္ထကြိယာသည်၊ တရားသံယာမှာလည်း ရှိသည်ဟူ ၍ ကြိယာနိပ္ဖါဒကသတ္တိတည်းဟူသော ကတ္တားကိုပင် ကတ္တုတ္ထကြိယာ, ကြိယာပါပုဏာနသတ္တိတည်းဟူသော ကံကိုပင်ကမ္မတ္ထ ကြိယာဆိုလျက်ပါ ရှိ၏။

ကတ္တုရှပုဒ်၌-

“ ကတ္တု ဒဗ္ဗေ တိဋ္ဌတီတိ ကတ္တုဋ္ဌာ”

[ကတ္တုသတ္တိရ၏။]

“မုချကတ္တုသင်္ခါတော အတ္တောဓေ ကြိယာ ကတ္တုတ္ထကြိယာ ကတ္တုဋ္ဌကြိယာဝါ၊ ကတ္တတ္ထကြိယာတိပိ ယုဇ္ဇတိ”။

[ဗုင်းသတ္တိကိုပင်ရ၏၊ ကမ္မတ္ထစသည်နည်းတူ။]

ဒြဗ်ကတ္တား, သတ္တိကတ္တားနှစ်ပါးရှိသည်တွင်-

၁။ သတ္တိကတ္တားသည် ကြိယာလည်းမည်၏၊ ကာရကလည်းမည်၏၊ ဒြဗ်ကတ္တား၌တည်သောကြောင့် ကတ္တုရှလည်းမည်၏။

၂။ ဒြဗ်ကတ္တားသည် ထိုသတ္တိကတ္တားဟု ဆိုအပ်သော ကြိယာကို ပြီးစေအပ်၏၊ ရောက်အပ်၏ဟုလိုသည်။

[ကံစသည်တို့၌လည်း ဤနည်းတူ။]

[ဤသို့ပြဆိုခဲ့ပြီးသော အကောက်ဆရာ, သမ္ဗန္ဓစိန္တာနိဿယဆရာ, ယခုရောက် လာသော မှာစာဆရာတို့အလိုတည်း။]

ဤအလုံးစုံကိုပင် ကျမ်းဂန်လည်းမရှိ ယုတ္တိလည်းမရှိသော ကြောင့် ဆင်ခြင်အပ်၏၊ မှန်၏။

သဒ္ဒါကျမ်းတို့၌-

" ကတ္တုဒဗ္ဗေ တိဋ္ဌတီတိ ကတ္တုဋ္ဌာ၊ ကမ္မဒဗ္ဗေ တိဋ္ဌတီတိ ကမ္မဋ္ဌာ" ဟူ၍ပြီးသော-

၁။ ကတ္တုဋ္ဌကြိယာ,

၂။ ကမ္မဋ္ဌကြိယာ,

ဟူ၍ကြိယာနှစ်ပါးသာ လာသည်၊ ကရဏဋ္ဌကြိယာ မလာ၊ အဋ္ဌ သဒ္ဒါနှင့် ကတ္တုဋ္ဌကြိယာစသည်လည်း မလာ။

ဘေဒစိန္တာ၌။ ။ ကာရကပုဒ်ကို ဘာဝသာဓ်ဝိဂြိုဟ်ဆို၍-

၁။ သတ္တိကာရက,

၂။ ကြိယာကာရက,

နှစ်ပါးဆိုသည်မှာလည်း အာချာတ်ဘော, ကိတ်ဘောတို့ကို ကာရက၌ သင်္ဂြိုဟ်လို၍ ဆိုခြင်းမျှသာတည်း၊ ကတ္တားစသည်ကိုလည်း

ကြိယာဆိုလို၍ ဆိုသည်မဟုတ်။

ထို့ကြောင့်-

“ ကာရကော သတ္တိ ကြိယာဘေဒေန ဒုဝိဓော”

ဟူ၍သတ္တိကာရကတစ်ခြား, ကြိယာကာရကတစ်ခြား နှစ်ပါးခွဲလေသည်၊ ကတ္တားစသော ကာရကခြောက်ပါးသည် သတ္တိကာရကမည်၏၊ ကြိယာကာရကလည်းမည်၏၊ ဘောသည်ကြိယာကာရကမည်၏၊ သတ္တိကာရကမမည်၊ ထို့ကြောင့် ကာရကနှစ်ပါးပြား၏ ဆိုလိုသည်။

[သတ္တိကာရကကို ကြိယာဟူ၍ယူကြသော
ယခင်ဆရာတို့၏အယူသည် ဤဘေဒစိန္တာနှင့်ပင် ဆန့်ကျင်၏။]

## ယုတ္တိမရှိပုံကား

ခပ်သိမ်းသော ပရမတ္ထဓမ္မဟူသမျှသည် ကြိယာချည်းသာဖြစ်ငြားသော်လည်း အဘိဓမ္မာရေးတစ်လမ်း, သဒ္ဒါရေးတစ် လမ်းပေတည်း၊ သဒ္ဒါအရာမှာ သဒ္ဒါရေးသည်သာပမာဏဖြစ်၏၊ ထို့ကြောင့် ကတ္တုသတ္တိ, ကမ္မသတ္တိစသည်ကို ကြိယာဆိုခြင်းငှါ မသင့်ဟူ၍သာ ဆိုအပ်၏၊ အကယ်၍“ သတ္တိမုချေန ကာရကံ” ဟူသည်နှင့်အညီ မုချကာရကဟု ဆိုအပ်သော ကတ္တုသတ္တိ, ကမ္မသတ္တိစသည်တို့ကိုလည်း ကြိယာဟူ၍ယူခဲ့အံ့၊ ဒြဗ်ကာရကခြောက်ပါးသည် မိမိ၌တည်သော သတ္တိကြိယာခြောက်ပါးကို မုချအားဖြင့် ပြီးစေကြသည်ချည်းဖြစ်သောကြာင့် ကတ္တားကဲ့သို့ မုချကာရကချည်းမည်လေရာ၏၊ ကတ္တားသည်သာ မုချကာရကမည်ရာ။

“ ပုရိသာ ဘူမိယံ စရန္တိ ” -

စသည်တို့၌လည်း “ဘူမိယံ” ပုဒ်ကို ပရံပရူပစာရအားဖြင့် ကြိယာ၏တည်ရာဖြစ်သည်ဟု မဆိုသင့်။

## မေးမြန်းဖွယ်

မေး။ သတ္တိကာရကကိုရည်၍ ဆိုသည်မဟုတ်၊ စရဏကြိယာကို ရည်၍ ပရံပရူပစာရကို ဆိုပါသည်-ဟူငြားအံ့။

ဖြေ။ သတ္တိကို ကြိယာဆိုသော ကျမ်းဂန်မရှိ၊ ကရဏတ္ထကြိယာ စသည် အဘယ်ကြောင့် မရဘဲရှိအံ့နည်း။

မေး။ “ပုရိသော ဟတ္ထေန အတ္တနော ကာယံ ပရာမသတိ” စက္ခုနာ အတ္တနော ဝဏ္ဏံ ပဿတိ ” စသည်၌ သုံးသပ်ခြင်း ကြိယာစသည် ဟတ္ထစသည်၌ တည်သည်မဟုတ်လော-ဟူငြားအံ့။

ဖြေ။ အဘိဓမ္မာရေးတစ်လမ်း၊ သဒ္ဒါရေးတစ်လမ်းဆိုသည့် အတိုင်း သဒ္ဒပယောဂမည်သည် ဝဒန္တုလောက၏ အစွမ်းဖြင့်ပြီး၏၊ ဝဒန္တုလောကသည်လည်းပုရိသဟုဆိုအပ်သော အပေါင်းအတ္ထကို ပဓာနပြု၍ ထိုပြယုဂ်ကို ဆိုကြလေရကား သုံးသပ်ခြင်းကြိယာ, မြင်ခြင်းကြိယာတို့ကို အပေါင်းဖြစ်သော ပုဂ္ဂိုလ်အတ္တ၌သာတည်ကုန်၏ ဟု ယူအပ်ကုန်၏၊ ဟတ္ထစက္ခုတို့၌ တည်ကုန်၏ဟု မယူအပ်ကုန်။

ကြိယာကာရကခွဲ၍ မရကောင်းသော “ စိန္တေတီတိ စိတ္တံ ” ဟူသော ပရမတ္ထပဒဝိဂြိုဟ်များမှာပင် သဒ္ဒါရေးသဒ္ဒယုတ္တိ ဖြောင့်မှန်စေခြင်းငှါ သတ္တိတစ်ခြား, ကြိယာတစ်ခြား နှစ်မျိုးပြားအောင်တင်စား၍ ယူရသေး၏။

[ ဤသို့လျှင် သဒ္ဒါကျမ်းဂန်တို့၌ ကတ္တုရှကြိယာ, ကမ္မဋ္ဌကြိယာ နှစ်မျိုးသာ လာရှိ၍ ကရဏတ္ထကြိယာစသည်, ကတ္တွတ္ထကြိယာ စသည် မလာမရှိသည် တစ်ကြောင်း, မုချကာရက ဆိုရသော

ကတ္တုသတ္တိ, ကမ္မသတ္တိစသည်ကို ကြိယာဆိုသင့်သော ယုတ္တိမရှိသည် တစ်ကြောင်း၊ သို့အကြောင်းများကြောင့် ထိုညသ်ကောက်ဟောင်း ညသ်ကောက်သစ်, သန္ဓိပဏ္ဏာမ အကောက်ဟောင်း အကောက်သစ် သမ္ဗန္ဓစိန္တာနိဿယစသည် စကားများကို ပညာရှင်တို့ ဆင်ခြင် အပ်သတည်း။]

ကတ္တုရှကြိယာ ကမ္မတ္ထကြိယာနှစ်မျိုးတို့တွင် ကတ္တုရှကြိယာသည် ခပ်သိမ်းသော ဝါကျနှင့် ဆက်ဆံ၏။

## ဆိုခဲ့သောအထက် စကား၌ စောဒနာရန်ရှိသည်ကား

(က) ဝိသုဒ္ဓိမဂ်၌ " ပဋိစ္စသမုပ္ပါဒေါ " ပုဒ်၏ ဘာဝသာဓ်ကို သဒ္ဒယုတ္တိလည်းမရှိ၊ အတ္ထယုတ္တိလည်းမရှိဟုဆို၏၊ ဘာဝသာဓ်ပြုခဲ့သော် ပုဗ္ဗကြိယာသည် သမာနကတ္တုက အဖြစ်ကိုမရသည်ကား သဒ္ဒယုတ္တိမရှိ ပုံတည်း။

ဘာဝသာဓ်ပြုခဲ့သော သမုပ္ပဇ္ဇနကြိယာမတ္တကိုသာရ၏၊ထိုကြိယာမတ္တသည် အတိဥတ္တာန ဖြစ်လေရကား " ဂမ္ဘီရောစာယံ အာနန္ဒ ပဋိစ္စသမုပ္ပါဒေါ " စသည်နှင့်ဆန့်ကျင်သည်ကား အတ္ထယုတ္တိမရှိ ပုံတည်းဟု မိန့်၏။

(ခ) ဤဥပ္ပဇ္ဇနကြိယာမှာ ပဋိစ္စကြိယာ၏ ကတ္တားမှတစ်ပါး အခြားကတ္တားလည်း လာဖွယ်မရှိ၊ ပဋိစ္စကြိယာ၏ ကတ္တားသည်ပင် ထိုကြိယာ၏ ကတ္တားတည်းဟုဆိုပြန်လျှင် သမာနကတ္တုကအဖြစ်ကို မရဟူသည်နှင့် ဆန့်ကျင်ပြန်၏၊ ထို့ကြောင့် ဤကဲ့သို့သော ဘာဝသာဓ် ကြိယာများကို ကတ္တုရှကြိယာမဆိုသင့်သည်ဟု သိအပ်၏။

(ဂ) "ပုဗ္ဗကာလေက ကတ္တုကာနံ တုန တွာန တွာဝါ" သုတ်၏ အဖွင့်ရူပသိဒ္ဓိစသည်တို့၌လည်း-

"ဧကကတ္တုကာနံ"ဆိုသောကြောင့် တုနာဒိပစ္စည်း, တုံ, တဝေ-ပစ္စည်းတို့၏ ကတ္တားကို ဟောကြောင်းကို ဆိုကြကုန်၏၊ ထိုကျမ်းတို့၏ အဆိုမှာလည်း ရှေ့ကြိယာ, နောက်ကြိယာနှစ်ပါး ကတ္တားဟောခြင်းတူကြရာ၌သာ ဧကကတ္တုက ဆိုရမည်ဟု စကားကျလေရကား ဤဘာဝသာဓ်မှာ ဧကကတ္တုကလက္ခဏာချို့၏ဟု ရောက်ပြန်၏၊ ကတ္တုဋ္ဌကြိယာမျိုး မဟုတ်ဟု စကားကျပြန်၏၊ ထို့ကြောင့် ကတ္တုဋ္ဌကြိယာသည် ခပ်သိမ်းသောဝါကျနှင့် ဆက်ဆံသည်ဟု မဆိုသင့်။

အဖြေကား။ "ပဋိစ္စသမုပ္ပါဒေါ"ပုဒ်ကို ဘာဝသာဓ်ပြုသော် လည်း ရှေ့ကြိယာ နောက်ကြိယာသမာန ကတ္တုကဖြစ်ကြသည် သာဖြစ်၏။

မှန်၏၊ ကြိယာမည်သည်ကတ္တား ဗျာပါရမျှသာဖြစ်၏၊ ကတ္တားနှင့် လွတ်၍ သက်သက်ဖြစ်သည်မရှိ၊ ထို့ကြောင့် ကတ္တားသည် သဗ္ဗကြိယာ ဗျာပိကာရမည်ပေသတည်း။

ကတ္တားကို ပဓာနပြု၍ဆိုလိုသော် "ပုရိသော ဩဒနံ ပစတိ, ဩဒနော ပစ္စတိ"ဟုဖြစ်၏၊ ကြိယာကို ပဓာနပြု၍ ဆိုလိုသော် "ပုရိသဿ ပါကော, ဩဒနဿ ပါကော"ဟုဖြစ်၏၊ "ပုရိသဿ=ယောက်ျား၏၊ ပါကော=ချက်ခြင်း၊ ဩဒနဿ=ထမင်း၏၊ ပါကော= ကျက်ခြင်း"။

ဤ၌ "ပါကော"၏ အရချက်ခြင်းကြိယာ၏ ကတ္တားကား ယောက်ျားပင်တည်း၊ ကျက်ခြင်းကြိယာ၏ ကတ္တားကား ထမင်းပင်တည်း၊ ထို့ကြောင့် "ပါကော"ဟူသော ဘာဝသာဓနပုဒ်ကို ကတ္တားကင်းသည်ဟု မဆိုရ၊ ချက်ခြင်းကြိယာ, ကျက်ခြင်းကြိယာနှစ်ပါးသည် ကတ္တုဋ္ဌချည်းသာ ဖြစ်၏။

“ပုရိသဿ, သြဒနဿ”တို့နှင့် မယှဉ်မူ၍ “ပါကော”ချည်းဆိုသော်လည်း ချက်တတ်သူ, ကျက်တတ်သောဝတ္ထုတည်းဟူသော ကတ္တားသာမညနှင့် ဆက်ဆံသော ကတ္တုရူပင်ဖြစ်၏၊ ထို့ကြောင့် နောက်ကြိယာပုဒ်ကို ဘာဝသာဓ်ပြုသော်လည်း ရှေ့နောက်ကြိယာနှစ်ပါးသည် သမာနကတ္တုကလက္ခဏာမပျက်သည်သာဖြစ်၏။

ထို့အတူ နောက်ကြိယာပုဒ်ကို ကမ္မသာဓ်ပြုသော်လည်း ကရဏသာဓ်, သမ္ပဒါနသာဓ်, အပါဒါနသာဓ်, အဓိကရဏသာဓ်ပြု သော်လည်း ရှေ့နောက်ကြိယာနှစ်ပါးသည် သမာနကတ္တုက မချို့သည်သာဖြစ်၏၊ “ပစိတွာ ဘုဥ္ဇနံ၊ ပစိတွာ ဘုဥ္ဇိတဗ္ဗံ”စသည်ကိုထုတ်။

[ဤမျှသောစကားဖြင့် ပဋိစ္စသမုပ္ပါဒပုဒ်မှာ ဘာဝသာဓ်ပြုသည့်
အတွက် ဗျဥ္ဇန ဝိရောဓိမရှိကြောင်းကို ပြဆိုသတည်း။]

မှန်၏၊ ပဋိအယနကြိယာ၏ ကတ္တားသည်လည်း သင်္ခတဓမ္မစုပေတည်း၊ သမုပ္ပဇ္ဇနကြိယာ၏ ကတ္တားသည်လည်း ၎င်းပင်တည်း။

[ဤကား ဗျဥ္ဇနဝိရောဓိသုတ်သင်ချက်တည်း။]

“ပုဗ္ဗကာလေကကတ္တုကာနံ”ဆိုခြင်းကြောင့် တုနာဒိပစ္စည်း, တုံတဝေပစ္စည်းများ ကတ္တားကို ဟောသည်ဟုဆိုကြခြင်းများသည် အလျဉ်းပင် မသင့်။

ပုဗ္ဗကြိယာပုဒ်သည် ဘောကိုဟောသော်လည်း ကတ္တားနှင့် မကင်းရာသောကြောင့် သမာနကတ္တုကလက္ခဏာ မချို့သည်သာလျှင်တည်း၊ ထို့ကြောင့် ပစ္စည်းတို့၏အဟောကို အကြောင်းယုတ္တိတစ်ပါးဖြင့်သာ ဆိုရမည်၊ ဧကကတ္တုကစကားမျှနှင့်မဆိုထိုက်၊ အတ္ထဝိရောဓိလည်း မရှိ။

မှန်၏၊ သင်္ခတဓမ္မတို့၏ အနိစ္စတာလက္ခဏာ, ဇာတိ ဇရာ မရဏ လက္ခဏာစုသည် သင်္ခတဓမ္မတို့ထက် နက်နဲ၏၊ ဓမ္မဝဝတ္ထာနဉာဏ် ပစ္စယ ပရိဂ္ဂဟဉာဏ်ကိုရပြီးနောက် ထိုလက္ခဏာစုကို ရခြင်းငှါ လွန်စွာအား ထုတ်မှသိနိုင်၏။

ထို့အတူပဋိစ္စသမုပ္ပါဒ်နကြိယာဟူသည်လည်း သင်္ခတဓမ္မ ပစ္စယတ္ထ ယုတ္တိသဘောရှိသော ဇာတိလက္ခဏာပင်ဖြစ်၍ လက္ခိတဗ္ဗ ဖြစ်သော အဝိဇ္ဇာစသော သင်္ခတဓမ္မတို့ထက် နက်နဲသည်သာဖြစ်၏၊ မောဟမူ မည်သည်ရှိ၏ဟု လောကီယဝိညူတို့ပင် သိကြ၏၊ မောဟ၏ ပစ္စယ ကိုလည်းကောင်း, ပစ္စယာယတ္တဝုတ္တိက အဖြစ်ကိုလည်းကောင်း မသိနိုင်ကြ။

လောဘကိုသိကြ၏၊ ဒေါသကိုသိကြ၏၊ ဝေဒနာကိုသိကြ၏၊ သညာကိုသိကြ၏၊ စေတနာကိုသိကြ၏၊ ဝိတက်, ဝိစာရ, ပီတိ, ဝီရိယ, သဒ္ဓါ, သတိ, ပညာကိုသိကြ၏၊ ပညာ၏ပစ္စယကိုလည်းကောင်း, ပစ္စယာ ယတ္တ ဝုတ္တိကအဖြစ်ကိုလည်းကောင်း မသိနိုင်ကြ။

ထို့ကြောင့် ပဋိစ္စသမုပ္ပါဒ်နကြိယာသည် ဧကန္တနက်နဲ၏၊ ဓမ္မဝ ဝတ္ထာ နဉာဏ်ကိုရပြီးနောက် ပစ္စယပရိဂ္ဂဟဉာဏ်ကို လွန်စွာအားထုတ်မှ သိနိုင်၏။

[ဤကား ဘာဝသာဓ်ပြုသော်လည်း အတ္ထဝိရောဓိမရှိပုံတည်း။]

ပဋိစ္စသမုပ္ပါဒဉ္စ ဘိက္ခဝေ ဒေသိဿာမိ ပဋိစ္စသမုပ္ပန္နေ စ ဓမ္မေ၊ ကတမော စ ဘိက္ခဝေ ပဋိစ္စသမုပ္ပါဒေါ၊ ဇာတိပစ္စယာ ဘိက္ခဝေ ဇရာမရဏံ ဥပ္ပါဒါဝါ တထာဂတာနံ အနုပ္ပါဒါဝါ တထာဂတာနံ၊ ဌိတာဝ သာ ဓာတု ဓမ္မဋ္ဌိတတာ ဓမ္မနိယာမတာ

ဣဒပ္ပစ္စယတာ။ လ ။ ဘဝပစ္စယာ ဘိက္ခဝေ ဇာတိ။ လ ။ အဝိဇ္ဇာပစ္စယာ ဘိက္ခဝေ သင်္ခါရာ ဥပ္ပါဒါဝါ တထာဂတာနံ အနုပ္ပါဒါဝါ တထာ ဂတာနံ၊ ဌိတာဝ သာ ဓာတု ဓမ္မဋ္ဌိတတာ ဓမ္မနိယာမတာ ဣဒပ္ပစ္စယတာ။

သုတ်၌ "ဌိတာဝ သာ ဓာတု ဓမ္မဋ္ဌိတတာ ဓမ္မနိယာမတာ ဣဒပ္ပစ္စယတာ"ဟူသော နောက်စကားသည်သာလျှင် ပဋိစ္စသမုပ္ပါဒပုဒ် အနက်ပြလိုရင်းတည်း။

ထိုစကားဖြင့် ဘာဝသာဓ်ပြု၍ ဓမ္မနိယာမဖြစ်သော ပစ္စယာယတ္တဝုတ္တိကလက္ခဏာ-ဟူသောဇာတိကို ပဋိစ္စသမုပ္ပါဒ်ဆိုသည်ဟု ပြတော်မူ၏၊ အဝိဇ္ဇာစသောဓမ္မကိုသာ ပဋိစ္စသမုပ္ပါဒ်ဆိုသည်ဟု ပြတော် မမူ။

"အဝိဇ္ဇာ ဘိက္ခဝေ သင်္ခါရာ"ဟူသော ရှေ့စကားစသည်ကား လက္ခိတဗ္ဗနှင့်တကွ ပစ္စယာယတ္တဝုတ္တိက အခြင်းအရာကိုသာ ပဓာနပြသော စကားတည်း၊ ပစ္စယဓမ္မမျှကိုပြသောစကားမဟုတ်။

"ဥပ္ပါဒါဝါ တထာဂတာနံ အနုပ္ပါဒါဝါ တထာဂတာနံ"ကား နိယာမလက္ခဏာကို ပြသောစကားတည်း၊ သမုပ္ပါဒအရကိုပြလိုရင်းဟု ယူ၍ အဝိဇ္ဇာစသော ပစ္စယဓမ္မကို ပဋိစ္စသမုပ္ပါဒ်ဆိုသည်ဟု ဖွင့်ကြကုန်၏၊ ဣဒပ္ပစ္စယတာ-ပုဒ်ကိုလည်း "ဣမေသံ ပစ္စယုပ္ပန္နဓမ္မာနံ ပစ္စယော ဣဒပ္ပစ္စယော၊ သောဧဝ ဣဒပ္ပစ္စယတာ"ဟု ပြုကြကုန်၏။

အယံ ပစ္စယော ဧတေသန္တိ ဣဒပ္ပစ္စယာ အဝိဇ္ဇာဒယော သဗ္ဗသင်္ခတဓမ္မာ၊ ဣဒပ္ပစ္စယာနံ ဘာဝေါ ဣဒပ္ပစ္စယတာ၊ ပစ္စယာယတ္တဝုတ္တိကလက္ခဏံ"

ဟု ပြုမှသင့်သည်။

ကတမေစ ဘိက္ခဝေ ပဋိစ္စသမုပ္ပန္နာ ဓမ္မာ၊ ဇရာမရဏံ ဘိက္ခဝေ ပဋိစ္စသမုပ္ပန္နံ။ လ ။ အဝိဇ္ဇာ ဘိက္ခဝေ ပဋိစ္စသမုပ္ပန္နာ။ လ ။ အဝိဇ္ဇာ ဘိက္ခဝေ ပဋိစ္စသမုပ္ပန္နာ၊ ဣမေ ဝုစ္စန္တိ ဘိက္ခဝေ ပဋိစ္စသမုပ္ပန္နာ ဓမ္မာ။

ဟူ၍ ဟောပြန်၏။

ပစ္စယဓမ္မသည် ပဋိစ္စသမုပ္ပါဒ, ပစ္စယုပ္ပန္နဓမ္မသည် ပဋိစ္စသမုပ္ပန္နဓမ္မ၊ ဤကဲ့သို့ ဆိုလိုရင်းဖြစ်ခဲ့သော် အဝိဇ္ဇာတိုင်အောင် ဟောခွင့်မရှိပြီ။

[ဤကား ဘာဝသာဓ်၏သာ သုတ္တာနုလောမဖြစ်
ကြောင်းကို ပြဆိုချက်တည်း။]

ပဋိစ္စသမုပ္ပါဒပုဒ်၏ ဘာဝသာဓနဝိဂ္ဂြိုဟ်၌ ဗျဥ္ဇနဝိရောဓိ, အတ္ထဝိရောဓိ, သုတ္တဝိရောဓိ သုတ်သင်ရှင်းလင်းခန်းပြီး၏။

(က) သုဒုက္ကရမိဒံ ဌာနံ၊ ဉာဏဓီနံ ဉာဏဂေါစရံ။
တသ္မာ ဓီရာ စိန္တယန္တု၊ အတ္ထဗျဥ္ဇနကောဝိဒါ။

( ခ) အပိ ကိပ္ပိလိကော နာမ၊ ပဗ္ဗတံ ဘေတ္တု မုဿဟေ။
ဧဝံ သမ္ပဒမေဝေတံ၊ ယဒေတ္ထ မမ သောဓနံ။ ။

**အနက်ကား**

(က) ဧတ္ထ ပဋိစ္စသမုပ္ပါဒပဒေ= ဤပဋိစ္စသမုပ္ပါဒ ဟူသောပုဒ်၌၊ ဣဒံဌာနံ= ဤပဋိစ္စသမုပ္ပါဒပုဒ်၌ သုတ်သင်စစ်ဆေးချက်သည်၊ သုဒုက္ကရံ= လွန်စွာခဲယဉ်းလှချေ၏၊ ဉာဏဓီနံ= တကဲ့ဉာဏ်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်တို့၏၊ ဉာဏဂေါစရံ= တကဲ့ဉာဏ်ဖြင့်ကျက်စားရာ ဌာနမျိုးပေတည်း၊ တသ္မာ= ထိုသို့ခက်ခဲလှချေသောကြောင့်၊ အတ္ထဗျဥ္ဇနကောဝိဒါ= အနက်သဒ္ဒါတို့၌ လိမ္မာတော်မူကြပေကုန်သော၊ ဓီရာ=မယိမ်းမယိုင် တည်ခိုင်တုံ့ဘိ

ပညာရှိတို့သည်၊ စိန္တယန္တ=ပင်ကိုယ်ဉာဏ်ဖြင့် ကြံစည်တော်မူ ကြစေကုန်သတည်း။

(ခ) ကိပ္ပိလိကောနာမအပိ=ပိုးရွခြပုန်းကလေးပင် ဖြစ်သော် လည်း၊ ပဗ္ဗတံ=တောင်ကြီးကို၊ ဘေတ္တုံ=ပြိုအောင်ဖြိုခြင်းငှါ၊ ဥဿဟေ ယထာ=စွမ်းနိုင်လေသေးဘိသကဲ့သို့၊ ဧတ္ထ=ဤပဋိစ္စသမုပ္ပါဒ ဟူသောပုဒ်၌၊ မမ=အကျွန်ုပ်၏၊ ယံသောဓနံ=အကြင်သုတ်သင်ရှင်းလင်းချက်သည်၊ အတ္ထိ=ရှိ၏၊ ဧတံ=ထိုသုတ်သင်ရှင်းလင်းချက်သည်၊ ဧဝံ သမ္ဘဝမေဝ=ဤဆိုခဲ့ပြီးသော ခြပုန်းဥပမာအတိုင်းပင်လျှင်တည်း။

ကတ္တာဠှကြိယာ၏ သဗ္ဗကြိယာပဒဗျာပနကို ပြဆိုခန်းပြီး၏။

ပရမတ္ထဒီပနီ၌ ပိုဒ်မကြီးများလွန်းသည်မှာ-

၁။ ငယ်စဉ်အခါကပိုဒ်သေး, ပိုဒ်မ-မကျနချက်များလှသော အနုဋီကာပါဌ်, မဓုဋီကာပါဌ်များကို ကြည့်ရှုရသောအခါ ဝါကျအပိုင်းအခြား ရှေ့သွားနောက်ပြန် ကြံဖန်ရမှုနှင့် အလွန်ငြိုငြင်ခဲ့ဖူးပါသည်-တစ်ရပ်။

၂။ ဋီကာကျော် ချစဉ်အခါ အက္ခရာတစ်လုံးပင် ဖြစ်သော်လည်း တစ်ဝါကျ ဖြစ်ထိုက်လျှင် ပိုဒ်မကြီးတစ်ခုစီနှင့် ရေးထားရှိနေသော မဏိမဉ္ဇူမှုပဟောင်းတစ်စောင်ကို ကြည့်ရှုရရာ ဝါကျအပိုင်းအခြား ရှေ့သွားနောက်ပြန် ကြံစည်ဖွယ်မရှိ ဆွဲကာငင်ကာ ပြောဆိုရ၍ အလွန်ချမ်းသာခဲ့ဖူးပါသည်-တစ်ရပ်။

၃။ ပိုဒ်သေးဆိုသည်မှာ အလွန်ပျက်လွယ်သည်၊ ပိုဒ်မသာ ထာဝရ ဖြစ်နိုင်သည်၊ တရားကျမ်းဂန်မည်သည် ဉာဏ်မတွန့်ရပဲ ချောခနဲ ချောခနဲ ရှင်းခနဲ ရှင်းခနဲ မြန်မြန်ကြီးသိရ၍ သွားမှ ကောင်းသည်ဟု စိတ်စွဲလမ်းခြင်းရှိပါသည်-တစ်ရပ်။

၄။ သို့အတွက်ကြောင့် ရေးရေးသမျှမှာပင် ပိုဒ်မကြီး များ၍ များ၍ သွားပါသည်၊ ပရမတ္ထဒီပနီမှာလည်း စိတ်ပိုင်းတွင် အတန်ကြီးများ၍သွားပါသည်၊ နောက်အခါ၌ အရှင့်မှာစာတွင် ပါရှိသော အပြစ်ဒေါသများကို ဆင်ခြင်မိပြန်သည်နှင့် စိတ်ပိုင်းနောက် အဖို့ဆီမှစ၍ နောက်၌ အလွန်မများလှပါပြီ။

"ပရိသမာပန-ဣတိ"သဒ္ဒါလည်းများလွန်း၍ သွားပါသည်၊ ယခုမှာ သီတင်းကျွတ်ကပင် ပါဠိနိသျှမိတ်လင်စုံ စာအုပ်ရိုက်ထုတ်ရန် ရန်ကုန်မြို့ စာတိုက်ရုံးသို့ ပို့ရောက်ပြီးဖြစ်ပါ၍ မပြင်တဲ့သာရှိနေပါသည်၊ နောက်ထပ်မံ၍ တစ်ဖန်ရိုက်ဖြစ်လို့ရှိမှ ပြင်ဆင်နိုင်ရန်ရှိပါသည်၊ ၎င်းဋီကာ တည်ထွန်းလို့ရှိလျှင် ပိုဒ်မကြီးများသည်ကို အလိုမရှိသူတို့က ဖျက်ကြပြင်ကြသဖြင့်လည်း မကြာမီကုန်ပါလိမ့်မည်-တစ်ရပ်။

မောဂ္ဂလာနဒီပနီကို ကရဏပ္ပကာရနှင့်တကွ တိုက်တွန်းတော်မူလိုက်သည်မှာ-

ရွှေပြည်ဝန်ကြီး စီရင်သည့် သဒ္ဒသင်္ဂဟကျမ်းကို ပေ-မတင်မီ ပုရပိုက်မူတွင်ကြည့်ရှုရစဉ် ပုဒ်, ပါဠိထား အရေးအသားကား နေရာမကျလှ၊ သို့သော်လည်း လောကီ ဗျာကရိုဏ်းကျမ်းစု စုံလင်စွာပါရှိပေလိမ့်မည်၊ မောဂ္ဂလာနဒီပနီကို စီရင်လိုသောအခါ အသုံးလှလှကျပေလိမ့်မည်ဟု ကြံမိ၍ ယခုရေးထား ရှိနေပါသည်၊ ကြံမိသည့်အတိုင်းလည်း အတော်ကြီး စုံလင်ပုံရပါပေ၏၊ လိင်-အဆုံးအဖြတ်စသည်ဖြင့် ကျယ်လည်းကျယ် လွယ်လည်းလွယ်သောအရာစုလည်း အတန်ပါရှိ၏။

လိင် အဆုံးအဖြတ်မှာ သဒ္ဒနီတိအရိပ်ကိုဖမ်း၍-

သတလိင်္ဂဿ အတ္ထဿ၊ သတလက္ခဏဓာရိနော။
ဧကင်္ဂဿီ ဒုမ္မေဓော၊ သတဒဿီစ ပဏ္ဍိတော။ ။

အနက်ကား။ ။ သတလက္ခဏဓာရိနော=အရာမကသော မှတ်ကြောင်း လက္ခဏာရှိသော၊ သတလိင်္ဂဿ=အရာမကသော အကြောင်း ပဝတ္တနိမိတ်ရှိသော၊ အတ္ထဿ=အနက်သဘောကို၊ ဒုမ္မေဓော= ပညာမဲ့သောသူသည်၊ ဧကင်္ဂဒဿီ=တစ်စိတ်တစ်ဒေသကို မြင်လေ့ရှိ၏၊ ပဏ္ဍိတောစ=ပညာရှိသောသူသည်ကား၊ သတဒဿီ=အရာမကခွဲခြမ်း စိတ်ဖြာ၍ မြင်နိုင်၏။

[ဤပါဠိတော်ကိုအစွဲပြု၍ သဒ္ဒပဝတ္တနိမိတ်ကို လိင်ဆိုသည်ဟု ဆုံးဖြတ်သည်ကား မသင့်လေ။]

သဒ္ဒဗျုပ္ပတ္တိနိမိတ်, သဒ္ဒပဝတ္တနိမိတ်, လိင်၊ ဤသုံးပါးတို့၏ အထူးကို ဆိုလိုက်အံ့။

အဘိဓမ္မာတရားအရာ၌ ဥပ္ပတ္တိသဒ္ဒါနှင့် ဤသဒ္ဒါအရာ၌ ဗျုပ္ပတ္တိ သဒ္ဒါအနက်သွားတူကြ၏။

၁။ အဘိဓမ္မာမှာ ဥပါဒ်အခါ၌ အစစွာဖြစ်ပေါ်မှုကို ဥပ္ပတ္တိဆိုသည်။

၂။ သဒ္ဒါအရာမှာ ကမ္ဘာဦးအခါ၌သော်လည်းကောင်း, ထိုထို အနက်ဒြဗ်ဖြစ်ပေါ်ရာ ကာလ၌သော်လည်းကောင်း သဒ္ဒါတို့၏ ရှေးဦးစွာဖြစ်ပေါ်မှုကို ဗျုပ္ပတ္တိဆိုသတည်း။

အဘိဓမ္မာအရာ၌ ပဝတ္တိသဒ္ဒါနှင့် သဒ္ဒါအရာ၌ ပဝတ္တသဒ္ဒါ အနက်သွားတူကြ၏၊ ရှေးဦးစွာဖြစ်ပေါ်ပြီးသည်နောက် ဓမ္မသန္တတိ, သဒ္ဒသန္တတိ စသည်တည်၍ သွားသည်ကို "ပဝတ္တိ-ပဝတ္တ"ဆိုသတည်း။

အဘိဓမ္မာ၌ဟောတော်မူသော လိင်္ဂ, နိမိတ္တ, ကုတ္တ, အာကပ္ပ- ဤ ၄-ပါးကို သဒ္ဒါအရာ၌ လိင်ဟုဆိုသည်။

## ချဲ့.ဦးအုံ

သုတိ ဇာတိ ဂုဏော ဒဗ္ဗ၊ သမ္ဗန္ဓောစ ကြိယာ တထာ။
ကြိယာကာရကသမ္ဗန္ဓော၊ တျော့ဝံ သတ္တဝိဓောထဝါ။ ။

စသည်ဖြင့်လာသော သကတ်အနက် ၇-ပါး, သဒ္ဒိသဘောနှင့် တကွရှစ်ပါးသည် သဒ္ဒဗျုပ္ပတ္တိနိမိတ် ၇-ပါး, ၈-ပါးလည်းမည်၏၊ သဒ္ဒပဝတ္တနိမိတ် ၇-ပါး, ၈-ပါးလည်းမည်၏။

ထိုထိုသဒ္ဒါ၏ ထိုထိုအနက်ဒြဗ်၌ အစစွာဖြစ်ပေါ်ခြင်း၏ အကြောင်းဖြစ်သော သကတ်အနက် ၇-ပါး ၈-ပါးကို သဒ္ဒဗျုပ္ပတ္တိနိမိတ် ဆိုသည်။

ထိုထိုသဒ္ဒါ, ထိုထိုအနက်ဒြဗ်၌ အစစွာဖြစ်ပေါ်ပြီးသည့်နောက် ထိုထိုအနက်မှာ ထိုထိုသဒ္ဒါအစဉ်တည်၍ သွားခြင်း၏ အကြောင်းဖြစ်သော သကတ်အနက် ၇-ပါး ၈-ပါးကို သဒ္ဒပဝတ္တနိမိတ်ဆိုသည်။

ပါစကော သုက္ကော- အစရှိသော အနက်ရင်း မပျောက်နိုင်သော အချို့ အချို့သော သဒ္ဒါမျိုးတို့မှာ အစစွာဖြစ်ပေါ်ကြောင်းဖြစ်သော ဗျုပ္ပတ္တိနိမိတ်သည်ပင်လျှင် အစဉ်တည်ကြောင်း ပဝတ္တနိမိတ်ဖြစ်၏။

ပထဝီ, ပဗ္ဗတော, ပုရိသော, ဂေါ, တိသော, ဖုဿော-အစရှိသော သဒ္ဒါမျိုးတို့မှာမူကား အစစွာဖြစ်ပေါ်စဉ်အခါ ဗျုပ္ပတ္တိနိမိတ် သကတ်အနက်တစ်မျိုး, ထိုသကတ်ကွယ်ပျောက်ပြီးနောက် အစဉ်ဖြစ်၍ တည်သည့်အခါ၌ သွားခြင်းကြိယာသကတ်နှင့်ဖြစ်ပေါ်၏၊ နောက်၌ ထိုသကတ်ကွယ်ပျောက်သောအခါ နွားဇာတ်ဟူသော သကတ်ကိုစွဲ၍ နွားဒြဗ်တို့၌တည်၏။

[ကြွင်းသောသဒ္ဒါစု၌လည်း ဤနည်းတူသိလေ။]

ထိုက်သည့်အားလျော်စွာ သမာသ်ပုဒ်တို့၌လည်း ဗျုပ္ပတ္တိနိမိတ် ၇-ပါး ၈-ပါးကိုရအပ်၏၊ တဒ္ဓိတ်ပုဒ်တို့၌လည်း ဗျုပ္ပတ္တိနိမိတ် ၇-ပါး ၈-ပါး၊ ပဝတ္တနိမိတ် ၇-ပါး ၈-ပါးကိုရအပ်၏၊ ကိတ်ပုဒ်တို့၌လည်း ထို့အတူ ရအပ်၏၊ အာချာတ်ပုဒ်တို့၌ကား သုတိနှင့်ကြိယာ, ကြိယာ ကာရက သမ္ဗန်၊ ဤသုံးပါးကိုသာ ရရန်ရှိသည်။

"ဝိဂ္ဂြိုဟ်ဝစနတ်၊ ပြုတုံလတ်၊ ဗျုပ္ပတ်မြော်လေသင့်"

[ဟူသောနိယံမှာလည်း သမာသ်, တဒ္ဓိတ်, ကိတ်-ဝိဂ္ဂြိုဟ် ၃-မျိုးလုံးကိုယူ။]

"ဗျုပ္ပတ္တိမှာ၊ အရရှာ၊ ကြိယာဖြစ်လေသင့်"

[ဟူသောနိယံကို ဥပလက္ခဏနည်းယူ။]

"ဝိဂ္ဂဟာဝိဂ္ဂဟတ္ထာ ယေ၊ နိမိတ္တာဟိ ဏျာဒယော"

[ဟူသော ဘေဒစိန္တာဂါထာ, ၎င်းအဖွင့် ဒီပနီများလည်း ဤနည်းအတိုင်းသိလေ။]

[ဤကားဗျုပ္ပတ္တိနိမိတ်ပဝတ္တနိမိတ် နှစ်ပါးအထူးတည်း။]

လိင်သည်-

၁။ အတ္ထလိင်,

၂။ သဒ္ဒလိင်-ဟူ၍ နှစ်ပါးရှိ၏။

အတ္ထလိင်သည်လည်း-

၁။ ကတ္တိလိင်,

၂။ ပုလ္လိင်,

၃။ နပုလ္လိင်-ဟူ၍ ၃-ပါးရှိ၏။

ထိုသုံးပါးတို့တွင်-

၁။ ဓမ္မသင်္ဂဏီရူပကဏ္ဍ၌ ဟောတော်မူသော ဣတ္ထိလိင်, ဣတ္ထိနိမိတ္တ, ဣတ္ထိကုတ္တ, ဣတ္ထာကပ္ပ၊ ဤလေးပါးသည် ဣတ္ထိလိင်မည်၏။
၂။ ပုရိသလိင်, ပုရိသနိမိတ္တ, ပုရိသကုတ္တ, ပုရိသာကပ္ပ၊ ဤလေးပါးသည် ပုလ္လိင်မည်၏။
၃။ အဘိဓမ္မာ၌ မဟောသော်လည်း အဝုတ္တသိဒ္ဓိနည်းအားဖြင့် ပြီးသော ထိုဣတ္ထိ, ပုရိသအခြင်းအရာ ၃-ပါးမှ လွတ်သောလိင်, နိမိတ္တ, ကုတ္တ, အာကပ္ပ ၄-ပါးသည် နပုလ္လိင်မည်၏။

သဒ္ဒလိင်သည်လည်း-

၁။ သဒ္ဒဣတ္ထိမျိုး-
၂။ သဒ္ဒပုရိသမျိုး-
၃။ သဒ္ဒနပုံးမျိုးဟူ၍ ၃-ပါးအပြားရှိ၏။

[သဒ္ဒါ မ မျိုး, သဒ္ဒါဖိုမျိုး-သဒ္ဒါထီးမျိုး, သဒ္ဒါနပုံးမျိုးဆိုလိုသည်။]

မှန်၏၊ လူတို့၌ အထီးမျိုး, အမမျိုး, နပုံးမျိုးခွဲခြမ်းမှုမှာ ဝိသဒါကာရ, အဝိသဒါကာရ, ဥဘယတ္ထာကာရ ၃-ပါးသည် အချုပ်ဖြစ်၏၊ သဒ္ဒါတို့မှာလည်း ထိုအခြင်းအရာ ၃-ပါးသည်သာလျှင်တည်း။

၁။ သဒ္ဒရုပ်နေသန့်ရှင်းသော ပုရိသ-စသော သဒ္ဒါမျိုးသည် သဒ္ဒပုရိသမျိုးမည်၏။
၂။ ရုပ်နေမသန့်ရှင်းသော ကညာ-စသော သဒ္ဒါမျိုးသည် သဒ္ဒဣတ္ထိမျိုးမည်၏။
၃။ ထိုနှစ်မျိုးမှ လွတ်သော ရုပ်နေရှိသော ကုလ-စသောသဒ္ဒါမျိုး

သည် သဒ္ဒနပုံးမျိုးမည်၏။

ပြဆိုခဲ့ပြီးသော အတ္ထလိင်မျိုးမှာ သတ္တဝါသဏ္ဌာန်၌သာ ရအပ်၏၊ သတ္တဝါသဏ္ဌာန်နှင့် ဆက်ဆံသော သဒ္ဒါမျိုးတို့တွင် သဏ္ဌာန်တစ်ခုလုံးကိုဟောသော ပုရိသ, ဣတ္ထိ, ကုလ-စသော သဒ္ဒါမျိုးသည်သာလျှင် အတ္ထလိင်သို့လိုက်၍ သဒ္ဒလိင်, အတ္ထလိင် နှစ်ပါးနှင့် ယှဉ်၏၊ သတ္တဝါ၏ သဏ္ဌာန်အစိတ်အစိတ်ကိုဟောသော ဟတ္ထ-ပါဒ-သီသ-စသော သဒ္ဒါမျိုး, စက္ခု-ကဏ္ဏ-စသော သဒ္ဒါမျိုး, ကေသ-လောမ-စသော သဒ္ဒါမျိုး, ပထဝီ- ဖဿ-စသောသဒ္ဒါမျိုး, တော- တောင်-ရေ-မြေ-စသော ဗဟိဒ္ဓ သဏ္ဌာန်ကိုဟောသော သဒ္ဒါမျိုးတို့၌မူကား စင်စစ် အားဖြင့် အတ္ထလိင် မရှိ၊ သဒ္ဒလိင်သာ ရှိ၏။

ပရိယာယ်အားဖြင့်ကား-

"ပထဝီ ဇာတာ, ဖဿော ဇာတော, ဝနံ ဇာတံ"စသည်တို့၌ "ပထဝီ, ဖဿော, ဝနံ"တို့ကား ဝစ္စပုဒ်တို့တည်း၊ "ဇာတာ, ဇာတော, ဇာတံ" တို့ကား ဝါစကပုဒ်တို့တည်း၊ ဝစ္စပုဒ်တို့သည် အတ္ထပဒပုဒ်မည်ကုန်၏။

ဇာတာစသောပုဒ်တို့သည် မိမိတို့၏ ဝစ္စပုဒ်လိင်ကိုယူကြရကုန်၏၊ ဤသို့ ယူသည်ကိုစွဲ၍ ထိုပုဒ်တို့မှာ သဒ္ဒလိင်, အတ္ထလိင်နှစ်မျိုးကို ဆိုအပ်၏။

"ပဒ္မော နီလော, ဝနရာဇိ နီလာ, ပုပ္ဖံ နီလံ"တို့မှာလည်း ဝိသေသိတဗ္ဗပဒ၏ လိင်ကိုယူ၍ နီလသဒ္ဒါ၌ အတ္ထလိင်, သဒ္ဒလိင်ကိုဆိုအပ်၏။

ဘေဒစိန္တာမှာ လိင်္ဂဝိနိစ္ဆယကို မသေမချာ နဝေနဝါ ထွေထွေ လာလာ ဆို၍ထား၏။

[ဤကား သဒ္ဒဗျုပ္ပတ္တိနိမိတ်, သဒ္ဒါပဝတ္တိနိမိတ်,
လိင်သုံးပါးတို့၏အထူးတည်း။]

[ဤကားတစ်ပါးသော ကျမ်းဂန်များမှာလည်း မသေမချာ၊ သဒ္ဒသင်္ဂဟကျမ်းမှာလည်း နေရာမကျ၊ လောက၌လည်း နဝေ နဝါဖြစ်၍နေကြသော အရာဌာနသုံးချက်ကို ပြဆိုလိုက်သော အခန်းတည်း။]

ရူပသိဒ္ဓိ, သဒ္ဒနီတိကျမ်း-တို့ကို ကိုယ်ပြု၍ ထိုသဒ္ဒသင်္ဂဟကျမ်းမှာလည်း ပါဠိ, အဋ္ဌကထာ, ဋီကာတို့၌ အသုံးကျလောက်သော ဝိနိစ္ဆယ, ပြယုဂ်ဥဒါဟရဏ်တို့ကို ထုတ်နုတ်၍ သဒ္ဒါကျမ်းရှပ်ပြီးရိုးမှ ထူးသောပါဠိနည်းဟူ၍ အသီးဆိုလိုက်သော ပါဠိတော်ပြယုဂ်များကိုလည်း ဆိုင်ရာဆိုင်ရာထည့်သွင်း၍ မိန့်မှာတော်မူလိုက်သော ကရဏပွကာရအတိုင်း "သဒ္ဒရှပ်ပြီးကျမ်း"ကို စီရင်ရသည်ရှိသော် အလွန် သင့်လျော် လျောက်ပတ်ရှိလိမ့်မည် ထင်ပါ၏။

သို့သော်လည်း ယခုလောကမှာ ရှပ်ပြီးပိုင်မှုသည်သာ သဒ္ဒါတတ်ကြောင်း, စာတတ်ကြောင်း, ကျမ်းတတ်ကြောင်းဟု မသိကြ၊ ထိုထိုသဒ္ဒဝိနိစ္ဆယ, အတ္ထဝိနိစ္ဆယတို့ကို များများတတ်လျှင် သဒ္ဒါတတ်သည် စာတတ်သည်ဟု မှတ်ထင်ကြ၍ သဒ္ဒါတတ်ရန် စာတတ်ရန်-

၁။ သဒ္ဒါကြီးကို သံဝဏ္ဏနာလှည့်၍ချသူချ,
၂။ ညာသ်ကျမ်း, သံပျင်ကျမ်းများကို ချသူချ,
၃။ သဒ္ဒါငယ်ကျမ်းတို့ကို ချသူချ-ဆောင်သူဆောင်,
၄။ နိယံသံပေါက်အတိုအနှောင်းစုကို ဆောင်သူဆောင်,
၅။ သဒ္ဒါရှပ်ပြီးပိုင်နိုင်မှုမရှိကြပဲ ဋီကာကျော်, ကဓါစသော ကျမ်းဂန်များကို ပုဒ်စေ့, ပါဌ်စေ့ စုဒ်စောဒနာတွေနှင့် နှစ်လရှည်ကြာ ဗလပွါတတ်တိုင်း အလိုင်းတကြီးပြောဆို၍ ချသူချ,

သို့ဖြစ်၍နေကြသော ဤလောကအလယ်မှာ-

၁။ ရုပ်ပြီး သဒ္ဒါကျမ်းဘယ်လိုပင် ကောင်းသော်လည်းအသုံးတွင်ကျယ်ရန် အခွင့်ကို မမြင်ပါသည်တစ်ကြောင်း,

၂။ တောနေလိုသော စိတ်ဆန္ဒသန်လျက်ရှိနေပါသည်လည်း တစ်ကြောင်း,

၃။ စာပေပို့ချမှုကလည်း မကင်းတဲ့သာရှိနေပါသည် တစ်ကြောင်း,

၄။ စာချမှုနှင့် စာရေးမှုဖက်စပ်၍ နေပြန်လျှင် စာချမှုလည်း မတွင်ကျယ်၊ စာရေးမှုလည်း အညီအညွတ် အစေ့အစပ် မရှိနိုင် သည် တစ်ကြောင်း,

သို့အကြောင်းများကြောင့် ရေးမိ, စ-မိသော မောဂ္ဂလာနဒီပနီကိုပင် ဖြတ်လှပ်ရုပ်သိမ်း၍ ထားရပါသေးသည်။

သဒ္ဒါတတ်မှု, စာတတ်မှုမှာ။ ။ ရုပ်ပြီးလိမ္မာမှုသည်သာ မူလပဓာနဖြစ်၏၊ အကြီးအကျယ်ဆုံးသောအလုပ်ဖြစ်၏၊ ရုပ်ပြီးကောင်းကောင်းလိမ္မာခဲ့လျှင် ထိုထိုသဒ္ဒဝိနိစ္ဆယ, သဒ္ဒတ္ထဝိနိစ္ဆယ, ခက်ဆစ် ခက်ရပ်သည် ကြည့်ကာ, ရှုကာ, နာယူကာနှင့်ပြီး၏၊ သဒ္ဒဝိနိစ္ဆယ, အတ္ထ ဝိနိစ္ဆယ, ခက်ဆစ်ခက်ရပ် ဘယ်လိုပင်တတ်သော်လည်း ရုပ်ပြီးမစေ့စပ်မူ သဒ္ဒါတတ်သည်, စာတတ်သည် မဆိုလောက်၊ ကျမ်းတတ်မှာဝေးစွ။

ပဋိသန္ဓေဉာဏ်ပညာရှိ၍ မိမိပင် သုတ်ပြီးရုပ်ပြီးအကြမ်းအားဖြင့်မြင်ကြသော်လည်း စာသင်သားငယ်တို့ကို အလွယ်တကူနှင့် သုတ်ပြီးရုပ်ပြီးအနုစိတ်မြင်တဲ့အောင် ကြံဖန်၍မချတတ်သည်နှင့် မူလပဓာနဖြစ်သော သဒ္ဒါမှုကြီးကိုပင် အလေးမပြုလောက် လေယောင်ယောင်ချောင်ကြိုချောင်ကြားမှာ ကုန်မှကုန်ပစေ နဝေနဝါနှင့် ပြီးစေကြ၏။

သဒ္ဒါကြီးအနေမှာ မသေမချာ နဝေနဝါ တွေဝေစရာ အလွန်များ၏၊ ဂိုဏ်းဂဏဖွဲ့စည်းမှုနှင့်တကွ သဒ္ဒါရုပ်ပြီးညဏ်ဖြန့်ဖြူးမှု၌ ကျေးဇူးပြုခြင်းမရှိပဲ သုတ်ထွက်, သုတ်တက်, ဆက္ကသံဝဏ္ဏနာ, ထွေထွေလာလာ စကားစုနှင့် အကျယ်တဝင့် ဖွင့်ဆိုသိုင်းဝိုင်းကြသော ညသ်ကျမ်း, သံပျင်ကျမ်း, နိရုတ္တိမဉ္ဇူကျမ်း, သုတ္တနိဒ္ဒေသကျမ်း, ကစ္စာယနဝဏ္ဏနာကျမ်းများသည်လည်း သာသနာတော်၌ ပပဥ္စမှုကြီး သက်သက်ဖြစ်၏၊ မဏိမဉ္ဇူ, မဏိဒီပတို့ကဲ့သို့တည်း။

ရုပ်ပြီးမှုမည်သည်။ ။ သင်္ကေတမျှဖြစ်၍ အာကတိဂိုဏ်း, ပိသောဒရာဒိဂိုဏ်းအဆုံးအဖြတ်မှာပါရှိသော လောကီကျမ်းစကားများ ကဲ့သို့ တိုနိုင်လေ ကောင်းလေ, ကျဉ်းနိုင်လေ ကောင်းလေ, ပြီးလွယ်လေ ကောင်းလေသာ ဖြစ်၏။

ထိုသို့ဖြစ်၍ သဒ္ဒါကြီးမှာ သင်ကြားသူ လူငယ်, ရှင်ငယ်, ရဟန်းကလေးများနှင့်-အင်အားမတန်လှသော ပါဠိသေသတွေနှင့် ကိန်းစွဲမှု, သုတ်လိုက်တွေနှင့် ရုပ်တွက်မှု, အရာမဟုတ်သေးပဲ ဘောတိ-စသည်တို့၌ ဓာတ်ရုပ်-သမာသ်ရုပ်-တဒ္ဓိတ်ရုပ်များကိုတွက်ဆိုမှု, အထွေထွေအလာလာ လျှဉ်ပါးမှုများသည်လည်း ဤသာသနာ၌ နိဿယဆရာကြီးတို့၏ ပပဥ္စမှုကြီးစုသာတည်း။

ပပဥ္စံ ပရိဝဇ္ဇေယျ၊ သံပဿံ အတ္တမတ္တနော။
အန္တရာယော ဟိ ပပဉ္စော၊ နိပ္ပပဉ္စဿ သာသနေ။ ။
(ရစနာ ဂါထာ)

အနက်ကား။ ။ အတ္တနော=မိမိ၏၊ အတ္ထံ=အကျိုးစီးပွါးကို၊ သံပဿံ-သံပဿန္တော=ကောင်းစွာဆင်ခြင် မြော်မြင်တုံဘိ အမြင်ရှိသော

သူသည်၊ ပပဍ္စံ=အကျိုးမဲ့အချိန်ဖြုန်းသော အကျယ်ချနည်းတွေကို၊ ပရိဝဇ္ဇေယျ=ဝေးစွာရှောင်ကြဉ်ရာသည်သာလျှင်တည်း၊ ဟိ=အကြောင်းကိုဆိုဦးအံ့၊ နိပ္ပပဍ္စသ=အကျယ်မကြိုက် အကျဉ်းလိုက်တော်မူသော မြတ်စွာဘုရားသခင်၏၊ သာသနေ=သာသနာတော်မြတ်၌၊ ပပဍ္စော=အကျိုးမဲ့ အချိန်ဖြုန်းသော အကျယ်ချနည်းများသည်၊ အန္တရာယော=လောကီ, လောကုတ္တရာနှစ်သွယ် ဘေးအပေါင်းငြိတွယ်၍ အန္တရာယ်များစေတတ်သော အလုပ်ပိုကြီးတွေသာတည်း။

ရှေးအခါ၌ ရုပ်ပြီးမှုကို ပဓာနမပြုပဲ ပါဠိရလျှင် တတ်သည်ထင်ကြ၍ သဒ္ဒါ-သဂြိုဟ်ပါဠိကုန်, ဆန်း-အလင်္ကာ-အဘိဓာန်ပါဠိကုန်, သည်တွင်မက မာတိကာ-ဓာတုကထာ-ယမိုက်-ပဋ္ဌာန်း-ကုသလတိက်ကုန်စာစုကို အသက်အရွယ်နုလှသေးသော ကုလပုတ္တကလေးတွေကို သုဓမ္မာဇရပ် ပရိသတ်ကြီးအလယ်မှာ ပြန်ဆိုစေမှုများသည်ကား ဤသာသနာမှာ အဋ္ဌာနနိယောဇနမှုကြီးသက်သက်သာတည်း။

ဟောန္တိ စေတ္ထ

၁။ န ဟောတေ ဟန္တာရော နာမ၊ ယေ မဇ္ဈေ ဟန္တိ ယေ မငေ။
ကုက္ကုဋ္ဌေ သူကရေ ဂါဝေါ၊ အထော အဇေဇ ဥဋ္ဌကေ။ ။

၂။ တေယေဝ ဟန္တာရော နာမ၊ ဒုလ္လဘေ သတ္ထု သာသနေ။
အဋ္ဌာနေ ယေ နိယောဇေန္တိ၊ ကုလပုတ္တေ သုဒဗ္ဗကေ။ ။

၃။ နိယုတ္တာ ကေစိ မိယျန္တိ၊ အသယှ ဘာရပီဠိတာ။
ကေစိ ရောဂေဟိ သံဖုဋ္ဌာ၊ ယာဝဇီဝံ သုဒုဗ္ဗလာ။ ။

၄။ ကေစိ ဟီနာယာဝတ္တန္တိ၊ ဂန္ထဒုက္ခေန တာသိတာ။
အပ္ပကာဝ သေသာ ဟောန္တိ၊ ဒုလ္လဘေ သတ္ထုသာသနေ။ ။

အနက်ကား။ ။ ဧတ္ထ=ဤအရာ၌၊ ဂါထာယော=ရစနာဂါထာတို့သည်၊ ဟောန္တိ=ဖြစ်ကုန်၏။

၁။ ဣဓ=ဤလောက၌၊ ယေ=အကြင်သူတို့သည်၊ မစ္ဆေ=ငါးတို့ကို၊ ဟန္တိ=သတ်ကြကုန်၏၊ ယေ=အကြင်သူတို့သည်၊ မဂေစ=သားသမင်တို့ကိုလည်းကောင်း၊ ကုက္ကုဋ္ဌေစ=ကြက်တို့ကိုလည်းကောင်း၊ သူကရေစ=ဝက်တို့ကို လည်းကောင်း၊ ဂါဝေါစ=နွားတို့ကိုလည်းကောင်း၊ အထော=ထိုမှတစ်ပါး၊ အဇေစ=ဆိတ်တို့ကိုလည်းကောင်း၊ ဧဠကေစ=သိုးတို့ကိုလည်းကောင်း၊ ဟန္တိ=သတ်ကြကုန်၏၊ ဧတေ=ထိုသားသတ် သမားတို့သည်၊ ဟိ=စင်စစ်၊ ဟန္တာရောနာမ=အသတ်သမားတို့မည်ကုန်သည်၊ နဟောန္တိ=မဖြစ်ကုန်။

၂။ ပန=စင်စစ်သော်ကား၊ ယေ=အကြင်သူတို့သည်၊ ဒုလ္လဘေ=ရခဲလှစွာသော၊ သတ္ထုသာသနေ=မြတ်စွာဘုရားသခင်၏ သာသနာတော်၌၊ သုဒဗ္ဗကေ=ပါရမီရင့်သန်၍ ပညာဓာတ်ခံ ပါလာကြကုန်သော၊ [သုဒဗ္ဗကေတိ သုဋ္ဌုပဏ္ဍိတဇာတိကေ။] ကုလပုတ္တေ=အမျိုးကောင်းသားကလေးတို့ကို၊ အဌာနေ=မသင့်မလျော်သော သင်ကြားနည်း၌၊ နိယောဇေန္တိ=အပူတပြင်း အတင်းတိုက်တွန်းကြကုန်၏၊ တေယေဝ=ထိုသို့အတင်း တိုက်တွန်းသော သူတို့သည်သာလျှင်၊ ဟန္တာရောနာမ=သူသတ်သမားကြီးတို့ မည်ကုန်သည်၊ ဟောန္တိ=ဖြစ်ကုန်၏။

၃။ နိယုတ္တာ=အတင်းတိုက်တွန်းခြင်းခံရသဖြင့် ကြိုးစားအားထုတ်ကြကုန်သော အမျိုးကောင်းသားတို့သည်၊ အသယှ ဘာရပီဠိတာ=မနိုင်ဝန်ကြီး ဖိစီးနှိပ်စက်အပ်ကုန်သည်ဖြစ်၍၊ ကေစိ=အမျိုးကောင်းသားအချို့တို့သည်၊ မိယျန္တိ=ပုန်းကနဲလဲ၍ သေရှာကြကုန်၏၊ ကေစိ=အချို့သော အမျိုးကောင်းသားတို့သည်၊ ရောဂေဟိ=ထုံနာ, ကျင်နာ, လေရော

ဂါစသည်တို့ဖြင့်၊ သံဖုဋ္ဌာ=တွေ့ထိအပ်ကုန်သည်ဖြစ်၍၊ ယာဝဇီဝံ= အသက်ဆုံးသည့်တိုင်အောင်၊ သုဒ္ဒုဗ္ဗလာ=အင်အားချိနဲ့ကာ အသုံးမကျပဲ နေရှာကြကုန်လေ၏။

၄။ ကေစိ=အချို့သော အမျိုးကောင်းသားတို့သည်၊ ဂန္ထဒုက္ခေန= ကျမ်းဂန်သင်ကြားရသော ဆင်းရဲဒုက္ခဖြင့်၊ တာသိတာ=ခြိမ်းခြောက်အပ် ကုန်သည်ဖြစ်၍၊ ဟီနာယာဝတ္တန္တိ=လူ့ဘောင်သို့ ပြန်၍ပြေးရှာကြလေ ကုန်၏၊ ဝါ=လူထွက်ကြလေကုန်၏၊ အပ္ပကာဝ=အနည်းငယ်ကလေး သော အမျိုးသားတို့သည်သာလျှင်၊ ဒုလ္လဘော=ရခဲလှစွာသော၊ သတ္ထု သာသနေ=မြတ်စွာဘုရားသခင်၏ သာသနာတော်၌၊ အဝသေသာ= ကြွင်းကျန်ရစ်ရှာကြကုန်သည်၊ ဟောန္တိ=ဖြစ်ကုန်၏။

သဒ္ဒါကြီးပါဠိကိုရသော်လည်း ရုပ်ကောင်းကောင်းကြီး မပြီးလျှင် အပင်ပန်းကြီး ပင်ပန်းရုံမျှသာရှိ၏၊ ပါဠိကိုမရသော်လည်း သုတ်စဉ်ကိုရ ၍ ပို့ချနည်းနေရာကျ၍ ဂိုဏ်းဂဏစဉ်မှုနှင့်တကွ ရုပ်လှလှ ပြီးစီးလျှင် သဒ္ဒါကိစ္စပြီး၏။

သင်္ဂြိုဟ်က ဝီထိနည်း, ပဋ္ဌာန်းသုံးချက်စု, ပစ္စည်းပြိုင်များနှင့် တကွ အညက်အညော ချောမောကျေပွန်လျှင် မာတိကာ, ဓာတုကထာ, ယမိုက်, ပဋ္ဌာန်းတတ်ပြီးသကဲ့သို့ဖြစ်၏။

သင်္ဂြိုဟ်ကမကျေလည်လျှင် ညဝါဆယ်ထပ်ပင် ကျသော်လည်း အဘိဓမ္မာမတတ်၊ သဒ္ဒါတတ်ခဲ့လျှင် ဆန်း, အလင်္ကာ, အဘိဓာန်များမှာ လက်ရှိထား၍ ကြည့်ကာ ရှုကာနှင့်ပြီး၏။

သဒ္ဒါရှစ်စောင် သုတ်ပြီး, ရုပ်ပြီးနှင့်တကွ သဒ္ဒါအသိုက် အအုံနှင့် ကောင်းစွာ လိမ္မာမှုသည်သာလျှင် သဒ္ဒါတတ်ဖို့, စာတတ်ဖို့, ကျမ်းတတ်ဖို့

မူလပဓာနအမှန်ဖြစ်၏၊ ရုပ်ပြီးမှုမှာလည်း နာမ်, အာချာတ်, ကိတ် အနိုင် အနင်းလိုလှ၏၊ ထိုကနိုင်နင်းခဲ့လျှင် အကြွင်းငါးစောင်မှာ ပြောကာဆိုကာ မျှနှင့်ပြီး၏။

ဝိနာ နိရုတ္တိဉာဏေန၊ ယော ခမ္ဘံ ဣစ္ဆ သိက္ခတိ။
ပဒေ ပဒေ ဝိဟညေယျ၊ ဝနေ အန္ဓဂဇော ယထာ။ ။
[ရစနာဂါထာ။]

အနက်ကား။ ။ ယော=အကြင်သူသည်၊ ဣစ္ဆ=ဤသာသနာတော်၌၊ နိရုတ္တိဉာဏေန=သဒ္ဒါဉာဏ်နှင့်၊ ဝိနာ=ကင်း၍၊ ခမ္ဘံ=ပိဋကတ်သုံးပုံတည်းဟူသော တရားကို၊ သိက္ခတိ=သင်ကြားကျင့်ကြံ၏၊ သော=ထိုသူသည်၊ ဝနေ=တောထဲ၌၊ အန္ဓဂဇောယထာ=ဆင်ကန်းကြီးကဲ့သို့၊ ပဒေပဒေ=ပုဒ်တိုင်းပုဒ်တိုင်း၊ ဝိဟညေယျ=ယောင်ယောင်စမ်းစမ်းနှင့် ပင်ပန်းလေရာသတည်း။

## နာမ်လုပ်နည်း

ရုပ်ပြီးလွယ်အောင် သဒ္ဒါချနည်းကို အနည်းငယ်ပြဆိုလိုက်အံ့။

၁။ သဒ္ဒါကြီးကို ပုဒ်စေ့, ပါဠ်စေ့ရုံ အနက်လွယ်လွယ်ချ။

၂။ တစ်သုတ်မှာ တစ်ရုပ်တန်သည်, နှစ်ရုပ်တန်သည် ရုပ်ပြီးရုံ ကျဉ်းကျဉ်းကျေကျေချ။

၃။ နေ့ကိုစာကိုင်၍ အနက်သွက်သွက်လယ်အောင်လှည့်စေ။

၄။ ပါဠိမကျက်စေနှင့်။

၅။ အနက်, ရုပ်ညကိုပြန်နိုင်အောင် မလုပ်စေနှင့် ပင်ပန်းသည်။ စာကိုကြည့်၍နေ့လှည့်မှုကား မပင်ပန်း။

[အကျိုးမရှိ အကျိုးမများပဲနှင့် စာသင်သားပင်ပန်းခဲ့သော်လည်းကောင်း, အကျိုးပင်များသော်လည်း အင်အားနှင့်မတန်၍

စာသင်သားများ ပင်ပန်းခဲ့သော် လည်းကောင်း ဆရာ၏အပြစ်တည်း၊ ထို့ကြောင့် အကျိုးများမများ အရှယ်အင်အားနှင့် တန်မတန်ကို အလွန် သတိမူအပ်၏။]

ညအခါ၌မူကား။ ။ ဝိဘတ်သွယ်, သဒ္ဒါစစ်, ပုဒ်စစ်များကိုတွင် တတ်သမျှချ၍ ကျေကျေမွမွအံစေ။

သဒ္ဒါကြီးကုန်သောအခါ။ ။နေ့၌နာမ်ရူပသိဒ္ဓိကိုချ၊ သုံးချပ်, လေးချပ်ပေါက်လျှင် နာမ်သုတ်နက် ညအခါ၌ချ၊ည၌မချပဲ နေ့မှာချရုံနှင့် ရုပ်မမြင်၊ ရုပ်သို့ရောက်လျှင် ပုရိသသဒ္ဒါ၏ ရုပ်စဉ်တစ်ခုမှာ တစ်ပုဒ်လျှင် တစ်ရုပ်စီကျေကျေမွမွချ။

အစိတ်တွက်နည်းပြီး၏။

## အပေါင်းတွက်နည်း

၎င်းနောက် ပုရိသသဒ္ဒါနှစ်ခု သုံးခုတည်၊ "တတော စ ဝိဘတ္တိယော"ဖြင့် ဝိဘတ်အကုန်သက်၊ "သော"စသောသုတ်တို့နှင့် အစဉ်အတိုင်းစီရင်၊ "ပုရိသော, ပုရိသာ ။လ။ ပုရိသေသု"ပြီး၏-ဟုဆို၊ ရုပ်သုံးခု တစ်ခါတည်းတည်၍ပြီးစေ။

[ဤအပေါင်းတွက်နည်းမှာ ဝိဘတ်သွယ်မဆိုပြီ။]

အပေါင်းတွက်နည်းပြီး၏။

၁။ မနောဂိုဏ်းမှာ "မနသာ, မနသော, မနသိ" သုံးရုပ်ကိုသာ အစိတ်တွက်ပြီးလျှင် နှစ်ဆဲ့ခြောက်ရုပ်ကို အပေါင်းတွက်။

၂။ ဂုဏဝါဒိဂိုဏ်းမှာ အကုန်လုံး အစိတ်ပြန်တွက်၊ ပြီးမှအပေါင်းတွက်၊ ဝိဘတ်သွယ်နှင့်တကွ အစိတ်အစိတ်ဆိုမှု ကျေ၍လိုက်အောင် အစိတ်တွက်ကို တစ်ခါတစ်ခါညှပ်ရသည်။

[တပည့်၏ ညာဏ်စွမ်း, နှုတ်စွမ်းကိုကြည့်၍လုပ်။]

၃။ ဤနည်းသွားလေ၍ အကာရန္တအပြီးတွင် တစ်ရက်တန်သည်, နှစ်ရက်တန်သည်, သုံးရက်တန်သည်ရပ်ဆိုင်း၍ ပုရိသ-သဒ္ဒါမှစ၍ ပုမ, မဃဝ, ယုဝ-တို့တိုင်အောင် အစီအစဉ်အပေါင်းတွက်နှင့် ရုပ်စိုင်းရသည်။

[နောက်ကိုဤနည်းတူ။]

၄။ ပုလ္လိင် အကုန်နိုင်နင်းရှင်းလင်းလျှင် နပုလ္လိင်ကိုချ၊ သိဝိဘတ်, ယောဝိဘတ်တို့မှာ ရုပ်စိတ်တွက်၊ ကြွင်းသောဝိဘတ်တို့မှာ ရုပ်စီရုံသာစီ။

၅။ ၎င်းနောက် ဣတ္ထိလိင် သုတ်နက်ကိုချ၊ "ကညာ, ရတ္တိ, နဒီ" သုံးရုပ်တို့မှာ ရုပ်စိတ်, ရုပ်ပေါင်းနှစ်နည်းတွက်၊ နောက်ကိုရုပ်ပေါင်းကိုသာတွက်။

၆။ ဣတ္ထိလိင်အပြီးတွင် ရက်ဆိုင်း၍ ပုရိသော-မှစ၍ ဝဓူသု-တိုင်အောင် ရုပ်ပေါင်းတွက်နည်းနှင့် ရုပ်စိုင်း၊ လိင်စဉ်, အန္တစဉ်-အကုန်လင်းအောင်စိုင်း၊ အထက်, အောက်ထုတ်ချင်းပေါက်လင်းမှတန်။

၇။ ၎င်းနောက် သဗ္ဗနာမ် ၇-ပုဒ်ကို နှုတ်တက်ရစေ၊ "သဗ္ဗ, ယ, တ, ဧတ, ဣမ, အမု, ကိံ, ဒွိ, တိ, စတု, တုမှ, အမှ" သဒ္ဒါစုမှာ သုတ်နက်တွင် ရုပ်ထုတ်၊ အကြွင်းသဒ္ဒါစုမှာ ရုပ်စဉ်ဆိုသောအခါ အကုန်ထည့်၍ဆို။

၈။ သဗ္ဗနာမ်အကုန်ရက်ဆိုင်း၍ ပုရိသောမှစ၍ ရုပ်စိုင်း၊ လိင်စဉ်, အန္တစဉ်, ရုပ်စဉ်-အကုန်လုံး အထက်အောက် ထုတ်ချင်းပေါက်လင်းမှတန်။

၉။ ဝိဘတ္တိပစ္စည်းမှာ ပစ္စည်းစုကိုထုတ်၍ နှုတ်တက်ရစေ၊ ပြီးမှ သုတ်နက်ချ၊ သုဒ္ဓနာမ်, သဗ္ဗနာမ်ရုပ်စဉ်ထဲမှာ ဝိဘတ္တိပစ္စည်း ရုပ်စုကို ဆိုင်ရာအကုန်သွား၍ ရုပ်စိုင်း၊ ပုရိသောမှစ၍ အကုန်လုံးလင်းမှတန်။

[ညာဏ်လေးလှသောသူဖြစ်ခဲ့သော်လည်းကောင်း, ကာယဗလ နည်းသော သူဖြစ်ခဲ့သော်လည်းကောင်း အသုံးနည်းလျက် ရုပ်ခက်များလှသော "သခ, ပုမ, သာ, ဂေါ, ပေါက္ခရ ဏီ" သဒ္ဒါ၊ ဤကဲ့သို့သော သဒ္ဒါစုကို လွှတ်၍ထား ခဲ့ရသည်၊ သည့်ပြင်ရုပ်စု ကို ကျေပြီးမှ ထိုသဒ္ဒါစုကို ပြန်၍လုပ်တန် လုပ်ရသတည်း။]

သုတ်နက်မှာ အနက်မထင်ရှားသော သုတ်စုကို ရွေးကောက်၍ ဆောင်၊ လိင်စဉ်, အန္တစဉ်, ရုပ်စဉ်မှာ ရုပ်စိုင်းရင်းမတ်တတ် ကျေညက် ရှင်းလင်း၍ကုန်အောင် အထပ်ထပ်ဆို၍ ရုပ်စိုင်းရသည်။

အထပ်ထပ်ဆိုမှုသည် စာသင်သားမှာလည်း အလွန်လည်းသက်သာ၏၊ ကျေလည်းကျေ၏၊ ဆရာလုပ်သူက နိုင်နင်း၍ မပျင်းမရိ အား ထုတ်လေလေ တပည့်သက်သာလေလေဖြစ်၏။

ညဝါဟောမည့်အတွက် သဒ္ဒါကို ညဝါကြီးလုပ်၍ ချမှုတည်း၊ အဘိ ဓမ္မာညဝါမှာ အရွယ်ကြီးမှ ကုသိုလ်ဖြစ်သက်သက်သာ ဟောရသည်၊ စာတတ်ဖို့အလုပ်မဟုတ်၊ သဒ္ဒါလုပ်ရမည့်အရွယ်မှာ ညဝါလုပ်၍ နေလျှင် စာမတတ်ပြီ။

နာမ်လုပ်နည်းပြီး၏။

-----------------------

## အာချာတ်လုပ်နည်း

နာမ်ပြီးလျှင် အာချာတ်ကိုချ၊ ဓာတ်စဉ်ကိုထုတ်၍ ကျက်ဦး၊ ဝိဘတ် စဉ်ကို စက္ကူတွင်ကျေအောင်ရေးစေ၊ ရေးမှုလိုရာ တစ်လုံးချင်း ကောက်ခါ ငင်ခါရသည်၊ နှုတ်မှာရရုံနှင့်မပြီး၊ နေ့ကိုရူပသိဒ္ဓိချ၊ အနက် ကျေကျေ လှည့်စေ၊ ၃-ချပ် ၄-ချပ် ၈-ချမိ၍ ဓာတ်စဉ်လည်းရ, ဝိဘတ်လည်းမြင်

လျှင် ညအခါသုတ်နက်ချ၊ ဝတ္တမာန် ဝိဘတ်တစ်ခုတွင် ရုပ်စိတ်တွက်၍ ကာရိုက်ပစ္စည်း သုတ်ရုပ်ကိုလည်းသွင်း၍ချ။

ဘဝတိ၊ ဘဝန္တိ-စသည်,
အနုဘူယတိ၊ အနုဘူယန္တိ-စသည်,
အနုဘုယျတိ၊ အနုဘုယျန္တိ-စသည်,
ဘာဝေတိ၊ ဘာဝေန္တိ-စသည်,
ဘာဝယတိ၊ ဘာဝယန္တိ-စသည်,
ဘာဝီယတိ၊ ဘာဝီယန္တိ-စသည်,
ဘာဝိယျတိ၊ ဘာဝိယျန္တိ-စသည်,
ဘာဝယီယတိ၊ ဘာဝယီယန္တိ-စသည်,
ဘာဝယိယျတိ၊ ဘာဝယိယျန္တိ-စသည်ဖြင့်-

ဓာတ်တစ်ခုတစ်ခုမှာ ဝိဘတ်တစ်ခုတစ်ခုတွင် သုဒ္ဓကတ္တုရုပ်, သုဒ္ဓကမ္မရုပ်, ဟေတုကတ္တုရုပ်, ဟေတုကမ္မရုပ် ၄-မျိုး ၄-မျိုးစီ။

ထိုရုပ်စုမှာ နာမ, တုမှ, အမှ၊ ကံ, ကတ္တား၊ ဧကဝုစ်, ဗဟုဝုစ်၊ ဝုတ္တ, အဝုတ္တ၊ ဓာတ်ကံ, ဓာတ်ကတ္တား၊ ကာရိုက်ကံ, ကာရိုက်ကတ္တား-အနေအထားများကို ဝတ္တမာန် ဝိဘတ်တွင် ကွဲပြားအောင်လုပ်၊ သုတ်နက်မှာ ပြယုဂ်ထည့်၍ချတန်ချ၊ ဝတ္တမာန်ဝိဘတ်တွင် စိန်ပြေနပြေလုပ်။

ရုပ် ၄-မျိုး ကျေလှုပြီဆိုရမှ နောက်ဝိဘတ်များသို့ပြောင်း၊ ရုပ် ၄-မျိုးချည်းစီ၊ နောက်ဝိဘတ်များမှာ ရုပ်စိတ်မတွက်နှင့်၊ ဘူသဒ္ဒါတည်၊ "အာဂမာတျာ သိဒ္ဓေဖြင့် ပဠမီဝိဘတ် ၁၂-လုံးသက်ဟုဆို၊ တစ်ခါတည်း၍ တွက်လျှင် ရုပ်ပေါင်း ၁၂-ရုပ်၊ ၁၄-ရုပ်၊ ၃၀၊ ၄၀၊ ၁၀၀၊ ၂၀၀၊ ၃၀၀-ပြီး စေရမည်၊ ဉာဏ်လေးလှသူဖြစ်ခဲ့လျှင် ဟိယျတ္တနီသုတ်ရုပ်, ပရောက္ခာ သုတ်ရုပ်တို့ကို ချန်ထားခဲ့ဦး။

ဘူဓာတ်ပြီး၏။

နောက်ခါတ်စုမှာ ပရဿပုဒ်ရုပ်စုသာစီ၊ ဝိဘတ်စဉ်, ရုပ်စဉ်မြင်ပြီးနောက် ပထမပုရိသ်တွင်စီ၊ အာချာတ်ရုပ်မည်သည် အလွန်ကျယ်ဝန်းများပြားသည်၊ နည်းလှလှရ၍ ကျေလယ်လျှင် တစ်ရုပ်ပြီးလျှင် ရုပ်တစ်ရာ, ရုပ်တစ်ထောင်မြင်နိုင်၏၊ နာမ်ရုပ်လိုမဟုတ်၊ ဂိုဏ်းရှစ်ပါးလည်း လှလှကွဲလေအောင် တစ်ဂိုဏ်း, တစ်ဂိုဏ်းတွင်ရုပ် ၄-မျိုးလည်း လှလှကွဲပြီးဖြစ်အောင်ချ။

အာချာတ်လုပ်နည်းပြီး၏။

-----------------

## ကိတ်လုပ်နည်း

ပြီးလျှင်ကိတ်ကိုချ၊ ခါတ်စဉ်ထုတ်၊ ပစ္စည်းစဉ်ထုတ်၊ ခါတ်တစ်ခုခုကိုမူတည်၍ ပစ္စည်းစဉ်နှင့်ရုပ်စိုင်း၊ ကိတ်ချမှုကို သာ၍ဆရာအကြံလိုသည်၊ ဆရာကနိုင်လှမှတော်သည်။

ကိတ်အမြွက်ပြီး၏။

[ကြွင်း ၅-စောင်မှာ ညဝါပြု၍ ချမှုမလိုပြီ၊ နေ့အခါချ၍ ပုဒ်စစ်နှင့်
စပ်၍ပြော၊ သန္ဓိနှင့် ဥဏာဒ်၊ ဤ ၂-စောင်မှာ
နေ့ကိုပင်မချသော်လည်း ပြီးပါ၏။]

လက်ထောက်စာချဆရာများ သတိရရန်လျှောက်လိုက်ပါသည်။

အာကတိဂိုဏ်း, ပိသောဒရာဒိဂိုဏ်း ၂-ဂိုဏ်းကို လျှောက်လိုက်သည်မှာ မောဂ္ဂလာန်၌ ၎င်း၂-ဂိုဏ်းအမြွက်ပါရှိသည်ဖြစ်၍ လျှောက်လိုက်ပါသည်၊ ခါတ်, ပစ္စည်း, ဝိဂြိုဟ်ကြံဆိုမှု၌ သက္ကဋဗျာကရိုဏ်းကျမ်းတို့ကို တတ်ကျွမ်းပေလျှင် ဆိုဖွယ်ရာ မရှိပေပြီ။

သက္ကဋဗျာကရိုဏ်းကျမ်းတို့ပင် မကျွမ်းကျင်သော်လည်း ပိဋကတ်ကျမ်းဂန်သည် အလွန်ကျယ်ဝန်း များပြားလှသည်ဖြစ်၍ ပိဋကတ်ကျမ်းဂန်နှင့် များလှ၍ရှိလျှင်လည်း ဓာတ်, ပစ္စည်း, ဝိဂြိုဟ် အမှန်အကန်ကြံနိုင်ဖွယ်များပါ၏။

မှန်၏၊ အာချာတ်ပုဒ်, ကိတ်ပုဒ် များထင်ရှားသော ပုဒ်စုမှာ ဓာတ်တစ်ခုခုတွင် အာချာတ်ရုပ် အကျဉ်းပြီး, အလတ်ပြီး, အကျယ်ပြီး ၃-မျိုးရှိ၏၊ ကိတ်ရုပ်လည်း ထိုနည်းတူ ၃-မျိုးရှိ၏။

၁။ ဆေတွာ, ဘေတွာ, ဘေတ္တုံ, ဆေတ္တုံ-တို့ကား အကျဉ်းပြီး။

၂။ ဘိဇ္ဇိတွာ, ဘိဇ္ဇိယ, ဆိဇ္ဇိတွာ, ဆိဇ္ဇိယ, ဘိဇ္ဇတိ, ဆိဇ္ဇတိ-တို့ကား အလတ်ပြီး။

၃။ ဘိန္ဒိတွာ, ဘိန္ဒိတုံ, ဆိန္ဒိတွာ, ဆိန္ဒိတုံ, ဘိန္ဒတိ, ဆိန္ဒတိ-တို့ကား အကျယ်ပြီး။

အကျဉ်းပြီး, အလတ်ပြီးပုဒ်တို့မှာ ဓာတ်, ပစ္စည်း မသိမသာရှိခဲ့လျှင် အကျယ်ပြီးပုဒ်နေကိုကြည့်၊ ဓာတ်မှန်ကိုသိ၏။

" ဓမ္မံ ပရိယာပုဏန္တိ, ပရိယာပုဏိတဗ္ဗာ " ဟူသော ရုပ်ကျယ်ကို မြင်သဖြင့် " ပရိယတ္တိပုဒ်, ပရိယာပုဋ္ဌာပုဒ် " ရုပ်ကြီးတို့၌ အာပ-ဓာတ်ဟု သိအပ်၏။

[မဏိမဉ္ဇူမှာ ယာဓာတ်, ယတဓာတ်ကြံသည်ကား မသင့် "]

ကာလဟော " အဒ္ဓါ " သဒ္ဒါ၌-

၁။ အဒ္ဓါကား အကျဉ်းပြီး။

၂။ အဒ္ဓါနံကား အကျယ်ပြီး။

အာရှေးရှိသော ဓာ-ဓာတ်အမှန်ဟု သိအပ်၏။

[ ဋီကာကျော်စသည်၌ အတ-ဓာတ်ဟူသည်ကား မသင့်။ ]

" အနိစ္စတာ " ပုဒ်၌-

နိစ္စသဒ္ဒါထင်ရှားရှိသည်ကိုမြင်သဖြင့် " နပုဒ်+နိစ္စပုဒ်" ဟု အမှန်သိရ၏။

[ဋီကာကျော်၌ "နပုဒ်+ဣစ္စပုဒ်" ဟူသည်ကား မသင့်။]

"အာဏာပုဒ်, အာဏတ္တိပုဒ်, အာဏတ္တော" ပုဒ်တို့ကားရုပ်ကျဉ်းတည်း။

"အာဏာပေတိ, အာဏာပကော, အာဏာပေတဗ္ဗော" တို့ကားရုပ်ကျယ်တည်း။

[ခတွန်မကျေပဲ တင်းလင်းရှိနေသည်ကို ရုပ်ကျယ်ဆိုသည်။]

အာဏာပေတိ- အစရှိသောရုပ်ကို မြင်သဖြင့် အာဏာ-စသောရုပ်ကျဉ်းပုဒ်တို့၌ အာရှေးရှိသော ဏပ-ခတ်။ ဝါ ။ဏာပ-ခတ်ဟုအမှန်သိရ၏။

အာဏာ၌ယပစ္စည်း, ကွိပစ္စည်းသက်၊ ခတွန်မကျေ၊ "အာဏတ္တိ, အာဏတ္တော" တို့ကား တိ-ပစ္စည်း, တ-ပစ္စည်းသက်၊ ခတွန်ကျေသောဂုပါဒိရုပ်စုဟု သိရ၏။

ရူပသိဒ္ဓိ, သဒ္ဒနီတိတို့၌ အာဏ-ခတ်ဟုဆို၏။

ခတွတ္ထသင်္ဂြိုဟ်၌လည်း"အာဏောတု ဘူစုပေသနေ" ဟု လာ၏။

နိဿယမှာလည်း "အာဏာပေတိ, အာဏတ္တိ, အာဏာ" သုဒ္ဓကတ္တုရုပ်, စုရာဒိဂိုဏ်းရုပ်မထင်။

အချို့ကား အာပုဗ္ဗ ဏပ-ခတ်ကြ၏။

"မတေ သတ္တုသာ ပ-ဏ-ဥာ၊ ပဒါဒိမှိ နဒိဿရေ"

ဟူသောသဒ္ဒနီတိနှင့်လည်းမညီ, သက္ကဋကျမ်းတို့၌လည်း မလာဟု အမှာနှင့်တကွ အာဏ-ခတ်ကိုအမှန်ဆို၏။

ဆင်ခြင်ရန်ကား-

"အာဏာပေတိ, အာဏာပယတိ, အာဏာပေတဗ္ဗော, အာဏာပေတွာ, အာဏာပေတုံ, အာဏာပနံ"စသည်ဖြင့် ဓာတွန်တင်းလင်းနှင့် အာချာတ်, ကိတ်-စုရာဒိရုပ်များသည် ကျမ်းဂန်တို့မှာ အလွန်ထင်ရှား၏။

"အာဏာတိ, အာဏောတိ, အာဏိတဗ္ဗော, အာဏောတဗ္ဗော" စသည်ဖြင့်ပြီးသော အာချာတ်, ကိတ်-ဘူဝါဒိဂိုဏ်းရုပ်ဟူ၍ ကျမ်းဂန်တို့၌ တစ်ခုမျှမရှိပေ။

[ထို့ကြောင့် ဓာတွတ္ထသင်္ဂြိုဟ်၌ "အာဏာပေတိ, အာဏတ္တိ, အာဏာ" သုဒ္ဓ ကတ္တုရုပ် စုရာဒိဂိုဏ်းမထင် ဟုပါရှိသည်မှာ ပုံရိုက်ရာတွင် စာကျသည် ဖြစ်ရာ၏၊ "အာဏာပေတိ, အာဏတ္တိ, အာဏာ" သုဒ္ဓကတ္တုရုပ်, စုရာဒိ၊ ဘူဝါဒိရုပ်မထင် ဟုစီရင်ရင်း အမှန်ဖြစ်ရာ၏။]

အကြောင်းမူကား-

အာဏာပေတိ-ဟု စုရာဒိသုဒ္ဓကတ္တုရုပ်ကို ထုတ်ပြခဲ့ပြီးဖြစ်၍ စုရာဒိရုပ်မထင်ဟု ဆိုခွင့်မရှိလေသောကြောင့်တည်း။

"အာဏာပေတိ=စေခိုင်း၏"ဟု စေခိုင်းခြင်း အနက်ထွက်သည်မှာ ဏာပ-ဓာတ်ရင်း၏ အနက်သာတည်း၊ ကာရိုက်ပစ္စည်း၏ အနက် မဟုတ်။

[ထို့ကြောင့် နုဒါဒိသုတ်၌ ရူပသိဒ္ဓိစသည်တို့မှာ "အာဏာပကော, အာဏာပန နကော"တို့ကို ကာရိုက်ရုပ်ထုတ်သည်ကားမသင့်။]

သဒ္ဒနီတိစကားသည် အာဏ-ဓာတ်ကြံကြသည်နှင့်ပြီး၏၊ "အာဏာပေတိ" စသည်ရှိသော ကျမ်းဂန်များနှင့်မညီ၊ သက္ကဋကျမ်းတို့၌ မလာမှုသည်လည်း ပမာဏမဟုတ်၊ "အာဏာပေတိ" အစရှိသောပုဒ်ပြီး,

ရုပ်ပြီး ဆင်ကောင်ကြီးတွေကို တွေ့မြင်သည့်နောက် ဆင်ပျောက်မှုနှင့်ပင် မေးဖွယ်မရှိ။

မှန်၏၊ လောကီဆရာတို့သည် ပိဋကတ်တော်ကြီးကို မှီကြရသည် မဟုတ်၊ ပါကတိက မဟာဇနဝေါဟာရမျှကို မှီကြရကုန်၏၊ ယခုပေါင်းစုဖွဲ့ စည်းလျက်ရှိသော ပိဋကတ်တော်ကြီးသည်ကား နိရုတ္တိပါရဂူ ဖြစ်တော်မူကုန်သော မဟာပုရိသ, ဥတ္တမပုရိသ, ပဋိသမ္ဘိဒါပတ္တ အရှင်တို့၏ စကားဖြစ်၍ အလွန်ပြည့်စုံ အလွန်အောင်မြင်သောပုဒ်, ရုပ်တို့နှင့်ပြည့်စုံ၏၊ မနုဿလောက-ဒေဝလောက-ဗြဟ္မလောက-အပါယလောက-ဝေါဟာရ, ကပ္ပပရမ္ပရဝေါဟာရနှင့်လည်း ပြည့်စုံ၏။

ထို့ကြောင့် အကြင်သူတို့သည် လိင်ပုဒ်, ဓာတ်ပုဒ်, ရုပ်ပြီးမှု၌ အရိုးကျကျ စေ့စပ်လှစွာလိမ်မာကုန်၏၊ ပိဋကတ်တော်ကြီး၌လည်း စေ့စပ်နှံ့ပြားစွာ လိမ်မာကုန်၏၊ ထိုသူတို့သည် လောကီကျမ်းတို့မှ မလာသောလိင်ရုပ်အထူး, ဓာတ်ရုပ်အထူးတို့ကို ထုတ်ဆိုခြင်းငှါ တတ်ကောင်းကုန်ရာ၏။

လိင်ရုပ်အထူးဆိုသည်ကား-

သတ္တမုနိနော အာဂါရိယမုနိနော အနာဂါရိယမုနိနော အသေခမုနိနော သဗ္ဗညုမုနိနော ပစ္စေကမုနိနော သာဝက မုနိနော။ [မဟာနိဒ္ဒေသ။]

ဤ၌ "အာဂါရိယမုနိနော"စသည်မှာ သမာသ်ပုဒ်ဖြစ်ကြ၍ အထူး မဆိုရ၊ "သတ္တမုနိနော"သာ အထူးမှန်၏၊ ဤကာရန္တဖြစ်သော "မဟေသီ" ပုဒ်သည် နိစ္စသမာသ်ပုဒ်ဖြစ်၍ "နုပယန္တိမဟေသိနော၊ ဥပယန္တိ မဟေသိ နော" သံယုတ်ပါဠိတော်မှာ နောအပြုလည်းရသကဲ့သို့ "အာဂါရိယ မုနိနော"မှာ နောအပြုလည်းရသည်ကို အထူးမဆိုရ၊ အရိုးကျပင်။

ဤရသေ့, ရဟန်းဟော “မဟောသိ”ကား ပုလ္လိင်ဣကာရန္တ, မိဖုရားဟော “မဟောသီကား” ဣတ္ထိလိင် ဤကာရန္တ, အဆွေခင်ပွန်းဟော “ဗန္ဓု”သဒ္ဒါပုလ္လိင် ဥကာရန္တ, ပုဏ္ဏေားမဟော “ဗြဟ္မဗန္ဓူ”သဒ္ဒါ နိစ္စဣတ္ထိလိင် ဦကာရန္တဖြစ်ကြသကဲ့သို့တည်း။

[သမာသ်မှုကို သတိမပြု၍ အဋ္ဌသာလိနီဂဏ္ဌိဟောင်း, ဂဏ္ဌိသစ်တို့မှာ “မဟောသိ” ပုဒ်အဆုံးအဖြတ် နေရာမကျရှိနေကြ၏။ဗန္ဓု, ဗန္ဓူသဒ္ဒါနှစ်ခုကို သတိမပြုကြ၍ “ဘာသိတပုမာတိ ဗြဟ္မဗန္ဓု ဘရိယာ”ပုဒ်မှာ အုင်္ဂကျောင်း ဆရာတော်အဆုံးအဖြတ်, မိုင်းခိုင်း ဆရာတော် အဆုံးအဖြတ် နေရာမကျ ရှိနေကြ၏။]

(က) ဝနေ ဟတ္ထိနော စရန္တိ။

(ခ) ဟံသာ ကောဉ္စာ မယူရာစ၊ ဟတ္ထယော ပသဒါ မိဂါ။
သဗ္ဗေ သီဟဿ ဘာယန္တိ၊ နတ္ထိ ကာယသ္မိံ တုလျတာ။

[ဤ“ဟတ္ထယော”ပုဒ်များလည်း ဂါထာသို့ကျလျှင် ရုပ်ထူးပင်။]

ဓာတ်အထူးဆိုသည်ကား-

ဓာတ်ကျမ်းတို့၌ ကြောက်ခြင်းအနက်ဟော ဘီ-ဓာတ်သာလာ၏၊ ပါဠိကျမ်းဂန်းတို့၌ ကြောက်ခြင်းအနက် ဟော-ဘီဓာတ်သာလာ၏၊ ပါဠိကျမ်းဂန်တို့၌ ဘီ-ဓာတ်ရုပ်သည် ကိတ်ပုဒ်အနည်းငယ်မျှသာရှိ၏။

“ဘီတိ, ဘယံ, ဘယာနကံ, ဘီတော, ဘီရု”စသည်တည်း။

ဧကာရန္တဘေဓာတ်ရုပ်သည်သာ အာချာတ်ပုဒ်, ကိတ်ပုဒ်အများထင်၏။

“ဘာယတိ, ဘာယန္တိ, ဘာယိတဗ္ဗော, ဘာယိတွာ, ဘာယိတုံ” စသည်တည်း။

[ဘီဓာတ်, ဘေဓာတ် နှစ်ခုလိုသည်။]

ခါတ်ရုပ်အထူးဆိုသည်ကား-

၁။ နိမိတ္တံ အဘိဘုယျတီတိ ဂေါတြဘူ။

၂။ ပဝတ္တံ အဘိဘုယျတီတိ ဂေါတြဘူ။

၃။ ပဋိသန္ဓိံ အဘိဘုယျတီတိ ဂေါတြဘူ။

၄။ စုတိံ အဘိဘုယျတီတိ ဂေါတြဘူ-စသည်,

[ပဋိသမ္ဘိဒါမဂ်။]

ရူပံ ဝိဘုယျတိ၊ သော ပဟီယေထဝါ၊ နော ပဟီယေထ၊ သော ပဟီယိဿတိ၊ သမာဒိယာမိ၊ ဝေဒိယာမိ ခိပ္ပံ သန္ဓိယရေ ပုန၊ ပစ္စတိ မုနိနော ဘတ္တံ။ ပ ။ တိဋ္ဌိယတိ။ စသော ကတ္တုရုပ်မျိုးစသည်တည်း။

သဒ္ဒါရုပ်ကား-ကံ, အနက်ကား ကတ္တားဟောဖြစ်၍ ကမ္မကတ္တုရုပ်မျိုးလည်း ဆိုထိုက်၏၊ ကာရကကမ္မကတ္တားမှာကဲ့သို့ ပြုလွယ်သည်, မပြုလွယ်သည် ပဓာနမဟုတ်။

[သဒ္ဒနီတိမှာ "သော ပဟီယိဿတိ၊ ရူပံ ဝိဘုယျတိ"ရုပ်များကို ထောက်၍ အာချာတ်ဘောဟောပုဒ်မှာ ပဋ္ဌမာကတ္တားနေရကြောင်း, နာမ-တုမှ-အမှ-ကတ္တားသုံးပါးရကြောင်းကို အလိုင်းတကြီး ဆုံးဖြတ်သည်ကား မသင့်လေ။]

"သမာဒိယာမိ, ပစ္စတိ"တို့ကို ဒိဝါဒိရုပ်ဆိုကြသည်မှာ- ဝတ္တိစ္ဆာ သင့်ရာသော်လည်း "အဘိဘုယျတိ, ပဟီယိဿတိ"စသည်ဖြင့် ရှိပြန်သောကြောင့် ဘူဝါဒိကမ္မကတ္တုရုပ်သာ သင့်သတည်း။

ဤကဲ့သို့ လိင်ရုပ်အထူး, ခါတ်အထူး, ခါတ်ရုပ်အထူးများသည် ပါဠိတော်တို့မှာ များစွာပင်ထင်သည်၊ ထိုအထူးတို့ကို အသီးထုတ်ဖော်၍ မထားကြသည့်အတွက်ကြောင့် သုတ်ရေး, ရုပ်ရေး-အလွန်ထွေးရှုပ်၍

နေကြကုန်၏။

[ဓာတွတ္ထသင်္ဂြိုဟ်ကျမ်းသည် စာချဆရာ, စာသင်သားတို့အား အလွန်ကျေးဇူးများသည်ဖြစ်၍ အချို့စောင်လုံးကုန်ရကြ, ဆောင်ကြပါသည်။]

ဂါထာဆန်းတို့နှင့်တကွ ဆန်းဋီကာကို လျှောက်ထားလိုက်သည်မှာလည်း မန္တလေးမြို့ပေါ်မှာ ဂါထာဆန်းကျမ်းဂန်စု အစုံအလင်ရှိပေလိမ့်မည်၊ လောကီဆန်းကျမ်းအဖွင့် ဆန်းဋီကာများလည်းရှိပေလိမ့်မည်၊ မန္တလေးမြို့တော်က ရေးဖို့လျော်ပေသည်ဟု အောက်မေ့မိသည် တစ်ကြောင်း, အသက်တော် အရွယ်တော် ခြောက်ဆယ်ကျော်ပြီဟု မသိသည် တစ်ကြောင်းများကြောင့် တောင်းပန်လိုက်မိပါသည်။

အသက်အရွယ် ခြောက်ဆယ်ကျော်မည်သည် ပြင်ကအရေ အဆင်းရှုန်းရှုန်းစိုပင်ဖြစ်သော်လည်း အတွင်းက တစ်နေ့တစ်ခြား အသားအသွေး အစေးအဆီ ခြောက်ခန်းပါသည်၊ ဝိသမဓာတ်တို့ အားရှိသောအခါ ဖြစ်ပါသည်။

ကျမ်းရေးမှုမည်သည်လည်း တစ်နေ့တစ်ခြား အသားအသွေး အစေးအဆီ ခန်းခြောက်စေတတ်သော အလုပ်ဖြစ်ပါသည်၊ ဝိသမဓာတ်တို့ကို ဖြစ်ပွါးစေတတ်ပါသည်၊ ကျမ်းရေးစဉ်အခါ မထောင်းတာရှိသော်လည်း ကျမ်းပြီး၍ တစ်စုံတရာ ရောဂါကပ်ရောက်ပါလျှင် ဆေးကု၍မရ မထတဲ့နိုင်ဘဲ ရှိတတ်ပါသည်။

သို့အတွက်ကြောင့် ကြီးကြီးမားမား ကျမ်းရေးမှုများကို လျစ်လျူရှုတော်မူ၍-

(က) ယောစ ဝဿသတံ ဇီဝေ၊ ဒုဿီလော အသမာဟိတော။
ဧကာဟံ ဇီဝိတံ သေယျော၊ သီလဝန္တဿ ဈာယိနော။ ။

(ခ) ယောစ ဝဿသတံ ဇီဝေ၊ ဒုပ္ပညော အသမာဟိတော။
ဧကာဟံ ဇီဝိတံ သေယျော၊ ပညဝန္တဿ ဈာယိနော။ ။

(ဂ) ယောစ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။
ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ။ ။

ဟူသောဓမ္မပဒပါဠိတော်အရများကို နှလုံးထား၍ နေဖို့အရှယ်ဖြစ်ပါသည်၊ ဂါထာအဆန်းအပြားတို့ကို လျှောက်ထားတောင်းပန်လိုက်သည်မှာလည်း ကဝိလက္ခဏာကို စုံလင်စွာ လေ့လာလိုသူတို့အကျိုးငှါ လျှောက်ထားပါသည်။

မိမိသဘောမှာမူကား-
“ ကဗ္ဗနာဠ္ဌကနိက္ခိတ္တ၊ နေတ္တခိတ္တာ ကဝိဇ္ဇနာ”
အစရှိသော အလင်္ကာ ဂါထာနှင့်အညီ-ယမကပဟေဠိ- အစရှိသော ဂါထာသံဆန်းများသည် သက္ကဋ္ဌ, မာဂဓ- ကဗျာသည်, ကချေသည်, သီချင်းသည် ကျမ်းတို့မှလာသော နည်းစုဖြစ်သည်၊ သဒ္ဒါ, ဆန်း, အဘိဓာန်, အလင်္ကာကျမ်းများမှာ အသုံးပြုခြင်းငှါ လျော်ရာ၏၊ သာသနဓမ္မကိုပြဆိုသော ကျမ်းစုမှာ အသုံးပြုရန်မလျော်။

ထို့ကြောင့် ဆရာဗုဒ္ဓဒတ်ကြီးမှတစ်ပါး အဋ္ဌကထာ, ဋီကာဆရာမြတ်တို့ အသုံးမပြုကြလေသည်။

သန္တာ သန္တာပိ ခီယဿ၊ နန္တာနန္တာဝ လမ္ဗတော။
ဒယာဒယာပိ တံ ဗုဒ္ဓံ၊ သုတံ သုတံ ဘိဝန္ဒိယ။ ။

[မဏိမဉ္ဇူ အဘိဓမ္မာအဖွင့်ကျမ်းနှင့်မတန်သော
သံဆန်းသံထပ်ဂါထာစု]

ဆန္ဒောမဉ္ဇရီဋီကာကို တိုက်တွန်းတော်မူလိုက်သည်မှာ-

ဆန်းဋီကာပောင်းစုနှင့် ထိုထိုကျမ်းဂန်စုမှ သင့်လျော်ရာ ဂါထာမျိုးများကို စုဆောင်း၍ရေးခဲ့လျှင် ခဲယဉ်းဖွယ်မရှိ၊ ဖွယ်ရာ လျောက်ပတ်စွာပြီးစီးပါလိမ့်မည်၊ ယခုမှာမူကား အထက်မျက်နှာက လျှောက်ထားခဲ့သည့်အတိုင်း ကြီးကြီးမားမား စာရေးမှု၌ စိတ်မဝင်စားသာသေးသည်နှင့် မောဂ္ဂလာနဒီပနီကိုပင် ဖြတ်လှပ်ရုပ်သိမ်း၍ ထားရပါသေးသည်ဘုရား။

[ဤတွင်ရွှေကားကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီးက မန္တလေးမြို့ အရှေ့ပြင်ကျေးဇူးရှင် မဟာဝိသုဒ္ဓါရာမိက ဆရာတော်ဘုရားသို့ လျှောက်ထားသော "စာစစ်နည်းနှင့် စာသင်နည်း" ဥပဒေသကြီးသည် သက္ကရာဇ် ၁၂၆၁- ခုနှစ်၊ နယုန်လ အတွင်းပြီးစီးပါသည်။]

လယ်တီစာစစ်နည်းနှင့်စာသင်နည်းပြီး၏။

--------------

## ကစ္စာနဝဇီရအဖြေ

၁။ ကစ္စာနဝဇီရ စာအုပ်မျက်နှာ ၁၀-နှင့် ၁၁၊ ဒွါရဝိဝါဒသုတ်သင်ခန်း၌-

"စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ၊ စေတယိတွာ ကမ္မံ ကရောတိ၊ ကာယေန ဝါစာယ မနသာ။

ဟူသော ဆက္ကအင်္ဂုတ္တိုရ် ပါဠိတော်မြတ်၌-

ဘိက္ခဝေ=ရဟန်းတို့၊ အဟံ=ငါဘုရားသည်၊ စေတနံ=
ကုသိုလ် စေတနာ, အကုသိုလ်စေတနာကို၊ ကမ္မံ=ကံဟူ၍၊ ဝဒါမိ=
ဟောတော်မူ၏၊ ကာယေန=ကိုယ်ဖြင့်လည်းကောင်း၊ ဝါစာယ=
နှုတ်စကားဖြင့်လည်းကောင်း၊ စေတယိတွာ=စေ့ဆော်၍၊ ကမ္မံ=
ကံကို၊ ကရောတိ=ပြု၏။

ဟုအနက်ယောဇနာတော်မူလိုက်ခြင်းကို မှားယွင်းဖောက်ပြန်
မမှန်မကန် ချော်ချွတ်သောအားဖြင့် အမှန်းအတားအစမ်း သွား
ယောဇနာတော်မူလိုက်ခြင်းပင်ဟု မှတ်ရာသည်”။

ဟူသောအပြစ်တင်ဆိုချက်၌-

အဖြေကား။ ။ ထိုယောဇနာတော်မူလိုက်ခြင်းကို မှားယွင်းဖောက်ပြန် မမှန်မကန် ချော်ချွတ်သောအားဖြင့် အမှန်းအတား အစမ်းသွားယောဇနာတော်မူလိုက်ခြင်းဟု မမှတ်ရာ၊ စင်စစ်မှုကား ထိုယောဇနာတော်မူလိုက်ခြင်းကို မမှားမယွင်း မဖောက်မပြန် အမှန်အကန် မချွတ်မချော်သောအားဖြင့် ယောဇနာနည်း အမျိုးမျိုးကို အမှန်တတ်သိ၍ ယောဇနာတော်မူလိုက်ခြင်းဟု မှတ်ရမည်။

အကြောင်းမူကား ယောဇနာနည်းသည်-

၁။ သင်္ခေပနည်း,

၂။ ဝိတ္ထာရနည်း,

ဟူ၍နှစ်မျိုးရှိသည်တွင်-

လူအများတို့ မှတ်လွယ်, ဆောင်လွယ်စေခြင်းငှါ အကျဉ်းနည်းအားဖြင့် ယောဇနာခြင်းဖြစ်ပေသည်။

၁-အဖြေပြီး၏။

--------------

## ၂-အဖြေ

၂။ ကြွန္ဒဝဇီရစာအုပ်မျက်နှာ ၁၁-၌-

"ထိုယောဇနာ၌ "ကာယေန, ဝါစာယ"ဟူသော နှစ်ပုဒ်ကိုသာ ယောဇနာ၍ "မနသာ"ဟူသောပုဒ်ကို မယောဇနာ၊ အနက်မပါပဲ ချွင်းချန် ပစ်ခဲ့သည့် အတွက်လည်း ချွတ်ချော်ခြင်း-မှုပြစ်တစ်ခုပင်ဖြစ်လေသည်"။

ဟူသောအပြစ်တင်ဆိုချက်၌-

အဖြေကား။ ။ ကျမ်းဆရာ၏ ချွင်းချန်ချက်မဟုတ်၊ မူသစ်တင်ရာ၌ "ကျ" ၍ သော်လည်းဖြစ်ရာသည်၊ စာလုံးစီရာ၌ "ကျ" ၍သော်လည်းဖြစ်ရာသည်၊ ဤကဲ့သို့ "စာကျ" ခြင်းသည် ဘယ်စာအုပ်မှာမှ မကင်းနိုင်ရှိတတ်သည်၊ ကျမ်းဆရာကို အပြစ်တင်ရသော အရာမျိုးမဟုတ်။

ကြွန္ဒဝဇီရစာအုပ်၌မူကား- ထိုပါဠိတော်ကို ဝိတ္ထာရနည်းအားဖြင့် အနက်ယောဇနာပေ၏၊ မူလဋီကာ, အနုဋီကာများနှင့် ညီညွတ်ပေ၏။

၂-အဖြေပြီး၏။

--------------

## ၃-အဖြေ

၃။ ကြွန္ဒဝဇီရစာအုပ်မျက်နှာ ၁၆-၌-

"ကျမ်းဂန်တို့၌ "စေတယိတွာ"၏ ကရိုဏ်းလည်း တစ်ကန့်တစ်သွား, ကံကိုပြုခြင်းအနက်ဟော "ကရောတိ" ကြိယာ၏ ကရိုဏ်းလည်းတစ်ပါး၊ သမ္ဗန္ဓလည်း ခြားနားလာရှိပါလျက် လယ်တီဆရာတော်မှ "စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ" ဟူသောအကျိုးပြပါဌ်ကို ပွဲဦးထွက်အနက်ယောဇနာ၍ "စေတ

ယိတွာ ကမ္မံ ကရောတိ” ဟူသောအကြောင်းပြပါဠ်ကို အဟပ် ကင်းလျက် နောက်ဆက် ယောဇနာတော်မူခြင်း, “ကာယေန, ဝါစာယ”ဟူသောနှစ်ပုဒ်ကို “စေတယိတွာ” ၏ ကရိုဏ်းထားကာ ယောဇနာတော်မူခြင်းများကို ပြုတော်မူ၏”။

ဟူသောအပြစ်တင်ဆိုချက်၌-

အဖြေကား။ ။ သာသနဝိသောဓနီစာအုပ်၌ လူအများတို့ နားလည်နိုင်ရန်အတွက် “စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ”ဟူသော အကျိုးပြပါဠ်သည်သာ လိုရင်းဖြစ်၍ ထိုပါဠ်ကို ပွဲဦးထွက်အနက် ယောဇနာပေးသည်။

၁။ “စေတယိတွာ ကမ္မံ ကရောတိ”ဟူသော အကြောင်းပြပါဠ်သည် လူအများ နားလည်ရန်အတွက်မှာ လိုရင်းလည်း မဟုတ်လှသည် တစ်ကြောင်း,

၂။ ယသ္မာ, တသ္မာ-ဟူသော အကြောင်းအကျိုး စပ်ဟပ်မှုနှင့် တကွ ဝိတ္ထာရနည်းအားဖြင့် အနက်ယောဇနာခဲ့သော် လူတို့ နားလည်နိုင်ရန် ခဲယဉ်းလှသည်တစ်ကြောင်း,

သို့အကြောင်းများကြောင့် ပါဠိအစဉ်ရှိသည့်အတိုင်း သင်္ခေပ နည်းအားဖြင့် အနက်ယောဇနာလိုက်ပေသည်။

ဣန္ဒဝဇီရစာအုပ်မှာ အကြောင်းအကျိုး စပ်ဟပ်ခြင်းနှင့်တကွ ဝိတ္ထာရနည်းအားဖြင့် ယောဇနာသည့်အတွက် လူအများတို့နားမလည် နိုင်ပဲ ရှုပ်ထွေးလျက်ရှိနေကြပေလိမ့်မည်။

၃-အဖြေပြီး၏။

---------------------

## ၄-အဖြေ

၃။ ဣန္ဒဝဇီရစာအုပ်မျက်နှာ ၁၇-၌-

"ကာယေန, ဝါစာယ"ဟူသောနှစ်ပုဒ်ကို "စေတယိတွာ"၏ ကရိုဏ်း ထားကာ ယောဇနာခြင်းများကို ပြုတော်မူ၏၊ ထိုယောဇနာ အနက် ပေးခြင်းမျိုးသည် ပါဠိ, အဋ္ဌကထာ, ဋီကာကျမ်းရိုးတို့နှင့်မညီ၊ မည်သည့်ကျမ်းဂန်တွင်မျှ မရှိချေ"။

ဟူသော အပြစ်တင် ဆိုချက်၌-

အဖြေကား။ ။"စေတယိတွာ"ပုဒ်၌လည်း ကရိုဏ်းရှိ ရလိမ့်မည် ဖြစ်၍ "ကမ္မံ ကရောတိ"၌ရှိနေသော "ကာယေန, ဝါစာယ, မနသာ" ဟူသော ပါဠိတော်လာ ကရိုဏ်းပုဒ်တို့ကို "စေတယိတွာ" ၏က ရိုဏ်း, "ကမ္မံ ကရောတိ" ၏ကရိုဏ်းပြုလုပ်၍ ယောဇနာလိုက်ပေသည်။

မူလဋီကာ၌မူကား "စေတယိတွာ" ဟူသောပုဒ်၌ "ပုရိမစေ တနာယ" ဟုကရိုဏ်းပုဒ်ကိုပြဆို၏။

## ကရိုဏ်းနှစ်ပါးအထူးကား

"ကာယေန, ဝါစာယ, မနသာ" ဟူသော ဒွါရကရိုဏ်းများသည် ဥပစာရကရိုဏ်းများဖြစ်ကြ၏၊ မူလဋီကာ၌ပြဆိုသော "ပုရိမစေတနာယ" ဟူသော ကံကရိုဏ်းသည်ကား မုချကရိုဏ်းဖြစ်ပေ၏၊ ဤသို့ဥပစာရက ရိုဏ်း, မုချကရိုဏ်းအနေမျှသာ ထူးကြ၏။

[ဘယ်ကရိုဏ်းကိုမှ လွတ်လွတ်မပယ်သာချေ၊ ဘယ်ပါဠိ, ဘယ်အဋ္ဌကထာ, ဋီကာကျမ်းရိုးတို့နှင့် မညီဟူ၍လည်း မဆိုသာချေ။]

ဤကဲ့သို့ ကရိုဏ်းပုဒ်ကို ထုတ်ဆောင်၍ ယောဇနာသောနည်း မျိုးသည် ကျမ်းဂန်တို့၌ အလွန်ပေါများ၏၊ ကျမ်းဦးအစ ဝန္ဒနာပဏာမ

အရာတို့၌ "ဝန္ဒိတွာ"ဟူ၍လည်းကောင်း, "အဘိဝန္ဒိတွာ"ဟူ၍လည်း ကောင်း, အဘိဝါဒိယစသည်ဖြင့်လည်းကောင်း, ပါရှိသော အဋ္ဌကထာ ကျမ်းကြီး-ကျမ်းငယ်တို့ကိုလည်းကောင်း, ဂန္ထန္တရကျမ်းကြီး-ကျမ်းငယ်တို့ကို လည်းကောင်း ဖွင့်ဆိုကြသော ဋီကာကျမ်းကြီး-ကျမ်းငယ်တို့၌ "တီဟိ ဒွါရေဟိ" ဟူသောဒွါရကရိုဏ်းပုဒ်ကို ထုတ်ပြ၍ ဖွင့်ကြသော အရာ အလွန်များပြား၏၊ ဤမျှသောဖြေဆိုချက်တို့ဖြင့် "စေတနာဟံ ဘိက္ခဝေ" အစရှိသော အင်္ဂုတ္တိုရ်ပါဠိ၏ အနက်ဆိုချက်, အဓိပ္ပါယ်ပြဆိုချက်တို့၌ အပြစ်တင်ဆိုချက်အလုံးစုံသည် အကုန်ပြေပျောက်လေသည်။

၄-အဖြေပြီး၏။

----------

## ၅-အဖြေ

၅။ ဣန္ဒဝံသဇီရစာအုပ်မျက်နှာ ၁၉-၌ ကံဒွါရခွဲခန်းတွင်-

"စေတနာသည် စေ့ဆော်တတ်သည်ပင်-ဟူသော်လည်း သမ္ပယုတ္တဓမ္မတို့ကိုသာ စေ့ဆော်တတ်သည်၊ ရုပ်ကိုမစေ့ဆော်တတ်"ဟူ သောအယူဝါဒ၌-

အဖြေကား။ ။စေတနာသည် သမ္ပယုတ္တဓမ္မကိုလည်း စေ့ဆော် တတ်၏၊ သဟဇာတ်ဖြစ်သော ရုပ်တရားတို့ကိုလည်း စေ့ဆော်တတ်၏။

ထို့ကြောင့် ပဋ္ဌာန်းပါဠိတော်၌-

စေတနာ သမ္ပယုတ္တကာနံ ခန္ဓာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။

[ဟူ၍ဟောတော်မူ၏။]

အနက်ကား။ ။စေတနာ=သဟဇာတစေတနာသည်၊ သမ္ပယုတ္တ ကာနံ=အတူတကွ ယှဉ်ဖော်ယှဉ်ဖက် ဖြစ်ကုန်သော၊ ခန္ဓာနဉ္စ=စိတ်,

စေတသိက်တရားတို့အားလည်းကောင်း၊ တံသမုဋ္ဌာနာနံ=ထိုစေတနာလျှင် ဖြစ်ကြောင်းရှိကုန်သော၊ ရူပါနဉ္စ=သဟဇာတ်ရုပ်တို့အားလည်းကောင်း၊ ကမ္မပစ္စယေန=ကမ္မပစ္စယသတ္တိဖြင့်၊ ပစ္စယော=ကျေးဇူးပြုတတ်သည်၊ ဟောတိ=ဖြစ်၏။

ဤပါဠိတော်၌-

ကမ္မပစ္စယသတ္တိဆိုသည်ကား။ ။ စေ့ဆော်တတ်သော အစွမ်းသတ္တိကိုဆို၏၊ ထိုသတ္တိဖြင့် သဟဇာတ်ရုပ်တို့အား ကျေးဇူးပြုမှု ဆိုသည်ကား ရုပ်တရားတို့ကို စေ့ဆော်မှုပင်ဖြစ်သတည်း။

အဋ္ဌသာလိနီ၌မူကား-

စေတယတီတိ စေတနာ၊ သဒ္ဓိံ အတ္တနာ သမ္ပယုတ္တဓမ္မေ အာရမ္မဏေ အဘိသန္ဒဟတီတိ အတ္ထော။

ဟူ၍သာဆိုသည်မှာ "အာရမ္မဏေ"ဟူသော အာဓာရနှင့်လျော်စွာ ဆိုရလေသည်။

"အာရမ္မဏေ"ဟူသော ပုဒ်အရာ၌ "တသ္မိံ တသ္မိံ ကမ္မေ"ဟု ဆိုလိုလျှင်ဆို သင့်သည်သာဖြစ်၏၊ "တသ္မိံ တသ္မိံ ကမ္မေ= ထိုထိုဒါနသီလအစရှိသောအမှု, ပါဏာတိပါတ အစရှိသောအမှု၌" ဟု အနက်ပေး။

ဤအာဓာရပုဒ်နှင့် လျော်စွာဆိုသော်-

စေတယတီတိ စေတနာ၊ သဒ္ဓိံ အတ္တနာ သဟဇာတဓမ္မေ တသ္မိံ တသ္မိံ ကမ္မေ အဘိသန္ဒဟတီတိ အတ္ထော။

ဟူ၍ဆိုသင့်သည်သာဖြစ်၏။

၅-အဖြေပြီး၏။

--------------------

## ၆-အဖြေ

၆။ ဣန္ဒဝဇီရစာအုပ်မျက်နှာ ၂၀၊ သာသနဝိသောဓနီ မျက်နှာ နံပါတ် ၆၇-တို့၌-

"ဝိညတ် ၂-ပါးကို ကံမြောက်ကြောင်းဟူသော စကားတွင်"။

ဟူသောအပြစ်တင်ဆိုချက်၌-

အဖြေကား။ ။ ဝိညတ် ၂-ပါးကို (ကံ) မြောက်ကြောင်းဟု ဆိုခြင်းသည် ဒွါရသဒ္ဒါ၏အနက်ကို စွဲ၍ဆိုခြင်းဖြစ်သည်၊ ဒွါရသဒ္ဒါသည် အကြောင်းဟူသော အနက်ကိုဟော၏၊ (ကံ) မြောက်ကြောင်းဆို သည်ကား ကာယဝိညတ်ပါသောကြောင့် ကာယကံဟူသော အမည်ထူး ဖြစ်နိုင်သည်၊ ဝစီဝိညတ်ပါသောကြောင့် ဝစီကံဟူသော အမည်ထူးဖြစ်နိုင် သည်ကိုယူလေ။

ဤကား---"တမှိ ဒွါရေ သိဒ္ဓါ စေတနာ"ဟူသော အဋ္ဌကထာ ပါဠ်၏ အဖွင့်မူလဋီကာများနှင့် အညီတည်း။

၎င်းနံပါတ်တွင်-

"ကုသိုလ်, အကုသိုလ်ဇောစိတ်များသည် ကံမြောက်ကြောင်းဖြစ် သော မနောဒွါရမည်၏" ဟူသောစကား၌ ကြိယာအဗျာကတစေတနာ ကျန်ရှိသည့်အတွက် အပြစ်တင်ဆိုရာ၌-

အဖြေကား။ ။ အဋ္ဌသာလိနီ၌--

> "ဧဝံ ပရဝါဒိမှိ သတိ ကာယော ဒွါရံ၊ တမှိ ဒွါရေ သိဒ္ဓါ စေတနာ ကာယကမ္မံ ကုသလံဝါ အကုသလံဝါ တိ ထပေတဗ္ဗံ"။

ဟူသောပါဠ်နှင့်အညီ-ကုသိုလ် အကုသိုလ် ၂-ပါးကိုသာ ဆိုပေ၏။

ဧဝံ=ဤသို့ ပရဝါဒိမှိ=ပရဝါဒီပုဂ္ဂိုလ်သည်၊ သတိ=ထင်ရှားရှိခဲ့သော်၊ ကာယော=ကာယဝိညတ်သည်၊ ဒွါရံ=ဒွါရမည်၏၊ တမှိ ဒွါရေ=ထိုဒွါရ၌၊ သိဒ္ဓါ=ထင်ရှားသော၊ စေတနာ=စေတနာသည်၊ ကာယကမ္မံ= ကာယကံမည်၏၊ ကုသလံဝါ=ကုသိုလ်ကံလည်းရှိ၏၊ အကုသလံဝါ= အကုသိုလ်ကံလည်းရှိ၏၊ ဣတိ=ဤသို့၊ ထပေတဗ္ဗံ=အဆုံးသတ်၍ ထားအပ်၏။

ပရဝါဒီဆိုသည်ကား။ ။ ပညာရှိတို့၏ စိတ်နှလုံးကို တုန်လှုပ်စေတတ်သော ဝိတဏ္ဍဝါဒီပုဂ္ဂိုလ်ကို ဆို၏၊ ထိုပုဂ္ဂိုလ်မျိုးသည် ယခုအခါ အလွန်များပြားလျက်ရှိချေ၏။

၆-အဖြေပြီး၏။

-------------------

## ၇-အဖြေ

၇။ "ကြန္ဒဝဇီရစာအုပ်မျက်နှာ ၂၂-၌-

"မူလဋ္ဌီကာပါဠ်, အနုဋ္ဌီကာပါဠ်များကို ထုတ်ပြ၍ ဘာသာနဝိသောဓနီ၌ ဝိညတ်ကို (ကံ) မြောက်ကြောင်း"ဟု ဆိုသောစကားကို အပြစ်တင်ဆိုရာ၌-

အဖြေကား။ ။ ဝိညတ်ကို (ကံ) မြောက်ကြောင်းဟု ဆိုခြင်းသည် မူလဋ္ဌီကာပါဠ်များနှင့် အညီပင်ဖြစ်၏၊ ညီပုံကိုလည်း အဖြေနံပါတ် (၆) တွင် ပြဆိုခဲ့ပြီ။

ဤဋ္ဌီကာပါဠ်တို့ဖြင့် အထူးဆိုဖွယ်ရှိသည်ကို ပြဆိုပေအံ့။

ကာရက ၆-ပါးတို့တွင် ဖြင့်-ဟူ၍ အနက်ဆိုရသော ကာရကသည် ကရဏကာရကမည်၏၊ ထိုကရဏကာရကကို ကရိုဏ်းဟူ၍ဆို၏၊

ထိုကရဏကာရကသည် ကြိယာသာဓကတမသတ္တိရှိ၏၊ ကြိယာ သာဓက တမသတ္တိဆိုသည်ကား ကြိယာကို လွန်စွာပြီးစီးစေတတ်သော သတ္တိပေတည်း၊ ကြိယာပြီးစီးရာ၌ လွန်ကဲသောအကြောင်းထူးပေတည်း ဟု ဆိုလိုသည်။

၁။ ပုရိသော=ယောကျ်ားသည်၊ ဟတ္ထေန=လက်ဖြင့်၊ ဒဏ္ဍံ= တုတ်လုံတံကို၊ ဂဏှာတိ=ကိုင်၏။

၂။ ပုရိသော=ယောကျ်ားသည်၊ ပါဒေန=ခြေဖြင့်၊ မဂ္ဂံ=ခရီးသို့၊ ဂစ္ဆတိ=သွား၏။

ဆိုရာတို့၌ ယောကျ်ားသည် လက်ရှိ၍သာ လုံတံကိုကိုင်နိုင်၏၊ ခြေရှိ၍သာ ခရီးသွားနိုင်၏၊ ထို့ကြောင့် လက်သည် လုံတံကိုင်ခြင်းကြိယာ၌ လွန်ကဲသောအကြောင်းထူးဖြစ်ပေ၏။

[ဤကား သဒ္ဒါနည်းအားဖြင့် ကရိဏ်းအစွမ်းသတ္တိကို ပြဆိုချက်တည်း။]

အဘိဓမ္မာနည်းအားဖြင့် ပြဆိုမှုကား-

ပဋ္ဌာန်း ၂၄-ပစ္စည်းတို့တွင် သင့်လျော်ရာပစ္စည်းတို့ဖြင့် ပြဆိုရာ၏၊ ပဋ္ဌာန်းပစ္စည်းနှင့်ကင်း၍ မုချကရိဏ်းဟု ပြဆိုရန်အခွင့်မရှိ။

မူလဋီကာ၌-

တသ္မိံ ဒွါရေ သိဒ္ဓါတိ တေန ဒွါရေန ဝိညာတဗ္ဗဘာဝတော တေနေဝ ဒွါရေန နာမလာဘတော တသ္မိံ ဒွါရေ ပါကဋဘာဝ ဝသေန သိဒ္ဓါ။ ။

[ဟုဖွင့်၏။]

အနက်ကား။ ။ တသ္မိံ ဒွါရေ သိဒ္ဓါတိ=တသ္မိံ ဒွါရေ သိဒ္ဓါ- ဟူသည်ကား၊ တေန ဒွါရေန=ထိုကာယဒွါရဖြင့်၊ ဝိညာတဗ္ဗဘာဝတော=

ကံကိုသိအပ်သည်၏အဖြစ်ကြောင့်၊ တေနေဝ ဒွါရေန=ထိုကာယဒွါရ ဖြင့်သာလျှင်၊ နာမလာဘတော=ကာယကံဟူသော အမည်ကိုရခြင်း ကြောင့်၊ တသ္မိံ ဒွါရေ=ထိုကာယဒွါရ၌၊ ပါကဋဘာဝဝသေန=ထင်ရှား သည်၏အဖြစ်၏အစွမ်းဖြင့်၊ သိဒ္ဓါ=ပေါ်လွင်ထင်ရှားသော၊ စေတနာ= စေတနာသည်၊ ကာယကမ္မံ=ကာယကံမည်၏။

အနုဋီကာ၌-

ကာယဝိညတ္တိယာ တထာ ပဝတ္တမာနာယ စေတနာ သမုဋ္ဌာပိကာ ကမ္မသ္သ ကာယကမ္မဘာဝေါ နိပ္ပဇ္ဇတိ တာယ ဥပလက္ခိတဗ္ဗတ္တာ၊ န ပန စတုဝီသတိယာ ပစ္စယေသု ကေနစိ ပစ္စယဘာဝတောတိ ဒဿေန္တော တသ္မိံ ဒွါရေ သိဒ္ဓါတိ အာဒိမာဟ။ [ဟုဖွင့်၏။]

အနက်ကား။ ။ ကာယဝိညတ္တိယာ=ကာယဝိညတ်သည်၊ တထာ=ထိုကိုယ်အင်္ဂါလှုပ်ရှားသော အခြင်းအရာအားဖြင့်၊ ပဝတ္တမာ နာယ=ဖြစ်သည်ရှိသော်၊ စေတနာသမုဋ္ဌာပိကာ=စေတနာဟုဆိုအပ်သော၊ ကမ္မသ္သ=ကံ၏၊ ကာယကမ္မဘာဝေါ=ကာယကံ၏အဖြစ်သည်၊ နိပ္ပဇ္ဇတိ= ပြီးစီး၏၊ ကသ္မာ=အဘယ့်ကြောင့်နည်းဟူမူကား၊ တာယ=ထိုကာယဝိ ညတ်ဖြင့်၊ ဥပလက္ခိတဗ္ဗတ္တာ=ကာယကံဟု မှတ်အပ်သည်၏ အဖြစ် ကြောင့်တည်း၊ စတုဝီသတိယာ=၂၄-ပါးသော၊ ပစ္စယေသု=ပဋ္ဌာန်းပစ္စည်း တို့တွင်၊ ကေနစိ=တစ်စုံတစ်ခုသော ပစ္စည်းဖြင့်၊ ပစ္စယဘာဝတော= ကျေးဇူးပြုတတ်သည်၏အဖြစ်ကြောင့်၊ ကာယကမ္မ ဘာဝေါ=ကာယကံ ၏အဖြစ်သည်၊ န ပန နိပ္ပဇ္ဇတိ=ပြီးစီးသည်မဟုတ်၊ ဣတိ=ဤသို့၊ ဒဿေ န္တော=ပြတော်မူလိုသည်ဖြစ်၍၊ တသ္မိံ ဒွါရေ သိဒ္ဓါတိအာဒိံ=တသ္မိံ ဒွါရေ

သိဒ္ဓါအစရှိသောစကားကို၊ အာဟ=မူလဋီကာဆရာမိန့်အပ်ပေ၏။

ဤဋီကာပါဌ်တို့၌ ဆိုလိုရင်း အဓိပ္ပါယ်ကား-

၁။ ဘုရားရှိခိုးချိန်ကျ၍ ဘုရားရှိခိုးသောအခါ ဘုရားရှိခိုးရာသို့ ကိုယ်အင်္ဂါညွတ်ကိုင်းခြင်း, လက်အုပ်ချီခြင်းကိုလည်းပြု၏။

၂။ "နမော တဿ" အစရှိသော ဘုရားရှိခိုးများကိုလည်း ရွတ်ဆို၏။

ထိုသူ၌-

၁။ ကိုယ်အင်္ဂါ ညွတ်ကိုင်းခြင်း, လက်အုပ်ချီခြင်းသည် ကာယ ဒွါရမည်၏။

၂။ ဘုရားရှိခိုးများကို ရွတ်ဆိုခြင်းသည် ဝစီဒွါရမည်၏။

၃။ ကိုယ်အင်္ဂါ ညွတ်ကိုင်းအောင် လက်အုပ်ချီအောင် လှုံ့ဆော် သောစေတနာသည် ကာယကံမည်၏။

၄။ ဘုရားရှိခိုးများကိုရွတ်ဆိုအောင် လှုံ့ဆော်သော စေတနာ သည် ဝစီကံမည်၏။

အနီး၌ရှိသော သူများကလည်း ထိုသူ၌ရှိနေသော ကာယဒွါရ, ဝစီဒွါရတို့ကို စက္ခုဒွါရ, သောတဒွါရတို့ဖြင့် မြင်ကြ ကြားကြသောအခါ၌ ထိုသူမှာ ဘုရားကိုကြည်ညိုသော စေတနာကံဖြစ်နေသည်ဟု သိကြ၏။

ဥပမာကား။ ။ စားဖိုအိမ်မှ ထွက်၍နေသောမီးခိုးကို အဝေးက မြင်ကြသဖြင့် စားဖိုအိမ်တွင်း၌ မီးရှိသည်ကို အဝေးကသိနိုင်ကြသကဲ့ သို့တည်း။

ဤဥပမာ၌-

၁။ နှလုံးအိမ်တွင်း၌ရှိသော စေတနာကံသည် စားဖိုအိမ်တွင်း၌ ရှိသော မီးနှင့်တူ၏။

၂။ ကိုယ်အင်္ဂါလှုပ်ရှားမှု, နှုတ်အင်္ဂါလှုပ်ရှားမှု-ဟူသော ဒွါရ ၂-ပါးသည် စားဖိုအိမ်မှ ထွက်၍နေသော မီးခိုးနှင့်တူ၏။

အကျိုးဖြစ်သော အခိုးကိုအစွဲပြု၍ အကြောင်းဖြစ်သော မီးသည် "ဓူမသိခ"ဟူသောအမည်ကိုရ၏။

[အခိုးတည်းဟူသော ဦးစွန်းတံခွန် ရှိသောမီးဟုဆိုလိုသည်။]

ထို့အတူ စေတနာကံသည် အကျိုးဖြစ်သောကာယဒွါရ, ဝစီဒွါရ တို့ကိုအစွဲပြု၍ ကာယကံ, ဝစီကံဟူသောအမည်ကိုရ၏။

ဤသို့လျှင် ဖြစ်ပေါ်မှု, တည်နေမှုကို အစွဲပြု၍ဆိုသော်-

၁။ စေတနာကံသည် အကြောင်းဖြစ်၏။

၂။ ဒွါရ ၂-ပါးသည် အကျိုးဖြစ်၏။

အမည်ရမှုကို အစွဲပြု၍ဆိုသော်-

၁။ ဒွါရသည် အကြောင်းဖြစ်၏။

၂။ စေတနာမှာ ကာယကံ, ဝစီကံဟူသော အမည်ရမှုသည် အကျိုးဖြစ်၏။

ပဋ္ဌာန်း ၂၄-ပစ္စည်းမည်သည် မဖြစ်သေးသော အကျိုးတရားကို ဖြစ်ပေါ်စေခြင်းငှါလည်းကောင်း, ဖြစ်ပြီးသောအကျိုးတရားကို တည်နေစေခြင်း ငှါလည်းကောင်း ထိုက်သည်အားလျော်စွာ ကျေးဇူးပြုတတ်သော သတ္တိ ၂-ပါးရှိကြ၏၊ ကာယဒွါရ, ဝစီဒွါရတို့၌ ထိုသတ္တိမျိုးမရှိ၊ ထို့ကြောင့် ကာယဒွါရ, ဝစီဒွါရဟူသော ကရိုဏ်း ၂-ပါးသည် ရှေ့၌ပြဆိုခဲ့ပြီးသော

ကြိယာသာဓကေတမသတ္တိနှင့်ပြည့်စုံသော မုချကရိုဏ်းမျိုးမဟုတ်၊ ဥပစာရ ကရိုဏ်းမျှသာဖြစ်သည်ဟု ဤဋီကာများအလိုအားဖြင့် အလွန်ထင်ရှား လေသတည်း။

[ဤသည်လည်း-တစ်ရပ်။]

၇-အဖြေပြီး၏။

--------------------

## ၈-အဖြေ

၈။ "ကန္ဒဝဇီရစာအုပ်မျက်နှာ ၂၄-နှင့် ၂၅-၌-

စက္ခုဒွါရရုပ်သည် စက္ခုဝိညာဏ်အား နိဿယပစ္စည်း, ပုရေဇာတ ပစ္စည်း, ဣန္ဒြိယပစ္စည်း, ဝိပ္ပယုတ္တပစ္စည်း, အတ္ထိပစ္စည်း, အဝိဂတ ပစ္စည်း-ဟူကုန်သော ပဋ္ဌာန်းပစ္စည်းတို့ဖြင့် ကျေးဇူးပြုနိုင်, ပစ္စည်း တပ်ပိုင်သောကြောင့်လည်းကောင်း, ထိုစက္ခုဒွါရရုပ်ကား ထိုပစ္စည်း နည်းပေါင်းဖြင့် ကောင်းကောင်းကြီး စက္ခုဝိညာဏ်ဖြစ်ကြောင်း တရားဖြစ်လေ၍ စက္ခုဝိညာဏ်စိတ်မူကား ထိုနည်းအားဖြင့် အကျိုး တရားဖြစ်ပါပေ၏၊ ဝိညတ်ဒွါရသည် ပဋ္ဌာန်းပစ္စည်း ၂၄-ပစ္စည်းတွင် တစ်ခုတည်းမျှပင် စေတနာကံအား ကျေးဇူးမပြုတတ် လေသဖြင့် ကံဖြစ်ကြောင်း, ကံမြောက်ကြောင်းတရား မဟုတ်နိုင်ကောင်း သောကြောင့်လည်းကောင်း ပမာနှင့်ပမေး ကွာဝေးကြီး ကွာဝေးရ လေသည်"။

ဟူသောအပြစ်တင်ဆိုချက်၌-

အဖြေကား။ ။ပမာ-ပမေးမည်သည် တစ်စိတ်တစ်ဒေသအား ဖြင့် တူသည်ကိုစွဲ၍ ဆိုမြဲဖြစ်၏၊ မြတ်စွာဘုရား၏မျက်နှာတော်သည်

ရွှေလမင်းနှင့်တူသည်ဟု ဆိုကြရာ၌ အရောင် အသရေတောက်ပခြင်း-ဟူသော ဂုဏ်တစ်စိတ်မျှတူကြသည်ကို အစွဲပြု၍ ဆိုပေ၏။

ရှေးဥပမာ၌ မြတ်စွာဘုရားမျက်နှာတော်သည် ရွှေလမင်းနှင့် မတူ၊ မြတ်စွာဘုရားမျက်နှာတော်မှာ စက္ခု, သောတ, ဃာန, ဇိဝှါ, မုခ, အင်္ဂါကြီးများ ထင်ရှားရှိ၏၊ ရွှေလမင်းမှာ ထိုအင်္ဂါများ မရှိသောကြောင့် ထိုဥပမာစကားသည် မှား၏ဟု မဆိုသင့်ပေ။

ထို့အတူ စက္ခုမှာ ပဋ္ဌာန်း ၆-ပစ္စည်းရ၍ ဝိညတ်မှာ ထို ၆-ပစ္စည်း မရသောကြောင့် ဥပမာစကားသည် မှားသည်ဟု မဆိုသင့်ပေ။

ဤစကား၌ ဆိုဖွယ်အထူးကား-

စက္ခုဒွါရရုပ်သည် စက္ခုဝိညာဏ်အား နိဿယ-စသော ပဋ္ဌာန်းပစ္စည်းတို့ဖြင့် ကျေးဇူးပြုပါလျက်နှင့်ပင် မုချကရိုဏ်းမဖြစ်ရ၊ ဥပစာရကရိုဏ်းမျှသာဖြစ်သည်ဟု အဋ္ဌကထာကြီးတို့၌ဆိုသောကြောင့် ဝိညတ်ရုပ်သည် စေတနာကံအား ပဋ္ဌာန်းပစ္စည်း ၂၄-နည်းတွင် တစ်ခုတည်းဖြင့်မျှ ကျေးဇူးမပြုတတ်လေသဖြင့် ဥပစာရကရိုဏ်းဖြစ်သည်ဟု ဆိုခွင့်ပင်မရှိ။

မုချကရိုဏ်းဖြစ်ရန်မှာမူကား အဝေးကြီးဝေးလေတော့သည်ဟု ဆိုရန် အခွင့်ကြီးရောက်၏၊ သို့သော် ဥပစာရနည်းမည်သည် အမျိုးမျိုးရှိသောကြောင့် သင့်လျော်ရာ ဥပစာရနည်း၌ ထည့်သွင်း၍ယူလေ။

[ဤမျှသောအဖြေစကားရပ်တို့ဖြင့် သာသနဝိသောဓနီစာအုပ်ဉာဏ်သွားနှင့် ကန္ဒဝဇီရစာအုပ်ဉာဏ်သွား ကွာခြားချက်ကြီးသည် လူရှင်အများတို့အား ထင်ရှားလောက်ပြီဖြစ်၍ ကျန်ရှိသောအပြစ် တင်ဆိုချက်တို့ကို ဖြေဆိုဖွယ် မရှိပြီ။]

၈-အဖြေပြီး၏။

## အချုပ်အားဖြင့် ရှင်းလင်းတော်မူချက်

ဩကာသဝန္ဒနာ၌ ကံကရိဏ်း, ဒွါရကရိဏ်း ၂-မျိုးအဆိုကွဲပြားကြရာမှာ-

ကံကရိဏ်းလည်း အသင့်ပင်ဖြစ်၏၊ ဒွါရကရိဏ်းလည်း အသင့်ပင် ဖြစ်၏၊ သင့်မသင့်ငြင်းခုံဖွယ်မရှိ။

ကံကရိဏ်းကား မုချသင့်၊ ဒွါရကရိဏ်းကား ဥပစာရသင့်၊ ဤမျှသာကွဲကြ၏။

ထို ၂-ပါးတို့တွင် ဥပစာရသင့်ကိုလည်း ကျမ်းဂန်တို့မှာ များစွာအသုံးပြုလျက်ရှိ၏၊ ကာယဒွါရဖြင့် ရှိခိုးပါ၏ဆိုရာ၌လည်း အကြောင်းဖြစ်သော စေတနာကံပါရှိသည်ကိုသိအပ်၏၊ ကာယကံဖြင့် ရှိခိုးပါ၏ဆိုရာ၌လည်း ဒွါရသည်အပြီးပါလျက်ရှိ၏၊ ထိုကရိဏ်းအဆို ၂-မျိုးသည် ဩကာသဝန္ဒနာ၌သာ ပါရှိ၏၊ ဘုရားရှေ့တော်၌ ဝတ်ချမှု, လက်အုပ်ချီမှုကိုပြုပြီးလျှင် ဩကာသဝန္ဒနာကိုမဆိုမူ၍ "နမော တဿ" ကစ၍ ရရှိသော ဘုရားရှိခိုးများကိုရွတ်ဆို၍ ရှိခိုးကြရာ၌လည်း ဒွါရ ၃-ပါး, ကံ ၃-ပါးအပြီးပါရှိ၍နေ၏။

ပါရှိပုံကား။ ။ ဝတ်ချမှု, လက်အုပ်ချီမှုသည် ကာယကံ-ကာယဒွါရမှုပေတည်း၊ "နမော တဿ, ဣတိပိသော"စသည်တို့ကို ရွတ်ဆိုမှုသည် ဝစီကံ-ဝစီဒွါရမှုပေတည်း၊ မြတ်စွာဘုရားတည်းဟူသော အာရုံ၌ စိတ်မနော၏ ညွတ်ကိုင်းခြင်းသည် မနောကံ-မနောဒွါရမှု ပေတည်း။

[ဤသို့လျှင် ဘုရားကိုတစ်ကြိမ်ရှိခိုးရာ၌ ကံ ၃-ပါး, ဒွါရ ၃-ပါးတို့သည် အစ, အလယ်, အဆုံးပါရှိမြဲဖြစ်၏၊ ဩကာသဝန္ဒနာ၌ ကရိဏ်း ၃-ပါးကို ထုတ်ဖော်၍ ဆိုခြင်းသည် အပိုကဲ့သို့ ဖြစ်၏။]

ဥပမာကား။ ။ မုဆိုး ၃-ယောက်သည် သမင်ကိုပစ်ကြရာ၌-

၁။ မုဆိုးတစ်ယောက်က လာလေ့ဟဲ့လေး, နှင့်ပစ်လိုက်မည်ဟု ဆိုလေ့ရှိ၏။

၂။ မုဆိုးတစ်ယောက်က လာလေ့ဟဲ့ မြား, နှင့်ပစ်လိုက်မည်ဟု ဆိုလေ့ရှိ၏။

၃။ မုဆိုးတစ်ယောက်က တစ်စုံတစ်ခုကိုမျှ မဆိုမူ၍ ပစ်လေ့ရှိ၏။

ထိုသို့ပစ်ကြရာ၌ သမင်ကို မှန်မှု, မမှန်မှုမှာ လက်၏ဆိုင်ရာသာဖြစ်၏၊ လက်ဖြောင့်လျှင်မှန်၏၊ လက်မဖြောင့်လျှင် မမှန်၊ လေးနှင့်ပစ်လိုက်မည်, မြားနှင့်ပစ်လိုက်မည်ဟူသောအဆိုသည် အပိုသက်သက်သာဖြစ်၏။

## ဥပမာ-ဥပမေယျ စပ်ဟပ်ပြချက်

ဤဥပမာ၌-

၁။ ဒွါရကရိုဏ်းသည် လေးနှင့်တူ၏။

၂။ ကံကရိုဏ်းသည် မြားနှင့်တူ၏။

၃။စေ့ဆော်သောစေတနာသည် လေးကိုကိုင်သော လက်နှင့်တူ၏။

အကျိုးကြီးမှု, မကြီးမှုမှာ ထိုစေတနာ၏ ဆိုင်ရာဖြစ်၏၊ စေတနာမကောင်းလျှင် အကျိုးမကြီး၊ စေတနာကောင်းလျှင် အကျိုးကြီး၏။

ထို့ကြောင့်-

၁။ ဒွါရကရိုဏ်းကို နှုတ်တက်သူတို့မှာ ဒွါရကရိုဏ်းကိုဆို၍ ရှိခိုးသင့်လှပေ၏။

၂။ ကံကရိုဏ်းကို နှုတ်တက်သူတို့မှာ ကံကရိုဏ်းကိုဆို၍ ရှိခိုးသင့်လှပေ၏။

၃။ ကရိုဏ်း ၂-ခုကိုမဆိုမူ၍ "နမော တဿ" စသည်တို့ကိုဆို၍ ရှိခိုးခြင်းသည်လည်း သင့်လှပေ၏။
[ဘယ်ရှိခိုးခြင်းကိုမျှ မသင့်ဟူ၍ မဆိုသာပေ။]

ဒွါရကရိုဏ်းသာ သင့်သည်၊ ကံကရိုဏ်း မသင့်ဟူ၍လည်းကောင်း ကံကရိုဏ်းသာသင့်သည်၊ ဒွါရကရိုဏ်း မသင့်ဟူ၍လည်းကောင်း ငြင်းခုံဖွယ်မရှိ၊ ငြင်းခုံဖွယ်မရှိပါဘဲလျက် ငြင်းခုံမှုဝိဝါဒကိုပြုခဲ့သော် ဝိဝါဒအတွက် အပြစ်ကြီးများ၍ သွားတတ်၏။

ဥပမာကား။ ။လူ ၂-ယောက်သည် ဆေးလိပ်တိုတစ်ခုကို အစွဲပြု၍ သူ့ဆေးလိပ်, ငါ့ဆေးလိပ်ဟု ငြင်းခုံခြင်းဖြစ်ကြရာ၌ နှုတ်ကျူး နှုတ်လွန် လက်ကျူးလက်လွန် ဖြစ်ပွါး၍သွားကြသဖြင့် ငွေတစ်သောင်းစီ ကုန်ကျကြလေ၏။

## ဥပမာ-ဥပမေယျ စပ်ဟပ်ပြချက်

ဤဥပမာ၌-

၁။ ကံကရိုဏ်း, ဒွါရကရိုဏ်း အဆို ၂-ပါးသည် ဆေးလိပ်တိုနှင့် တူ၏။

၂။ ငြင်းခုံမှုသည် ငွေတစ်သောင်းစီကုန်ကျသည်နှင့်တူ၏။

[ကံဒွါရ ဝိဝါဒပေါ်ပေါက်သည့်နေ့မှစ၍ ငြင်းခုံမှု ဖြစ်ပွါးသည့် အတွက် အပါယ် လေးပါးသို့ ကျရောက်ကြသူ အဘယ်မျှလောက်များလိမ့်မည်မသိ။]

ကန္ဒဝဇီရစာအုပ်မျက်နှာ ၂၆-၌-

"ကံကရိုဏ်းထားဟန် အမှန်မုချဖြစ်ပါမူ ဓမ္မက္ခန္ဓာပေါင်းအား ဖြင့်လည်း ရှစ်သောင်း လေးထောင်၊ သုတ်, ဝိနည်း, အဘိဓမ္မာ

အားဖြင့်လည်း ပိဋကတ်တော်သုံးပုံသုံးသွယ်-စသည်ဖြင့် ပါဠိ, အဋ္ဌကထာ, ဋီကာ, အနု, မဓု, လက်သန်းကျမ်းအစောင်စောင် တို့တွင် တစ်ကျမ်းကျမ်း၌ပင် ဒွါရကရိုဏ်းသွာကဲ့သို့ ကံကရိုဏ်းထား တိုက်ရိုက်ကို နှိုက်ချွတ်ရှာဖွေ မရမရှိချေ” ဟုပြဆိုလျက်ပါရှိ၏။

ကံကရိုဏ်းထားဟန် ပါဠိတော်တိုက်ရိုက် စိုက်စိုက်ကြီးလာရှိ သည်သာ အမှန်ဖြစ်၏။

လာရှိဟန်ကား-

ဒီဃရတ္တံ ခေါ တေ အာနန္ဒ တထာဂတော ပစ္စုပဋ္ဌိတော မေတ္တေန ကာယကမ္မေန ဟိတေန သုခေန အဒ္ဝယေန အပ္ပမာဏေန၊ မေတ္တေန ဝစီကမ္မေန ဟိတေန သုခေန အဒ္ဝယေန အပ္ပမာဏေန၊ မေတ္တေန မနောကမ္မေန ဟိတေန သုခေန အဒ္ဝယေန အပ္ပမာဏေန။

[သုတ်မဟာဝါပါဠိတော် မဟာပရိနိဗ္ဗာနသုတ် စာအုပ်မျက်နှာ နံပါတ်-၁၀၅။]

အနက်ကား။ ။ အာနန္ဒ=အာနန္ဒာ၊ ခေါ=စင်စစ်၊ တေ-တယာ= သင်သည်၊ ဒီဃရတ္တံ=ရှည်မြင့်စွာသောကာလပတ်လုံး၊ တထာဂတော= ငါဘုရားကို၊ ဟိတေန=အကျိုးများကြောင်း စီးပွါးကောင်းဖြစ်သော၊ သုခေန=ချမ်းသာကြောင်းဖြစ်သော၊ အဒ္ဝယေန=မျက်မှောက်တစ်သွယ် မျက်ကွယ်တစ်ခြား နှစ်ပါးကွဲလွဲခြင်း မရှိသော၊ အပ္ပမာဏေန=အတိုင်း အရှည်ပမာဏမရှိသော၊ မေတ္တေန=မေတ္တာနှင့်ယှဉ်သော၊ ကာယကမ္မေန= ကာယကံဖြင့်၊ ပစ္စုပဋ္ဌိတော=ခစားဆည်းကပ် လုပ်ကျွေးပြုစု အပ်လှလေ ပြီ၊ ဟိတေန=အကျိုးစီးပွါး ထွန်းကားကြောင်းဖြစ်သော၊ သုခေန=ချမ်းသာ ကြောင်းဖြစ်သော၊ အဒ္ဝယေန=မျက်မှောက်တစ်သွယ် မျက်ကွယ်တစ်ခြား

နှစ်ပါးကွဲလွဲခြင်းမရှိသော၊ အပ္ပမာဏေန=အတိုင်းအရှည် ပမာဏမရှိသော၊ မေတ္တေန=မေတ္တာနှင့်ယှဉ်သော၊ ဝစီကမ္မေန=ဝစီကံဖြင့်၊ ပစ္စုပဋ္ဌိတော=ခစားဆည်းကပ် လုပ်ကျွေးပြုစု အပ်လှလေပြီ၊ ဟိတေန=အကျိုးစီးပွါး ထွန်းကားကြောင်းဖြစ်သော၊ သုခေန=ချမ်းသာကြောင်းဖြစ်သော၊ အဒွယေန=မျက်မှောက် တစ်သွယ်မျက်ကွယ်တစ်ခြား နှစ်ပါးကွဲလွဲခြင်းမရှိသော၊ အပ္ပမာဏေန=အတိုင်း အရှည်ပမာဏမရှိသော၊ မေတ္တေန=မေတ္တာနှင့်ယှဉ်သော၊ မနောကမ္မေန=မနောကံဖြင့်၊ ပစ္စုပဋ္ဌိတော=ခစား ဆည်းကပ် လုပ်ကျွေးပြုစု အပ်လှလေပြီ။

[ဤပါဠိတော်ကြီးဖြင့် ကံကရိဏ်းထားအပ်ကြောင်း ကောင်းကောင်းကြီး ထင်ရှား၏။]

ဤပါဠိတော်၌-

မေတ္တာကာယကံဆိုသည်ကား။ ။ မေတ္တာစိတ်၏ အစွမ်းဖြင့်ဖြစ်စေအပ်သော မျက်နှာသစ်ရေကပ်ခြင်း, ဒန်ပူကပ်ခြင်း, ခရီးဦးကြိုဆိုခြင်း, လက်အုပ်ချီခြင်း, ထိခြင်းငါးပါးဖြင့် ညွတ်တွားကိုင်းရှိုင်း၍ ရှိခိုးခြင်း အစရှိသော အမှုကြီးငယ်တို့ကို ပြုလုပ်ကြောင်းဖြစ်သော ကုသိုလ်စေတနာ များပေတည်း။

ထို့ကြောင့် ဝင်းအဋ္ဌကထာစာအုပ်နံပါတ် ၁၅၉-၌-

မေတ္တေန ကာယကမ္မေနာတိ မေတ္တစိတ္တဝသေန ပဝတ္တိတေန မုခဓောဝနဒါနာဒိကာယကမ္မေန။

[ဟုဖွင့်အပ်ပြီ။]

အနက်ကား။ ။ မေတ္တေန ကာယကမ္မေနာတိ=မေတ္တေန ကာယကမ္မေန-ဟူသည်ကား၊ မေတ္တစိတ္တဝသေန=မြတ်စွာဘုရားကြီးကို

ချစ်အားကြီးစွာ မေတ္တာနှင့်ယှဉ်သော စိတ်၏အစွမ်းဖြင့်၊ ပဝတ္တိတေန= ဖြစ်စေအပ်သော၊ မုခဓောဝနဒါနာဒိကာယကမ္မေန= မျက်နှာသစ်တော် ရေဆက်ကပ်ခြင်း အစရှိသောကာယကံဖြင့်။

မေတ္တာဝစီကံဆိုသည်ကား။ ။ မေတ္တာစိတ်၏ အစွမ်းဖြင့်ဖြစ် စေအပ်သော မျက်နှာသစ်တော်မူရာကာလ, တရားဟောတော်မူရာ ကာလ, ဆွမ်းခံဝင်တော်မူရာကာလ-စသည်ကို အချိန်ကာလအား လျော်စွာ လျှောက်တင်ပြောကြားခြင်း, နမောတဿ-အစရှိသော ဝန္ဒနာ ပါဠိတို့ကို ရွတ်ဆိုမြွက်ကြားကာ ရှိခိုးခြင်းစသော ကြိယာတို့၏ အကြောင်း ဖြစ်သော ကုသိုလ်စေတနာများကိုဆိုလိုသည်။

ထို့ကြောင့် ၎င်းအဋ္ဌကထာ၌ပင်-

မေတ္တေန ဝစီကမ္မေနာတိ မေတ္တစိတ္တဝသေန ပဝတ္တိတေန
မုခဓောဝနကာလာရောစနာဒိနာ ဝစီကမ္မေန။
[ဟုဖွင့်အပ်ပြီ။]

အနက်ကား။ ။ မေတ္တေန ဝစီကမ္မေနာတိ=မေတ္တေန ဝစီ ကမ္မေန- ဟူသည်ကား၊ မေတ္တစိတ္တဝသေန= မြတ်စွာဘုရားကြီးကို ချစ်အား ကြီးစွာ မေတ္တာနှင့်ယှဉ်သော စိတ်၏အစွမ်းဖြင့်၊ ပဝတ္တိတေန= ဖြစ်စေအပ် သော၊ မုခဓောဝနကာလာရောစနာဒိနာ=မျက်နှာသစ်လွှင် သန့်စင်ရာ ကာလကို လျှောက်ကြားခြင်း-အစရှိသော၊ ဝစီကမ္မေန= ဝစီကံဖြင့်။

မေတ္တာမနောကံဆိုသည်ကား။ ။ ကိုယ်ကို လှုပ်ရှားခြင်း, နှုတ်ကို လှုပ်ရှားခြင်းတို့နှင့်ကင်း၍ စိတ်မနောသက်သက်ဖြင့် လောက ထွတ်ထား ဘုရားမြတ်စွာ စိန္တေယျာသည် များစွာသောင်းသောင်း ရန်အပေါင်းကင်း

ကွာ၍ ချမ်းသာတော်မူပါစေသတည်း-အစရှိသော မေတ္တာဇော စေတနာများကို မေတ္တာမနောကံဆိုပေသည်။

ဤတွင်သာမဟုတ်သေး၊ မေတ္တာတည်းဟူသော ဆီကြည် ဆွတ် ဖြန်း၍ အေးချမ်းကြည်လင်သောမျက်လုံးတို့ကိုဖွင့်လျက် မြတ်စွာ ဘုရား ကြီးကို ကြည့်ရှုဖူးမြော်မှုသည်လည်း မေတ္တာမနောကံပင် မည်၏။

ထို့ကြောင့် ဋီကာ၌ပင်-

မေတ္တေန မနောကမ္မေနာတိ ကာလဿေဝ သရီရပဋိဇဂ္ဂနံ ကတွာ ဝိဝိတ္တောကာသေ နိသီဒိတွာ သတ္ထာ အရောဂေါ ဟောတု အဗျာပဇ္ဈော သုခီတိ ဧဝံ ပဝတ္တိတေန မနောကမ္မေန။ [ဟုဖွင့်အပ်ပြီ။]

အနက်ကား။ ။ မေတ္တေန မနောကမ္မေနာတိ=မေတ္တေန မနော ကမ္မေန-ဟူသည်ကား၊ ကာလဿေဝ=စောစောစီးစီးကသာလျှင်၊ သရီရ ပဋိဇဂ္ဂနံ=ကိုယ်လက်သုတ်သင်ခြင်းကို၊ ကတွာ=ပြု၍၊ ဝိဝိတ္တောကာသေ= ဆိပ်ငြိမ်သောနေရာ၌၊ နိသီဒိတွာ=ထိုင်နေ၍၊ သတ္ထာ=မြတ်စွာ ဘုရားကြီး သည်၊ အရောဂေါ=ကိုးဆယ့်ခြောက်ဖြာ ဘေးရောဂါတို့ ကင်းကွာတော် မူသည်၊ ဟောတု=ဖြစ်တော်မူပါစေ၊ အဗျာပဇ္ဈော=ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းတော်မူသည်၊ ဟောတု=ဖြစ်တော်မူပါစေ၊ သုခီ=ကိုယ်စိတ်နှစ် ဖြာချမ်းသာတော်မူသည်၊ ဟောတု=ဖြစ်တော်မူပါစေ၊ ဣတိ ဧဝံ=ဤသို့၊ ပဝတ္တိတေန=ဖြစ်စေအပ်သော၊ မနောကမ္မေန=မနောကံဖြင့်။

ထေရဂါထာ ပါဠိတော်၌လည်း-

(က) ပဏ္ဏဝီသတိဝဿာနိ၊ ဘဂဝန္တံ ဥပဋ္ဌဟိံ။
မေတ္တေန ကာယကမ္မေန၊ ဆာယာဝ အနပါယိနီ။ ။

(ခ) ပဏ္ဏဝီသတိဝဿာနိ၊ ဘဂဝန္တံ ဥပဋ္ဌဟိံ။
မေတ္တေန ဝစီကမ္မေန၊ ဆာယာဝ အနပါယိနီ။ ။
(ဂ) ပဏ္ဏဝီသတိ ဝဿာနိ၊ ဘဂဝန္တံ ဥပဋ္ဌဟိံ။
မေတ္တေန မနောကမ္မေန၊ ဆာယာဝ အနပါယိနီ။ ။
[ဟုအရှင်အာနန္ဒာ မထေရ်မြတ် ဟောကြားအပ်ပြီ။]

အနက်ကား။ ။ ပဏ္ဏဝီသတိဝဿာနိ=နှစ်ဆယ့်ငါးဝါပတ်လုံး၊ ဘဂဝန္တံ=မြတ်စွာဘုရားကြီးကို၊ မေတ္တေန=မေတ္တာစိတ်၏အစွမ်းဖြင့် ဖြစ်စေအပ်သော၊ ဝါ=မေတ္တာနှင့်ယှဉ်သော၊ ကာယကမ္မေန=ကာယကံဖြင့်၊ အဟံ=ငါသည်၊ ဥပဋ္ဌဟိံ=မကွာထက်ချပ် လိုက်ပါလတ်၍ ဆည်းကပ် ခစားများစွာလုပ်ကျွေးခဲ့ရပါပေပြီ၊ ကာဝိယ=ဥပမာ အဘယ်ကဲ့သို့နည်းဟူမူကား၊ အနပါယိနီ=သွားလေရာရာ မကွာစိုက်စိုက် အစဉ်လိုက်သော၊ ဆာယာက္ကဝ=အရိပ်ကဲ့သို့ပင်တည်း။

[နောက် ၂-ဂါထာတို့၌ "ဝစီကမ္မေန, မနောကမ္မေန" ၂-ပုဒ်သာအထူးရှိ၏၊ အကြွင်းအလုံးစုံအနက်တူပြီ၊ ဤပါဠိတော်ကြီးဖြင့်လည်း ကံကရိုဏ်းထား အပ်ကြောင်း ကောင်းကောင်းကြီး ပွင့်လင်းထင်ရှား၏။]

ထိုပြဆိုအပ်ပြီးသော သုတ်မဟာဝါပါဠိတော်, ထေရဂါထာပါဠိတော်တို့၌ ကံကရိုဏ်း ၃-ချက်တို့၏အရ ကာယပဏာမ စေတနာဟုဆိုအပ်သော ကံ ၃-မျိုးတို့ပါ သိမ်းရုံးကောက်ယူအပ်၏။

ကောက်ယူအပ်ကြောင်းကို-
၁။ ထေရာနံ ပန ပါဒဓောဝနဗီဇနဝါတဒါနာဒိဘေဒမ္ပိ သဗ္ဗံ
သာမိစိကမ္မံ သမ္မုခါ မေတ္တံ ကာယကမ္မံနာမ။

၂။ မေတ္တာ ဝစီကမ္မန္တိ အာဒိသု ဒေဝတ္ထေရော တိဿတ္ထေရောတိ
ဧဝံ ပဂ္ဂယှ ဝစနံ သမ္မုခါ မေတ္တံ ဝစီကမ္မံနာမ။

၃။ မေတ္တာသိနေဟ သိနိဒ္ဓါနိ ပန နယနာနိ ဥမ္မိလိတွာ ပသန္နေန
မုခေန ဩလောကနံ သမ္မုခါ မေတ္တံ မနောကမ္မံနာမ။
[ဟူသော ပရိဝါအဋ္ဌကထာပါဌ်ဖြင့် ဆက်ဆက်မုချ
မှတ်ယူအပ်လှပေသည်။]

**အနက်ကား**

၁။ ထေရာနံ ပန=မထေရ်ကြီးတို့အားကား၊ ပါဒဓောဝနဗီဇန ဝါတဒါနာဒိဘေဒမ္ပိ=ခြေကိုရေဆေးခြင်း, ယပ်လေခတ်၍ပေးခြင်း စသည်လည်းဖြစ်သော၊ သဗ္ဗံ=အလုံးစုံသော၊ သာမိစိကမ္မံ=ရိုသေခံ့ညား လေးစားကြည်ဖြူ ပြုအပ်သော ကာယကံမှုသည်၊ သမ္မုခါမေတ္တံ ကာယ ကမ္မံနာမ=မျက်မှောက်၌ ပြုအပ်သော မေတ္တာကာယကံမည်၏။

၂။ မေတ္တာ ဝစီကမ္မန္တိ အာဒိသု=မေတ္တာဝစီကမ္မံ-အစရှိသော ပါဠိရပ်တို့၌၊ ဒေဝတ္ထေရော=အရှင်ဒေဝမထေရ်၊ တိဿတ္ထေရော=အရှင် တိဿမထေရ်၊ ဣတိ ဧဝံ=ဤသို့၊ ပဂ္ဂယှ ဝစနံ=ချီးေါမြှင့်မြှောက်၍ ပြောဆိုခြင်းသည်၊ သမ္မုခါ မေတ္တံ ဝစီကမ္မံနာမ=မျက်မှောက်၌ ပြုသော မေတ္တာဝစီကံမည်၏။

၃။ မေတ္တာသိနေဟသိနိဒ္ဓါနိ=မေတ္တာတည်းဟူသောဆီကြည် ဆွတ်ဖြန်းသဖြင့် ရွှင်လန်းနူးညံ့ကုန်သော၊ နယနာနိ=မျက်လုံးတို့ကို၊ ဥမ္မိလိတွာ=ဖွင့်၍၊ ပသန္နေန=ကြည်လင်သော၊ မုခေန=မျက်နှာဖြင့်၊ ဩလောကနံ=ကြည့်ရှုဖူးမြော်ခြင်းသည်၊ သမ္မုခါမေတ္တံ မနောကမ္မံနာမ= မျက်မှောက်၌ပြုသော မေတ္တာမနောကံမည်၏။

[ဤသို့လျှင် ဝန္ဒနာအရာ စေတနာကံကရိဏ်းကို ဟုတ်တိုင်း ကျကျ ဂနသေချာစွာ ပါဠိတော်ကြီးတို့ကို တွေ့ရှိပြီးဖြစ်တော်မူ သည့်အတိုင်း သာသနဝိသောဓနီကျမ်း၌ ခွဲခြမ်းကန့်သတ်၍ ဆုံးဖြတ်တော်မူသော ကျေးဇူးရှင်လယ်တီဆရာတော် ဘုရား ကြီး၏ ကံဒွါရဝိနိစ္ဆယကို ယထာဘူတတန္တိနယာနုဂတ ပေါရာဏ ပဝေဏီ-ဟု ယုံကြည်လေးမြတ် မှတ်ယူထိုက်လှပေသတည်း။]

ဤအဆုံးအဖြတ်နှင့်ပင် ဝန္ဒနာအရာ ကံကို ကရိဏ်းထား ခဲ့ပါလျှင် အဋ္ဌသာလိနီ ဒွါရကထာ ကမ္မဝဝတ္ထာနအခန်း၌ ခွဲခြမ်းစိစစ်သော ကာယကံ, ဝစီကံ, မနောကံတို့နှင့် ဆန့်ကျင်လေတော့မည်-ဟူသော ဝိရောဓိသတင်းဆိုချက်ကိုလည်း ပယ်ဖျက်ဖြေရှင်းပြီး ဖြစ် တော့သည်။ [ဤကား အချုပ်အားဖြင့် ရှင်းလင်းတော်မူချက်တည်း။]

## ဖြန့်ဖြေတရား

ဗုဒ္ဓဘာသာ၌ ဝိဝါဒဘေးကြီး ပေါ်ပေါက်မှုသည် အလွန်ကြောက် မက်ဖွယ်ကောင်း၏။

ထို့ကြောင့် စရိယာပိဋကတ်ပါဠိတော်၌-

ဝိဝါဒံ ဘယတော ဒိသွာ၊ အဝိဝါဒဉ္စ ခေမတော။
သမဂ္ဂါ သခိလာ ဟောထ၊ ဧသာ ဗုဒ္ဓါနုသာသနီ။ ။
[ဟုဟောတော်မူ၏။]

ဝိဝါဒံ=ငြင်းခုံမှုကို၊ ဘယတော=သာသနာတော်၏ ဘေးကြီး အနေအားဖြင့်၊ ဒိသွာစ=ရှုမြော်ကြကုန်၍လည်းကောင်း၊ အဝိဝါဒံ= မငြင်းခုံမှုကို၊ ခေမတော=ဘေးကင်းသောအနေအားဖြင့်၊ ဒိသွာစ= ရှုမြော်ကြကုန်၍လည်းကောင်း၊ သမဂ္ဂါ=ညီညွတ်ကြကုန်သည်၊ သခိလာ=

ပြေပြစ်သော စကား, ပြေပြစ်သောစိတ်နှလုံးရှိကြကုန်သည်၊ ဟောထ=ဖြစ်ကြကုန်လော့၊ ဧသော=ဤသည်ကား၊ ဗုဒ္ဓါနုသာသနီ=ခပ်သိမ်းသော ဘုရားရှင်တို့၏ ဆုံးမရိုးကြီးပေတည်း။

[ဤဒေသနာတော်ကို အမြဲနှလုံးသွင်းကြကုန်၍ ဝိဝါဒဘေးကြီးကို လွတ်ကင်းအောင်ကြဉ်ရှောင်ကြကုန်ရာသတည်း။]

## လယ်တီဦးဝိမလ၏ မှာထားချက်

ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး ရေးသားတော်မူသော "သာသနဝိသောဓနီကျမ်း" ပဌမတွဲ၌ အချို့သော အချက်များကို ဣန္ဒဝဇီရ ကျမ်းဆရာက စွပ်စွဲအပြစ်တင်ဆိုသည်များကို ထင်ယောင်ထင်မှား မရှိကြစေရန် ဦးပဥ္စင်းက ဤ "သာသနဝိသောဓနီကျမ်း" တတိယတွဲ၌ အမြွက်အားဖြင့် ပြန်ကြားဖြေရှင်းလိုက်ပါသည်။

လယ်တီဦးဝိမလ

၁၂၈၂-ခု ကဆုန်လဆန်း ၁၅-ရက်။

----------*----------

## ကံဒွါရအဆုံးအဖြတ်

ဝန္ဒာပဏာမကို ပြုကြသောအရာ၌

၁။ ကာယဒွါရ, ဝစီဒွါရ, မနောဒွါရ-တည်းဟူသော သုံးပါးသော ဒွါရတို့ဖြင့် ရှိခိုးပူဇော်ပါ၏ဟု ရှိခိုးခြင်းကြိယာဝယ် ဒွါရကို ကရိဏ်းထား၍ဆိုကြသော ရှိခိုးနည်းတစ်မျိုး။

၂။ ကာယကံ, ဝစီကံ, မနောကံ-တည်းဟူသော ကံသုံးပါးတို့ဖြင့် ရှိခိုးပူဇော်ပါ၏ဟု ရှိခိုးခြင်းကြိယာဝယ် ကံကိုကရိဏ်း ထား၍ဆိုကြသော ရှိခိုးနည်းတစ်မျိုး။

၃။ ကာယပဏာမ, ဝစီပဏာမ, မနောပဏာမ-တည်းဟူသော သုံးပါးသော ပဏာမတို့ဖြင့် ရှိခိုးပူဇော်ပါ၏-ဟု ရှိခိုးခြင်း ကြိယာဝယ် ပဏာမကို ကရိုဏ်းထား၍ဆိုကြသော ရှိခိုးနည်းတစ်မျိုး။

၄။ ကာယဝစီ မနောချီလျက် သုံးလီသောကံ သုံးတန်စေတနာ သုံးဖြာဒွါရ ပဏာမဖြင့် ကြည်ဆွသဒ္ဓါ ရှိခိုးပါ၏-ဟု ကံသုံးပါး, စေတနာသုံးပါး, ဒွါရသုံးပါး, ပဏာမသုံးပါးတို့ကို အကုန်ပါအောင်ဆို၍ ရှိခိုးကြသောနည်းလည်းတစ်မျိုး။

## မေးမြန်းဖွယ်

မေး။ ။ဤလေးမျိုးတို့တွင် အဘယ်ရှိခိုးနည်းသည် သင့်မြတ်ပါသနည်း၊ အဘယ်ရှိခိုးနည်းသည် မသင့်မမြတ်ရှိပါသနည်း-ဟု မေးရန်ရှိသည်။

ဖြေ။ ။တိဿော ဣမာ ဘိက္ခဝေ ဝန္ဒနာ၊ ကာယေန ဝန္ဒတိ ဝါစာယ ဝန္ဒတိ မနသာ ဝန္ဒတိ။

ဟူ၍ ဟောတော်မူသော ပါဠိတော်, ဝန္ဒိတဗ္ဗာတိ-တီဟိ ဒွါရေဟိ ဝန္ဒိတဗ္ဗာ။

အစရှိသည်ဖြင့် ထိုထိုကျမ်းဦးပဏာမတို့၌ ဖွင့်ကြသောဋီကာ ကျမ်းအရပ်ရပ်တို့ကိုထောက်၍ ရှိခိုးခြင်းကြိယာဝယ် ဒွါရကိုကရိုဏ်းထား၍ဆိုကြသော ပဌမရှိခိုးနည်း သင့်မြတ်ကြောင်းကို သိအပ်လှပေသည်။

ကာယေန=ကာယဒွါရဖြင့်၊ ဝန္ဒတိ=ရှိခိုး၏၊ ဝါစာယ=ဝစီဒွါရဖြင့်၊ ဝန္ဒတိ=ရှိခိုး၏၊ မနသာ=မနောဒွါရဖြင့်၊ ဝန္ဒတိ=ရှိခိုး၏၊ ဘိက္ခဝေ=ရဟန်းတို့၊

ဝန္ဒနာ=ရှိခိုးခြင်းတို့သည်၊ ဣမာတိသော=ဤသုံးပါးတို့တည်း။

[ပါဠိတော်အနက်။]

[ဤပါဠိတော်၌ "ဝန္ဒတိ" ဟူသောရှိခိုးခြင်းကြိယာမှာ "ကာယေန, ဝါစာယ, မနသာ"ဟု ဒွါရသုံးပါးကို ကရိုဏ်းထား၍ ဟောတော်မူသည်။]

ဝန္ဒိတွာတိ=ဝန္ဒိတွာ-ဟူသည်ကား၊ တီဟိ ဒွါရေဟိ=သုံးပါးသော ဒွါရတို့ဖြင့်၊ ဝန္ဒိတွာ=ရှိခိုးပြီး၍။

[ဋီကာအနက်။]

[ဤဋီကာပါဌ်တို့၌ "ဝန္ဒိတွာ" ဟူသောရှိခိုးခြင်းကြိယာမှာ "တီဟိ ဒွါရေဟိ"ဟု ဒွါရသုံးပါးကရိုဏ်းထား၍ ဖွင့်ကြပေသည်တစ်ရပ်။]

ကံသုံးပါးကို ကရိုဏ်းထား၍ ဆိုကြသော ဒုတိယရှိခိုးနည်းသည်လည်း သင့်မြတ်ပါ၏။

သင့်မြတ်ကြောင်းကိုဆိုအံ့။

ကျမ်းဂန်တို့၌ ကုသိုလ်အရာ၌ ကာယကံ, ဝစီကံ, အကိရိယကာယကံ, အကိရိယဝစီကံလည်း တစ်မျိုးလာသည်၊ ကိရိယ ကာယကံ, ကိရိယဝစီကံလည်း တစ်မျိုးလာသည်။

အဘယ်၌ ကိရိယကာယကံ, ဝစီကံလာသနည်းဟူမူကား။ အာဇီဝဋ္ဌမက သီလကိုဟောတော်မူရာ-

"ပုဗ္ဗေဝ ခေါ ပနဿ ကာယကမ္မံ ဝစီကမ္မံ အာဇီဝေါစ သုပရိသုဒ္ဓေါ"

ဟူသောပါဠိတော်, သုစရိုက်ဆယ်ပါး, ကုသလကမ္မပထတရား ဆယ်ပါးတို့ကို အကျယ်ဝေဖန်သော အဋ္ဌသာလိနီ ဒွါရကထာစသည်

တို့၌ တိုက်ရိုက်လာသည်။

အနက်ကား။ ။ အသဿ=ထိုအရိယာပုဂ္ဂိုလ်အား၊ ပုဗ္ဗေ၀=မဂ်သို့မရောက်မီရှေးကာလ၌ပင်လျှင်၊ ခေါပန=စင်စစ်၊ ကာယကမ္မဉ္စ=ကာယကံသုံးပါးသည်လည်းကောင်း၊ ဝစီကမ္မဉ္စ=ဝစီကံလေးပါးလည်းကောင်း၊ သုပရိသုဒ္ဓံ=ကောင်းစွာစင်ကြယ်သည်၊ ဟောတိ=ဖြစ်၏၊ အာဇီဝေါစ=အာဇီဝသည်လည်း၊ သုပရိသုဒ္ဓေါ=ကောင်းစွာစင်ကြယ်သည်၊ ဟောတိ=ဖြစ်၏။

ကာယကံဆိုသည်ကား။ ။ ကိုယ်အင်္ဂါ လှုပ်ရှား၍ပြုသောအမှုဖြစ်၍ ကာယကံဆိုရသည်မဟုတ်၊ ပါဏာတိပါတ-အစရှိသောအကုသိုလ် ကာယကံသုံးပါးကို မပြုမိအောင် ကြဉ်ရှောင်သောဝိရတိမှု, စေတနာမှုဖြစ်၍သာ ကာယကံဆိုရသည်၊ အကုသိုလ်ကာယကံမှုကို မပြုမိအောင် ကြဉ်ရှောင်မှုဖြစ်၍လည်း အကိရိယကာယကံဆိုရသည်၊ အကိရိယ သဒ္ဒါသည် မပြုခြင်းအနက်ကိုဟောသည်။

ဝစီကံဆိုသည်ကား။ ။ နှုတ်အင်္ဂါ လှုပ်ရှား၍ ပြုသောအမှုဖြစ်၍ ဝစီကံဆိုရသည်မဟုတ်၊ မုသာဝါဒ-စသော အကုသိုလ်ဝစီကံ လေးပါးတို့ကို မပြုမိအောင် မပြောမဆိုမိအောင် ကြဉ်ရှောင်သော ဝိရတိမှု, စေတနာမှုဖြစ်၍သာ ဝစီကံဆိုရသည်၊ အကုသိုလ်ဝစီကံမှုကို မပြုမိအောင် ကြဉ်ရှောင်မှုဖြစ်၍လည်း အကြိယ-ဝစီကံဆိုရသည်၊ အကိရိယ-သဒ္ဒါသည် မပြုခြင်းအနက်ကိုဟောသည်။

[ဝိနည်း၌လည်း ပဌမပါရာဇိက စသောအာပတ်တို့၌ အကိရိယကာယကံ အာပတ်, အကိရိယဝစီကံ အာပတ်ဟူ၍ လာသည်နှင့်အတူတူမှတ်။]

အကိရိယနည်းပြီး၏။

## မေးမြန်းဖွယ်

မေး။ အဘယ်၌ ကိရိယကာယကံ, ကိရိယဝစီကံ လာသနည်း- ဟူမူကား။

ဖြေ။ ဝိနည်းပရိဝါပါဠိတော်, ဒီဃနိကာယ်, မဇ္ဈိမနိကာယ်, သံယုတ္တနိကာယ်, အင်္ဂုတ္တရနိကာယ်တို့၌ အနှံ့အပြား လာသော-

(က) တ္တေ ဘိက္ခဝေ ဘိက္ခုနော သဗြဟ္မစာရီသု မေတ္တံ ကာယကမ္မံ ပစ္စုပဋ္ဌိတံ ဟောတိ အာဝီစေဝ ရဟောစ။

(ခ) တ္တေ ဘိက္ခဝေ ဘိက္ခုနော သဗြဟ္မစာရီသု မေတ္တံ ဝစီကမ္မံ ပစ္စုပဋ္ဌိတံ ဟောတိ အာဝီစေဝ ရဟောစ။

(ဂ) တ္တေ ဘိက္ခဝေ ဘိက္ခုနော သဗြဟ္မစာရီသု မေတ္တံ မနောကမ္မံ ပစ္စုပဋ္ဌိတံ ဟောတိ အာဝီစေဝ ရဟောစ။

ဟူ၍ ဟောတော်မူသော ပါဠိတော်တို့၌ ကိရိယကာယကံ, ကိရိယဝစီကံ တိုက်ရိုက်လာသည်။

## အနက်ကား

(က) ဘိက္ခဝေ=ရဟန်းတို့၊ တ္တေ=ဤငါဘုရားသာသနာတော်၌၊ ဘိက္ခုနော=ရဟန်းအား၊ သဗြဟ္မစာရီသု=သီတင်းသုံးဖော်တို့၌၊ အာဝီစေဝ= မျက်မှောက်၌လည်းကောင်း၊ ရဟောစ=မျက်ကွယ်၌လည်းကောင်း၊ မေတ္တံ=မေတ္တာတရားနှင့်ယှဉ်သော၊ ကာယကမ္မံ=ကိုယ်အမှုသည်၊ ပစ္စုပဋ္ဌိတံ=အမြဲအစွဲတည်သည်၊ ဟောတိ=ဖြစ်၏။

[နောက်နှစ်ဝါကျသိသာလှပြီ။]

ဤပါဠိတော်၌-

၁။ ဆရာဥပဇ္ဈာယ်အစရှိသော အလုံးစုံသော သီတင်းသုံးဖော်တို့အား ကိုယ်ဖြင့်ပြုထိုက်သမျှသော အလုံးစုံသောဝတ်ကြီးဝတ်ငယ်မှု, ဝန္ဒနာ ပဏာမမှု, သက္ကစ္စဂါရဝမှုတို့ကို ချစ်ခင်ကြည်လင်လှစွာသော စိတ်နှင့် ပြည့်စုံစွာ ကိုယ်အင်္ဂါလှုပ်ရှား၍ ပြုပြုသမျှသောအမှုကို မေတ္တာကာယကံဆိုသည်၊ ထို့ကြောင့် ကြိယကာယကံဆိုသတည်း။

၂။ သီတင်းသုံးဖော်တို့၏ ဂုဏ်ကျေးဇူးကို မျက်မှောက် မျက်ကွယ် ပြောဆိုမှု, အရှင်ကောင်း အရှင်မြတ် အရှင်ဘုရားတပည့်တော် အကျွန်ုပ်-စသည်ဖြင့် နှုတ်ဖြင့်ပြုအပ်သော အရိုအသေ အလေးအမြတ် အမှုတို့ကို ချစ်ချစ်ခင်ခင် ကြည်လင်လှစွာသော နှုတ်အင်္ဂါလှုပ်ရှား၍ ပြုပြုသမျှသော ဝစီမှုစုသည် မေတ္တာဝစီကံမည်၏။

၃။ အသက်ရှည်ပါစေ, အနာကင်းပါစေ-စသည်ဖြင့် စိတ်ထဲ၌ မေတ္တာဘာဝနာပွါးမှုသည် မေတ္တာမနောကံမည်၏။

[ရတနာသုံးပါးတို့ကို ရှိခိုးကြရာ၌ပါသော ကာယကံ, ဝစီကံ, နောကံ-ဟူသော ကံသုံးပါးသည် ဤပါဠိတော်၌ ကံသုံးပါးပေတည်း။]

အာဝေဏိက ဂုဏ်တော်၌လည်း-

ဣမေဟိ တီဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော သဗ္ဗံ ကာယကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ၊ သဗ္ဗံ ဝစီကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ၊ သဗ္ဗံ မနောကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ။

ဟူ၍ ကိရိယကာယကံ, ကိရိယဝစီကံလာပေသည်။

အနက်ကား။ ။ ဣမေဟိတီဟိဓမ္မေဟိ=ဤသုံးပါးသော ဂုဏ်တော်တို့နှင့်၊ သမန္နာဂတသ=ပြည့်စုံသော၊ ဘဂဝတော=ဘုန်းတော်ကြီးသော၊ ဗုဒ္ဓဿ=မြတ်စွာဘုရား၏၊ သဗ္ဗံ=အလုံးစုံသော၊ ကာယကမ္မံ=ကိုယ်အမှုသည်၊ ဉာဏပုဗ္ဗင်္ဂမံ=ဉာဏ်တော်လျှင် ရှေ့သွားရှိ၏၊ ဉာဏာနုပရိဝတ္တံ=ဉာဏ်တော်သို့အစဉ်လိုက်၏။

[နောက်နှစ်ဝါကျသိသာလှပြီ။]

၁။ မြတ်စွာဘုရား၏ ကိုယ်အင်္ဂါလှုပ်ရှားသော အမှုစုသည် ကာယကံမည်၏။

၂။ နှုတ်အင်္ဂါလှုပ်ရှားသော အမှုစုသည် ဝစီကံမည်၏။

၃။ စိတ်သက်သက်ကြံဖန်သော အမှုစုသည် မနောကံမည်၏။

[ကိလေသာကုန်ပြီးသော မြတ်စွာဘုရားအား မပြုမိအောင် ကြဉ်ရှောင်အပ်သော ကိလေသာနှင့်ယှဉ်သော ကာယကံမှု, ဝစီကံမှုမည်သည် အကျုံမျှမျှ ရှိတော်မမူ၊ ထို့ကြောင့် အကိရိယ ကာယကံ, အကိရိယဝ စီကံဟူ၍ မရှိပြီ။]

အဋ္ဌသာလိနီ နဝကမ္မ ဒွါရကထာဝယ်-

ရတနာသုံးပါးတို့အား လျှုဒါန်းပူဇော်မှုနှင့် လေးဆယ့်ငါးဝါရတိုင်အောင် ကျယ်ဝန်းစွာလာသော-

"တဒါ ကာယကမ္မံ ဟောတိ၊ တဒါ ဝစီကမ္မံ ဟောတိ၊ တဒါ မနောကမ္မံ ဟောတိ"။

ဟူသောဝါကျတို့၌ မဟာကုသိုလ်စိတ်ကိုပင် ကိရိယကာယကံ, ကိရိယဝစီကံ ပြု၍လာ၏။

[ကျယ်လှ၍ မရေးလိုက်ပြီ။]

ဝိနည်းဒေသနာတော်၌-

၁။ ပဌမ ပါရာဇိကအာပတ်သည် ကိရိယကာယကံတည်း။

၂။ ဒုတိယ, တတိယပါရာဇိက အာပတ်စုသည် ကိရိယကာယကံ, ကိရိယဝစီကံစုတည်း။

[ဤသို့စသည်ဖြင့် ကိရိယကာယကံ, ကိရိယဝစီကံတို့သည် အလွန်များစွာ အဋ္ဌကထာတို့၌ လာကုန်သကဲ့သို့ ကုသိုလ်ကိရိယကာယကံ, ကိရိယဝစီကံတို့သည်လည်း အလွန်များစွာပါဠိ အဋ္ဌကထာတို့၌ လာကုန်သည်။]

ဓမ္မသင်္ဂဏီပါဠိတော် နိက္ခေပကဏ္ဍတလျှောက်တွင်-

"ကာယကမ္မံ ဝစီကမ္မံ မနောကမ္မံ" ဟူ၍လာသော ကာယကံ ဝစီကံတို့သည်ကား ကိရိယ, အကိရိယနှစ်ချက်နှင့် ဆက်ဆံကုန်သည်။ ထို့အတူ-

"ပဒက္ခိဏံ ကာယကမ္မံ၊ ဝါစာကမ္မံ ပဒက္ခိဏံ။
ပဒက္ခိဏံ မနောကမ္မံ၊ ပဏီဓိတေ ပဒက္ခိဏာ။ ။

ဟူသော ပုဗ္ဗဏှသုတ်ပါဠိတော်တို့၌လည်း ကိရိယ, အကိရိယ-နှစ်ချက်နှင့် ဆက်ဆံကုန်၏။

အကုသိုလ်ကာယကံ, ဝစီကံ, မနောကံတို့မှာလည်း ဝိနည်း တော်၌ သိက္ခာပုဒ်ဟူသောအမည်, အာပတ်ဟူသောအမည်နှင့်လာသော အကုသိုလ်ကာယကံ, ဝစီကံတို့ကဲ့သို့ ကိရိယ, အကိရိယနှစ်ပါးစီ ရှိကြကုန်၏။

၁။ ပြုအပ်သောအမှုကို မပြုခြင်းကြောင့်ဖြစ်သော အကုသိုလ်ကံသည် အကိရိယ-မည်၏။

၂။ မပြုအပ်သောအမှုကို ပြုခြင်းကြောင့်ဖြစ်သော အကုသိုလ်ကံသည် ကိရိယ-မည်၏။

ဤဝဏ္ဏနာ ပဏ္ဏာမအရာ၌ ကာယကံ, ဝစီကံ, မနောကံဆိုကြသောကံတို့သည် ပြဆိုခဲ့ပြီးသော ပါဠိတော်, အဋ္ဌကထာတို့၌ တိုက်ရိုက်လာရှိသော ကြိယကာယကံ, ဝစီကံ, မနောကံတို့သာတည်း၊ ဒုစရိုက်ဆယ်ပါးတွင် ထင်ရှားစွာလာသော ကာယကံ, ဝစီကံမျိုးမဟုတ်ပေကုန်။

ထုတ်ပြခဲ့ပြီးသော ပါဠိ, အဋ္ဌကထာတို့၌ လာလာသမျှသော ကုသိုလ်ကိရိယကာယကံ, ကိရိယဝစီကံတို့ကို သုစရိုက်ဆယ်ပါး၌ ချလိုက်သည်ရှိသော် အနဘိဇ္ဈာ, အဗျာပါဒ, သမ္မာဒိဋ္ဌိ-ဟူသော မနောကံသုံးပါးတို့၌သာ ထိုက်သည်အားလျော်စွာ ဝင်ကုန်၏။

[မနောကံ၌ကား ကိရိယ, အကိရိယမထင်ရှားလှ။]

၁။ ကံဟူသော ဝေါဟာရသည်လည်း "စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ"၌ ကုသိုလ်စေတနာ, အကုသိုလ်စေတနာကိုသာဆိုသည်။

၂။ ပဋ္ဌာန်းကမ္မပစ္စည်း၌ အလုံးစုံသော ကုသိုလ်စေတနာ, အကုသိုလ်စေတနာ, ဝိပါက်စေတနာ, ကြိယာစေတနာကိုပင် ကံဆိုသည်။

၃။ အဋ္ဌသာလိနီ၌ ဗောဇ္ဈင်ခုနစ်ပါး, မဂ္ဂင်ရှစ်ပါးတို့နှင့် အဘိဇ္ဈာ, ဗျာပါဒ, မိစ္ဆာဒိဋ္ဌိ, အနဘိဇ္ဈာ, အဗျာပါဒ, သမ္မာဒိဋ္ဌိ-တို့ကို စေတနာ သမ္ပယုတ္တကံဆိုသည်။

၄။ အဋ္ဌသာလိနီ၌ နဝကမ္မဒွါရကထာ၌ မဟာကုသိုလ်စိတ်ကိုပင် ကာယကံ, ဝစီကံ, မနောကံဆိုသည်။

၅။ “သဗ္ဗပိ ဘဝ ဂါမိကမ္မံ ကမ္မဘဝေါ” ဟူသော ဝိဘင်း ပါဠိတော်, “ကမ္မဘဝေါ စတူဟိ ခန္ဓေဟိ သင်္ဂဟိတော” ဟူသောဓာတုကထာပါဠိတော်တို့၌ အလုံးစုံသော ကုသိုလ်စိတ်, စေတသိက်, အကုသိုလ်စိတ်, စေတသိက်စုကို တစ်ခု မကျန် အသီးအသီး ကံဆိုရသည်။

ထို့ကြောင့်-

ဤဝန္ဒနာပဏာမအရာ၌။ ။ ကာယကံ, ဝစီကံ, မနောကံ ဆိုသည်မှာ မဟာကုသိုလ်စိတ်ကိုလည်း ယူနိုင်၏၊ ထိုမဟာကုသိုလ်စိတ်နှင့်ယှဉ်သော ဖဿ, ဝေဒနာ-စသော အလုံးစုံသော စေတသိက်တို့ကိုလည်း ယူလိုရာရာယူနိုင်၏။

သဒ္ဓါစိတ္တေ ပသန္နေန၊ ရတနာနံ ပုဇံကရေ။
ဗုဒ္ဓံ ဓမ္မဥ္စ သံဃဥ္စ၊ ဝိပ္ပသန္နေန စေတသာ။
ဝန္ဒိတွာ ဝန္ဒနာမာန၊ ပူဇာသက္ကာရဘာဇနံ။ ။

ဟူသော ကဗ်ါဝိတရဏီများနှင့်အညီ- မဟာကုသိုလ်ကို ယူရမည်။

ထို့ကြောင့်-

ဤဝန္ဒနာပဏာမအရာ၌။ ။ ကာယကံ, ဝစီကံ, မနောကံ-သုံးပါးလုံးသည် မဟာကုသိုလ်စိတ်၏ အမည်ချည်းမှတ်ရမည်၊ ထိုကာယကံ ဝစီကံ, မနောကံ-သုံးပါးဟူသော အမည်သုံးပါးရသော မဟာကုသိုလ်စိတ်ကိုပင် ကဗ်ါဝိတရဏီဂါထာ၌-

“ဝိပ္ပသန္နေန စေတသာ ဝန္ဒိတွာ”

ဟု ရှိခိုးခြင်းကြိယာ၌ ကရိဏ်းသုံးပါးပြု၍ထားသည်၊ “ဗုဒ္ဓဥ္စ=ဘုရားကိုလည်းကောင်း၊ ဓမ္မဥ္စ=တရားကိုလည်းကောင်း၊ သံဃဥ္စ=သံဃာ

ကိုလည်းကောင်း၊ ဝိပ္ပသန္နေန=အလွန်ကြည်လင်လှစွာသော၊ စေတသာ= မဟာကုသိုလ်စိတ်ဟု ဆိုအပ်သော ကာယကံ, ဝစီကံ, မနောကံ-တည်းဟူသောကံသုံးပါးဖြင့်၊ ဝန္ဒိတွာ-ဝန္ဒာမိ=ရှိခိုးပါ၏”ဟု ကဒ္ဒါပဏာမဂါထာ အနက် အချက်ကျ သိရမည်။

၁။ ကာယဒွါရမှာဖြစ်သော မဟာကုသိုလ်စိတ်ကို ကာယကံယူ။

၂။ ဝစီဒွါရမှာဖြစ်သော မဟာကုသိုလ်စိတ်ကို ဝစီကံယူ။

၃။ မနောဒွါရသက်သက်ဖြစ်သော မဟာကုသိုလ်စိတ်ကို မနောကံယူ။

[ကံနှင့်ဒွါရထပ်မိကြ၏၊ ကိစ္စမရှိ။]

“စေတသာ”ဟူသောပါဠ်၌-

၁။ ကာယဒွါရနှင့်ယှဉ်သော မဟာကုသိုလ်စိတ်,

၂။ ဝစီဒွါရနှင့်ယှဉ်သော မဟာကုသိုလ်စိတ်,

၃။ မနောဒွါရဟုဆိုအပ်သော မဟာကုသိုလ်စိတ်,

သုံးပါးကိုယူရာ၌ သာဓကပါဠိကား-

“မနသာ စေ ပသန္နေန၊ ဘာသတိဝါ ကရောတိဝါ”။

[ဟူသော ဓမ္မပဒပါဠိတော်ပင်တည်း။]

ဤပါဠိတော်၌-

၁။ “ဘာသတိ”ပုဒ်ကား ဝစီကံကြိယာပုဒ်တည်း။

၂။ “ကရောတိ”ပုဒ်ကား ကာယကံကြိယာပုဒ်တည်း။

ထိုကာယကံကြိယာပုဒ်, ဝစီကံကြိယာပုဒ်တို့မှာပင် “မနသာ”ဟု ကာယဒွါရကို ကရိုဏ်းထားပေသည်။

၁။ “မနသာ”ပုဒ်ကို “ဘာသတိ” ကြိယာပုဒ်၌စပ်ခိုက် “မနသာ= ဝစီဒွါရနှင့်ယှဉ်သော မဟာကုသိုလ်စိတ်ဖြင့်”ဟုပေး။

၂။ "ကရောတိ"ပုဒ်နှင့်စပ်ခိုက် "မနသာ= ကာယဒွါရနှင့်ယှဉ်သော မဟာကုသိုလ်စိတ်ဖြင့်"ဟုပေး။

၃။ အဋ္ဌကထာဆရာထည့်သော "စိန္တေတိ" ကြိယာပုဒ်၌စပ်ခိုက် "မနသာ=မနောဒွါရဟုဆိုအပ်သော မဟာကုသိုလ်စိတ်ဖြင့်"ဟုပေး။

ဤဓမ္မပဒဂါထာ၌-

ကြိယာပုဒ် သုံးပါးအားလျော်စွာ မဟာကုသိုလ်စိတ်ကို ကရိုဏ်း သုံးပါးခြားနား၍ယူရသကဲ့သို့ ကခ်ါပဏ္ဏာမဂါထာမှာလည်း ကြိယာ သုံးချက်နှင့်ဆက်ဆံသော "ဝန္ဒိတွာ" ကြိယာမှာ "စေတနာ"ပုဒ်ကို ကရိုဏ်း သုံးပါးခြားနား၍ ယူသင့်ကြောင်း သိသာလှတော့သည်။

[ဝိပ္ပသန္နေန= အလွန်ကြည်လင်လှစွာသော၊ စေတသာ=စိတ်နှင့် တကွ၊ တီဟိ ဒွါရေဟိ=သုံးပါးသော ဒွါရတို့ဖြင့်ဟု ပါဌ်သေသနှင့် ယောဇနာကြသောနည်းကို ပယ်သင့်လှတော့သည်။]

အဋ္ဌသာလိနီ၌ကား-

ဒွါရသုံးပါး၌ဖြစ်သော စိတ်တစ်ခုကို ကရိုဏ်းသုံးခုပြု၍ ဆိုသော နည်းသည် တိုက်ရိုက်ပင်လာသည်။

အနဘိဇ္ဈာဒိ သဟဂတေဟိ ပန စိတ္တေဟိ ကာယင်္ဂံ စော ပေတွာ စေတိယင်္ဂဏသမ္မဇ္ဇန ဂန္ဓမာလာပူဇန စေတိယ ဝန္ဒနာဒီနိ ကရောန္တဿ ကမ္မံ မနောကမ္မံ ဟောတိ၊ ဒွါရံ ပန ကာယဒွါရံ။

[အဋ္ဌသာလိနီ။]

အကုသိုလ် မနောကံသုံးပါးတွင် တစ်ပါးပါး၌ ဒွါရသုံးပါးအတွက် သုံးဝါကျစီပြု၍ ကိုးဝါကျ, ထို့အတူ ကုသိုလ် မနောကံသုံးပါး၌ ကိုးဝါကျ၊ ပေါင်းတစ်ဆယ့်ရှစ်ဝါကျတို့၌ စိတ်သက်သက်ကရိုဏ်းထား၍ လာသည်။

[ကျယ်လှ၍အကုန် မထုတ်ပြီ။]

အနဘိဇ္ဈာဒိ သဟဂတေဟိ=ပြဋ္ဌာန်းသောအလောဘစသည်နှင့် တကွဖြစ်ကုန်သော၊ စိတ္တေဟိ=မဟာကုသိုလ်စိတ်တို့ဖြင့်၊ ကာယင်္ဂ= ကိုယ်အင်္ဂါကို၊ စောပေတွာ=လှုပ်ရှားစေ၍၊ စေတိယင်္ဂဏ သမ္မဇ္ဇန= စေတီပြင်၌ တံမြက်လှည်းခြင်း၊ ဂန္ဓမာလာပူဇန=စေတီတော်အား နံ့သာပန်း တို့ဖြင့်ပူဇော်ခြင်း၊ စေတိယဝန္ဒနာဒိနိ=စေတီတော်ကို ရှိခိုးခြင်းစသော အမှုတို့ကို၊ ကရောန္တဿ=ပြုသောသူအား၊ ကမ္မံ=ကံသည်၊ မနောကမ္မံ= မနောကံမည်သည်၊ ဟောတိ=ဖြစ်၏၊ ဒွါရံ ပန=ဒွါရသည်ကား၊ ကာယ ဒွါရံ=ကာယဒွါရသာတည်း။

[ဤသို့လာသောအဋ္ဌကထာကို ထောက်၍လည်း ကဥ္စိပဏ္ဏာမ ဂါထာ၌ "စေတသာ" ဟူသောပါဠိဖြင့် ဒွါရသုံးပါးနှင့်ယှဉ်သော မဟာကုသိုလ်စိတ်ကို ကရိုဏ်းသုံးပါး ယူသင့်ကြောင်း သိသာ လှတော့သည်။]

မဟာကုသိုလ်စိတ်လည်း ကံဟူသော အမည်ထင်ရှားသည်သာ လျှင် ဖြစ်သောကြောင့် ဝန္ဒနာပဏ္ဏာမအရာ၌ ကာယကံ, ဝစီကံ, မနောကံ- တည်းဟူသော ကံသုံးပါးတို့ဖြင့် ရှိခိုးပါ၏ ဟုဆိုကြသော နည်း၌-

၁။ ကာယဝန္ဒနာနှင့်ယှဉ်သော မဟာကုသိုလ်စိတ်ကို ကာယကံ ဟူ၍,
၂။ ဝစီဝန္ဒနာနှင့်ယှဉ်သော မဟာကုသိုလ်စိတ်ကို ဝစီကံ ဟူ၍,
၃။ မနောဝန္ဒနာနှင့်ယှဉ်သော မဟာကုသိုလ်စိတ်ကို မနောကံ ဟူ၍,

ယူသည်ရှိသော် ယူထိုက်လှတော့သည်သာတည်း၊ ထိုကံသုံးပါး ဟူသည်လည်း မဟာကုသိုလ်စိတ်ပင်ဖြစ်ပေ၍ မနောဒွါရသာတည်း။

[ဤကား ကံသုံးပါးတို့ဖြင့် ရှိခိုးပါ၏ဟူသောရှိခိုးနည်း သင့်မြတ်ကြောင်း ယုတ္တိသာဓကပေတည်း။]

“သုံးပါးသော ပဏ္ဏာမတို့ဖြင့်ရှိခိုးပါ၏” ဆိုကြသောနည်းသည်လည်းသင့်မြတ်သည်သာဖြစ်၏။

ယုတ္တိကား-

“ရတနတ္တယ ပဏ္ဏာမော နာမ အတ္ထတော ပဏ္ဏာမကြိယာ
ဘိနိပ္ဖာဒိကာ ကုသလ စေတနာ”။

ဟူသော ဋီကာပါဌ်နှင့်အညီ- ကုသိုလ်စေတနာကို ပဏ္ဏာမဆိုသတည်း။

ထိုစေတနာသည် ရှိခိုးခြင်းကြိယာ၌ ကရိဏ်းနေသင့်ကြောင်းကိုကား-

ယာ ပန တသ္မိံ ဒွါရေ သိဒ္ဓါ စေတနာ၊ ယာယ ပါဏံ ဟနတိ အဒိန္နံ အာဒိယတိ မိစ္ဆာစာရံ စရတိ ပါဏာတိပါတာဒီဟိ ဝိရမတိ၊ ဣဒံ ကာယကမ္မံ။ ယာ ပန တသ္မိံ ဝစီဒွါရေ သိဒ္ဓါ စေတနာ၊ ယာယ မုသာ ကထေတိ ပေသုညံ ကထေတိ သမ္ဖံ ပလပတိ မုသာဝါဒီဟိ ဝိရမတိ၊ ဣဒံ ဝစီကမ္မံနာမ။ ယာ ပန တသ္မိံ မနောဒွါရေ သိဒ္ဓါ စေတနာ၊ ယာယ အဘိဇ္ဈာဗျာပါဒ မိစ္ဆာဒဿနာနိစေဝ ဂဏှာတိ။ အနဘိဇ္ဈာ အဗျာပါဒ သမ္မာဒဿနာနိစ ဂဏှာတိ၊ ဣဒံ မနောကမ္မံနာမ။

[ဟူ၍လာသော အဋ္ဌသာလိနီကို မြင်၍သိအပ်၏။]

တသ္မိံ ဒွါရေ=ထိုကာယဒွါရ၌၊ သိဒ္ဓါ=ပြီးသော၊ ဝါ=ထင်ရှားသော၊ ယာပန စေတနာ=အကြင်စေတနာသည်၊ အတ္ထိ=ရှိ၏၊ ယာယ=အကြင်စေတနာတည်းဟူသော ကရိဏ်းဖြင့်၊ ပါဏံ=သတ္တဝါ၏ အသက်ကို၊ ဟနတိ=သတ်၏၊ အဒိန္နံ=အရှင်သည် ကိုယ်နှုတ်ဖြင့်မပေးသော သူတစ်ပါးဥစ္စာကို၊ အာဒိယတိ=ခိုးယူ၏၊ မိစ္ဆာစာရံ=မှောက်မှားသောအကျင့်ကို၊

စရတိ=ကျင့်၏၊ ပါဏာတိပါတာဒီဟိ=သူ၏အသက်ကို သတ်ခြင်းစသည်တို့မှ၊ ဝိရမတိ=ကြဉ်ရှောင်၏၊ ဣဒံ=ဤကရိုဏ်းဖြစ် သောစေတနာသည်၊ ကာယကမ္မံ=ကာယကံမည်၏။

[နောက်နှစ်ဝါကျ အနက်ပေးလေ၊ ကံကိုပင် ကရိုဏ်းထားသည်၊
ထိုကရိုဏ်းသည်ပင် ကံဖြစ်သည်ဟု ယူတ္တိသာဓက။]

ဤအဋ္ဌကထာပါဌ်ဖြင့် စေတနာတည်းဟူသော ကံသည် ကမ္မပထ ကြိယာပုဒ်တို့၌ ကရိုဏ်းဖြစ်သင့်ကြောင်းကို တိုက်ရိုက်သိရသည် ဖြစ်၍ ရှိခိုးခြင်းကြိယာ၌ ပဏာမစေတနာသည် ကရိုဏ်းနေသင့်ကြောင်း ထင်လင်းလှတော့သည်။

ဤအဋ္ဌကထာပါဌ်တို့၌-

စေတနာ-တည်းဟူသော ကံသည်ပင် ကမ္မပထကြိယာပုဒ်တို့၌ ကရိုဏ်းနေသည်ကို မြင်ရသဖြင့် ရှိခိုးခြင်းကြိယာ၌ မဟာကုသိုလ်စိတ်တည်းဟူသောကံကို ကရိုဏ်းထား၍ ဆိုကြသော ဒုတိယနည်းသည်လည်း အလွန်ပင်သင့်မြတ်ကြောင်းကို သိသာလှတော့သည်၊ ကံကို ကရိုဏ်းထား၍ မဆိုသင့်ဟူသောဝါဒကို လှလှပယ်သင့်လှတော့သည်။

တစ်ခုသော မဟာကုသိုလ်စိတ် ဥပါဒ်ရာ၌ အတူတကွဖြစ်ကြကုန်သော သုံးဆယ်ကျော်မျှလောက်သောစိတ်, စေတသိက် အပေါင်းတို့တွင် အရာဌာနအားလျော်စွာ ဘယ်တရားကိုမဆို ကရိုဏ်းထားလိုလျှင် ထားသင့်ကြောင်း ထင်ရှားလှတော့သည်။

ထို့ကြောင့်-

၁။ မုသာ ဝဒန္တိ ဧတေနာတိ မုသာဝါဒေါ။
၂။ ပိသုဏံ ဝဒန္တိ ဧတာယာတိ ပိသုဏဝါစာ။

၃။ ဖရုသံ ဝဒန္တိ ဧတာယာတိ ဖရုသဝါစာ။
၄။ သမ္ဖံ ပလပန္တိ ဧတေနာတိ သမ္ဖပ္ပလာပေါ။
၅။ သမ္မာ ဝဒန္တိ ဧတာယာတိ သမ္မာဝါစာ။
၆။ သမ္မာ ကရောန္တိ ဧတေနာတိ သမ္မာကမ္မန္တော။
၇။ သမ္မာ အာဇီဝန္တိ ဧတေနာတိ သမ္မာအာဇီဝေါ။
၈။ ပဏာမန္တိ ဧတေနာတိ ပဏာမော။
၉။ ဝဒန္တိ ဧတာယာတိ ဝန္ဒနာ။
၁၀။ စိန္တေန္တိ သမ္ပယုတ္တကာ ဓမ္မာ ဧတေနာတိ စိတ္တံ။
၁၁။ ဖုသန္တိ ဧတေနာတိ ဖဿော။
၁၂။ သဒ္ဒဟန္တိ ဧတာယာတိ သဒ္ဓါ။

ဤသို့စသည်ဖြင့် ကာယကံကြိယာပုဒ်, ဝစီကံကြိယာပုဒ်တို့နှင့် စိတ်, စေတသိက်တို့ကို ကရိုဏ်းထား၍ ဆိုမှုသည် အရိုးအစဉ် ထင်ရှားလေသတည်း။

[ဤကား သုံးပါးသောပဏာမတို့ဖြင့် ရှိခိုးပါ၏-ဟူသော ရှိခိုးနည်းသင့်မြတ်ကြောင်းကို ပြလိုက်သော သာဓကယုတ္တိပေတည်း။]

ဒွါရသုံးပါး, ကံသုံးပါး, ပဏာမသုံးပါး-ကရိုဏ်းထား၍ ဆိုမှုအသီးအသီးသင့်မြတ်ကြသည်ရှိသော် ဒွါရ, ကံ, ပဏာမ-အပေါင်းဖြစ်သော စတုတ္ထနည်းသည်လည်း သင့်မြတ်တော့သည်သာဖြစ်၏။

ဤတွင်ရွေ့ကား ရှိခိုးပါ၏-ဟူသော ရှိခိုးခြင်းကြိယာ၌ ကရိုဏ်းထားနည်း လေးမျိုးလုံးပင်သင့်မြတ်ကြောင်းတို့ကို ဆိုရန်စကားရပ်ပြီး၏။

“ရှိခိုးပါ၏ဟုဆိုကြသောရှိခိုးခြင်းကြိယာ၌ ဒွါရကရိုဏ်း, ကံကရိုဏ်း, ပဏာမကရိုဏ်းဟူ၍ ကရိုဏ်းသုံးပါးလုံးသည်ပင် သင့်မြတ်ပါ

၏” ဟုဆိုရာ၌-

သဟဇာတပစ္စည်း-ပစ္စယုပ္ပန်, အညမညပစ္စည်း- ပစ္စယုပ္ပန်-ဖြစ်ကြသော တရားစုဖြစ်ကြ၍ ကရိုဏ်း-ကြိယာ-အကြောင်း-အကျိုးဆိုလိုရာ ရသဒ္ဒါနည်း, ပဋ္ဌာန်းနည်း- လိုက်လျောသည်ကိုရည်၍ “သင့်မြတ်ပါ၏”ဟု ဆိုပေသည်၊ ချီးမွမ်းလောက်သော နည်းမျိုးဖြစ်၍ ဆိုသည်မဟုတ်၊ ချီးမွမ်းလောက်သော နည်းစုပင်မဟုတ်။

မဟုတ်ကြောင်းကား ဘုရားလက်ထက်တော်၌-

၁။ နမော တေ ဗုဒ္ဓ ဝီရတ္ထု။

၂။ နမော တေ ပုရိသာဇည။

၃။ နမော တဿ ဘဂဝတော။

၄။ ဇိနံ ဝန္ဒာမ ဂေါတမံ။

၅။ ဇိနံ ဝန္ဒထ ဂေါတမံ။

အစရှိသည်ဖြင့် ရှိခိုးကြသောဂါထာဗန္ဓစုဏ္ဏိယမျိုးတို့၌ ဒွါရကရိုဏ်းသာမညကိုထည့်ဆို၍ ရှိခိုးသော အရိုးအစဉ်မရှိ။

## အာဋာနာဋိယပရိတ်ဂါထာတွင်

“ဝစသာ မနသာစေဝ၊ ဝန္ဒာမေတေ တထာ ဂတေ။

သယနေ အာသနေ ဌာနေ၊ ဂမနေစာပိ သဗ္ဗဒါ”။ ။

ဂါထာ၌ “ဝစသာ, မနသာ”ဟူ၍ ကရိုဏ်းလာသည်မှာလည်း ရှိခိုးဆဲအခါ၌ ထည့်ဆိုသည်နှင့်လာသည်ပင်မဟုတ်၊ ဣရိယာပုထ်လေးပါးတို့၌ပင် ကိုယ်ဖြင့်, နှုတ်ဖြင့်, စိတ်ဖြင့်ရှိခိုးခြင်း သုံးပါးတွင် သင့်ရာတစ်ပါးပါးဖြင့်လည်းကောင်း, နှစ်ပါးဖြင့်လည်းကောင်း, သုံးပါးလုံးဖြင့်လည်းကောင်း မြတ်စွာဘုရားတို့ကို အကျွန်ုပ်နတ်အများတို့ ရှိခိုးကြပါကုန်၏ဟု ပြောကြားသော စကားမျှသာတည်း။

ထို့ကြောင့်-

"သယနေ အာသနေ ဌာနေ၊ ဂမနေစာပိ သဗ္ဗဒါ"။

[ဟု ဣရိယာပုထ်လေးပါးကိုပြလျက်ရှိသည်။]

သီဟိုဠ်ဖြစ် အဋ္ဌကထာ, ဋီကာကျမ်းဦး ပဏာမ ဂါထာတို့၌လည်း "ကာယေန, ဝါစာယ, မနသာ"ဟူ၍ သာမည ဒွါရကရိုဏ်းမပါမလာ၊ သီဟိုဠ်နမက္ကာရကျမ်း, ရက္ခိုင်နမက္ကာရ ကျမ်းများမှာလည်း ဒွါရကရိုဏ်း သုံးပါးတို့၏ အပြားအားဖြင့် မပါမရှိ။

"တိသော ဣမာ ဘိက္ခဝေ ဝန္ဒနာ၊ ကာယေန ဝန္ဒတိ ဝါစာယ ဝန္ဒတိ မနသာ ဝန္ဒတိ"။

ဟူ၍ ဟောတော်မူသည်မှာလည်း ဒွါရကရိုဏ်းသုံးပါးတို့၏ အပြားအားဖြင့် ရှိခိုးခြင်းသုံးပါးအပြားရှိကြောင်းကိုသာ ဟောတော်မူသည်၊ ရှိခိုးဆဲအခါ၌ ကရိုဏ်းသုံးပါးကိုထည့်၍ ရှိခိုးရမည်ဟု ဟောတော်မူသည်ပင်မဟုတ်။

"ဝန္ဒိတွာတိ တီဟိ ဒွါရေဟိ ဝန္ဒိတွာ"

အစရှိသည်ဖြင့် အဋ္ဌကထာကျမ်းဦးပဏာမဂါထာ၌ ဋီကာအရပ်ရပ်တို့ကို ဖွင့်ကြသည်မှာလည်း အဋ္ဌကထာကျမ်းကို အားထုတ်စ ကာလ၌ အဋ္ဌကထာဆရာတို့ ရတနာသုံးပါးကို ရှိခိုးသောအမှုသည် ကာယဝန္ဒနာ, ဝါစာ ဝန္ဒနာ, မနောဝန္ဒနာ- သုံးပါးအပြည့်အစုံရှိခိုးမှု ဖြစ်ကြောင်းကိုသာ ပြတော်မူကြသည်၊ အဋ္ဌကထာဆရာတို့ ရှိခိုးဆဲအခါ၌ ဒွါရသုံးပါးကို ထည့်ဆို၍ ရှိခိုးကြသည်ဟု ပြသည်မဟုတ်။

အဋ္ဌကထာဆရာတို့ ရှိခိုးကြဆဲအခါကပင် ဒွါရကရိုဏ်းသုံးပါးကို ထည့်ဆို၍ ရှိခိုးကြသည်ဖြစ်ကုန်မူကား ထိုကျမ်းဦးဂါထာတို့မှာပင်

ဒွါရကရိုဏ်းသုံးပါး ထင်ရှားပါရှိရမည်၊ ဋီကာဆရာတို့ ပါဌ်သေသကရိုဏ်း ထည့်၍ ဖွင့်ဖွယ်ကိစ္စမရှိလေရာ။

ရှိခိုးပုံကိုဟောသော ပရိဝါပါဠိတော် ဥပါလိပဉ္စကတို့၌လည်း ကာယ, ဝစီ, မနော-ဟူသော ဒွါရကရိုဏ်းသာမညကို အလေးဂရုပြု၍ ဟောတော်မူသောနည်းမလာ။

ထို့ကြောင့် ကာယဒွါရ, ဝစီဒွါရ, မနောဒွါရတည်းဟူသော သုံးပါးသော ဒွါရတို့ဖြင့်ရှိခိုးပါ၏ဟု သာမညဆိုကြသောနည်း, သုံးပါးသော ဒွါရတို့ဖြင့် သာမညဆိုကြသောနည်းများသည် အထက်အထက် ကလာခဲ့သော နည်းပင်မဟုတ်၊ ငါတို့မြန်မာနိုင်ငံတွင်မှ ဖြစ်ပေါ်လာသောနည်းသာလျှင်တည်း၊ ဟုဧကန်မုချ သိအပ်လှသတည်း။

သို့အတွက်ကြောင့်လည်း-

[ဒွါရသုံးပါးကို ကရိုဏ်းထား၍ ရှိခိုးကြသော နည်းသည်
ချီးမွမ်းလောက်သော နည်းပင်မဟုတ်။]

ယုတ္တိအားဖြင့်လည်း-

အကောင်းအဆိုး အမျိုးမျိုးသော ကိုယ်အင်္ဂါကြီးငယ်နှင့် ဆက်ဆံသော ကာယဒွါရသာမညကိုဆို၍ ရှိခိုးမှုသည် ချီးချီးကျူးကျူး ထူးထူးလယ်လယ် ကြည်ညိုဖွယ်မြောက်သော နည်းပင်မဟုတ်၊ ဝစီဒွါရ, မနောဒွါရ သာမညဆိုရာတို့၌လည်း ဤနည်းအတူပင်၊ သို့အတွက်ကြောင့်လည်း ချီးမွမ်းလောက်သောနည်းပင်မဟုတ်။

ကျမ်းဂန်တို့၌ ဒွါရကရိုဏ်းလာသည်မှာမူကား-

၁။ “သိရသာ= ဦးဖြင့်, ဦးခေါင်းဖြင့်၊ ဝန္ဒာမိ=ရှိခိုးပါ၏”။

၂။ “ဥတ္တမင်္ဂေန= ဦးခေါင်းဟူသော မြတ်သောအင်္ဂါဖြင့်၊ ဝန္ဒာမိ= ရှိခိုးပါ၏”။

[ကိုယ်အင်္ဂါဝိသေသ လာပုံ။]

“ဝိပ္ပသန္နေန=အလွန်အကြူး အထူးကြည်လင်လှစွာသော၊ စေတသာ=စိတ်ဖြင့်”။ “ပသန္နေန=ကြည်လင်လှစွာသော၊ မနသာ= စိတ်ဖြင့်”။

[စိတ်အင်္ဂါဝိသေသ လာပုံ။]

ဤသို့ ချိုးချိုးကျိုးကျိုး ထူးထူးလယ်လယ် ကြည်ညိုဖွယ်မြောက်သော ကာယဒွါရဝိသေသ, ဝစီဒွါရဝိသေသ, မနောဒွါရဝိသေသများကို ထည့်ဆို၍ ရှိခိုးနည်းသာ ကျမ်းဂန်တို့၌ လာပေသည်၊ ထို့ကြောင့် ဝန္ဒနာ ပဏာမကို ပြုကြရာ၌ ကရိုဏ်းထည့်ဆိုလိုက်သည်ရှိသော် ကာယ ဒွါရ, ဝစီဒွါရ, မနောဒွါရ သာမညမထည့်ကြကုန်မူ၍ ချိုးချိုးကျိုးကျိုး ထူးထူး လယ်လယ် ကြည်ညိုဖွယ်ရှိလောက်သော ကာယဝိသေသ, ဝစီဝိသေသ, မနောဝိသေသကိုသာ ထည့်ဆိုရမည်။

ဆိုပုံကား။ ။ ဩကာသ, ဩကာသ, ဩကာသ၊ သံသရာဝဋ် ဒုက္ခအပေါင်းတို့မှ ထွက်မြောက်ပါရခြင်းအကျိုးငှါ ဘုရားရတနာ, တရား ရတနာ, သံဃာရတနာ၊ ဤရတနာမြတ်သုံးပါးအပေါင်းကို မြင့်မြတ်သော ဦးခေါင်းအင်္ဂါဖြင့် ရိုသေစွာ ရှိခိုးပူဇော်ဖူးမျှော် ကန်တော့ပါ၏။

[ကာယဒွါရဝိသေသ ထည့်ဆိုပုံ။]

ဤရတနာမြတ်သုံးပါးအပေါင်းကို ကြည်ညိုလှစွာသော သဒ္ဓါ စိတ်ဖြင့် ရိုသေစွာ ရှိခိုးပူဇော် ဖူးမျှော်ကန်တော့ပါ၏။

[မနောဒွါရဝိသေသ ထည့်ဆိုပုံ။]

ဝစီဒွါရကို ဝိသေသ ဆိုနည်းမရှိ၊ “ဤရတနာမြတ်သုံးပါး အပေါင်းကို အနက်သဒ္ဒါပြည့်စုံစွာသော ဝါစာစကားဖြင့် ရှိသေစွာရှိခိုးပါ၏” ဟုဆိုလေ။

အသံသာယာမှုကို ချီးမွမ်း၍ မသင့်လှ၊ ဒွါရကရိုဏ်းထည့်ဆိုမှုကို လွှတ်၍ ရတနာသုံးပါးဂုဏ်ပုဒ်များကို ထည့်ဆိုရမူသာ၍ ကောင်းမြတ်ရာသည်။

[ဤကား ဝန္ဒနာပဏာမအရာ၌ ဒွါရကရိုဏ်းပါမှ နေရာကျသည်ဟု စွဲလမ်းသူတို့၏ စွဲလမ်းချက်ကို ပယ်ဖျက်လိုက်သော စကားရပ်စု တည်း၊ ဒွါရကရိုဏ်းကို ပယ်သဖြင့် ကံကရိုဏ်း, ပဏာမကရိုဏ်းတို့ကိုလည်း ပယ်ခြင်းကိစ္စပြီးတော့သည်။]

ကရိုဏ်းသုံးမျိုးလုံးပင် အပိုသက်သက်ကဲ့သို့ဖြစ်
ကြောင်းကို ပြဆိုသည်ကား ပြီး၏။

၁၂၅၈-ခု နတ်တော်လ မုံရွာလယ်တီ။

**သာသနဝိသောဓနီကျမ်း တတိယတွဲပြီး၏။**

--------- * ---------